www.burmeseclassic.com

# လရောင်ကျေးရှင်

## ဒါပေမဲ့ . . . ချစ်တယ်




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရင့်
ဒါပေမဲ့ ... ချစ်တယ်/ လရောင်ကျူးရင့်၊ ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၁၄။
၃၆၀ - စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ဒါပေမဲ့ ... ချစ်တယ်

BURMESE CLASSIC .com



## အခန်း (၁)

"ကဲ - အဲဒီပိုက်ဆံ သိမ်းလိုက် ..၊ မမမျိုး က ခဏနေဦး .."

အမိန့်သံ နှစ်ရပ်က ဆက်တိုက် ..၊

ရှေ့နေကြီး ဦးတောက်ထွန်း ပြန်သွားသည့်ကားသံ မပျောက်ကွယ်မီ အိမ်ထဲမှာ ပြောင်းလဲခြင်းတွေ ဖြစ်ပေါ်နေကျအတိုင်း ...

"ဟဲ့ - နှင့်ကိုရော ဘယ်သူက သွားခိုင်းနေလို့လဲ .."

အဆင်း ကိုယ်လေး ကြွခနဲ ဖြစ်သွားပြီးမှ ဒေါ်မျိုးရီ ကို ပြန်ကြည့်မိလျှင် ...

"ပြန်ထိုင်စမ်း .."

အဆင်း မျက်လွှာလေးချပြီး ပြန်ထိုင်ရသည်။

ဒီအိမ်မှာ ဒေါ်မျိုးသီရိ က အကြီးဆုံး အစ်မကြီးဖြစ်ကာ သူမက ကိုယ်တစ်ပိုင်း လေဖြန်းထားသဖြင့် ဝှီးလ်ချဲနဲ့ နေရသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မျိုးရီ က အငယ်ဆုံးညီမဖြစ်ကာ အဆင်း ရဲ့မေမေ ဒေါ်မျိုးမြတ်ဇင် က ညီမအလတ် ..။

ဒါပေမယ့် ဒေါ်မျိုးမြတ်ဇင် ဆုံးသွားခဲ့တာ ကြာပါပြီ ..။

"မမမျိုး လုပ်ပုံတွေက သိပ်ကို ဆောင်ကျော်တာပဲ .. တကယ်.."

"ဘာဖြစ်လို့လဲ ရီ .. ငါ ဘာလုပ်မိလို့လဲ .."

"ဒီကောင်မလေးကို ကားမောင်းသင်ပေးနေတာလေ .. ဘာလုပ်ဖို့လဲ .. သူ့ကို ဘယ်လောက်ထိ ပေါက်ရောက်စေချင်လို့လဲ .."

"ဩော် .. ရီ ရယ် .. ငါက အဲဒီလိုသဘောနဲ့ မဟုတ်ပါဘူး .."

"အဲဒီလိုသဘောနဲ့ မဟုတ်ရင် ဘာလဲ ..။ ဒီအိမ်မှာ မြတ် မရှိတော့တည်းက မမမျိုး နဲ့ ရီ တို့ပဲ ဒီအိမ်နဲ့ ဒီကောင်မလေးကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတာ .. ဘာပဲဖြစ်ဖြစ် ရီ တို့ချင်း တိုင်ပင်ပြီးမှ လုပ်ရမှာလေ .."

သူမ လုပ်သမျှ ကိုယ် ဘာတစ်ခုမှ သိခွင့်မရှိခဲ့တာတွေကျတော့ မေ့နေပြီ ထင်၏။

ဒေါ်မျိုးသီရိ ပင့်သက်ရှိုက်မိသည်။

အဆင်း က သူမကြောင့် ကြီးတော် အဆူခံနေရပြီကို မျက်နှာငယ်လေးနဲ့ ကြည့်နေ၏။

ဒီအိမ်မှာ ဒေါ်လေးကို လွန်ဆန်ရဲတဲ့သူ တစ်ယောက်မှ မရှိ ..။ ထို့ပြင် 'ဒေါ်လေး' ရဲ့ နောက်ယောက်ျားနှင့် ဆွေမျိုးတစ်စုကြောင့် ..။ ထိုအင်အားကို ဘယ်သူမှ မလှန်နိုင် ..။

ဒီအိမ်ရဲ့ အရှင်သခင် မျိုးဆက်သစ်ဟာ အဆင်း ပဲ ဖြစ်ပေမယ့်..။

"သူ့အတွက်ပဲ ရီ တို့ လုပ်နေကြတာ .. ဒါကို မမမျိုး က ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲနဲ့ .."

"အဆင်း ကို ကားမောင်းသင်ပေးမိတာ ဘာဖြစ်သွားနိုင်လို့လဲ





ရီ .. အိမ်မှာ ကားတွေလည်း ပိုနေတယ် .. သူလည်း ကလေးမှ မဟုတ်တော့တာ .."

"ကလေး မဟုတ်တော့တာကို ပြောနေတာပဲ ..။ ရီ တို့ သူ့ကို ဒီအရွယ်ထိ ပြုစု ပျိုးထောင်လာခဲ့ကြတာ .. အရွယ်လေးလည်း ရလာရော ခြေစုံကန်ပြီး ထွက်သွားတာမျိုး အဖြစ်မခံနိုင်ဘူး ..။ လူမတတ်သေးမယ့် လက်ဖက်ထုပ်တော့ တတ်တယ်ဆိုတာ မမမျိုး မကြားဘူးလို့လား .."

"ဘာဆိုင်လို့လဲ ရီ .. သူ့တာဝန် သူ ယူနိုင်ရင် ငါတို့တောင် တာဝန်ပေါ့သေးတယ် .."

"သူ့တာဝန် သူ မယူရဘူး .. လူကြီးတွေ ပေးတာကိုပဲ ယူရမယ်..။ ဒါဆို ဒါ .. ဟိုဟာကို ကျော်ကြည့်လို့ မရဘူး .. ကလေးတစ်ယောက်ကို ထိန်းကျောင်းလာခဲ့ရတဲ့ ရီ့ ရဲ့ ရည်ရွယ်ချက်က အဲ့ဒါပဲ ..။ အချိန်တန်လာတော့ ငါ့ပစ္စည်း ငါ့ဟာဆိုတဲ့ မာနတွေနဲ့ ကိုယ့်ကို ခြေရာတိုင်းလာတာလည်း မခံနိုင်ဘူး .."

ခက်ပါလား ..။

ဒေါ်မျိုးသီရိ မျက်လုံးတွေ အဆင်း ထံ ရောက်သွား၏။ လူတစ်ယောက်လုံးကို ရေ့မှာထားပြီး ချုပ်ကိုင်မှာတွေ ပါဝါတွေကို အစွမ်းကုန်ထုတ်ပြနေသည်။ အဆင်း လောက် အေးချမ်းတဲ့ မိန်းကလေးမျိုးကလည်း အဆင်း တစ်ယောက်ပဲ ရှိနိုင်မှာပါ ..။

ငယ်စဉ်တည်းကနေ ခုအရွယ်ထိ ဒါစား ဆိုမှ စားသည်၊ ဒါယူဆိုမှ ယူသည်။ မရှိလို့ .. မဝလို့ ငိုကြွေး ပူဆာတယ်ဆိုတာ မရှိခဲ့သလောက် ..။

"ဟဲ့ .. နင် ငါ ပြောတာ ကြားရဲ့လား .."

"ဟုတ်ကဲ့ ဒေါ်လေး .."

www.burmeseclassic.com



"အေး .. နောက်ထပ် ငါ့ကားတွေကို တက်မောင်းတယ် အသံကြားတာနဲ့ သေပြီ မှတ် .."

အပြတ်အသတ် ကြိမ်းဝါးပြီးမှ ထရပ်လိုက်သည်။ ပြီးတော့ ထွက်မသွားသေးဘဲ ...

"မနေ့က ကျက်ခိုင်းထားတဲ့ ယိုးဒယားဟင်းမျိုးစုံ ချက်ပြုတ်နည်းတွေ ရပြီလား .."

"ရှင် .. ဟုတ် .."

"အခု မီးဖိုထဲ ဝင် .. နှစ်မျိုးလောက် စမ်းချက်ကြည့် ..၊ ပြီးရင် ငါ့ဆီ အမြည်းယူလာခဲ့ .. ဒီည ကိုစိုး ဧည့်သည်ငါးယောက်နဲ့ ဒင်နာကျွေးမှာ ..၊ အားလုံး ယိုးဒယားအစားအစာတွေချည်း လုပ်ရမှာ .."

"ရီ .. နေပါဦး ..၊ စာကျက်တာနဲ့ လက်တွေ့က ချက်ချင်း အဆင်ပြေပါ့မလားအေ .. တော်ကြာ မှားယွင်းကုန်ရင် .."

"မမျိုး တူမကို ရီ ဆူမှာ စိုးလို့လား .."

"မဟုတ်ပါဘူး .. ညည်းပဲ ဒေါ်သထွက်ရ စိတ်တိုရ ဖြစ်မှာ .."

ဒေါ်မျိုးရီ က နှုတ်ခမ်းကို သိသာစွာ မဲ့၍ စောင်းကြည့်သည်။

"တိုပါရစေ .. ရီ့ အတွက် ပူမနေနဲ့.. မိမမျိုး တူမကိုသာ အထူအပါး နားလည်တတ်ဖို့ သတိပေး .. အေးတယ်ဆိုတာလည်း အထုံအကျင်ဖွဲ့တဲ့အထိ ဖြစ်လာရင် သုံးစားမရတော့ဘူး .."

ပြောပြီးတော့ အဆင်း ကို မေးဆတ်၍ ...

"သွားတော့ .."

အဆင်း ကြီးတော်နဲ့ စကားပြောချင်သေးသည်။ ဒါပေမယ့် ထပ်မနေရဲတော့သဖြင့် ထွက်လာခဲ့ရသည်။ ဒေါ်မျိုးသီရိ လည်း အဆင်းကို မှာချင်တာတွေ ရှိပါသေးသည်။ ဒါပေမယ့် မမှာဖြစ်ခဲ့ ..။

"ရီ့ အစ်မနဲ့ တူမကလည်း မခေဘူးနော် .."





ဒေါ်သစ်သစ် က အနားရောက်လာပြီး ခပ်တိုးတိုး ကပ်ပြောသည်။ သူမက ဒေါ်မျိုးရီ ရဲ့ခင်ပွန်း ဦးစိုးဝဏ္ဏ ရဲ့အစ်မ ဖြစ်သည်။ ဦးစိုးဝဏ္ဏ နဲ့ ဒေါ်မျိုးရီ တို့မှာ ရင်သွေးရတနာ မရှိပေမယ့် ဒေါ်သစ်သစ် ကတော့ သားတစ်ယောက် သမီးတစ်ယောက်နှင့် အိမ်ထောင်ကွဲနေခဲ့လျက် အားလုံး ဒီမှာပဲ အတူတူ လာနေခဲ့ကြသည်။

ခုဆို သားရော သမီးပါ နိုင်ငံခြားမှာဖြစ်ကာ သွားကြတာကတော့ အလုပ်လုပ်ကြဖို့ပေမယ့် ဘယ်လိုပုံစံတွေ ဖြစ်ထွန်းနေကြပြီး ဘယ်လို ပြန်ရောက်ကြမလဲဆိုတာ မသိ ..။

သေချာတာက ထိုမောင်နှမ ဘာတွေလုပ်လုပ် .. ဘယ်လိုနေနေ ဒေါ်မျိုးရီ ကျေနပ် ကြည်ဖြူနေမှာပဲ ဖြစ်သည်။

"ရီ က အိမ်မှာ သိပ်မကပ်ဘဲနဲ့ ကောင်မလေး ကားခိုးမောင်းတဲ့ ကိစ္စ သွားပြောလိုက်တာကိုး ..၊ တော်ကြာ တို့တွေက တို့တယ် ထောင်တယ် ဖြစ်ပါဦးမယ် .."

"ဖြစ်စရာလား မသစ် ရယ် .. ကားခိုးမောင်းတဲ့ကိစ္စက စောင်ခြုံထဲဝင်ပြီး မုန့်ခိုးစားတာမှ မဟုတ်တာ .. မသစ် တစ်ယောက်ပဲ မြင်လို့ရတာလား .."

"အဟွန်း .. တို့ကလည်း ကိုယ့်ချွေးမလောင်းလေးမို့လို့ မဖြစ်တန်တာ မဖြစ်ရအောင်လို့ပါ ..၊ ဒါနဲ့ ခုနက ရွှေ့နေ လာပေးသွားတဲ့ မုန့်ဖိုးပိုက်ဆံကို ရီ တို့ အိပ်ခန်းထဲ ထည့်ထားပေးခဲ့တယ်နော် .. သေချာတော့ မသိမ်းခဲ့ဘူး .."

"ရတယ် မသစ် .. ထားလိုက် .. အဲဒီပိုက်ဆံလောက်ကို ဂရုစိုက်လို့ မဟုတ်ဘူး .."

အမိကက ဒီအိမ်မှာ ကိုယ့်ကို ဘယ်သူမှ ကျော်လို့မရဘူးဆိုတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးကိစ္စ .. စီမံခေါင်းရွက်စရာ တခြား ဘယ်လိုကိစ္စဖြစ်ဖြစ် ထိုယုံ့လက်အောက်မှာပဲ ရှိရမည်။

ဘာဖြစ်လို့လဲဆိုတော့ ဒေါ်မျိုးရီ ဆိုတာက အဆင်း ရဲ့ အဒေါ် တစ်ယောက်အဖြစ် တော်စပ်ရုံသာ မဟုတ်သေ ..၊ သူဌေး ဦးရွှေပါ ၏ ဒုတိယ တရားဝင်ဇနီး ..။

ထို့ကြောင့် မမမျိုး(ဒေါ်မျိုးသီရိ)လို ကြီးတော်တစ်ယောက်လို နေရာမျိုးမှာ သူမ မနေနိုင် ..၊ မမမျိုး လိုလူက ကိုယ်နဲ့ယှဉ်ပြီး နေရာယူမှာမျိုးကို မလိုချင်ဆုံး ..။

အဆင်း နှင့်တကွသော တခြားအရာကိစ္စ တော်တော်များများ တို့မှာ ဒေါ်မျိုးရီ နာကျင်ခဲ့ရတာတွေ ရှိသေးသည်။ အထူးသဖြင့် ဦးရွှေပါ နှင့် ပတ်သက်၍ ...

ဒါတွေကို လူ မသိပေမယ့် ကိုယ့်မှာတော့ သက်ဆုံးတိုင် နာကျင်စရာတွေပဲ ဖြစ်သည်။

ထို့ကြောင့် အဆင်း ကို တူမအရင်းရယ်လို့ သူမ မေတ္တာတွေ ပုံအောမပေးနိုင် ..၊ သူမကိုယ်တိုင် ဒီမိန်းကလေးအပေါ်မှာ နှစ်လိုခြင်း ကင်းခဲ့တာ ဖြစ်သည့်အလျောက် အမေရင်း မဟုတ်ဘူးဆိုအည့် မျက်လုံးနဲ့ ကြည့်လာမှာလည်း မခံနိုင်ပါ ..။

အရာရာကို နောင်အခါလာ နောင်အခါချေးလို့ မထားလိုက်နိုင်သည်မို့ ..၊





## အခန်း (၂)

"မရဘူး ဟော့ကောင် .. ခုပဲ ပြောရမယ် .. ငါ ပြောတာ ငါ့ချေးပဲ .. နောင်အခါ ချေးဆိုတာ ကိုယ် သေသွားရင် သိတောင် သိလိုက်မယ့်ကိစ္စ မဟုတ်ဘူး .."

"ဟာ!... ဟော့ကောင် မင်းကတော့ တကယ် ချစ်တီးပဲကွာ .."

"တီးချင် တီး .. မတီးချင် နေ .. ငါက မင်းရန်သူ .."

"အေးပါ .. ငွေရေးကြေးရေးနဲ့ ပတ်သက်ရင် မင်းမှာ ချစ်သူ မရှိတော့ဘူး .."

"သိရင် ပြီးတာပဲ .."

အပေါ်ပိုင်းမှာ အင်္ကျီမပါ ကိုယ်ဗလာနှင့် ဝတ်ထားသည့် ဂျင်း ဘောင်းဘီကိုလည်း ဒူးဆစ်နားထိ လိပ်တင်ထားသေးသည်။

ပြီးတော့ ကန်စွန်းရွက်တွေ ဆေးထားသည့် ဇလုံထဲကရေကို ရေစည်နားထိ 'မ' သယ်သွား၏။

www.burmeseclassic.com



သူလုပ်သမျှကို အိမ်ရှေ့ဖိနပ်ချွတ်မှာ ထိုင်ကြည့်နေသည့် စောရန်က အငေးသား ကြည့်နေ၏။

"ဘာလုပ်မလို့လဲ .. အဲ့ဒါ .."

"အဝတ်လျှော်နေတာ မမြင်ဘူးလား .."

"အေးလေ .. အဲဒီရေတွေကို မေးတာ .."

ရန့်သူ က မဖြေပါ ...၊

ရေဇလုံထဲက အပေါ်ယံမှာ ပေါ်နေသည့် ကန်စွန်းရွက်အစအန အရှုန်အမွှားတွေကို လက်ခုပ်နဲ့ အသာလေး လိုက်သဲ့၍ ဆယ်ထုတ်ပစ်လိုက်သည်။

ရေကြည်တွေချည်း ကျန်ကာမှ တခြားရေပုံးထဲ ပြောင်းထည့်ပြီး အောက်က အနည်ကို သွန်ပစ်၏။

ပြီးတော့ ကျကျနန ပြန်ထိုင်ကာ လျှော်ပြီးသား အင်္ကျီသုံးထည်ကို ထိုရေဖြင့် ...

"စေ့စပ်ပုံကတော့ မိန်းမက အရှုံးပေးရတယ်ကွာ .. ကန်စွန်းရွက်လည်း ဆေးတယ် .. အဝတ်လည်း လျှော်တယ် ...၊ အေးပေါ့ .. ရေအလကား မသွန်ရတော့ဘူးပေါ့ .."

ဖြေမယ့်သူ မရှိဘဲ စောရန် က သူ့ဘာသာ မေးပြီး သူပဲ ပြန်ဖြေတာ ...

"ဒါပေမယ့်ကွာ .. ကန်စွန်းရွက် ဆေးတဲ့ ရေကတော့ .."

"မင်းပါးစပ်ထဲ လာထည့်နေတာ မဟုတ်ဘူး .. အေးဆေးနေ.."

"ဟုတ်ပါတယ် .. မင်း ရေ အလကားဖြစ်မှာ ဒီလောက် စိုးရိမ်နေရင် နေ့စဉ် ဝယ်ရမယ့်ရေ ငါ ထမ်းပြီး ထည့်ပေးမယ်ကွာ .."

"အလကား ထည့်ပေးမှာလား .."

"ဟုတ်မလားကွ .. ငါ ပေးစရာရှိတဲ့ကြွေးနဲ့ ရေဖိုးကို .. "





"အံမာ .."

ရန့်သူ့ ရဲ့ အံမာသံကြီးမှာ စောရန် စကားမဆက်ရဲတော့ဘဲ တိခနဲ ပြတ်၏။

"တော်ပြီလား .. မင်း .."

"သူငယ်ချင်းချင်းပဲ မင်းကလည်း .. မင်း လိုချင်နေတဲ့အချိန် ငါမှ မပေးနိုင်သေးတာ .. အဲ့ဒါကြောင့် ကြွေးလည်း ကျေ .. မင်းလည်း ရေဖိုး မကုန်တော့ဘူး .. မကောင်းဘူးလား .."

"မကောင်းဘူး .."

အဝတ်တွေကို တဗွမ်းဗွမ်း ရေလျှော်ချပြီး တဖြန်းဖြန်း ခါသည်။

"ဟာ!... ဟော့ကောင် .. ရေညှစ်ဦးလေ .. ကုန်ပါပြီ .. စိုကုန်ပြီ"

ရေမညှစ်ဘဲ ခါထုတ်လိုက်သဖြင့် အကျအန ထိုင်ကြည့်နေသည့် စောရန် ဆီ ရေတွေ အလုံးအရင်းနဲ့ ဝင်ကုန်၏။ စောရန် အလဲလဲ အကွဲကွဲနှင့် ထပြေးရကာ ...

"ကုန်ပါပြီကွာ .. အင်္ကျီလဲစရာ မရှိရတဲ့အထဲ အဝတ်ကို ရေမညှစ်ဘဲ ဒီတိုင်း ခါရသလားကွ .."

"မညှစ်နိုင်ဘူး .. ရေညှစ်တာ အင်္ကျီနာတယ် .."

"နာပြီးသား အင်္ကျီကြီးများကွာ .."

စောရန် မကျေမနပ် ရေရွတ်ပြီး ရှပ်အင်္ကျီ အပြာကျားလေးကို ကြက်သီးဖြုတ်၍ နေပူမှာ ကပျာကယာ ပြေးလှန်းသည်။

အိမ်လေးက ပျဉ်ထောင်အိမ်ပုလေးဖြစ်ကာ အောက်ခြေ နိုင်သော်မယ့် အပေါ်ပိုင်းကတော့ ခပ်ရွဲ့ရွဲ့ အိမ်အိုလေးပဲ ဖြစ်သည်။

ခြံက ကျယ်ပေမယ့် ခြေရင်းတစ်ခြမ်းလုံးက ဖုန်းဆိုးတော ဖြစ်နေ၏။

ဒီဘက်မှာ ကျောက်ကန်ကြီးနှစ်ကန် ပူးလျက်ရှိနေကာ လေးဆ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပြားကြီးနှစ်ချပ် ဆက်လျက် ခင်းထားတာက ရေချိုး အဝတ်လျှော်နေရာလို့ သတ်မှတ်တာ ဖြစ်၏။

သို့သော် ကျောက်ကန်တွေထဲမှာ ရေက မရှိ ...၊

ဒီဘက်ဆောင်မှာ နှစ်ဆေ ကျောက်ကန်သေးသေးလေးတစ်လုံး ထပ်ရှိတာ ရန်သူ တစ်နေ့ ငါးဆယ်ဖိုး ရေဝယ်ထည့်နေတာ ထိုကန်လေးထဲမှာပဲ ဖြစ်လျက် ...

"ကိုယ်က ရေစိုသွားပြီ .. ငါ ရေနည်းနည်းတော့ ချိုးမှ ရမယ်.."

"သွားချိုးပေါ့ .. လမ်းထိပ်မှာ ရေဘုံဘိုင်ကြီး ရှိတယ် .."

"မင်းကလည်း ညနေ ငါ ပြန်လာရင် သောက်ရေကန်မှာ သွားထမ်းပေးပါ့မယ် .."

"မလိုချင်ဘူး .. ကြွေးဆို ဆွမ်းကျွေးဖိတ်တောင် မသွားဘူး.."

"ဒါဆို ငါ ဒီတိုင်း နေရမှာလား .."

"ယောကောင် စကားတွေ လွှဲမနေနဲ့ .. မင်းကို ငါ ကြွေးတောင်းနေတာ နော် .. ချေးထားတဲ့ပိုက်ဆံ ဒီည မပါလာရင် နောက်နေ့ ဒီမှာလာအိပ်လို့ မရဘူး .."

စောရန် မျက်နှာ ရှုံ့မဲ့သွားသည်။

ရန်သူ့ စိတ်ကို သူ သိသည်။ သူငယ်ချင်းမိတ်ဆွေ ဘာညာ သိပ်ခေါင်းထဲထည့်တာ မဟုတ်သလို တစ်ခါတစ်ရံ စိတ်ပါလက်ပါ ကူညီတတ်သလောက် အမြဲတမ်းလိုလို ပြောတတ်တာက ဂျစ်တိဂျစ်ကန် ...၊

ဒါဆိုဒါပဲ တစ်ယူသန်တတ်တာလည်း သူ့အပြင် မရှိ ...၊ မိဘမဲ့ချင်း တူပေမယ့် ကိုယ်က အိမ်ရာမဲ့တာဖြစ်ကာ အတူတူ ကပ်နေခွင့်တော့ ပေးခဲ့ပြီး ...

"အိမ်မှာ အလကား လာနေတဲ့အပြင် ပိုက်ဆံကလည်း ချေးသုံး





သေးတယ် .. ဆံထုံးစိုက် .. ဆီစိုက် မစိုက်နိုင်ဘူး ...၊ ပြောပြီးသားနော်– ဒီည မပါလာရင် နောက်ဆုံး .."

"ကြားပါတယ်ကွာ .. အော်မနေစမ်းပါနဲ့ .. ပိုက်ဆံလေး တစ်သောင်းခွဲကိုများ .."

"ဟွန်း .."

'တစ်သောင်းခွဲတောင် မရှိလို့ ချေးသုံးပြီးတော့' ဆိုသည့် အကြည့်နှင့် ရန်သူ က မဲ့သည်။ နှစ်ယောက်စလုံး အင်္ကျီမကပ်နိုင်ကြဘဲ ဖြစ်သွားကြကာ ...

"မင်းရော .. ဒီည အလုပ်ဖြစ်မှာလား .."

ရန်သူ က အင်္ကျီတွေ ရိုတ်နဲ့ရိုတ်၍ တန်းမှာ လှမ်းချိတ်ရင်း ခေါင်းခါ၍ ...

"ဖြစ်မှာ မဟုတ်ပါဘူး .."

"ဘာဖြစ်လို့လဲ.. ဒီလူက ထောင်ထွက်ဆိုလို့ လန့်သွားတာလား.."

"မဟုတ်ပါဘူး .."

ဘာဖြစ်လို့လဲဆိုတာ ဆက်ပြောလာမလားလို့ နားစွင့်နေပေမယ့် ရန်သူ က ဘာမှ မပြောတော့သဖြင့် ...

"ဘာဖြစ်လို့လဲ .. ဒေါ်စကားဝါ နဲ့ ရှောခ်ရှိလို့လား .."

"ဟုတ်တယ် .."

"ဟင် .. တကယ်လား .. အံ့သြစရာပဲ .. ဒေါ်စကားဝါ ဒီလောက် သဘောကောင်းတာ .."

"သဘောကောင်းလွန်းလို့ ခက်နေတာ .."

"ဟမ်!..."

မှုန်ကုပ်ကုပ်ဖြစ်သွားသည့် ရန်သူ့ မျက်နှာကို ကြည့်၍ စောရန် သဘောပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လူတစ်ကိုယ်လုံးကိုပါ မမြင်ဖူးခဲ့သလို ပြန်ကြည့်မိ၏။ အရပ်မြင့်ပေမယ့် ကိုယ်လုံးက ပိန်သည့်ဘက်ကို လုနေသည်။ အဖျားတွေ တွန့်ကောက်နေသည့်ဆံပင်က အမြဲတမ်း ပခုံးထောက်သာသာ ရှိတတ်ကာ သူ့စတိုင်လ်နဲ့တော့ လိုက်ဖက်နေတာပင် ...။

ပြီးတော့ ရန်သူ က လက်စက အနားရစ်နှင့် စပို့ရှပ် တီရှပ်တွေပဲ အဝတ်များကာ အပြင်ထွက်သွားတိုင်း လျှာထိုးဦးထုပ် ဆောင်းတတ်၏။

ခုခေတ် ပုံစံအရတော့ လူငယ်စတိုင်လ် ခပ်မိုက်မိုက်ပါ ...။

အလုပ်ကလည်း ကြေးတောင်းပေးရသည့် လူမိုက်အလုပ် ဖြစ်ကာ နဂိုတည်းက ဂျွတ်ဆတ်ဆတ် ခပ်ရိုင်းရိုင်းပုံစံနဲ့ အံကိုက် ...၊

မကိုက်ညီတာတွေကတော့ ခုလို ကြားလိုက်ရမှပဲ ...

"ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ .."

"မင်းကိုပေါ့ကွ .. ဟား .. ဟား .. ဟား ..."

ပုဆိုးကို ခေါင်းကနေ စွပ်ချလိုက်ပြီး ဖွန်ပုန်းရုံဘက် ထပ်ကပ်ကာ ဆောင်းဘီချွတ်နေသည့်မျက်နှာက မျက်မှောင်ကုတ် ရှုံ့တွနေသဖြင့်...

"မင်းသွာ .. ဒီအပျိုကြီးကို လူတိုင်း .."

"ဘာ အပျိုကြီးလဲ .."

"ယောကျ်ားသေသွားပြီလေ .. ခုခေတ်မှာ ယောကျ်ားမရှိတော့ရင် အပျိုကြီးလို့ ခေါ်ကြတာပဲ .. ခုချိန်ထိ ရပ်ရှိရေလျှံ အလတ်ကြီး ရှိသေးတာ .."

"မင်း သွားပါလား .."

"ငါ့ကို မဟုတ်လို့ပေါ့ကွ .. ဟား .. ဟား .. ဟား .. ငါ ထင်သားပဲ ...၊ အပျိုကြီး မင်းကိုပဲ ခဏခဏ ဖုန်းဆက်ခေါ်ပြီး ကြေးတောင်းပေးပါ .. သွားပြောပေးပါတွေ နိုင်းနေတည်းက .."





"ဖုန်းလည်း ပြန်ပေးလိုက်ပြီ .."

"ဟုတ်လား .. မင်းကလည်း ကိုယ့်ကို ပေးထားတာကို .."

"သူ့အလုပ် လုပ်နေလို့ ဆက်သွယ်ရလွယ်အောင် ငါ လက်ခံထားတာ .. ညတိုင်း နားငြီးနေရတယ် .."

"အပျင်းပြေတာပေါ့ကွ .."

"ဟော့ကောင် .. မင်း သွားစရာရှိတာ သွားတော့ .."

"လေသံမမာစမ်းပါနဲ့ ရန်သူ ရာ .. အလုပ်လက်မဲ့ချင်း .."

"အစတည်းက ငါ ဘယ်သူ့ဝန်ထမ်းမှ မဟုတ်ဘူး .. ပိုက်ဆံ ရမယ်ထင်ရင် လုပ်တယ် .. ကိုယ့်သဘော မတွေ့လာရင် ထွက်တယ်.. ဒါပဲ .."

"မင်းကိုတော့ သဘောတွေကြတာ များပါတယ် .. ဟဲ .. ဟဲ.."

"ဘာ ဟဲ .. ဟဲ လဲ ...၊ ရုပ်ကိုက ဆပ်ပြာခွက်စာ မိတော့မယ်.."

ရန်သူ က လက်မြန်တတ်သည်မို့ စောရန် ကိုယ့်ပါးစပ်ကို ကပျာကယာ ဘရိတ်အုပ်ရသည်။

"ငါက အကောင်းပြောတာပါ ...၊ ကြေး တစ်ခါတောင်းပေးရင် နင့်နေအောင် ရတာ .. ဒီအလုပ်မျိုးက ရှားတယ်လေ .."

ရန်သူ ရေချိုးနေတုန်းမို့ ကိုယ့်အသံကို မြှင့်ပြောနေရင်း ...

"မင်းပဲ ပိုက်ဆံရရင် ဘာဖြစ်ဖြစ် လုပ်မယ်ဆိုပြီးတော့ သူက လည်း သိက္ခာရှိတဲ့ မိန်းမပါကွာ .. မင်းကို စိတ်ကူးလေးနဲ့ပဲ ရင်ခုန်နေမယ့်သူမျိုးပါ ...၊ ဘာဖြစ်လဲ .. အလုံးအရပ်လျှော့တာလည်း မဟုတ်ဘဲနဲ့ .."

"စောရန် .. လောလောဆယ် ပါးစပ်အရသာခံနေတာ မင်းနော်.. မြန်မြန် ဒီနားက သွား .. မသွားရင် မင်း မလွယ်ဘူး .."

"သူငယ်ချင်းချင်းမို့ ပြောပြတာပါ .."



www.burmeseclassic.com

www.burmeseclassic.com



စောရန် က ပြော်ပြော ထထ လုပ်ရင်း အိမ်ထဲကို ခြေတစ်လှမ်း ပြင်နေကာ ...

"နေ့မြောစရာကြီး .. ငါတို့လို အလုပ်လက်မဲ့တွေအတွက် .."

"ဒုန်း .. ပွမ် .."

"သွားပြီ .."

ဒန်ဖလားကြီး လွင့်တက်လာတော့မှ စောရန် ပြေးဝင်သွား၏။ သို့သော် ရန်သူ က ဒေါသထွက်နေဆဲနှင့် ...

"ဟော့ကောင် .. ငါ့ရေခွက် ပြန်ကောက်ပြီး ပိန်သွားရင် ပြန်ထုမဲ့ .."

စောရန် မျက်နှာမဲ့သွားကာ မမြင်ကွယ်ရာကနေ ပွစိပွစိ ရေရွတ်၏။

"ကျလည်း ကျတဲ့ ကောင် .."





အခန်း (၃)

ရင်ဘတ်နဲ့ လက်ဝတွေမှာ အပြာနုရစ်ထားသည့် အဖြူရောင် ကော်ရှပ်လက်စကနှင့် ဂျင်းဘောင်းဘီက ရန်သူ့ ကိုယ်ပေါ်မှာ သက်သောင့်သက်သာပုံစံနှင့် ကြည့်ကောင်းနေသည်။

ထိပ်မိုးမပါသော လျှော့ထိုးဦးထုပ် အပြာရင့်က အဖျားကောက်နေသည့် ဆံပင်တွေနှင့် လိုက်ဖက်သလို မျက်မှန်ကလည်း အကောင်းစားမဟုတ်ပေမယ့် ဖြူဝင်းသည့် မျက်နှာပေါ်မှာ ထင်းနေ၏။

မျက်ခုံးမျက်လုံးက အလှကြီး မဟုတ်ပေမယ့် ယောက်ျားပီပီ တော့ထင်းနေသည့်နှာတံနှင့် မထူမပါးနှုတ်ခမ်းအစုံက မျက်မှန်တပ်ထားတိုင်း အထူးသဖြင့် ပေါ်လွင်နေတတ်ကာ ...

"ဒုတ် .."

"အယ်!..."

ပလက်ဖောင်းဘေးမှာ ဘီးလိမ့်ရဲ့ အရှိန်လျှော့လာရင်း ရန်သူ မော်ဘတ်ရပ်နေတာကို စိတ်လွှတ်ကိုယ်လွှတ် ငေးမိသွားသည့်အခြိ ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ ...၊

ရှေ့ကားကို ထိလိုက်မိတာ သေချာကာ ရန်သူ ကလည်း မြင်သွားပြီမို့ စကားဝါ ရှက်ရှက်နှင့် ရုတ်တရက် ဘာလုပ်ရမှန်း မသိ ဖြစ်သွား၏။

ထိုစဉ် လမ်းဘေး ဆီးသီးသည်နားကနေ မိန်းကလေးတစ်ယောက် ပြေးလွှားရောက်လာကာ ...

"ဟယ်!... ဒုက္ခပါပဲ .."

လက်တစ်ဖက်မှာ ဆီးသီးထုပ်လေးနှင့် ပိန်ချိုင့်နေသည့် ဘန်ဘာကို လက်တစ်ဖက်နဲ့ ပွတ်သပ်ရင်း ကမ္ဘာပြိုတော့မလို ...၊

"ညီမလေး .."

စကားဝါ မထူးစိတ်ပိုက်၍ ကားပေါ်ကနေ ဆင်းခဲ့ရကာ ရန်သူ့ဆီကို မသွားနိုင်တော့ဘဲ ...

"အစ်မကားနဲ့ နည်းနည်း ထိသွားတာပါ .. တောင်းပန်ပါတယ်ကွယ် ...၊ ကားအတွက် အစ်မ လျော်ပေးပါ့မယ် .."

"မဟုတ်ဘူး .. အလျော်ကြောင့် မဟုတ်ဘူး .. ဒါကြီးနဲ့ အဆင်းဒီတိုင်းပြန်လို့ မဖြစ်ဘူး .."

"ဟုတ်ပါပြီ .. အစ်မကပဲ အစအဆုံး ပြင်ပေးလိုက်မှာပါ .."

"မဟုတ်ဘူး .. အဲဒီလိုလည်း မရလို့ .. ဒုက္ခပါပဲ .."

ရန်သူ က ဆံပင် ပခုံးလောက်သာသာ ပါးပါးပျော့ပျော့လေးနဲ့ ကောင်မလေးကို နောက်ကနေ မြင်နေရကာ စကားဝါ နဲ့ ဘာတွေဖြစ်နေကြမှန်းလည်း မသိ ...၊

သေချာတာက စကားဝါ အဲဒီမှာ ပြောဆို ရှင်းလင်းပြီးတာနဲ့ သူ့ဆီ ရောက်လာမှာပဲ ဖြစ်သည်။ ထသွားဖို့ကလည်း နှုတ်မဆက်ဘဲ ရှောင်သွားသလို ဖြစ်ခဲ့ရင် မကောင်း ...၊





သူမ ရောက်မလာခင် သွားနှုတ်ဆက်ပြီး ဒီနားကခွာဖို့ ဆုံးဖြတ်လိုက်ကာ ထိုနေရာဆီ သူပဲ သွား၍ ...

"ဘာဖြစ်နေတာလဲ မဝါ .."

"မင်းမင်း ရယ် .. ဒီမှာ ကြည့်လည်း ကြည့်ပါဦး .. တို့က နောက်ကနေ နည်းနည်း တိုက်လိုက်မိလို့ .. အားလုံး တာဝန်ယူပါ့မယ် ပြောနေတာပါ .. သူက မဖြစ်ဘူးချည်းပဲ လုပ်နေတာ .."

"ဘာလို့ မဖြစ်တာလဲ .."

"မသိပါဘူးကွာ .. ဘယ့်နှယ် ဒီမှာပဲ အကောင်းတိုင်း ပြန်ဖြစ်အောင် တို့က ဘာလုပ်ပေးရမှာလဲ .."

"မမကို အဆင်း အဲလိုပြောတာ မဟုတ်ဘူး .. ကားကို အဆင်းက ခိုးမောင်းလာတာ .. ကားသွားပြင်ဖို့လည်း အချိန်ပေးလို့ မရဘူး.."

"အဲဒီတော့ .. မင်းက ကားအသစ်တစ်စီးများ ထပ်လိုချင်လို့လား"

အကြံအဖန် လုပ်နေသည်လို့ပဲ ထင်ကာ စကားဝါ က လက်ပိုက်၍ မထိတထိ မေးသည်။

အဆင်း ဆိုသည့် ကောင်မလေးက ဘာပြန်ဖြေရမှန်း မသိတာလား .. ဘာကို အံ့သြသွားတာမှန်း မသိဘဲ စကားဝါ ကို မျက်လုံးဝိုင်းလေးနှင့် ပြန်ကြည့်၏။

ဘေးမှာ ရန်သူ ရပ်လာတာ .. စကားဝင်ပြောတာတွေ ရှိပေမယ့် သူမက တစ်ချက်မှ ငုံ့မကြည့်ဘဲ သူ့ကားကို ငုံ့ကြည့်လိုက် .. ညည်းညူလိုက်နဲ့ပဲ ရှိနေခဲ့လျက် ...

"မဟုတ်ပါဘူး .."

စကားဝါ ကို အကြာကြီး ငေးသွားပြီးမှ ခေါင်းခါသည်။

"ကားအသစ်တစ်စီး ထပ်ဝယ်ဆိုလည်း အဆင်း ဝယ်နိုင်ပါတယ်.. ကားခိုးမောင်းလာတာကိုပဲ လူသိခံလို့ မဖြစ်တာ .. သွားတော့မယ်.."

www.burmeseclassic.com



မခံချင်စိတ်လေးတော့ ဖြစ်သွားပုံ ရှိ၏။ ဒါပေမယ့် ချောချောင်ငံပဲ ရှင်းပြသွားကာ ကားပေါ် ကပျာကယာ ပြန်တက်သည်။

"ဟွန်း .. ဘယ်လိုဟာလေးလဲ မသိဘူး .. အဲ့ဒါ မင်း ရောက်လာလို့ရယ် .. မဟုတ်ရင် ဘယ်လောက် ရစ်နေမလဲ မသိဘူး .."

"သူ့ပုံစံက အဲဒီလိုတော့ မရှိပါဘူး .."

ပြောနေရင်း ကားကို လှမ်းကြည့်ကာ ...

"သိပ်မောင်းတတ်သေးပုံ မရှိဘူးဆိုတော့ တကယ် နိုးမောင်းလာတာ နေမှာပါ .."

"ကဲ .. ဟုတ်ပါပြီ .. တို့ပဲ လူကဲခတ်မှားသွားတယ် ထားလိုက်ပါ၊ အခု ဘယ်ကို လိမ့်မလို့ ဒီမှာ ရပ်နေတာလဲ ..၊ တို့ဆီလည်း မလာဘူး.."

"ဟုတ်တယ် .. ကျွန်တော်က အလုပ်တစ်ခုကို ငြီးငွေ့လာရင် မလုပ်ချင်တော့ဘူး .."

"အခု တို့အလုပ်ကို မလုပ်ပေးချင်တော့ဘူးပေါ့ .. ဟုတ်လား.."

သူ ခေါင်းညိတ်လိုက်ကာ ...

"အင်း .. အဲဒါကြောင့် မဝါ ကို လူတစ်ယောက် ထပ်ရှာပါလို့ ကျွန်တော် ပြောသားပဲ .."

"သြော် .. ဖြစ်ရလေ မင်းမင်း ရယ် .. ငွေကြေးကိစ္စကို ယုံယုံကြည်ကြည် နိုင်းရတာ .. လူတိုင်းကို ယုံလို့ ရသလား ..၊ ပြီးတော့ မင်းနဲ့ ဒီအလုပ် လိုက်ဖက်သလို ငါတို့ချင်းလည်း နားလည် ယုံကြည်နေကြပြီးသား .."

"နောက်ထပ် ယုံကြည်ရမယ့်သူ ပေါ်လာမှာပါ .. ကျွန်တော် သွားတော့မယ် .."

"အို .. နေပါဦး .. တို့နှစ်ယောက် တစ်ခုခုစားရင်း စကားပြောရအောင်လေ .. မင်းကို တိုင်ပင်စရာလည်း ရှိလို့ .."





"ကျွန်တော် မအားဘူး မဝါ .. အလုပ်ကိစ္စ သွားစရာရှိသေးတယ် .."

"အလုပ်ကိစ္စ .. ဟုတ်လား .."

စကားဝါ က သူ ထွက်သွားမှာ စိုးရိမ်နေသည့်မျက်နှာနှင့် ရှိနေလျက် ...

"အလုပ်ဆိုတာ စွဲစွဲမြဲမြဲ ဇောက်ချလုပ်ကြည့်ရတယ်ကွ .. အလုပ်ရဲ့အကျိုးအပြစ်ကို မသိသေးဘဲ ဟိုစုန်ဒီစုန် လုပ်နေရင် ဘယ်တော့မှ မတိုးတက်ဘူး .."

"ကျွန်တော်က တိုးတက်မှုကို ရှာဖွေနေတဲ့ လူတော်လူကောင်းမှ မဟုတ်တာ .."

ငေးနေ ဖြစ်သွားသည့် စကားဝါ ကို သူ ပြုံးပြလိုက်ရင်း ...

"သွားမယ် .."

အပိုစကား ပြောခဲ့တာ မဟုတ်မှန်း စကားဝါ ဆိုသည့် သူမ သိနေမှာပါ။ လူတိုင်းပဲ လူတော်လူကောင်း ဖြစ်ချင်နေကြတာမို့လို့လား...။

အားလုံးမှာ ကိုယ့်အတွေးနဲ့ ကိုယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဟှဲ .. ဒါ ဘယ်သူမှ မသိလိုက်ကြဘူးလား .."

"မ .. မသိပါဘူး မမကြီးရယ် .. ကျွန်မတို့လည်း နောက်မှာပဲ အလုပ်လုပ်နေကြတာပါ .."

အိမ်ရှေ့ကို မခေါ်ဘဲ မလာရဆိုသည့်အမိန့် ထုတ်ခဲ့တာလည်း ကိုယ်ပဲမို့ ဒေါ်မျိုးရီ ဒေါသတွေနှင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေခဲ့၏။

"တောက်!... အိမ်မှာ လူတွေ ဒီလောက် တစ်လှေကြီး ရှိနေတာကို .. အစိပ္ပာယ် မရှိဘူး .."

တက်ခေါက်ရင်း မျက်လုံးက 'တန်းစီရပ်နေကြသည့် အလုပ်သမားတွေဆီ ရောက်သွားသည်။ အိမ်မှာ ဧည့်သည်လာပြီဆို စပ်စုချင်လွန်းလို့ သင်းတို့ပဲ ပြူတစ်ပြူတစ် ..၊

ခြံထဲကို တစ်ယောက်သွားလို့ ခိုင်းလိုက်လျှင် အတွဲလိုက် .. အပြုံလိုက် သွားကြတာတွေ ..၊





ခုကျမှ ဘယ်မှ မထွက်ပါဘူး .. ဘာမှ မမြင်မိပါဘူး ဖြစ်ကုန်ကြသည်။ သင်းတို့ထဲက တစ်ယောက်ယောက် ဒါကို သိကို သိရမည်။

ဒါမှမဟုတ် အားလုံးက ဖုံးဖိနေကြတာပဲဆိုတာ စိတ်ထဲက ခံစားမိနေ၏။ အဆင်း တို့ တူဝရီးကိုဆို ဘာဖြစ်လို့ စေတနာတွေ ပိုနေကြမှန်း မသိ ..။

စူးစူးရဲရဲ ကျရောက်နေသည့် မျက်လုံးဒဏ်ကြောင့် ခေါင်းတွေငုံ့ထားကြရင်း အားလုံး တုတ်တုတ်မျှ မလှုပ်ဝံ့ဘဲ ဖြစ်နေကြ၏။

"ကဲ.. သူတို့ မသိဘူးတဲ့မို့လား.. သွားကြပါစေ .. မင်းကလည်း.. ကားက နောက်က တိုက်ခံထားရတဲ့ဥစ္စာ .."

"အဲဒီတော့ ဘာဖြစ်လဲ .. ဒီကားကို ရှင်လည်း မမောင်းဘူး .. ရီ လည်း မမောင်းဘူး .. အိမ်မှာ ကားမောင်းမယ့်သူ ဘယ်သူ ရှိသေးသလဲ .."

ဒေါ်မျိုးရီ မကျေနပ်နိုင် ..၊ နောက်ပေါ် မော်ဒယ်လ်မြင့်ကားတွေမှ မမောင်းနိုင်လျှင် ခေတ်နောက်ကျရချေရဲ့ဆိုပြီး ကားတွေ ထည့်လဲစီးနေပေမယ့် မာစီးဒီးအနက်ရောင်ကို သူမ အကြိုက်ဆုံး ..၊

နောက်ထပ် မော်ဒယ်လ်မြင့်တဲ့ မာစီးဒီးတွေ ဘယ်လောက်လှလှ ကိုယ့်ကားလေးကို သံယောဇဉ် ဖြစ်နေမိလို့ .. ဒီနေ့ထိ မရောင်းရက်ခဲ့တာ ..။

ပြီးတော့ ကားကသာ မော်ဒယ်လ်နိမ့်သွားခဲ့တာ .. ထိခိုက်ရှနာ နည်းနည်းလေးမှ ရှိခဲ့တာ မဟုတ် ..၊

"သွားကြ .. သွား .. နောက်ကို 'ဘူး' တစ်လုံး ဆောင်ထားကြမှ ဘယ်နေ့ အထုပ်ဆွဲပြီး ခေါင်းနဲ့ ဆင်းရမလဲဆိုတာ .."

အားလုံးကို အော်ငေါက် ထုတ်ပစ်လိုက်သည်။ ဦးဇိုးပဏ္ဍုက သတင်းဖွင့်ကြည့်နေရင်း အသံတိုးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မမြင်လိုက်ဘူးဆိုရင် သူများ မမြင်လိုက်တာကိုလည်း ဒေါသတကြီး ပြစ်တင် မောင်းမဲလို့ မရဘူးကွ .."

"ကိုယ် မြင်လိုက်ရအောင် ကိုယ်မှ အိမ်မှာရှိမနေတာ .. သင်းတို့တို့ ဒီလောက်တောင် အားမကိုးရဘူးလား .."

"ကိုယ်နိုင်းဖို့ ခေါ်ထားတာ အားကိုးဖို့မှ မဟုတ်ဘဲ .. မင်းပဲ အမိန့်တွေ အမျိုးမျိုး ထုတ်နေပြီးတော့ ..၊ အလုပ်သမားကလည်း သူ့ဘက်က ပညာပြခွင့်ရရင် ပြသွားမှာပဲ .. ခုပဲ မင်း ခံလိုက်ရပြီ .."

"ဘာ!... ရယ် .."

"သူတို့ တစ်ခုခု သိနေတယ်လို့ မင်း ထင်တယ်မို့လား .. ဒါပေမယ့် မသိပါဘူးလို့ ပြောသွားတော့ မင်း ဘာတတ်နိုင်သလဲ .."

"အကုန်လုံး တန်းစီပြီး အလုပ်ထုတ်ပစ်မယ် .."

"ထုတ်လေ .. အိမ်အကူ လိုအပ်နေကြတဲ့ အိမ်တွေမှ အများကြီးပဲ..၊ မင်းအိမ်က ကန်ချလိုက်လည်း ပြေးဆွဲခေါ်မယ့်သူတွေ ပုံလို့ ..၊ မင်းကတော့ ပွဲစားဆီ ဖုန်းတွေ ဆက် .. လာအပို့ကို စောင့် .. ရောက်မလာခင်စပ်ကြားမှာ မင်းပဲ .."

"ကိုစိုး .. ရှင် ဘယ်သူ့ဘက်က ပြောနေတာလဲ .."

"အဲ့ဒါပဲ .. မင်း အဲဒါတွေ ခက်နေတာ .. ငါ နိုင်ရမယ် .. ငါ ရရမယ်ဆိုတဲ့ မာနတွေပဲ မင်းမှာ ပြည့်သိပ်နေတာ ..၊ ဒီမှာ မှတ်ထားကွ .. မပိုင်ရင် ခြင်တောင် မရိုက်နဲ့ .. တစ်ခါတလေ ခြင်ကို မမိဘဲ ကိုယ့်အသားနာ ကျန်ခဲ့ရင် တော်တော်နဲ့ ပြန်မပျောက်တာတွေ ရှိတတ်တယ် .. အသားလည်း နာရသေး .. မမိလိုက်လို့ ဒေါသဖြစ်ရတာက ခံရခက် .."

သူ့စကားသူ ပြောပြီး ဦးစိုးဝဏ္ဏ က ပြုံးလိုက်သေးသည်။

"ပြီးတော့ ရှိသေးတယ် .. စကားပုံက ရိုင်းပေမယ့် ဒါ ပြောလိုက်





မှ ပိုရှင်းမှာမို့လို့ .. 'ယောင်လွန်တဲ့ခွေး လူမလေး' တဲ့ ..၊ ငါ တစ်ခုပဲ ပြောမယ် .. မင်းအစ်မနဲ့ တူမကို သူတို့ ဘာလုပ်ချင်တာလဲ ကြည့်နေလိုက် .."

"ကြည့်နေလိုက်ရင် ထင်ရာ လုပ်သွားမှာပေါ့ .. မမျိုး အကြောင်း ရှင် ဘာသိလို့လဲ .."

"မင်းကို လုံးဝ အကောင်းမမြင်တဲ့ မိန်းမမှန်းတော့ သိပါတယ်.."

"သိရဲ့သားနဲ့ ကြည့်နေနိုင်းရလား .. မဖြစ်ပါဘူး .. ဝင်းထွန်းကို ပြန်ခေါ်ပြီး ပေးစားထားလိုက်တာပဲ အေးမှာ .."

"အေး .. အဲဒါကို သိရမှာ .."

ဦးစိုးဝဏ္ဏ က ပြောပြီး တစ်အိမ်လုံးကို ဝေ့ခနဲ ကြည့်သည်။ ပြီးမှ ...

"အဲ့ဒါလည်း မင်း ပါးစပ်လေးကိုပိတ်ပြီး ခေါင်းနဲ့ တွေး..၊ ကိုယ် ဘာကြံနေတယ်ဆိုတာ လူမသိစေနဲ့ .."

ကိုယ့်တူနဲ့ ကိစ္စကျတော့ ဦးစိုးဝဏ္ဏ မျက်နှာမှာ တက်ကြွခြင်းတွေ ဖြစ်နေခဲ့လျက် ...

"ကောင်မလေးက အသက်မပြည့်သေးတော့ .."

"အို .. မတတ်နိုင်ဘူး .. အသက်မပြည့်ခင် ယောကျ်ားပေးစားချင်လာအောင် သူတို့ပဲ လုပ်နေတာ ..၊ စာချုပ်ထဲကအတိုင်း အသက်နှစ်ဆယ်ပြည့်တာနဲ့ လက်ထပ်ပေးမယ့်သူက ဝင်းထွန်း ပဲဆိုတာလည်း အသိပေးထားပြီးသား ..၊ အခု နှစ်ဆယ်မပြည့်သေးလည်း လက်ထပ်စာချုပ် လုပ်ထားရမှာပဲ .. စာချုပ်ပြည့်လို့ အမွေတွေ လွှဲတာနဲ့ အကြီးအကျယ် မင်္ဂလာဆောင်ပေးမယ် .. ဒါပဲ .."

သူတို့ ပြောနေသံမျှကို တစ်ဆင့် ပြန်ပြောပြကြသဖြင့် အဆင်းတို့က အားလုံး သိနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ပြန်ပြောပြတာတွေတော့ မမကြီး မသိပါစေနဲ့ မေမေကြီးရယ် .. တစ်ခါတည်း ခေါင်းနဲ့ ဆင်းရမှာ သိလား .."

"အေးပါအေ .. ငါ သိပါတယ် .."

ဒေါ်မျိုးသီရိ က ဒေါ်မျိုးရီ နဲ့ အသက်ကိုးနှစ်ကွာသည့်ပြင် ရောဂါဘယနှင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေသူမို့ အစ်မကြီးနဲ့မတူဘဲ အမေနဲ့ သမီးလောက် ကွာအောင် အိုမင်း ရင့်ရော်နေခဲ့၏။

အလုပ်သမားတွေကလည်း သူမကိုတော့ မေမေကြီးလို့ပဲ ခေါ်ခဲ့ကြ၏။ ဒေါ်မျိုးသီရိ သည် သူမအားမှာ ကျုံ့ကျုံ့လေး ထိုင်နေသည့် အဆင်း ရဲ့ခေါင်းလေးကို တယုတယ သပ်ပေးရင်း ပင့်သက်ရှိုက်၍...

"ချမ်းသာရတဲ့ ဒုက္ခကလည်း မသေးပါလားကွယ် .. အင်း .."

"အဆင်း ဘာလုပ်ရမလဲ .. ဟင် ကြီးတော် .. ကိုကြီးဝင်းထွန်းကို အဆင်း မလိုချင်ဘူး .."

"လိုချင်စရာမှ မရှိတာပဲ သမီးရယ် .. ရုပ်ရည်လေး သနားကမားနဲ့ ရှပ်လိုက် ပွေလိုက်တာ လွန်ရော .. အပျော်အပါးက မက်သေး ...၊ ဝိုက်ဆံဖြုန်းတာကျတော့ တကယ့် ချန်ပီယံပဲ .."

"ဖအေကို ခိုးချောင်ခိုးဝှက် ပေးတာတွေက ရှိသေး ...၊ အင်း .. ငါ့ညီမ မြတ် တို့ လင်မယားမှာ ဘယ်ဘဝကကြွေးတွေ ပေးဆပ်နေကြရသလဲ မသိပါဘူး .. ကိုယ့်အိမ်ပေါ်မှာ နေကြ .. ကိုယ့်စီးပွားရေးကို မှီခို နှိုက်လှို စားကြ ...၊ တကယ်ဆို မွေးထားတာက သမီးလေး တစ်ယောက်တည်း .."

ကိုယ် ရှာခဲ့ပြီး ကိုယ် မစားရဘဲ သေဆုံးသွားခဲ့ကြသည့်ပြင် .. အဆင်း လက်ထက်ထိ ကိုယ့်မိဘပစ္စည်းရယ်လို့ ပိုင်နိုင်စွာ သုံးစွဲခွင့် မရှိ ...။

ပစ္စည်းတွေကို မထိရဲပေမယ့် စီးပွားရေးလုပ်ငန်းတွေက လည်ပတ်





ပိုလျှံတာ မှန်သမျှဟာ ဦးစိုးဝဏ္ဏ တို့ ဆွေမျိုးစုတွေ စားသောက် သုံးဖြုန်းကြတာနှင့် မကာမိ ...။ စီးပွားရေးတွေ တိုးတက်ပွားများလာသမျှကို ထင်သလို သုံးစွဲနေတာ အားမရနိုင် ...၊

"ကြီးတော် .."

"ဟင်!..."

"ဒေါ်လေးက အဆင်း ကို ကိုကြီး ဝင်းထွန်း နဲ့ပဲ ဘာဖြစ်လို့ ပေးစားချင်နေတာလဲ ဟင် .."

"ဪ .. ခုမှပဲ မေးဖော်ရတော့တယ် ငါ့တူမရယ် .. ညည်းရမယ့် အမွေတွေကို မက်လို့ပေါ့ .."

"အမွေဆိုတာ ဘာတွေ ရှိသေးလို့လဲ ကြီးတော်ရဲ့ .. ခုလည်း အဆင်း တို့က ဒေါ်လေးတို့ ပေးမှ ရတာ .. ကျွေးတာပဲ စားနေရတာ...၊ ပိုက်ဆံလည်း ကိုင်ရတာ မဟုတ်ဘဲနဲ့ .."

"ဒါက စီးပွားရေးတွေက လည်ပတ်နေဆဲလေ .. ဒါတွေကို ဦးစီးထားမှတော့ ထင်သလို သုံးနိုင်ပြီပေါ့ .. အမွေအနှစ်ဆိုတာက စည်းစိမ်ဥစ္စာကို ပြောတာ ...၊ သမီး မဖြစ်ချင်တာ အားလုံးကို သမီး ရင်ဆိုင်နေရမှာပဲ .. အဲဒါ အမွေပစ္စည်းတွေကြောင့်ပေါ့ ...၊ သမီးရဲ့မေမေက မပြေလည်တဲ့ ညီအစ်မတွေဆိုပြီး အားလုံးကို ထောက်ပံ့ ပေးကမ်းတယ်...၊ အိမ်မှာ လာနေကြတာလည်း ကြည်ဖြူခဲ့တယ် .. သူ သေဆုံးခါနီးမှသာ ကောင်းတာ မကောင်းတာတွေကို ခွဲခြားမိတာလေ ...၊ ဒါပေမယ့် ရုတ်တရက် သေဆုံးကြရတော့ ဘာမှ မကာကွယ်နိုင်ခဲ့ဘူး .."

တချို့တလေက သိပြီးသားတွေပေမယ့် ကြီးတော်က ပြောချင်ရာ ထပြော .. စိတ်ကုန်သွားတာနဲ့ အသံပါ တိတ်သွားတတ်တာမို့ ကြားရတိုင်း မသိသေးတာ တစ်ခုခုတော့ ပါလာတတ်ခဲ့သည်။

"ဒါပေမယ့် သမီးဖေဖေက သတိရှိတယ် .. ဒါကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



သမီး ပိုင်ဆိုင်ထိုက်တဲ့ မိဘအမွေအနှစ်ကိုတော့ သူတို့ မထိပါးနိုင်ဘူး လေ ... ဒီ စီးပွားရေးတွေနဲ့ နှစ်စဉ် ဖြစ်ထွန်းတဲ့ အကျိုးအမြတ်တွေကို တောင်မှ သမီးက သေချာ ချက်(ခ်) အောက်(ထ်) လုပ်လိုက်ရင် သူတို့ တော့တော့ ထွက်ကြရမှာ .."

"ဟင်!..."

"ဟုတ်တယ် .. သူတို့လက်ထဲမှာ လက်ဆုပ်လက်ကိုင်ပြစရာ အကျိုးအမြတ် ဘာမှမှ မရှိတာ .. အိမ်ပေါ်က နှင်ထုတ်ပစ်ရုံပဲ လုပ် မလား .. ထောင်ပါ ချပစ်မလား .. သမီး လုပ်ပိုင်ခွင့် ရှိတယ် .."

"မဟုတ်ဘူးလေ ကြီးတော် .. ဒေါ်လေးက ဖေဖေ့ဇနီး .."

"ဒါပေမယ့် သူ့အတွက် ဘာမှ .."

"တော်ပြီလား မမမျိုး .."

ဟင်!...

ဒေါ်မျိုးရီ အသံကြောင့် ဒေါ်မျိုးသီရိ မျက်နှာပျက်သွား၏။ ပြဿနာ ဘယ်လောက်ထိ ကြီးထွားသွားတော့မည်ကို သိထားသဖြင့် ...

"သမီး .. အပြင်ထွက် .."

ဒေါ်မျိုးရီ က အခန်းထဲ လက်ပိုက်ဝင်လာရင်း မဲ့ကာ ...

"ဘာလို့ ထွက်ရမှာလဲ ...၊ ဒီကောင်မလေးရှေ့မှာ ရီ မပြောရဲ ဘူး ထင်လို့လား .."

"နင် ပြောရဲမှန်း သိပါတယ် .. ဒါပေမယ့် မပြေလည်တာတွေ ပြောကြမှာ .. ကလေး မကြားတာ မကောင်းဘူးလား .."

"ဒါ .. ကလေးအရွယ် မဟုတ်ဘူး မမမျိုး .. မမမျိုး က သူ့ကို အဲဒီလို စကားအနုအရှုတွေနဲ့ လက်သပ်မွေးပြီး ယုံကြည်မှုကို ရအောင် ယူနိုင်တယ် ...၊ ပြီးတော့ ရီ့ အကြောင်း မကောင်းတာတွေ သာသာ ထိုးထိုး ပြောပြီး သွေးထိုးတယ် .."





"မဟုတ်ဘူး ရီ .."

"ဟုတ်တယ် ...၊ ဟော့ .. ပြန်ထိုင်စမ်း .."

ထွက်သွားဖို့ ပြင်လိုက်သည့် အဆင်း ကိုယ်လေး တောင့်မတ်သွား၏။ ဒေါ်မျိုးရီ က စိုက်ကြည့်ပြီး ...

"ဟွန်း .. ငါက ဘာကို မပြောရဲရမှာလဲ .. ငါ့ဘဝ .. ငါ့အနာဂတ် အားလုံးကို နင့်အတွက် ထိုးကျွေးထားရတာ ...၊ နင့်အဖေကို ငါ လက် ထပ်ခဲ့တုန်းက ငါက မနူးမနပ်လေးရယ် .. အဲဒီတုန်းက နင့်ကိုလည်း နင့်ကိုလည်း ချစ်နေသေးတယ်လေ .. မမြတ် ဆုံးသွားတော့မှ ငါ့ဘဝ အညွန့်ကျိုးခန်း စတာကိုး .."

ဒေါ်မျိုးသီရိ စိတ်မချမ်းသာစွာ နားထောင်နေရရင်း မျက်လုံး အဝိုင်းသားနှင့် ရှိနေသည့် အဆင်း ကိုပဲ သနားကြင်နာစွာ လှမ်းကြည့် မိသည်။

တကယ်တမ်း အဖြစ်မှန်အတိုင်း ပြောကြရေးဆို ဒေါ်မျိုးရီ ပြော သလို တစ်ဖက်သတ် နစ်နာမှုတွေချည်း စခဲ့ကြတာ မဟုတ်ပေ ...။

ညီအစ်မသုံးယောက်က နယ်မြို့လေးတစ်မြို့မှာ ပြေလည်ရုံ မိသားစု တစ်စုကနေ မြို့တက်ပြီး အဝေးသင်ဖြေရင်း အလုပ်လုပ်ခဲ့ကြတာ ဖြစ် သည်။

ရီ ကတော့ အငယ်ဆုံးမို့ သူမ မပါခဲ့ပါ ...။ သုံးယောက်တည်းမှာ မြတ် နဲ့ ရီ က ချောမောလှပကြသလောက် မျိုး ကတော့ အသားညိုညို ပိန်ပိန်သေးသေးမို့ မလှသည့်စာရင်းဝင် ဖြစ်သည်။

မြတ် က ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ခဲ့ပြီး သူဌေး ဦးရှုပါ နဲ့ မေတ္တာမျှခဲ့သည်။ ဦးရှုပါ က မိဘမဲ့ဖြစ်ကာ ဦးလေးတစ်ယောက် အုပ် ထိန်းမှုနဲ့ နေသော သူဌေးလေး ဖြစ်၏။

မြတ် ရဲ့ဘဝ နေ့ချင်းညချင်း ကောင်းစား ကြီးပွားသွားတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



တျန်ခဲ့သည့် ညီမအငယ်ဆုံးကိုလည်း ခေါ်သည်။ မျိုး ကိုလည်း အလုပ်မလုပ်စေတော့ဘဲ အိမ်မှာပဲ အတူတူ နေကြ၏။

အစ်မအိမ်မှာ လာနေရင်း ရီ က ဆယ်တန်းအောင်သည်။

တက္ကသိုလ်တက်တော့လည်း ညီမကို သူဌေးသမီးလေးလို အလှုံပယ် ထားခဲ့၏။

ဦးဝဏ္ဏ ဆိုသူနဲ့ ငယ်ချစ်ပေါင်းဆိုတာက ဘယ်တုန်းက ချစ်ကြိုက်ခဲ့မှန်း မသိပါ …၊ ဒေါ်မျိုးသီရိ သိနေတာကတော့ သူဌေး ဦးရှုပါ ကို ရီ က ရင်းနှီးလွန်းတာပဲ ဖြစ်၏။

ဦးရှုပါ က ရုပ်ရည်ရှိသည်၊ ချမ်းသာသည်၊ အစ်မဖြစ်သူအပေါ်မှာ သည်းသည်းလှုပ် မြတ်နိုးနေတာ မြင်နေသမျှ ထိုမြတ်နိုးမှုတွေကို သူမ ရယူပိုင်ဆိုင်လိုခြင်းတွေနှင့် တစ္ဆုရူ တဆောင့်ဆောင့် ဖြစ်လာ၏။

နောက်ပိုင်းကျတော့ ရင်းနှီးရာကနေ ရဲတင်းမှုတွေ သိသာလာကာ မြတ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်လာခဲ့ရှာသည်။ ညီမ အငယ်ဆုံးလေးမို့ မဆူရက် မပြောရက် ဖြစ်ခဲ့သမျှ အစ်မကြီးဖြစ်သည့် ဒေါ်မျိုးသီရိ ဆီမှာ ရင်ဖွင့်ခဲ့တာ မျက်ရည်လေး တဝဲဝဲနှင့် …၊

သမီးလေး အဆင်း ကို မွေးပြီး သိပ်မကြာခင်မှာ ဆုံးသွားတော့လည်း ဦးရှုပါ ကို လက်ထပ်လိုနေတာက ရီ ပဲ ဖြစ်သည်။

နောက်ပိုင်းမှာ စိတ်အလိုမကျမှုတွေ ဖြစ်လာခဲ့သမျှကတော့ …

"ငါ့ကို ကလေး မယူရဘူးတဲ့ .. ဟွန်း .."

ဒေါ်မျိုးရီ က သူမ နာကြည်းခဲ့ရသမျှကို အဆင်း မျက်နှာလေးကိုသာ စူးစိုက်ကြည့်ရင်း …

"အဲ့ဒါ နင့်ကြောင့်လေ..၊ နင့်ထက် ပိုချစ်မိမှာ စိုးလို့တဲ့ .. မိတဆိုးလေးမို့ နင့်အပေါ်မှာပဲ မေတ္တာ အကြင်နာတွေ ပုံအောပေးချင်တယ်တဲ့..၊ ဟွန်း .. သူ့ကိုယ်သူ စောစောသေမှာကို ကြိုသိနေတဲ့အတိုင်းပဲ .."





ပြောနေရင်း ဒေါ်မျိုးသီရိ ရဲ့ ဗိုးလ်ချဲရှေ့မှာ ပမာမခန့် မော့မော့ လျှောက်နေရင်း …

"ဘယ်လောက်ထိ ထောင့်စေ့သလဲဆိုရင် ငါ ဘယ်တော့မှ ကလေးမရနိုင်တော့အောင် လုပ်ဖို့ သူ ခိုင်းခဲ့တာ .."

အဲဒါကို လက်မခံခဲ့ရင် မရဘူးလား …၊

ပြောသမျှ ခေါင်းညိတ် နာခံရလောက်အောင် ဒေါ်လေး မကြောက် ဘူးဆိုတာ သူမ သိသည်။

အဆင်း ခေါင်းထဲမှာ အတွေးတွေ ဝင်သွားပေမယ့် တစ်ခွန်း တစ်ပါဒမျှ မမေးရဲပါ ..။

"အဲဒါကြောင့် သူ သေတာနဲ့ ကိုစိုး ကို ငါ တန်းလက်ထပ်တယ်၊ ဘယ်သူ ဘာပြောပြော ဂရုမစိုက်ဘူး .. ကိုစိုး က ငါ့ရဲ့အဆက်ပေါင်းပဲ .. ပြီးတော့ သူက လူပျို .. ကလေးမရနိုင်တဲ့ မိန်းမတစ်ယောက်ကို သူ ချစ်လွန်းလို့ လက်ထပ်ခဲ့တာ …၊ ကိုစိုး နဲ့ ပတ်သက်လာရင် ကိုစိုး ချစ်တဲ့သူမှန်သမျှကို ငါ ချစ်နိုင်တယ် …၊ ငါ့အတွက် သူ ပေးဆပ်သလို သူ့အတွက် ငါ ပေးနိုင်သလောက် ပေးမှာပဲ .. ညည်းအတွက် အတွင်း ပစ္စည်းတွေကို လွှဲခဲ့ပေမယ့် စီးပွားတွေက ငါ့စီးပွား .."

အဆင်း နဲ့ ဒေါ်မျိုးသီရိ မျက်လုံးချင်း ဆုံသွားသည်။ ဒေါ်မျိုးရီ က မဲ့ပြုံးပြုံးရာကနေ ရယ်ချလိုက်ကာ …

"ပြောလိုက်လေ မမမျိုး .. ခုနက ပြောနေတာတွေ ပြောလိုက်စမ်းပါ …၊ ဘယ်စက်တိုင် တက်ရတက်ရ .. ရီ တို့က ရစရာရှိရင် ရအောင် ယူနိုင်တယ် …၊ ဦးရှုပါ ပိုင်သမျှ သူ့ရဲ့ဇနီးက ဘာလို့ ပိုင်ဆိုင်ခွင့် မရှိ ရမှာလဲ .. သူ ဘာတွေ လုပ်ခဲ့လုပ်ခဲ့ ရီ ရအောင် ယူမယ် .. မမမျိုး မနာလိုရင် တားလေ .."

"မတားပါဘူးအေ .. လုပ်ချင်သလို လုပ်ပါ .. ငါ စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာ တစ်ခုပဲ .. သမီး အဆင်း အသက်နှစ်ဆယ်ပြည့်ရင် အမွေလွှဲမှာလေ .. အိမ်ထောင်ရှိနေမှ မဟုတ်ပါဘူး .. သူ့အိမ်ထောင်ဖက်လေးကိုတော့ သူ့စိတ်တိုင်းကျ .."

"မရွေးရဘူး.. ရီ က တစ်ဘဝလုံး ပေးဆပ်ပြီး သူ့အတွက် အညွှန့်ကျိုးခဲ့ရတာ .. ရီ့ အတွက်လည်း သူ ဒီလောက်တော့ ဖြစ်ပေးရမှာပဲ..၊ မောင်ဝင်းထွန်း ကလည်း ရုပ်ဆိုးအကျည်းတန်ကြီး မဟုတ်ပါဘူး .. ဘာတွေ ဒီလောက်တောင် ဖြစ်သွားဖို့ ရှိသလဲ .."

"ညည်းအတွက် ရအောင် ယူမှာတွေက ညည်းအတွက် မဟုတ်ဘဲ သူများ ကောင်းစားဖို့ ဖြစ်နေတာလေ .."

"သူများ မဟုတ်ဘူး မမမျိုး .. ကိုစိုး က ရီ့ အတွက် သာယာမှုပေးနိုင်တဲ့သူ .. သူ့ကြောင့် ရီ့ ဘဝ ခုလို ရုပ်တည် ရှင်သန်နေတာ .. မဟုတ်ရင် စိတ်ခတ်ကျ ပျက်ပြားပြီး ရီ ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေမိမလားပဲ .."

"ရီ ရယ် .. ရူပါ က ညည်းကို မရမက သိမ်းပိုက် ရယူခဲ့တာတော့ မဟုတ်ပါဘူး .."

"ဘယ်လို!... ဘယ်လို .."

"မိန်းကလေးတစ်ယောက်ကို ကြိုးတုပ် ပေါင်းသင်းခဲ့တယ်ဆိုရင်တောင် တစ်နေ့မဟုတ် တစ်နေ့ အဲဒီမိန်းကလေး ရုန်းထွက်သွားမှာပဲ..၊ နင်ကိုယ်တိုင် ရူပါ နဲ့ သင့်တင့်မျှတ .."

"မမမျိုး က ဒါတွေပြောပြပြီး ဒီကောင်မလေး ရီ့ ကို အထင်မြင်သေး အံတုချင်အောင် လုပ်နေတာလား .."

"မဟုတ်ရပါဘူးကွယ် .. ဒါတွေ မပြောချင်လို့တောင် ကလေးကို ထွက်သွားခိုင်းခဲ့တာ ငါပါ .."

"ဒါကြောင့် .. ခု ပြောတယ်ပေါ့ .."





"ခက်ပါလား .."

ဒေါ်မျိုးသီရိ ခေါင်းတခါခါ ဖြစ်သွားခဲ့လျက် ...

"ငါ့ဘက်ကတော့ သူ့စိမ်းလူတွေပဲလေ .. နင်က ခံစားချက်တွေနဲ့ ပုံမိုးနေခဲ့တာဆိုရင်တောင် မောင်ဝင်းထွန်း တို့က စိုးဝဏ္ဏရဲ့ သားသမီးတွေမှ မဟုတ်တာ .."

"တူ တူမ အရင်းတွေလေ .. သူ့တူတွေကို သူ ချစ်တယ် .. ပြီးတော့ သူ့အတွက် ရီ က ရင်သွေးရတနာ မွေးမပေးနိုင်တော့ဘူး .. အဲဒါကြောင့် သူ ချစ်တဲ့လူတွေကို ရီ ချစ်ရမယ် .. သူ့ ပုံပိုးချင်တယ်ဆိုရင် တစ်လောကလုံးကိုပဲ အလုပ်အကျွေး ပြုနေရပါစေ .."

"တစ်ခုတော့ ရှိတယ် ရီ .. အငှားလက်နဲ့ နှိုက်ထုတ်တယ်ဆိုတာ ကလေးမွေးပေးတဲ့ လက်သည်ရဲ့လက်ပဲ ကောင်းတယ် .."

"မမမျိုး ဘာပြောလိုက်တာလဲ .."

"နင် တစ်ခုခု လွဲနေပြီဆိုတာ သိစေချင်တာပါ .. 'အတွင်းထရံ အပြင်ကာ .. အပြင်ထရံ အတွင်းကာ' သဘာဝမကျတာတွေကို ကိုယ့်ဘာသာ အတင်းဖန်တီးရင် .."

"ပြောစမ်းပါ .. ဘာတွေ ဖြစ်သွားနိုင်သလဲဆိုတာ .."

"ဘာမှ မဖြစ်သေးဘူးလေ .. ငါ မပြောနိုင်ပါဘူး မှန်ပါတယ်.. ပြောနိုင်တဲ့အချိန်ရောက်ခဲ့ရင်လည်း ငါ ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး .. ဘာဖြစ်လို့လဲဆိုတော့ နင့်ကို ငါတို့က အငယ်ဆုံးညီမလေးမို့ သိပ်ချစ်ခဲ့ကြတာကိုး .."

"ကျေးဇူးပဲ .."

ဒေါ်မျိုးရီ က ခပ်ရိုင်းရိုင်း မဲ့သည်။

"ချစ်လို့ဖြစ်ဖြစ် .. မုန်းလို့ဖြစ်ဖြစ် ဘယ်ကိစ္စမှာမှ ဘာမှဝင်မပြောနဲ့ ... ကျေးဇူးတင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှဆိုတာတော့ ဖြစ်ချင်မှ ဖြစ်လိမ့်မယ် ရီ .. ဘာဖြစ်လို့လဲ ဆိုတော့ နင့်ကို ချစ်သလို .. မြတ် ရဲ့ သမီးလေးကလည်း ငါချစ်တဲ့ ကလေးလေးပဲ .. နင် ချစ်တဲ့လူတွေကို နင် ပေးဆပ်ချင်သလို ငါ့တူမ အရင်းအတွက် ပြောသင့်တာတချို့ ရှိလာရင်တော့ ပြောမိဦးမှာ ..၊ ပြောပြတာပါ .. တော်ကြာ 'ကျေးဇူးတွေ တင်လိုက်ရတာ' ဆိုပြီး နင် ထပ်ခံစားရမှာစိုးလို့ .."

ဒေါ်မျိုးသီရိ ကိုယ် ပြောချင်တာပြောပြီး ထွက်ခွာလာခဲ့သည်။ ဗိုးလ်ချဲကို ကိုယ့်ဘာသာ တွန်း၍ ကွယ်ရာရောက်မှ မျက်ရည်ကျမိ၏။

ရှိုင်းစိုင်းလိုက်တာ ..၊

ဒီလိုတွေ ပြောရဲနေတာ ထက်မြက်တဲ့ သတ္တိတွေလား ..၊ အစ်မ အကြီးပီပီ အသက်သေဆုံးခဲ့တဲ့အထိ ပြောမထွက် ..၊ မငြူစူရက်ခဲ့သော မြတ် ကို သတိရကာ မျက်ဝန်းတွေကို မှိတ်၍ ဆုတောင်းမိ၏။

နင်ကတော့ သွားပြီ .. ဒါတွေနဲ့ ကျွတ်လွတ်သွားပြီပေါ့ မြတ်ရယ် .. ငါ့မှာသာ ကိုယ့်ဒုက္ခလည်း ကိုယ် မနိုင် ..၊ ကလေးရဲ့ ဒုက္ခကိုလည်း ရှင်းမပေးနိုင် ..၊

ဘုရားတပည့်တော်မ ကိုယ့်ကိုယ်မှာလည်း လောဘ မောဟစိတ်တွေ မဖိစီးပါရစေနဲ့ ..၊ ထိုစိတ်များနဲ့ အမှားတွေ ကျူးလွန်နေသူများနဲ့လည်း ကင်းဝေးရပါစေ ..၊

ဒီဒုက္ခများ အမြန်ဆုံး ငြိမ်းရပါစေ ဘုရား ..၊





အခန်း (၅)

"မောင်းရမယ် သမီး .. သမီး ကားမောင်း တတ်ကို တတ်ရမယ်..၊ ဆရာနဲ့ သင်ထားပြီးနေကာမှ ဘာဖြစ်လို့ ရပ်ပစ်ရမှာလဲ ..၊ ဘာ ပြဿနာတွေရှိရှိ ကြီးတော် ရှင်းပေးမယ် ..၊ ဒါပေမယ့် တစ်ခုတော့ သတိထား .. ကြီးတော်တို့က အတိုက်အခံ လုပ်ကြဖို့ မလွယ်သေးဘူးလေ ..၊ တတ်နိုင်သမျှ မသိစေနဲ့ .."

"ဟိုနေ့ကလို တိုက်မိ ခိုက်မိလာရင်ရော .. အဆင်း က တစ်ယောက်တည်း မောင်းရတာ .."

"စိတ် ငြိမ်ငြိမ်ထား .. မှန်မှန် သွား .. သမီး ခုလောက်ဆို ကဘောက်တိကဘောက်ချာ ခုန်ပေါက်ပြေးနေတဲ့ အဆင့်မျိုးတော့ မဟုတ်တော့ပါဘူး .. မကြောက်နဲ့ .. ရဲရဲ မောင်း .."

ကြီးတော် ပြောတာတွေကို ပြန်တွေးလိုက် .. ကိုယ့်ကိုယ်ကိုသာ ရဲဆေးတင်လိုက်နှင့် မျက်နှာကလည်း လူတတ်ကြီးပုံ ဖြစ်နေပြီလား မသိ ..၊



www.burmeseclassic.com

www.burmeseclassic.com



ကားက အိမ်ရာလမ်းသွယ်တွေဘက်ကို ချိုးကွေ့ဝင်ခဲ့ပြီဖြစ်ကာ လူနှင်းရာ ရွေးလိုက်ကာမှ ဒီလမ်းသွယ်တွေက သူမ ထင်သလောက် ကျယ်ကျယ်ဝန်းဝန်း မရှိဘူး ဖြစ်နေ၏။

ရှင်းတော့ ရှင်းနေပေမယ့် လမ်းဆုံတွေက များကာ ကားနှစ်စီး ရှောင်ပြီဆို အဆင်း ရင်ခုန်သံတွေ တဒိန်းဒိန်း မြည်နေတော့သည်။

ထို့ပြင် ...

"ဒုန်း .. ဂျိုး .."

"အယ်!..."

"ဟား .. ဟား .. ဟား ..."

ကိုယ့်ဘာသာ အကြောက်လွန်ပြီး အတင်းကပ်ဒပေးလိုက်သဖြင့် ဘီးက ပလက်ဖောင်းနဲ့ ပွတ်တိုက်ကာ မြည်သံကြီးက ကြောက်မက်ဖွယ် ...၊

ဟိုဘက်ကားပေါ်က ယောကျ်ားလေးတွေ ခေါင်းတွေ ပြူကြည့်ကာ ဟားတိုက် ရယ်သွားကြ၏။

ကြောက်သည့်စိတ်က ဝင်လာပြီဆို တော်တော်နဲ့ ထိန်းသိမ်းလို့မရ ...။

ဒီလမ်းသွယ်တွေထဲက ပြန်ထွက်ရမည် ...၊ ဘယ်လို ပြန်ထွက်မလဲ ...။

ကိုယ့်စိတ်ကူးနဲ့ကိုယ် ကားကို ညာဘက် လမ်းကွေ့ထဲ ကွေ့ဝင်လိုက်လျှင် ...

"ဟာ!..."

"အမလေး!..."

"ဒုန်း .."

ရိုပ်ခနဲ ကွေ့ဝင်လာသည့် စက်ဘီးတစ်စီးနဲ့ လူနှစ်ယောက် ...၊





ဘုရား!... ဘုရား ...၊

ကားကို စွတ်ရွတ် ဆွဲလှည့်ပစ်လိုက်သဖြင့် ပလက်ဖောင်းနဲ့ ဒုတိယအကြိမ် မိတ်ဆက်သွားပြန်ကာ ...

"ဟော့ .. မင်း ဆင်းခဲ့စမ်း .. ဒီလောက်တောင်း စက်ဘီးတစ်စီးလုံးကို မမြင်ရအောင် .."

"တောင်းပန်ပါတယ် .. အဆင်း တောင်းပန်ပါတယ် .."

ဘောမှန်ကို ထုခွဲချလိုက်တော့မလို ဒေါသတကြီး ခေါ်ထုတ်နေသဖြင့် အဆင်း တွင်တွင် တောင်းပန်ရင်း ကားပေါ်ကနေ ခလုတ်တိုက်မတတ် ဆင်းသည်။

"ဟင်!..."

စက်ဘီးနောက်ဆီးက ကားအောက်မှာ ဝင်နေကာ လူတစ်ယောက်က ခြေထောက်တစ်ဖက်ကို ဖိနှိပ်၍ လူးလိမ့် ညည်းညူနေတာ အသံပင် မထွက်နိုင် ...၊

"တွေ့လား .. ခြေထောက်ကျိုးပြီ ထင်တယ် .. စက်ဘီးကလည်း ရစရာ မရှိတော့ဘူး ...၊ ပြော .. မင်း ဘာလုပ်ပေးမှာလဲ .."

"သူ .. သူ ဘာဖြစ် .."

"ဟိတ်ကောင် .. ငါ .. ငါ မျက်လုံးတွေ ပြာလာပြီ .. ငါ့ခေါင်း.. အား!..."

"ဟာ!... သောရန် .."

လုံးဝ ငြိမ်သက်သွားသူကို တစ်ယောက်က ပြေးပွေ့လိုက်ကာ ခေါင်းကို စမ်းသည့်လက်ကို မျက်နှာရှေ့မှာ ထောင်ကြည့်ပြီး ...

"အမလေး!..."

သွေးတွေကို မြင်လိုက်သည်နှင့် အဆင်း ကိုယ့်မျက်နှာကို[illegible] ဝါးနဲ့ အုပ်ကာ ငုတ်တုတ်လေး ထိုင်ချလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာ .. မင်း လိုက်ခဲ့ .. ဒီလူကို ဆေးရုံပို့မယ် .. သူ ပြန်သတိရလာတဲ့အထိ မင်း ငုတ်တုတ်ထိုင်စောင့်ရမယ် .."

"ဟင်!..."

အဆင်း မျက်လုံးအဝိုင်းသားနှင့် ဖျတ်ခနဲ မော့လာတော့ ထိုသူ ခေါသထွက်သွားသည့်မျက်လုံးက ပိုပြူးလာကာ သတိလစ်နေသူကို လက်ညှိုးထိုးပြ၏။

"ဒီကောင် သေသွားလို့ကတော့ မင်းကို ငွေကုန် ထောင်ကျဖြစ်အောင် လုပ်ပစ်မယ် .. မယုံမရှိနဲ့ .."

"မ .. မလုပ်ပါနဲ့ .. အဆင်း တောင်းပန်ပါတယ် .. အခု .. အခု အဆင်း ဘာလုပ်ရမှာလဲ ဟင် .."

"ဒါကြီးကို ကားပေါ် ဆွဲတင်မယ် ..၊ လာ ဝိုင်းကူ .."

"ဟင်!... ဘယ်လို .."

"ဟ!... ဆေးရုံပို့ရမယ်လေ .. လာ .. လာ မြန်မြန် .. တော်ကြာ လူတွေ ဝိုင်းလာရင် မင်း ဒီနေရာမှာတင် ခေါင်းကွဲသွားလိမ့်မယ် .. ဘယ့်နှယ် .. တစ်ခါမှ ဒီလိုနေရာတွေမှာ ရာဇဝင် မရှိခဲ့ဘူး .."

လူနာကို ချိုင်းကနေ ဆွဲ 'မ' တော့မလို လုပ်နေသဖြင့် အဆင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကာ ...

"အစ်ကို့ .. အစ်ကို့ နေ့ပါဦး .. သူ့ကို အဆင်း ကားပေါ် မတင်ပါနဲ့ .."

"ဘာကွ!..."

"အဆင်း က ကားခိုးမောင်းနေတာ .. အချိန်မီ မပြန်ရင် အိမ်မှာ ပြဿနာ အကြီးအကျယ်တက်မှာ အစ်ကိုရဲ့ .."

"ဩော် .. မင်းက ဒီမှာဖြစ်တဲ့ ပြဿနာကိုတော့ ပြဿနာလို့ မထင်ဘူးပေါ့ ..၊ ရတယ်လေ .. မင်း ပြန်လိုက် .. ဒါပေမယ့် ဝိတက်နဲ့





မင်းရဲ့လိုင်စင် ထားခဲ့ရမယ် .."

"ဗီ .. တက် .."

"ဟုတ်တယ် .."

"လိုင်စင် .. ဟုတ်လား .."

"ဟား!... မင်း ဘယ်လို ဖြစ်နေတာလဲ ..၊ ကားမောင်းနေပြီးတော့ .."

"အဲ့ဒါတွေ အဆင်း မှာ ဘာမှ မရှိဘူး .."

အခြေအနေသည် လိုချင်သည့် အတိုင်းအတာထက် ပို၍ ရှုပ်ထွေးကုန်ကာ ပြူးပြဲ ဟိန်းဟောက်နေရသည့် ရန်သူ ကိုယ်တိုင် ရှူးချင်လာ၏။

ထို့ကြောင့် ဘေးလူတွေ မလာခင် လက်စရှင်းဖို့ တွေးမိကာ...

"ကောင်းပြီ .. လူနာကို ငါ့ဘာသာ ခေါ်သွားမယ် .. သူ သေရင် မင်းတာဝန် နော် .."

"သူက အစ်ကိုနဲ့ ဘာတော်တာလဲ ဟင် .."

"ငါ့သူငယ်ချင်း .. သူက နယ်ကလာတာ ..၊ သူ့အစ်ကိုဝမ်းကွဲတစ်ယောက်က ဗိုလ်မှူးကြီး .."

ဘုရား!... ဘုရား ...၊

"မင်းလိပ်စာ ပေးခဲ့ .. ငါ့ကို လိမ်မယ်တော့ မကြံနဲ့နော် .. ကားနံပါတ် ငါ မှတ်မိတယ် .."

"မလိမ်ရဲပါဘူး အစ်ကိုရယ် .. စိတ်ချပါ ..၊ ဒါပေမယ့် အိမ်ကိုဖုန်း .. ဖုန်းတော့ မဆက်ပါနဲ့ နော် .. အိမ်က လူကြီးတွေက အဆင်းကို ခွင့်လွှတ်မှာ မဟုတ်ဘူး .. သူ့အတွက် ငွေကို အဆင်း လာအပ်ပါ့မယ် .."

"ဒါဆို ပြီးရော .. မင့်ကား ထားပြီးတာနဲ့ ပြန်လှည့်ကိုခဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... ဒီလူနာက ..."

"အပြင်ဆေးခန်းမှာပဲ ဝင်ရှင်းရမှာလေ .. ကားတိုက်မှုဖြစ်ထားတာကို ဆေးရုံကြီး ရောက်သွားရင် မင်းကို ငါက ညှာချင်ပါတယ်ဆိုလည်း မရတော့ဘူး .."

"ဟုတ် .. ဟုတ်ကဲ့ပါ .. ကျေးဇူးတင်ပါတယ် .. သူ့အခြေအနေလည်း အဆင်း လာမှပဲ ပြောပြပါတော့နော် .. ဟို .. ပိုက် .. ပိုက်ဆံဘယ်လောက် ယူခဲ့ရမှာလဲ .."

"လောလောဆယ် ဘာမှန်းညာမှန်း မသိသေးပေမယ့် အပြင်ဆေးခန်းတွေက ပိုက်ဆံ သိပ်ကုန်တာ .. သုံးသိန်း အရင်ယူခဲ့ .. သူ့အသက်အန္တရာယ်ကြောင့် အော်ပရေးရှင်း ဘာညာတွေ ပါလာရင်တော့ မတတ်နိုင်ဘူး .."

သူက ပြောပြီးတာနဲ့ လိပ်စာကတ်ကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ကာ လူနာဆီ ပြန်လှည့်သည်။

"စောရန် .. စောရန် .. မင်း သတိထားဦး ..၊ စောရန် သတိရရဲ့လား .."

"အား!... အင်း .. ဟင်း .. ဟင်း .."

"ခေါင်းမထူနိုင်ရင် ငြိမ်ငြိမ်နေကွာ .. သတိတော့ ထားဦး .. ငါ့ခါးကို နောက်က ဖက်ပြီး ထိန်းလိုက်ခဲ့ .. လမ်းထိပ်ကျမှ တက္ကစီခေါ်ရအောင် .."

"အင်း .. အား!..."

"ဟင်!... သူ သတိမလစ်သေးဘူး .. ဝမ်းသာလိုက်တာ .. ဒါ .. ဒါဆို အဆင်း သွားလို့ ရပြီလား ဟင် .."

"ရပြီ .. မင်း ကတိတည်နော် .. ဆေးခန်းကို လိုက်ချင် လိုက်ခဲ့.. ဒီက ကြွေ့လိုက်ရင် .."





"အို .. မလိုက်ဘူး .. အဲ့ဒါ မဖြစ်လို့ပါ ..၊ အဆင်း ဒီနားမှာပဲ လာပေးမယ် နော် .. သွားမယ် နော် .."

အဆင်း ကားပေါ်ပြေးတက်ကာ ကမန်းကတန်း မောင်းထွက်သွားလျှင် ကားက ဝေါခနဲ ဖြစ်သွားလိုက် .. တုံ့သွားလိုက်နှင့် အကွေ့မှာ ပလက်ဖောင်းနဲ့ ကပ်ငြိသွားလိုက်သေးသည်။

"ဟား .. ဟား .. ဟား .. ရယ်ရတယ် .. တကယ့် ခေါက်လေး.."

"အား!... သေပါပြီ .. မင်းက ရယ်နေတယ် .. ဟုတ်လား .."

"ဘာလဲ .. ဟန်ဆောင်မနေနဲ့တော့ .. ပြေးပြီ .."

"ဟန်ဆောင်တာ မဟုတ်ဘူးကွ .. ဒီမှာ ခြေထောက်က တကယ် ကျိုးပြီ ထင်တယ် .."

"သေပေါ့ .. မင်းဘာသာ အကယ်ဒမီရှောခ် လုပ်ပစ်တာ .. ဒီလောက်တုံးတဲ့ဟာလေးကို အေးဆေး လိမ့်လို့ရတယ် .."

"ငါလည်း ဟန်လုပ် လုပ်တာပဲ .. ကားနဲ့ အရမ်းကပ်သွားတော့ လန့်သွားတာပေါ့ .. ပြီးတော့ ကားဘီးအောက် တကယ်ရောက်တော့ မလို့ သိသိလေး .."

"ဟား .. ဟား .. ဟား ..."

ရန်သူ က မိုက်နိုပ်ရယ်သည်။

စောရန် က စက်ဘီးကို အားပြု၍ သူ့ဘာသာ ကုန်းကွ ထရပ်ပြီးတော့နင်းဖြစ်နေကာ ...

"အခု သုံးသိန်း ပေးမှာ သေချာလား .."

"လုံးဝ သေချာတယ် .. ဒီကောင်မလေး ပြန်လာမှာ .."

လိပ်စာကတ်ကို ပြန်ထုတ်ကြည့်ပြီး ရန်သူ က သဘောကျမဆုံး

"တကယ့် သူဌေးတွေပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး ကြည့်ရတာတော့ မလန်းပါဘူးကွာ .. ဒါပေမယ့် သန့်သန့်ချောချောလေး .."

"ကဲ .. မင်း သွားတော့ .. ငါ ဒီက စောင့်နေလိုက်မယ် .."

"ငါ ဆေးခန်းမှာ တကယ် ဝင်နေဖို့တော့ မလိုပါဘူး နော် .."

"မလိုဘူး .."

"ဘယ်လိုမလဲကွ .. တကယ် ကျိုးတာမှ မဟုတ်တာ .."

သုံးယောက်က ရှေ့တစ်ယောက်က ပါးစပ်တလှုပ်လှုပ်နှင့် နောက်နှစ်ယောက်က လမ်းဘေးက မြက်ပင်ရှည်၏ ရိုးတံမာလေးတွေကို ပန်းလို ဆော့၍ ပါးစပ်မှာ ကိုက်လိုက် .. လက်နဲ့ ပုတ်လိုက် ..၊

"ဟဲ .. ဟဲ .. ဘယ်လိုလဲ .. နှစ်ဖက်စလုံး ကောင်းကျိုးချမ်းသာ ဖြစ်သွားအောင် နည်းနည်းပါးပါး ညှိကြည့်မလား .."

"ဝါသနာမပါဘူး ကိုယ့်လူ .. ကိုယ့်အိမ်ကို အကောင်းတိုင်း ပြန်ချင်တယ်ဆိုရင် အခု ငါ စိတ်မပြောင်းခင် ရှေ့လိုက်တော့ .."

"ဟား .. ဟား .. ဟား ..."

"ရယ်စရာ ပြက်လုံးပဲကွာ .."

"အေးလေ .. ဟိုတစ်ယောက်က ထော့ကျိုး .. မင်းက တစ်ယောက်တည်းနဲ့ ငါတို့ .."

"သိချင်နေတာ ပါးစပ်က ပြောရင် ကြာတာပေါ့ .."

"ခွပ် .."

"အား!..."

"ဘုန်း .."

အလစ်ငိုက်မှာ ထိုးပြီးသား ကန်ပြီးသား ဖြစ်သွားခဲ့ပြီး နောက်ထပ်တစ်ယောက်ဆီကို အိတ်ထဲက စုပ်လုံးနှစ်လုံး,ထုတ်၍ အနီးကပ်ပင့်၍ ...





"ခေါက် .."

"ခွပ် .."

"အား!..."

မျက်နှာကို အုပ်၍ မြေပြင်မှာ လူးလိမ့်သွား၏။

ထိုစဉ် တစ်ဖက်ခြံတံခါးကြီးက ထွက်လာကြသည့် လူသုံးယောက်က ဒီဘက်ကို အာရုံစိုက်လာကြတာ မြင်လိုက်သဖြင့် ...

"ခွပ် .."

"အ!..."

သုံးယောက်စလုံး ထိုဆီကို အာရုံရောက်သွားကြစဉ် တစ်ယောက်၏ မျက်နှာကို လက်သီးဆုပ်နှင့် လက်ပြန်ခေါက် ချပစ်လိုက်ကာ ...

"သိပ်တော့ အားမရလိုက်ဘူး .. ဒါပေမယ့် ဟိုမှာ မင့်ဘိုးအေတွေ လာတော့မယ် .."

အံကြိတ်သံနှင့် ပြောရင်း လမ်းနောက်ပြန် နှစ်လှမ်းလောက် လျှောက်ရင်း ...

"နောက်မှပဲ ဟွန်း .."

သူ့များ မခံချင်အောင် မျက်နှာကို မဲ့ရွဲ့ပစ်၍ ...

"ပလေး အဂဲင်း(န်) .."

ပြန်လစ်ဖို့ အသင့်ဖြစ်နေသည့် စောရန် လက်ထဲက စက်ဘီးကို ဆွဲယူပြီး စောရန် တက်ပြီးတဲ့အထိ စောင့်လိုက်သေးသည်။

ပြီးတော့မှ မျက်နှာမှာ သွေးသံရဲရဲနှင့်လူတွေကို မထိတထိ ပြန်ငဲ့ကြည့်ပြီး ပြောသွားတာ ခပ်ရိရိ ..၊

"မင်းကလည်း .. ဟိုက ပြေးလိုက်လာကြဦးမယ် .. သွားသွားနေသေးတယ် .."

"ပြေးလိုက်လာတော့ ဆီးကန်ထည့်လိုက်မှာပေါ့ .. မကြောက်



www.burmeseclassic.com

www.burmeseclassic.com



လို့ စိန်ခေါ်လာတာ ..”

စောရန် ခြေထောက်နာတာတွေတောင် ဘယ်ရောက်ကုန်မှန်း မသိတော့ပါ ..။

ရန်သူ သည် 'မင်းရန်သူ' ဆိုသည့်အတိုင်း လာစလို့ကတော့ ဘယ်သူ့ကိုမှ မေ့ရွှေပျူငှာတယ်ဆိုတာ မရှိ ..။

သူများကို နောက်က ချောင်းရိုက်တတ်တဲ့ အကျင့်လေး မရှိပေမယ့် အမြဲတမ်း လက်ဦးအောင် ဆော်သည်။ ဝင်သွားပြီဆို လက်သီးချက်တွေက ဆက်တိုက် .. ခြေရော ဒူးရော သူ့လောက် မြန်တာလည်း မရှိ ..။

ထို့ပြင် ကိုယ်ပေါ်မှာ ပါသည့် ပီကေကအစ လက်နက်လုပ်ပြီး ဒုက္ခပေးတတ်တာတွေလည်း သူ တတ်၏။

“မင်းတော့ တစ်နေ့တခြား ရန်သူ တိုးနေပြီ ..”

“တိုးတော့ ဘာဖြစ်လဲ ..၊ လိမ်လည် လှည့်ဖြား ဖြတ်စားလုပ်ပြီဆိုတည်းက ဘယ်သူမှ မချစ်ဘူး ..”

“နေပါဦး .. ဒီကောင်မလေးကို မင်း ဘယ်တုန်းက သိခဲ့တာလဲ ..”

“ဘယ်တုန်းကဖြစ်ဖြစ် မစပ်စုစမ်းပါနဲ့ .. မင်း ခြေထောက်နာတဲ့ အတွက် ငါ့အကြွေးတွေ အားလုံးကို လျှော်ပေးလိုက်မယ် ..”

“အံမာ .. အခန့်မသင့်ရင် သေနိုင်တယ် .. မင်းကောင်မလေးက မမောင်းတတ်ဘဲနဲ့ မထိန်းနိုင် မသိမ်းနိုင်ဖြစ်နေတာ ..၊ မင်း အဲလောက်တော့ မရက်စက်နဲ့ ရန်သူ .. ငါ့ကို နည်းနည်းတော့ ကျေးမွေးဖို့ စဉ်းစား ..”

“ဟား .. ဟား .. ဟား ...”

စက်ဘီးနင်းနေရင်း ရန်သူ က ရယ်သည်။





ပြီးတော့ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ရပ်လိုက်ပြီး ...

“တကျိုကျို .. တချပ်ချပ်နဲ့ မင်း လှည်းကြမ်းကြီးနဲ့ ဒီမှာ နေခဲ့တော့ .. ငါ ပြန်စောင့်လိုက်ဦးမယ် ..”

“ဟိုကောင်တွေနဲ့ ပြန်တွေ့နေဦးမယ် ..”

“ဒီကောင်တွေရော မပြေးဘဲ နေမှာမို့လို့လား .. အပိုတွေ ပြောမနေနဲ့ .. ချောင်ကျကျစားပွဲမှာ သွားထိုင် .. လမ်းဘက်က လှမ်းမြင်ရတဲ့ နေရာ မဖြစ်စေနဲ့ ..”

“နေဦး .. ငါ့မှာ ဘာမှ မပါဘူးနော် ရန်သူ ..”

“စားချင်တာ မှာစားထား .. လက်ဖက်ရည်ဖိုးလောက်ကတော့ ဒီညအဖို့ သထာပါတယ် ..”

ကျေးဇူးကြီးပါပေ့ သခင်ရယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဘယ်လို!... ကိုယ်တစ်ပိုင်း သေသွားတယ် .. ဟုတ်လား ..၊ သတိတွေလည်း မကောင်းတော့ဘူးဆိုတော့ ခေါင်းကိုပါ ထိသွားလို့လား .."

"ဟုတ်တယ် ကြီးတော် .."

"ဟဲ့ .. အဲဒါကို သမီးကိုယ်တိုင် မြင်ခဲ့လို့လား .."

"မြင်ခဲ့တယ် .. အိမ်ကို ပြန်ရောက်သွားပြီ .. လူက ပြူးတီပြူးကြောင်နဲ့ .. ငုတ်တုတ်ကြီး ထိုင်ပြီး အဆင်း ကို ကြည့်နေတာ .."

"ဘုရား!... ဘုရား .. အိမ်ကို လိုက်ကြည့်ရသလား အဆင်းရယ် .. တစ်ယောက်တည်း မလည်မဝယ်နဲ့ .."

ဒေါ်မျိုးသီရိ ရင်ဘတ်ဖိရင်း ဘုရား တနေမိသည်။

"ဆေးရုံကို အဆင်း မှ မလိုက်ရဲတာ ..၊ သူတို့ကလည်း အဆင်းက ညစ်သွားရင် ဆေးရုံစရိတ် မတတ်နိုင်လို့တဲ့ .. ဒေါ်ကာ စစ်ဆေးဆေးထိုးပြီးတာနဲ့ တန်းဆင်းသွားကြတာလေ ..၊ အဲဒီတော့ အိမ်ထိ လိုက်ကြည့်ရတာပေါ့ .."





"ဩော် .. ကိုယ့်ကြောင့်ဖြစ်တဲ့ဥစ္စာ ညစ်စရာလားအေ .."

"သူတို့ကမှ မယုံတာ .."

"အခု သုံးသိန်းအပြင် ဘယ်လောက် ထပ်ပေးရဦးမှာတဲ့လဲ .."

အဆင်း ဘေးဘီကို ကြည့်၍ ခေါင်းလေးကုတ်နေသည်။ ပြီးတော့ မျက်နှာလေး ရှုံ့တွတွနှင့် ...

"သူ့မိန်းမနဲ့ ကလေးငါးယောက်က သူ့ယောကျ်ား အလုပ်နဲ့ အကိုင်နဲ့ ဖြစ်ပြီဆိုပြီး မနက်ဖြန်ဆိုရင်ပဲ လိုက်လာကြတော့မှာတဲ့ ..၊ အဲ့ဒါ ဒီလူက အခု ဒုက္ခိတဖြစ်သွားပြီ ဆိုတော့ .."

"နေပါဦး .. ဒီလူက ဘာအလုပ် လုပ်တာမို့လို့လဲ .."

"ကျပန်းလုပ်တာတဲ့ .. ပန်းရန်ရော .. ခွက်ဆုတ် ပလုံးဆုတ် အလဲသည် လုပ်တာတွေရော .. အရမ်း ကြိုးစားတာတဲ့ .. သူ့ဝင်ငွေက တစ်နေ့ တစ်နေ့ နှစ်သောင်းနီးပါး ရှိတယ်တဲ့ .. သူ့မိသားစုကို ခေါ်ဖို့ ကြိုးစားတာတဲ့ .."

"ဩော် .. သနားစရာပဲ ..၊ ဟုတ်မှာ .. အဲဒီလို အလုပ်ကြမ်းသမားတွေက လခစားတွေထက် ဝင်ငွေ ပိုကောင်းတယ် .. ဒါနဲ့ ပြောပါဦး.. သမီးကို ငွေရေးကြေးရေး ဘာပြောလဲ .."

"အဲဒီလူရဲ့ သူငယ်ချင်းဆိုတာ ဒေါသအရမ်းကြီးတာပဲ ကြီးတော်ရယ် .. သူက ဒီလူ ပြန်မကောင်းမချင်း ကုပေးရမယ့်အပြင် သူ နေ့စဉ် ဝင်ငွေ ရနေတဲ့အတိုင်း ပြန်မကောင်းမချင်း ထောက်ပံ့ရမယ်တဲ့..၊ ဒီလို မလုပ်ပေးရင် တရားစွဲမယ်တဲ့ .."

"အို .. အဲဒီလောက် ဖြစ်စရာ မလိုပါဘူး .. သမီး မကြောက်နဲ့..၊ ငါတို့မ ဘာမှမဖြစ်ရဘူး .. နေ့စဉ်လည်း ထောက်ပံ့နေဖို့ မလိုပါဘူးတွယ် .. ရောဂါကုဖို့ သမားတော်နဲ့ အပ်ပေးလိုက် .. ထောက်ပံ့ကြေးတော့ကို တစ်ပတ်တစ်ခါ ပို့ပေးလိုက်ရင် ပြီးတာပဲ .. ကြီးတော်က သမီး



www.burmeseclassic.com

www.burmeseclassic.com



လူလိမ်ခံရမှာပဲ စိုးတာ .. ပြီးတော့ လူကို မတော်မတရား ပြုခံမှာရောပဲ.. ခုတ သမီး သေချာမြင်ခဲ့တာပဲ ..၊ ကိုယ့်ကြောင့်ဖြစ်တာ .. သူတို့ တောင်းဆိုစရာတောင် မလိုဘူး .. အမှုအခင်းမလုပ်ဘဲ ကျေအေးမယ်ဆို အားလုံး ပြည့်စုံအောင် စီစဉ်ပေးမယ်လို့ ..''

ဒေါ်မျိုးသီရိ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် ကိုယ့်ဘဝကိုပဲ အားမလိုအားမရ ဖြစ်နေမိသည်။ တူမလေး လူတန်းဆင့်မမီမှာစိုးလို့သာ ကားမောင်းရမယ် .. ဘာတတ်ထားရမယ် .. ညာတတ်ထားရမယ် စေတနာတွေ ပိုနေမိသည်။

ထွက်သွားပြီဆိုရင်လည်း အိမ်ထဲမှာ ဘယ်လိုမှ စိတ်မချနိုင် ..၊

''သမီးရယ် .. ကြီးတော်မှာက သွေးတိုးရောဂါကြီးနဲ့ ဆီးချိုကလည်း ရှိသေးတယ် .. ကြီးတော် သက်ဆိုးရှည်မှာ မဟုတ်ဘူး ..''

''ဘာတွေ ပြောနေတာလဲ .. ကြီးတော်ကလည်း ..''

သူမ စကားစလိုက်တာနဲ့ အဆင်း မျက်ရည်ဝဲပါပြီ ..။ ဒေါ်မျိုးသီရိ သက်ပြင်းချရင်း လက်မောင်းတွေကို နှိပ်ပေးနေသည့် အဆင်းရဲ့ လက်ခုံလေးကို ဆုပ်ကိုင်ထားလိုက်ကာ ...

''အဲဒီလို အသည်းငယ်တတ်တာတွေကြောင့် ကြီးတော့် စိတ်မချတာ ..၊ အခု သမီးရဲ့မေမေကိုယ်တိုင် ယုံကြည်စွာ အပ်နှံခဲ့တဲ့ ရတနာပစ္စည်းလေးတချို့ ရှိနေလို့ ရီ ကလည်း ဒါကို သိလို့ လေးစားမပျက်ရှိနေသေးတာ .. သမီးအတွက် ခုလိုကိစ္စတွေမှာ ဖြေရှင်းပေးနေရင် ကြီးတော်မှာ ဒါတွေ ကုန်သွားရင် ..''

''အဲ့ဒါကြောင့် သမီး ကားမမောင်းတော့ဘူး ..၊ သင်တန်းတွေလည်း ..''

''တတ်ရမယ် သမီး .. တတ်သင့်တဲ့ပညာဆိုတာ တတ်ကို တတ်ရမယ် .. ပညာသင်နေရင်း အသိအမြင် ကျယ်လာမယ် ..၊ လူတွေနဲ့





ပေါင်းသင်းဆက်ဆံမှုတွေ ကိုယ်တိုင် ရင်ဆိုင်လာရမယ် .. သမီးရဲ့ တစ်ဘဝလုံး ဒီတိုက်ကြီးထဲမှာပဲ ကြောက်ကြောက်လန့်လန့်နဲ့ ပြီးသွားချင်လို့လား ..''

''အဆင်း မှာလည်း ကြီးတော်တစ်ယောက်ပဲ အားကိုးရာ ရှိတာ.. အဆင်း ဘာလုပ်ရမှာလဲ ဟင် ..''

''သမီး ကိုယ့်စိတ်ကို မာကျောအောင် ကြိုးစားရမယ် .. အတတ်ပညာတွေ .. အတွေ့အကြုံနဲ့ အသိပညာတွေကို ကြီးတော် အသက်ရှိနေတုန်း ကြီးတော်မှာ ရှိထားတာလေးတွေ မကုန်ခင်မှာ သမီး လေ့လာလိုက်စားနိုင်ရမယ် .. လူတွေဟာ သိပ်ကို ကြောက်စရာကောင်းတယ် သမီး .. ခုနေ သမီး ဒီလိုပုံစံနဲ့သာ ကြီးတော် သေသွားခဲ့ရင် သမီးဘဝသွားပြီ ..''

အဆင်း မျက်ရည်တွေ ပြည့်လျှံလာပေမယ့် မျက်တောင် မခတ်မိအောင် ကြိုးစားရင်း မျက်နှာမော့ထားမိ၏။

''ဟုတ်တယ် .. နေရာတကာ ဝမ်းနည်း ငိုကြွေးချင်လာတဲ့စိတ်ကို ဖျောက်ရမယ် .. သမီးရဲ့စိတ်ဓာတ် မပြောင်းလဲနိုင်ဘူးဆိုရင်တော့ ကိုယ်ပိုင်ဆိုင်သင့်တဲ့ အရာအားလုံးကို ဆုံးရှုံးရမယ့်အပြင် သမီးကိုယ်တိုင် ဘဝပျက်ကိန်း ဆိုက်တော့မှာ ..''

ဒေါ်မျိုးသီရိ အားလုံးကို တွက်မိနေသည်။ ဝင်းထွန်း နဲ့ အဆင်းကို လက်ထပ်ပေးနိုင်ခဲ့ရင်လည်း အားလုံးဟာ သူတို့ရဖို့ချည်းပဲဖြစ်ကာလိုတာရပြီးရင် အဆင်း ကိုတော့ ဘယ်လိုနေရာမှာ ထားကြမလဲ ..၊

ဒီလိုတွေ ဖြစ်လာဖို့ သေချာနေသည့်အချက်က ဝင်းထွန်း ဟာ လူကောင်းတစ်ယောက် မဟုတ်ပေမယ့် နဂိုတည်းက ပွေရှုပ်နေတဲ့လူဟာ စည်းစိမ်ဥစ္စာများစွာကို သုံးဖြုန်းခွင့်ရပြီဆိုတာနဲ့ ဘာတွေ ဖြစ်လာမလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဝင်းထွန်း ကို လုံးဝ လက်မထပ်ရဘူး .."

စိတ်ကူးတွေ ဖြစ်နေတဲ့အတိုင်း ရုတ်တရက် ခိုင်မာစွာ ပြောမိ၏။

"သူများပစ္စည်းကို မတော်လောဘနဲ့ လိုချင်နေတဲ့သူတွေ .. ဘာတစ်ခုမှ မရစေနဲ့ သမီး .. မတော်လို့များ ခုချိန်မျိုးမှာ ကြီးတော် တစ်စုံတစ်ခု ဖြစ်သွားခဲ့ရင်လည်း သမီး ဝင်းထွန်း ကို မယူရဘူး ..၊ ရှောင်နိုင်အောင် ရှောင် .. ဖိအား အရမ်းပေးလာရင် နောက်ဆုံး သမီး စွန့်စားသင့်ရင် စွန့်စားရမယ် .. သမီး ရသင့်တဲ့အမွေက သမီးကိုယ်တိုင် လက်ခံမှ ရမှာ .. ပေးရမယ့်အချိန်တန်ရင် ပေးလာမှာပဲ .. ဒါကို ပူစရာမလိုဘူး .."

"ကြီးတော်ရယ် .. အဆင်း ဒေါ်လေးကို ကြောက်တယ် .. ဦးလေးစိုး ကိုလည်း ကြောက်တာပဲ .. ဒီစိတ်ကို ပျောက်ဖျက်ဖို့ လွယ်ပါ့မလားဟင် .. အဆင်း လူဖြစ်လာတာကိုက ဘယ်လိုအမိပွာယ်မျိုးနဲ့လဲ .."

"တကယ့်အခက်အခဲ သမီး မကြုံသေးလို့ပါ .. 'အသက်ကို ဉာဏ်စောင့်တယ်' .. 'ဥစ္စာကို ကံစောင့်တယ်'တဲ့ ..၊ ပစ္စည်းဥစ္စာဆိုတာ 'ရသူစံ'ရတာ မဟုတ်ဘူး .. 'ထိုက်သူမှ စံ'ရတာ ..၊ သမီးအတွက် ထားရစ်ခဲ့ကြပေမယ့် သမီး စံစားထိုက်မှ စံစားရမှာဖြစ်သလို သူတို့ ဘယ်လို အာဏာပါဝါတွေနဲ့ပဲ ရယူနိုင်ပါစေ စားထိုက်မှ စားရမှာ .. ကိုယ် မတတ်နိုင်တော့အခါ ကံ ကံ၏အကျိုးကို ယုံကြည်လိုက်ပါကွယ်.."





အခန်း (၇)

"အေးပါ .. တန့်ထိုက်လို့ စားရတာပါ .. ငါလည်း စားထိုက်တယ်လေကွာ .. မင်းကလည်း မင်းချည်းပဲ .."

"ဘာလဲ .. မင်းရဲ့ အံကယ်ဒမီရှော့ခ်အတွက်လား .. လုပ်မနေနဲ့ စောရန် .. အိုင်တီခေတ်မှာ အိုင်ဒီ(ယ)ပဲ အဓိက ..၊ မင်း ဘာလုပ်တတ်နေနေ ဒါ မကောင်းဘူး .. နားတော့ပဲ .."

နားထင်ကို ထောက်၍ လက်ခါပြကာ ပိုက်ဆံတွေကို ရေတွက်ရင်း ...

"ရော့ .. ဟိုဆရာဝန်စုတ်ကိုလည်း ပေးရဦးမှာ .. ဂျူတီကုတ်ဝတ်ပြီး ဆေးရုံရှေ့မှာ နှစ်ခေါက်လောက် လျှောက်ပြရတာနဲ့ .."

"အဲဒါပဲလေ .. မင်း သူ့ကျတော့ ရက်ရက်ရောရော .."

"မပေးမဖြစ်တာကို ပေးရမှာပေါ့ကွ .. ဘာမှမဟုတ်တဲ့လူပေမယ့် ဆရာဝန်တု လုပ်ခိုင်းရတာ သူ့မှာ သမားဂုဏ် ရှိတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်မှ မဟုတ်တာ .. ဒါကျတော့ ကြံဖန် ဂုဏ်တင်ပေးနေတယ် .."

တကယ် မကျေနပ်တာလည်း မဟုတ်ဘဲ ရှုံ့မဲ့ ရေရွတ်နေသည့် စောရန် ကို ကြည့်၍ ရန်သူ က ရယ်သည်။

"အေးဆေး နေစမ်းပါကွာ .. မင်း ပွားနေတာနဲ့ အာရုံတွေ လွင့်ကုန်ပြီ .."

"ဘာလဲ .. ပိုက်ဆံကုန်တော့မှာမို့လို့လား .."

"ဟုတ်တယ် .. မင်းမိန်းမနဲ့ ကလေးတွေအဖြစ် ခဏတစ်ဖြုတ်ဆွဲသုံးဖို့က ငွေ လိုသေးတယ် .."

"ရန်သူ .. မင်း အဲဒါတွေ လုပ်နေမယ့်အစား ကောင်မလေးကို.."

"ဘာကွ!..."

"ပြောကြည့်တာပါ .. တစ်ဖွဲ့ချင်း ဖွဲ့စားနေမယ့်အစား ကောင်မလေးက ဝင်းဝင်းစက်စက် ဖြူဖြူစင်စင် သူဌေးသမီးလေး .."

"ဒီမှာ ဟေ့ကောင် .. ရန်သူ ဆိုတဲ့ ငါက ကလိမ်ကကျစ်တွေ ဘာဖြစ်ဖြစ် လုပ်တတ်နေပေမယ့် အဲဒါမျိုး ဖြားယောင်း ဖျက်ဆီးပြီးမှ မှီခိုတာမျိုး ဘယ်တော့မှ မလုပ်ဘူး .."

"သိပ်မှ မထူးတာကွာ .. ခုပဲ ဒူးနန့်စားနေရတာဆိုပြီး မင်းပဲ ပီတိတွေ ဖြာနေတာ .."

"ဒါ .. ငါ့ အိုင်ဒီ(ယ)လေ .. 'အ'တဲ့လူကို 'လည်'တဲ့လူက ဖြတ်စားလုပ်တယ် .. ဘာဖြစ်လဲ .."

"ဒါကျတော့ ကောင်မလေးတစ်ယောက်အပေါ်မှာ မင်း လုပ်နေတာ ကောင်းလား .."

"ကောင်းတယ် .."

ပြောချလိုက်တာ ကျေနပ်အားရစွာ ..၊





"မိန်းမဖြစ်ဖြစ် .. ယောကျ်ားဖြစ်ဖြစ် ဒီအရွယ်ရှိနေကာမှ သူငယ်နပ်စားလေးလို တုံးတိ နုံအနေတာ ကြည့်မရလို့ .."

"ဩော် .. ကြည့်မရတဲ့ ပုဒ်မကိုး .."

"အမှန်ပဲ .. ကားခိုးမောင်းတာ သေးပါမတတ် ကြောက်နေတာတွေကို လမ်းတကာလည်ပြီး ကြော်ငြာနေတာ .. သူ့ကို လိမ်စားနေတဲ့ ငါ့လိုကောင်တွေ ဘယ်နှစ်ယောက်လောက် ရှိနေပြီလဲ မသိဘူး.."

"မင်း တစ်ယောက်ပဲ ရှိမယ် ထင်တာပဲ .."

"ဒါဆို ဂုဏ်ယူစရာပေါ့ .. အဲဒီလိုလူကို ရွေးပြီး ရိုက်စားလုပ်ဖို့ ရွှေဉာဏ်တော် ရှုးရောက်ခဲ့တာ ငါပဲ ရှိတာ ဆိုတော့ .."

ဘယ်လိုပြောလို့မှ ဂရုစိုက် ဒေါပွသွားပုံ မရှိတော့ စောရန် မဲ့သွားသည်။

"ငါက လိမ်ရဲလို့ လိမ်တယ် .. သူက ပေးနိုင်လို့ ပေးတယ် .. အားလုံး အိုခေ .."

"ဟုတ်တယ် .. မင်းပဲ အိုခေ .. ငါကတော့ မခေသေးဘူး .."

"မင်းက လောဘကြီးနေတာကိုးကွ .."

"မကြီးတော့ပါဘူး .. တော်ပါပြီ .. ဒီနေ့ကစပြီး ကျောက်ခဲ နို့မညှစ်တော့ဘူး .."

"ဆေးစား မှန်သွားပြီ .."

"မင်းလည်း ပိုက်ဆံကို ဒီလောက်တောင် ကုတ်စီးကပ်ပြီး ပြူးပြဲဖြစ်နေတာ ..၊ မချမ်းသာသေးတာ အံ့သြစရာပဲနော် .."

"ချမ်းသာအောင် လုပ်နေတာမှ မဟုတ်ဘဲကွ .."

ရန်သူ က ပိုက်ဆံအထပ်ကို စားပွဲပေါ် ပစ်ပေါက်ချလိုက်ပြီး စိတ်မရှည်ဖြစ်လာသံနှင့် အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမရှိတဲ့ကောင် ချက်ချင်း ချမ်းသာချင်ရင် ဓားပြထွက်တိုက်မှပဲ ရမယ် .. ဒါတောင် ထောင်ကျဖို့က ကိုးဆယ်ရာနှုန်း .."

"မင်းဆို ထောင်မကျလောက်ပါဘူးကွာ .. ဒါမှမဟုတ်လည်း ခြေးစားလူမိုက် လုပ် .. ဂိုဏ်းစတားကြီး ဖြစ်သွားရင် .. ပြီးပြီ .."

"ဘာပြီးတာလဲ ..၊ မင်းနှမနဲ့ ညာသွားရောလား .."

"ဟား .. ဟား .. ဟား ..."

မကျေမနပ် ရေရွတ်နေသူက တဟားဟား ထရယ်သဖြင့် ရေသန့်ဘူးနား ရောက်သွားကာမှ ရန်သူ က မှုန်ကုတ်ကုတ်နှင့် ပြန်လှည့်ကြည့်၏။ စောရန် က ရယ်လက်စမျက်နှာနှင့် ...

"ညားစေချင်လိုက်တာကွာ .. ငါ ဟိုတစ်ခေါက် ပြန်ခါနီးတုန်းက စက်ရုံကနေ အလုပ်ဆင်းအပြန် ငါ့ဆီ လက်ဆောင်လာပေးတဲ့ ညီမဝမ်းကွဲလေ .. မင်း သိတယ်မို့လား .."

စောရန် ဘာပြောတော့မှာကို သိကာမှ ရန်သူ က ရေဘူးဘက်ကို မျက်နှာပြန်လှည့်၍ ရေခွက်ကိုင်သည်။

"နွယ်နွယ်ဦး လေကွာ .. မင်းကို မြင်သွားပြီး မင်းအကြောင်းတွေချည်း မေးနေတော့တာ .. ဘယ်လိုလဲ ရန်သူ .. စကားအဖြစ် ပြောတာမဟုတ်ဘူးနော် .. ဟား .. ဟား .. ဟား ...၊ ယောက်ဖတော်ရပြီဆိုရင်တော့ ဒီအိမ်မှာ ရေမီးအစုံနဲ့ အခန့်သား နေခွင့်ရမှ ဖြစ်မှာ .."

"အဲဒီလောက် အခန့်သား နေချင်ရင်လည်း မင်းညီမကို ဇန်းထဲထည့်ပြီး လည်ရောင်းပါလား .. ရေမီးအစုံနဲ့ အိမ်အပါနဲ့ဆို ညီမတစ်ယောက် ရောင်းရန်ရှိသည်လို့ .."

"ဒါကတော့ သူ သဘောတူဦးမှကိုးကွ .. သူက မင်းမှ မင်း .."

"ခွေးသူခိုး .. ဒီလောက် မျက်နှာပြောင်တာ ပိုပြောင်သွားအောင် .. ရော့ .."





"အမလေး .."

"ဟာ!..."

ရေက ဖျန်းခနဲ ပြေးဝင်သွားသည်။

ဒါပေမယ့် စောရန် က ရှောင်လိုက်သဖြင့် တံခါးဝမှာ ပေါ်လာသည့် အဆင်း မျက်နှာလေးနဲ့ ရင်ဘတ် တစ်ပြင်လုံး စိုရွှဲသွားလျက် ...

"ဆောရီး .. ဆောရီး .."

ဘာမှ ပြင်ဆင်ချိန် မရလိုက်သဖြင့် တဟားဟား ရယ်နေသည့် စောရန် ရော .. ရန်သူ ပါ ပျာယာခတ်သွားကြသည်။

သို့သော် နှစ်ယောက်စလုံးက ဖျတ်ခနဲဆို မျက်လုံးချင်း တိုင်ပင်လိုက်ကြကာ မျက်နှာကို ရေစိုသွားသည့် အဆင်း ကတော့ ရုတ်တရက် မျက်လုံးမဖွင့်နိုင်ဘဲ ပွတ်သပ်ခါနေဆဲမို့ ...

"ဆောရီးပါ .. မင်းက ဘာဖြစ်လို့ အသံမပေးဘဲ တက်လာတာလဲ .."

"အဆင်း .."

ပြောမလို့ မျက်နှာမော့လိုက်ပြီးမှ မျက်လုံးတွေ စပ်နေသဖြင့် လက်နဲ့ ပြန်ပြီး ပွတ်သပ်နေရလျက် ...

"စကားပြောသံတွေ ကြားလို့ ဝင်လာခဲ့တာပါ .. ပြီးတော့ .. ဟို .."

မျက်နှာ မမော့သေးဘဲ အပြင်ကို လက်ညှိုးထိုး၍ ...

"ဟိုဘက်ခြံက ခွေးဟောင်နေတာနဲ့ မြန်မြန် ဝင်ခဲ့မိတာ .."

နောင် ဒီလိုမဖြစ်ရအောင် ခွေးမွေးထားဖို့ လိုပြီမှန်း ရန်သူ ထွေး၏။

"လာလေ .. ထိုင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် .."

အဆင်း ဆိုသည့် ကောင်မလေးက ကော်ဖီရောင် ဘောင်းဘီရှည်ဖွာဖွာလေးနှင့် အဝါရောင် ရှပ်လက်ရှည် ရှန်သားလေးကို ဝတ်ထားသည်။

ရွှေအိုရောင် အိန္ဒြေနေသည့် ဆံနွယ်လေးတွေ ပခုံးလောက်နှင့် စောရန် ပြောခဲ့သလို တစ်ကိုယ်လုံး ဝင်းဝင်းစက်စက်လေး ...၊

ဒီကောင်မလေး ကားမမောင်းတတ် .. ဟန်မဆောင်တတ်ဘဲ ကြောက်လည်း ကြောက်တတ်သေးသည်။

ပြီးတော့ ဒီလိုပုံစံလေးနဲ့ မိန်းကလေးကို ဘယ်လိုမိဘကများ တစ်ယောက်တည်း လမ်းပေါ် လိမ့်ခိုင်းနေတာလဲ ...၊

"အဆင်း ပိုက်ဆံ လာပေးတာပါ .."

မျက်လုံးတွေ စပ်နေဆဲပုံနှင့် တိုကော့ကော့ မျက်တောင်ဖျားလေးတွေကို ဖိပိတ်ခတ်နေတာ မပြီးနိုင်သေး ...၊

"ဒီအစ်ကိုက နေကောင်းသွားပြီလား ဟင် .."

"မကောင်းသေးလို့ ထိုင်နေရတာပေါ့ .. ဒီကောင်က နေမကောင်းဖြစ်ရင်တောင် အိပ်ရာထဲ မလဲမချင်း အလုပ်နဲ့ လက်နဲ့ ပြတ်ချင်တာ မဟုတ်ဘူး .. သူ့မိန်းမအတွက် ရေကုန်ရေခန်း ကြိုးစားနေတာ .."

"အဟွတ် .. အဟွတ် .. အဟွတ် ..."

"ကလေးတွေကလည်း များတော့ မလုပ်လို့ မရဘူးလေ .. ငါးယောက်တောင် .."

"အဟွတ် .. အဟွတ် .. အဟွတ် ..."

"အို .. ချောင်းတွေ အရမ်းဆိုးနေတာပဲ .."

"ဟော့ကောင် .. မင်း ပါးစပ်ကြီး ပိတ်မထားနိုင်ရင်လည်း အထဲသွားနေ .."





"နေပါစေ အစ်ကိုကလည်း .. သူက လူမမာပဲဟာ .. အစ်ကို ဖျားများနေလားဟင် .."

"မ ဟုတ်ဘူး .. မဟုတ်ဘူး .. ရတယ် .."

အနားလာပြီး ကိုယ်ပူစမ်းတော့မလို လုပ်နေသဖြင့် စောရန် ပျာပျာသလဲ လက်ကာ၍ ခပ်လျှော့လျှော့ မှီရာကနေ ခြေထောက်၍ မတ်မတ်ပြင်ထိုင်မိတော့မလို ဖြစ်သွားသည်။

"ဟာ!... ဒီကောင်ကတော့ .. လာစမ်းပါကွာ .. မင်း ငုတ်တုတ်ထိုင်ပူနေလည်း မင်း ဖြစ်ချင်တာတွေ ဖြစ်လာမှာ မဟုတ်ဘူး .."

"အယ် .. ဖြည်းဖြည်း .. ဖြည်းဖြည်းလုပ်ပါ .."

ရန်သူ က စောရန် ကို ခြေထောက်ဖို့ မလိုအောင် ဆွဲထူ မ ၍ အခန်းထဲကျမှ လက်သီးနဲ့ ကပ်ကြိမ်း၏။

"ဆိုး .. အဲဒီမှာ ချောင်း .. သေအောင် ဆိုး .."

"ဟီ .. ဟီ .."

ပါးစပ်ပိတ်၍ စောရန် က တဟီဟီ ရယ်၏။ ရန်သူ က ပြန်ထွက်သွားကာ ...

"မင်း ပိုက်ဆံ လာပေးတာမို့လား .. ထားခဲ့လေ .."

"ဟုတ်ကဲ့ပါ .. ဟိုအစ်ကို့ရဲ့ မိသားစု ဒီနေ့ ရောက်မယ်ဆိုတာ.."

"မရောက်သေးလို့ မင်း မမြင်တာပေါ့ .. ဘာလဲ .. ရှာလိုက်သွားပြီး ကြည့်ချင်လို့လား .."

"မဟုတ်ပါဘူး .. ရောက်နေလောက်ပြီ ထင်လို့ပါ ...၊ ဟိုလေ .. ကလေးငါးယောက်ဆိုတော့ အံ့သြနေလို့ .."

"ဘာ!..."

"ဆေးရုံစာအုပ်မှာ အသက် နှစ်ဆယ့်သုံး ဆိုလို့ .."

"အဲဒါ ဘာဖြစ်လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"အဆင်း က ကြီးတော်ကို ပြန်ပြောပြတော့ ဒီအရွယ်လေးနဲ့ ကလေး ငါးယောက်တောင် ဆိုတာ .."

"ဘာလဲ .. မွေးခွင့် မရှိဘူးလား .."

သူ အော်ပစ်လိုက်တော့ အဆင်း တုန်ခနဲ ဖြစ်သွားရှာသည်။

"ကြီးတော်က ပြောလို့ပါ ..၊ ဟို .. အသက်ငယ်ငယ်လေးနဲ့ ကလေးတွေ အများကြီး .."

"ဟုတ်တယ် .. သူ့မိန်းမက ဘာသတ္တဝါသေလို့ ဝင်စားသလဲ မသိဘူး .. နှစ်ခါ မွေးလိုက်တာ ငါးယောက် .."

"ဟင်!..."

"ဒုန်း .."

အာမေဋိတ်သံနှင့် အိမ်ထဲကမြည်သံ နှစ်ရပ် ပြိုင်တူ ထွက်လာ၏။ ရန်သူ က ခပ်တည်တည် ..၊

"အခုလည်း ဗိုက်ကြီးနေပြန်ပြီ .. မိုးပျံပူဖောင်း ကျနေတာပဲ .. ဆရာဝန်တွေက စမ်းသပ်ပြီး ပြောပုံအရတော့ ဘယ်နှစ်မြွှာမှန်း မသိပေမယ့် အမြွှာဖြစ်မှာတော့ သေချာတယ်တဲ့ .."

"ဘုရား!... ဘုရား .."

"ဘာ ဘုရားတတာလဲ ..၊ အဲဒါတွေ မင်းပဲ တာဝန်ယူရတော့မှာတွေ တွေးမိလို့လား .. အဲဒါ လုံးဝ အတိအကျ မှန်တယ် နော်.. ရာဖွေကျွေးမယ့်ယောက်ျားက ဒုက္ခိတ ဖြစ်နေပြီ .. သူ့ကို ဒုက္ခပေးတဲ့ မင်းမှာပဲ တာဝန်ရှိတာ .."

အဆင်း မျက်လုံးလေး ဝိုင်းဝိုင်းလည်နေကာ မျက်တောင်တွေ မရှည်ဘဲနဲ့တောင် ဖြန့်ကပ်နေတာကို ဒီတိုင်း မြင်နေရသည်။

ရန်သူ ရယ်ချင်ပက်ကျိ ဖြစ်လာသဖြင့် မျက်နှာလွှဲနေလိုက်ရကာ...





"မင်း သူ့ကို တွေ့ချင်ရင် ညနေလောက်ကျ တစ်ခေါက် လာခဲ့လေ ..၊ ကားနောက်ကျနေတာ ထင်တယ် .. ဒါမှမဟုတ်ရင် ထိုင်စောင့်လိုက် .. နာရီဝက် တစ်နာရီပေါ့ .."

"ဟင့်အင်း .. အဆင်း မစောင့်တော့ပါဘူး .. ဒေါက်တာဇော်ကို ဆိုတာ ဒီနားမှာ ဆို .."

"ဘာလုပ်မလို့လဲ .."

"လူနာ အခြေအနေလေး မေးကြည့်ချင်လို့ .."

ဖျတ်ခနဲ လှည့်ကြည့်သည့်မျက်နှာက ခပ်ချဉ်ချဉ် မဲ့ပြုံးနှင့် —

"လူနာကို မင်းကိုယ်တိုင် မြင်လိုက်တာတောင် ဘာမေးမှာလဲ— မင်းက ငါတို့ကို မယုံကြည်နိုင် ဖြစ်နေတာလား .."

"အဲ့လို မဟုတ်ပါဘူး .. ဟိုလေ .."

"ဟိုတွေ ဒီတွေ လုပ်မနေနဲ့ .. မယုံကြည်မှုတွေ ဖြစ်နေရင် ငါတို့ သက်ဆိုင်ရာက စကားပြောလို့ ရတယ် .."

"ဟင့်အင်း .. ဟင့်အင်း .."

ခေါင်းတခါခါနှင့် အလန့်တကြား ထရပ်သည်။ ပြီးတော့မှ လွယ်ထားသည့် ကြိုးသိုင်းအိတ်ရှည်လေးကို သတိတရ ဆုပ်ကိုင်ပြီးမှ ပြန်ထိုင်၏။

"မလုပ်ပါနဲ့ .. သက်ဆိုင်ရာကိုတော့ မတိုင်ပါနဲ့ အစ်ကိုရယ် — ယုံပါတယ် .. အဆင်း ကြောက်လို့ မေးတာပါ .."

"ဘာ ကြောက်တာလဲ .."

"သူ ဒီတိုင်းကြီး ဆက်သွားရင် ကလေးလေးတွေကို သနားမိလို့ပါ .. သူတို့အားလုံးအတွက် တွေးမိပြီး ဒဏ်ရာကို ပျောက်စေချင်တာပါ .. အဆင်း မညာပါဘူး .."

မျက်နှာလေးက ဟန်ဆောင်မှု မပါမှန်း သိသာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရုန့်သူ က အထင်မြင်သေးသလို ရှုံ့မဲ့မဲ့ ကြည့်သည်။

ဒီလိုပုံစံမျိုးနဲ့များ တစ်ယောက်တည်း လျှပ်ရှားနေသေးသည်။ တစ်ဖက်လူက စည်းစိမ်ပါ ပြုတ်အောင် အရချိုင်သွားရင် ဘယ်လိုလုပ်မလဲ ..။

ကားခိုးမောင်းသည်ဆိုသော စကားအရ အုပ်ထိန်းသူတွေ ရှိနေကြတာ သေချာသည်။

သူမ ဘာဖြစ်လို့ မလည်မဝယ်နဲ့ သွားလာနေရတာလဲ ..၊

ကောင်းတာပေါ့ .. ဒီလိုလူတွေ ရှိနေလေ ကိုယ့်အတွက် ကောင်းလေ ..၊

ဒါပေမယ့် မင်းရဲ့စည်းစိမ် ပြုတ်အောင်တော့ ငါ မရက်စက်ပါဘူး ..။





## အခန်း (၈)

"စည်းစိမ်ပြုတ်သွားပြီလားလို့တော့ မမေးပါနဲ့ ရီရယ် .. ငါ့လိုလူမှာ ဘယ်တုန်းကများ စည်းစိမ်ဥစ္စာတွေ ရှိခဲ့လို့လဲ .."

"မရှိခဲ့တူးလို့ ထပ်ပြောရင်တော့ မမမျိုး ညာတာပဲ .."

ထမင်းစားနေရင်လည်း အစအဆုံး ကောင်းကောင်း မျိုချရတယ် မရှိပါ ..၊ သူတို့ချင်း တိုင်ပင်နေကြသည့် စီးပွားရေး ကြီးပွားရေးတွေ.. အဆင်း အကြောင်းတွေ ကြားနေရတိုင်း စိတ်မချမ်းသာ ..။

ခုလိုမျိုး ကိုယ့်ကို တိုက်ရိုက်ကြည့်ပြီး ခနဲ့တာ ရွဲ့တာတွေကအစ ရန်စကားတွေ ပါလာတာက အဆုံး ..၊

"မမမျိုး ကို မမြတ် က ယုံကြည်ခဲ့တာပဲ .. ကိုကိုကြီး မဆုံးခင်မှာလည်း မမမျိုး နဲ့ပဲ စားအတူ သွားအတူ တိုင်ပင်ကြ .. ကြိတ်ကြိတ်နဲ့ တပူးတွဲတွဲကြီး .."

"ရီ .."



www.burmeseclassic.com

www.burmeseclassic.com



“မြင်နေတာတွေ ပြောတာပဲ .. ဘာဖြစ်လို့လဲ မမှန်လို့လား .. တကယ့် သူဌေးပဓေးကြီးတွေရဲ့ လူယုံတော်က ငါ့မှာ ခြူးတစ်ပြားမှ ပိုင်ဆိုင်မှု မရှိပါဘူးဆိုတာ လိမ်တာ မဟုတ်ရင် ဘာလဲ ..”

“ခြူးတစ်ပြားမှ မရှိဘူးဆိုတဲ့ စကားတော့ ငါ မပြောမိဘူး ထင်တယ် ရီ .. နင့်လိုလူက ပိုက်ဆံရှိရင် ခဏ လှည့်စမ်းပါဆိုတော့ ငါ့မှာ ရှိတာလောက်ကို ပြောတယ်လို့ မထင်ဘူးလေ ..”

ရီ က ပြုံးမဲ့မဲ့နှင့် ထမင်းစားခြင်းကို လက်စသတ်၏။ ပြီးတော့ ပါးစပ်ထဲမှာ ရှိနေသေးတာကို မဲ့ပြုံးတွေနှင့် အတန်ကြာအောင် ဝါးနေရင်းမှ ...

“ကဲပါ .. ငြင်းမနေတော့ပါဘူး .. မမမျိုး မှာ သုံးဆယ်လောက်တော့ အလွယ်တကူ ရှိမှာပါ ..”

“ဘာ!... ဘယ်လို ..”

“ဘာလဲ မရှိဘူး ပြောမလို့လား ..”

“ရှိစရာလား ရီ ရယ် .. အလွယ်တကူ ပြောလိုက်တာ အံ့သြစရာအကောင်းဆုံးပဲ .. နင်ရော ငါရော မြတ် နဲ့ ညီအစ်မတွေပါ ...၊ အစတည်းက နင့်ကို ညီမအငယ်ဆုံးလေးဆိုပြီး အရေးပေးခဲ့ကြတယ် .. နောက်ကျတော့ ဒီစံအိမ်ကြီးရဲ့ အရှင်သခင်မ ဖြစ်ခဲ့တာလဲ နင်ပဲ .. ငါ့လိုလူက ..”

“မမမျိုး အဲဒီကိစ္စကို ပြန်ပြောချင်တာလား ..”

ရီ က ရေသောက်ပြီးသည့် ဖန်ခွက်ကို ရိုင်းစိုင်းစွာ ဆောင့်ချပစ်သည်။

“အရှင်သခင်မတွေ ဘာတွေ ရီ့ ကို လာမပြောနဲ့ .. ဟောဒီက အိမ်ရှင်မအထာနဲ့ ဆက်ဆံရမယ်ဆိုရင် မမမျိုး ကိုပါ နှင်ချပစ်လို့ရတယ် ..”





ဒေါ်မျိုးရီ ခံစားချက်တွေ ပေါက်ကွဲကုန်သည်။ ဖြစ်ချင်တာက သတို့သမီး ...၊ ဖြစ်ခဲ့တာက တခြား ...။

မယောသီတစ်ပါးရယ်လို့ နေရာထားခဲ့ပေမယ့် ထိုက်သင့်တဲ့ အခွင့်အရေး သူမ ဘာရခဲ့သလဲ ...၊

“ရီ မရိုင်းချင်ဘူး မမမျိုး .. ရှေးဟောင်းနှောင်းဖြစ်တွေ ထည့်ပြောတာကို ဆင်ခြင်စမ်းပါ ..”

အမြဲတမ်း ရိုင်းစိုင်းခဲ့တာပဲမို့လား ...၊

နှုတ်မှ ဖွင့်ဟမပြောသော်လည်း ဒေါ်မျိုးသီရီ မျက်ဝန်းတို့နှင့် တစ်ချက် စိုက်ကြည့်ပြီး မျက်နှာလွှဲမိသည်။

ထမင်းမပြီးသေးဘဲ စားချင်စိတ် မရှိတော့တာနှင့် လက်စသတ်လိုက်ရ၏။

ရီ ပိုက်ဆံ လာချေးတဲ့ အကြိမ်ရေတွေကို တွက်ကြည့်မည်ဆိုလျှင် လက်ချိုးရေလို့တောင် ရပါ့မလား မသိတော့ပါ ...။

ပြီးတော့ တကယ် လိုအပ်တာလည်း မဟုတ် ...၊ ပြန်လည်း မပေးခဲ့ပါ။ ဒေါ်မျိုးရီ ရဲ့ အဓိကလိုရင်းဟာ ငွေ မဟုတ်မှန်း သူမ သိနေသည်။

ကိုယ့်ဆီမှာ ငွေ ဘယ်လောက်ရှိသလဲဆိုတာက နံပါတ်တစ် ...၊ နံပါတ်နှစ်ကတော့ သူမမှာ ငွေ ရှိနေသမျှ အဆင်း ကို ထောက်ပံ့နေမှာပဲဆိုတာ သိနေသောကြောင့် ...၊

“ဘယ်လောက်ပဲရှိရှိ .. အခု ရီ ငွေလိုနေလို့ အားလုံး ခဏပေးထားပါ .. အရင်ဟာတွေပါ ရီ မှတ်ထားတယ် .. မမမျိုး ငွေတွေ မဆုံးစေရဘူး ..”

“သူဌေးကို ငွေချေးတာပဲ မဆုံးမှန်း ငါ သိပါတယ် ရီ ရယ် .. ရှိတာကိုလည်း ပေးပါ့မယ် .. ဒါပေမယ့် အားလုံးတော့ မရဘူး .. ငါ့ကျန်းမာရေးအတွက် ငါ ချင်ခြင်းတပ်တာလေးတွေ ဖြည့်ဆည်းဖို့ရယ်–”



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ဘာကျန်သေးသလဲ .. မမမျိုး ကျန်းမာရေးအတွက် အာရုံကြောအထူးကုနဲ့ သေချာ အပ်ထားပေးတာပဲ .. အိမ်ကို အချိန်မှန် လာကြည့်ပေးနေတာ ဘာလိုသေးလို့လဲ .."

"ငွေကတော့ မလိုအပ်ဘူးဆိုတာ မရှိဘူးပေါ့အေ .. သီလရှင်ဝတ်ပြီး တရားရိပ်ခိုရတဲ့အထိ တုံးလုံးစာကတော့ ထားရတာပဲ .. လှူဒါန်းဖို့ဆိုတာ စုရတာပဲ .."

"ဒါတင် မကသေးဘူး မဟုတ်လား .. မမမျိုး တူမအတွက်ရော မပါဘူးလား .."

"ပါတယ် ..၊ သူ့အတွက် ငါ တာဝန်ယူတယ်ဆိုရင်တောင် နင်တာဝန် အေးလို့ ငါ့ကို ကျေးဇူးတင်ရမှာပါ .."

"သြော် .. သြော် ..."

"ဒါပေမယ့် ငါ အဲ့ဒီလိုသဘောနဲ့ မဟုတ်ပါဘူး .. နေရာတကာ နင့်ကို သူ မပြောရဲတာလေးတွေ ငါ့ကို ပြောဆို တိုင်ပင်အောင် ကလေး အကြိုက် ပေးသင့်တာ ပေး .. ကျွေးသင့်တာ ကျွေးရတယ် .."

"လာပြန်ပြီ .. ကလေးဆိုတာချည်းကို ထည့်မပြောစမ်းပါနဲ့ ..၊ သူ့ကို ဝင်းထွန်း နဲ့ ပေးစားတော့မှာပါလို့ ပြောနေတာ မမမျိုး မကြားလို့လား .."

ကလေးကို အော်ငေါက်တာမျိုး အအော်ခံလိုက်ရသဖြင့် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရင်း ဒေါ်မျိုးသီရိ ဘာမှ ပြန်မပြောနိုင် ..၊

"ရီ က ဒါဆိုရင် မမမျိုး က ဟိုဟာ .. ဒီအိမ်မှာ နှစ်ခြမ်းကွဲပြီး စစ်အေးတိုက်နေကြသလိုပဲ ရှင်းရှင်းပြောရရင် မမမျိုး အဲဒီကောင်မလေးကို ဆရာခေါ်ပြီး ဟိုဟာတွေ သင်ပေး .. ဒီဟာတွေ လုပ်ခိုင်းနဲ့ လုပ်နေတာကိုက အလုပ်မဟုတ်တာ .. တကယ်တမ်း စည်းရုံးကြရမှာ က မမမျိုး နဲ့ ရီ ပါ .."





"နင် ဘယ်လိုပြောလိုက်တာလဲ ရီ .. ကလေးက ငါတို့လက်ပေါ်မှာ ကြီးပြင်းလာခဲ့တဲ့ ကလေးပါတယ် .."

"ကိုယ်မွေးထားတာမှ မဟုတ်ဘဲ .. ရီ ကလေးမွေးခွင့် မရတော့အောင် ပိတ်ဆို့ ဖျက်ဆီးခံရတာလည်း သူ့ကြောင့်ပဲ .. 'ဝမ်းနဲ့မလွယ် သားမမည်'တဲ့ ..၊ ကိုယ်က မွေးထားတာတွေတောင်မှ မိဘအပေါ်မှာ ကောင်းချင်မှ ကောင်းတာ .."

"ကိုယ့်အစ်မအရင်းက မွေးတာပဲ ရီ .. ငါတို့မှာလည်း သားသမီး ရှိကြတာ မဟုတ်ဘဲနဲ့ နင် သူများကိုတောင် စေတနာထားနိုင်သေးရင် ကိုယ့်တူမလေးကို ဘာဖြစ်လို့ .."

"သြော် .. ကဲ .. မှန်းပါတယ်ဆိုမှ .. မချစ်ဘူးလား မေးနေသေးတယ် .. ဘာကြောင့် မှန်းပါတယ်ဆိုတာတောင် ရီ ပြောပြီးပြီ ..၊ မမမျိုး က ကိုယ့်ညီမကိုတော့ နားမလည်နိုင်ဘဲ .. ဘာလဲ .. ဒီကောင်မလေးသာ အမွေဆက်ခံခွင့် ရှိနေတာကို မျှော်လင့်နေတာလား .."

"ကြည့်စမ်း .. ရီ ရယ် .. နင်!..."

"အဲ့ဒါပဲ .. ပြောလိုက်ရင် ရီ က ရှိုင်းလိုက်တာပဲ ..၊ အဲဒီလို မျှော်လင့်နေရင်တော့ မမမျိုး ရဲ့အနာဂတ်က ရင်လေးဖွယ် ရှိနေပြီ .. ဘာဖြစ်လို့လဲ သိလား .."

"မသိဘူး .. သိလည်း မသိချင်ပါဘူး .. တော်ပါတော့ ရီ ရယ်.. ငါ ရင်တွေ တုန်လာပြီ .. တောင်းပန်ပါတယ် .."

ဒေါ်မျိုးသီရိ ရင်ဘတ်ဖိလိုက် .. လက်ကာလိုက်နဲ့ ရှိနေလျက်...

"ငါ့အတွက် အနာဂတ် ကောင်းမကောင်းကိုလည်း ဘာမှ မျှော်လင့်ဖို့ မလိုပါဘူး .. ငါ့ရောဂါတွေနဲ့ ငါ့အသက်ကို လုံးထွေး ပုံချပြီးသား .. အချိန်တိုင်းမှာ ငါ သေသွားနိုင်တယ်ဆိုတာ ငါ့ကိုယ်ငါ နားလည်ဆုံးပဲ .. တစ်ခုပဲ ငါ တောင်းပန်ပါတယ် .. ခုနကလို မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေ ငါ့ကို ထပ်မမေးပါနဲ့ .. အဆင်း ကို ဥပေက္ခာထားဖို့တွေလည်း ဘယ်တော့မှ မပြောပါနဲ့အေ .. ငါ့မျက်လုံးထဲမှာ ကလေးကိုကလေးလိုပဲ မြင်တာ .. ငါ စံစားရသလို သူ စံစားရမယ် .. ငါ ဒုက္ခရောက်နေရင်လည်း မတတ်နိုင်တော့ဘူးဆိုပြီး ဘယ်တော့မှ ဥပေက္ခာမပြုဘူး .."

"ဟွန်း .."

"ငါ့မှာ ကလေးမရှိတော့ မိခင်မေတ္တာ ဘယ်လိုလဲဆိုတာ မသိပါဘူး .. ဒါပေမယ့် ငါ မွေးထားရသလိုပဲ အဆင်း ကို ငါ ချစ်တယ်.."

"ကျယ်ကျယ် ပြောလေ .. သူ ကြားသွားတော့ အမှတ်တွေ တိုးတာပေါ့ .. ရီ ကတော့ ဝင်းထွန်း ကို ပြန်ခေါ်ထားပြီးပြီ .. ဒီရက်ပိုင်းဒါမှမဟုတ် ဒီလပိုင်းထဲမှာ ပြန်ရောက်ရင် ရောက်တာနဲ့ လက်ထပ်စာချုပ် လုပ်နိုင်းထားလိုက်မယ် .."

ဒေါ်မျိုးရီ က ဒေါ်မျိုးသီရိ မျက်နှာပေါ်က ပြောင်းလဲခြင်းတွေကို စိုက်ကြည့်ပြီး နေရာမှ ထရပ်လိုက်ကာ ...

"ဒါမှ ထွက်ပေါက်ရှာနေတဲ့လူကိုရော .. ထွက်ပေါက်ပေးချင်နေတာတွေပါ အားလုံး ကိစ္စတုံးသွားမှာ ..၊ လက်ထပ်စာချုပ် ရှိထားရင်ပြီးပြီ .. သူ့သမီးသာ အမွေဆက်ခံခွင့် ရှိရမယ်ဆိုပြီး ဥစ္စာခြောက်ခဲ့တဲ့လူကြီး တမလွန်ကနေ ဒေါသတွေဖြစ်ပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေပါစေ.. မကျွတ်မလွတ်ဘဲ သရဲတစ္ဆေဘဝနဲ့ နောက်ဘုရား ပွင့်တဲ့အထိ .."

"ဟဲ့ .. ဟဲ့ .. အမလေး ရီ ရယ် .. တော်ပါတော့ .."

"မတော်နိုင်ပါဘူး .. ရီ ခံစားရသလို မခံစားရတိုင်း မမမျိုးသူတော်ကောင်းလေသံနဲ့ ဝင်ဟစ်မနေနဲ့ .. မပေးချင်မှန်း သိလို့ကို ရအောင် ယူမှာ ..၊ သင်းတစ်ယောက်ပဲ ခံစားခွင့်ရှိနေတယ်ဆိုတာကို မရမက ဖျက်ချင်တာ .."





"သူ မခံစားရပေမယ့် နင်လည်း ခံစားရမယ် ထင်သလား ရီ .. ဒီအိမ်မှာ သွေးသားရင်းတာ နင်ရယ် .. ငါရယ် .. အဆင်း ပဲ ရှိတာ.."

"သွေးသားနှိပ်စက်မှု ဖွတ်တက်တာတွေရော မရှိလို့လား .. 'တစိမ်းကောင်းရင် ဆွေမျိုး မမီဘူး' တဲ့ .."

"နင့်နားကလူတွေ အဲဒီလို မဟုတ်ခဲ့ရင်ရော .."

"ဟုတ်ဟုတ်မဟုတ်ဟုတ် မလိုပါဘူး .."

"နင် ဒေါသ မောဟတွေနဲ့ မှိုင်းဝေနေတာ ရီ ..၊ တကယ်က အမွေတွေကို လိုချင်တာ မဟုတ်ဘူး .. အဆင်း ကိုပဲ မခံစားစေချင်တာ .."

"မမမျိုး ခုမှ သဘောပေါက်တာလား .."

"ဟုတ်တယ် .. ပိုသိလာတာ ..၊ ဒါပေမယ့် ယှဉ်နဲ့မယားသာသေတစ်ပန် သက်တစ်ဆုံး အတူတူ ပေါင်းသင်းနေထိုင်သွားကြရမှာဆိုတာကို ငါ နားလည်ပေးနိုင်ပါတယ် ..၊ ဒီပစ္စည်းတွေကို နင့်ယောက်ျားက ပါတဲ့ သားမို့လို့ အဆင်း ထက် သူ့ကို ပိုရစေချင်တယ်ဆိုရင် ဒါ သဘာဝကျသေးတယ် .."

"ခုတော့ မသစ် တို့ သားအမိက ရီ နဲ့ ဘာမှ မဆိုင်ဘဲနဲ့ တလွဲလုပ်နေတယ်ပေါ့ .."

"ဟုတ်တယ် .. ပစ္စည်းဥစ္စာတင်မကဘူး .. အဆင်း ကိုပါ သူ့များလက်ထဲ .."

"ဘယ်ရောက်သွားသွားလေ .. ဒီပစ္စည်းတွေလည်း ဘယ်သူ စားစားပေါ့ .. ဦးရွှေပါ ရဲ့ စိတ်ကူးတွေ အရည်ပျော် ပျောက်ရှကုန်ပြီဆိုရင်ကျေနပ်တယ် .."

တမင် အရွဲ့တိုက် ပြောနေတာကို ဒေါ်မျိုးသီရိ သိသည် ..။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ရှိ စိတ်ကူးတွေထဲမှာ ယောက်မဖြစ်သူဟာ ကိုယ့်လက်အောက်မှာ ရှိနေတာမို့ အရာရာဟာ ကိုယ် စီရင်တဲ့အတိုင်း ဖြစ်လာမှာပဲလို့ အပိုင်တွက်ထားသည်။

ဒေါ်သစ်သစ် က မျက်နှာချိုသလောက် အပြောကလည်း ကောင်းသည်။

သူ့သားသမီးနှစ်ယောက် ပျော်ပါးသုံးဖြုန်းမကုန်အောင် ထုတ်ပေးနေနိုင်သူမို့ 'ဘုရား' ထူးနေတာမျိုး ...၊

ဒီသားအမိတွေသာ ကိုယ်ပိုင်စီးပွားရေးတွေနဲ့ စည်းစိမ်ချမ်းသာတွေကို ပိုင်ဆိုင်သွားခဲ့ကြရင် ဒီလိုနေပါ့မလား ...၊

မိုက်လိုက်တဲ့ ရီ ...၊

ဒေါ်မျိုးသီရိ ရင်ထဲမှာ မချိတင်ကဲ ရေရွတ်မိလျက် ...၊





အခန်း (၉)

"ဘယ်လောက်ရှိပြီလဲဆိုတော့ .. အင်း .. စုစုပေါင်း ဆယ့်ရှစ်သိန်း ရှိနေပြီ .."

"ဘာလို့ တွက်နေတာလဲကွ .. ရလေ ကောင်းလေ မဟုတ်ဘူးလား ...၊ မင်းက စုတတ်တာပဲ .. များများစုမိတော့ လုပ်ငန်းတစ်ခုခု ထူထောင်လို့ ရတာပေါ့ .."

ခပ်တည်တည် ပြောနေပေမယ့် စောရန် က သူ့ကို မကြည့်ဘဲ ခြေထောက်ကုတ်သလိုလို ဘောင်းဘီလိပ်နေသလိုလိုနှင့် ...

ရန်သူ က စီးကရက်ကို အိမ်တိုင်နဲ့ ဖိချေပစ်ရင်း မျက်တောင်ဖျားတွေ စင်း၍ ပြန်ငဲ့ကြည့်သည်။ သို့သော် ...

"စုတတ်ပေမယ့် မရမက စေစုခွဲနေတာတွေကို ရှင်းရ ပြောရတာ စိတ်ကုန်လာပြီ .. လုပ်ငန်းတစ်ခု ထူထောင်ဖို့အထိ ကွဲယူနေရင် ရှောပဲနဲ့ စိတ်ပျက်ရတာ မတန်တော့ဘူး ...၊ ကျောပူပဲ ခံတော့မယ် နားဆူ မခံနိုင်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး .. တကောင်သားရယ် .. ဒါဆို ငါ နားပူနေမိတာ၊ မှန်သွားတာပေါ့ ..၊ မဟုတ်ရင် မင်းရဲ့ ရေရှည်စီမံကိန်းထဲမှာ ငါက၊ ကိုယ်တစ်ပိုင်း မသာဘာဝနဲ့ .."

"မင်း အကြံပေးတာကို ပြောပြတာလေ .."

"ရွှဲ့ပြောတာ .."

"ဟုတ်လား .. တကယ်များ ငါ့ကို ရစေချင်နေတာလားလို့ .."

"ရုပ်ကြီးက .."

စောရန် မဲ့ရွဲ့ မေ့ဗ္ဗာပို့ရင်း ကန်စွန်းဥပြုတ်တစ်တုံးကို ဝါးတံလေးနဲ့ ထိုးယူပြီး ပါးစပ်ထဲ ထည့်သည်။

"အဲ့ဒါတွေ အကုန်စားလိုက် .. ငါ့ဖို့ မချိန်နဲ့ .."

"မင်းဖို့ မဟုတ်လည်း ချန်ရမှာပဲ .. ကန်စွန်းဥပြုတ် စားတိုင်း ငါ ရင်ပြည့်တတ်မှန်းသိလို့ မေ့ဗ္ဗာတွေ ထားနေတာမို့လား .."

"အဟွန်း .."

"ညစာ လွတ်သွားအောင် .."

"ဟုတ်တယ် .."

"သိသားပဲ .. ငါ့လုပ်အားလေး ပါနေလို့ မစားတတ်သာလို့ ကျွေးနေရတာ .."

"သိနေသားနဲ့ မင်းလည်း စားနေတာပဲကွာ .."

"မင်းလောက် ကုပ်စီးကုပ်တာလည်း မင်းပါပဲ .. ယောကျာ်းလေးဖြစ်ပြီး သော်ဒါကဏ္ဍလေး ဘာလေးတောင် မရှိဘူး .."

"ရှိလို့ပဲ မင်း ငါ့အိမ်မှာ နှစ်နဲ့ချီနေပြီ .. မစော်ကားနဲ့ .."

စောရန် ငြိမ်သွားသည်။

"ငါက လူပိုဆိုရင် ကိုယ့်အရိပ်ထွက်နေတာတောင် သိပ်ကြိုက်တာ မဟုတ်ဘူး .."





"မိန်းမရရင်တော့ ပိုချင်သလောက် ပိုပါစေ ဖြစ်လာမှာမို့လား.."

"တူလို့လား .. ဘာလဲ .. မင်းက နေစရာ မရှိတာနဲ့ ငါ့မိန်းမဖြစ်ဖို့ စိတ်ကူးယဉ်နေတာလား .."

"သေနာ .."

ရန်သူ က ပြောရင်း ရယ်ကာ ရှပ်အင်္ကျီတစ်ထည်ကို ယူဝတ်ပြီး ကြယ်သီးမတပ်သေးဘဲ ဒီတိုင်း ထိုင်လိုက်၏။

"ငါ အပြင်သွားမယ် .. ဟိုကောင်မလေး ဒီနေ့ မလာလောက်ပါဘူး .."

ပြောလို့မှ မဆုံးသေး ..၊

"ဝုတ် .. ဝုတ် ..."

"အမလေး!... လုပ်ပါဦး .."

"ဟာ!... ဟိုကောင်မလေး .."

"ခွေးကောင် .. မင်း မထနဲ့လေ .."

ခွေးသံနဲ့ လူသံ ဆူညံသွားလျှင် ရန်သူ အိမ်ပေါ်က ခုန်လွှားဆင်းလိုက်၏။ ဒီကောင်မလေးကြောင့် ခွေးမွေးလိုက်မိတာ .. သူမကြောင့်ပဲ ကိုယ့်အတတ်နဲ့ ကိုယ်စူးရတဲ့ အဖြစ် ..၊

"ဟိတ် .. ရှူး .. တိုးလီ .. တိုးလီ လာစမ်း .."

တိုးလီ ကို ရိပ်ခနဲပဲ မြင်လိုက်ရကာ အဆင်း ခေါင်းရင်းဘက်ကနေ နောက်ဖေးကို ပတ်ပြေးပြီမှန်း သူ သိလိုက်၏။ ခွေးကလည်း တားဆီးမရ ..၊ လူ ဘယ်ရောက်သွားမှန်းလည်း မသိ ..။

ရုတ်တရက် ဆုံးဖြတ်ချက်နှင့် ခြေရင်းဘက်ခြမ်းကနေ သူ ဝတ်လိုက်ကာမှ ...

"အစ်ကို .. ကယ်ပါဦး .. အမလေး!... အား!..."

"တိုးလီ .. ဟိတ်ကောင် .."



www.burmeseclassic.com

www.burmeseclassic.com



"မျှားသလား ရန်သူ .."

"နည်းနည်းတော့ ပေါက်သွားတယ် .. သွေးထွက်နေတော့ နတ်လား .. မနက်ဘူးလား မသိဘူး .."

"သွေး ဒီလောက်ထွက်နေတာ ဒဏ်ရာကြီးလို့ပေါ့ကွ ..၊ မင်းကို ငါ ပြောသားပဲ .. မင့်ကောင်ကြီးက ထွားလွန်းပါတယ်လို့ ..၊ ပြီးတော့ ကိုယ်နဲ့တောင်မှ သိပ်ရင်းနှီးသေးတာ မဟုတ်ဘူး .. ခုတော့ စကားနားမထောင်လို့ ထိပြီ ..၊ ပြန်သာ ပို့လိုက်တော့ .."

ပွစိပွစိ ရေရွတ်နေသည့် စောရန် ကို ရန်သူ က အကြည့်တစ်ချက်နှင့် နှုတ်ပိတ်စေ၏။ စောရန် ရှုံ့မဲ့သွားကာ ပါးစပ်တော့ ပိတ်သွားသေမယ့် ...

"မွေးချင်ဦး အဲ့ဒါ .. ကောင်မလေး စွပ်ခနဲ .. စွပ်ခနဲ အိမ်ထဲဝင်လာတာကို မကြိုက်လို့တဲ့ ..၊ ခုတော့ တစ်လှည့်ပြန်ပြီး ဆေးကုပေးလိုက်ဦးပေါ့ .."

ရင်ထဲမှာပဲ အသံတိတ် မေတ္တာတွေ ပွားနေခဲ့၏။ ရန်သူ က ဒဏ်ရာကို ဆေးထည့်ပေးပြီး သူကိုယ်တိုင် ပတ်တီးစည်းပေးသည်။ ထို့ပြင် ...

"ခွေးက ကာကွယ်ဆေး ထိုးပြီးသားပါ ..၊ သူ့ပိုင်ရှင် ခရီးသွားနေလို့ ဒီမှာ ခဏထားခဲ့တာ .."

မဟုတ်ဘူး .. ညာနေတာ ..၊ အဲဒီခွေးကို သူကိုယ်တိုင် သွားငှားလာတာ ..။

တကယ်ဆို သူ့ခြေသလုံးကို အတစ်လိုက် ပြတ်အောင် ကိုက်ရမှာ ဒီခွေး ..။

စောရန် က စိတ်ထဲကနေ တစ်လုံးချင်း ငြင်းချက်ထုတ်နေ၏။

"မင်း ဆေးထိုးချင်တယ် ဆိုရင်တော့ .."





"ဂါး .."

အဆင်း သူ့ရင်ခွင်ထဲ ထွေးခနဲ ပစ်ဝင်လာ၏။ တိုးလီ က ကပ်လျှက် ပါလာခဲ့ပြီး အဆင်း ကိုယ်ကို ပွေ့လွဲကာ သူ ပိတ်ကန်ပစ်လိုက်မှ သွားအဖြီးသားနှင့် နောက်ပြန်ဆုတ်၏။

"သွားစမ်း .. မင်း ဘာကောင်လဲ ..၊ တားမရ ဆီးမရ .."

"အဆင်း .. အဆင်း ကို ကိုက်လိုက်တယ် .. ခြေထောက်တွေ သွေးတွေ ထွက်နေပြီ ထင်တယ် .."

"ဟင်!..."

အဆင်း ငုံ့မကြည့်ဘဲ သူ့ခါးကို သိမ်းကျုံးဖက်ထားရင်း ဆတ်ဆတ်တုန်နေရှာ၏။ သူ ငုံ့ကြည့်လိုက်တော့ သူမရဲ့ ဆွဲသားစကက် အရှည်လေးအောက်ဖျားမှာ စုတ်ပြဲရာလေးဖြစ်လျက် .. ခြေဖနောင့်ပေါ်မှာ သွေးစီးကြောင်းလေးနှင့် ..၊

"ကျွတ်!..."

တစ်ဖက်သားအတွက် ရင်နင့်အောင် သနားမိခြင်းဟာ ဒါ ပထမဆုံး ..၊

သူ့ကို ဖက်ထားပြီး တစ်ကိုယ်လုံး တုန်နေသည်။ ငိုချလိုက်တာ ကလေးလေး ရှိုက်ငိုနေတဲ့အတိုင်း ..၊

"လက်တွေ လွှတ်ဦး .. မင်း ဒဏ်ရာကို ကြည့်ရအောင် .."

"ဟင့်အင်း .. အဆင်း မကြည့်ရဲဘူး .."

"ငါ ကြည့်မလို့ ပြောနေတာ .. မင်း လက်တွေကို ဖယ် .."

"ဟင့်အင်း .. ခွေးကို အရင် မောင်းထုတ်ပေးပါ .."

ဟင့်အင်းချည်းပဲ ဖြစ်ကာ မလှမ်းမကမ်းမှာ ခွေးရှိနေသေးတာကို သူမက လှည့်မကြည့်ဘဲ သိနေသလိုပင် ..၊

အိမ်ပေါ်ရောက်ဖို့ အဆင့်ထိကို တော်တော် ဆွဲခေါ်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မထိုးတော့ဘူး .. အစ်ကို့ကို အဆင်း ပိုက်ဆံလာဆေးတာပါ .."

မျက်ရည်တွေသုတ်နေရင်း အသံတွေက တုန်နေဆဲနှင့် ပိုက်ဆံတွေ ထုတ်ချပေးကာ ...

"ပြီးတော့လေ .. အဆင်း အိမ်က ထွက်ရတာ သိပ်မလွယ်တော့လို့ .. အခု ပိုက်ဆံ ပို့ယူလာတယ် .. တကယ်လို့ အစ်ကို ပိုက်ဆံလိုချင်ရင် အိမ်ကိုတော့ ဖုန်းမဆက်ပါနဲ့ အစ်ကိုရယ် နော် .."

သူမရဲ့ ခြေဖမိုးလေးပေါ်မှာ အမှတ်တမဲ့ လက်တင်ထားမိရင်း မျက်နှာကို မော့ကြည့်လိုက်မိသည်။ နုထွေးသည့် နှုတ်ခမ်းလွှာလေးတွေက ပို၍ စိုရဲနေကာ မျက်ရည်စိုလူးနေသော မျက်တောင်များလေးတွေက သနားစရာ ..။

"ဟိုလေ.. အခု ခုနစ်သိန်း ယူလာခဲ့တယ် .. အဲ့ဒါဆိုရင် ဆယ့်ငါးရက်လောက်တော့ ရတယ်မို့လား ဟင် .. တကယ်လို့ ပိုကြာရင်လည်း ကြာသွားမှာမို့လို့ တောင်းပန်တာပါ ..၊ အဆင်း တို့မှာလည်း လောလောဆယ် ငွေက ဒါပဲ ရှိသေးလို့ .."

ရန်သူ မော့ကြည့်လိုက်တာနှင့် အဆင်း တောင်းပန်နေတာတွေက မဆုံးတော့ပေ ..။

"တစ်ခုခု ပြောလိုက်လေကွာ .. သူက သိချင်နေတာကို .."

စောရန် မနေနိုင် မထိုင်နိုင် ဝင်ပါမိပြန်သည်။ ရန်သူ က အဆင်းရဲ့ ခြေထောက်နားမှာ ခြေဖျားထောက်ထိုင်နေရင်းကနေ ဆေးဝါးပစ္စည်းလေးတွေ ထည့်သည့် ကော်ဘူးကို စားပွဲပေါ် လှမ်းတင်လိုက်၏။ ပြီးတော့မှ သူမဘေးက ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကာ ...

"မင်းနာမည်က အဆင်း တဲ့လား .."

"အဆင်းရှုပါ .."





"အင်း .."

"အစ်ကို့နာမည်ကရော .. ရန်သူ ဆိုတာ တကယ့်နာမည်လား ဟင် .."

"ဘာ ထင်လို့လဲ .."

ရန်သူ မျက်မှောင်ကုတ်သွားတော့ အဆင်း ကိုယ်လေး မသိမသာ တောင့်သွားသည်။

"မဟုတ်ပါဘူး .. ရန်သူ ဆိုတာကြီးက နာမည်နဲ့ မတူလို့ပါ .. အဲဒီလိုပဲ ခေါ်နေတာကိုလည်း ကြားနေတော့ .."

"မင်းရန်သူ .."

"ရှင်!..."

မျက်ဝန်းလေးတွေ ပြူးခနဲ ဝိုင်းသွားတော့ သူ ပြုံးလိုက်မိကာ...

"မင်းရဲ့ ရန်သူလို့ ပြောတာ မဟုတ်ဘူး .. ငါ့နာမည်ကိုက မင်းရန်သူ .."

အဆင်း ခမျာ 'ဟုတ်လား ..'လို့တောင် မပြောနိုင်ဘဲ နာမည်ကို သံယောင်လိုက် ရွတ်ရင်း မျက်နှာလေးက အီလည်လည်နှင့် ..၊

ဒါကြောင့် ဘယ်အချိန်ဖြစ်ဖြစ် ရန်လိုနေတာလား မသိဘူး.. လို့ တွေးမိသေးသည်။

"လူတစ်ယောက်ရဲ့ဘဝက သူ့နာမည်နဲ့ အများကြီးဆိုင်တယ်.. 'ပညတ်သွားရာ ဓာတ်သက်ပါ' ဆိုတာ ရှိတယ်လေ .. များသောအားဖြင့် မဟုတ်ပေမယ့် နာမည်ရဲ့ သက်ရောက်မှုအတိုင်း ဘဝက စီးမျောသွားတာတွေမှ အများကြီးပဲ .." တဲ့ ..။

ကြီးတော် ပြောတာတွေ သတိရမိသည်။

"မင်း ငါ့နာမည်ကို တော်တော်စိတ်ဝင်စားသွားတယ် ထင်တယ်"

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



တွေးနေတုန်းမို့ အဆင်း လန့်ဖျပ်သွား၏။ ပန်းနုရောင်ဝတ်စုံလေး နှင့် သူမ လန့်လန့်ဖျပ်ဖျပ် ဖြစ်နေသမျှ မျက်နှာလေး တစ်ပြင်လုံးက အရောင်ရင့်နေခဲ့သည်။

ငိုယိုထားကာမှ သူမ ဒီနေ့ ပိုလှနေသလား မသိ ..၊

"အဆင်းရှုပါ .."

"ဟင် .. ရှင် .."

ခဏ ခဏ တွေ့ဖြစ်နေကြပြီး ဒီနေ့မှပဲ နာမည်ခေါ်တာ .. ပြုံးတာ တွေ မြင်နေ ကြားနေရကာ အဆင်း ထူးဆန်းနေခဲ့၏။

"မင်းလည်း ငါတို့ကြောင့် ဒဏ်ရာရသွားပြီဆိုတော့ နောက်နေ့ ကစပြီး ဘာမှ လာပေးစရာ မလိုတော့ဘူး .."

"ဘယ်လို!... အစ်ကို ဘာပြောလိုက်တာလဲ .."

"ငါတို့ ပြဿနာရှိခဲ့တာကို ငါတို့ဘက်က ပြီးလိုက်ပြီလို့ ပြော တာ .."

"ဟင်!... အစ်ကို .. တကယ် ပြောတာလား .."

"ဟုတ်တယ် .. အဲ့ဒါကြောင့် ပြန်တော့ .."

"အစ်ကို .. ဟိုအစ်ကို့ဒဏ်ရာ သက်သာသွားလို့လား ဟင် .. သူ့မိန်းမကရော ..၊ ဟို .. ကလေးတွေ စားဖို့ရော .."

"မင်း ထပ်ပေးချင်လို့လား .."

"ဟင့်အင်း .."

ချက်ချင်း ခေါင်းခါတော့ သူမ ပုံစံလေးကြောင့် ဆောရန် က ရယ်ချင်သည်။ ရန်သူ က မျက်ခုံးတွေ တွန့်ကုတ်နေအောင် စိုက်ကြည့် ရင်း ...

"မင်း နောက်ထပ် ပိုက်ဆံတွေ ထပ်မကုန်ချင်ရင် သိပ်မ'အ'နဲ့.."

"ရှင်!..."





" 'လွယ်ရင် သူကြွယ်တောင် မနေဘူး' ဆိုတဲ့ ဆိုရိုးစကား ရှိတာ ကြားဖူးလား .."

"ဟုတ် .."

"မင်းပုံစံက အရမ်းကို လိမ်ချင်စရာ ဖြစ်နေလို့ .."

အဆင်း တစ်ခုခု မေးတော့မလို နှုတ်ခမ်းလေး ဟလာခဲ့စဉ် –

"ဘာတွေ ဖြစ်ကြတာလဲ .. ခုနက ဆူညံနေတာပဲ .."

ခပ်ဝဝ အမျိုးသမီးတစ်ယောက် အိမ်ပေါ်တက်လာ၏။ သူမက ရန်သူ ရဲ့အဒေါ်ဝမ်းကွဲဖြစ်ကာ ဒီကနေ တစ်အိမ်ကျော်မှာ နေတာ ဖြစ်၏။

သူမလိုပဲ ဒီပတ်ဝန်းကျင်မှာ ရန်သူ ရဲ့ ဆွေမျိုးမကင်းတဲ့ မိသားစု တွေ ရှိကြသည်။ သူမတို့က အကျိုးအကြောင်းရှိတိုင်း ရောက်လာတတ် ကြပေမယ့် ရန်သူ က ဘယ်သူ့ကိုမှ ဂရုမစိုက်သလို လမ်းမှာ တွေ့ရင် တောင် နှုတ်ဆက်ချင်မှ ဆက်သည်။

"အောက်မှာ ခွေးကြီးကလည်း သံကြိုးကြီးနဲ့ ချည်ထားလို့ပါ့ ရော .. မျက်လုံးကြီး တဝင်းဝင်းနဲ့ ..၊ ဘယ်တုန်းက ခွေးမွေးလိုက်တာ လဲ .."

"ဘာဖြစ်လို့လဲ .. အဲဒီကိစ္စက အရေးကြီးလို့လား .."

"အမလေး ဟယ် .."

ဒေါ်တရုတ်မ က ခန္ဓာကိုယ်ဝဝနှင့် အဆင်း ရှေ့ခုံမှာ ထိုင်ချလိုက် ပြီး ကိုင်လာသည့် စာရွက်နှင့် ယပ်ခတ်နေသေးသည်။ ပြီးမှ ...

"ညှော်သည်ကို ခွေးလိုက်တယ်မို့လား .. အဲဒါ ကြားလို့ မေးတာ ပါ..၊ စကားပြောလိုက်တာများ ပုဆိန်နဲ့ ပေါက်တဲ့အတိုင်းပဲ .."

"ပုဆိန်ပေါက်ပြောတာက အန်တီ့ကို ပစ်မမှန်ဘူး .. ခွေးသာ ချည်မထားရင် ခုလောက်ဆို ခွေးကတက်မှာ ကျွမ်းထိုးနေပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"မထိုးဝါဘူး .. ငါ သေချာ ချောင်းကြည့်ပြီးမှ ခွေးချည်ထားမှန်း သိလို့ ဝင်လာတာ ..၊ ကောင်မလေး ခွေးကိုက်ခံလိုက်ရလား .."

"ဟုတ်တယ် .. မုန့်ဖိုးပေးမလို့လား .."

ဒေါ်တရုတ်မ မျက်လုံးတွေက စားပွဲပေါ်က ပိုက်ဆံပုံဆီ ရောက်သွားကာ ...

"ပေးစရာလား .. နင်က သူခွေးပဲဟာ .."

ဒီပိုက်ဆံတွေကို ဘယ်သူက ပေးပြီး ဘယ်သူက ယူမှာလဲ ..၊ ဘယ်လို အပေးအယူမျိုးတွေနဲ့လဲ စသဖြင့်သော စပ်စုခြင်းများနှင့် ဒေါ်တရုတ်မ မျက်လုံး တဝင်းဝင်း ဖြစ်နေကာ ...

"ကဲ .. ကဲ .. ဒီမှာ မီတာစာရွက် .."

ပိုက်ဆံပုံဆီက အာရုံကို မနည်း ဖြတ်တောက်၍ မီတာစာရွက်ကို စားပွဲပေါ်မှာ ချကာ ...

"ငါ စိုက်ပြီး ဆောင်ထားလိုက်တယ် .. နင့်မှာ မီတာ လာဖတ်လည်း လူမရှိ ..၊ စာရွက်ကျလာလည်း မသိ ..၊ ရက်မလွန်ခင် သွားဆောင်ရမှာလည်း သတိမရ ..၊ ငါတို့လိုပဲ မောင်မြင့်သူ ကို လွှဲထားလိုက်ပါလား .. မင်းမင်း ရယ် .. စာရွက်တွေလာရင် သူပဲ သိမ်းထားပေးတယ် .. သွားဆောင်မယ့်နေ့ကျရင် ပိုက်ဆံတွေ လာတောင်းတယ် .. အဲဒီတော့ မမေ့တော့ဘူးပေါ့ .. လက်ဖက်ရည်ဖိုးလေး နစ်ရာတည်း ပေးရတာ .."

"အဲဒီတော့ အခု လက်ဖက်ရည်ဖိုး နှစ်ရာပါ ကျွန်တော်က ထည့်ပေးရမှာလား .."

"ဩော် .. ပေးရမှာပေါ့ .. ငါလည်း သူ့ကိုပဲ ခိုင်းရတာဥစ္စာ ..၊ ရက်လွန်သွားရင် တစ်ထောင်ပေးရမှာလေ .. ပြီးတော့ သတ်မှတ်ရက်ကျော်ရင် မီးတာဘောက်(ဂ်)(စ်) လာဖြုတ်သွားမှာ သိရဲ့လား .."





"အားလုံး ဒါတွေ သိတယ် .. လာ ပြောမနေနဲ့ .."

"အံမယ် .."

"ရော့ .."

စာရွက်ကို ကြည့်ပြီး မီတာခကို ချပေးလိုက်တော့ ဒေါ်တရုတ်မ မျက်လုံးပြူးကာ ...

"နှစ်ရာရော .."

"အကြွေ မရှိဘူး .."

"နှစ်ရာကျမှပဲ မင်းမင်း ရယ် .. ဟိုလကလည်း ငါပဲ စိုက်လိုက်ရတယ် .."

"ပါးစပ်နဲ့ စိုက်တာပဲ အပန်းမကြီးတာကို ညည်းမနေစမ်းပါနဲ့.."

"အံမယ် .. ကြည့်စမ်း .. မောင်မြင့်သူ က ငါ့သမက်ဆိုပေမယ့်.."

"သူ ရသမျှ ငါပဲ သိမ်းတာလို့ ပြော .."

ဒေါ်တရုတ်မ မျက်နှာကြီး စိတ်မရှည်သလို ဖြစ်သွား၏။

"နင်ဟာလေ .. ပိုက်ဆံလေး တစ်မူးတစ်ပဲကိုတောင် ပြူးပြဲတယ်.."

"အန်တီကရော .. တခြားစာရွက်တွေ သိမ်းရင်း ဒီစာရွက်တစ်ရွက် ထည့်ယူရတာ .. ဘာဖြစ်လို့ ပြူးပြဲနေတာလဲ ..၊ ကျွန်တော်က လိုချင်နေမှန်း သိရင် ပေးကို မပေးချင်တာ .."

"ကြည့်စမ်း .. ကြည့်စမ်း .."

သူတို့ဖြစ်နေကြတာကို အဆင်း တအံ့တဩ ကြည့်နေမိကာ ဒေါ်တရုတ်မ ရဲ့ ရန်သူ့ အပေါ် မကျေနပ်ခြင်းတွေက အဆင်း ကို ကြည့်၍ အတင်းတုပ်ခြင်းသို့ ရောက်ရှိခဲ့ပြီ ..။

"အန်တီတို့က သူ့အဒေါ်တွေပါ သမီးရယ် .. သမီးတို့က သူငယ်ချင်းတွေလား .. ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်!... ဟို ..."

အဆင်း ကြောင်တောင်တောင်လေး ဖြစ်သွားကာ ရန်သူ့ ဆီ အကြည့်ရောက်သွားတာနှင့် ဒေါ်တရုတ်မ က ပြန်ဖြေတာကို မစောင့်တော့ဘဲ လက်ခါ မဲ့ရွဲ့လျက် ...

"ငါတို့တွေကတော့ သူ့ကို နှုတ်၏စောင်မခြင်း .. လက်၏ စောင်မခြင်း ဝတ္တရားမပျက်ကြပါဘူးအေ .. သူ့ဘက်ကတော့ တွေ့တယ်မို့လား .. အမြဲတမ်း အဲဒီတိုင်းပဲ .. ဟိုးငယ်ငယ်ကဆို ရေရောင်းတဲ့အိမ်ကလူတွေကို မကျေနပ်တာနဲ့ သူ့တိုင်ကီကို ပန်းနားကနေ အပေါက်ဖောက်ထားတယ် သိလား .."

"ဟင်!..."

ဒါတွေက စောရန် တို့ပါ မသိသေးသည့်ကိစ္စ ..၊ ရန်သူ က ခပ်မဲ့မဲ့ ပြုံး၍ စိုက်ကြည့်နေလေမယ့် စောရန် က နားထောင်ရန် တက်ကြွစွာနှင့် ...

"ဟုတ်လား .. ကိုယ့်တိုင်ကီကို ဖောက်ပြီး ဘာလုပ်လို့ ရလို့လဲ.."

"ရပြီကောကွယ် .. တို့ဘက်တွေက ရေလိုက်ထည့်ရင် ခြံဝိုင်းထဲ သိပ်မဝင်ကြဘူးလေ .. ရေစည်နှုတ်ခမ်းမှာ ပိုက်ခေါက်ချိတ်ပေးထားပြီး ခြံပြင်ကနေ ရေပြည့်မပြည့် ခြေဖျားထောက် လှမ်းကြည့်တာကိုး .."

"သြော် .."

"အဲဒါ သူ့အိမ်ဘက်ကနေ ထွက်ကျနေတာကို အပြင်က ဘယ်မြင်မလဲ ...၊ လှမ်းကြည့်နေရင်း ရေက မပြည့်သေးလို့ စောင့်ရင်းနဲ့ ရေတွေက ပန်းရုံဘက်က မြောင်းမှာ လျှံလံနေတာပေါ့ .."

"ဟား .. ဟား .. ဟား ..."

စောရန် က တဟားဟား ရယ်သည်။ အဆင်း မျက်နှာလေးက လည်း ပြုံးယောင်သမ်းလာခဲ့လျက် ..၊





စောရန် ခြေထောက်တစ်ဖက် အောက်ချလိုက်တာ မြင်သွားမှ...

"ဟင်!... ခြေထောက်က .."

အသံမထွက်ပေမယ့် လက်ညှိုးလေးပါ ထိုးလိုက်သဖြင့် စောရန် သိသွားကာ ...

"အား!..."

မျက်နှာ ရှုံ့မဲ့သွားအောင် အော်သည်။ ပြီးမှ ...

"ကိုယ့်ဒဏ်ရာကို မေ့ပြီး ရယ်မိတာ ..၊ အား!.. နာလိုက်တာ.."

သူ ရှုံ့မဲ့ ညည်းလိုက်တော့လည်း အဆင်း မျက်နှာလေးက သူမ ကိုယ်တိုင် နာကျင်သွားသလို မဲ့နေပြန်၏။

သူတို့ ဖြစ်ပျက်ရှုနေကြတာတွေကို ဒေါ်တရုတ်မ က သတိမထားမိ ..။

"အဲဒီကောင်လေးဟာလေ သူ့စိတ်ထဲမှာ မကြည်လင်တော့ဘူး ဆိုရင် နောက် ဖြစ်ချင်ရာဖြစ် .. တစ်ခုခုတော့ ချက်ချင်း လက်တုံ့ပြန်ရမှ .."

"ဒါဆို .. ရေသည်တွေက တစ်ခုခု မတရားတာတော့ လုပ်ပြီးနေမှာပါ .. ကျွန်တော့်သူငယ်ချင်းက လူဖြောင့် စိတ်တိုရယ် .."

ချီးမွမ်းချင်လို့တော့ မဟုတ်ပေ ..၊ ဘယ်လို ဖြစ်သွားရတာလဲ ဆိုတာ ထပ်သိချင်လို့ ဖြစ်သည်။ ဒေါ်တရုတ်မကလည်း ပြောပြဖို့ အဆင်သင့် ..။

"ဖြောင့်မဖြောင့်တော့ မသိဘူးဟေ့ .. အဲဒီတုန်းက ရေရောင်းတာ ငါတို့အိမ်ပဲလေ .."

"ဟင်!..."

ကြားလိုက်ရမှ အားတုံ့အားနာ ဖြစ်သွားသည်။ စောရန် မျက်နှာ သားရ ခက်နေတော့ ရန်သူ က မဲ့၍ ... ,



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. အခု မိတ်ဆောင်ပေးခ နှစ်ရာ မရတဲ့အတွက် ရှေးယောင်းနှောင်းဖြစ်တွေ တူးဖော်ပြီး ဝိုချင်းချတော့မလို့လား .."

"အေး .. နင် ပြောပုံက ငါ အဲဒီလို ကုပ်စီးကပ်တဲ့လူ ဖြစ်နေလို့.. ဒီကောင်မလေးကို ရှင်းပြတာ .."

"ဒါဆို ရှင်းပြမနေနဲ့ .. သူများကိစ္စတွေ သူက စိတ်မဝင်စားဘူးတဲ့ .."

"ဩော် .."

ခေါ်တရုတ်မ က ခပ်ရွဲ့ရွဲ့ ..။

"အေးပါ.. စိတ်မဝင်စားဘူးဆိုလည်း မပြောတော့ပါဘူး .. နှစ်ရာလည်း မပေးပါနဲ့ .. တော်ကြာ ငါ့အိမ်က မိတ်ဘောက်(ဂ)(စ်)မှာ ပညာတွေ လာပြမှာ စိုးလို့ .."

"ဟင်!... အဲဒီလိုမျိုးတွေလည်း ရှိခဲ့တာပဲလား .."

စောရန် က စကားထောက်သမား ..။

"ရှိတာပေါ့ကွယ် .. ရှိလိုက်တာမှ ဟိုအရင်က အိမ်တိုင်းမှာ မိတ်မရှိဘူးလေ .. မိတ်ဘောက်(ဂ)(စ်)ရှိတဲ့အိမ်ကနေ ဒီလိုပဲ .. လခပေးပြီး ယူသုံးကြရတာ .. အဲဒီတုန်းက သူ အလယ်တန်းကျောင်းသားပဲ ရှိသေးတာနော် .. တွေးကြည့် .. အရမ်းကို လည်တာ .. သူ မတတ်တာ ဘာမှကို မရှိဘူး .."

"ဘာဖြစ်လို့လဲ .."

စောရန် မျက်နှာက အဆင်း ရှေ့မှာ ဒီကောင်တော့ ကွဲပြီဆိုသည့် ပီတိတွေနဲ့ စပ်ဖြဲဖြဲ ..။

"ဘာဖြစ်ရမှာလဲ .. မီးပေးနေတဲ့အိမ်ကလည်း တကယ့် လူခွစာလေ .. မီးဖြတ်ချိန် .. မီးပေးချိန် ဘယ်လိုသုံး .. ဘာညာ အရမ်းတိကျပြီး ကပ်ဖဲ့သပ်တာလည်း အမှန်ပဲ ..။ ဒါပေမယ့် သူက မိတ်ခ သက်သာ





အောင် သား လုပ်ပေးမယ်ဘာညာနဲ့ ကာဘာဆီးလ်တွေကို ဘာသွားလုပ်လိုက်လဲ မသိဘူး .. ပြီးတော့ သူပဲ သွားထောင်ပေးလိုက်တာ .. ဟိုက စစ်ဆေးပြီး တွေ့သွားတော့ .."

"ဟား .. ဟား .. ဟား ..."

"အေးပါ .. ခု ပြောပြတော့ ရယ်စရာပေါ့ .. အဲဒီတုန်းကများ မိတ်ကိစ္စ ပြဿနာတွေတက်ပြီး ပိုင်ရှင်လျှည်း ရှင်းလို့ မပြီးနိုင် ..။ အားလုံးလည်း မှောင်ချနေကြရတာလေ .. အဲဒီလောက် ရှုတ်တာ သိလား .. ငါတို့မှာ ကိုယ့်တူလေးမို့လို့ .."

"အဲဒီပုဂ္ဂိုလ်ကြီးက အန်တီ့ယောက္ခမဆိုတာလည်း ထည့်ပြောပါဦး .. ဒီရပ်ကွက်ထဲမှာ ပွတ်သပ်ချာပြီး စီးပွားရှာနေကြတဲ့ ဘယ်သူ့ကို ကြည့်ကြည့် .. အန်တီတို့အုပ်စုပဲ .."

"ဟဲ့ .. အဲ့ဒါ နင့်ဆွေမျိုးသားချင်းတွေလေ .."

"မသိဘူး .. ကျွန်တော်က တချို့ကိစ္စတွေဆို မေ့နေတတ်တာ.."

"သိတယ် .. မင်းအကြောင်းကို .."

"သိပြီးရင်လည်း နောက်ထပ် ပြောစရာ မကျန်တော့ရင် ပြန်လို့ရပြီ .."

"ပြန်မှာပါ .."

ခပ်ရွဲ့ရွဲ့ပြောပြီး မျက်လုံးက ပိုက်ဆံတွေဆီ ထပ်ရောက်သွားပြန်သည်။

သိချင်နေတာက ဒီငွေတွေ ဘယ်လိုရောက်လာရတဲ့အကြောင်း..။ ပြောနေရတာတွေက ဟိုအကြောင်းရောက်.. ဒီအကြောင်းရောက်..။ မင်းရန်သူ ဆိုတဲ့ သတ္တဝါလေး လူလည်လေးပါ .. ခုလောက်ဆို ငါ ပြန်မထနိုင်သေးတဲ့အကြောင်းကို ရိပ်မိနေမှာ ..။

"ဘာလဲ .. မထသေးတဲ့အကြောင်းက နှစ်ရာ မရသေးလို့တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးထင်တယ် .. ဒါပေမယ့် နေဦး .. ကျွန်တော် အကြွေ ထရှာလိုက်ဦးမယ် ..”

“မဟုတ်ဘူး .. မဟုတ်ဘူး ..”

ဒေါ်တရုတ်မ ပျာပျာသလဲ ဖြစ်သွားကာ လက်ကာ တားလိုက်သဖြင့် လက်မှာ ထပ်ညှပ်နေသော ရွှေလက်ကောက်တွေက တချွင်ချွင်မြည်သွား၏။

ပြီးတော့ ဘယ်လိုမှ မျိုသိပ်မထားနိုင်တော့ဘဲရှိကာ မျက်နှာချိုသွေးသည့်အပြုံးကြီးနှင့် အားလုံးကို ဝေ့ဝဲကြည့်၍ ...

“အခု ဘာကိစ္စတွေ လုပ်နေကြတာလဲလို့ သိချင်နေတာ .. အဲ့ဒါကို မေးရခက်နေလို့ .. တော်ကြာ မင်းမင်း က ..”

“အကောင်းမြင်မှာ မဟုတ်မှန်း သိနေရင်လည်း မမေးဘဲ ပြန်သွားပါလား..၊ အန်တီ သိချင်နေတာ သိသားပဲ.. မပြောချင်လို့ မပြောတာ..”

ကိုယ့်ကိစ္စဖြစ်လာပြီမို့ ပြောပြမလို့ ပါးစပ်ပြင်လိုက်သေးမယ့် ရန်သူ့ စကားကြောင့် အဆင်း ဘာမှမပြောဖြစ်လိုက် ..၊

“ငါကလည်း လူကြီးမို့ သိထားချင်လို့ပါ မင်းမင်း ရယ် .. မင့်မှာ မိဘအုပ်ထိန်းသူ မရှိတော့ဘူးလေ ..”

“အဲ့ဒီတော့ ..”

“မွေးချင်းမောင်နှမဆိုတာလည်း မရှိဘူး .. အရေးအကြောင်းရှိရင် တိုင်ပင်စရာ ..”

“အမိကက ဒီအိမ်ကို ရောင်းမှာလား .. ပေါင်နေတာလား .. ဒါပဲမို့လား ..”

“ဒါပဲပေမယ့် လွန်မှ ကျွံမှ သိရတာမျိုး ဖြစ်မှာစိုးလို့ .. မင်း မကြိုက်မှန်း သိပေမယ့် မေးရတာလေ ..”

“မလွန်ခင် မကျွံခင် သိရတော့ အန်တီတို့ ဘာလုပ်ပေးမှာလဲ..”





ဒါဆို အိမ်ကိစ္စ လုပ်ကြတော့မှာ သေချာပြီပဲ ..၊

ဒေါ်တရုတ်မ မျက်နှာသေါ်မှာ စိုးရိမ်ခြင်းတွေ .. ပျာယာခတ်ခြင်းတွေ .. ခဏအတွင်း ဖြစ်ပေါ်သွားလျက် ...

“ဒီလိုရှိတယ်လေ သားရယ် .. ဒီအိမ်လေးက သားရဲ့မိဘတွေ ခေါင်းချခဲ့တဲ့ အိမ် .. မိဘအမွေဆိုလည်း ဟုတ်တယ် .. ဒါလေးကို လက်လွှတ်စပယ် ..”

“အခု လုပ်ရတော့မှာဆိုတော့ .. အန်တီတို့က ကျွန်တော် လိုအပ်နေတဲ့ငွေကို ထုတ်ချေးထားမှာလား ..”

“ဟင်!...”

“ကျွန်တော်က တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်သမားလေ .. ငွေက အမြဲတမ်း လိုနေတာ .. ခဏ ချေးထားမယ်ဆိုရင်တော့ ကျေးဇူးပဲ..”

“အေးလေ .. အန်တီကလည်း အဲ့ဒါကိုပဲ ပြောချင်တာပါ ..၊ တခြား သူစိမ်းလက်ထဲ ရောက်မယ့်အစား ဒီအိမ်က ကိုယ့်ဆွေမျိုးတွေ လက်ထဲမှာဆိုရင် မင်း နှာချိန်မရွေး ပြန်ယူလို့ ရတယ် .. အရောင်း အဝယ်စာချုပ်တွေဘာတွေ မလုပ်ပါဘူး .. သားကို ငွေချေးထားတဲ့ စာချုပ်လောက်ပဲ ..”

“အိမ်ကို အပေါင်ခံထားချင်တာ ..”

“အေး .. အဲဒီသဘောပဲပေါ့ .. ဒါပေမယ့် ..”

“ဒါပေမယ့် မနေနဲ့ .. အဟွန်း ..”

မဲ့နေရာကနေ ရန်သူ့ က သွားတွေပေါ်အောင် ရယ်သည်။ ဓာရန်လည်း သဘောပေါက်သွားသဖြင့် ရယ်နေပုံက မဲ့တဲ့တဲ့ ဖြစ်နေ၏။

ရန်သူ့ ကို စကားပြောတာ ပြတ်တောက်လွန်းလို့ ဒေါ်ကန်နေတာ တွေ ရှိပေမယ့် ဘယ်တုန်းကမှ ရန်ဖြစ်ခဲ့ အုံ့ဖွဲ့ခဲ့တာမျိုး မရှိ ..။

ဆွေမျိုးတွေအပေါ် အကောင်းမြင်ပါဒနဲ့ မဆက်ဆံခဲ့တာ

www.burmeseclassic.com



ဘာကြောင့်မှန်း ခုလို နားလည်လိုက်တော့ ကိုယ့်သူငယ်ချင်းဘက်က ခံပြင်းစိတ်လေး ဖြစ်လာခဲ့၏။

ရန်သူ ကကျတော့ စိတ်ထဲရှိလာပြီဆို မျှိုသိပ်ထားတတ်တဲ့သူ မဟုတ်..။

"ကျွန်တော်ကလည်း ဆွေမျိုးတွေလက်ထဲ ရောက်သွားမှာစိုးလို့ အပြတ်အသတ် ကာကွယ်လာခဲ့တာ ဒီအိမ်ကို .."

"ဟင်!..."

"ဟုတ်တယ် ..ကျွန်တော် ပြောသားပဲ.. လိုချင်နေတဲ့လူကို မပေးချင်ပါဘူးဆို .."

"ဟဲ့ .. လိုချင်နေတဲ့သူကမှ တန်ရာတန်ကြေး ပေးမှာပေါ့ .."

"တန်ရာတန်ကြေး မပေးချင်တဲ့လူတွေ ရှိလို့ 'ရွှေကုန်သည်နှစ်ဦး' သင်ခန်းစာ ကျန်ရစ်တာပေါ့ .."

ဒေါ်တရုတ်မ မျက်နှာပေါ်က စောစောက သားတွေ အန်တီတွေ ပြောပြီး နူးညံ့သမှု ပျောက်ဆုံးသွားခဲ့၏။

မင်းရန်သူ ဆိုတဲ့ကောင်လေး လူကြီးမနွှယ်မရွေး မိုက်မိုက်ရိုင်းရိုင်း ခွန်းတုံ့ပြန်တတ်တာ သိတော့ သိနေပေမယ့် ...

"ကိုယ့်ဆွေမျိုးတွေကိုပဲ မင်းက အတိုက်အခံစိတ် မွေးနေလို့ပါ မင်းမင်း ရယ် .. မင်းဘဝ မိဘမဲ့သွားတည်းက ဒီဆွေမျိုးတွေ ပတ်လည်ဝိုင်းနေလို့ မင်းနဲ့ ဒီအိမ် .."

"ဘယ်နေ့ ရောင်းချပြီး လမ်းပေါ်ရောက်သွားမလဲ ..၊ ငါတို့ထဲက ဘယ်သူ ဒီအိမ်ကို ရမလဲလို့ ဝိုင်းကြည့်နေကြတာလား .. အဲဒါတွေ အန်တီ မပြောခင်တည်းက သိပါတယ် .."

"ကြည့်စမ်း .. မင်း .."

"အခု ကျွန်တော် အိမ်ကို ရောင်းထားတဲ့ နောက်ဆုံးအရစ်ကျငွေ သူ လာပေးတာ .."





"ဘာ!... ဘယ်လို .."

ဒေါ်တရုတ်မ ကိုယ်ကြီး တုန်ခါသွားသလား ထင်ရသည်။ အဆင်း မျက်နှာလေးကို ကြည့်လိုက်သည့် မျက်လုံးတွေက အရောင်တလက်လက် ဖြစ်နေခဲ့လျက် ...

"သူ့ကို ဟုတ်လား .. ဘယ်လူကြီးတွေနဲ့ လုပ်ထားတာလဲ .. အရစ်ကျဆိုတာက ဘာလဲ .. ခုခေတ် မြေယာဈေးကွက်တွေကိုရော ထည့်တွက်ရဲ့လား ဟင် .."

ပြောပုံက ကိုယ်ကပဲ ပိုးကြေးပန်းကြေး ထိုးပေးလိုက်တာလိုလို.. ဒါမှမဟုတ် မသိ နားမလည်စွာနဲ့လား ..၊

"ဟား .. ဟား .. ဟား ..."

ရန်သူ က ကိုယ့်အတွေးကို သဘောကျကာ ခပ်ကြိတ်ကြိတ် ရယ်၍ ...

"လိုချင်နေရင် မပေးချင်ပေမယ့် ပေးချင်တဲ့လူကို အလကားပဲ ပေးပေး .. ကျွန်တော့်အိမ် ကျွန်တော် ဘာလုပ်လုပ်ပေါ့ အန်တီရာ .. ဖေဖေက အိမ်နဲ့ ကျွန်တော့်ကို စောင့်ရှောက်ဖို့များ စာချုပ်စာတမ်းနဲ့ တကွ အပ်ခဲ့လို့လား .."

"တော်တော့ မင်းမင်း .. လူကြီးတွေကို မင်း သိပ်စော်ကားတဲ့ ကောင် .."

"မင်းရန်သူ က အမြဲတမ်း ဒီတိုင်းပဲ .."

"သိပါတယ် .. အခု ငါသိသွားပြီ .. အိမ်ကိုပြပြီး မင်းက တစ်မှုံးသုံး တစ်ပဲသုံးနဲ့ ဟစ်သက်လုံး ဒီအိမ်က ငွေကိုပဲ ထိုင်စားနေခဲ့တာ ကိုး .."

ရန်သူ က ဘာမှမပြောဘဲ ပြုံးနေသဖြင့် စောရန် က ဒေါ်တရုတ်မ ကို ခပ်ပြုံးပြုံးမျက်နှာနှင့် ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဒီကောင်က ဘယ်အလုပ်လုပ်လို့မှလည်း သူ့အပြောအဆိုနဲ့ အဆင်မပြေဘူးလေ .. ခုလည်း တစ်ခုခု ရင်နှီးပါလားဆိုပြီး အပုံလိုက် လာချပေးနေတာတောင် ဒီလောက် မလိုပါဘူး .. နည်းနည်းပဲ ထားခဲ့ လုပ်နေတာ .."

ခေါ်တရုတ်မ နှုတ်ခမ်းမဲ့မဲ့ကြီးနှင့် နားထောင်နေခဲ့လျက် ...

"ဘာလဲ .. သူတို့က ရည်းစားတွေလား .."

ဟင်!...

သုံးယောက်စလုံး ဟင် .. ခနဲ ဖြစ်ကာ မျက်လုံးချင်း ဆုံသွားကြ၏။ စောရန် က ချက်ချင်းပဲ ရယ်၍ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .. ကြိုက်နေကြတာ ကြာလှပြီ .."

"အေးပေါ့ .. ဒီအိမ်တစ်လုံးဖိုးတောင် ကုန်ပြီဆိုတော့ .."

ပြောပြီး နေရာမှ ထရပ်လိုက်သည်။ အဆင်း ကိုပဲ အထင်မြင်သေးသလို ပြန်ငုံ့ကြည့်၍ ...

"မဆိုးပါဘူး .. ရုပ်လေးကလည်း မက်လောက်စရာကိုး .. ကဲ.. ကဲ.. ငါ လာတိုင်းလည်း တစ်ခါမှ စကားကောင်းပြောဖြစ်တာ မရှိဘူး...၊ နောက်လတွေဆို ဒီအိမ်နဲ့ပတ်သက်တာတွေ ငါတို့ ဘာမှ တာဝန်မယူတော့ဘူး နော် .."

"ချက်ချင်းကြီးပါလား .."

"ဟုတ်တယ်လေ .. မင်းတောင် ပိုင်တော့တာမှ မဟုတ်တာ .. နောက်ပိုင်ရှင်ဖြစ်မယ့်သူက ယူလိမ့်မပေါ့ .. ကြည့်ရှုစောင့်မဖော် မရဘူးဖြစ်မှာစိုးလို့ ကြိုပြောထားတာ .. သွားမယ် .."

ခေါ်တရုတ်မ ဆင်းထွက်သွားသည်နှင့် ခွေးဟိန်းသံကြီး ထွက်လာသည်။ ရန်သူ က ဆံပင်တွေသပ်ရင်း တဟားဟား ရယ်နေ၏။

"မင်းက ဘာရယ်တာလဲ .."





"ရယ်စရာမို့လို့လေ .. မင်း မတွေ့ဘူးလား .. သားလေး ဖြစ်သွားလိုက် .. 'ကောင်'ဖြစ်သွားလိုက် .. တစ်ထိုင်တည်းနဲ့ ခုနစ်ထွေ က သွားတာ .."

"ဒါကြောင့်လား ...၊ မသိပါဘူး .. အဆင်း နဲ့ ရည်းစားတွေလို့ ပြောလိုက်တာကိုများ သဘောကျနေတာလားလို့ .."

ရယ်နေသည့် ရန်သူ့ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ အဆင်းကိုယ်တိုင် ကယောင်ကတမ်းနှင့် နေရာမှ ထရပ်လိုက်မိကာ ...

"ပြန်တော့မယ် .."

"ဟာ!... ဆောရီးပါ .. ဒီကောင့်ကို သက်သက် စတာ .."

အဆင်း ဘာစကားမှ မဆိုနိုင်ဘဲ မျက်နှာလေး တွင်တွင်ငုံ့ထားကာ ...

"အဆင်း ကို လိုက်ပို့ပေးပါ .."

"ခွေးက ချည်ထားတာပဲ .."

"ဟင့်အင်း .. အဆင်း မသွားရဲဘူး .."

"လိုက်ပို့လိုက်ပါကွာ .. ခုလေးတင် အကိုက်ခံထားရတာ သွေးတောင်မတိတ်သေးဘူး .. ကြောက်နေမှာပေါ့ .."

ရန်သူ က နေရာမှ ထရပ်လိုက်ကာ ...

"ကားမပါဘူးလား .."

"မပါဘူး .. ဒီအစ်ကို့ကို တိုက်မိပြီးကတည်းက မမောင်းရဲတော့တာ .."

ဖိနပ်ချွတ်မှာ ဖိနပ်စီးကြတော့ အဆင်း က ငုတ်တုတ်လေး ထိုင်ချလိုက်ပြီး တော်တော်နဲ့ ပြန်မထသဖြင့် ...

"ဘာဖြစ်လို့လဲ .."

"ဖိနပ်ကြိုးသိုင်းတွေနဲ့ အနာနဲ့ မလွတ်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ခဏကြည့်နေပြီးမှ သူမရှေ့မှာ ထိုင်လိုက်ပြီး ...

"ဘယ်မှာလဲ .."

အဆင်း က ပတ်တီးနဲ့ ခြေထောက်တစ်ဖက်ကို ရှေ့နည်းနည်း ထုတ်ပြ၏။ ထိုစဉ် မျက်လုံးက အိမ်အောက်မှာ ကြိုးချည်ထားသည့် ခွေးကြီး ငုတ်တုတ်ထိုင်နေတာကို ငုံ့ကြည့်မိလျက်သား ဖြစ်သွားခဲ့၏။

ခွေးကလည်း အပေါ်ကို မျက်လုံးကြီး တဝင်းဝင်းနှင့် ကြည့်နေသဖြင့် မျက်လုံးချင်းဆုံမိလျှင် ...

"ဝူး .."

"အမလေး!..."

ကြောက်နေသည့်စိတ်ကြောင့် ခွေးဟောင်သံက လူကို ခုန်ဆွဲလိုက်ပြီပဲ ထင်လိုက်မိကာ .. ခြေတစ်လှမ်းစာ အတက်အဆင်းပေါ်ကနေ ရှေ့မှာ ထိုင်နေသည့် ရန်သူ့ လည်ပင်းကို တအား ဖက်ထားလိုက်မိ၏။

နဂိုတည်းက ဒူးတစ်ဖက်ထောက် ထိုင်နေတာမို့ အဆင်း ခုန်ဖက်လိုက်တာနှင့် နှစ်ယောက် ဖက်လျက်သား လုံးထွေး လဲလေသည်။

သို့သော် ပက်လက်မဖြစ်မိ လက်ထောက်လိုက်သဖြင့် အဖြစ်မဆိုးခဲ့သော်လည်း ...

"ဟင်!..."

သတိလက်လွတ် ဖက်ပစ်လိုက်ပြီးမှ အဆင်း ချက်ချင်း သတိရ၏။ လက်က မလွှတ်ရသေးဘဲ မျက်နှာကို ဖျတ်ခနဲ ခွာမိလိုက်လျှင် မျက်နှာချင်း မလွှတ်မလပ် ပွတ်တိုက်ကာ နှုတ်ခမ်းချင်းက ပင့်သက်ရှိုက်မထုတ်ရဲတော့သည့် အကွာအဝေး ...၊

ခွေးက အောက်ကနေ အဆင်း ကို လှမ်းမြင်ပြီး မာန်ဖီနေဆဲဖြစ်ကာ သူမလက်တွေကို ကမန်းတကန်း လွှတ်လိုက်မိပေမယ့် သူ့အေးမှာပဲ ပူးကပ် ထိုင်ချမိကာ ...





"ခွေး .. ခွေး အိမ်ပေါ်တက်လာပြီ .."

အသည်းအသန် ကြောက်လန့်နေသည့် သူမအဖြစ်ကို ကြည့်ကာ ကိုယ့်ကိုယ်ကိုယ် ဖင်ထိုင်လဲနေဆဲအဖြစ်ကိုတောင် သတိမရဘဲ ရန်သူ့ မျက်နှာ ပြုံးယောင်သမ်းနေ၏။

ပြီးတော့ နှာခေါင်းထဲမှာ စွဲထင်ကျန်ရစ်သည့် ကိုယ်သင်းနံ့ကြောင့် ဆံပင်တွေ သပ်ရင်း ရယ်လိုက်မိသည်။

သူ့မှာ တစ်ခါမှ ရည်းစားမထားခဲ့ရပါဘဲ ပို့(စ်)အမျိုးမျိုးနဲ့ ပွေ့ဖက်မိနေတာ ရယ်တော့ ရယ်စရာ ..။

"ကဲ .. ရပြီနော် .. ပြုံးတုံ့တုံ့နဲ့ ဖီးလ်တွေ စွတ်တက်မနေနဲ့ .. ဟိုမှာ ခွေးမာန်ဖီနေတာကို လန့်ဖျပ်ပြီး သတိတွေဘာတွေ လစ်သွားနိုင်တယ် .."

အထဲက အော်ပြောသည့် စောရန် အသံ ကြားမှ ဘေးမှာ ပခုံးချင်းပူးကပ်ထိုင်နေသည့် အဆင်း ကိုယ်လေး ဖျတ်ခနဲ ကွာသွားသည်။ ပြီးတော့ ပြောသေးသည်။

"ဖြန်းခနဲ ချည်ထားတယ်ဆိုတာကို မေ့သွားလို့ .."

ကတုန်ကယင်လေး ပြောပြီး စောရန် အသံ ကြားတဲ့ဆီကိုလည်း လှမ်းကြည့်သေးသည်။ သူမဘာသာလည်း မထ ..၊ သူမ ဒီလောက်ထိ ကြောက်တတ်တဲ့ မိန်းကလေး ဖြစ်နိုင်မယ်ဆိုတာ ကြိုသိထားသင့်လျက်နှင့် ဒီဇယားကိုမှ ခင်းခဲ့မိသည်။

မင်း သေသင့်တယ် ရန်သူ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ငါ မဟုတ်ဘူး .. သေသင့်တာက မင်း .."

ဒေါသမပါသည့် စကားသံကြောင့် စောရန် က မျက်နှာကို သေချာ လိုက်ငုံ့ကြည့်ကာ ...

"ငါ့ကို တကယ် သေစေချင်တာတော့ ဟုတ်ပုံ မရပါဘူး .."

"ဘာ!..."

"မင်းအတွက် ငါက ဓာတ်ပို့ကောင်း နော် .."

"သေလိုက်ပါလား .."

"အံမာ .."

"သူက တကယ် ကြောက်လန့်နေတာ .."

"သိတယ်လေ .. အဆင်း ပုံစံလေးက တမင် မာယာများနေတာ လို့ ပြောရက်စရာကို မရှိတာ ..၊ ပြီးတော့ မင်းလိုကောင်ကို ရမယ်ရှာပြီး ဖက်ရလောက်အောင် .. ဟွန်း .."





နှာခေါင်းရှုံ့မှုမှုနဲ့ မဲ့တော့ ရန်သူ က မျက်မှောင်ကုတ်၍ ...

"အကြောင်းရှာတယ်ဆိုလည်း စိတ်မဝင်စားဘူး .. ငါ သဘောကျ နိုင်တဲ့ မိန်းမက ဒီလို ထုံထိုင်း နုံအနေတာမျိုး မဟုတ်ဘူး .."

"ဟ .. မင်းလိုကောင် .. မင်းလောက်လည်တဲ့မိန်းမနဲ့ တွေ့ရင် သွားပြီပေါ့ .."

"ဘာသွားတာလဲ .."

"ရင်ခုန်ချိန် ရမှာ မဟုတ်ဘူး .. တချိန်းချိန်း ထသတ်ပြီး ဆေးဖိုး နဲ့ မွဲမှာ ..၊ ထိပ်ပေါက်ခေါင်းကွဲတွေချည်း ဖြစ်နေကြမှာလေ .."

"ရန်ဖြစ်မှ ပိုချစ်တာ..."

"မဟုတ်ပါဘူးကွာ .. တစ်ယောက်နဲ့တစ်ယောက် မခံချင်အောင် ပြောနေမှတော့ ပိုချစ်လာစရာအကြောင်းကို မရှိဘူး .. ချစ်မယ်ကြံတိုင်း မခံချင်စရာတွေ ပြောမိလိုက် .."

"အေး .. မင်းကျမှပဲ ခံချင်ဖွယ်လေးတွေ ရွေးပြော .. ငါကတော့ ဒီတိုင်းပဲ .. မတည့်အောင် ပြောလာရင် မဟည့်ရာ မတည့်ကြောင်းပဲ.. သူ ဒင်ရင် ကိုယ် ဒေါင်ရမှ .."

"ပြောပေါ့ .. တွေ့မှ မတွေ့သေးတာ .."

"တွေ့ဖို့လည်း စိတ်မဝင်စားဘူး .."

"အင်း .. အင်း .. လူရှိန်ဟာပေါ့ .."

"ခွေးကောင် .. မရမက အနိုင်ပိုင်း ပြောနေ .."

ထမင်းပန်းကန်ကိုင်ပြီး စားပွဲမှာ ထိုင်ကာမှ ပန်းကန်ကို ငုံ့ကြည့် ၍ ...

"အနိုင်ပိုင်းပြောတာ ဟုတ်မဟုတ် မင်းရဲ့ ထမင်းပန်းကန်ကို ကြည့်တာနဲ့ သိပါတယ် .."

"ဘာဆိုင်လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းထဲမှာ အလွယ်ကူဆုံး ဘဲဥချဉ်ဟင်း ရေလုံပြုတ်နဲ့ပဲ .."

"မင်းအတွက်ပါ ကျွေးနေရတာ .. ဘာတွေ ထပ်ချက်ရဦးမှာလဲ"

"အခု ငါက ချေးငှားပြီး ကပ်စားနေတာ မဟုတ်တော့ဘူးလေ.. ငါ့ဝင်ငွေနဲ့ ငါ .."

"အဲဒါ ရအောင် ငါ ဖန်တီးခဲ့တာ .. အပိုတွေ မပြောနဲ့ .."

"ဘာပဲဖြစ်ဖြစ် မင်း ငါ့ကို အသားလေး ငါးလေးတော့ တစ်ခါတလေ သဒ္ဒါစိတ်လေး ယိုဖိတ်ဖို့ ကောင်းတာပေါ့ကွ .."

"တစ်ခါတလေမှကို မယိုဖိတ်တာ မင်းကံပဲ .."

စောရန် ကိုယ့်ဘာသာ ထမင်းထထည့်ပြီး ဟင်းဆမ်းခဲ့ရင်း ...

"ဘဲဥချက်တာ ထားပါ .. ငါးပိလေး အတို့အမြှုပ်လေး ပါရင် ဟုတ်တုတ်တုက် .."

"ဟား!..."

စားနေသည့်ဇွန်းကို အသံမြည်အောင် ချပစ်လိုက်ပြီး ရန်သူ စိတ်မရှည်စွာ မော့လာ၏။

"ထမင်း ကောင်းကောင်း မစားရဘူး .. မင်း ပေါက်ပေါက်ဖောက်နေတာ ပြီးဦးမှာလား .."

"မဟုတ်ဘူးလေ .."

"ဟုတ်တယ် .. အဲဒါတွေ စားချင်ရင် မင်း မိန်းမယူလိုက် .. သူ့ကိုဆိုရင် ငါ အလကား ကျွေးထားမယ် .."

"ဘာကွ!..."

"ငါတို့ စားသောက်ဖို့ ချက်နိုင်းမယ်လေ.. အဝတ်လျှော် .. ကြမ်းတိုက် .. ဈေးသွား .. ရေဆွဲ .."

"တော်ပြီလား .."

"ပြောပြတာ .."





"သြော် .. သြော် ..."

"ငါ့အိမ် ငါ့ခြံလေးကို ဒီတိုင်း အလုံးအရပ် မလျော့အောင် .. ငါလည်း တေလေကြမ်းပိုးလို နေလို့ရအောင် ဒီလိုပဲ တန်ရာတန်ရာ စားရတာ .."

"အေးပါ .. ဟုတ်ပါတယ် .. ဒါပေမယ့် ခုတော့ ငါတို့ အများကြီး ရထားတာပဲ ဥစ္စာ .."

"ဘာ ရတာလဲ .. အဲဒီပိုက်ဆံတွေ မျိုးချဖို့ကို ကြိုးစားရဦးမှာ.."

"ဘယ်လို!..."

"လူမိုက်လုပ်စားခဲ့တဲ့ထဲမှာ အဲဒါမျိုး မလုပ်ခဲ့ဖူးဘူး .. စားရမှာ စိတ်မသန့်လို့ .."

"မင်း စလုပ်တုန်းကတော့ ဒေါ်စကားဝါ နဲ့ မဆက်ချင်တော့လို့ .. ရေလိုတယ်လို့ ပြောခဲ့တာပါ .."

စောရန် ဘာကို ပြောချင်တာမှန်း သူ သိသည်။ သူလည်း ဒီတိုင်းပဲ ဖြစ်နေတာမို့ ရှင်းမပြနိုင်ပါ ...။

လုပ်ခဲ့တုန်းက မတွန့်မရွံ့ လုပ်ခဲ့သည် ...၊ အားလုံးက ပေါ့ပေါ့ပါးပါး ...၊

ဒါပေမယ့် အခု မပေါ့မပါးကြီး ခံစားလာရတာ စိတ်မလုံဖြစ်လာခဲ့ခြင်းလား မဆိုနိုင် ...။

"အဲဒီလောက် တုံးတာ .. 'အ'တာကို ကြည့်မရဘူးဆိုပြီးတော့ အဆင်း ဆိုတဲ့ ကောင်မလေး လုံးဝ အဖြူထည်အကိုင်း ပုံပေးသွားတာကို ဟတ်(တ်)ထိနေပြီမို့လား .."

"ဟော့ကောင် .. စကားမရှည်နဲ့ .. စားမှာ စား .."

သူ့စကားကို စောရန် က နားမထောင်ပါ ...။

"နေပါဦး .. မင်း အကွက်ရွှေ့ထားတာ လုံးဝ ငြိပြီးသားကြီးကို--



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ပြီးပြီဆိုပြီး လျှော့ပစ်လိုက်တာလဲ ..၊ အဆင်း မှာ နောက်ခံ ဘက်(ခ်)ဂရောင်း(န်)လည်း ဘာမှ မရှိဘူး .."

"မရှိဘူးလို့ မင်းကို ဘယ်သူ ပြောလဲ .."

"ရှိရှိလေ .. သူက လူကြီးတွေ မသိအောင် လုပ်ထားလို့ သူ့ဘာသာ ကြိတ်ဖြေရှင်းနေတာ ..၊ ပိုတောင် လွယ်သေးတယ် .."

"ဟောကောင် .. ညစ်ပတ်တာ ဘယ်လိုနေလဲလို့ ပတ်ကြည့်တာ..၊ လူယုတ်မာတော့ အဖြစ်မခံနိုင်ဘူး .. အမေ ပေးခဲ့တဲ့ လူကောင်းစိတ်လေးတော့ နည်းနည်း ချန်ထားရဦးမယ် .."

"ဒါဆို မင်းက ပိုက်ဆံတွေကို ပြန်ပေးဦးမလို့လား .."

"မပေးပါဘူး .. ငါက လုပ်ပြီးရင် နောင်တရတတ်တာ ဝါသနာမပါဘူး .. ဒီတိုင်း ရှေ့ဆက်သင့် မဆက်သင့်ပဲ စဉ်းစားတာ ..၊ ကိုယ်ဘာဖြစ်ဖြစ် လုပ်ရဲပေမယ့် မိဘမျက်နှာကိုတော့ အိုးမဲမသုတ်ဘူး .."

ဒါကျတော့ ကိုယ့်သူငယ်ချင်းကို အထင်မကြီးဘဲ မနေနိုင် ..၊ လူတော်လူကောင်း မဟုတ်ပေမယ့် ဒီနေ့ထိ ရန်သူ့ ကို လူရမ်းကားကလေကချေလေးလို့ ဘယ်သူ့ပါးစပ်မှာမှ ပုဒ်မတတ်ခဲ့တာမျိုး မရှိ..။

ရိုးရိုးကျင့် မြင့်မြင့်ကြံ မဟုတ်သော်လည်း သူ့မတ်သတ်နဲ့သူတော့ ဟုတ်နေတာပဲ ဖြစ်၏။

ဆွေမျိုးတွေ ပိုင်းနေတာကိုလည်း အကူအညီတောင်းဖို့ နေနေသာသာ ရှိတယ်လို့လည်း မထင်..၊ ဂရုလည်း မစိုက်..။

ပိုက်ဆံရဖို့ကို ကိုယ့်မူနဲ့ ကိုယ် လူပ်ရှားတတ်ပေမယ့် ရလာတာကို ခြစ်ကုတ်ထားသည်။

မရှိရင် မိုက်မှောက်နေခဲ့တာမျိုး ရှိပေမယ့် သူ့ပုံစံက ဘယ်တော့မှ နွမ်းဖက်နေတယ်လို့ မရှိ ..။

ဒေါ်တရုတ်မ တို့ အုပ်စုတွေ ဒီခြံကျယ်နဲ့ အိမ်ကြီး ခပ်ယိုင်ယိုင်ကို





မက်မောနေကြတာကလည်း အိမ်က ယိုင်ချင်နေပေမယ့် ကြီးလည်းကြီးသည် ..၊ ပြီးတော့ တောင့်တောင့်တင်းတင်းကြီးအတိုင်း ရှိနေသေး၏။

ထို့ပြင် အတွင်းပရိဘောဂတွေ သူ့နေရာနဲ့သူ ရှိနေသေးတာ မိဘတွေ ရှိနေစဉ်ကအတိုင်း ဘာမှ ပျက်စီး ပျောက်ရှခဲ့တာ မရှိ ..။

ရန်သူ က ထိုမာနလေးတော့ ရှိတဲ့သူ ဖြစ်သည်။

အိမ်တွင်းပစ္စည်းဆိုလျှင် ကြီးကြီးသေးသေး ရောင်းချ ပေါင်နှံဖို့ကို စကားထဲမှာလည်း ထည့်ပြောတာ မကြားခဲ့သလို လက်ဖျားနဲ့တောင် မထိခဲ့ပေ ..။

သူ့ ခပ်ရိုင်းရိုင်း ဆက်ဆံသမှုကို ဆွေမျိုးစုတွေ သည်းခံနေခဲ့တာက ဤကဲ့သို့သော အထင်သေးလို့ မရသည့် သူ့ရဲ့အကျင့်ကောင်းလေးတွေ ရှိနေသေးလို့ ဆိုတာလည်း ဖြစ်နိုင်၏။

"ဘာလဲ .. မင်း နယ်ကို ပြန်ချင်လို့လား ..၊ ပြန်ချင်ရင် ငါ လမ်းစရိတ် ပေးမှာပါ .."

ထမင်းဝါးနေရင်း ပြောတော့ စောရန် တွေးနေတာတွေ ပြတ်တောက်ကုန်လျက် ...

"အံမယ် .. မပြန်ပါဘူး .. မင်းက ငါ့ကို ဘဲဥ ရေလုံပြုတ်လေးတောင် မသထာတော့ဘူးလား .."

ရန်သူ က ထမင်းစားရင်း ရေသောက်တတ်သည့်အကျင့် ရှိသည်မို့ ရေခွက်ကို လှမ်းယူရင်း ပြုံးသည်။

"ဩော် .. ဆိတ်ဆိတ်နေတာ .. ဟုတ်တယ်ဆိုတဲ့ သဘောပေါ့.."

"မကျွေးချင်တာ မဟုတ်ပါဘူး .. နားငြီးလို့ .."

"အေးပါ .. ပါးစပ်ပိတ်နေပါ့မယ် .. ဒါပေမယ့် အခု တစ်ထိုင်တည်းမို့လို့ ပြောစရာရှိတာ ပြောဦးမယ် .. မင်း အဆင်း နဲ့ ဆပ်တွေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့အောင် ဖြတ်တောက်ပစ်လိုက်တာတော့ တော်တော်ကို မကောင်းတာ ..”

ပြောပြီးတော့ ရန်သူ့ မျက်လုံး သူ့ဆီ ရောက်လာအောင် စောင့်သေးသည်။ ပြီးမှ ...

“အဆင်း က နမြောစရာလေးကွ .. အဆင်းရှုပါ ဆိုတဲ့အတိုင်း လှတယ် .. ပြီးတော့ အရမ်းကို ဖြူတယ် .. အဲဒီလို မိန်းကလေးမျိုးက အကျင့်မကောင်းတဲ့ကောင်မျိုးနဲ့ ငြိမိရင် သွားပြီ ..”

“အဲ့ဒါ ငါနဲ့ ဘာဆိုင်လဲ ..”

“ငါက မင်းနဲ့ ငြိစေချင်တာ ..”

နောက်ထပ်ရောက်လာသည့် အကြည့်တစ်ချက်က မျက်မှောင်ကုတ်လျက် ဖြစ်နေသဖြင့် ...

“စိတ်ကူးရှိခဲ့တာကို ပြောတာပါ .. မင်းတို့ကလည်း ခဏလေး.. ခဏလေးပဲ တွေ့ဖြစ်ပေမယ့် ခဏဆိုသလောက်ပဲ အဟဲ ..”

“ဘာ အဟဲ တာလဲ ..”

“မင်းရဲ့ ဒိုင်ယလော့(ဂ်)လေ .. ပြောပြတာ ..”

တစ်ဖက်သားကို ခံရခက်စေသည့် စကားလုံးမျိုး ပြောလိုက်ပြီဆို ‘ပြောပြတာ ..’ဆိုသည့် မထိတထိအပြောနှင့် ပိတ်ပစ်တတ်သည့် ရန်သူရဲ့ စကားအထာကို သူက အကျအန ရွတ်ပြနေသေးသည်။

“ပြောပြတာပါ ..”

“ဘာကို ပြောပြတာလဲ ..၊ မင်းပဲ အဲဒါတွေပဲ ရွေးကွက်ပြီး မြင်နေ ..”

“အံမာကွာ .. ဒီလောက် ပူးကပ် ဖက်တွယ်နေကြတာကို ..”

ပြောပြီး သူ့စကားသူ ဘာကို သဘောပေါက်သွားမှန်း မသိဘဲ ထမင်းစားသည့် လက်ချောင်းတွေကို ပွတ်သပ်ချနေရင်း ...





“အဲဒါတွေ ဖြစ်ပျက်သွားခဲ့တာ အဆင်း မှာရော တစ်နေရာရာမှာ ထိမသွားနိုင်ဘူးလား ..”

“ဘာ ထိတာလဲ ..”

“ဒီမှာလေ ကွာ ..”

စောရန် က ဘယ်ဘက်လက်နဲ့ ဝဲဘက်ရင်အုံကို ပုတ်ပြ၍ ...

“ဒါမျိုးက အဖြူထည်လေးတွေဆို ပိုပြီး ထိချက် ပြင်းတယ်ကွ.. ဟဲ .. ဟဲ .. ခုလောက်ဆို သူလည်း ဖြစ်နေလောက်ပါပြီ ..”

“ဘာ!...”

“ရင်ခုန်သံ ..”

ပြောသမျှ တစ်ခုမှ တည့်တည့်မတ်မတ် ရှင်းလင်းသွားတာ မရှိ..၊ ရန်သူ က ထမင်းလက်စသတ်ပြီး နေရာမှထကာ ...

“ဒီနေ့ မင်းအလှည့် ..”

သူတို့ ထမင်းလက်ဆုံစားဖြစ်တိုင်း တစ်ယောက်တစ်လှည့် ပန်းကန်ဆေးနေကျဖြစ်ရာ ...

“ဟာ!... ဟေ့ .. သောကြာနေ့တုန်းက ငါ ဆေးခဲ့ရတာ ..”

“ငါ ဆေးရမယ့် ကြားရက်က ကျော်ခဲ့ပြီလေ ..”

“ဘာဖြစ်လဲ .. မင်းနဲ့ ငါ နေ့တိုင်း လက်ဆုံစားကြတာမှ မဟုတ်တာ ..၊ သွားချင်ရာ သွားကြ .. ပြန်ချင်မှ ပြန်ကြတာ .. မလိုဘူး ..၊ အဲဒီလို ရက်ကျော်တွေတိုင်း ငါချည်းပဲ ဆေးရတာ ..”

“အငြင်းပွားမနေနဲ့ ဟေ့ကောင် .. ဒီည ဒင်နာ ကြက်ဆီထမင်း လိုက်ကျွေးမယ် ..”

“ဟင်!... ဘာ!...”

စောရန် ကိုယ့်ကိုယ်ကိုယ် နားကြားမှားသွားသလား ထင်မိကာ...

“တကယ်နော် .. မင်းရန်သူ ဆိုတဲ့ကောင် ပြောလိုက်တာ ..”

www.burmeseclassic.com



ရန်သူ က ပြုံး၍ သွားတိုက်ဆေးနဲ့ သွားပွတ်တံကို ရေဖလားထဲ ထည့်လိုက်ရင်း ...

"ရက်ကျော်တွေရှိတိုင်း ကျွေးမှာ မဟုတ်ဘူးနော် .. တစ်ခါကျွေး ထားရင် မင်းဘက်က သိတတ်ရမှာ အော(လ်) ဝေ့(စ်) တိုင်း(မ်) .."

စောရန် ဘဲဥ လက်ကျန်ကို ပါးစပ်ထဲ အကုန်ထည့်ပစ်ရင်း မဲ့သွား ကာ ...

မောင်မင်းကြီးသား ဒီထက်မက တိုင်းနိုင် တွာနိုင်ပါစေ .. ကပ်နိုင် စီးနိုင်ပါစေ ..။





## အခန်း (၁၁)

"မမကို မမကြီး ခေါ်နေတယ် .."

အဆင်း သီချင်းနားထောင်နေရာကနေ ဆတ်ခနဲ ဖြစ်သွားသည်။ ခုတစ်လော ကြီးတော် နေမကောင်းဖြစ်နေတာ များသဖြင့် ညဘက် ပြုစုပေးနေရင်းနဲ့တောင် စကား သိပ်မပြောဖြစ်ခဲ့ပေ ..။

ဒေါ်လေးတို့လင်မယားတွေ ကိုကြီးဝင်းထွန်း ကို ပြန်ခေါ်ဖို့အရေး အတွက် ပျာယာခတ်နေကြတာတွေ ဒီနေ့ အောင်မြင်သွားပြီလား ..၊ နားကျပ်ကိုဖြုတ်ရင်း လှုပ်ရှားမှုတွေက နှေးကွေး လေးလံနေ၏။ ပြီးတော့ ရင်ခုန်သံတွေ တဒိတ်ဒိတ် မြည်လာခဲ့သည်။ ဒေါ်လေး ဘာပြောမှာလဲ..၊

"မမ .."

"ဟင် .. လာပြီ .."

"ဟုတ်ကဲ့ မမ .. မမကြီးက စောင့်ခေါ်ခဲ့ရမယ် ဆိုလို့ပါ .."

အဆင်း ဂါဝန်ကို ပြေပြစ်အောင် ဆန့်ချရင်း ခါးစည်းကြိုးလေး ကို ခေါက်တုံ့လေး ပတ်ချည်လိုက်သည်။ နီပြာရောင်ဖျော့ဖျော့လေးနှင့် အဆင်း မျက်နှာလေးကို ငေးကြည့်လိုက်ပြီးမှ ချစ်စု က ခေါင်းလေးငုံ၍ ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မျိုးရီ ရဲ့ အကြည့်တွေကတော့ သူမ မျက်စိရှေ့ကို အဆင်း ရောက်လာပြီဆိုတည်းက မျက်မှောင်မကုတ် မျက်တောင်မခတ်ဘဲ သူမ ရဲ့ မျက်နှာတစ်ပြင်လုံးသည် ကောက်ကွေ့ကြောင်းတို့ ဖြစ်ပေါ်ခြင်း လုံး၀ ကင်းလျက် ...

"ထိုင် .."

သံပြတ်နှင့် ဆို၍ ...

"နင့်ကို ပြောစရာ ရှိတယ် .."

မျက်ဝန်းတို့သည် ခံစားချက်မဲ့သော လူသေလို အေးစက်ခြင်းတို့ ဖြင့် ...

"ငါ ပြောစရာရှိတာကို မပြောခင် မေးစရာ ရှိသေးတယ် .. နင် ဟိုရက်ပိုင်းက အပြင်ကို တစ်ယောက်တည်း ထွက်သွားတာ သုံးခေါက်.. ငါ့ကားတွေကို လစ်ရင် လစ်သလို ခိုးမောင်းတာ မပါဘဲနဲ့ ပြောတာ.. ဒီပြင် ငါ မသိလိုက်တဲ့ အခေါက်တွေလည်း ရှိနိုင်တယ် .. ဘယ်သွားနေ တာလဲ .. ပြော .."

"ဟင်!..."

"တစ်ယောက်တည်း သွားလာရဲနေတာ ထားလိုက်ပါတော့ .. ကြီးတော်လုပ်သူက မြှောက်ပေးနေတာပဲ .. ဒါပေမယ့် မရိုးသားတဲ့ ခြေလှမ်းတွေဆိုတာ ငါ သိတယ် .. ဘာထွက်ထွက်လုပ်တာလဲ .."

ဖြေလိုက်စမ်း အဆင်း ..၊ နင် ညာလည်း ညာရဲမှာ မဟုတ်ဘူး- ဒီမျက်လုံးတွေ ရှေ့မှာ နင် ညာလည်း ပိရိမှာ မဟုတ်ဘူး .. မညာနဲ့ - နင် လုပ်သမျှ သူတို့တွေ သိနေကြတယ် ..၊

"အဆင်း .. အဆင်း ကားနဲ့ တိုက်မိတဲ့ လူနာအတွက် .."

"ဘာ!... ပြောတယ် .."

ဒေါ်မျိုးရီ ရဲ့ အေးစက်စက် မျက်ဝန်းတွေ ရှူးရှူးရဲရဲ ထဖြစ်ကာ





ဆတ်ခနဲ ရှေ့တိုးလာသည့် မျက်နှာကြီးကြောင့် အဆင်း ကိုယ်လေး တုန်သွား၏။

"ကားနဲ့ တိုက်မိတယ် ဟုတ်လား .. ဘာတွေဖြစ်ကုန်သလဲ အဲဒီ လူနာက ဘယ်ကလဲ .."

"ဘာမှမဖြစ်ပါဘူး ဒေါ်လေးရယ် .. အခု .. အခု အားလုံး ပြီး သွားပါပြီ .."

"ပြီးသွားပြီ ..၊ ပြီးသွားပြီဆိုတော့ ပိုက်ဆံ ဘယ်လောက်ကုန် လိုက်သလဲ ..၊ အဲဒီလိုကိစ္စတွေကို ရှင်းတတ်လင်းတတ်နေလောက် အောင် နင်က ဘယ်တုန်းက ရင့်ကျက်မှုတွေ ရသွားတာလဲ .."

ဒေါ်မျိုးရီ ဒေါ်သထွက်နေတာတွေက မဖုံးနိုင် မဖိနိုင် ..။

"ဒီလောက်ထိ ခြံကျော်ခွင့် မပေးဘဲ မွေးမြူထားတာတောင် နင် ဒီလိုအတတ်တွေ ကျွမ်းကျင်နေတယ် .. အဲဒါ ငါ သိတယ် .."

"အသိသာကြီးပဲကွာ .. ဒါ ဘယ်သူ့စနက်တွေလဲဆိုတာ ရှင်းနေ တာပဲ .."

ဦးစိုးဝဏ္ဏ က ရေချိုးပြီးစ မျက်နှာမှုန်မှုန်နှင့် ဟာဝေယံရှပ်ကို ဘောင်းဘီရှည်၏အပြင်ထုတ်၍ ဝတ်ထားကာ နပျိုလတ်ဆတ်မှုတွေ ကို ဖန်ဆင်းယူထား၏။

သူက အဆင်း ရဲ့နောက်ကနေ ပတ်လျှောက်သွားရင်း အဆင်း ကို ခပ်မဲ့မဲ့ ငုံ့ကြည့်သွားကာ ပြီးတော့မှ ဒေါ်မျိုးရီ ဘေးမှာ သွားထိုင်၏။

"ဟဲ့.. မေးနေတာ ပြောစမ်း.. ပိုက်ဆံ ဘယ်လောက်ကုန်သွားလဲ"

"မင်းကလည်း မေးနေတော့ရော သူ ဖြေချင်သလောက်ပဲ ဖြေမှာ ပေါ့ကွ .. အဲဒီလူနာ ဘာဖြစ်သွားသလဲဆိုတာပဲ မေးလိုက် .."

ဦးစိုးဝဏ္ဏ က အဆင်း တို့ ဘူဝရီးရဲ့ကိစ္စတွေဆို ဝင်မပါချင်သလို လို .. မပြောချင်သလိုလို ရုပ်သေကြီးနဲ့ နေတတ်ပေမယ့် ဝင်ပါလာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း မှုမှုတတ ခန့်ညားခဲ့တယ်ဆိုတာ မရှိ ..။

"အဲဒီလို မိန်းမလို မိန်းမရ စိတ်ဓာတ်တွေက ကြောတ်စရာ အကောင်းဆုံးပဲ"လို့ ကြီးတော် မကြာခဏ ညည်းညူခဲ့ဖူး၏။

ဒေါ်မျိုးရီ ကတော့ ရှုန်းလဲ့သော မျက်ဝန်းညိုလေးတွေကို တစ်ချက် စိုက်ကြည့်လိုက်တာနဲ့ နားလည်ပြီးသားပါ ..။

အစတည်းက နားလည်နေခဲ့တာကလည်း အဆင်း ဘယ်တော့မှ ညာတတ်ခဲ့ဘူးဆိုတာပင် ..၊ ထို့ကြောင့် ဘာကိုဖြစ်ဖြစ် မေးရဲသည်၊ ပြန်ဖြေသမျှဟာ အမှန်တွေပဲဆိုတာကိုလည်း ယုံ၏။

"တိုက်မိခဲ့တာ ယောကျ်ားလား .. မိန်းမလား .. ဘယ်ကလူလဲ..၊ ဒဏ်ရာ ဘယ်လောက် ပြင်းသွားသလဲ .."

အဆင်း ကြောက်နေပြီမို့ နှုတ်ခမ်းလေးတွေ လှုပ်ခတ်လာခဲ့ပေမယ့် ဖြေသံက ထွက်မလာ ..၊

"ယောကျ်ားလား .. မိန်းမလားလို့ မေးနေတယ်လေ .."

"ယောက် .. ယောကျ်ား .."

"ဘယ်ကလဲ .."

"ပျဉ်ထောင်အိမ်နဲ့ .."

"အိမ်ကို မေးနေတာ မဟုတ်ဘူး .. ဘယ်ကလဲလို့ မေးတာ .."

"အဆင်း မပြောတတ်ဘူး .."

"ဘာ!..."

"အဆင်း တကယ် မသိလို့ပါ .."

သူတို့ခေါ်သွားလို့ လိုက်သွားခဲ့သည်။ စီးရသည့် လိုင်းကားနံပါတ်နဲ့ သူမ ဆင်းရသည့် မှတ်တိုင်နာမည် .. သိနေခဲ့တာ ဒါပဲ ဖြစ်သည်။ မှတ်တိုင်မှာ ဆင်းပြီးတာနှင့် ဆိုက်ကားစီးလာလို့ ရသည်ဆိုသောခရီးကို သူမခြေထောက်နဲ့ပဲ လျှောက်သွားခဲ့တာ ဆယ်မိနစ်ကျော်ကျော် ရှိ၏။





ဆိုက်ကားငှားမလို့ ကြံခဲ့ဖူးသော်လည်း အုပ်စုဖွဲ့နေကြသည့် ယောကျ်ားတွေနားကို သူမ မသွားရဲပေ ..၊ ထိုသို့သော မသိခြင်းများကြောင့် နေရပ်လိပ်စာ အတိအကျကို သူမ မသိ ..။

"ဘာကို မသိတာလဲ အဆင်း .. နင် သွားလာနေတဲ့ နေရာကို မသိဘူးဆိုတာ .."

"ကဲ .. မင်းက ဘာကို သိချင်တာလဲ ရီ .. သူ့ပြဿနာကို စိတ်ပူတာလား ..၊ တစ်က ပြန်စပြီး မင်း သွားရှင်းပေးမလို့လား .."

"မဟုတ်ဘူးလေ ကိုစိုး .. ဒီလိုပြဿနာတွေမှာ ငွေကုန်ကြေးကျ မခံနိုင်ဘဲ လွယ်လွယ်နဲ့ ပြီးတာ မဟုတ်ဘူး ..၊ ဖြစ်တာက ယောကျ်ားနဲ့တဲ့ .. သူ့လိုပုံစံမျိုးကို ဘယ်လိုလူက ကရုဏာသက်ပြီး ကျေအေးလိုက်မှာလဲ .. ဘယ်လောက်တောင် အကုန်ခံလိုက်သလဲဆိုတာ ရီ သိရမှ ဖြစ်မယ် .."

"လူတိုင်းပဲ လိမ်ကောက်နေကြတာ မဟုတ်ပါဘူး ရီ ရယ် .."

အထဲကနေ ဗိုးလ်ချဲနဲ့ ထွက်လာသည့် ဒေါ်မျိုးသီရီ မျက်နှာက နေမကောင်းဖြစ်နေမှန်း သိသာစွာ နွမ်းလျနေလျက် ...

"ဘာမှလည်း သိပ်မထိခိုက်မိလို့ နေမှာပေါ့ .. ပိုက်ဆံ နှစ်သိန်း ပေးလိုက်တယ် .. ဆေးခန်းသွား ဘာညာလေးတွေ ကိုယ်ပဲ အကုန်အကျခံပေးလိုက်တော့ ကျေနပ်သွားပါတယ်.. အခု အားလုံး ပြီးသွားပြီ.."

ဒေါ်မျိုးရီ က နှုတ်ခမ်းထောင့်တစ်ဖက်နဲ့ နှာခေါင်းပါ တွန့်သွားအောင် မဲ့ပစ်၏။ အဆင်း ကို ရိုက်စစ်ဖို့မလိုဘဲ အမှန်တွေ ထွက်လာမှာကို သိသည်။ မမမျိုး ဝင်လာတည်းက အလိမ်အညာတွေပဲဆိုတာကို ပိုပြီး နားလည်နေခဲ့လျက် ...

"ဟုတ်လား .. မမမျိုး နေမကောင်းဘဲ တော်တော်ကို ဖိုးရိမ်ပြီး လူးလဲထလာတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မျိုးသီရိ ခွန်းတုံ့ မပြန်ပါ။ ထုံးစံအတိုင်း မျက်ဝန်းတို့သည် ခွန်အားခဲ့နေခဲ့ပြီး ...

"အိမ်မှာက လူစုံခဲတယ်လေ ...၊ လူစုံတဲ့အချိန်မှာ အဆင်း ကို ခေါ်တယ်ဆိုလို့ အကြောင်းတစ်ခုခုလားဆိုတာ သိချင်လို့ပါ .. လူးလဲ ထလာတာ မဟုတ်ဘူး .. ဆေးလိမ်းပြီး အနှိပ်ခံနေတာ .."

"ရှင်းပြမနေပါနဲ့.. ရီ တစ်ခုခုပြောရင် မမမျိုး ဘက်က အကြောင်းပြချက်တွေက အမြဲ အဆင်သင့် ရှိနေတာပဲဟာ .."

ဒေါ်မျိုးရီ က ကိုယ့်အစ်မကို သူစိမ်းက ဝင်ပြော ဝင်ဆိုနဲ့ မလေးစားမှာကိုလည်း မထိန်းသိမ်းဘဲ သူမမျက်နှာမှာ မောဟများကြောင့် ကောက်ကွေ့ခြင်းတွေ အမျိုးမျိုး ဖြစ်ထွန်းနေခဲ့၏။

"တော်ပါပြီ .. အားလုံးကို ထားလိုက်တော့မှာပါ .. မမမျိုး ရောက်လာကာမှတော့ ကြားရမယ့်အဖြေတွေကိုလည်း ရီ စိတ်မဝင်စားတော့ဘူး .. အခု သူ့ကို ခေါ်လိုက်တာ လက်ထပ်ဖို့ကိစ္စ ပြောမလို့ .."

"လက်ထပ်ဖို့ .."

"ဟုတ်တယ် .. သူ အသက်နှစ်ဆယ်ပြည့်ဖို့ လိုသေးပေမယ့် မောင်ဝင်းထွန်း နဲ့ လက်ထပ်စာချုပ်လေး လုပ်ထားချင်တယ် .."

"ဒီကိစ္စကို ဘာဖြစ်လို့ လောနေတာလဲ ရီ ..၊ အဆင်း ကလည်း ဘာကိုမှ အတိုက်အခံလုပ်ခဲ့တဲ့သူ မဟုတ်ဘူး .. နင် အထင်လွဲနေတဲ့ ငါကလည်း ဒုက္ခိတပါ .."

"အမလေး .. ဒုက္ခိတက ပိုတောင် ခြေလှမ်းကျဲနိုင်သေးတာ အခု လက်တွေ့ပဲလေ .."

ပြောပြီး မျက်ဝန်းလေးတွေ ငြိမ်သက်နေအောင် ငေးကြည့်နေသည့် အဆင်း ကို မျက်လုံးစွေကြည့်လိုက်ကာ ...

"လိုနေတဲ့ လပိုင်းလေးအတွင်းမှာ ခြေမထိမင်းသမီးကို ခြေလှျိုး





မိုးပျံနိုင်အောင် ပြဒါးရှင်လုံးတွေ ဘာတွေများ ဖန်ဆင်းပေးဦးမလား မသိဘူး .."

"လိုရင်းကို ပြောလိုက်စမ်းကွာ .. မင်းတို့ ညီအစ်မ တွေ့လိုက်ကြရင် အလကား အရည်မရ အဖတ်မရတွေ ပြောဖို့ပဲ .."

ဦးစိုးဝဏ္ဏ စကားကြောင့် ဒေါ်မျိုးသီရိ မျက်ဝန်းတွေမှာ နာကျင်ရိပ်တို့ စွန်းထင်းသွား၏။ ရီ နဲ့ သူမ အသက်ကွာသလောက် ဦးစိုးဝဏ္ဏ နဲ့လည်း ကွာတာပဲ ဖြစ်သည်။

'မင်းတို့ ညီအစ်မ'လို့ ပြောလိုက်သော လေးစားသမှုမပါသည့် စကားဟာ ကိုယ့်ဘဝက ဒုက္ခိတမို့ ပို၍ နာကြည်းစရာ ဖြစ်ခဲ့သည်။

"ရီ တို့က မောင်ဝင်းထွန်း ကို မှာလိုက်ပြီးပြီ .."

"သူက ဘယ်မှာမှန်း သိလို့လား .."

"အမေရိကမှာလေ .."

"အခု ဘာလုပ်နေတာတဲ့လဲ .."

"နေပါဦး .. မမမျိုး မေးနေပုံက ကျွန်တော့်တူကို အထင်မြင်သေးနေသလိုပဲ .."

ဦးစိုးဝဏ္ဏ ဝင်ပါလာအောင် ဒီစကား တမင် စလိုက်တာမို့ ဒေါ်မျိုးသီရိ က တည်ငြိမ်စွာ ပြန်ကြည့်၍ ...

"မင်းရဲ့တူကို အထင်သေးဖို့ ကြီးဖို့တွေ ငါ တစ်ခါမှ ခေါင်းထဲ မထည့်ဖူးပါဘူး .. သူတို့သားအမိ ဒီကို စရောက်လာကတည်းက မင်း ဒီမှာရှိနေလို့ အားကိုးတကြီး ရောက်လာခဲ့တာ .."

ဦးစိုးဝဏ္ဏ မျက်နှာကြီး ညို့ခနဲ ဖြစ်သွားသည်။

"မောင်နှမ နှစ်ယောက်စလုံး ပညာရေးတွေကလည်း ကံမကောင်းကြဘူးလေ .. လူငယ်လေးတွေဖြစ်ပြီး နိုင်ငံခြားထွက်သွားတယ် ဆိုတည်းက သူများအိမ်မှာ ခိုကပ်နေရတဲ့ဘဝဆိုပြီး အားငယ်စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြတာလားလို့ ကရုဏာစိတ်တောင် ဖြစ်မိပါသေးတယ် ..”

တင်းတင်းစေ့ထားသည့် နှုတ်ခမ်းသားတို့အတွင်းမှာ အံကြိတ်နေပြီဆိုတာ အတပ်သိနေကာ ဒေါ်မျိုးသီရိ က အတတ်နိုင်ဆုံး တည်ငြိမ်မှုတို့ဖြင့် စုစည်း၍ ...

“ကလေးဆိုတာကလည်း ဆိုဆုံးမရ ခက်တယ်မို့လား .. သူတို့ထွက်မသွားကြခင် သူတို့ရဲ့အမေ ဖဲဝိုင်းကမထလို့ သားအမိတွေ စကားတွေ တခြိမ်းခြိမ်းများနေကတည်းက တစ်နေ့နေ့ ဒီလို ထွက်ခွာမှုတွေ ရှိလာကြတော့မယ်ဆိုတာ သစ်သစ် ကိုလည်း ငါ သတိပေးဖူးပါတယ်..”

“ဟွန်း ..”

ဦးစိုးဝဏ္ဏ ရဲ့ မဲ့ပြုံးတွေမှာ ကောက်ကျစ်မှုတွေ ပါလာသည်။ ဒေါ်မျိုးသီရိ ကလည်း တစ်ချက်လေးမှ အမူအရာ မပျက်ပေ ..၊ ကိုယ့်ညီမလေး အစတည်းက ခပ်ဆိုးဆိုးလေးမို့ အလိုလိုက်ခဲ့ကြသည်။

ဒါတွေကြောင့် ခုချိန်ထိ အစ်မကြီးမှန်း မသိ ..၊ အစ်မငယ်မှန်း မသိ မိုက်မိုက်ရိုင်းရိုင်းတွေ ခံပြော ခံအော် လုပ်နေသမျှ ခွင့်လွှတ်နိုင်ခဲ့သည်။ မပြောတတ်လို့မှ မဟုတ်ဘဲ ..၊

သင်းတို့အုပ်စု ဘယ်လိုအဆင့်အတန်းတွေလဲဆိုတာ နှိမ့်ချချင်တာ မဟုတ်ပေမယ့် ပြောမှကို ဖြစ်မှာမို့ ..၊

“ခုလည်း သစ်သစ် က အိမ်မကပ်သလောက်ပဲ .. သူ့သားသမီးတွေဆီ ရောက်ရောက်သွားတာတော့ မဟုတ်ဘူးမို့လား ..”

“မဟုတ်ဘူး .. ဖဲရိုက်နေတာ ..”

ဦးစိုးဝဏ္ဏ က ရွဲ့သည်။

“ဖဲချိုး ဖြစ်လာတော့ ပိုပြီး လက်ဆပြင်းလာတယ်လေ ..၊ ဟောဒီမှာ သူ့ယောက်မကိုယ်တိုင်က အလိုလိုက် အကြိုက်ထုတ်ပေးနေတော့ ဝိုင်းကောင်းရင် မိုးလင်းတော့တာပဲ ..”





“သြော် .. သြော် ... မသိလို့ မေးကြည့်တာပါ .. အခုဆင်း နဲ့ ဝင်းထွန်း ကို လက်ထပ်ပေးဖို့ဆိုတာက ခံသချာကြပ်မတ် စီစဉ်ဖို့ လွယ်ပါ့မလား ရှိ ..”

ကိုယ့်ညီမကို လှည့်မေး၍ ဝင်းထွန်း ဆိုတဲ့ကောင်ရဲ့ အရည်အချင်းကောင်းတွေအပေါ် ကိုယ် ထောက်ပြသွားတာကို သတိထားမိရဲ့လားလို့ အကဲခတ်သည်။

အမှန်းအငြိုးတွေသာ အဓိကဖြစ်နေခဲ့ပြီး တစ်ယူသန် ကြိုးပမ်းနေသည့် ဒေါ်မျိုးရီ ထံမှ မာဆတ်ဆတ် ခွန်းတုံ့ပြန်ခြင်းတို့ ရုတ်တရက် ထွက်မလာခဲ့ပေ ..။ ထိုအခါ ...

ဦးစိုးဝဏ္ဏ ဖနီးသည်ကို ဖျတ်ခနဲ ငဲ့ကြည့်ကာ ..၊ ဒေါ်မျိုးသီရိ နှုတ်ခမ်းမှာ ပြုံးရယောင်သမ်း၏။

“ပညာရေး စီးပွားရေး တစ်ခုခု ရည်ရွယ်ချက်နဲ့ သွားတာ မဟုတ်ဘူးလေ .. သူလည်း သူ့အခက်အခဲနဲ့ သူ ရှိရင် ရှိနေမှာပေါ့ ..၊ ငါက အဲဒါကို ပြောတာပါ .. ငါ့တူမနဲ့ လက်ထပ်ရမယ့်လူဟာ လူဆိုးဖြစ်ဖြစ် လူကောင်းဖြစ်ဖြစ် နင်တို့လင်မယားက ဒီအိမ်မှာ ဦးစီးဦးဆောင် ဖြစ်နေကြတာ .. နင်တို့ စီစဉ်တဲ့အတိုင်း ငါ သဘောတူရမှာပါ ..”

“ဒါဆို .. မမျိုး က သဘောမတူတာတော့ အမှန်ပဲပေါ့ ..”

ဦးစိုးဝဏ္ဏ ကပဲ မေးတာမို့ မပြောချင်ပေမယ့် ကြည့်လိုက်ရကာ...

“တစ်ခါတလေကျတော့ ပြောမပြဘဲ သိလိုက်တာတွေက ပိုကောင်းတယ်ကွ ..”

“သိပါတယ် .. အံ့သြလို့ မေးတာပါ .. မမျိုး က ကြောက်ပါပြီသားအော်နေတာ .. လက်နက်ပုန်းပြပြီး ခြိမ်းခြောက်နေတာကိုး ..”

“လက်နက်ပုန်း မပြပါဘူး .. ကြောက်ပါပြီလို့လည်း ငါမအော်ဘူး .. မာနဆိုတာ ရာသီစာနဲ့ တူတယ် .. ကာလံ ဒေသံနဲ့ခြားတာ

www.burmeseclassic.com



တာလေ .. နန်းကျာဘုရင်တောင်မှ ကိုယ့်ကျေးကျွန်ကို ပြန်ကြောက်ရတဲ့ ကာလကို ရင်မဆိုင်ချင်လို့ မရဘူး ..၊ ငါ အဲဒါတွေကို နားလည်တယ်..၊ နားလည်ပါတယ်လို့ ပြောပြီး လည်စဉ်းပေးနေတာကို မင်း အထင်လွဲနေတာ ထင်တယ် .."

"ဒါဆိုလည်း ကာလံ ဒေသံတွေနဲ့ စကားမပြောနဲ့ပေါ့ဗျာ .. ကျုပ်တို့က သိုင်းဝိုင်းပြောတာကို မကြိုက်ဘူး .."

"မင်းအကြိုက် လိုက်ပြောဖို့လည်း ငါ ဆန္ဒမရှိဘူး စိုးဝဏ္ဏ .. ငါ့ညီမ ဘာဖြစ်ချင်သလဲ .. သူ ဘာလုပ်လုပ် ငါ မတားဆီးနိုင်ရင် ကြည်ဖြူစွာ ကြည့်နေပေးမယ် .. အဲ့ဒါ ငါ့ညီမမို့လို့ပဲ .."

"ဟုတ်လား .. ခင်ဗျား ဒုက္ခိတမို့လို့ မာန်လျှော့နေရတယ် ထင်တာ .. ညီမဘက်ကို မျက်နှာလုပ်လိုက် .. ဒီဘက်လှည့်ပြီး အမောက်ထောင်ပြလိုက် မလုပ်စမ်းပါနဲ့ .. ရိုးနေပြီ .."

"ရိုးနေပြီဆိုတော့လည်း မင်းနဲ့ ငါ အမေးအဖြေတွေ နည်းတာပေါ့ကွာ .."

ဒေါ်မျိုးသီရိ က ရီ့ဘက်ကို လှည့်လိုက်စဉ် ဖုန်းသံ မြည်လာ၏။ ဦးစိုးဝဏ္ဏ အိတ်ထဲက ဖြစ်ကာ ...

"ဟော .. ပြောရင်းဆိုရင်း ငါ့တူ လူရမ်းကားလေး ဖုန်းဆက်ပြီ"

ဦးစိုးဝဏ္ဏ က ဒေါ်မျိုးသီရိ ကို လူကြီးတစ်ယောက်ဆိုသည့် အမြင်မျိုး တစ်စက်လေးမှ မရှိခဲ့ဘဲ ဖုန်းကိုင်၍ ဆိုဖာမှာ မှီလိုက်ပြီး ပက်လက်စန့်စန့်ကြီး လုပ်နေလိုက်သည်။ ပြီးမှ ...

"ဝင်းထွန်း လား .. အေး .. ငါ သိတာပေါ့ .."

"... ... ... ..."

"မင်းအမေကတော့ ထုံးစံအတိုင်း ဝိုင်းကောင်းနေမှာပေါ့ကွာ .."

"... ... ... ..."





"ဟား .. ဟား .. ဟား .. ဟုတ်တယ် .. ဟုတ်တယ် .. ခုမှ သိပ်ဟန်ကျနေတာ .. ငါလည်း မပြောတော့ဘူးဟော့ .. ငါ့ညီမ မုဆိုးမလေးမို့လို့ အလိုလိုက်ထားတာ .."

ပြောနေရင်း ဒေါ်မျိုးသီရိ ငြိမ်သက်စွာ နားစွင့်နေတာကို ခပ်ပြုံးပြုံးမျက်နှာနှင့် လှမ်းကြည့်သည်။ ပြီးတော့ အဆင်း ဆီ အကြည့်ရောက်၏။

"ဘာရယ် .. ဩော် .. မင်းက အဲဒီမှာတောင် ဖဲချည်း လိမ့်ရိုက်နေတာလား .. ဒါနဲ့ ဆန်းဒေးတုန်းက ဖုန်းဆက်တော့ ဘောလုံးပွဲ ရှုံးတာဆို ..၊ အေး .. ချကွာ .. မင်းတို့သားအမိမှ မဖြုန်းရင် ဘယ်သူ ဖြုန်းမှာလဲ..၊ ဟွန်း .. ငါ့မှာ သုံးစေ ဖြုန်းစေဆိုပြီး လက်ညှိုးထိုးစရာ သားသမီးမှ မရှိဘဲ .."

"... ... ... ..."

"ဟုတ်တယ် .. ဒီလမကုန်ခင် အမြန်ဆုံး ပြန်ခဲ့ .."

"... ... ... ..."

"အေးလေ .. ဘာဖြစ်တာ မှတ်လို့ .. လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးရုံပဲ .."

"... ... ... ..."

"အမလေး!... ကြီးကြီးကျယ်ကျယ်တွေ ပြောနေပြန်ပြီကွာ .. မင်းက မိန်းမယူရုံပဲ .. မင်းတို့အိမ်ထောင်ရေး မင်း ပူစရာ မလိုပါဘူး..၊ ဒီမှာ .. မင်းဒေါ်လေး ရီ ရှိရင် ငွေ ရှိတယ် .."

"တောက်!..."

ဒေါ်မျိုးသီရိ တက်ခေါက်၍ လက်တင်နှစ်ဖက်ကို လက်ဖျော့တုန်နေတဲ့အထိ ဖိဆုပ်ထားသည်။

ဒေါ်မျိုးရီ ကိုယ်တိုင် ရတ်တရက်ကြီး ရင်ဆိုင် ယှဉ်ပြိုင်နေကြ

www.burmeseclassic.com



သည့် နှစ်ယောက်ကို ဘယ်လို ဝင်ပြောရမှန်း မသိအောင် ဖြစ်နေခဲ့လျက် ...

"တိတ်စမ်း စိုးဝဏ္ဏ .. မင်း .."

"ဗြန်း .."

ဖိုင်အထပ်ကို ကောက်ယူကာ စားပွဲပေါ်ကိုပဲ ဗြန်းခနဲ ပြန်ပေါက်ချလိုက်ကာ ...

"မင်း .. မင်း ပြောနေတာတွေ ရပ် .. အခု ရပ် .."

ဦးစိုးဝဏ္ဏ က ဖုန်းကို နားကနေ အသာလေး ခွာ၍ ...

"နောက်မှ ပြန်ဆက်မယ် သား .."

လို့ တစ်ဖက်ကို နှုတ်ဆက်၍ ...

"ကျွန်တော့်တူသားနဲ့ ပြောနေတာ .. မမျိုး နားမထောင်ချင်ရင် သွားလေ .."

"မင်း မမိုက်ရိုင်းနဲ့ စိုးဝဏ္ဏ .. အဆင့်အတန်းမရှိ စိတ်ဓာတ်ကကလေကချေ .. မင်းတူလို ယောကျ်ားနဲ့မျိုး .."

"ဟား .. ဟား .. ဟား .. ဟား .."

"ငါ့သမီးက ရွှေလင်ပန်းနဲ့ အ[illegible]ပြီး ခြွေရံသင်းပင်းနဲ့ နေမလောင် မိုးမခ ကြီးပြင်းခဲ့တဲ့ မင်းသမီးတစ်ပါး .."

"ကုဋေရှစ်ဆယ် သူဌေးသားလိုလား .. တောင်မြောက်ဘယ်မှာမသိပါပြား .. ဘာတဲ့ .. အဲ .. ခွက်လက်ဆွဲကာ တောင်းစားပါပြား.."

"တိတ် .. ခု တိတ်လိုက်စမ်း .."

"ဟား .. ဟား .. ဟား .. သင်ရိုးတွေ ပြောင်းကုန်ပေမယ့် မပြောင်းသေးတဲ့ ကဗျာလေးမို့လို့ပါ .."

ဒေါ်မျိုးသီရိ အသက်ရှူသံပြင်းပြင်းနှင့် အံကြိတ်ရင်း ဦးစိုးဝဏ္ဏကို စူးစိုက်ကြည့်နေ၏။





"ကြီးတော် .. ကြီးတော် ရယ် .. တော်ပါတော့ .."

ကျန်းမာရေးမကောင်းတဲ့အချိန်မို့ အဆင်း စိုးရိမ်လာကာ ဒေါ်မျိုးသီရိ လက်မောင်းကို မရဲတရဲ ကိုင်၍ တောင်းပန်မိသည်။

"ဟွန်း .."

ဒေါ်မျိုးသီရိ က အဆင်း လက်ကို ဖယ်ချပစ်၍ ...

"များစွာကျွန်ပေါင်း မကောင်းခိုးယူ ယူ၍ပြေးရှောင် ဆိုတာရော.. ပြည့်ပြည့်စုံစုံ ရွတ်လိုက်စမ်းပါ .."

"ရှိသေးသလား .. မသိတော့ဘူး ..၊ ကျွန်တော်က ဘာလဲ.. ဟိုအပိုဒ်လေ .. အဲဒီစာပိုဒ်လေးတော့ မှတ်မိသေးတယ် ..၊ ခွက်လက်ဆွဲကာ တောင်းစားပါပြား နင်သာလူမိုက် ဒုစရိုက်ဟု ရိုက်ပုတ်လိုက်ကြ .. ရွာမှထွက်လေ .. အဲ .. တောမှာ သေ၏၊ ကောင်သေ လင်းတစား၏ သတည်း .. အဲ့ဒါ .. အဲဒါတွေကိုတော့ မှတ်မိတယ် ..၊ ပတ်ဝန်းကျင်ကတောင် မသနားတဲ့ သူဌေးသား မိုက်သားလေ .. ဟဲ .. ဟဲ.."

ထိုချက်က ပြင်းသည်။ တစ်ခါတလေမှာ ဖော်ထုတ်ခွင့်မသာတော့တဲ့အတွက် ခံရခက်ခြင်း[illegible]နဲ့မဆံ့အောင် ဖြစ်လာခဲ့လျက် ...

"ခင်း မှန်ပါတ[illegible]း မှန်တယ် စိုးဝဏ္ဏ .. ဒါပေမယ့် ငါတို့မမှားခဲ့တာလည်း မ[illegible] မျက်နှာပြောင်တိုက်ပြီး လိမ်နေတာ.."

ဒေါ်မျိုးသီရို [illegible]ခွန်းမှ ဝင်ရောက်ပြောဆိုဖော် မရခဲ့သောညီမဖြစ်သူထံ စူးခနဲ အကြည့်တစ်ချက် ရောက်ပြီးမှ ...

"ဒါတွေ ဖြစ်လာခဲ့တာဟာ ငါ့တူမလေးကို ခုလိုမျိုး မင်း.. မင်းဆောင်ရယ်ခွင့် ရနေခဲ့တာ .. ငါတို့ ညံ့လို့ မဟုတ်ဘူး .. မင်းတို့ကိုယ်တိုင်ပဲ ဖန်တီးခဲ့ကြတာ .. ငါ့သမီးလေးဘဝကို လှောင်ချိုင့်စံ လုပ်ပစ်ခဲ့ .."

"ဟင်!... ကြီးတော် .."



www.burmeseclassic.com

www.burmeseclassic.com



"မမမျိုး .."

"ကြီးတော် .. ဒေါ်လေး လုပ်ပါဦး .."

ဒေါ်မျိုးသီရိ သည် ငိုးလ်ချဲပေါ်မှာပဲ သတိလစ် မေ့မြောသွားခဲ့၏။

"ကိုစိုး ရယ် .. ရှင်ကလည်း .."

"ဘာလဲကွ .. ဟား .. ဟား .. ဟား ... သူ့ဘာသာ ငါ ပြောနေတာတွေ မှန်လွန်းလို့ ဟတ်(ထ်)ထိသွားတာ ..၊ 'ဟုတ်တာကိုဆို နာလိုခံခက် အမျက်မထွက်နဲ့'တဲ့ .. မင်းအစ်မ အသက်ကြီးပေမယ့် စာမတတ်သေးပါဘူး .. ဟား .. ဟား .. ဟား ..."

"မမမျိုး .. မမမျိုး ရေ .. ဟဲ့ ဆရာဝန်ဆီ ဖုန်းဆက်စမ်း.. အမြန်ဆုံး လာနိုင်မယ့် ဆရာဝန်ကို ခေါ် .."

ဒေါ်မျိုးရီ အသံတွေတုန်ကာ ငိုသံဖြစ်နေခဲ့သော်လည်း ယောကျ်ားဖြစ်သူကိုတော့ တစ်ခွန်းတလေမှ ပြစ်တင်ဝေဖန်မှု မပြုခဲ့ ..။

မုန်တိုင်းသည် လေဖိအားနည်းရာသို့ ဗဟိုပြုလျက် ..၊





အခန်း (၁၂)

"ဒီနေ့ မင်းရဲ့လေပွေ ဘယ်အရပ်ကို ဗဟိုပြုမှာလဲ .."

"ဘယ်ကိုပြုပြု ပြုချင်တဲ့အရပ်ကို ပြုမယ် .."

ဒီတိုင်း ဖြေမှာပဲဆိုတာ သိပြီးသားပေမယ့် မကျေမနပ်ဖြစ်သွားတဲ့ မျက်နှာမျိုး ဖြစ်မသွားဖို့တော့ ပြင်ဆင်ထားခဲ့ဖို့ မေ့၏။

ရေနွေးပန်းကန်ထဲကို ရေနွေးပူတွေ ထည့်ကျင်းရင်း ပက်ခနဲ့နောက်လှည့်ပက်လိုက်တာလည်း ဒေါ်သမကင်း ..၊

"ပြောပြီးသား နော် .. ဒီမနက် ငါက ဘယ်မှ ရွေ့ဖို့ မရှိဘူး .. မင်းဘာသာ ဘယ်ကိုဗဟိုပြုပြု လိုက်နေမှာပဲ .. နေ့လယ်စာထိ ချိုချဉ်ငန်စပ် အပြည့်အစုံနဲ့ စားသောက်ပြီးမှ ပြန်မှာ .."

"မရဘူး .. အခု ဗရေ့ဖက်(စ်)မှာ မုန့်ဟင်းခါးတစ်ပွဲ .. လဘက်ရည်တစ်ခွက် .. ဒါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ မုန့်ဟင်းခါးနှစ်ပွဲနဲ့ လက်ဖက်ရည် အကျနှစ်ခွက် လှမ်းမှာလိုက်သည်။

ရန်သူ လုပ်ပြီဆို သူ ဘာမှ တတ်နိုင်ခဲ့တာ မရှိသော်လည်း ...

"ဟာ .. ဟော့ .. ဒီလိုတော့ မလုပ်နဲ့ .. မုန့်ဟင်းခါး ပလိန်းဆိုတာ မရှိဘူး .."

တတ်နိုင်သမျှတော့ အထွန့်တက်ဖို့ အချိန်မီကြိုးစားကာ ဝိတ်တာကို လက်ခုပ်တီး၍ လှမ်းခေါ်ကာ ...

"ဘူးသီးကြော်နဲ့ နော် .. ခုနမှာတဲ့ နှစ်ပွဲ .."

ကိုယ့်သဘောနဲ့ကိုယ် မှာပြီး မျက်လုံးလှန်ကြည့်သည့် ရန်သူ့ကို သွားဖြဲပြရသေးသည်။

ပြောလို့ မရပေ .. ဒီကောင်က 'မရဘူး .. ငါ ကျွေးမှာ မုန့်ဟင်းခါးပလိန်း' လို့ ထပြောချင် ပြောနိုင်တာမို့ ...

"တစ်ရာစီပဲ တိုးတာပါကွာ .. ရုပ်ကြီးကလည်း .."

တိုးတိုးကပ်ပြောပြီး ချော့မော့နေရသေးသည်။ အိမ်မှာလည်း ကပ်နေရသည်၊ အလုပ်မှဲ့ အကိုင်မှဲ့ ဖြစ်နေတတ်တာလည်း All time မို့ စောရန် ကိုယ့်ကိုယ်ကိုယ်တော့ သိမ်ငယ်ရကောင်းမှန်း မသိအောင် နှိမ့်ချခဲ့ပါ၏။

ဒါပေမယ့် ရန်သူ ဆိုတဲ့ကောင် ..၊ မင်းရန်သူ ဆိုတဲ့အတိုင်း ဘယ်လို တည့်အောင်ပေါင်းလို့မှ မကောင်း ..။

"ဟော .. ဟိုမှာ ဒကာခံမယ့်သူ လာပြီ ..၊ မင်းကို ရယ်ပြနေရတာတွေ ပြန်ရုတ်သိမ်းတယ် .."

သူတို့စားပွဲက မျက်နှာစာမှာမို့ နီးနီးလေးမှာ ရပ်လာသည့်ကားကို မြင်လိုက်တော့ ရန်သူ့ မျက်နှာ ပြောင်းသွားသည်။ မပြောလို့လည်း မဖြစ်-စကားဝါ က ကားပေါ်က မဆင်းခင်တည်းက ပြုံးပြလာတာမို့ ...





"အတော်ပဲ.. အိမ်မှာ ကော်ဖီတစ်ခွက်ပဲ သောက်လာခဲ့တာနဲ့ ..၊ ဒီမှာ ဘာတွေရလဲ ဟင် .."

"အစုံရတယ် မမဝါ .."

ကွယ်ရာမှာ ဒေါ်စကားဝါ လို့ ခေါ်ပေမယ့် မျက်နှာရှေ့မှာတော့ အန်တီခေါ်လို့ မကောင်း ..၊ ပြီးတော့ သူမ ဝတ်စားပြင်ဆင်ထားပုံနဲ့ မမခေါ်တာပဲ အဆင်ပြေမှာပါ ..။

စောရန် က မီးဖျူးဘွတ်(ခ်)လေးကို စကားဝါ ရှေ့တွန်းပို့လိုက်ကာ ...

"ကျွန်တော်တို့က မုန့်ဟင်းခါးနဲ့ လက်ဖက်ရည် မှာထားတာ..၊ ဒီကောင်လေ .. မုန့်ဟင်းခါးပလိန်းလို့ မှာလို့ ဘူးသီးကြော်လေး ထည့်ခိုင်းကို မနည်း ကြိုးစားလိုက်ရတယ် .."

"စော .. ရန် .."

"မင်း မဟုတ်လို့လား .."

"ကဲပါ .. ကြိုက်တာ မှာပါ .. ဒီမှာ ကျွေးမွေးချင်လွန်းလို့ ကမ္ဘာပတ် ရှာနေရတာ .."

"ဗျာ .. ကျွန်တော့်ကိုလား .."

"ဒီ ချာတိတ်ကိုလေ .."

စောရန် တမင် သိသိနဲ့ အထွန့်တက်နေတာမို့ ရန်သူ့ မျက်နှာ ပျက်နေတာကို မသိသလို နေလိုက်ရကာ ...

"ဟုတ်တယ် မမဝါ .. သူ့ကို ကျွေးမွေးပြုစုချင်ရင်တော့ မလွယ်ဘူးပဲ .. သူများ ကျွေးတာကျတော့လည်း မစားဘူး .. သူ့ဟာသူလည်း ဘာပ်စေးနဲ့တယ် .. အဲဒါ သူပဲလေ .."

"စောရန် .. မင်းကို ငါ ဆိုင်ထဲက ကန်ထုတ်မိတော့မယ် .."

ရန်သူ ဒေါသ တကယ်ထွက်နေတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လျှာထိုးဦးထုပ်အောက်က တွန့်ကုတ်ထားသည့် မျက်ခုံးတန်းတို့ကို စိုက်ကြည့်ပြီး စကားဝါ က ကလေးဆိုးလေးလို ချစ်စနိုးရယ်လို့မဆုံး …။

ရန်သူ့ ပုံစံကလည်း ဒီလို တိုင်းထွာသုံးစွဲတတ်သည့် လူငယ်တစ်ယောက်လို့ ထင်ချင်စရာ မရှိ …။

အကျီဝတ်တိုင်း ထင်းနေသည့်အရောင်တွေကိုပဲ ဝတ်တတ်ကာ လက်ရှည်တွေပဲ အဝတ်များသလောက် ချိုင်းပြတ်ခါးတို ဂျင်းဂျက်ကက်လေးတွေ ထပ်ဝတ်ထားတတ်တာလည်း ရှိသည်။

အရပ်မြင့်ကာ လူက ပိန်ပိန်ပါးပါးမို့ ဝတ်စားသွားလာသည့် စတိုင်လ်က ခပ်မိမိ …၊

ပြောရမည်ဆိုလျှင် ရန်သူ့ ပုံစံက ဘယ်သောအခါမှ ကလေးကချေဆန်ဆန် ဖရိုဖရဲ ဖြစ်နေတတ်တာ မရှိ …၊

မိဘမဲ့ဖြစ်နေသည့်ပြင် ယောကျာ်းလေးတစ်ယောက်လည်း ဖြစ်လင့်ကစား သူ့ဘဝလေးကို သူ ထိန်းသိမ်း နေထိုင်တတ်သည့် လူငယ်လေးမို့ စကားဝါ က ရန်သူ့ ကိုဆို အထင်ကြီး ခင်မင်သည့် မျက်လုံးနဲ့သာ ကြည့်ခဲ့တာ ဖြစ်သည်။

ဘယ်သူ ဘယ်လိုထင်ထင် သူမ ဂရုမစိုက်ပါ …။

ဒီကောင်လေးကို ရင်းနှီးခင်မင်ချင်နေမိတာဟာ ရိုးသားတဲ့စိတ်လား … မရိုးသားစွာလား …၊

ဒါလည်း သူမအဖို့ အရေးတကြီး တွေးတော ဆင်ခြင်ရမယ့် ပြဿနာ မဟုတ် …။

အထင်ကြီးထိုက်လို့ ကြီးသည် …၊ ခင်ချင်စရာမို့ ခင်သည် …၊ သူမ ခံယူထားခဲ့တာ ဒါပဲ ဖြစ်သည်။

"သူငယ်ချင်းနှစ်ယောက် အချင်းများမနေကြနဲ့ … မင်းတို့နှစ်





ယောက်အကြောင်း … အထူးသဖြင့် မင်းရဲ့စိတ်ကို တို့လောက် ဘယ်သူက နားလည်မှာလဲ မောင်လေးရယ် … အဲ့ဒါ ရိုးရိုးသားသား နော် … မင်းကို တို့ရဲ့ တကယ့်ခင်မင်စိတ်က ဖြစ်လာတဲ့အတိုင်း ပြောပြတာ…"

"သိပါတယ် မမဝါ ရယ် … ကျွန်တော်တို့ချင်း ဒီလိုတွေ စကားပလ္လင်ခံနေရမယ့်လူတွေ မဟုတ်ပါဘူး …"

"မင်း သိဖို့ထက် မင်းမင်း ကို ပိုပြီး နားလည်စေချင်တာ …"

စကားဝါ က သူမကို ပျုံပျုံငှာငှာ မရှိသေးသည့် ရန်သူ့ ကိုပဲ ဦးတည်နေ၏။

ရန်သူ့ မျက်နှာကလည်း စကားဝါ နဲ့ ရောယောင် ဖြီးဖြန်းနေသည့် စောရန် ကို မကျေနပ်နေမိတာတွေမှာ မပျောက်နိုင် …၊

"မင်းမင်း ရယ် … ပတ်ဝန်းကျင်တွေ ဘာပြောပြော … မင်းနဲ့တို့က ခုလိုဖြစ်သွားကြဖို့ မရှိတဲ့လူတွေပါ … ဘာဖြစ်လို့လဲဆိုတော့ မင်းအတွက်လည်း လိုအပ်တာတွေ အကုန်ပြည့်စုံသလို တို့မှာလည်း အကျိုးဖြစ်ထွန်းတယ် … ခုဆိုရင် မင်းလည်း အဆင်မပြေတာတွေ ရှိနေတယ် …၊ တို့လည်း …"

"ကျွန်တော့်ကို အဆင်မပြေဘူးလို့ မဝါ ကို ဘယ်သူ ပြောလိုက်တာလဲ …"

"မင်းမှ ခုချိန်ထိ …"

"ကျွန်တော့်မှာ အလုပ်အကိုင် မယ်မယ်ရရ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး … ရှိရင်လည်း ကျွန်တော်က အလုပ်ကို သတ်သတ်မှတ်မှတ် ကျောက်ချပြီး မလုပ်တတ်ဘူး …"

"ဘယ်လုပ်တတ်မလဲ မင်းက … သူများခိုင်းတာကို မကြိုက်တတ်တဲ့သူပဲ …၊ ဒါပေမယ့် ကိုယ့်မှာ ဘာမှမရှိတာကိုလည်း မေ့နေတယ် …"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ ဘာမှမရှိတာ .. တခြားလူတွေ အမြင်မတော်နေတိုင်း စြည့်ဝလာမှာမှ မဟုတ်တာ .. အဲဒီတော့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်တောင် မပူတာ .. မဝါ ကိုလည်း စိုးရိမ်ပူပန်မနေဖို့ ပြောချင်တယ် .."

စကားဝါ က တခြားစားပွဲမှာ ကိုယ့်အာရုံနဲ့ကိုယ် ပြောဆို စားသောက်နေတဲ့သူတွေဆီ မျက်လုံးဝေ့၍ နားလည်သည့်အပြုံးကို ဖန်တီးသည်။

လူတွေကို စိတ်ဝင်စားလို့ မဟုတ်ဘဲ ရန်သူ့ စကားကို ခံရခက်သွား၍ ဖြစ်သည်။ ဒါပေမယ့် ...

"သိပါတယ် မင်းမင်း ရယ်... ရတ်တရက်ကြီး ဖုန်းတွေ ပြန်ပေးပြီး အသွားအလာတွေ ချက်ချင်းဖြတ်တောက်ပစ်တည်းက ဒေါ်သဲနှစ်တို့ လင်မယား စနောက်ကြတဲ့ စကားတွေကြောင့်ဆိုတာ .."

"မဝါ .. အခု ကျွန်တော့်ကို အလုပ်ပြန်လုပ်ပေးဖို့ ပြောချင်တာလား .."

"ပြောရင် မင်းက စဉ်းစားပေးဖို့ ရှိလား .."

"မရှိဘူး .."

"တခြားအလုပ်တစ်ခုတောင် မင်းအတွက် တို့ တွေ့ထားသေးတယ် .. မင်းရဲ့ကာရိုက်တာနဲ့ အလုပ်ကတော့ အဆင်ပြေမယ် ထင်တာပဲ .."

စကားဝါ က သူမစကားကို ရန်သူ တို့ စိတ်ဝင်စားနေပုံ ဖြစ်သွားကာမှ မိန်းကြည့်လိုက် .. ဝိတ်တာကို ခေါ်ပြီး စားစရာတွေမှာလိုက်နှင့် အေးဆေး လှုပ်ရှားနေသည်။ ပြီးမှ ...

"မင်း စိတ်ဝင်စားမယ်လို့လည်း ထင်တယ် .. ဝင်စားမှာ မဟုတ်ဘူးလို့လည်း ထင်တယ် .. နောက်တစ်ခုက သူတို့ကလည်း သူတို့





အကြောင်း လိုအပ်တာကို ပြောပြရုံပဲ ရှိသေးတာလေ .. ဒါပေမယ့် မင်းကို ကြိုပြောထားတော့ သူတို့ လူလိုတယ်ဆိုတာနဲ့ မင်းနဲ့ ချိတ်ပေးလိုက်လို့ ရတာပေါ့ .."

"ဘာအလုပ်လဲ မဝါ .."

စောရန် မမျိုသိပ်နိုင်တော့သဖြင့် ဆန္ဒစောစွာ မေး၏။

"အဲဒါလည်း ခု မသိဘူး .. အရမ်းကို ချမ်းသာတဲ့ မိသားစုတစ်ခုရဲ့ အိမ်တွင်းရေးဆိုတော့ ပြောရခက်တယ် ..၊ တို့ သိနေတာကလည်း တို့က သူဌေးကတော်နဲ့ အရောင်းအဝယ်လုပ်နေကျ .. စိန်ပွဲစား ဖြစ်နေလို့ .. ပြောရရင်ကွာ .."

စကားဝါ က ဘာပြောပြော ရန်သူ့ မျက်နှာကိုပဲ ကြည့်၍ ...

"သူဌေးကတော်မှာ သားတစ်ယောက် ရှိတယ်ကွာ .. လူချမ်းသာတချို့ရဲ့ မိသားစုတွင်းမှာ ဖြစ်တတ်တဲ့ အဆင်မပြေမှုတွေထဲက တစ်ခုပေါ့ .. အဲဒီသားက ဆိုးတယ် ..၊ သူ့သားအတွက် ဘယ်သွားသွား .. ဘယ်လာလာ စိတ်ချချင်တယ် ..၊ ပြောတာကတော့ ဒီလောက်ပဲ .. သူ့သားလေးအတွက် .."

"ကျွန်တော့်ကို သက်တော်စောင့် လုပ်ပေးမလားလို့ မေးတာလား .."

"မင်းက သဘောပေါက် လွယ်သားပဲ .. ဒါပေမယ့် တို့တွေကမ္ဘာမှာ သက်တော်စောင့်တွေ .. အရှင်တွေ .. သခင်တွေဆိုတာ သတ်မှတ်ချက်ကြီးတစ်ခုလို စည်းခြား မနေပါဘူး .. အတူသွား .. အတူနေမယ်ဆိုတော့ကြည့်ရင် သူဌေးသားနဲ့ မင်း သူငယ်ချင်းတွေပဲပေါ့ .."

"အဲဒီ အကျိုးဆောင်ခအတွက် မဝါ က ဘယ်လောက်ရမှာလဲ .."

မတည့်ရာ မတည့်ကြောင်း မေးတာပေမယ့် စကားဝါ အံ့အားသင့်သလို ခဏပဲ စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် .. သူမ ဖြေစရာမလိုသေးဘဲ ရန်သူ တို့အတွက် မုန့်ဟင်းခါးပွဲတွေ ရောက်လာခဲ့သည်။

သူမကပဲ ရန်သူ့ အတွက် မျက်နှာရှေ့ရောက် သေချာ နေရာချပေးတာ ငရုတ်သီး နံ့နံ့ပင်လေး နည်းနည်းစီ ထည့်ပေးနေ၏။

ထို့ပြင် ...

"မင်းမင်း က ဘူးသီးကြော် မကြိုက်ဘဲနဲ့ ဘာဖြစ်လို့ ထည့်ထားတာလဲ .."

"ကျွန်တော် မှာလိုက်တာ .."

ရန်သူ့ အကြောင်း သူ့ထက် ပိုသိနေသည့် စကားဝါ ကို အံ့ဩရင်းစောရန် က ဖြေပြီး ရယ်သည်။

ရန်သူ့ မျက်နှာက တစ်စက်မှ အရယ်အပြုံး မရှိ ..၊ စကားဝါ က ပြုံးနေလျက် ဘူးသီးကြော်တွေကို ဘေးကပ်ပြီး အဆင်သင့် ခပ်စားရုံလေး ပြင်ဆင်ပေးနေရင်း ...

"ကိုယ့်မောင်လေးလို သဘောထားပြီး ပြုစုပေးနေတာပါ .. မျက်နှာကြီး နည်းနည်း လျှော့ဦး .."

ရန်သူ့ မျက်နှာကို မကြည့်ဘဲ ကလေးချော့သလို ချော့နေ၏။ ဒါမျိုးလုပ်လေ ရန်သူ နဲ့ မတည့်လေဆိုတာ စောရန် က နားလည်နေသည်။

ခုကျမှပဲ သူမကို ရန်သူ ဘာဖြစ်လို့ ဆက်ဆံရေးကြဲပစ်လိုက်မှန်းပို၍ နားလည်သွားရကာ အံ့လည်း အံ့ဩမိသည်။

ပတ်ဝန်းကျင်အလယ်မှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေလာခဲ့တဲ့ကိုယ့်သမိုင်းကို ရန်သူ နဲ့ကျမှ စွန့်လွှတ် ခဝါချဖို့ ဘာဖြစ်လို့ အဆင်သင့် ဖြစ်နေရတာလဲ ..၊

"စားလေ မင်းမင်း .."





ရန်သူ က သူမ ပြင်ဆင်ပေးသည့် မုန့်ပွဲကို လက်နဲ့တောင် မထိဘဲ လက်ဖက်ရည်ကို ယူသောက်လိုက်ပြီး ...

"မောင်လေးလိုဖြစ်ဖြစ် .. ဘယ်ပုံစံနဲ့ဖြစ်ဖြစ် ကျွန်တော်ကလည်း အဆင်သင့် ကောက်စားရတာမျိုးကို မကြိုက်ဘူး ..၊ မဝါ ရဲ့စေတနာကို စော်ကားသလို ဖြစ်သွားရင် ဆောရီးပါ .."

သူ ဘာပြောပြော စကားဝါ က အပြုံးမပျက် ..၊

"သြော် .. ဒါလည်း သိပါတယ် .. စော်ကားလိုက်တာလို့ ထင်မိရင်တောင် မင်းကို စိတ်မဆိုးဘူး ..၊ တို့ရဲ့စေတနာကို စော်ကားသလိုဖြစ်တိုင်းသာ စိတ်ဆိုးရရင် မင်းမင်း ရယ် .. အဟွန်း .."

သူမက ဘာမှမဖြစ်သလို ရယ်နေပေမယ့် မျက်ဝန်းတွေကတော့ အေးစက်ခြင်းတို့ စွန်းထင်းခဲ့ပြီဖြစ်ကာ ...

"တို့ လာတာ မင်းနဲ့ အဆင်မပြေစရာတွေ ပြောပြီး ထပြန်ဖို့ မဟုတ်ဘူး မင်းမင်း .. အလုပ်ကိစ္စကိုတော့ သပ်သပ် ခေါင်းထဲထည့်ထားလိုက်ပါ ..၊ သူဌေးသားက ထင်သလို နေမယ် .. သူ သွားလေရာ လိုက်ရမယ် .. သူ နေသလို မင်း နေရမယ် ..၊ ရန်သူ့တပ်ထဲ ရှေ့တန်းကနေ ဝင်ရမှာမျိုးမှ မဟုတ်တာ မင်းမင်း ရယ် .. ဒီအလုပ်က မင်းအတွက် အဆင်ပြေဆုံးပဲ .."

"ဒါ အဆင်ပြေရင် ပွဲခရမှာပဲဆိုပြီး စားစရာတွေ အများကြီးမှာလိုက်တာမျိုးဆိုရင်တော့ မဝါ ပိုက်ဆံ ဆုံးပြီထင်တယ် .. ကျွန်တော်က သက်တော်စောင့်အလုပ်မျိုးထက် ကြေးစားလူသတ်သမား လုပ်ရမယ်ဆိုရင်တောင် စိတ်ဝင်စားဖို့ ရှိသေးတယ် .."

"အဟွန်း .."

စကားဝါ က စားပွဲပေါ်မှာ လက်နှစ်ဖက် ထောက်လိုက်ပြီး ရန်သူ့ကို သေချာ စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ရဲ့အလုပ်ကိုပဲ မင်းက မလုပ်ချင်တာ မဟုတ်ဘူးလား.. မင်း ဘယ်လိုနေနေ တို့က မင်းအတွက်ချည်းပဲ ခေါင်းထဲ ထည့်ခဲ့တာပါ...၊ မချမ်းသာဘူးဆိုပေမယ့် မင်းရဲ့ပုံစံက အလုပ်ကြမ်းတွေနဲ့ မအပ်စပ်ပါဘူး .. လူသတ်သမား လုပ်စားရတဲ့အထိ မင်း အကြံဉာဏ် မနည်းသေးဘူးဆိုတာ တို့ သိတယ် ...၊ တစ်ခုပြောချင်တာက တို့ ဘာပြောပြော လက်မခံဖို့ အသင့်ပြင်ထားတာမျိုးတော့ မလုပ်စေချင်ဘူးနော် .."

"မဝါ တကယ် အပြောကောင်းပါတယ် .."

"မင်း အထင်လွဲနေပြီ ထင်တယ် မင်းမင်း .. တို့က ပွဲစားလုပ်နေတာ မဟုတ်ဘူးနော် .. အဲဒီသူဌေးနဲ့ တို့ရဲ့ဆက်ဆံရေးက ဒီလို အလုပ်သမားရှာပေးတဲ့ ပွဲခလောက်ကို စားရမယ့်အနေအထားမျိုး မဟုတ်ဘူး ...၊ ပြီးတော့ တို့ အဲဒီလောက်ထိ ငွေကို ပြူးပြဲ မမက်တာ မင်း နားလည်ပါတယ် .. အခု ပြောထားတာကို ခေါင်းထဲ နည်းနည်းထည့်ထား ပေး .."

"ငွေကို ပြူးပြဲမမက်ဘူးဆိုဝေမယ့် မဝါ ဒီလိုပြောဆို ကြိုးပမ်းနေရတာ ဖြစ်စေချင်တဲ့ တစ်ခုခုတော့ ရှိနေမှာပါ .. အဲဒါကို ကျွန်တော် မသိရဘူးလား .."

"နောက်တစ်ခုကို စိတ်ဝင်စားသွားပြီဆိုတော့ တို့က ပွဲခရဖို့ ကြိုးပမ်းနေတာ မဟုတ်ဘူးဆိုတာကိုတော့ မင်း လက်ခံသွားတဲ့ပုံပဲ .. ကျေးဇူးပဲ .."

သူမအတွက် စားစရာတွေ ရောက်လာတော့ မနက်စာ ဒီဆိုင်မှာ ရသမျှ စုံအောင် မှာထားသလိုပင် ...၊ ဝိတ်တာက နောက်ထပ် စားပွဲလွတ်တစ်လုံးနဲ့ ဆက်ပေးလိုက်မှ အဆင်ပြေသွား၏။

"ကဲ .. ကျွေးမွေးရတဲ့လူ ဒါန်လေး မြောက်သွားအောင် ဒါလေးတွေတော့ ဝိုင်းစားပေးကြပါဦး .."





ရန်သူ က မတို့မထိသမျှ စောရန် က အားနာစိတ်နှင့် တစ်မျိုး နည်းနည်းစီတော့ စားပေးနေရသည်။

စိတ်ထဲမှာလည်း ...

"ဒီကောင်ကိုက တစ်ယူသန်လွန်းတာ ...၊ ဘာဖြစ်လဲ .. ကိုယ်က ယောကျ်ားလေး .."

ပေါ့ပေါ့ပါးပါးတွေးပြီး အားရပါးရ စားပေးလိုက်သည်။ စကားဝါ က စောရန် စားနေတာကို ကြည့်၍ ရန်သူ ဘာမှ မစားတာကို မသိသလို နေလျက် ပြုံး၍သာ ...

"ကျေးဇူးပဲ"လို့ ပြောပြီးမှ ...

"ဟုတ်တယ် .. ရှင်းရှင်း ဝန်ခံရရင် ငွေထက် ပိုအရေးကြီးတယ်...၊ သူဌေးကတော်အတွက် တို့က တစ်ခုခု လုပ်ပေးထားတယ်ဆိုတာကို ရလိုက်ရင် ငွေရတာထက် ပို အဆင်ပြေတာပေါ့ .."

ရန်သူ က ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။ စကားဝါ က ကျေနပ်သွားကာ ...

"မပြောသေးဘူးဆိုပေမယ့် သေချာတယ်ကွ .. ကောင်လေး မြန်မာပြည် ပြန်ရောက်လာရင် သူ့အတွက် သူဌေးကတော် တစ်ခုခု လိုအပ်လာမှာပဲ .."

"နေပါဦး မဝါ .. တစ်ခုလောက် မေးချင်လို့ .."

စားသောက်နေသည့်အသံနဲ့ စောရန် က မေးခွန်း စကာ ...

"သူဌေးသားက ဆိုးလွန်းလို့လား .. ဒါမှမဟုတ် ရန်သူတွေ ဝိုင်းနေလို့လား .."

"နှစ်ခုစလုံး မဟုတ်လောက်ပါဘူး .. အဲဒီလို ဖြစ်မလာခင် သူဘက ကာကွယ်ထားချင်တာမျိုးပဲ ဖြစ်မှာပါ ...၊ သူတို့က အရမ်းချမ်းသာတယ်လေ .. ကြံဖန်စိတ်ပူပြီး ငွေကုန်လည်း ခံနိုင်တယ်ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် စိတ်မကောင်းစရာက ကျွန်တော် စိတ်မဝင်စားတာပဲ .."

"မင်း .. မင်း .."

"စဉ်းစားစရာ မလိုဘူး မဝါ .. ရှယ်တူယောက်ျားချင်း ဆင်းရဲချမ်းသာ ကွာတာလောက်နဲ့တော့ ကျွန်တော် ဘုရားမထူးနိုင်ဘူး .."

"အဲဒီလို မဟုတ်ဘူး .."

"ဘာမှလည်း မဟုတ်သေးဘူးဆိုတော့ အဲဒီကိစ္စတွေ မပြောလို့ မရဘူးလား မဝါ .."

"ခက်ပါလား မင်းမင်း ရယ် .. မင်းက မိန်းမတွေနဲ့ အလုပ်လုပ်နေရတဲ့ ပြဿနာမျိုးကိုလည်း မကြိုက်ဘူး .. ယောက်ျားချင်းလည်း အောက်မကျို့ချင်ဘူး .."

"ဘဝရပ်တည်မှုတစ်ခုအတွက်လည်း ဒါတွေက မဖြစ်မနေ ရင်ဆိုင်ဖြတ်သန်းရမယ့်အရာတွေ မဟုတ်ပါဘူး .. ကျွန်တော့်အတွက်က လွတ်လပ်စွာ ကိုယ်ပိုင် ရပ်တည်ခွင့်ပဲ .."

ရန်သူ က အားမနာ ..၊ ဓားရန် က စားရင်း လည်နင်နေ၏။
တာကယ်ကို မလွယ်တဲ့ အဖြစ်ပါလား ..၊
မရောင်းပါဘူးဆိုမှ 'ချိန်ပါ .. ချိန်ပါ ..' ဖွတ် ..၊





အခန်း (၁၃)

"စိတ်ချလက်ချ သွား သမီး .. ဘူတာရောက်တာနဲ့ 'ထန်းတစ်ပင်'ရွာကို သွားချင်လို့ဆိုရင် ပြန်မယ့်လှည်းကြုံတွေကို သိတဲ့လူက ပြပေးလိမ့်မယ် .. အဲဒီနားကရွာတွေမှာ ရာဇဝင်ဆိုး တစ်ခုမှ မရှိခဲ့ဘူး.. စိတ်ချရတယ် ..၊ ဟိုရောက်တာနဲ့ ဒေါ်ကြင်နု ရဲ့တူမအိမ်ကို မေးလိုက်.. အဲဒီစာလေး ဝ .. ပို့ကိ .. သမီးကို ဒီမှာ နေရသလိုပဲ သူတို့ ဂရုတစိုက် ပြုစုလိမ့်မယ် .."

"လိပ်စာနဲ့ စာကိုတော့ မပျောက်စေနဲ့" ဆိုသည့် နောက်ဆက်တွဲ စကားကြောင့် အဝတ်စားနှစ်စုံလောက်ပဲ ပါသည့် ကျောပိုးအိတ်လေးရဲ့ ဘေးအိတ်သေးလေးထဲကို စမ်းကြည့်မိပြန်သည်။

"မေမေကြီးအတွက် မပူနဲ့ မမ .. စကားလည်း မပြောနိုင်တော့ဘူး .. သူတို့ဘာသာ ရန်လာဖြစ်ရင် အရှုံးဖြစ်နေမှာပဲ .. မမ အဲဒါကို မပူနဲ့တော့ .. ကျန်တဲ့ကိစ္စအဝဝကို ကျွန်မ လိုလေသေးမရှိ ဂရုစိုက်ပေးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



ချစ်စု ကလည်း အားပေးသည်။ ကြီးတော်ကို သူမ မထားခဲ့ရက်ပေမယ့် မတတ်နိုင်ပါ။ ညနဲ့ လမ်းဘေးမီးတိုင်တွေက လူကို ပြုံးပြုံခြောက်လန့်နေကြပေမယ့် အဆင်း ကြောက်လန့်ရမှန်း မသိ ...။

အားငယ်တတ်သည့်စိတ်ကို ကြိုးစား ဖျောက်နေပေမယ့် မလွယ်...၊

ငိုချင်နေတာကို အံကြိတ်ထိန်းရင်း မေးရိုးတွေပါ အောင့်တက်လာကာ လည်ချောင်းကြီးတစ်ခုလုံး ကျောက်ဖြစ်သွားသလို ကျပ်ခဲခဲတစ်ဆို့ဆို့ကြီးနှင့် ...

"နင်သာလူမိုက် .. ဒုစရိုက်ဟု .."

"ဘယ်သူ သနားမှာလဲ ..၊ ဟား .. ဟား .. ဟား ..."

"ခွက်လက်ဆွဲကာ တောင်းစားပါပြား .."

"တောမှာ သေသည်၊ ကောင်သေ လင်းတ စားလေသတည်း .. တဲ့ ..၊ ဟား .. ဟား ..."

ဦးစိုးဝဏ္ဏ ရဲ့ ကဗျာရွတ်သံကြီးက နားထဲမှာ လက်နက်တစ်စုံတစ်ရာနဲ့ ထုနက်နေသလို ပြန်ပေါ်လာတိုင်း နာကျင်မိရသည်။

"သူ့ရောဂါနဲ့ဆိုရင် ဒီလောက်ထိ ခံစားခဲ့ရတာ သွေးတိုးပြီး သေသွားနိုင်တယ် သိလား .. သမီးအတွက်နဲ့ သူ နောက်ဆံငင်ပြီး ဒီလိုပုံစံနဲ့ ဝဋ်ကြွေး ခံရရှာတာ .."

နာကျင်စရာ စကားသံတွေ .. ကြေကွဲစရာ ပြောတာတွေ .. ဘာကိုမှ ဖျောက်မရနိုင်ဘဲ ကိုယ့်ခြေလှမ်းတွေကိုတောင် ဘယ်ကို ဦးတည်နေမိမှန်း မသိတော့ပေ ...။

"အဆင်း ကို ခွင့်လွှတ်ပါ .. ခွင့်လွှတ်ပါ ကြီးတော် ရယ် .. ကြီးတော် ခုလို ဖြစ်နေကာမှ .."

ခံစားရလွန်းသဖြင့် နှုတ်မှ ဖွင့်ဟ တောင်းပန်ရင်း ပြီးဆုံးအောင်ဆက်မပြောနိုင် ...၊





"ဒီတစ်ခါ ငိုပါရစေ .. အဆင်း ဘဝမှာ ဒီနေ့ကစပြီး တိုက်ပွဲဝင်ရတော့မှာမို့လို့ ဒီနေ့ည အားရအောင် ငိုပါရစေ .."

အဝတ်စားလေး နှစ်စုံ သုံးစုံသာ ပါသည့် ကျောပိုးအိတ်လေးကို ကျစ်နေအောင် ပိုက်ရင်း ခြေလှမ်းတွေကို မရပ်ဘဲ တရှိုက်ရှိုက် ငိုမိသည်။

မဟုတ်ဘူး .. မငိုနဲ့ .. နင့်ပုံစံ ဘာနဲ့တူနေပြီလဲ သိရဲ့လား ...၊ နင် ရောက်နေတာ လမ်းပေါ်မှာ ...၊ နင့်အိပ်ခန်းထဲမှာ မဟုတ်ဘူး ...။

ကိုယ့်ကိုယ်ကိုယ် သတိပေး၍ ငိုနေမိတာကို ထိန်းသိမ်းဖို့ ကြိုးစားသည်။ ဒါပေမယ့် ကြီးတော် ဒီလို အဖြစ်ဆိုးနဲ့ အကျိုးနည်းကာမှ ထားပစ်ခဲ့ရသည့်အဖြစ်ကို သတိရတိုင်း မျက်ရည်က မဖိတ်ခေါ်ဘဲ ဆင်း၏။

ပြီးတော့ ရှိုက်ငိုချင်လာသည်။

ငိုချင်လာတာတွေနဲ့ပဲ သံသရာလည်ရင်း လမ်းမကြီးပေါ်ကို ရောက်လာခဲ့သည်။

ဒေါ်ကြီး ကြင်ဥ လမ်းညွှန်ပေးလိုက်သည့် မြို့ထဲက အိမ်ကို ဒီည အချိန်မနှောင်းခင် ရောက်ရမှာကို သတိရလာ၏။ နောက်ထပ် ခရီးဆက်ဖို့အတွက် စာထဲမှာ ရေးပေးလိုက်သည့်အတိုင်း သူတို့ ဆောင်ရွက်ပေးကြမည်လို့ ပြောသည်။

"ဝင်းထွန်း က ရန်ကုန်ကို လုံးဝ မလာရဲတဲ့ပုံစံပဲ .. ညက သူတို့ပြောဆိုနေကြတာတွေထဲမှာ အဒေါ် တစ်စွန်းတစ်စ ကြားမိတယ် ...၊ အဲဒါကြောင့် ဝင်းထွန်း ပြန်လာနိုင်ဖို့ သူတို့ အလုပ်ရှုပ်နေကြတာ .. ဒီလိုလူကို ယူမိရင် သမီး ကိုယ်ကျိုးနည်းမှာ.. လွတ်အောင်သာ ပြေး.." တဲ့ ...။

အဆင်း အတွက် အားလုံးက ဝိုင်းဝန်း ကြိုးပမ်းပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအတွင်းရေးတွေကို အစခပ်သိမ်း မသိကြသော်ငြား ဘယ်သူ တရားလွန်သည် မလွန်ဘူးလဲဆိုတာကိုတော့ နားလည်နေကြသဖြင့် အဆင်း တို့ဘက်က ရပ်တည်ပေးကြတာ ဖြစ်သည်။

သို့သော် ...

"ဟိတ် .. ရပ်စမ်း .."

ဟင်!...

အဆင်း တို့ခနဲ ဖြစ်သွားကာ နောက်လှည့်ကြည့်လိုက်မိသည်။ နောက်က လိုက်လာကြတာ သုံးယောက် ..၊ ထိုလူတွေကို မှတ်မိလိုက်သည်နှင့် ဒေါ်လေးတို့ ပါလာပြီမှန်း သိလိုက်ကာ အဆင်း အားသွန်ပြေးတော့သည်။

"ဟာ!... ဟိတ်ကောင်မလေး .. မပြေးနဲ့လေ .. တောက်!..."

"လွတ်မှာ ကျနေတာပဲ .. သက်သက် အလုပ်ရှုပ်အောင် .."

ယောကျ်ားကြီးသုံးယောက် တိုးမြှင့်လိုက်သည့်အရှိန်ကို အဆင်း ထိုးဖောက် မပြေးနိုင်ခဲ့ပေ ...။

သုံးယောက်ရဲ့အလယ်မှာ သူမ ပြေးပေါက်မှားနေစဉ် ကားတစ်စီး ထ အနားမှာ တို့ရပ်သွား၏။

မောင်းသူဘက်က မှန်ကျသွားသည်နှင့် အဆင်း မျက်လုံးတွေ အားကိုးတကြီး ရောက်သွား၏။

"ဟင်!... သူ .."

နာမည်ကို ရုတ်တရက် တွေးချိန်မရဘဲ ကားဆီကို ပြေးမိ၏။

"ဟိတ် .."

"အို!... လွှတ် .. ဖယ်နော် .. ဒီမှာ အစ်ကို .. အစ်ကို အဆင်းကို ကယ်ပါဦး ..၊ သူတို့ .. သူတို့က .."

"တိတ်စမ်း .."





"အား!..."

ပခုံးကို ဆောင့်ခါပစ်လိုက်သဖြင့် အဆင်း ကိုယ်လေး ယိမ်းထိုးသွားကာ စူးစူးဝါးဝါး အော်၏။

"ဟေ့ လူ .."

ရန်သူ ထောင်းခနဲ စိတ်တိုသွားကာ လက်က တံခါးဖွင့်ဖို့ တင်ပြီးသား ဖြစ်သွားလျှင် ...

"မင်းမင်း .."

တစ်ဖက်ကနေ စကားဝါ က လက်ကို ဆွဲထားလိုက်ပြီး ...

"ဟိုမှာ ကားရောက်လာပြီ .. သူ့အိမ်က .."

စကားဝါ သည် နောက်ရောက်လာသည့် ကားကို မေးဆတ်ပြရင်း တားဆီးဖို့ ဖြစ်သည်။ သို့သော် ကားပေါ်က ဆင်းလာကြသူတွေကို မြင်လိုက်လျှင် ...

"ဟင်!... မမရီ တို့ပါလား .."

သူမကိုယ်တိုင် အံ့အားသင့်သွားခဲ့ပြီး ...

"သူက .. တို့ ပြောဖူးတဲ့ သူဌေးကတော်ဆိုတာလေ .. ဘာတွေ ဖြစ်သက်ကြတာလဲ မသိဘူး .. အရမ်း ဝင်မသွားနဲ့ မင်းမင်း ကြည့်နေလိုက်ဦး .."

ဒေါ်မျိုးရီ က လျှင်ပြီးသားပါ ...၊ ခပ်လှမ်းလှမ်း ကားတစ်စီး ရပ်သွားတာ မြင်ကတည်းက ဘာလုပ်ရမယ်ကို တွက်ချက်လိုက်ပြီးဖြစ်သာ ...

"အဆင်း ရယ် .. ဘယ်လိုလုပ်သွားတာလဲ .. လူကြီးတွေ ဘယ်လောက်ထိ ဗျာများကုန်သလဲ မသိဘူးလား ဟင် .. လာ သမီး .. လာ အိမ်ပြန်ရအောင် .."

"ဟင့်အင်း .. ဟင့်အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အို .. မရုန်းနဲ့လေ အဆင်း .. ပွကြီး သေချာ ကိုင်ထားလေ ..၊ လာပါအေ .. ညည်းကို နောက်ထပ် မကြိုက်တာ ဘာမှ မပြောဘူး ..၊ မတင်းကျပ်ဘူး .. ကြိုက်သလိုသာ နေပါတော့ .. ဟုတ်ပြီလား ..၊ အချိန်မတော်ကြီး လမ်းမပေါ်မှာ အိတ်တစ်လုံးနဲ့ သွားလာနေတာ လူကြီးတွေရဲ့ဂုဏ်သိက္ခာကိုလည်း ငဲ့ပါဦး .."

စကားကောင်းပြောနေရင်း ဟိုကဘူး ပြန်ထွက်သွားတာကို မျက်လုံးထောင့်ကနေ မြင်လိုက်သည်။ ရှေ့ကလမ်းချိုးမှာ ကား ပျောက်ကွယ်သွားမှ ...

"ဖြန်း .."

အနားရောက်လာခြင်း .. ပါးရိုက်ပစ်လိုက်ခြင်းက မြန်မြန်ဆန်ဆန် ဖြစ်သွားကာ အဆင်း မူးမိုက်ပြာဝေသွား၏။

"တော်တော် သတ္တိကောင်းနေတယ် ဟုတ်လား .. မိအဆင်း ..၊ လာခဲ့ .. နင့်ကို အိမ်ရောက်မှ ခြေထောက်တွေ ရိုက်ချိုးပြီး ပါဆယ်ထုပ် လုပ် ပို့လိုက်မယ် .."

"ဟုတ်တယ် .. ယောက်ျားယူရမှာ ဒီလောက် ကြောက်နေတာ.. နင့်ကို မရမကကို ပေးစားပစ်မယ် ..၊ ဟော့ .. ခေါ်တင်ခဲ့ ကားပေါ်.."

"မလိုက်ဘူး .."

ဦးစိုးဝဏ္ဏ ရဲ့ မျက်နှာကြီးကို မြင်လိုက်ရကာမှ မာနနဲ့ နာကြည်းမှုတွေ ရုန်းကြွထွက်လာကာ အဆင်း ဆောင့်တွန်း ဖယ်ပစ်၍ လှည့်ပြေးခဲ့မိသည်။

နက်ပြာရောင် ရှပ်အင်္ကျီပွပွနဲ့ ဘောင်းဘီရှည်အပွကို ဝတ်ထားခဲ့တာမို့ မှောင်ရိပ်ထဲ ဝင်လိုက်တာနှင့် အဆင်း ကို ရုတ်တရက် သူတို့ မမြင်ရတော့ပေ ..။

"တောက်!... ပြေးပြန်ပြီ .. လိုက်စမ်း .."





"ဟော့ .. ပတ်ဝန်းကျင်ကို ကြည့်ဦး .. သဟောက်သဟာမ်းတွေ နေရာတကာ မလုပ်နဲ့ .."

ဦးစိုးဝဏ္ဏ က မလွတ်တမ်း မှာပြီး ကားပေါ် ပြန်ပြေးတက်၏။ ဒေါ်သမပြေသေးသည့် ဒေါ်မျိုးရီ က တက်ခေါက်ပြီး ခြေဆောင့်၏။

သင်းကို ကိုယ့်တူမဆိုတဲ့အမြင်မျိုးနဲ့ ဘယ်လိုမှ ကြင်နာဖို့ စိတ်မကူးနိုင်ပေ ..၊ သူမဟာ ဦးရွှေပါ ရဲ့ အချစ်ဆုံးသမီး ..၊ သူမကို အချစ်ပေါ် စေမှာဖြစ်တဲ့ နောက်ထပ် 'လင်စုံမယားဖက်' မွေးလာမယ့် ကလေးကို အလိုမရှိ ..။

ဦးရွှေပါ နဲ့ သင်းရဲ့အချစ်တွေကို မေ့မရနိုင်လေ အဆင်းရွှေပါ ဆိုတာလေးကို မုန်းတီးလေ ..၊

တွေ့မယ် ..၊ အချစ်တွေသာ မကဘူး .. သူ တစ်ဦးတည်းကိုမှ စုပုံပေးဖို့ ချန်ထားခဲ့တဲ့ အမွေအနှစ်တွေကိုရော ..၊

လူကိုရော .. အမွေတွေကိုရော တစ်စစီ လုပ်ပြမယ် .. ရှင် သေရာကနေ ပြန်ထကြည့်ပေတော့ ..။

တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်ပြီး အံကြိတ်၏။

အဆင်းရွှေပါ ဆိုသည့် သူမကို ဘဝပျက်အောင် မလုပ်နိုင်သမျှ ကိုယ့်တာဝန် မပြီးသေးဟု တွက်ထားမိသမျှ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

လွှတ်ပြီ …၊

လမ်းဘေးက ချုံပုတ်ငယ်လေးနောက်မှာ ဘာကောင်ကိုက်ကိုက်… ဘာတွေပေပေဆိုပြီး ပုပြားနေအောင် ဝင်ကပ်နေလိုက်တော့ ပြေးလိုက်လာကြတဲ့လူတွေ ရှေ့ကို လွန်သွားကြသည်။

လမ်းက ဝိုင်ပုံသဏ္ဌာန် လမ်းခွဲတွေ ဖြစ်နေသဖြင့် နောက်ကားက တစ်ဖက်လမ်းထဲကို ခွဲလိုက်သွား၏။

သူမ လာတဲ့လမ်းကြောင်းအတိုင်း ပြန်လှည့်ပြေးရမလား …၊ သူတို့တွေ ပြန်လှည့်သွားကြတဲ့အထိ ဒီက စောင့်ပြီးမှ ရှေ့ဆက်ရမလား…။

အပြေးအလွှား စဉ်းစားနေမိပေမယ့် ကိုယ့်အားကိုယ်ကိုးတတ်သည့်အကျင့်က နည်းခဲ့တော့ ဘာလုပ်ဖို့မှ ပြတ်သားခြင်း မရှိဘဲ ယုံကြည်မှု ကင်းမဲ့နေ၏။

ထိုစဉ် ကားပြန်ထွက်လာသည့် မီးရောင်ကို လှမ်းမြင်လိုက်ရ၏။ ကိုယ်ကို ပိပြားနေအောင် ဝပ်ချလိုက်ရင်း အဆင်း ပျော်သွားမိသည်။

ဒါဆို သိပ်မစောင့်ရတော့ဘဲ သူမ ရှေ့ဆက်သွားရုံသာ …၊





"ဟင်!…"

ဝမ်းသာနေတာလေးက ခရီးမဆုံးလိုက်ဘဲ သူမရဲ့ရှေ့နားမှာ ရပ်သွားသည့်ကားကို အသိမဲ့သလို ငေးကြည့်နေခဲ့မိ၏။ ကားပေါ်က ဆင်းလာသူဟာ သူမ ပုန်းနေရာကို ကြည့်၍ တန်းတန်းမတ်မတ် …၊

မင်းရန်သူ …၊

ခုနတည်းက မြင်လျက်သားနဲ့ ကျောခိုင်းထွက်သွားခဲ့တာ …၊

အဆင်း ကိုယ့်အဖြစ်ကို ချက်ချင်း နားလည်သွားကာ နေရာမှ ရုတ်ခနဲ ထပြေးသည်။ သို့သော် …

"ဟော့ .. နေဦး .."

ရန်သူ က သူမထက် ပိုမြန်သည်။ ခုန်လွှား လိုက်ပါလာတာနှင့် သူမရှေ့ကနေ ပိတ်ကာတားပြီးသား ဖြစ်သွားသလို ပြေးဖို့ ရှောင်ရှားသည့် အဆင်း ရဲ့ခြေလှမ်းတိုင်းကို သူက ထပ်ကြပ်မကွာ လိုက်ပိတ်ထားလျက် …

"မင်း အိမ်ပြန်ရမယ် .."

"မပြန်ဘူး .."

"မပြန်လို့ မရဘူး .."

"အို .. လွှတ် .. ရှင်နော် .. ရှင် ဘာမှ မသိဘဲနဲ့ .."

လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ပစ်လိုက်တာက ဘယ်လိုရုန်းရုန်း လွှတ်မြောက်နိုင်မှာ မဟုတ်သော ခိုင်မာ မြဲမြံခြင်းနှင့် …

"ဘာမှ သိသိ မသိသိ မင်း မအူမလည်နဲ့ လျှောက်သွားနေလို့ မရဘူး .."

"ဟင့်အင်း .. ဟင့်အင်း .. လွှတ်နော် .. အဆင်း ပြန်မလိုက်ဘူး .. လွှတ်ပါ .. တောင်းပန်ပါတယ် .. လွှတ်ပါ .."

အဆင်း မျက်ရည်တွေ ကျလာတော့ သူ တွေဝေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဗွေးကတော်မှာ သမီးရှိတယ်လို့ ပြောသံ မကြားဖူးဘူး .. ကောင်မလေးက အဲဒီအိမ်က ဘာလဲ မသိဘူး .. တစ်ခုခုတော့ ရှုပ်နေကြပုံပဲ .. " တဲ့ ..။

ခုနကပဲ စကားဝါ ပြောခဲ့သေးသည်။ လမ်းပေါ်မှာ ကားနဲ့ထွက်လာတိုင်းလည်း အရာရာတိုင်းမှာ ပြဿနာနဲ့ပဲ ..၊ ကားခိုးမောင်းလာတယ် ဆိုတာတွေ .. အမြဲတမ်း တစ်ယောက်တည်း သွားလာနေပါလျက်နဲ့ ပူပင်ကြောင့်ကြမယ့်သူ မတွေ့ခဲ့ဘူးတာတွေ ..၊ စိတ်တွေ ခဏအတွင်းမှာ သူမရဲ့နောက်ကြောင်းက ဖြစ်နိုင်ချေတွေဆီ ပြေးလွှား လှုပ်လှော်နေမိသည်။

ဘာပဲဖြစ်ဖြစ် သူမပုံစံကို အစတည်းက သူ တွက်ထားမိခဲ့တာ မလည်မဝယ်လေးရယ်ပါ ..၊ ထို့ကြောင့် ဒီတိုင်း လွှတ်ပေးလိုက်လို့ မဖြစ်တာကို ကိုယ့်ဘာသာ နိုင်မာစွာ ဆုံးဖြတ်လိုက်သည်။

"ဘာတွေဖြစ်နေလို့လဲ မင်းမင်း .."

စကားဝါ က ကားပေါ်ကနေ စိုးရိမ်သည့်မျက်နှာနှင့် ဆင်းလာကာ မြဲမြဲစွာ ဆုပ်ကိုင်ထားသည့် လက်နှစ်ဖက်နဲ့ ရန်သူ့ မျက်နှာကို နားမလည်နိုင်သလို ခေါက်တုံ့ခေါက်ပြန် ကြည့်၏။

"သူ့ကို မင်း သိနေလို့လား .."

"ဟင့်အင်း မသိဘူး .. အဆင်း မသိဘူး ဖယ်ပါ .."

ထိုစဉ် ကားမီးရောင်တစ်ချက် ဝင်းခနဲ ကျလာကာ သူတို့ သုံးယောက်ကို ကားပေါ်ကနေ မြင်သွားမှန်း သိသာစွာ ကားက ဝေါခနဲ ထိုးတက်လာသည်။ အနားမှာ ကတိုက်ကရိုက် ရပ်သွားခဲ့ပြီး ဒေါ်မျိုးရီတို့ ပြေးဆင်းလာကြ၏။

နောက်ခန်းက ဆင်းလာသည့် လူနှစ်ယောက်က အဆင်း ဆီကို ဘီလူးပေါက်တွေနဲ့ တလွှားလွှား လျှောက်လာကြသည်။





"ရှင် .. ရှင် .. လွှတ် .."

အဆင်း ဘယ်လိုရုန်းရုန်း မရခဲ့ဘဲ ...

"ရော့ .."

ရန်သူ က အနားရောက်လာသော လူတွေကို ကျော်၍ ဒေါ်မျိုးရီလက်ထဲကို အဆင်း ကို ထည့်ပေးလိုက်သည်။

အဆင်း နှုတ်ခမ်းသားလေးတွေကို ပြတ်လုမတတ် ဖိကိုက်ရင်း သူ့ကို စိုက်ကြည့်သည်။

ရုန်းနေလည်း ထူးမှာ မဟုတ်တော့သည့်အဖြစ်မှာ သူမသည် ချုပ်နှောင်လာကြသည့် လူနှစ်ယောက်လက်ထဲမှာ ရုန်းဖယ်ခြင်း အလျဉ်းမရှိတော့ဘဲ ...

"သွား .. ကားပေါ် မြန်မြန် ခေါ်သွား .."

ဒီတစ်ခါ ရုန်းထွက်သွားမှာ စိုးနေသဖြင့် ဒေါ်မျိုးရီ ဘယ်သူ့မျက်နှာကိုမှ မကြည့်နိုင်သေးဘဲ အဆင်း ကိုသာ ကားဆီ တွန်းထိုးလွှတ်နေမိသည်။

အဆင်း ရဲ့ မျက်ဝန်းလေးတွေမှာ လျှောဆင်းခွင့် မသာ့အောင်မေးများလေးပင့်၍ အံကြိတ်တင်းထားခဲ့သော မျက်ရည်တို့ ပြည့်ပြည့်သိပ်သိပ် ရှိနေခဲ့ကြလျက် ...

ထိုမျက်ဝန်းတို့သည် ရန်သူ့ မျက်နှာကိုသာ စူးစိုက်ကြည့်ရင်းဖြင့် ...

"ကျေးဇူးတင်လိုက်တာ လူလေးရယ် .. ဟယ်!... စကားဝါ .."

"ဟုတ်တယ် မမရီ .. ဝါ တို့ အဲသွားတည်းက မမရီ တို့ ပြေးလွှားနေကြတာကို တွေ့တယ် .."

"ဟုတ်လား .. ကျေးဇူးပါပဲကွယ် .. ဒီကောင်မလေးက အရမ်းဆိုးတာ .. တစ်အိမ်လုံးကို လှည့်ပတ် ဒုက္ခပေးနေတာ အားမရလို့ အခု



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာအကြီးအကျယ်ရှာပြီး ထွက်ပြေးတာလေ .. နောက်မှ ရှင်းပြမယ် စကားဝါ ရယ် .. သွားတော့မယ်နော် ..”

“ဟုတ်ကဲ့ မမရီ .. သွားပါ ..”

စကားဝါ ကလည်း သူမ လောလောဆယ် စိတ်ဝင်စားနေမိတာက ဒေါ်ရှိုးရီ တို့ မိသားစုရဲ့ အတွင်းရေးတွေကို မဟုတ်ပါ..၊ ထို့ကြောင့် ဒေါ်ရှိုးရီ နှုတ်ဆက်သွားတာကို ခေါင်းသာ ညိတ်လိုက်ပြီး တစ်ချက်မှ မျှော်မကြည့်ခဲ့ဘဲ ...

“မင်းမင်း နဲ့ ဟိုကောင်မလေးက သိနေကြတာလား ဟင်.. အခု ကြည့်သွားတဲ့ပုံက ..”

ရန်သူ ဆက်ဖြေလာမလား မျှော်လင့်ပြီး စကားရပ်လိုက်ပေမယ့် ပျောက်ကွယ်သွားသည့်ကားကို ငေးနေဆဲ ရန်သူ့ ထံမှ ဖြေသံ တစ်စုံ တစ်ရာမှ မလာ ..၊

“မဝါ ကိစ္စလည်း ပြီးပြီဆိုတော့ ကျွန်တော် ဒီကနေ ပြန်တော့မယ် ..”

“ဘယ်လို!...”

မေးတာကို မဖြေဘဲ ပြောလာတာက တခြား ..၊

“ပြန်မယ် ဟုတ်လား ..၊ ဒီကနေ ကားမှတ်တိုင်ထိ လမ်းလျှောက်သွားမလို့လား ..”

“မဝါ ကို လိုက်ပို့ချင်ပါတယ် .. အဲဒီကနေ ပြန်ရင် ပိုဝေးမှာနဲ့ သိပ်လည်း မထူးလို့ပါ ..၊ ကိုယ်ပိုင်ကားနဲ့ ပြန်မယ့်သူကို ခြေထောက် သမားက ..”

“မင်းမင်း ရယ် .. တို့ကလည်း မသွားမလာရဲလို့ မင်းကို ခေါ်ထားတာမှ မဟုတ်တာ .. လိုက်ပို့ခြင်း မပို့ခြင်းကလည်း အရေးမကြီးပါဘူး.. အခု ဒီကနေ မှတ်တိုင်ထိ မင်း လျှောက်ရမှာ အဝေးကြီးမို့လို့ ပြော





နေတာ ..၊ တို့ လိုက်ပို့မယ်ပြောလည်း မင်း လက်ခံမှာ မဟုတ်ဘူး – တက္ကစီနဲ့ မပြန်ဘူးဆိုတာလည်း သေချာသိနေတာကိုး .. တို့ စိတ် မကောင်းအောင် မလုပ်ပါနဲ့ ..”

“မဟုတ်ပါဘူး ..”

“ဟုတ်ပါတယ် .. တို့ သိပါပြီ .. မင်း မဖြေချင်တာ တို့ ဘာမှ မမေးဘူး .. ဟုတ်ပြီလား ..၊ တို့ရဲ့အလုပ်ကိစ္စအတွက် အကူအညီ တောင်းခဲ့တာ ဒါ နောက်ဆုံးဆိုတာလည်း ကတိတည်မယ် .. ခုတော့ ဒီတိုင်း လှည့်ပြန်မသွားပါနဲ့ ..”

စကားဝါ တစ်ခုခုကို နားလည်လိုက်သည်။ ဒါက ဟိုကောင်မလေးနဲ့ မင်းမင်း တစ်ခုခု ပတ်သက်မှုရှိနေနိုင်တာမျိုး .. ဒါမှမဟုတ် မရင်းနှီးပေမယ့် သိနေခဲ့ကြတာမျိုးလား ..။

“မဝါ ကို တစ်ခုတော့ ပြောပါရစေ ..”

သူမ တွေးနေတုန်း ထိုအတွေးတွေကို ရန်သူ က ဆုပ်ဖမ်းပစ်လိုက်၏။

“ကျွန်တော်နဲ့ ဟိုကောင်မလေးအကြောင်း တွေးနေတာဆိုရင် အဲ့ဒါတွေကို ဒီနားမှာပဲ ထားခဲ့လိုက်ပါ ..”

“ဟင်!...”

“သူ့ဒွေးကတော်ဆိုတာနဲ့ မဝါ က ရင်းနှီးကြတယ်ဆိုတော့ ဟိုလို ဒီလို တွေးမိတာတွေ စကားလက်ဆုံထဲမှာ မပါစေချင်လို့ ..”

ဟိုလိုဒီလို မတွေးစေချင်ရင်လည်း ပြောပြပါလား ..၊

စကားဝါ သိပ်တော့ ဘဝင်မကျခဲ့ပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"မင်းကလည်း တော်ပြီဆိုပြီး ဘာဖြစ်လို့ ထပ်ပါသွားခဲ့တာလဲ.."

"ဒီတစ်ခါ နောက်ဆုံးဆိုလို့ပါ .. ပြီးတော့ ငါတို့ချင်း ဘာအကန့်မှ မရှိခဲ့ကြဘူးလေ .. ချက်ချင်းကြီး ခါးခါးသီး ခေါင်းခါနေရတာ မသင့်တော်ဘူး ထင်လို့ .."

ပြောပြတာတွေကို နားထောင်ပြီး စောရန် က တည်တည်တံ့တံ့ မျက်နှာနှင့် သေချာ တွေးပေးနေသည်။

ညွှန်းထဲမှာပဲ စီးကရက် ကိုယ်စီနှင့် မျက်နှာချင်းဆိုင် ရှိနေကြရင်း ...

"အဆင်း ကို မင်းက ဘယ်လို ထင်လို့လဲ .."

"မသိဘူး .. ဒါပေမယ့် ဘာမှမသိတဲ့ ကောင်မလေး ဆိုတာတော့ သေချာတယ် .."

"လူကြီးတွေက ဒီတိုင်း ပြောသွားလို့ သေချာသွားတာလား .."





"ဒီမှာ ဝင်ထွက်ဖူးတည်းက မင်းကို ငါ ပြောသားပဲ .. ငွေတွေ လာပေးနေတာပေမယ့် ငါတို့က လူယုတ်မာတွေဆိုရင် သူ ဘဝပါ ပျက်သွားမှာ .."

"ဒါပေမယ့် လူ့ဘုန်း လူ့ကံဆိုတာ ရှိတယ်ကွ .. ဟိုးရှေးခေတ်က ဘုရင်တွေဆိုရင် ပညာရှိအမတ်တွေ .. သုခမိန်တွေနဲ့ ခြံရံနေရတာ .. သူတို့မှာ ဘုန်းကံကြီးမားတာပဲ ရှိတာလေ .. ငါ့အထင် ပြောရရင် ဘုန်းကံက သပ်သပ် .. ဉာဏ်ပညာ ကြီးတာ သေးတာက တခြားပါ.. ငါတို့လိုလူတွေရှေ့ကို သူ ရောက်လာတာကိုက သူ ဒီလို ယုတ်မာခံရမယ့် မိန်းကလေး မဟုတ်လို့ပေါ့ .."

"မင်းကလည်း .. ဘာလဲ.. ဘုန်းကံ အကျိုးပေး ကောင်းမကောင်း ဇာတာဖတ်စားမလို့လား .."

စိတ်မရှည်ဖြစ်သွားကာ ပြာချေတာတောင် အရှိန်က မသေ ..

"မဟုတ်ပါဘူးကွာ .. ငါ ပြောချင်တာက အဆင်း က ရိုးသားမှန်း အစတည်းက ငါတို့ သိကြတာပဲ ..၊ ဒါပေမယ့် .."

"ဒါပေမယ့် မရိုးမသားတွေ လုပ်လို့ ငါတို့နဲ့ ဆုံမိတာလေ .. ကားခိုးမောင်းတယ် .. ပိုက်ဆံတွေ အထုပ်ကြီးနဲ့ လူကြီးတွေ မသိအောင် လစ်ထွက်ပြီး ရောက်ရောက်လာတယ် ..၊ ဒီကောင်မလေး ရိုးသားမှု ရှိရင် ရှိလိမ့်မယ် .. သိပ်မကြောက်တတ်ဘူး ..၊ သတ္တိမနည်းတဲ့ သူဟာ မှန်တယ်ထင်ရင် လုပ်ကြတာပဲကွ .."

"ဒါဆို မင်းက အဆင်း ကို မိန်းမဆိုးလေးလို့ သတ်မှတ်ထားပြီးသားပဲ .."

"အိမ်ရှင်တို့ မရှိကြဘူးလား ဟေ .."

ဟင်!...

စကားပြောနေတုန်း စကားဝါ အသံ ကြားလိုက်ရသဖြင့် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံး ခေါင်းထောင်သွားကြသည်။

"စကားပြောသံ ကြားတယ် နော် .. တိတ်မသွားနဲ့ .."

"လာ .. မမဝါ ရှိတယ် .. အိမ်ထဲထိ မလာဘူးတဲ့သူမို့ အသံကြားလိုက်ေတာ့ လန့်သွားတာ .."

"မင်းမင်း ရှိလား .."

"ဟုတ်ကဲ့ .."

ရန်သူ ဆိုတဲ့ကောင် ကိုယ့်ကို မေးနေတာတောင် တစ်ချက်လေး မတ်တတ်ရပ်ပြီး ပြတင်းပေါက်ကနေ လှူယောင်ပြဖော် မရ ..၊

ငုတ်တုတ်ကနေ မရွေ့သည့်ပြင် စီးကရက် တစ်ရှိုက်နှင့် အေးဆေး ..၊

"အံမယ် .. ပုံစံကြည့်ရတာ ခုမှ အပြင်က ပြန်လာတဲ့ပုံပဲ .."

စကားဝါ က အဝါရောင်လေးနဲ့ပဲ ဖြစ်ကာ တိုက်တိုက်ဆိုင်ဆိုင် ရန်သူ ကလည်း အဝါရောင်စပို့ရှပ်ပေါ်မှာ ကော်ဖီရောင် ဂျက်ကက်လေးနဲ့ ဖြစ်သည်။

"မဟုတ်ပါဘူး .. တစ်မနက်လုံး နိုးနေတာကို အိပ်ရာကမထဘဲ ခုနလေးတင် ထွက်ထိုင်ဖော် ရတာ .."

"ဟင်!... ဟုတ်လား .."

ထုံးစံအတိုင်း စောရန် က ဝင်ဖြေပေးကာ စကားဝါ ကလည်း ကျေနပ်လေသည်။ ထို့ပြင် တစ်အိမ်လုံးကို မျက်လုံးဝေ့ကြည့်ပြီးမှ ဧည့်ခန်းမှာ ထိုင်ချလိုက်ကာ ...

"အပြင်ကကြည့်တော့ သိပ်မဟုတ်သလိုနဲ့ အိမ်ထဲမှာ ပရိဘောဂတွေ အပြည့်ပဲ နော် .."

"ဘာလဲ မမဝါ က သူ့ကို ဆင်းရဲသားလေးလို့ ထင်နေလို့လား..၊ ဒါမှမဟုတ် အိမ်ရှိပေမယ့် ပစ်ပြီးသား ကျည်ဆံခွံကြီးလို .."





စကားဝါ က လက်ကာပြရင်း ရယ်ကာ ...

"ပြောတော့မယ် ကိုစော ရယ် မင်းကလည်း .. အဲဒီလို ဘာမှ မတွေးမိဘူး .. တစ်ယောက်တည်းသမားဆိုတော့ ယောက်ျားလေး ပီပီ သသ ဘာရှိရှိ မရှိရှိ ဂရုမစိုက်စွာ နေတာမျိုးလို့ ထင်လို့ပါ .. ယောက်ျားလေးဆိုတာ အိမ်ထောင်မရှိကြရင် အိမ်ကိုခင်တဲ့ အမျိုးမှ မဟုတ်တာ.."

"ဒါဆို မမဝါ မှားပြီ .. ရန်သူ ကတော့ အိမ်ကို ခင်လိုက်တာမှ အိမ်ရှင်မတောင် မရှာတော့ဘူးတဲ့ ..၊ သူ့အိမ်ကို အုပ်စိုးမခံနိုင်လို့တဲ့.."

"ဟုတ်လား .."

စောရန် စကားကြောင့် စီးကရက်သောက်ရင်း ရန်သူ မရယ်ဘဲ မနေနိုင် ..၊

ထိုအခါ သုံးယောက်သား ရယ်ခြင်း လက်ဆုံကျသွားခဲ့ကြ၏။ ခဏကြာမှ ...

"မင်းတို့ နှစ်ယောက်တည်းပေမယ့် ပျင်းဖို့ကောင်းမယ့်ပုံ မရှိဘူး နော် .. နေချင်စရာလေး .."

အိမ်ကိုပဲ တမော့မော့ ကြည့်နေသဖြင့် စောရန် က မချိုမချဉ် ဖြစ်သွားကာ ...

"မမဝါ နေချင်စိတ်တွေ ဖြစ်နေပြီ ထင်တယ် .."

"ဟော့ကောင် .."

"မေးကြည့်တာပါ .. ဟဲ .. ဟဲ .. မင်းမှာ မတော်တဆ ငွေသိုလာရင် မင်းအမျိုးတွေကို အားမကိုးရဘူးမို့လား ..၊ မမဝါ က အိမ်ကို သဘောကျနေရင် ခဏတစ်ဖြုတ်ဖြစ်ဖြစ် .. အပိုင်ရောင်းတာဖြစ်ဖြစ် ထုပ်လို့ရတယ်လေ .."

တမင်တကာ အရှည်ကြီး ရှင်းပြနေပေမယ့် ဘာပြောလိုက်တာကို သိနေသဖြင့် စကားဝါ ကို အားနာကာ ရန်သူ စိတ်တွေ တိုနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



စောရန် ကလည်း သိသည်။

"နော် မမဝါ .. ကျွန်တော်က ရိုးရိုးပြောတာပါ .."

စကားဝါ က ရှက်သွားသလိုလေး ဖျတ်ခနဲ ငုံ့သွားပေမယ့် ဘာမှ မဟုတ်သလိုပဲ ပြုံးပြကာ ...

"ဟုတ်ပါပြီ .. ခင်လို့ စနောက်ကြတာပဲဟာ .."

"ဟုတ်တယ် .. အဲဒီကောင် စကားပြောလိုက်ရင် ဘယ်တော့မဆို ရှေ့မကြည့် နောက်မကြည့် .."

"ရပါတယ် မင်းမင်း ရယ် .. ရင်းနှီးလာရင် စကားမှားဆိုတာ ပါလာတတ်တာပဲ .. တို့ နားလည်ပါတယ် ..၊ အခု အိမ်ထိ တို့ ဘာဖြစ်လို့ လိုက်လာတာလဲဆိုတာ မမေးတော့ဘူးလား .."

"မေးမလို့ပါ .. မေးဖို့အလှည့်ကို မရောက်သေးလို့ .."

"ဒါဆို စကားပြောကြလေ .. ကျွန်တော် မမဝါ စားဖို့ လမ်းထိပ်မှာ တစ်ခုခု သွားဝယ်လိုက်ဦးမယ် .."

"ဟာ!...မလုပ်နဲ့ နေပါစေ .. ကျွေးမွေးဧည့်ခံနေရမယ့်လူတွေမှ မဟုတ်တာ .. အလုပ်ကိစ္စ အရေးကြီးလို့ လာခဲ့တာ .."

"အလုပ်ကိစ္စ .. ဟုတ်လား .."

ရန်သူ ဘာမှ မပြောရသေးဘဲ စောရန် က အံ့သြဟန်နှင့် မေး၍ ရန်သူ့ ကို ပြန်ကြည့်တော့ စကားဝါ က ပြုံးကာ ...

"တို့ အလုပ် မဟုတ်ပါဘူး .. ဟိုနားဒီနား အကြွေးလိုက်တောင်း.. ပစ္စည်း အပေါင်အနှံတွေ လိုက်ရှင်း .. အဲဒီအလုပ်တွေကို မလုပ်ချင်တော့ဘူးဆိုတည်းက သိကြားမင်းကျောက်ဖျာ တင်းသွားတာ ထင်တယ် .. မင်းမင်း အတွက်လေ .."

"ကျွန်တော့် အတွက် .."

"ဟုတ်တယ် .. လေးလေးနက်နက် ပြောရမယ့် အလုပ်ကိစ္စမို့လို့





တို့ ဒီထိ လိုက်လာတာပေါ့ .. ကြိုပြောထားမယ် နော် .. တို့ကို ပွဲခ ဘယ်လောက်ရလဲ ဘာညာတွေတော့ မမေးနဲ့ .."

ရန်သူ မျက်မှောင်ကုတ်သွားသည်။

"မဝါ ဟိုတစ်ခါ ပြောဖူးတဲ့ .."

"ဟုတ်တယ် ..ဟိုညက တွေ့လိုက်တဲ့ သူဌေးကတော်လေ .."

ရန်သူ့ ပုံစံက စိတ်ပါဝင်စားခြင်း မရှိသဖြင့် စကားဝါ့ မျက်နှာမှာ လေးနက်ခြင်းတွေကို ပိုဖြစ်သွားကာ ...

"တို့ ပြောဖူးသားပဲ .. အလုပ်ကိစ္စရှယ်လို့ သေချာ မပြောသေးပေမယ့် ပြောလာမှာ သေချာတယ်ဆိုတာ .."

"ကျွန်တော်က အဲဒါကို .."

"ပြောတာကို နားထောင်ပါဦး မင်းမင်း ရယ် .. သက်တော်စောင့် လည်း မဟုတ်ဘူး .. ကိုယ်ရံတော်လည်း မလုပ်ရဘူး .. ခဏတစ်ဖြုတ် ကူညီပေးရုံပါပဲ .. မင်းကို သူတို့က အလုပ်သမားဝန်ထမ်းပုံစံ ခေါ်မှာမှ မဟုတ်တာ.. ပြီးတော့ ကာလ အနည်းငယ်လေးအတွင်းမှာ မင်း ပိုက်ဆံ များများရမှာ .."

"ဘာလုပ်ရမှာလဲ .."

"သူဌေးကတော်ရဲ့ သားကို နယ်စပ်ကနေ သွားကြိုပြီး အဲဒီ ကောင်လေး လက်ထပ်မပြီးမချင်း ကောင်လေးရဲ့ ဒရိုင်ဘာ ခဏလုပ် ပေးရမယ် .."

"လက်ထပ်မပြီးမချင်း ဆိုတာက ဘာလဲ .."

"ရက်ပိုင်းဖြစ်ဖို့ များပေမယ့် လပိုင်းလောက် ကြာရင်လည်း ကြာ သွားနိုင်တယ် .. သူတို့ လိုချင်တာကကွာ .. ကောင်လေးက နည်းနည်း ဆိုးတော့ လူငယ်ကဏ္ဍချင်း ငြိထားတာတွေ ရှိတယ် .. အဲဒါတွေကို ဆပ်မငြိစေချင်တာ ..၊ ရန်သူပေါ်လာနိုင်သလို မိတ်ဆွေတိုးပြီး လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ထပ်မှားနိုင်တယ်လေ .. ရာဇဝင် ဘာညာတွေ အကြီးအကျယ် ဘာမှမရှိဘူးတဲ့ ..၊ ဒါကို သူတို့ သေချာပြောတာ ..''

''ရွယ်တူချင်းကို ကျွန်တော်က ဘယ်လို ထိန်းရမှာလဲ ..၊ ရန်သူကို ကာကွယ်ပေးရအောင် ကျွန်တော်က အတိုက်အခိုက် ပညာရှင်လည်း မဟုတ်ဘူး ..''

လျှို့မနေပါနဲ့ဆိုသည့် စကားဝါ့ အပြုံးကြောင့် ဟိုဘက်မှာ သူမ သာသာထိုးထိုးတွေ ပြောချလာခဲ့ပြီမှန်း သူ နားလည်လိုက်သည်။ သို့သော် ...

''သူ့ဘာသာ ဘော်ဒါကဏ္ဍတွေ ရှိလာရင်ရော .. ကျွန်တော်က ဘာမို့လို့ တားဆီးနိုင်မှာလဲ ..၊ အဲဒီလို ဘာမှန်းမသိတာကို ကျွန်တော် မလုပ်ဘူး မဝါ ..၊ ဒရိုင်ဘာလား .. ဟီးရိုးလုပ်ခိုင်းချင်တာလား ..''

''ဒရိုင်ဘာဆိုရင် မင်းက ကားမောင်းတာကလွဲရင် မဆိုင်သလို နေလို့ ရတယ်လေ ..''

''လိုအပ်ရင် ဟီးရိုးလုပ်ပေးရမှာတွေလည်း ရှိတယ် .. ဒီလိုလား..''

''ဟုတ်လိမ့်မယ် .. သူ့ဌေးကတော်က .. အဲ.. မမရီ က .. သူ့ဌေး ကတော်လို့ပဲ ခေါ်တာ နှုတ်ကျိုးနေလို့ပါ ..''

သူမဘာသာ အခေါ်အဝေါ်တွေ မှားပြီး ရှင်းပြလိုက်သေးသည်။

''သူတို့အတွင်းရေးကို သိပ်ပြောပြချင်ပုံ မပေါ်ဘူးကွ ..''

''လက်ပွန်းတတီး သွားလာကြဖို့ကိစ္စမှာ ထိမ်ချန်ထားတာတွေက မရှိသင့်ဘူးလေ ..''

''မင်းကလည်းကွာ .. သူတို့ကလည်း အနည်းဆုံး တစ်လလောက် ပဲ မင်းကို ခေါ်ချင်တာ ..၊ အားလုံး အကုန်တော့ ဘယ်ပြောပြချင်မှာ လဲ ..၊ ဒါတော့ မင်းက နားလည်ပေးလိုက်ပါ ..''

''ကိုစော ပြောတာ ဟုတ်တယ် မင်းမင်း .. သူတို့ကလည်း တစ်ခု





တော့ ဝန်ခံခဲ့ပါတယ် .. သူ့ဌေးသားက သူ့ရဲ့ဘောနည်းတတ်တာတို့ လေ ..''

ပြောပြရင်း ပြုံးကာ ...

''တို့ကလည်း သူ မင်းအကြောင်း လာမေးတည်းက မင်းရဲ့ ကာ ရိုက်တာကို နည်းနည်း ပြောပြလိုက်မိတယ် .. ညပိုင်းမှာတည်းက သူတို့က စိတ်ဝင်စားသွားကြတာဆိုတော့ ဒါလေးတော့ လက်ခံဖို့ ပြော ပြောပါလို့ တောင်းဆိုလာတာပေါ့ ..''

''ကေန္တ .. ပျော်လိုက်ပါးလိုက်နဲ့ အုပ်စုရှိမှ လက်စွမ်းပြတတ်တဲ့ သူတို့သားအကြောင်း သိလို့ ကိုယ်စား ရင်ဆိုင်ပေးနိုင်မယ့်လူကို လိုချင် တာ နေမှာပါ ..''

စောရန် ပြောတာကို စကားဝါ က ထောက်ခံသည်။

''ဟုတ်တယ် .. ဒါပေမယ့် သူတို့ကလည်း အသက်အန္တရာယ် ဖြစ်လောက်တဲ့အထိ ခိုက်ရန်ဖြစ်ဖို့တွေ မရှိတဲ့အကြောင်း သေချာ အာမ ခံပါတယ် ..''

''နိုင်ငံခြားမှာ သူ့သားက မှောင်ခိုလုပ်ငန်းတွေနဲ့ ကြီးပွားနေတာ လား ..''

''မသိဘူး .. ဒါပေမယ့် အဲဒီလောက် ဖြစ်ထွန်းတဲ့လူဆိုရင် ခုလို အလုပ်မျိုးအတွက် လူရှာမလား ..၊ ကောင်လေးက မိဘပိုက်ဆံ ထိုင် ဖြုန်းနေတဲ့ ဝေလေလေထဲက ဖြစ်မှာပါ ..''

''လက်ခံလိုက်ပါ ရန်သူ ရာ .. ခဏပဲဟာ ..၊ မင်း လိုချင်တဲ့ အချက်တွေလည်း ထည့်ပြောလိုက်ပေါ့ ..''

ဘာမှန်းတော့ နားမလည်သေးပေမယ့် ရန်သူ့ ခေါင်းထဲမှာ အသွင် ကို စိတ်ဝင်တစား နေရာပေးထားခဲ့ပြီ ဖြစ်သည်။ သူ အလေးအနက် တွေးနေမိစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောရဦးမယ် .. 'အဲဒီညက ကောင်မလေးကို တို့ သတိရပြီ သိလား .."

ရန်သူ့ အကြည့်တွေ ရောက်လာအောင် စောင့်ပြီးမှ စကားဝါ က ပြုံးပြုရင်း ...

"သူ့ကားကို တို့ကားနဲ့ နောက်က ဝင်တိုက်မိသေးတယ်လေ ..၊ အဲဒီလိုဖြစ်တုန်းက မင်းလည်း ရှိတာပဲဟာ .."

ရန်သူ က သိထားပြီးသားလို ခေါင်းညိတ်၍ ...

"ကျွန်တော်နဲ့ ထပ်ဆုံသေးတယ် .. အဲဒီလို ကားကိစ္စနဲ့ပဲ .."

"ဟုတ်လား .. ဒါကြောင့် မင်းတို့ချင်း သိပြီးသားလို ဖြစ်နေတာကိုး ..၊ ဒါလေးများ အဲဒီညတည်းက ပြောလိုက်ရင် ပြီးတာပဲ .. ဒါပေမယ့် တို့တောင် ရုတ်တရက် မမှတ်မိဘဲ မင်းမင်း က သိတယ် နော်.."

စကားဝါ က စောရန် ဘက်ကိုပါ လှည့်၍ ...

"အဲဒီကောင်မလေးကို အိမ်သားတွေနဲ့ ပြန်ပါသွားအောင် ဖမ်းရမယ်ဆိုပြီး ကားမောင်းနေရင်း ချက်ချင်း နောက်ပြန်လှည့်တာ သိလားကိုစော .. ပြီးတော့ ကောင်မလေး ပုန်းနေတဲ့နေရာကို သူ ကွက်တိ သိနေတာနော် .."

"ဟုတ်လား .."

"တကယ် ပြောတာ .. ကောင်မလေးကလည်း မှတ်မိပုံပဲ .. သူ့ကို မြင်တာနဲ့ ထွက်ပြေးတာပဲ .."

"ဒါကတော့ မမဝါ က တစ်ခါပဲ ဆုံတာမို့လား .. သူက ထပ်ဆုံသေးတာကိုး .."

ခေါင်းညိတ်လိုက်ပေမယ့် စကားဝါ က ရယ်နေဆဲရှိကာ ...

"အဲဒီကောင်မလေးကလည်း သူဌေးကတော်လောင်းလေးပဲ .. သူဌေးသား လက်ထပ်မှာက သူပဲ .."





"ဗျာ!..."

စောရန် 'ဗျာ..'ခနဲ ဖြစ်သွားကာ ..၊ ရန်သူ့ မျက်နှာ စကားဝါ ဘက်ကို လှည့်လာ၏။

သူမက ဘာတွေ သဘောကျနေမှန်း မသိ ..။

"အံ့သြကုန်ကြတာလား .. ဟုတ်တယ် တစ်ခါတည်းပဲ တစ်ခုခု ဆွေမျိုးတော်မှန်းတော့ သိတယ် .. ဒါပေမယ့် ဘယ်လိုတွေမှန်း တို့လည်း မသိဘူး ..၊ ဘာဖြစ်လဲကွာ.. ဒါ သူတို့အိမ်တွင်းရေးပါ .."

ရန်သူ့ မျက်နှာမှာ မျက်ခုံးတန်းနှစ်ဖက်က တွန့်ကုတ်နေဆဲ ..၊

ဘာဖြစ်သွားမှန်း မသိပေမယ့် ရင်ထဲမှာ ခိုးလိုးခုလုတော့ ဖြစ်သွားခဲ့တာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဟော .. ဖုန်းလာပြီ၊ မင်းအိမ်က ကားရောက်ပြီ ထင်တယ် .."

"ကိုင်လိုက်လေကွာ .."

အွန်လိုင်းပေါ်တက်ရင်း ဗရုတ်သုတ်ခတွေ ရှာကြံကြည့်ပြီး တခွိခွိ ရယ်ကြလျက် ...

"ဟလို .."

မွေ့ရာပေါ်မှာ ပက်လက်ကနေ ကျောနဲ့ပွတ်တိုက်ရွှေ့ကာ ဖုန်းကို လှမ်းယူ၏။ ဖုန်းက ပါမလာဘဲ ပုခက်ပေါ်ကနေ နှစ်လိမ့်သုံးလိမ့် တွား လာပြီး ပြုတ်ကျသွား၏။

ထိုအခါ ဘောင်းဘီရှည်ဝတ်နေရင်း ဝင်းထွန်း ကပဲ ဖရိုဖရဲ ရှေ့တိုး လာကာ ကြိုးတန်းလန်းနဲ့ ဖုန်းနားမှာ ဒူးထောက်ချလိုက်ပြီး ...

"ဟလို: .."

ခုတင်ပေါ်နဲ့ ခုတင်အောက် 'ဟလို'တွေ သံပြိုင်ထွက်သွားကြ၏။





ခုတင်ပေါ်က နှစ်ယောက်က ဝင်းထွန်း အဖြစ်ကို လှမ်းကြည့်ပြီး ရယ်ကာ ...

"ကိုင်မှာဖြင့်လည်း ကိုင်လိုက်ကွာ .."

"အေးလေ .. ဖုန်းနားမှာ ဒူးထောက်ပြီး ဘာလုပ်တာလဲ .. ဘောင်းဘီဇစ်တပ်ရင်း လက်ထပ်ခွင့်တောင်းနေသလိုပဲ .."

"မင်းကလည်း အဲဒီလိုစတိုင်နဲ့ လက်ထပ်ခွင့်တောင်းတာ မကြားဖူးပါဘူး .. ဖုန်းထဲကတစ်ဆင့်ဆိုပြီး ထင်တိုင်းကြံချင်တာလား .."

"ဟား .. ဟား .. ဟား ..."

"ခွေးသူခိုးတွေ ရယ်ကြ .. ဒီမှာ လက်ဖအား ခြေမအားနဲ့လူကို ကိုင်နိုင်းပြီးတော့ .."

သူငယ်ချင်းတွေ စိတ်ကြိုက် ရန်ဖြစ်ပြီးမှ ကိုင်လိုက်တော့ ဖုန်းက ကျသွားပြီ ဖြစ်သည်။

ဝင်းထွန်း တက်ခေါက်ပြီး ငွက်ခနဲ ချလိုက်ကာ ဘောင်းဘီဝတ် ခြင်းကို အဆုံးသတ်နေကာမှ နောက်ထပ်တစ်ခါ မြည်လာ၏။

"ဟလို .."

"အခန်းနံပါတ် တစ်ရာ့သုံးက လူကြီးမင်းတို့ကို လာကြိုတဲ့ကား ရောက်ပါပြီရှင် .."

"ဘာရောင်လဲ .."

"ဟုတ်ကဲ့ရှင် .. ခဏလေး ကိုင်ထားပေးပါ နော် .."

ဖုန်းထဲက ချိုသာသည့်စကားသံလေးကို နားထောင်ရင်း ဝင်းထွန်း မျက်နှာက ပြုံးစိစိ ဖြစ်လာ၏။ ခဏလေးပဲ ကြာကာ ...

"ဟုတ်ကဲ့ပါရှင် .. အဖြူရောင် ဘင်(န်) ၅က/ ... ... ... ပါ"

"ဘယ်လို!... ဘင်(န်) ဟုတ်လား ..၊ မဖြစ်နိုင်တာ .."

တစ်ဖက်ကအသံ ခဏငြိမ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာ ရှိနေပါတယ် .. လူကြီးမင်းကိုယ်တိုင် လာပြီး မေးမြန်းကြည့်ရှုပေးဖို့ အကြံပြုပါတယ်ရှင် .. ကျေးဇူးတင်ပါတယ် .."

စကားသံကတော့ ချိုလိုက်တာ ..၊ သကာလောင်းတယ်ဆိုတာထက်တောင် ပိုနိုင်သေးသည်။ ဖုန်းချသွားတာ ငွက်ခနဲ ..၊

"တောက် .. ပီယဝါစာသံလေးကို နားထောင်နေရတဲ့ ဖီး(လ်)တောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး .."

"ဘာဖြစ်လို့လဲကွ .."

"မေးမနေနဲ့ .. ကိုယ့်အိတ် ကိုယ်ဆွဲ .. အောက်ဆင်းမယ် .."

"အေးပါ .. ပြန်ဖို့ ကားစောင့်နေတာပဲဟာ .. မင်းမျက်နှာ ဘာဖြစ်နေတာလဲ .."

"ကားလွှတ်လိုက်တယ်တဲ့ကွာ .. ဘင်(န်)အဖြူနဲ့တဲ့ .. ဘယ်မော်ဒယ်(လ်)မှာ ချုံးချုံးကျလာခဲ့တဲ့ကားလဲ မသိဘူး .. ငါ့အိမ်မှာရှိတဲ့ကားတွေ ငါ သိတယ် .. အစုတ် တစ်စီးမှ မရှိဘူး .."

ပစ္စည်းဆိုပေမယ့် ဘာမှမပါတော့ တစ်ယောက်ကို ကျောပိုးအိတ်ရှုံ့တွတွလေးတွေ တစ်လုံးစီနှင့်ပဲ အခန်းထဲက ချက်ချင်းကောက်ထွက်ခဲ့ကြသည်။

ခတ်လှေကားစောင့်ရင်း ဝင်းထွန်း မျက်နှာက သုန်မှုန်နေကာ...

"ဖေကြီး ဘာလုပ်လိုက်တာလဲ မသိပါဘူး .. ခရီးဝေး သွားရမယ့်ဟာကို .."

"မင်းကလည်းကွာ .. ခရီးဝေးသွားတာ ကားနာတယ်လေ .. တမင်ကားကြမ်းလွှတ်ပေးလိုက်တာ နေမှာပေါ့ .. ဘင်(န်)က နောက်ခန်းလည်း ကျယ်တယ် .. ဝါသနာပါရင် အိပ်လိုက်လို့တောင် ရသေးတယ်.."

"မင်းပဲ အိပ် .."





သုံးယောက်သား ရီဆက်(ပ်)ရှင်ရှေ့ကို ရောက်လာကြတော့ ဆိုဖာမှာ ထိုင်နေကြသည့် ဧည့်သည်တချို့ဆီ အကြည့်တွေ ရောက်သွားကြသည်။

ဘယ်မှာလဲ ဒရိုင်ဘာဆိုတဲ့ ပုဂ္ဂိုလ် ..၊

ယောကျ်ားကြီး ယောကျ်ားငယ်တွေ ရှိနေကြကာ လူကြီးတွေကကုန်သည်ပွဲစားမှန်း သိသာကာ နယ်စပ်မြို့မို့ နိုင်ငံခြားသားတွေလည်းရှိသည်။

ဒရိုင်ဘာရှာရင်း အပြင်ထိ ထွက်ကြည့်လိုက်တော့ ကားကို လှမ်းမြင်လိုက်၏။

သုံးယောက် ဟိုရှာဒီရှာနှင့် ရီဆက်(ပ်)ရှင်ရှေ့ကို ပြန်ရောက်သွားကြပြီး ...

"ခုန ဖုန်းဆက်ပြောတဲ့ ကားနဲ့ ဒရိုင်ဘာ ရောက်ပြီဆိုတာ ဘယ်မှာလဲ .."

"ဟိုမှာထိုင်နေတဲ့ ဦးထုပ်နဲ့ အင်္ကျီအနီရဲရဲလူပဲ အစ်ကို.. သူ ရောက်ပြီဆိုတဲ့အကြောင်း လာအကြောင်းကြားလို့ ကျွန်တော်တို့ အကြောင်းကြားပေးတာပါ .."

အောက်မှာကျတော့ မိန်းကလေးတွေ မဖြေဘဲ လူရွယ်တစ်ယောက်က ဖြေရင်း ထိုင်နေသူထံ ဦးဆောင်၍ လျှောက်သွားသေးသည်။

"အစ်ကို .. ဒီမှာ အခန်းနံပါတ် တစ်ရာ့သုံးက ဧည့်သည်တွေပါ.."

ထိုင်နေသူက သူ့ရှေ့ရောက်လာမှ မော့ကြည့်ဖော် ရသည်။

မျက်နှာကို ဖုံးကွယ်မတတ်ရှိနေသည့် ဦးထုပ်လျှောထိုးအောက်ကမျက်နှာကို ဝင်းထွန်း က စိုက်ကြည့်ကာ ...

"မင်းက ငါ့ကိုလာကြိုတဲ့ ဒရိုင်ဘာလား .."



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှမပြောဘဲ ထရပ်လိုက်တော့ သူ့မျက်နှာမှာ ကပ်ပါသွားသည့် ဝင်းထွန်း ရဲ့မျက်လုံးက မျက်ဖြူလန်သလို ဖြစ်သွား၏။

ဖြူဝင်းသည့်မျက်နှာနှင့် ပီကောဝါးနေသည့် ခပ်လှုပ်လှုပ်နှုတ်ခမ်းတို့ကိုကြည့်ကာ အလိုမကျခြင်းတွေ ချက်ချင်း ဖြစ်ထွန်းသွား၏။

ဒါလား ဒရိုင်ဘာ ..၊

နှုတ်ခမ်းသားက မဲ့ခနဲ ဖြစ်သွားကာ စီးကရက်လက်ကြားညှပ်ထားသည့်ပုံစံကိုပါ မျက်စိစပါးမွေး စူးမိရင်း ...

"ငါ့အဖေနဲ့ အမေနာမည် ပြော .."

သူကလည်း ဝင်းထွန်း ကို ပြန်စိုက်ကြည့်၍ ပီကောကို လျှာဖျားပေါ်ကနေ ပါးစောင်ကြားထဲ ထည့်လိုက်ပြီးမှ ...

"မင်း ကိုယ့်ဘာသာ မပြန်ရဲလို့တောင် ဟိုတယ်လ်ပေါ်ကနေ အောက်မဆင်းခဲ့တာ.. တခြား လာပြီး ခရီးဦးကြိုပြုမယ့်သူ ရှိပါ့မလား"

"အံမာ!..."

ဝင်းထွန်း မျက်နှာ တင်းသွားသည်။ ဘေးမှာရပ်နေကြသည့် အပေါင်းအသင်းတွေ လှုပ်လှုပ်ရွရွတွေ ဖြစ်ကုန်ကြ၏။

ဒရိုင်ဘာဆိုသူက သူတို့သုံးယောက်စလုံးကို အေးစက်စက်ကြည့်၍ ...

"ဒေါ်သစ်သစ် ကြိုခိုင်းလိုက်တာ .. မလိုက်ရဲရင် ဖုန်းဆက်မေးလိုက် .. ငါ့နာမည် မင်းရန်သူ .."

"ဘာ!... ဘာ .. ဟေ့ ..."

ပြောပြီး တစ်ချက်မှမစောင့်ဘဲ လှည့်ထွက်သွားတာ မထိမဲ့မြင်နိုင်လွန်း၏။

"ဒီဒရိုင်ဘာ လူပါးဝလှချေလားကွ .. မင်း ဒါမျိုးကို သည်းမခံထိုက်ဘူးနော် .."





"တောက်!..."

ဝင်းထွန်း တက်ခေါက်သည်။ သူငယ်ချင်းတွေ ပြောတဲ့စကားက မီးလောင်ရာ လေပင့်သလို ကားနားကို အရှိန်နဲ့ရောက်သွား၏။

"ဟိတ်ကောင် .."

ကားတံခါးဖွင့်၍ တစ်စုံတစ်ခုယူမလို့ ပြင်နေသည့် ပခုံးကို နောက်ကနေ ဖတ်ခနဲ ဆုပ်ကိုင်ပစ်လိုက်လျှင် ...

"အ!.. အား!..."

ရန်သူ့ လက်တစ်ဖက်က ခေါင်းကိုကျော်၍ သူ့လက်ပေါ်မှာ သာသာလေး ဆုပ်ကိုင်ပြီး မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်သည်နှင့် ...

"အား!... ဟေ့ကောင် .."

လက်ကိုလိမ်ချိုးခံလိုက်ရကာ အဆမတန် နာကျင်သွား၏။ ဘေးကတစ်ယောက်က လက်ခုံပေါ်က ဆူးတွေနှင့်လက်ပတ်ကို လက်ဖဝါးဘက် လှည့်လိုက်ပြီး တအား လွှဲရိုက်ချလာလျှင် ရန်သူ က ကိုယ်တစ်ခြမ်းစောင်း၍ ခြေလှမ်းဆုတ်ရင်း ဝင်းထွန်း မျက်နှာနဲ့ လှည့်ခံပေးလိုက်၏။

"ဖြန်း .."

"အား!..."

"ဟာ!..."

ခြေလှမ်းပြင်နေသည့် နောက်တစ်ယောက်ပါ တုံ့ခနဲ ဖြစ်ကာ ရှေ့ထပ်မတိုးရဲတော့ ..။

"ငြိမ်ငြိမ်နေ .. မလိုအပ်ဘဲ သွေးထွက်သံယိုဖြစ်ကုန်ရင် မကောင်းဘူး .."

"အ!..."

ဝင်းထွန်း ကိုယ်ကြီးကို ရှေ့ကတစ်ယောက်ဆီ တွန်းလွှတ်လိုက်ပြီး ပီကောကိုပါ ထွေးထုတ်ပစ်လိုက်၏။ ပြီးမှ ..



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ရန်ကုန်အရောက် ပြန်ခေါ်သွားပေးဖို့ လာခေါ်တာ .."

"မင်း .. မင်းလို ဒရိုင်ဘာက .. ငါ့ကို .. တောက်!... အ!.."

ပါးချိတ်မှာ ပေါက်ပြဲပွန်းရှကာ သွေးတွေလည်း ထွက်လာ၏။ ဒါပေမယ့် သူ လှုပ်ပင် မလှုပ်နိုင်တော့ပေ ..။

"အခု ဒရိုင်ဘာ ဟုတ်တယ် ..၊ ဒါပေမယ့် ငါ မင်းရဲ့အလုပ်သမား မဟုတ်ဘူး .."

"ဘာပဲဖြစ်ဖြစ် မင်းကို မေမေ ပိုက်ဆံပေးပြီး ခိုင်းလိုက်တာ .. ငါက မင်းရဲ့သူဌေး .."

"ဟွန်း .. ကြဖန် ဂုဏ်ယူနေပြန်ပြီ ..၊ ဒီမှာ .. ငါ လာခေါ်တာ .. မင်းကို ပြန်ပို့မှာ .. ပြီးတော့ .. မင်း လက်ထပ်ပြီးတဲ့အထိ မင်း သွားလေရာ ကားမောင်းပို့ရမှာ ..၊ အဲဒါတွေက အလဲအလှယ်ပဲ .. နောက်ထပ် ရှိသေးတာက ဒီခရီးလမ်းမှာ မင်း ပြောတဲ့အတိုင်း ငါ လုပ်မှာ မဟုတ်ဘူး .. ငါ ပြောသလို မင်း လုပ်ရမှာ .."

"ဘာကွ!..."

"ကဲ .. ကားပေါ် တက် .."

"ဟိတ်ကောင် နေဦး .."

မေးရိုးကို လက်တစ်ဖက်နဲ့ထိကပ်ထားရင်း ဝင်းထွန်း ဒေါသတွေ ဖောင်းပွ ပြန့်ကားလျက် ...

"ဒရိုင်ဘာက ဒရိုင်ဘာပဲ .. ကြဖန် ဂုဏ်ယူနေတာ ငါ မဟုတ်ဘူး ..၊ မင်း .."

"အဲဒီတော့ .."

"အဲဒီတော့ ငါတို့က လူများတယ် .. မင်း ကားမောင်းဖို့ မလိုဘူး ..၊ နောက်မြီးထဲမှာပဲ ထိုင်လိုက်ခဲ့တော့ .. ပေး .. ကားသော့ .."

"အဟွန်း .."





ရန်သူ က ရယ်လိုက်ပြီး ကားသော့ကို အားလုံး မြင်အောင်ပြသည်။ ပြီးတော့ ပစ်ပေးလိုက်သလိုလိုနှင့် အပေါ်ကို မြှောက်တင်ပစ်လိုက်၏။

ဖမ်းရတော့မလိုလို .. ဒီတိုင်းကြည့်နေရနိုးနိုးနှင့် ဝင်းထွန်း တို့ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကာမှ ပြန်ကျလာသည့်သော့ကို အသာလေး ပြန်ဖမ်းယူလိုက်ပြီး ...

"မပေးနိုင်ဘူး .."

"ရမလားကွ .. မင်း ကားမောင်းရင် တစ်နေရာစာ အလကား ဖြစ်သွားမှာပေါ့ .. ငါ့သူငယ်ချင်းတွေက ဘယ်သူမှ နောက်ဖုံးထဲမှာ သွားထိုင်မှာ မဟုတ်ဘူး ..၊ ပြီးတော့ နေပါဦး .. သူက .. ဘယ်သူလဲ.."

တစ်ဆက်တည်း စောရန် ကို မေးဆတ်မေးသဖြင့် ရန်သူ က လှည့်မကြည့်ဘဲ ခေါင်းညိတ်၍ ...

"ငါ့သူငယ်ချင်း .. အခု ဒီခရီးမှာ သူရယ် .. ငါရယ် .. မင်းရယ်.."

"ဘာကွ!..."

"ငါတို့ကရော .."

"ဒီကောင် .. ဘာတွေပြောနေတာလဲ .."

သုံးယောက်စလုံး မျက်နှာတွေကိုကြည့်ကာ ရန်သူ က တံခါးဖုံးမှာ နောက်ပြန်မှီလိုက်သည်။ ပြီးတော့ .. ဘောင်းဘီခါးစပ်မှာ လက်မတစ်ဖက် ချိတ်ထားရင်း ...

"ငါ လာခေါ်တာ .. မင်းတစ်ယောက်တည်းပဲ .."

"ဟာကွာ!... ဒီကောင် .."

လူနဲ့ဒေါသ မမျှပေမယ့် ဒီထက်လည်း ပိုပြီး မပြနိုင် ..၊

ဒဏ်ရာက တဆစ်ဆစ်ကိုက်ခဲလာပြီဖြစ်ကာ ဒီနေရာကပဲ မြန်မြန် သွားချင်နေပါပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာလုပ်နေပြီး ဒရိုင်ဘာမဟုတ်သည့်လူကို ဘယ်လို တည့်အောင် ပေါင်းရမလဲ ...။

လူကလည်း နာနေပြီမို့ တုပြိုင်လိုစိတ်လည်း မရှိတော့ပါ။ ဒါပေမယ့် ဒေါသက ထိန်းရခက်နေ၏။

မေမေတို့ ဘာကြောင့် ဒီလိုလူကိုမှ ရွေးထုတ်လွှတ်လိုက်ရသလဲဆိုတာ နားလည်နေပါလျက်နှင့် သည်းမခံနိုင်အောင် ဖြစ်လာခဲ့၏။

"မင်း စကားတွေ အချိုကြီးပြောမနေနဲ့ ဟိတ်ကောင် .. မင်း မောင်းမယ်ဆိုရင် မောင်း .. ဟိုတစ်ယောက်ကိုတော့ ငါ့ကားပေါ် တင်မခေါ်နိုင်ဘူး .."

"ဒါက မင့်ကားမှ မဟုတ်တာ .."

"ဘာ!... ပြောတယ် .."

"မင်းအိမ်က ယူမောင်းလာတာ မဟုတ်ဘူး .. ငါ့အလုပ်အတွက် ငါနဲ့ အဆင်ပြေမယ့်ကား ကိုယ့်ဘာသာ ရှာလာတာ ..။ သူကလည်း ငါ့အလုပ်အတွက် လိုအပ်မယ်ထင်လို့ ခေါ်လာတဲ့လူပဲ .. အဲဒီတော့ ငါ့ကားနဲ့ ငါ့လူကိစ္စ မင်းနဲ့ ပြောစရာ မရှိဘူး .. ကားပေါ်တက်တော့"

"ဟာ!.. ဖြစ်မလားကွ .. ငါတို့သုံးယောက်က စလုံးမှာကတည်းက အတူတူ .."

"ပြေးဖော်ပြေးဖက်တွေလား .."

"မင်း!..."

ဝင်းထွန်း ဆတ်ခနဲ လက်သုပ်ထိုးကာ မျက်နှာကြီး ပျက်ကျသွား၏။ ဟိုနှစ်ယောက် တက်ခေါက်သံတွေ ထွက်ကာ ...

"ဝင်းထွန်း .. မင်း ဒရိုင်ဘာတော့ မဟုတ်တော့ဘူး .."

"မဟုတ်ဘူး .. ငါက ဦးဆောင်ခေါ်သွားမယ့်သူ .."

သူ့မျက်နှာပေါ်က မချိုမချဉ်မဲ့ပြုံးကို ဝင်းထွန်း က စိုက်ကြည့်၍...





"မင်းကို ခိုင်းနေတာ နော် .. ရှေ့တန်းတင်ထားတဲ့အတိုင်း ဆရာတင်တာ မဟုတ်ဘူးဆိုတာတော့ မင်း နားလည် .."

"နောက်ကလိုက်ရင် နောက်လိုက်ပဲ .. ငါ နားလည်တာ အဲ့ဒါ.."

"အံမာ .."

"အခု မင်း ငါ့နောက်က လိုက်ရမယ် ..။ မလိုက်ဘူးဆိုရင် ကိုယ့်သဘောနဲ့ကိုယ် အစီအစဉ်ဖျက်တဲ့အကြောင်း ခု ဖုန်းဆက်လိုက် .."

"တောက်!..."

"ထားလိုက်ပါကွာ ..၊ ဝင်းထွန်း .. ငါတို့ အချိန်အရေးကြီးတယ်"

"အရေးကြီးလည်း မတတ်နိုင်ဘူး .. သူက .."

ကိုယ်သာ အထက်စီးက ပြောဆိုဆက်ဆံရမှာကို အောက်ကျပြောရမှာ ရှိလာတော့ မာနကြောင့် စကားလုံးတွေပါ ဆွံ့အကုန်၏။

'ငါ့မြေနင်းလို့ ငါစားခွင့်ရှိတယ်' ပြောတော့ 'ငါ့ဖိနပ်ပေါ် ငါနင်းတာ'လို့ ဖြေသည်။ 'ငါ့အရိပ်ခိုလို့ ငါစားထိုက်ပြီ'ဆိုတော့ 'ငါ့ထီးအရိပ်အောက်မှာ ငါရပ်နေတာ'လို့ ဖြေ၏။

ဘီလူးစားခံရမည့်အန္တရာယ်ကို ကျော်လွှားနိုင်ခဲ့သော 'မယ်ကာက' ဇာတ်ဝတ္ထုကို သတိရမိ၏။

ဟိုဘက်မှာ သူ့သဘောနဲ့ စိတ်ကြိုက် တောင်းဆို ဖန်တီးလာတဲ့သူကို သူ ဘယ်လိုချုပ်ကိုင်ရမလဲ ...။

ဒေါသကို မျိုသိပ်၍ သူပဲလျှော့ရတော့မှာကို နားလည်သွားခဲ့သည့်နောက် ...

"ဒီမှာ မင်းရန်သူ .. ဘယ်ဘက်ကမှ မလျှော့လို့ မရဘူးဆိုတာ မင်း နားလည်မှာပါ .. ကားနဲ့လူက မဆုံတော့ မင်းလူကို .."

"သူ ရှေ့မှာပဲထိုင်မှာ .. ငါ့အတွက် လိုအပ်ရင် သူက အနီးဆုံးမှာ ရှိနေပေးရမယ့်သူ ..၊ ငါ့အတွက်ဆိုတာက မင်းအတွက်ကို ပြောတာ..



www.burmeseclassic.com

www.burmeseclassic.com



ဒီကားထွက်တာနဲ့ ငါတို့ရဲ့ဒါရိုက်ရှင်က ရန်ကုန်ထိ ချောချောမောမော ရောက်သွားဖို့ပဲ ..."

"ငါ့အတွက် အဲဒီလောက်ထိ မလိုဘူး မင်းရန်သူ .. ရန်သူတွေ ပတ်လည်ဝိုင်းနေလောက်အောင် ငါ လူဆိုး မဟုတ်ဘူး .."

"မင်းကိုယ်မင်းထက် ဘယ်သူ ပိုသိမှာလဲ ..၊ ငါကလည်း သိဖို့ မကြိုးစားဘူး .. ငါ လက်ခံတဲ့အလုပ်အတွက် ကီလိုတွေ ဂရမ်တွေနဲ့ တိုင်းထွာ ချိန်တွက်လာတာ မဟုတ်တဲ့အတွက် မင်းအပေါ်ကျလာမယ့် အန္တရာယ် အနည်းအများကို မသိဘူး ..၊ လေပြင်းတစ်ရိုက်တောင် မကျရောက်ဘဲ ပြီးသွားနိုင်သလို .. ငါတို့ထဲက ဘယ်သူ ဘာဖြစ်သွားနိုင်မလဲ ဆိုတာလည်း ကြိုမပြောနိုင်ဘူး .. သဘောတာတစ်ခုက မင်းက လူကောင်း မဟုတ်ဘူး .."

"ဟော့ကောင်.."

"မင်းအခေါ် ပြောလိုက်တာ .."

ဝင်းထွန်း မျက်နှာပျက်နေလျက် အသံတိတ်သွား၏။

ရန်သူ က မျက်နှာမလှဖြစ်ကုန်ကြသည့် နှစ်ယောက်ကို တစ်ချက် ငဲ့ကြည့်၍ ...

"မင်းတို့သုံးယောက် နောက်မှာ အဆင်ပြေသလို လိုက်ခဲ့လို့ ရတယ် .."

"မင်းရန်သူ .. မင်း ငါ့ကိုပါ .."

"မင်းကို ရန်ကုန်ရောက်အောင် ခေါ်သွားဖို့ပဲ .. ခေါင်းပေါ် တင်ခဲ့ပါ .. ပခုံးပေါ် ထမ်းလာပါလို့ မပါဘူး .."

ရန်သူ က ဆောရှဲ ကို ကားပေါ်တက်ဖို့ မေးဆတ်၍ သူပါ ဝင်ထိုင်သည်။

ပြီးမှ တံခါးမပိတ်သေးဘဲ လှည့်ကြည့်ကာ ...





"ငါ့အလုပ်က မင်းပဲ နော် .. တခြားလူတွေမပါဘူး ..၊ ရန်ကုန်ထိ အေးအေးဆေးဆေး ခရီးကြုံလိုက်ချင်ရင် နေတတ်ဖို့ ပြောပြတာ .."

တံခါးပိတ်သံက ကျိမ်းခနဲ ..။

ကားသည် စထွက်ကတည်းက မြားပစ်လွှတ်လိုက်တဲ့အတိုင်း ..၊

လမ်းက ဖြူးဖြောင့်နေပေမယ့် ကားတွေ လူတွေကို ပွတ်ကပ်တိမ်းရှောင်သွားပုံတွေက အသည်းယားဖွယ် ဖြစ်နေ၏။

မြို့ထဲပိုင်းကို လွန်လာဘာမှ ဝင်းထွန်း က နာကျင်နေသည့်နေရာကို တကိုင်ကိုင် တတို့တို့နှင့် ...

"ငါတို့ လမ်းတိုအောင် အောက်ဘက်လမ်းက သွားလို့ရတယ် ဟိတ်ကောင် .. လမ်းလည်း ကောင်းတယ် .."

"လမ်းတိုချင်လို့လား.. ဒီက ကွေ့ဝင်လိုက်ရင် တန်းရောက်တယ်"

"ဟင်!..."

ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွားကြကာ နားလည်သွားသည့်တစ်ယောက်က မျက်လုံးကြီး ပြူးခနဲ့ဖြစ်ကာ ...

"သရိုင်း .."

ကြည့်စမ်း .. ခွေးသူတောင်းစား ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်တာနှင့် ကမန်းကတန်း ဆင်းရခြင်း၏ ရည်ရွယ်ချက်အတိုင်း ...

"ကဲကွာ .."

"ဒုန်း .."

"အား!..."

ကားပေါ်က သေချာ မဆင်းရသေးမီ ပေါ်လာသည့်မျက်နှာကို ဝင်းထွန်း အားရှိသလောက် ထိုးချလိုက်သည်။

ရန်သူ က ခေါင်းငုံ့၍ တံခါးနဲ့ကာလိုက်သဖြင့် မချိမဆံ့ အော်သံကြီး ထွက်လာကာ ...

"မင်း .. အား!..."

"ဟဲ့!.. ဟဲ့ .. ဘာတွေဖြစ်ကြတာလဲ .."

"သား .. ငါ့သား ပြန်လာပြီ .."





အိမ်ထဲကနေ အပြေးတစ်ပိုင်း ထွက်လာကြတာလည်း လူကုန်။

ဒေါ်မျိုးရီ က ရှေ့ဆုံးကဖြစ်ကာ ဦးစိုးဝဏ္ဏ တို့ မောင်နှမက နောက်က ဖြစ်၏။ ဘာလုပ်လိုက်တာကို မမြင်လိုက်သော်လည်း ရန်သူ က ကားထဲမှာပဲ ရှိနေလျက် တံခါးကို လက်သီးနဲ့ထိုးပြီး အော်နေတာက ကိုယ့်တူ ဖြစ်နေသဖြင့် ...

"မျော် .. မေးနေတယ်လေကွာ .. ပြန်မရောက်သေးဘူး ပြဿနာပါလာပြီလား .."

"ဒီကောင် တစ်လမ်းလုံး လူပါးဝလာတာ ဖေကြီး .. ကျွန်တော်လုံးဝ မကျေနပ်ဘူး .. ဒီမှာ ကျွန်တော့်မျက်နှာမှာ ဒဏ်ရာ ကြည့် .."

"ဟင်!..."

"အို!... ဘယ်လိုဖြစ်တာလဲ .. မင်းမင်း .."

ဒေါ်မျိုးရီ က စကားဝါ ခေါ်သည့်အတိုင်းပဲ ခေါ်၍ ...

"မင်းကို စောင့်ရှောက်ပေးဖို့ လွှတ်လိုက်တာ .."

"ဘာမှမဖြစ်ဘူး .. ကျွန်တော့်မှာ ဘာရန်သူမှ မရှိဘူး .. သူ့ကြောင့်ပဲ ကျွန်တော်တို့သုံးယောက်စလုံး အနာတရဖြစ်ကြရတာ .."

"ဟေ!..."

ဦးစိုးဝဏ္ဏ သူ့လက်က ဒဏ်ရာကို ကြည့်ကာ ...

"ဒီဒဏ်ရာမျိုးလား .."

"ဟား .. ဟား .. ဟား ..."

ရန်သူ က ခပ်ကြိတ်ကြိတ်ရယ်ရင်း ကားပေါ်က ဆင်းသည်။ ပြီးတော့ ဝင်းထွန်း နဲ့ မျက်နှာချင်းဆိုင်ရပ်ကာ ...

"ပြောပြလိုက်ပါ .. ဘယ်သူက ဘယ်လိုစခဲ့တာလဲလို့ .."

"လူပါးမဝနဲ့ ဟောကောင် .. လေလုံးထွားလွန်းလို့ မတန်မရာတွေ ပြောနေတာကို ဘယ်သူက ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ကဲ .. တော်ပြီ၊ လာ .. အိမ်ထဲဝင်ကြစမ်း"

"ကျွန်တော် မလိုက်တော့ဘူး .."

"ဘယ်လို!..."

"ကားပြန်ပို့ရဦးမှာ ..၊ အချိန်ပိုသုံးရင် သုံးသလောက် ပေးရမှာမို့လို့ .."

"ဖေကြီးဟို့က ဘာဖြစ်လို့ အိမ်ကကားနဲ့ မကြိုနိုင်းတာလဲ .."

"သူက မော်ဒယ်လ်မြင့်တဲ့ကားတွေ မမောင်းတတ်ဘူးဆိုလို့လေ.."

သက်သက်ထွင်တာ ..၊

ဝင်းထွန်း မျက်နှာမဲ့သွား၏။

"ဟွန်း .. သူများအပေါ် လူတွင်ကျယ်လုပ်ဖို့ကို ဖယားခင်းလာတာထောင့်ကိုနေလို့ .."

"လာ သား .. လက်က ရောင်ကိုင်းလာပြီ .."

မကျေနပ်ချက်တွေနဲ့ မသွားနိုင်ဘဲ ဖြစ်နေတာကို ဒေါ်သစ်သစ်က အတင်းလက်ဆွဲပြီး အိမ်ထဲ ခေါ်သွင်းနေ၏။ ကိုယ်ကမွေးခဲ့ပေမယ့် သူဌေးသားဖြစ်မှ အာဏာပါဝါတွေ ရမှာမို့ မဆိုင်သလို နေပေးခဲ့ရတာကြာပါပြီ ..။

ခုအခြေအနေက ပန်းဝင်ကြိုးကို လှမ်းမြင်နေရပြီဖြစ်သည့် နောက်ဆုံးအချိန် ..၊ ကိုယ့်သားနဲ့ နှစ်ကိုယ်ကြား ပြောရမည်။ တိုင်ပင်စရာတွေ ရှိသေး သည်။ ဒါပေမယ့် သားဖြစ်သူက အထာမနပ် ..၊

"မင်းက ဘယ်လိုဖြစ်ပြီး အရူးလို တစ်ယောက်တည်း ရန်ဖြစ် – တစ်ယောက်တည်းအော် လုပ်နေရတာလဲ .."

"ဒီကောင့်အကြောင်း မေမေ မသိပါဘူးဗျာ .."

ဒေါ်သစ်သစ် က တံခါးကို သေချာလော့ခ်ချလိုက်ပြီးမှ ချာခနဲ ပြန်လှည့်လာကာ ...





"ဟုတ်တယ် .. ငါမွေးထားတဲ့ မင်းအကြောင်းတောင်မှ မသိတာ.. ဘယ်သူ့အကြောင်း သိရဦးမှာလဲ .."

"သိချင်ရင် အိမ်ရှေ့မှာ ဒီကောင် ကျိုင်းရှာနေတာ စောင့်ကြည့်နေပါလား ..၊ ဖေကြီးတို့ကို ကျွန်တော် ပြောပြမလို့ ဒီကောင့်အကြောင်း.."

မအေ ဆွဲခေါ်လာတာကို အပြစ်တင်ချင်ပေမယ့် ခရီးရောက်မဆိုက်မို့ ပြောလို့လည်း မထွက် ..။

"ကျွန်တော့်ကို တစ်လမ်းလုံး ဆရာကြီး လုပ်လာတာ ..၊ တကယ်တမ်းကျတော့ ဘာအန္တရာယ်မှလည်း ရှိခဲ့တာ မဟုတ်ဘူး .."

"ရှိမှာစိုးလို့ပဲ မင်းကိုယ်တိုင် ဖျိုးသိပ် သည်းခံလာခဲ့ရတာမို့လား.. သူ့ အနားမှာရှိမှ ဖြစ်မှာလို့ မင်းကိုယ်တိုင် လက်ခံခဲ့လို့ပဲလေ ..၊ အဲဒါတွေက ငါ အခု မင်းရဲ့ဘဝအရေးမှာ ဘာမှ မဟုတ်တာလေးတွေပါ.. မင်း တော်ဟော် ကလေးဆန်သေးတာပဲ ဝင်းထွန်း ရယ် .. ဟင် ..၊ ပြောမလို့ စကားတွေတောင် ဘယ်ကစရမှန်း မသိတော့ဘူး .."

ကျောလယ်လောက်ဆံပင်ရှည်တွေကို သားရေကွင်းနဲ့စုစည်း၍ နားသယ်စပ်ဆံစရှည်တချို့ ဖရိုဖရဲကျနေသော လေးထောင့်ဆန်ချင်သည့် မျက်နှာဟာ ယောက်ျားပီသ ခန့်ညားချင်ပါလျက်နှင့် ...

"မင်း ဘာဖြစ်သို့များ ဒီအရွယ်ထိ ခုလောက်တောင် အပေါင်းအသင်း မက် .. အပျော်အပါး လိုက်စားတာ ဝါသနာကြီးနေမှန်း ငါ စဉ်းစားလို့ မရဘူး ..၊ ဒီမှာ သား .. ဟောဒီလောကကြီးမှာ မင်းရယ်.. ငါရယ် .. မင်းညီမ ..."

"နှသစ် ကို ထည့်မတွက်နဲ့တော့လေ .. သူက သွားပြီ ..၊ မေမေ့သမီး လောဘကြီးလွန်းလို့ ကိုယ်က ခွင်ဆင်ရင်းနဲ့ သူများခွင်ထဲမှာ–"

"ဟဲ့ .. ပါးစပ်ပိတ်ထားစမ်း .."

ဒေါ်သစ်သစ် မျက်လုံးမျက်ဆန်ပြူးလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘယ်သူမှသိတဲ့ကိစ္စ မဟုတ်ဘူး .. ငါဖုံးထားခဲ့တာ နှစ်နှစ်ရှိပြီ ..၊ နင့်ကြောင့် လူသိကုန်တော့မယ် .."

"သိနေကြမှာပါ မေမေရာ .. မိန်းကလေးတစ်ယောက် နိုင်ငံခြားမှာ စီးပွားရှာမယ်ဆိုပြီး ထွက်သွားတာ .. ဒီလောက်ထိ မဆက်သွယ်ဘဲ ဘယ်သူမှ မနေဘူး .."

"ဟဲ့ .. မင်း ပြောလေ ကဲလေပါလား ဝင်းထွန်း ရယ် .."

သမီးအကြောင်း မောင်နှမချင်းတောင်မှ သူမက အသိခံခဲ့တာ မဟုတ်ပေ ..၊ ငယ်ငယ်ကတည်းက သမီးငယ်က စပ်စပ်စုစုတွေ လုပ်တတ်သည်။

ဘယ်သူ ဘာလုပ်နေနေ အတုခိုးတတ်၏။ ထိုအကြောင်းရင်းများကြောင့် မအေနဲ့ အနေနီးသလောက် လောင်းကစားဆိုတာ သူမ မတတ်တာ မရှိ ..။

အပေါင်းအသင်းဆိုလည်း အလွှာစုံ ပေါင်းသည်။ ဘယ်သူနဲ့ပေါင်းပေါင်း သူမကသာ ဆရာကြီး ဖြစ်ခဲ့၏။ ဒါတွေဟာ ရပ်ကွက်ငယ်လေးထဲကနေ တိုက်ကြီးပေါ်ရောက်လာတဲ့အချိန်မှာ ကျားကြီးတော့ ခြေရာမျိုးလား ..။

ဒါမှမဟုတ်လျှင်လည်း 'စားရလေလေ ငတ်လေလေ'လို့ ပြောမလား ..၊ 'မမြင်ဘူး မူးမြစ်ထင်'တာမျိုးတော့ မဟုတ်တာတော့ သေချာပါသည်။

ဘာဖြစ်လို့လဲဆိုလျှင် ဒေါ်သစ်သစ် တို့ကလည်း မချမ်းသာခဲ့ပေမယ့် ဆင်းရခဲ့တာလည်း မဟုတ်၊ ရွက်နုသစ် ဆိုတဲ့ မိန်းကလေးကျမှ တခြားမိန်းကလေးတွေလို ဆင်းရဲတဲ့ဒဏ် မခံနိုင်လို့ မဟုတ်ဘဲ ချမ်းသာလာကာမှ လောဘက အတောမသတ်ဘဲ အဖြစ်ဆိုးခဲ့ရတာ ..၊ ခုဆို သေသလား ရှင်သလားလည်း မသိ ..။





သားသမီးဆိုပေမယ့် ဒေါ်သစ်သစ် ကလည်း လက်ရှိ ပိုင်ဆိုင်နေရသည့် စည်းစိမ်ချမ်းသာတွေကိုတော့ ဆုံးရှုံးမခံနိုင်တာမို့ သူမရဲ့ ကောင်းသတင်းကို မစုံစမ်းသလို အဖြစ်ဆိုးနဲ့တိုးနေပြီဆိုရင်လည်း သူ့ထိုက်နဲ့သူ့ကံလို့ပဲ ထားခဲ့လိုက်သည်။

ခုချိန်မှာ ဒီသမီးရှိနေလျှင် အစ်ကိုဖြစ်သူရဲ့ဂုဏ်သိက္ခာပါ ထိခိုက်စေမည်ဖြစ်ကာ သားရှိနေခြင်းအတွက် အနာဂတ်ခရီးလမ်းမှာ လိုအင်ဆန္ဒမှန်သမျှ ပြီးပြည့်စုံတော့မည်။

"ဒီမှာ သား .. မေမေ ပြောတာကို နားထောင်စမ်းပါ"

လိုအပ်ရင် လိုအပ်သလို နူးညံ့သွားတတ်သည့် အမေရဲ့အမူအရာကို ဝင်းထွန်း က စိုက်ကြည့်၍ ဘာပြောမှာလဲ နားစွင့်၏။

"အခု မင်းမင်း ဆိုတဲ့ ကောင်လေးကို ခေါင်းထဲကထုတ်လိုက်.."

"မင်းမင်း လို့ ဘယ်သူခေါ်တာလဲ ..၊ သူ့နာမည်က 'မင်းရန်သူ'တဲ့၊ လောကကြီးထဲကို ခြေချဝင်လာတည်းက လူတွေကို စိန်ခေါ်ပြီး ဝင်တာ .."

"အမလေး ခေါ်စမ်းပါစေဟယ် .. ဒီလိုပဲ 'မပြည့်တဲ့အိုး ဘောင်ဘင်ခတ်'တာပဲ ..၊ သူ့ကိုယ်သူ ကျွန်မှန်း သခင်မှန်း နားမလည်တာပါ"

ဒေါ်သစ်သစ် က စကားလုံးနကြမ်းတာတွေ ရွေးဖယ်ပြောတတ်တဲ့ အကျင့်မရှိ .. စိတ်လည်း မရှည်တတ်ပေ ..။ သူမအတွက် ဘာပြောပြော ဘာလုပ်လုပ် လိုရင်းရောက်ဖို့သာ အဓိက ..။

"မင်းရှုပ်ထားတဲ့ပြဿနာတွေ ဟိုမှာ ရှင်းခဲ့ရဲ့လား .. ငွေတွေ ဝို့လိုက်တာကို မရှင်းဘဲနဲ့ သုံးစားပစ်လိုက်တာတော့ မဟုတ်ဘူးမို့လား ဝင်းထွန်း .."

"မဟုတ်ပါဘူး မေမေရာ .. မရှင်းဘဲနဲ့ ပြန်လာလို့ရပါ့မလား အားကြီး ..၊ ဟိုကကောင်တွေကဖြင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာဖြစ်လို့ ခွေးတိုးဝက်ဝင် ပြန်လာရတာလဲ ပြော..၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဒီဘက်ဟိုတယ်လ်ကိုရောက်မှ ပိုက်ဆံမှာပြီး ဖိနပ် ဝယ်ရ .. ဘောင်းဘီ ဝယ်ရ .."

"မေကြီးတို့တောင် ဘာမှမမေးဘူး မေမေရာ .. ဟိုမှာ ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ပြန်မသွားတော့ရင် ပြီးပြီ .."

"အခု ဒီမှာလည်း မင်းဆီ ရောက်လာကြမယ့် အန္တရာယ်တွေရှိသေးတယ်လေ .. ဒီနေရာမှာ မင်းနဲ့ငါပဲ ရှိတာ ..၊ မေမေ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း .. ဒီလက်ထပ်ပွဲကို ပျက်စီးခံလို့ လုံးဝ မဖြစ်ဘူး ..၊ အမြန်ဆုံး လက်ထပ်နိုင်မှလည်း အေးမှာ .. ငါ့မှာ ဣန္ဒြေဆည်ပြီး ဘာမှဝင်မပြော.. ဝင်မစွက်ဖက်ဘဲ နေနေရတာ အသည်းတွေ ဘယ်လောက်ယားနေလဲ သိလား .. အဆင်း ကလည်း အခု အရင်လို မဟုတ်တော့ဘူး .."

"ဘယ်လိုပုံ ဖြစ်နေလို့လဲ .."

"မင်းကလွဲရင် အားလုံး ပြောင်းလဲနေကြတာပဲ ဝင်းထွန်း ရယ်.. မင်း ကိုယ့်ကိုယ်ကိုယ် ပြုပြင်စမ်းပါ .."

ပြောနေရင်း တံခါးဆဖွင့်ပြီး ခေါင်းပြူကြည့်လိုက်သေးသည်။ ဝင်းထွန်း က စိတ်မရှည်သည့်မျက်နှာနှင့် ...

"တံခါးပိတ်ထားတာပဲ မေမေရာ .. မဟုတ်ရင်လည်း ညဥ့်နက်မှ ပြောပါလား .. ကျွန်တော် နားချင်ပြီ .."

"ညဥ့်နက်မှ ပြောလို့ မရဘူး .. ဒီတံခါးတွေကလည်း ပိတ်ထားပေမယ့် လာကပ်နားထောင်ရင် ကြားရတာပဲ၊ မင်းကိုက ဒါမျိုးဆို ဘယ်တုန်းကမှ စိတ်မဝင်စားတာ .."

"မဟုတ်ပါဘူး ဝင်စားပါတယ်၊ ကျွန်တော့်မှာလည်း အခက်အခဲ အကျပ်အတည်းတွေထဲက ရုန်းထွက်လာရတာ .. ကိုယ့်အိမ်ရောက်တာနဲ့ အေးအေး နားချင်တာပေါ့ .."





ဒေါ်သစ်သစ် က ဝင်းထွန်း လက်မောင်းကို တွန်းဝစ်လိုက်ပြီးမှ အားမှာ ဝင်ထိုင်လိုက်ကာ ...

"နားရအောင် နင်က ဘာ အလုပ်ကြီးအကိုင်ကြီးတွေ လုပ်လာရလို့လဲ ..၊ ကိုယ့်လမ်း ကိုယ်ထွင်ခဲ့တာ ကိုယ်ဖြစ် ကိုယ်ခံပေါ့ .. မိဘက လိုက်ရှင်းပေးနေတာများ ပင်ပန်းလှချေရဲ့ ညည်းနေသေးတယ် .."

"မိဘလို့တော့ မပြောပါနဲ့ မေမေရာ .. ဖေကြီးနဲ့ မေကြီးကြောင့်ပါ၊ မေမေသာဆို သမီးတစ်ယောက်လုံးကိုတောင် ခွေးစားစား ကျီးထိုးထိုး ပစ်ထားခဲ့တာ .."

"ဟဲ့ .. ဗီဇဆိုတာ မိဘက ဆုံးမဖျောက်ဖျက်ပေးလို့ မရဘူး ..၊ ပြောနေတဲ့ကြားက ချိုထောင်သွားတာ ငါက ဘာလုပ်ရမှာလဲ ..၊ မင်းကိုတောင်မှ အစတည်းက အစ်ကိုစိုး တာဝန်ယူထားလို့ .."

"သိပါတယ် .."

"သိရမှာပေါ့ .. ငါက လင်မှ မရှိတာ .."

"ဟုတ်တယ် .. ယောကျ်ားမရှိတော့တဲ့ မိန်းမတွေ သူတို့ကလေးတွေကို တစ်အိမ်တစ်ယောက် လိုက်ဝေနေကြတာ ထုံးစံပဲဟာ .."

"ဝင်းထွန်း .. နင် မအေကို စော်ကားနေတာလား .."

ဝင်းထွန်း မျက်နှာက ပြုံးမဲ့မဲ့နှင့် ...

"မေမေ ပြောလို့ ပြောတာ .."

ဒေါ်သစ်သစ် က ပခုံးမထိတထိ ဆံပင်တွေကို အထပ်တွေ ညှပ်ထားကာ မျက်နှာပေါ်မှာ မိတ်ကပ် နှုတ်ခမ်းနီနဲ့ နေ၏။ ထိုပြင် ဝတ်စားပုံကအစ သားလောက်အရွယ်က 'မမ'လို့ ခေါ်တာတွေထိ ..

"နုသစ် ကို လူကြီးတွေ ဂုဏ်သိက္ခာထိခိုက်အောင် လုပ်သွားတယ် ဆိုပြီး မေမေက ပယ်စာရင်းထဲ ထည့်လိုက်တာ .. မေမေ့မျက်လုံးတော့ ခုချိန်ထိ ဒီပုံစံ ဒီစတိုင်လ်တွေပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာလုပ်နေလို့လဲ .."

"ဖဲရိုက်နေတာလေ .."

"ဟဲ့ – ငါ့အစ်ကို ပစ္စည်းတွေ ငါ ဖြုန်းတာ .. ပြီးတော့ ငါက ပြန်ရအောင် ရှာနိုင်တယ် ..၊ တော်ပြီ ဝင်းထွန်း .. ငါပြောတာကိုပဲ နင် ခုတ်ထား .."

ဒေါ်သစ်သစ် က ကိုယ့်ဘက်လှည့်လာတော့ အော်ပစ်လိုက်ပြီး တားဖြတ်သည်။

ဝင်းထွန်း က မေးရိုးကဒဏ်ရာကို မှတ်ဆိတ်မွေးသ သလို ခပ်ဖွဖွ ပွတ်၍ ...

"ဟုတ်ပါတယ် .. ဆရာမှားတော့ 'ဆောရီး'ပေါ့ .."

မကြားတကြား ပြောလိုက်သေးသည်။ ဒေါ်သစ်သစ် က ကိုယ့်သား မျက်နှာကို ထူးဆန်းသလို စိုက်ကြည့်၍ ...

"မအေကတော့ ငါ့သားလေး ပြန်လာပြီဆိုပြီး ဝမ်းသာမျှော်လင့်နေလိုက်ရတာ .. မင်းက နာကြည်းချက်တွေ အပြည့်နဲ့လား ဝင်းထွန်း.. ငါ့မျက်နှာကို ကြည့်ပြောစမ်း .."

ဒေါ်သစ်သစ် က လက်မောင်းကို တွန်းထုတ် ထုရိုက်ပစ်လျှင် ဝင်းထွန်း မျက်နှာ စပ်ဖြီးဖြီး ဖြစ်သွား၍ ...

"နာကြည်းရကောင်းမှန်း သိရင် မေမေ့ကို မေမေလို့ မခေါ်တော့ဘူး .."

"ဘာ!..."

"သဘောပြောတာပါ .. မေမေ့လိုပဲလေ ..၊ ကျွန်တော်ကလည်း ခံစားချက်တွေ ရင်ဘတ်ထဲမှာ မထည့်တတ်ပါဘူး .. ဘာလုပ်မှာလဲ..၊ ဘဝမှာ မေတ္တာတရားတွေ ရတိုင်း ပြည့်ဝနေတာမှ မဟုတ်တာ..၊ ငွေရှိမှ ..."





"ဟုတ်တယ် .. ငါကလည်း သားသမီးဖြစ်ဖြစ် .. ပတ်ဝန်းကျင်ဖြစ်ဖြစ် အထင်လွဲလွဲ မလွဲလွဲ ဂရုမစိုက်ပါဘူး ..၊ နင့်ကို ငါ မေးနေတာက ငါ့ကို ကျေနပ်နေသလား .. မကျေနပ်ဘူးလား မဟုတ်ဘူး ..၊ ငါချထားတဲ့ ပလန်တစ်ခုလုံး နင့်ကြောင့် ပျက်စီးသွားမှာစိုးလို့ နင့်ရဲ့စိတ်ထဲမှာ အဓိက ဘာတွေရှိနေသလဲ ဆိုတာပဲ .."

"ဘာမှမရှိဘူး .. အခု ဘာလုပ်ရမလဲ ..၊ အဲ့ဒါပြော .."

"ပြောဆိုတိုင်းလည်း မပြီးဘူးဟဲ့ .. ငွေလိုချင်လို့ စားပြတ္တက်တိုက်ရင်တောင် 'သွားတိုက်ချေ'ဆိုပြီး လက်ထဲ သေနတ်ထည့်ပေးလိုက်ရုံနဲ့ ပြီးသွားနိုင်သေးတယ် ..၊ အခု နင့်စိတ်ပါမှ ဖြစ်မှာ .. အဆင်း ကို နင် ရင်းနှီးဖို့ ကြိုးစားရမယ် ..၊ ရက်ပိုင်းလေးအတွင်းမှာ စိတ်ကိုရော လူကိုရော အပိုင်သိမ်းနိုင်လေ .. ကောင်းလေပဲ .."

"ဘာကို ရင်းနှီးရမှာလဲ .. တစ်အိမ်တည်း အတူတူနေခဲ့ဖူးတာပဲ ဥစ္စာ .. အပိုင်သိမ်းဖို့ကြီးကတော့ .."

"ဘာလဲ ... အဆင်း ကို နင်က မကြိုက်လို့လား .."

"ကြိုက်စရာလား မေမေရာ .. မိန်းမတစ်ယောက်က လှတိုင်း တန်ဖိုးကြီးတာ မဟုတ်ဘူး .. အပြောအဆို အမူအရာ ဟန်ပန်ကအစ ဆွဲဆောင်မှုရှိမှ..၊ ကျွန်တော်က ဆက်(ဂ)ဆီဂဲ(လ်)လေးတွေ ရေလဲသုံးလာတာ .. အဆင်း ကို ဘယ်လိုလုပ် ရင်ခုန်ရမလဲ ..၊ သူ့ဟာသူ လှနေတာက သပ်သပ် .. ပျင်းစရာကြီး .."

"ပျင်းရင်လည်း ရှိုးကေ့စ်ထဲမှာ ထည့်ပိတ်ထားရုံပဲ .. နင် သူ့ကို အပိုင်သိမ်းနိုင်ဖို့က ငါတို့ရဲ့ဘဝပဲ နားလည်လား ..၊ ရီ က သူ့ယောက်ျားကို နာကြည်းတာ တစ်ခုတည်းနဲ့ ရှိခဲ့တဲ့ အမွေကိစ္စကို ဖျက်ဆီးပစ်ခဲ့တာ ..၊ အဲဒါကြောင့် နင့်ကိုပဲ သားတစ်ယောက်လို ပြုစုပျိုးထောင်ခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



"မေကြီးက မေကြီးကိုလည်း ချစ်ပါတယ် .."

ကလေးနှစ်ယောက်က ဦးစိုးဝဏ္ဏ နဲ့ ဒေါ်မျိုးရီ ကို မေကြီး မေကြီး လို့ပဲ ခေါ်ကြတာဖြစ်ကာ တော်ရုံလူဆို သားသမီးအရင်းတွေလိုပဲ ထင်ခဲ့ကြ၏။

ဒီကြားထဲမှာ စံအိမ်ရဲ့ တကယ့်မျိုးဆက်သွေးကတော့ ကယ်တင်ခံ ထားရသည့် ဒုက္ခသည် မိဘမဲ့လေးကဲ့သို့ ..။

"တကယ်က လူတိုင်း ထင်နေသလို မဟုတ်မှန်း ငါတို့တွေ သိကြ တယ် .. ရီ က ဘာမှပိုင်ဆိုင်မှု မရှိတော့ဘူး ..၊ သူ ရသင့်ရထိုက်တာ အားလုံးက မင်းရဲ့မေကြီး ကိုင်ပြီး ငါတို့တွေ သုံးဖြုန်းနေကြတာလေ.. ဦးရှုပါ ရဲ့ ဇနီးမို့လို့သာ ငါတို့ အရှုးကွက်နင်းထားကြတာကို လူတွေ အမှတ်တမဲ့ ဖြစ်နေကြတာ .."

"ဟုတ်တယ်လေ .. လူတွေက ဒီတိုင်း သိနေကြတယ် ..၊ အဆင်း ကို အမွေလွှဲပြီးတာနဲ့ ကျွန်တော် ရမှာပဲ .. ရှင်းနေတာကို .."

"မင်း မ...ကျ်ကမှာစိုးလို့ ပြောနေတာ .. ရီ က ပိုက်ဆံမမက်ဘူး ဝင်းထွန်း .. သူ စိတ်နာနေတာ အချစ်ကြောင့်ပဲ ..၊ နင့်မေကြီးကို ငယ်ချစ်ဟောင်းမို့ မမေ့နိုင်သလို .. ဦးရှုပါ ကိုကျတော့ အထင်ကြီးစိတ် နဲ့ ရွဲလမ်းခဲ့တာ ..၊ ဒါကို ဟိုက ရက်စက်လို့ တအားမုန်းနေတာ .. ပြီးတော့ ..."

သတိလက်လွတ်ပြောနေရင်း ကိုယ့်အသံကို ထိန်းချုပ်ရမှန်းတောင် မသိ ..၊ ဝင်းထွန်း က နားကလိသလိုနှင့် ဟိုကိုင်ဒီကိုင် မျက်နှာလွှဲ၏။

"သူ့အစ်မကို ချစ်တယ် .. အစ်မနှစ်ယောက်စလုံးကို ချစ်ရဲ့သားနဲ့ ဒီအမွေကိစ္စကို ဦးရှုပါ ပြတ်ပြတ်သားသား စီစဉ်သွားကာမှ မိန်းမကြမ်း ကြီးလို ဖြစ်သွားတာ .."

"ဒါဆို မေကြီးက အဖြည့်ခံပေါ့ .."





"နင့်မေကြီးကရော စိတ်ထဲမှာ ရိုးဖြောင့်နေတယ် မှတ်လို့လား.. သူနဲ့ မပြတ်သားဘဲ ခဲအိုနဲ့ လက်ထပ်သွားတည်းက စိတ်နာနေတာ.. သူတို့ချင်း ပေါင်းနေကြပေမယ့် ခံစားချက်တွေက ပေါင်းနေတာ မဟုတ်ဘူး .."

"ကဗျာဆန်နေပြန်ပြီ မေမေရာ .."

"ကဗျာဆန်တာ မဟုတ်ဘူး .. ငါတို့မောင်နှမချင်းက ကွယ်ရာမှာ ဆို ရင်ဖွင့်နေကျ ..၊ နင် ဘယ်လောက်ဖြုန်းဖြုန်း .. ငါ ဘယ်လောက်ရှုံး ရှုံး .. စိတ်ကြိုက်ထုတ်ပေးနေတာ ဘာမှတ်လို့လဲ ..၊ သူ့ခံစားချက်နဲ့သူ ငွေကို ရေလို သုံးနေတာ .. သားသမီး မရနိုင်တော့တဲ့ .. ကိုယ့်ကိုလည်း ပစ်သွားခဲ့တဲ့ တစ်ခုလပ်မိန်းမကို ယူလာခဲ့ရတာ သူလည်း နာကျင်နေ တာပဲ .."

"ရှုပ်နေတာပဲ .."

"ပိုရှင်းပြရင် မိုရှုပ်တာတွေ ပါလာဦးမှာ .."

"မရှင်းနဲ့တော့ မေမေရာ .. ကျွန်တော် အပြင်မှာ သွားလာလှုပ်ရှား ဖို့တွေ ရှိသေးတယ် .."

ပြောပြီးတာနှင့် ထလစ်ဖို့ ကြိုးစား၏။ ဒေါ်သစ်သစ် က ပြန်ဆွဲ ထား၍ ...

"သူတို့အကြောင်း ငါ ပြောပြနေတာ စကားမပြောရ မနေနိုင်လို့ ပြောနေတယ်များ မှတ်နေလား ဝင်းထွန်း .. ဒီအိမ်မှာ ငါတို့ နေနေရတာ လှုပ်လှုပ်လေးရယ် နော် .. အနေမတတ် အပြောမတတ်တာနဲ့ ခေါင်းနဲ့ ဆင်းရမှာ နားလည်ရဲ့လား ..၊ နင်နဲ့ အဆင်း လက်ထပ်ဖို့ အမြန်ဆုံး စီစဉ်နိုင်မှ ဖြစ်မှာ .. တမ်နေ့နေ့ ဒီလင်မယား စိတ်ချင်းမပေါင်းခဲ့ကြတာ မှေ့ တစ်ယောက်နဲ့တစ်ယောက် ပေါက်ကွဲကုန်ကြရင် .."

"ဟုတ်ပြီ .. ခုပဲ ကျွန်တော် အဆင်း နဲ့ သွားတွေ့တော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ပူမနေပါနဲ့ မေမေရယ် .. အဆင်း က ကျွန်တော့်အတွက် ကစားစရာ အရုပ်လေးပါ .. ပြီးတော့ တကယ့် အရိုင်းပန်းလေးရယ် ..၊ ချက်တော်ကို လက်တော်နဲ့ ရစ်စရာတောင် မလိုဘူး .. အဟွန်း .. မေမေ့သား ဒါမျိုးတွေမှာ ကျွမ်းပြီးသား .."

"အဆင်း က အရင်လို မဟုတ်တော့ဘူး .."

"ဟုတ်ဟုတ် မဟုတ်ဟုတ် .. ကျွန်တော့်ကို မေမေ ယုံလိုက် .."

"နေဦး .."

တံခါးနားရောက်နေကာမှ ဒေါ်သစ်သစ် က ခေါ်ပြီး အနားကပ်လာကာ ...

"ငါ အဓိကပြောမှာ မပါသေးဘူး .."

"ဟာ!..."

ဝင်းထွန်း မျက်နှာ ရှုံ့မဲ့သွားသည်။

"နင့်ကို ဒီထဲထိ အတင်းဆွဲခေါ်လာခဲ့တာ အကြောင်းရှိတယ် .. ရီ တို့ ဘာမှမမေးမြန်းခင် ဖုံးဖုံးဖိဖိ ပြောရမှာတွေ သင်ပေးမယ် ..၊ ငါတို့ လုပ်သမျှ .. အထူးသဖြင့် မင်း ဟိုမှာ ဖြစ်ပျက်တာတွေ ရီ က အားလုံးသိတာ မဟုတ်ဘူး ..၊ မင်း လူကောင်းမဟုတ်မှန်း သိထားတာက တစ်ပိုင်း .. သိသာသိစေ မမြင်စေနဲ့တဲ့ ..၊ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့လေး ပြောတတ်အောင် ..."

"အဲဒါကျတော့ ကိုယ့်မိသားစုချင်း မေမေရာ .. မကြီးတို့ ဘာတွေ သိထားတယ် .. မသိထားဘူးဆိုတာ ကျွန်တော်မှ အကန့်လိုက် မသိတာ .. စိတ်ရှုပ်လိုက်တာ တကယ်ပဲ .."

ခေါင်းကို ပွသွားအောင် ကုတ်လိုက်ပြီးမှ ပြန်သပ်ချ၍ ...

"မကြီးတို့က သိလို့ပဲ ဟီးရီးတွေ ဘာတွေနဲ့ အကြိုနိုင်းလိုက်တဲ့ ဥစ္စာ .."





"မရှည်နဲ့ ဝင်းထွန်း .. မင်းအကြောင်း အကုန်လုံး သိလို့ကတော့ သူ့တူမအရင်းကြီးကို မင်းလိုလူနဲ့ အရှူးမို့လို့ ပေးစားမှာလား ..၊ သွေးသားဆိုတဲ့ အသိစိတ်လေး တစ်ချက်လေး ပြန်ဝင်လာတာနဲ့ မင်း အိပ်မက်တောင် မက်ခွင့်ရှိမှာ မဟုတ်ဘူး .."

"ခွမ်း ..."

ဟင်!...

တံခါးအပြင်က ကွဲရှသံကြောင့် သားအမိနှစ်ယောက်စလုံး တိခနဲ အသံတိတ်သွား၏။

ပြီးမှ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကာ တံခါးဆွဲဖွင့်လိုက်လျှင် ကြမ်းပြင်မှာ ကြွေသားကွဲစ တချို့ပဲ ရှိတော့ကာ ဘယ်သူမှ မတွေ့ ..၊

ဒေါ်သစ်သစ် မျက်နှာ အမျက်ကြီး ပျက်လျက် ..၊

ချစ်စု တို့ပဲ ဖြစ်ပါစေ ..။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

"ကိုကြီးဝင်းထွန်း ကို အဆင်း ပြောပြီးပြီပဲ ..၊ ဖယ်ပေးပါ .."

ဒေါ်သစ်သစ် ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။ ပြီးတော့ မျက်လုံးပြူးမတတ် ထိတ်လန့်သွား၏။

အဆင်း ရဲ့အိပ်ခန်းထဲမှာ ဝင်းထွန်း ဘာဝင်လုပ်တာလဲ ..၊

ပြောပါဆိုပါ စိတ်ဝင်စားပါနဲ့ မနည်းကြီး တိုက်တွန်းလိုက်ရသည်၊ သူ့ကို ဒီလိုလုပ်ဖို့ထိ ပြောမိလို့လား ..၊ ခေါ်ထုတ်ရခက် .. ကြည့်နေရခက်နှင့် အခန်းရှေ့ကနေ တစ်ဖဝါးမှ မခွာမိဘဲ ဖြစ်နေမိ၏။

"ကိုကြီးဝင်းထွန်း ကို အဆင်း လက်မထပ်နိုင်ဘူး .."

"လက်ထပ်ပါလို့ ခု ပြောနေတာမှ မဟုတ်ဘဲကွာ.. ကိုကြီးကလည်း ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို ကောက်ယူပြီး ၄က်ပျောတုံးကြီးလို ဘေးမှာထားရုံနဲ့ ဘာလုပ်မှာလဲ ..၊ ခု ကိုကြီး ပြောနေတာ အချစ် .."

"ဟင့်အင်း .. အဆင်း အဲဒါတွေ စိတ်မဝင်စားဘူး ..၊ ကိုကြီး အပြင်ထွက်ပါ တောင်းပန်ပါတယ် .. တစ်ယောက်ယောက် တွေ့သွားရင် မကောင်းဘူး .."





"တခါးက ကိုယ်ဖွင့်ပေးမှ ပွင့်မှာပါ .. ကိုယ်တို့ကရော အစတည်းက လူစိမ်းတွေမှ မဟုတ်ခဲ့ကြတာ ..၊ ခုဆို မကြာခင် လက်ထပ်ကြတော့မှာ .. ကိုကြီးက လူကိုရဖို့ထက် အချစ်ကိုပဲ အရင်လိုချင်လို့ .."

"အို.. မလုပ်ပါနဲ့ ..၊ ကိုကြီး လွှတ်နော်.. အဆင်း အော်လိုက်မှာ"

"အော်လေ .. တစ်ခါတည်း လက်ထပ်ဖို့ ဖြစ်သွားမှာပေါ့ .. လုပ်ပါကွာ .. ချစ်တယ်လို့ ဖြေလိုက်ပါ..၊ ကိုကြီးက မင်းနဲ့ လက်ထပ်ရမယ်ဆိုတည်းက အရမ်းပျော်သွားတာ .. ဟိုမှာ ပေါ့ပေါ့ပါးပါးနေလာခဲ့သမျှ အားလုံးကို ပြုပြင်မယ်..၊ မင်းအတွက် ကြိုးစားမယ်.. ကိုကြီးတို့မိသားစုက အစတည်းက မိသားစုပါကွာ.. ဘယ်လောက်ပျော်စရာကောင်းလဲ.."

"ဟင့်အင်း .. မကိုင်နဲ့ ..၊ ကိုကြီး နော် .. အို .. လွှတ် .."

"မရဘူးကွာ .. မင်းက အရမ်းလှလာတာပဲ ..၊ ကိုကြီးလေ .."

ဒေါ်သစ်သစ် ဆတ်ခနဲ ဖြစ်သွားသည်။ လှေကားကနေ တက်လာသည့်ခြေသံကြောင့် ဒီတိုင်းကြည့်နေလို့ မရတော့မှန်း သိလိုက်က...

"ဒေါက် .. ဒေါက် .."

"... ရှင်!... ဘယ်သူလဲ ဟင် .."

"သမီးရေ .. အန်တီသစ် ပါကွယ် .. ထမင်းစားရအောင် ဆင်းခဲ့လို့ .. နော် .."

"ဟုတ်ကဲ့ .."

"သမီးဒေါ်လေးတောင် တက်လာပြီ .. သမီး မလာနိုင်လို့ စိတ်တိုနေပြီ ထင်တယ် .. ထွက်ခဲ့ သမီး .. တော်ကြာ စိတ်ကောက်နေတယ် ထင်ဦးမယ် .."

ဒေါ်သစ်သစ် စကားအဆုံးမှာ ဒေါ်မျိုးရီ ကို လှမ်းမြင်လိုက်[illegible]။ ခေါင်းရင်းဘက်ကို ခြေဦးလှည့်ပြီးမှ သူမကို လှမ်းမြင်သွားပြီး [illegible] နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သစ္စာသစ် က ဖော်ရွေသောအပြုံးနှင့် ကြွေးလိုက်သွားလိုက်ပြီး...

"သမီးတို့ ထမင်းစားဖို့ လိုက်ခဲ့တော့ မြန်မြန်ကြည့်တည်းက ဘာတစ်ခုမှ ဆင်းမစားရလို့လေ"

ဒေါ်မျိုးရီ စဉ်းစားသလို မျက်မှောင်ကြုတ်သွားသည်။ ပြီးမှ လှည့်ထွက်သွားတော့...

"နေဦးလေ"

ဟု မြွေသွားသည့် မျက်နှာကို တင်းမာနေ၏။ ဘာ့မဆိုတဲ့ အသိမှားနည်းနည်းဖိုကြောင့် မစင်သည့် မျက်နှာထက်မှ အတွေးစိတ်သက်ရှုနှင့် ဒီတိုင်း တကယ်ဟုတ်မဟုတ်ကိုတော့ ကွာယှက်ရှင်သာ သိလိမ့်မည်။

ဒေါ်သစ္စာသစ် ကျေနပ်နေသည့် အချိန်မှာ တင်းတွန်းမျက်နှာပေါ်မှာ မယုံနိုင်ခြင်းတွေနှင့်...

"ကိုကြီး နောက်ထပ်တစ်ခါ ဒီလိုဖြစ်မလာနိုင်အောင် အဆင်း တံခါးကို အမြဲ လော့ခ်ချထားမယ်...အခြေပြတ်ကိုနေ အဲဒါ မပေးဘဲ တံခါးခေါက်တိုင်း ဖွင့်မထားတော့ဘူး..."

အဆင်း က တံခါးဖွင့်လိုက်ပြီး သူမကိုယ်တိုင် အပြင်ထွက်ရသည်။ ဖင်းတွန်းအပြစ်ဆက်ကို ခြေလှမ်းကျွံလာကာမှ မျက်နှာကို စေ့စေ့ကြည့်၍...

"အဆင်း အိမ်ထဲမှာ ပိတ်လှောင်ခံထားရတာ မနိုင်လို့ အရှုံးပေးခဲ့ရတာပါ...နောက်ထပ်တစ်ခုကိုကြီးတော်ကြောင့်ပဲ ဒီလိုနေ့ကို စောင့်နေခဲ့တာ မဟုတ်ဘူး..."

"အဆင်း ကကွာ..."

သူ့ကိုယ်တိုင်မှ မထိုင်မှတ်နိုင်အောင် တင်းမာပြတ်သားနေသည့် မျက်ဝန်းတွေကြောင့် ကြိုတင်စီစဉ်လာခဲ့တာ ကောင်းလုံးအံ့အားသွေတွေလည်း ပျက်ပြီ...။





အဆင်း ဆိုတဲ့ကောင်မလေးရဲ့ မျက်နှာလေးကိုမြင်မြင်ချင်း တို့ အရင်ကထက် အရှုံ့တွေ ပိုနေတာမို့ ကျေနပ်ကြည့်နေရှာခဲ့ပြီးချင်း ထဖြစ်လာတဲ့ ရှင်မှန်သံတွေရော...

ဘာမှမစုံရသေးဘဲ ဆုံးရတော့မှာကို မင်းဒီတိုင်းကြည့်နေမလား...

"ဟာ!...ဒီနေဦး အဆင်း..."

"ကျိမ်း..."

အသံမပြည့်တတ်သည့်တံခါးကို ကျိမ်းခနဲ မြည်အောင်ပိတ်ပစ်သည်။ ဒီကောင်မလေး သတ္တိတွေ ဘယ်ကရောက်လာတာလဲ...ဘယ်တုန်းက ဒီလို ပြောင်းလဲသွားတာလဲ...။

"ဘာဖြစ်နေယ်လဲ...အဲဒီ နားလည်သွားပြီလား..."

လှည့်ကြည့်လိုက်တော့ မေမေ...။

နှုတ်ခမ်းနီရဲရဲ လိမ္မော်ရောင်ရင့်ရင့်...ဝတ်စုံက လိမ္မော်ရောင်ပဲ ဖြစ်ကာ သူ့ ဒီမြန်မရောက်လာကာမှ ကိုယ့်အမေကို မြင်လိုက်ရတိုင်း အံ့သြသလို ဖြစ်နေမိသည်။

ဟိုတုန်းက မေမေ ဒီလောက်တော့ မပြင်ဆင်ခဲ့ဘူး ထင်သည်။ ပြီးတော့ ရင်ဘတ်မှာ စိန်နဲ့ ပုလဲကို စပျစ်သီးခိုင်လေးလို လုပ်ထားသည့် လော့ကတ်က ဖျပ်ဖျပ်လက်နေ၏။

ဒီလိုဝတ်စားနေထိုင်ရသည့်ဘဝကို မေမေ မစွန့်လွှတ်နိုင် ဖြစ်နေခဲ့တာလေ...သားသမီး တစ်ခုအတွက်ရော...ကိုယ့်ဘဝအတွက်ကိုယ်လား...

"ဘာကြည့်နေတာလဲ မအေကို..."

ကြည့်နေသည့် မျက်လုံးထဲက စကိုး ဒေါ်သစ္စာသစ် က ဖတ်မိသည်။

"အလှအပကြိုက်တာ...ဝတ်စားဆင်ယင်မှုတွေ တိုးတက်လာတာ အဲဒါ ဘာဖြစ်လဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး .."

ပြန်ဖြေသည့် ဝင်းထွန်း ပုံစံကလည်း ခပ်ရွှဲရွှဲ ..။

"ဘာမှမဖြစ်ဘဲနဲ့ မအေကို အဲဒီမျက်လုံးနဲ့ ကြည့်ရသလား ..။ နင့်အမေ ဒီလိုတောက်ပြောင်နေတာ နင်တို့တောင် ဂုဏ်ရှိသေးတယ်"

"အလှပြင်တိုင်း ဂုဏ်ရှိတာ မဟုတ်ဘူးတော့ လုပ်လိုက် .."

"နင်ပြောချင်တာက ဘာလဲ ..။ ဝမရှိဘဲ ဝိလုပ်လို့ မရဘူး ဒါလား"

"ဝတွေ ဝိတွေ မသိဘူး .. မေမေ့မှာ ယောကျ်ားရှိတာ မဟုတ်ဘူးနော် ..။ ဝတ်စားဆင်ယင်တာတွေက အလန်းစား .. သွားလိုက်တဲ့လမ်းတွေက .."

"ဟဲ့ .. ငါသွားတာ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေနဲ့ .."

"ကဲ .. တော်ပါပြီ မေမေရာ .. ဒီမှာ ညစ်နေရတဲ့အထဲ .."

"အဲဒါကို မေးနေတာလေ .. နင်ပဲ မအေကို ပြောချင်ဆိုချင်တဲ့ မျက်လုံးကြီးနဲ့ ဆီးကြိုတာ ..။ ဟွန်း .. ငါ့အစ်ကိုတောင် ငါ့ကို ဘာမှ မပြောဘူး .."

"ကျွန်တော်ကလည်း မပြောပါဘူး .. နောက်ပြောရင် သတ် .."

"မသတ်ပါဘူး .. ထပ်မပြောရင် ပြီးရော .."

ဒေါ်သစ်သစ် ကလည်း အပြတ်အသတ် ပြောသည်။ ပြီးမှ ...

"မင်းကို ဘယ်အရာကိုမှ လျှော့မတွက်ဖို့ မအေ ပြောထားသားနဲ့ ငါ့သားရယ် .. အားလုံး ပြောင်းလဲကုန်ပြီဆိုတာ ခုတော့ သိပြီလား.."

ပြန်စလိုက်ကာမှ ရူးရဲတင်းမာနေသည့် အဆင်း ရဲ့မျက်နှာလေးကို သတိရလာသည်။ ဝင်းထွန်း နှာခေါင်းတွေပါ တွန့်တက်ကုန်လျက်...

"အဲဒီကောင်မလေး တော်တော်လှလာတာ .."

"ဩော် .. ချီးမွမ်းတဲ့ မျက်နှာကြီးက .."

"ကျွန်တော့်ကို လုံးဝ မကြည်ဘူး .."





"မင်း ဘာဖြစ်လို့ သူ့အိပ်ခန်းထဲ ဝင်ရတာလဲ .."

သားအမိနှစ်ယောက် အတူတူလျှောက်လာခဲ့ရင် ဝရန်တာဘက်ကို ရောက်မှ မျက်နှာချင်းဆိုင်ရပ်ကာ ...

"တစ်အိမ်တည်း နေလာကြတာပဲ မေမေရာ .. အိပ်ခန်းထဲ ဝင်တာ ရာဇဝတ်မှု ကျနေတာပဲ .."

"နင်တို့ လူပျိုအပျိုတွေ ဖြစ်နေကြပြီလေ .. ပြီးတော့ မင်းတို့ကို လက်ထပ်ပေးမှာဆိုပေမယ့် ဒီအပြုအမူမျိုးထိ မလုပ်သင့်သေးဘူး ..။ မင်း လုပ်ပုံမှာက အဆင်း ကိုယ်တိုင် မင်း ဘယ်ခေါ်ခေါ် လိုက်ချင်လာအောင် .. မင်းအတွက် ဘာမဆို ကြည်ဖြူနေအောင် .."

"ဒါဆိုလည်း ရည်းစားဖြစ်လို့ရအောင် အချိန်ပေးလေ .. ဒီလထဲမှာပဲ လက်ထပ်ကြတော့မှာကို ကျွန်တော် သူ ကြည်ဖြူချင်အောင် ဘယ်လို ကြိုးစားရမလဲ ..။ တကယ်ပဲ ..ခပ်တုံးတုံး နုံအအနဲ့ပုံက ဘယ်လိုဖြစ်လို့ ဒီထောက်ထိ ..."

"အိမ်ကတောင် ထွက်ပြေးဖူးတဲ့ဟာ .. ဒါလေးကို အံ့ဩမနေနဲ့.."

"ဟုတ်လား .."

"ဟွန်း .."

ဒေါ်သစ်သစ် က ထိုညက အဖြစ်တွေကို စီကာပတ်ကုံး ပြောပြသည်။

"အဲဒီညက မင်းမင်း ဆိုတဲ့ကောင်လေး ဖမ်းပေးလို့ ပြန်မိလာတာလေ ..။ ဒါကြောင့် မင်းကို သွားကြိုခိုင်းဖို့အတွက်ပါ သူ့ကို စိတ်ကူးမိကြတာပေါ့ .."

"ဘာဆိုင်လို့လဲ .."

မင်းရန်သူ အသံ ကြားလိုက်တာနဲ့ ဝင်းသွန်း မျက်နှာက ရှုံ့မှောင်ကုတ်ပြီးသား ..။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့ .. မင်းက အနှစ်ရာယ်ရန်စွယ်ကြားက အသက်လု ပြေးလာမယ့်သူ .."

"မမေ ပြောတော့ ကျွန်တော့်အကြောင်း မေကြီး ဘာမှမသိဘူး ဆိုဒါ"

"ဘာမှမသိတာ မဟုတ်ဘူး .. မသိသင့်တာတွေကို ငါက ဖုံးဖိထား တာ .. မင်း ဝေလေလေ ပျော်မွေ့နေတာတွေ .. ကျောင်းကစား ရှုံးထား တာတွေ .. သူတင်းသွဲ့သွဲ့တော့ သိနေတာတွေ ရှိတာပေါ့ .. အထူး သဖြင့်တော့ မင်းတို့ ချစ်လွန်းလို့ အပြစ်မမြင်တာ မဟုတ်ဘူး .. မမျိုး ကို ရှဲ့တာ .. အဆွင့်ရဲ့တန်ဖိုးကို သူ ဘယ်လိုသတ်မှတ်တယ် ဆိုတာ ကို ပြချင်တာ .."

"ကျွန်တော်က ကုလေကချေဆိုပြီး တမင်လုပ်ပြတာပေါ့ .. ဒါဆို ကျွန်တော့်ကို မေကြီးက အထင်သေးတာပဲ .."

"ဟဲ့ .. ကြီးစရာမရှိလို့ မကြီးတာ မနာနဲ့လေ .. ဒါတွေကို နာပြီး မာနပြနေရမယ့်အချိန် မဟုတ်ဘူး .. အဆင်း တို့ မင်း လက်ထပ်နိုင်တာ နဲ့ အားလုံးက ကိုယ့်သဘော .. အားလုံးကို အိမ်ပေါ်ကနေ တန်းစီပြီး မောင်းထုတ်ဦးမလား .. လုံးဝ အေးဆေးပဲ .."

"ဘာတွေ အေးဆေးနေတာလဲ မသစ် .."

ရုတ်တရက်ကြီး စကားသံ ကြားလိုက်ရသဖြင့် အကျအန လက် ပိုက်ထားခြင်းက လန့်ဖျန့် ပြေး၏။

"ကိုယ့်ပြောနေတဲ့စကား တစ်ခွန်းတစ်စတွေများ ကြားသွားပြီလား .. မျက်နှာကတော့ ဘာမှပြောင်းလဲခြင်း မရှိတာ သေချာပါသည်။ ဒေါ်သစ်သစ် အမူအရာမပျက်အောင် ထိန်းရင်း ဖော့ရွှေရွှာ ပြုး၍ ...

"မဟုတ်ဘူး ရီရယ် .. သူ့ကို ဆုံးမနေတာပါ .. အိမ်ထောင်ပြု တော့မယ်ဆိုတော့ အရင်လို နေထိုင်လို့ မရတော့ဘူးလေ .. ပြီးခဲ့တဲ့





တွေ ကောင်းခဲ့တာရှိရှိ .. ဆိုးခဲ့တာဖြစ်ဖြစ် ခေါင်းထဲက ထုတ်ပစ်လိုက် လား .. ကိုယ့်အိမ်က အိမ်သားတွေအားလုံးတောင် အေးအေး လက်ခံရ ကာမှ ဘာမှ တွေးပူစရာ မလိုဘူးပေါ့ .."

"အင်းပေါ့ .."

"သူ့မှာ ရှေ့ကြောင်းတွေးလိုက် .. နောက်ကြောင်းမှုလိုက်နဲ့ အာရုံ တွေ များနေတာ ရီ့ရဲ့ .."

စကားတွေ များကုန်ပြီလား မသိပါ .. ကိုယ်ပြောနေတဲ့စကား တစ်ခွန်းတစ်စကိုများ ကြားထားခဲ့လျှင် ချိတ်ဆက်တွေးလို့ရအောင် ကြိုးစား ပြောလိုက်ရသည်။

ဒေါ်မျိုးရီ က ဝင်းထွန်း ကို ကြည့်၍ ခပ်မိန့်မိန့်အပြုံးနှင့် —

"အဲဒီလို တွေးတတ်နေပြီလား .. ဒါဆိုရင်ပဲ မဆိုးဘူးလို့ ပြောရမှာ ပေါ့ .. မေကြီးက သားကို အပူအပင်နည်းတဲ့ လူငယ်လေးတစ်ယောက် လို့ပဲ မြင်နေခဲ့တာ .."

"ဟာ .. မေကြီးကလည်း .. ကျွန်တော် အဲလောက်လည်း မဟုတ် ပါဘူး .. ဟိုလေ .. ပြန်မလာရဲတာက ကျွန်တော် ဆိုးခဲ့တာတွေကြောင့် ကုန်ခဲ့တာတွေလည်း များနေပြီ .. ဟိုမှာလည်း ဖြုတ်မရတာတွေနဲ့ .. မေကြီးတို့ကိုလည်း ကြောက်နေလို့ .. ပြန်ချင်နေတာက ကြာလှပြီ .."

"ဟုတ်လား .. မေကြီးကတော့ ငါ့သား ပိုက်ဆံလိုလာရင်တော့ အိမ်ကို သတိရမှာပဲဆိုပြီး ကြည့်နေခဲ့တာ .."

"ဟာ .. မဟုတ်ပါဘူး .."

ဆံပင်ရှည်တွေနဲ့ ခပ်ရင့်ရင့်ပုံ ပေါက်နေသည့် ဝင်းထွန်း ကို ဒေါ်မျိုးရီ က ကြည့်နေရင်း ချစ်စနိုးပြုံး၏။ ဒေါ်သစ် ကလည်း ရော ယောင်ပြုံးနေရပေမယ့် ဒေါ်မျိုးရီ ကိုပဲ အကဲခတ်နေတာပါ ..

"မင်းညီမနဲ့ တွေ့ပြီးပြီလား သား .."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ .. ဟုတ်ကဲ့ ...၊ ဟို .."

"အဆင်ပြေကြရဲ့လား .."

"ဟုတ် .. ဟို .. ပြေပါတယ် ...၊ မတွေ့တာကြာပြီဆိုတော့ နည်း
ည်းတော့ စိမ်းသွားကြတာပေါ့ .. ဒါပေမယ့် ကျွန်တော်က မစိမ်းပါ
ူး ...၊ အဆင်း ကတော့ တစ်မျိုးလိုပဲ .."

ဒေါ်မျိုးရီ မျက်နှာပေါ်မှာ ခပ်မှဲ့မှဲ့အပြုံးတစ်ချက် ဖြစ်လျက် ...

"ဘာပဲဖြစ်ဖြစ် လက်ထပ်ဖို့ကတော့ အောင်မြင်သွားမှာပါ .. သား
ာရော လက်ထပ်ပြီးရင် ခုလိုမျိုး ဟိုနိုင်ငံ ဒီနိုင်ငံ ကူးသန်း အပန်းဖြေ
ာတွေ ဆက်လုပ်နေဦးမှာလား .."

"မလုပ်တော့ပါဘူး မေကြီးရာ .. မေကြီးလိုပဲ စီးပွားရေးလုပ်မှာ
ပေါ့ ...၊ ကိုယ့်အတွက် အရင်းအနှီးက ပူစရာ မလိုတာ .."

"အဟွန်း .."

ဒေါ်မျိုးရီ က မပြုံးဘဲ ဝါးလုံးကွဲရယ်ချင်တာမျိုး ...၊ အသံမထွက်ပေ
မယ့် ပခုံးတွေတွန့်၍ ရယ်ကာ ...

"မင်းရဲ့မေကြီးနဲ့ ကူဖော်လောင်ဖက်ရအောင်ပဲ ကြိုးစားပါဦး သား
ရယ် .. စီးပွားရေးလုပ်တယ်ဆိုတာ ငွေက ကြမ်းခင်းသဘောပဲ ...၊
မြင့်မားတိုးတက်ဖို့က အရည်အချင်းရှိမှ ရတာ .."

"မေကြီးက ကျွန်တော့်ကို အထင်သေးတာလား .."

"အထင်ကြီးချင်တာပါ .. သားက အလုပ်နဲ့သက်သေပြပေါ့ .."

ဒေါ်မျိုးရီ က ပြောပြီး လှည့်ထွက်သွား၏။

"မေကြီး .."

"ဟင် .."

သမင်လည်ပြန်လှည့်ကြည့်တော့ ဝင်းထွန်း က မလုံမလဲအပြုံးနှင့်...

"ကျွန်တော် တစ်ခုလောက် ပြောချင်လို့ .."





"ပြောလေ ...၊ ဘာလဲ .."

ပြောဖို့အရေး မအေကို လှမ်းကြည့်ရသေးသည်။ ဒေါ်မျိုးရီ ထ
သားအမိနှစ်ယောက်စလုံးကို အကဲခတ်၍ ...

"ဘာပြောမလို့လဲ .."

"ဟို .. ကျွန်တော် အဆင်း နဲ့ အေးဆေး စကားပြောချင်လို့ .."

"ပြောပြီးပြီဆို .."

"ဟာ .. အဲဒါက ပြန်ရောက်ကာစ ဝင်နှုတ်ဆက်တာပါ၊ လက်ထပ်
ကြမှာဆိုတော့ ပိုရင်းနှီးထားချင်လို့ .. အခု အဆင်း က ကျွန်တော့်ကို
မကြည်သလိုပဲ .."

"မင်းကို မဟုတ်ပါဘူး .. သူက လက်မထပ်ချင်တာ ...၊ ဘယ်သူနဲ့
ဖြစ်ဖြစ် သူ ငြင်းမှာပဲ .."

"ဒါပေမယ့် ကျွန်တော်က လက်မထပ်ခင်မှာပဲ ငြိမ်းချမ်းရေး ရချင်
တာ .."

"ပြောလေ .. မေကြီး လွှတ်ပေးလိုက်မယ် .."

"ဟို .. အပြင်မှာ တစ်ခုခုသွားစားရင်းနဲ့ နှစ်ယောက်တည်းဆိုရင်
ပိုလွတ်လပ်မလားလို့ .."

ဒေါ်မျိုးရီ မျက်မှောင်ကုတ်သွားတော့ ဘေးကနေ ဒေါ်သစ်သစ်
ကိုယ့်သားကို စိတ်တိုသွားသည်။ လက်ထပ်ဖို့ ဖြစ်မြောက်အောင်ပဲ
အမိကလုပ်ပါဆိုမှ ဒီကောင်လေး ဘာတွေ အရှုပ်ထနေတာလဲ ...၊

"အပြင်ကို သွားလာမယ်ဆိုတော့ မင်းက သွားလာရဲလို့လား ...၊
ပြဿနာရှိတယ်ဆို .."

"အဲဒါ ..."

ရုတ်တရက် ကိုယ့်ပြဿနာကို သတိရကာ ခေါင်းကုတ်[illegible]ပြီး
မှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် ...၊ မင်းရန်သူ ပါမှာပဲ ..."

ခေါ်မျိုးရှိ ထူရှူးခနဲ ကြည့်ပြီးမှ ခပ်ပြုံးပြုံးနှင့် ပြန်လှည့်လာတာ...

"မင်းပဲ ဒီကောင့်ကို ကြည့်မရပါဘူး ... မလိုအပ်ပါဘူး ဆို ..."

"ဒါပေမယ် မကြီးတို့ ပိုက်ဆံပေးထားတာ ... လက်ထပ်ပြီးတဲ့ အထိ သူ ကျွန်တော်နဲ့ ရှိနေရမှာပဲဟာ ..."

"ဒါပေမယ့် မြို့ထဲကိုသွားဖို့တော့ မဖြစ်နိုင်ဘူး သာသာ ..."

"ဗျာ! ..."

"မင်းက မင်းရန်သူ နဲ့ အဆင်မပြေဘူး ... အဆင်း က ပြေးပေါက် ရှာနေတဲ့ ငှက်တစ်ကောင် ...၊ မင်းတို့သုံးယောက်ကို အပြင်ကို ဆေး မရှတ်နိုင်ဘူး ... မကြီး ဆုံးဖြတ်ထားတာ လက်ထပ်ပွဲ မြန်မြန်ပြီး အောင် စီစဉ်ဖို့ပဲ ..."

"လက်မှတ်ထိုးကြရုံပဲ ဆို ..."

"ဒါပေမယ့် ခိုးပြေးရင်း နှစ်ဦးသဘောတူ လက်ထပ်တာ မဟုတ် ဘူးလေ ...၊ လူကြီးတွေက စီစဉ်ပေးကြတာဆိုတော့ လူကြီးစုံရာနဲ့ အသိ သက်သေတွေ ပါရမှာပဲ ... လက်မှတ်ထိုးကြရုံဆိုပေမယ့် ပွဲတစ်ခုတော့ ဖြစ်သွားမှာပဲ ..."

ပြောစရာရှိတာကို ပြောပြပြီး ဒီက နားဝင်လား ... လက်ခံလား ဘာညာကို ဂရုမစိုက်ဘဲ ချာခနဲ လှည့်ထွက်သွား၏။

ခေါ်သစ်သစ် စိတ်ထဲမှာ စနိုးစနောင့်နဲ့ ကျန်ရစ်လေသည်။ သားလို့ ခေါ်ပေမယ့် လေသံတွေအားဖြင့်လည်း ပျော့ပျောင်းညှင်သာသော်လည်း စကားလုံးအဓိပ္ပာယ်တွေက ပြတ်တောက်လွန်းသည်။

ဒါ တစ်ခုခုကြောင့်များလား ...၊





အခန်း (၁၉)

"တစ်ခုခုကြောင့် ညည်းရဲ့ဆုံးဖြတ်ချက် မှားသွင်းခဲ့ရင် ငါက ညာမှာ မဟုတ်ဘူးနော် ...၊ အေး ... ညည်းအကြိုက် ညာတာဖို့က တစ်ခု ပဲ ...၊ အဲဒါက ငါ့အစ်မ ... ညည်းရဲ့ကြီးတော် ..."

အဆင်း မျက်လုံးလေးတွေ ငြိမ်သက်နေတာကို ပြန်စိုက်ကြည့်ပြီး ခေါ်မျိုးရှိ က မျက်နှာရှေ့မှာပဲ တစ်လှမ်းချင်း လျှောက်နေ၏။

"ငါ့အစ်မအဖြစ် သူကဲ့ရဲ့တည့်နေတာ မဟုတ်တဲ့အတွက် ငါ သူ့အတွက်ငဲ့ညာဖို့ကို မမြော်လင့်နဲ့ ... ငါ့စိတ်ကို ညည်း ခိုးယောက်ဆို နားလည်နေမှာပါ ... ငါ့တူမ တော်နေတဲ့ ညည်းကိုရော ... အစ်မအရင်း ဆိုတာတွေပါ ငါ့ခေါင်းထဲမှာ ဘာမှမရှိဘူး ...၊ ဟောဒီအိမ်ပေါ်က ညည်း ထွက်သွားနိုင်နေ ... ဖိုရှင်းအောင် ပြောရရင် ငါ စီစဉ်တဲ့ မင်္ဂလာပွဲကို လက်မခံခဲ့ရင် ညည်းတို့နှစ်ယောက်စလုံး ဘာဖြစ်သွားမလဲဆိုတာ စဉ်း စားထား ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မျိုးရီ က အပြတ်အသတ် ကြိမ်းဝါးသည်။ ပြီးတော့ ခြေစုံရပ်လိုက်ပြီး အတွင်းခန်းထဲမှာရှိနေသည့် အိပ်ရာကို လှမ်းကြည့်သည်။

ခွေ့ရာပေါ်မှာ ဒေါ်မျိုးသီရိ က မျက်လုံးအကြောင်သားနှင့် လှမ်းကြည့်နေတာ မြင်မှ မဲ့၍ ...

"ဒီတစ်ပတ်အတွင်း ဝင်းထွန်း နဲ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးရမယ် .. လူကြီးတွေရှေ့မှာ ကိုယ့်သဘောဆန္ဒနဲ့ လက်ထပ်တဲ့မျက်နှာ အမူအရာနဲ့ ညည်း ရှိနေရမယ် ...၊ ငါ့ကို မျက်နှာပျက် အရှက်ရအောင် ညည်းရဲ့အမူအရာ နည်းနည်းလေး ပျက်ကြည့် .."

ဒေါ်မျိုးရီ က အဆင်းနဲ့ ဒေါ်မျိုးသီရိ ကို ခေါက်တုံ့ခေါက်ပြန်ကြည့်၍ အခန်းထဲက ထွက်သွားလျှင် ...

"ဒေါ်လေး .."

အဆင်း နေရာမှ ဆတ်ခနဲ ထရပ်ကာ ...

"ကိုကြီးဝင်းထွန်း က ဘယ်လိုအရည်အချင်းတွေရှိနေလို့ အဆင်းနဲ့ မဖြစ်မနေ လက်ထပ်ဖို့ စီစဉ်နေတာလဲ ဟင် .."

"ဘာ!... ပြောတယ် .."

"ဒီနေ့ထိ လက်ထပ်ဖို့ မလုပ်နိုင်သေးတာလည်း သူ ရှုပ်ထားတာတွေကြောင့်မို့လား .."

"သြော် .. သြော် .. အဆင်းရှုပါ .. ညည်းက သတ္တိတွေ တော်တော်ကောင်းနေပြီပဲ ...၊ ငါ့ကို ပြန်လှန်မေးခွန်းတွေ ဘာတွေ ထုတ်လို့ .."

"မဟုတ်ပါဘူး ဒေါ်လေးရယ် .. ဒေါ်လေးရဲ့ခံစားချက်တွေနဲ့ အဆင်း ကိုမှ ဒုက္ခပေးချင်နေတယ်ဆိုတာ ဒေါ်လေးကိုယ်တိုင် ပြောလို့ သိရတာပါ ...၊ ဒါပေမယ့် တကယ်တမ်း လုပ်တော့မယ်ဆိုရင်တော့ အဆင်း အတွက် ဒေါ်လေး တွေဝေသွားမှာပဲလို့ ထင်ခဲ့တာ .."

"အဟွန်း .. ဟွန်း .."





"ကိုကြီးဝင်းထွန်း က အနံကယ့်လ်သားလည်း မဟုတ်ဘူး .. ဒေါ်လေးနဲ့လည်း ဘာမှမဆိုင်ဘူးလေ .. အဆင်း ကသာ ဒေါ်လေး တူမအရင်းပါ ...၊ ကိုယ့်တူမကို ဒီလိုလူနဲ့ ..."

"ညည်း ဒုံးဝေးလှချည်လား အဆင်း .. 'အ'တာကနေ 'ထူ'သွား လား ...၊ ရှိနေတဲ့ ငါ့အစ်မကိုတောင် ငါ့ခေါင်းထဲ မထည့်ခဲ့တာ.. ညည်း ကို မွေးခဲ့တဲ့ အစ်မက သေသွားပြီ .. ညည်းအဖေကို ငါ မုန်းတယ် .. သူ မက်မက်မောမော သိမ်းဆည်းရှယ်ရူးခဲ့တဲ့ အမွေအနှစ်တွေနဲ့ ညည်း ကို ပိုပြီး မုန်းတယ် .. ဟွန်း .. ဒီအမွေတွေကို ညည်း ပိုင်ဆိုင်ပြီး ငါက စားရနိုးနိုး မျှော်လင့်နေရမှာလား...၊ ဝေးသေးတယ်အေ.. ညည်း မိန်းမကို မှီခိုနေမယ့်အစား သူစိမ်းတွေဆီမှာ သွားတောင်းစားမယ် .. ဘယ်သူကမှ မသထာဘူးဆိုရင်လည်း လှျာပေါ် မြက်ပေါက်ပါစေ .."

"ဒေါ်လေးရယ် .. အဆင်း က ..."

"တော်စမ်း ...၊ ညည်း မျက်ရည်ကျနေတိုင်း ငါက လူကြမ်းဖြစ် တယ် .. ဖြစ်လည်း ဂရုမစိုက်ပါဘူး ...၊ ငါ့ရည်ရွယ်ချက်တွေကို ငါ ဖြစ်အောင် လုပ်မှာပဲ .."

"ဒေါ်လေး ရည်ရွယ်ထားတာက အမွေကိစ္စကြောင့်ပဲဆိုရင် အဲဒီ အမွေတွေကို အဆင်း မယူတော့ပါဘူး .."

"ဘာ!..."

"ဒေါ်လေးပဲ ယူပါ .. ဒေါ်လေးအရိပ်မှာ အဆင်း ခုလိုပဲ လုံလုံ ခြုံခြုံ နေသွားရရင် ကျေနပ်ပါတယ် .."

"ဖြစ်ရလေတယ်အေ .. ညည်း အဲဒီလိုပြောလိုက်တာနဲ့ ငါက ဝမ်းသာမြူးထူးသွားမယ်ပေါ့ ဟုတ်လား .. အမွေတွေကို ငါ ခြင်းဆိုပြီး လောဘဇောတိုက်နေတယ်လို့ ညည်းက ထင်လိုက်တာ ပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



အဆင်း ဘာမှားသွားလို့လဲ ..။

ဒေါ်သန်းရှိန် ဝိုမြင့်သွားကာမှ သူမ စကားမှားခဲ့ပြီမှန်း သိသည်။

ဒါပေမယ့် ...

"ငါ့ရဲ့နာကျင်မှုတွေက လောဘကြောင့် လာတာ မဟုတ်ဘူး အဆင်း .. အဲဒါကို ညည်း အသေမှတ်ထား ..။ လူတစ်ယောက်ကို မုန်းခဲ့တဲ့အမုန်း .. အဲဒီအမုန်းကြောင့် ငါ ဘာဖြစ်ဖြစ် လုပ်နိုင်တယ် ..။ အာဃာတလို့ပဲ ပြောပါ လုပ်လိုမှုလည်း ပြေမှာ မဟုတ်ဘူး .. ဘာဖြစ်လို့လဲဆိုတော့ သူက သေပြီလေ ..။ အဲဒါ ညည်း အဖေ .. သေရွာထိလိုက်ပြီး မုန်းလို့မရ တော့ ကျန်ခဲ့တဲ့ ညည်းက ခံစားခဲ့ပေါ့ ..။ ငါ့အပေါ်မှာ မတီမိုမြင် ရက်စက်ခဲ့တာတွေက ညည်း ချမ်းသာကြွယ်ဝနေသမျှ ငါ မကျေနပ် နိုင်မယ့် အကြောင်းတွေပဲ .. အဲဒါကြောင့် ညည်းကို ချမ်းသာခွင့် မပေး နိုင်ဘူး .."

ဒေါ်မျိုးရီ က ပြိုင်ပွဲမစခင်တည်းက သူမ ဘယ်လိုခြေထိုးခံမည့် အကြောင်း မချွင်းမချန် ထုတ်ဖော်ကြေညာနေသည်။

အဆင်း ကလည်း မအံ့သြတော့ပါ ..။

ကျေကျေနပ်နပ်ပဲ ခေါင်းညိတ်လိုက်ကာ ..

"ဒါဆိုလည်း အဆင်း ဘာမှမယူရင် မချမ်းသာတော့ဘူးပေါ့ ..။ ဒေါ်လေးရဲ့သားကိုပဲ ပေးလိုက်ပါ .."

"ဘာ!.. ပြောတယ် ညည်းက ..."

"ကိုကြီးဝင်းထွန်း ကို အမွေတွေ အဆင်း လွှဲပေးမယ် .. သူနဲ့တော့ လက်ထပ်မပေးပါနဲ့ .."

"ဝင်းထွန်း ကို ငါက မွေးစားထားခဲ့တာ .. နေပါဦး .. ငါတို့ အားလုံးကို ညည်းက ဘယ်လိုလူတွေလို့ သတ်မှတ်ထားတာလဲ ..။ ဘာဖြစ်လို့ စွန့်ကြဲပေးကမ်းစာတွေပြပြီး စော်ကားနေတာလဲ .."





"အဆင်း ပိုင်ဆိုင်ရမယ့်အမွေက စွန့်ကြဲပေးကမ်းစာထက် အများ ကြီးသာမှာပါ ဒေါ်လေးရယ် .."

"ကဲ .. ဟယ် ..."

ဒေါ်သနင့်ရိုက်ချက်က ပြင်းသည်။ အဆင်း နေရာမှာတင် ခွေခနဲ လဲကျသွား၏။

ဘယ့်တုန်းကမှ မော်မကြည့်ရဲခဲ့ဘဲ ခုကျမှ ဘယ်က သတ္တိတွေနဲ့ လဲ ..။

"အဲဒါ မှတ်ထား .. ငါ့အတွ ငါ့မာနက ငါ့ရဲ့သီအိုရီအတိုင်းပဲ သွားမှာ .. ဘယ်သူမှ ပြင်ဆင်ပြောင်းလဲပေးဖို့ မရှိဘူး ..။ ညည်း သိထား ရမှာက ဟောဒီအိမ်ကနေ ထွက်ပြေးဖို့ မကြိုးစားနဲ့ .. လက်ထပ်ပွဲ ပျက်ဖို့အကြောင်း ဟိုလို ဒီလိုတွေ မကြံစည်နဲ့ ..။ ငါ့ရဲ့ဒေါသအောက်မှာ ဘယ်လိုပိပြားကုန်မလဲဆိုတာ သိချင်ရင်တော့ စမ်းလိုက်ပေါ့ .."

စိန်ခေါ် ထွက်သွား၏။

ထိုအခါကျမှ ချစ်စု တို့ ပြေးလာကြပြီး အဆင်း ကို ပြေးထူပေးကြ သည်။ ဒေါ်မျိုးသီရိ သည် အိပ်ရာမှ မထနိုင် မကြွနိုင်ဘဝကြီးနဲ့ ရှိနေ သော်လည်း အားလုံးကို ကြားမြင်နေရသည့်ဖြစ်ကာ မျက်ရည်တွေ ယို စိမ့်လျက် ...

"ဝူး .. ဟီး .. ဟင့်အင်း .. ဟင်း .."

အဆင်း သူမရဲ့ဘေးကို ရောက်လာတာနှင့် ခေါင်းခါပြနေ၏။ ပြီးတော့ စကားပြောဖို့ ကြိုးစားတိုင်း ရွဲ့စောင်းသွားတတ်သည့် နှုတ်ခမ်း တို့ကြားမှ ဘာတွေပြောဆိုနေမှန်း မသိ ..။

"ကြီးတော် .. အဆင်း ကို ဘာပြောနေတာလဲ ဟင် .. အဆင်း ဘာ လုပ်ရမှာလဲ .."

သွေးကြောတွေ ဖောင်းကြွနေသည့် လက်ခုံကို ထပ်ဆင့်ကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပါးတစ်ဖက်မှာ ကပ်ထားလိုက်ပြီး အဆင်း ရှိုက်ငိုမိသည်။ ဒေါ်မျိုးသီရိရဲ့ချုတ်ဝန်းထောင့်မှ မျက်ရည်စက်တွေကလည်း ခပ်ကြဲကြဲကနေ ခပ်သေး သောဖြစ်လာခဲ့ပြီး လက်ဖဝါးတို့ တွန်းယင်နေတာကို အဆင်းရဲ့ပါးပြင်တစ်ဖက်မှာ ခံစားနေမိ၏။

"တိတ်ပါတော့ သမီးရယ် .. မမကြီးခမျာ မပြောနိုင် မဆိုနိုင်နဲ့ ခံစားနေရရှာတာလေ .. သမီး သိချင်တာတွေ မေးကြည့်ပေါ့ ..၊ ခေါင်း ညိတ် ခေါင်းခါတော့ သူ့ အချက်ပြနိုင်မှာပါ .."

"ဟုတ်ပါတယ် မမရယ် .."

ချစ်စု ကလည်း မျက်ရည်လေး တစမ်းစမ်းနဲ့ ရှိကာ ...

"ကျွန်မတို့လည်း မခြောရဲလို့ပါ .. အန်တီသစ်သစ် နဲ့ အစ်ကိုလေး တို့ ပြောနေတာတွေကြ ကျွန်မ ကြားခဲ့သလောက်သာ မေမေကြီးကို ပြောခွင့်ရရင် .."

"ဟဲ့ .. အထဲမှာ စုပြုံဝင်ပြီး ဘာလုပ်နေကြတာလဲ .."

"ဟင်!... ရှင် .. လာပါပြီ .."

"သမီး .. ဒီမှာ မေ ြီးအတွက် ရေပတ်တိုက်ဖို့ နော် .."

ချစ်စု နဲ့ ဒေါ်တရုတ်မတို့ ကမန်းကတန်း ထွက်သွားကြ၏။ အခန်းပြင်ရောက်တော့ ဒေါ်မျိုးရီ ၏ တင်းမာနေသောမျက်နှာက ဆီး ကြိုနေကာ ...

"ရှင်တို့မှာ အလုပ်လုပ်စရာ မရှိတော့ဘူးလား .. တစ်အိမ်လုံးမှာ ဒီလူမမာမှာပဲ အသက်ရှိသေးတယ် ထင်နေကြတာလားဟင် .."

"မ .. မဟုတ်ပါဘူး .."

"ရှင်းပြမနေနဲ့ သွား .. နောက်ကို အဲဒီလို ရုတ်စုရုတ်စု နေကြည့် .."

ဒေါ်မျိုးရီ မျက်လုံးထဲမှာ ဒီလူတွေ အဆင်း တို့ကို အားပေးကူညီ နေကြမှန်း သိတည်းက ကြည့်လို့ရခဲ့တာ မဟုတ် ..။





"ဒီအိမ်ထဲမှာ အုပ်စုတွေ ကွဲနေကြတာ ရှင်တို့ သိတယ် နော် .. အဲဒီတော့ ပေါ်တင်ပြောထားမယ် ..၊ အခန်းတစ်ခုခုထဲမှာ ခေါင်းနှစ်လုံး စုနေတာ မြင်ရင် နောက်တစ်ခါဆို မလွယ်ဘူး မှတ် .."

ကိုယ့်ကိုယ်ကိုယ် ဘာလုပ်နေမှန်း သိသည်။

မလုပ်သင့်တာရော လုပ်သင့်တာတွေပါ ရောထွေးနေပြီမှန်း သိပေမယ့်လည်း ဒီအချိန် ဒီလိုဖြစ်ရပ်တွေ ဖြစ်ပေါ်လာမှာကို လက်မခံနိုင်သေး ..။

ဦးရှူပါ .. ရှင်ကြီးက ကွက်ကျားမိုး ရွာခဲ့တော့လည်း ကျွန်မက ကွက်ကျားစနစ်နဲ့ မီးရှို့ပေးရတာပေါ့ .. ကူးချင်ရာကူး .. လောင်ချင်ရာ လောင် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

သူ ကားရဲ့ဘေားမှာ မတ်တတ်ရပ်၍ စီးကရက်မီးညှိနေစဉ် တစ်ကိုယ်လုံး အပြာရောင်လွှင်နေသည့် ဝင်းထွန်း က အရင်ထွက်လာ၏။ လူက အနားမရောက်သေးခင် ရေမွှေးနံ့က ထောင်းထောင်းထနေကာ...

"ဟာကွာ .. ပါလာပြီ မှတ်နေတာ .."

လေ့ကားတစ်ထစ်ကို ခြေနင်းမိပြီးမှ ပြန်လှည့်၏။

သို့သော် အနက်ရောင်ဝတ်စုံနှင့် အဆင်း က ထွက်လာပြီဖြစ်၍ ခြေလှမ်းတုံ့သွားကာ ...

"အဟွန်း .. တစ်ကိုယ်လုံး နက်နေပေမယ့် လှတာပဲ .."

တစ်ကိုယ်လုံး အနက်ပြောင်နဲ့ဖြစ်ကာ အင်္ကျီက တီရှပ်လက်ပြတ်လေးမို့ ပခုံးစွန်းတစ်ဖက်မှာ နက်ပြာရောင်ကျောက်ပွင့်လေးနှစ်ပွင့် ထပ်ထိုးထားတာပဲ ..၊ မသိသာသော အရောင်ကွဲလေး ပါ၏။

တမင် မင်္ဂလာမဲ့ဖွာ ဖန်တီးလာခဲ့တာပေမယ့် ဝင်းထွန်း ကလည်း သိနေလျက်နှင့် ရယ်၏။





ဝင်းစိုဖြူနုနေသည့် အဆင်း ရဲ့မျက်နှာပြည့်ပြည့်နဲ့ မျက်နက်ဝန်းလေးတွေကို သူ သဘောကျနေမိသည်။

ပြီးတော့ ပခုံးသာသာ ဆံနွယ်ပျော့ပျော့လေးတွေနှင့် သူမမျက်နှာက ကလေးဆန်၏။ ဝင်းပြည့်၍ ကောက်ကြောင်းလေးတွေ ထင်းနေသည့် ကိုယ်ဟန်သွယ်သွယ်ကလည်း ဆွဲဆောင်မှုအပြည့် ..၊

သူမလေး ဒီလောက်ထိ ဖွံ့ထွားလှပလာမယ်လို့ တွေးလည်း မတွေးမိ ..၊ ဒီလိုနေ့မျိုးကိုလည်း မမျှော်လင့်ရဲခဲ့ပါ ..။

လူကြီးတွေရဲ့ ကြံဖန်သော နှာကြည်းဖွယ်တွေကြောင့်သာ မဟုတ်ခဲ့လျှင် သူမက ရွှေမင်းသမီး၊ ကိုယ်က အညတရ ..။

"အဆင်း လာလေကွာ .. ဒီမှာ တံခါးဖွင့်ပေးထားတာကို .."

အဆင်သင့် ဝင်ထိုင်ရုံလေး သူက တံခါးဖွင့်ပေးသည်။ အဆင်းက ဟိုဘက်ရောက်အောင်သွား၍ သူမဘာသာ ဖွင့်ပြီး ဝင်ထိုင်လိုက်သည်။

ဝင်းထွန်း ကျွတ်ခနဲ ဖြစ်ကာ ဒီဘက်က ဝင်ထိုင်လိုက်ပြီး ...

"အဆင်းလေး ရယ် .. ကလေးကျနေတာပဲ .. အပြင်မထွက်ရ အမိန့်ကြီးနဲ့ ခြေချုပ်မိနေလို့ ကိုကြီးက စေတနာနဲ့ ခေါ်ထုတ်လာတာပါ ..၊ မျက်နှာကြီး ရှုပုတ်မထားပါနဲ့ .."

"ကိုကြီးနဲ့ မဆိုင်ပါဘူး .."

အဆင်း စိတ်ထဲရှိတဲ့အတိုင်း ပြောမိကာ အကြည့်တွေကို ရှေ့ခန်းက မောင်းသူနေရာမှာ ဝင်ထိုင်လိုက်သည့်လူထံ မရောက်အောင် ဘယ်ကို လွှဲပို့ထားရမှန်း မသိ ..။

ဟိုနေ့က ညှော်ခန်းမှာ ဒီအသံကို တစ်ခါကြားလိုက်သည်။

ဒီနေ့ မျက်နှာချင်းဆိုင် လာတွေ့နေရ၏။ သူမဘဝမှာ နာကြည်းဖွယ်တွေ စုပြုံ ဖြစ်ထွန်းလာခဲ့ရခြင်းအကြောင်းဟာ ကိုယ့်ရဲ့ဟာကြွော



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်ပေမယ့် ဒါတွေကြောင့် သူမဘဝတစ်ခုလုံး ဒီတိုင်း ဆက်လက် ဝဋ်ဆင်းရဲကြီးစွာ ခံရဖို့ ဖြစ်လာခဲ့တာ သူ့ကြောင့် ...၊

အံကလေးကြိတ်ရင်း မျက်လုံးက မှန်ဆီ ဒိုင်းခနဲ ရောက်၏။ မှန်ထဲက သူ့မျက်ဝန်းတွေကလည်း သူမနဲ့ ရှေ့ဆင့်နောက်ဆင့် ရောက်လာပြီး အကြည့်ချင်း ဆုံသွားသည်။

အဆင်း နှုတ်ခမ်းလေး တင်းခနဲ စေ့သွားကာ မျက်နှာလွှဲပစ်မိ၏။ ထိုညကသာ သူမ လွတ်လပ်စွာ ထွက်သွားခဲ့ပါလျှင် အိမ်ပြန်ရောက်၍ အမျိုးမျိုးသော နောင်တည်းချုပ်ကိုင်ခံရခြင်းများမှ ကင်းဝေးနိုင်ခဲ့မည်။

နောက်ထပ်တစ်ကြိမ် မစွန့်ပစ်ရက်နိုင်အောင် အကျပ်ကိုင် ကြိမ်းဝါးခြင်းများနှင့် ကြီးတော် ရဲ့ဒုက္ခတွေကို မြင်ရကြားရတော့မှာလည်း မဟုတ် ...။

ခုတော့ သူမ မချစ်မနှစ်သက်သူ ...၊ ချစ်လာနိုင်ဖို့လည်း မရှိသော သူနဲ့ လက်ထပ်ရတော့မည်။ ဒါကိုသာ ရှောင်လွှဲငြင်းဆန်ခဲ့မည်ဆိုလျှင် ဘာမှ မတတ်နိုင် ...၊ မတုံ့ပြန်နိုင်တော့သည့် ကြီးတော်ကို စိတ်ဆင်းရဲ ကြီးစွာဖြစ်အောင် ဒေါ်ရေး ဘယ်လိုတွေ ပညာပြမည်ဆိုတာ မသိ...။

"ရန်သူ ငါတို့ကို မျှော်စင်ကျွန်းဘက် ပို့ပေး .."

ဝင်းထွန်း ကလည်း အဆင်း မျက်နှာမကြည်တာကို ဒီနေ့ အပြတ် အသတ် ချော့မော့စည်းရုံးဖို့ စိတ်ကူးနဲ့ဖြစ်၏။ ကားက မျှော်စင်ကျွန်း ဘက်ကို ချိုးကွေ့ဝင်လာခဲ့လျှင် ...

"လူရှင်း ကားရှင်းနဲ့ အေးဆေးစကားပြောလို့ရတဲ့နေရာ မောင်း.."

အမိန့်တွေပေးတိုင်း ကားက ဦးချိုးကွေ့သွား၏။ ဝင်းထွန်း ကျေနပ်သွားသည်။ ဒီတစ်ခါ ဒီကောင် အချိုးပြေလို့ပါလား ...၊

"ဆိုင်မှာ မထိုင်ပါနဲ့ကွာ .. မအေးဆေးပါဘူး၊ ဟိုဘက်က ကုန်းနိမ့်ထဲ ဆင်းမလား .."





"ဘယ်မှမသွားချင်ဘူး .. ကိုကြီး ပြောတော့ လက်ထပ်လက်မှတ် ဝယ်မလို့ဆို .. ဒီထဲကို ဘာလုပ်ဖို့လဲ .."

"ဪ .. လောလိုက်တာ အဆင်း ရယ် .. ဒီနေ့ အကုန်လုံး လုပ်လို့ ရတယ် ..၊ ကိုကြီးနဲ့ရှိနေတယ်ဆိုရင် မေကြီးက အဆင်း ကို လွတ်လပ်သလို ခွင့်ပေးပြီးသား .."

အဆင်း က ဆံပင်လေး သိမ်းငင်ပြီး အပြင်ကိုလှမ်းကြည့်သည်။

"အဆင်း လွတ်လပ်ချင်တာ ဒီလိုမျိုးမှ မဟုတ်တာ ...၊ အနားမှာ တစိမ်းယောကျာ်းတစ်ယောက်နဲ့ ဘယ်လိုလုပ် လွတ်လပ်မှာလဲ .."

"ဟား .. ဟား .. ဟား ..."

ရယ်စရာမပါဘဲ ရယ်နေတာ ဟက်ဟက်ပက်ပက် ...၊ ပြီးတော့ အဆင်း ရဲ့လက်ခုံနုနုလေးကို ဆွဲကိုင်လိုက်သည်။ အဆင်း က ပြန်ရုန်း ပစ်တော့ ထပ်မကိုင်တော့ဘဲ ရယ်လက်စမျက်နှာနှင့် ...

"မင်းက အတွေ့အကြုံသစ် တစ်ခုခုကို မကြုံဖူးလေးလို့ပါ အဆင်း ရယ် .. လောကမှာ တစ်ယောက်တည်းနေရတာလောက် အထီးကျန် ဆန်တာ မရှိဘူး ...၊ နောက်ဆိုရင် ကိုကြီး မင့်နားမှာ မရှိရင်တောင် မင်း နေတတ်တော့မှာ မဟုတ်ဘူး .."

ပြောပြီး နားနားတိုး၍ ရယ်သည်။ အဆင်း က မျက်နှာလေး လှည့် ပစ်ကာ ...

"ကိုကြီးဝင်းထွန်း ကလည်း ဟိုဘက်တိုးပါ .."

"အဟွန်း .."

ဝင်းထွန်း က ကိုယ်ကိုပြန်မတ်ပြီး ဆံပင်တွေ့ တသသနှင့် ...

"ကဲ .. ရန်သူ .. မင်း သွားချင်ရာသွားလို့ ရပြီ ...၊ မင်းရှေ့မှာ ဖုန်း ယူသွား .. ငါ မခေါ်ဘဲ ပြန်မလာနဲ့ .."

"ကျေးဇူးပဲ .. ဒါပေမယ့် သွားစရာ မရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟား!..."

ရန်သူ ဆိုတဲ့ကောင် စပြီ ...၊

"မင်းကို သွားစရာရှိသလား မေးနေတာ မဟုတ်ဘူးကွ .. သွားခိုင်းနေတာ .."

"မင်း ခိုင်းတာလုပ်ဖို့ ငါ လိုက်ခဲ့တာမှ မဟုတ်တာ ...၊ ဒေါ်မျိုးရီက ဒီနှစ်ယောက်ကို မျက်စိအောက်က အပျောက်မခံနဲ့လို့ မှာလိုက်တယ် ...၊ သူ မှာတဲ့အတိုင်း လုပ်ရမှာ ငါ့တာဝန် .."

"ဟော့ကောင် .. ရော့ .."

ကူရှင်မှာ အကျအနမှီ၍ မီးမညှိရသေးသည် စီးကရက်ကို လက်ကြားညှပ်ထားသည့် ရန်သူ့ မျက်နှာရှေ့မှာ တစ်သောင်းတန်တစ်ရွက်...။

"ဘာလဲ .."

"မင်းကို ပေးနေတာ ...၊ ဒီကနေ တစ်နာရီလောက် ရှေ့လိုက် .."

"အဟွန်း .."

ရန်သူ က ရယ်လိုက်ပြီး သူ့လက်ကို အသာလေး တွန်းဖယ်၏။

"ပြန်သိမ်းထားလိုက်ပါ .. မင်းအမေပေးတဲ့ မုန့်ဖိုးလေး ကုန်သွားပါ့မယ် ...၊ ငါ သုံးဖို့လောက်တော့ ငါ့မှာရှိတယ် .."

လာပြန်ပြီ ...၊

ဒေါ်သက ထောင်းခနဲ ဖြစ်၏။

"မင်းကို မုန့်ဖိုး ရှိမရှိ မေးနေတာ မဟုတ်ဘူး၊ မင်း ခု ကားပေါ်က ဆင်း .. ဝေးဝေးသွားနေ .."

ရန်သူ က မှန်ထဲကနေ တစ်ချက်ကြည့်ပြီးမှ တံခါးဖွင့်ဆင်းလိုက်သည်။ သို့သော် ...

"ဝေးဝေးတော့ သွားမနေနိုင်ဘူး .. ဒီအလုပ်အတွက် ငါ ယူထားတဲ့အတိုင်း ငါ့ဘက်က တာဝန်ကျေမှ ဖြစ်မှာ .."





"တောက်!..."

"ကိုကြီး ဘာဖြစ်လို့လဲ .."

အဆင်း အသံလေး က ကတုန်ကယင် ဖြစ်နေကာ ...

"ကိုကြီး လုပ်နေပုံက အရမ်းကို ရှက်ဖို့ကောင်းနေပြီ .. ဒါဆို ဆင်းမယ် .. ဟိုခုံမှာ ထိုင်ပြီး ပြော ..."

"ဟာ!... နေဦး .."

ဆင်းမယ်ဆိုတော့လည်း ပြန်ဆွဲထားကာ ...

"ကိုကြီး အပေါင်းအသင်းတွေ မြင်သွားရင် ဟိုခေါ်ဒီခေါ် လာခေါ်ကြမှာစိုးလို့ .. ဆင်းမယ်ဆိုရင်လည်း ဟိုဘက်ကုန်းနိမ့်ထဲ သွားထိုင်မယ်လေ .."

မတတ်သာတော့လည်း ခေါင်းညိတ်လိုက်ရသည်။

ဝင်းထွန်း ဘာတွေကြံစည်နေမှန်း မသိပေမယ့် အကယ်၍သာ ရန်သူ က သူ နှင့်ထုတ်သလို ထွက်သွားပေးခဲ့လျှင် ကားထဲမှာ သူမ ဂုဏ်သိက္ခာ သွားပြီ ...၊

ကြည့်လိုက်တော့ ရန်သူ က မျက်မှောင်ကုတ်ထားရင်း စီးကရက် ရှိုက်နေ၏။ တစ်ခါတလေ ပီကေဝါးနေတာရှိတတ်ကာ စီးကရက်က သူ့လက်ကြားမှာ အမြဲလိုလို ရှိနေတတ်သည်။

ရှပ်အင်္ကျီလက်ရှည်အနက်ကွက်နှင့် ဖြူဖပ်ဖပ်ဂျက်ကက်တစ်ထည်ကို ထပ်ဝတ်ထားသည်။

အဖျားကောက်သော ကုပ်ထောက်ဆံပင်နှင့် ဦးထုပ် အမြဲဆောင်းထားတတ်သောပုံစံက ဒီခေတ်စတိုင်မျိုးပဲဖြစ်ကာ အပြုံးအရယ်နည်းသည့်မျက်နှာက ရုတ်တရက်ကြည့်လျှင် တည်ကြည်သော ရှုပ်သွင်မျိုးပင် ...။

ဒါပေမယ့် မိဘမဲ့ အသိုင်းအဝိုင်းမဲ့သော ထိုယောကျ်ားသည် ရှေ့



www.burmeseclassic.com

www.burmeseclassic.com



သာ ရမည်ဆိုလျှင် လူရောင်းလူဝယ်လုပ်စားဖို့အထိ လက်တွန့်မှာ မဟုတ်သည့် တစ်ကိုယ်ကောင်းဆန်သော ...၊

"ဝင်းထွန်း .. ဟော့ကောင်.."

"ဟာ ..."

ပီတာ တို့ နှစ်ယောက်ကို မြင်လိုက်တာနှင့် အပျော်တွေ .. ရှင်ခုန်သံတွေ အားလုံးရပ်ဆိုင်းကုန်ကာ ခြေလှမ်းက ချက်ချင်း နောက်ပြန်ဆွဲ၏။

ပီတာ့ မျက်နှာကလည်း အရှုံးကြီးပုံ ပေါက်နေကာ အဆင်း ကိုလည်း လှမ်းကြည့်သည်။ ပြီးတော့ ဝင်းထွန်း လက်ကို ဆွဲ၍ ...

"ပြောစရာ အရေးကြီးလို့ စောင့်နေတာ ...၊ မင်းကလည်း မက်ဆေ့ချ် ပြန်မပို့ဘူး .."

"ဘာလဲကွာ .. ဒီကိုလာပါမယ်လို့ ချိန်းထားတာပဲဟာ .."

"အေးလေ .. မင်းက ဘယ်နေ့ ဘယ်အချိန်ဆိုတာ မပါတော့ ငါတို့မှာ လာစောင့်လိုက် .. ပြန်သွားလိုက်နဲ့ .."

သူတို့ ဘာတွေပြောနေကြမှန်း နားမလည်ပေမယ့် ဟိုနှစ်ယောက်ကို ဝင်းထွန်း က ရှောင်နေတဲ့ပုံစံမျိုး ဖြစ်နေတာကိုတော့ အဆင်း အကဲခတ်မိသည်။

ဘာပဲဖြစ်ဖြစ် သူမအတွက်ကတော့ ဒါ အကောင်းဆုံးအချိန် ...၊

"အဆင်း ခဏလေးနော် .. ဒီနားမှာပဲ စကားပြောမှာ .."

"ဟုတ် .."

အဆင်း က ခေါင်းညိတ်ပြီး လှည့်ထွက်သွားသဖြင့် ဝင်းထွန်း စိတ်ပူသွားသည်။

"အဆင်း ပျောက်မသွားနဲ့နော် .. ကိုကြီးကို လှမ်းမြင်ရတဲ့နေရာမှာပဲ နေ .."





"ဟုတ်ကဲ့ပါ .. အဆင်း ဘယ်မှမသွားဘူး .. ကိုကြီးဘာသာ ပြဿနာ အေးအေး ရှင်း .."

"ဟာ .. ဘာပြဿနာမှ မဟုတ်ဘူး .. ခဏလေးပဲ ခဏ .."

"ဝင်းထွန်း ဟိုမှာလာနေပြီကွ .. ဒီဘက်ကပ် .. ဒီကိုလာ"

ပြောလို့မှ မဆုံးသေးခင် ဝင်းထွန်း ကို ဆွဲခေါ်ပြီး စားသောက်ဆိုင်၏ ဖွာစ်ဖက်အကွယ်ကို သုံးယောက်စလုံး ပြေးလွှားသွားကြ၏။

မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း အဆင်း မျက်ဝန်းမှာ မျက်ရည်တွေ စီလာကြသည်။

မှောင်ခိုသမားတွေလား .. လူသတ် ဝရမ်းပြေးတွေ ဖြစ်ခဲ့ကြတာလား ...၊

ဒီဘက်ကပါသွားသည့် ပြဿနာတွေ ဖြစ်နိုင်သလို ဟိုနိုင်ငံထဲရောက်မှ ကျူးလွန်ခဲ့ကြတာတွေလည်း ဖြစ်နိုင်သည်။ ဒီလိုလူကိုမှ သူမအတွက် ဘဝကြင်ဖော်အဖြစ် ဒေါ်လေးက သတ်မှတ်ခဲ့သည်။

ဘာကြောင့်လဲ ...၊

ဒါဟာ သူမ တကယ်ပိုင်ဆိုင်သင့်တဲ့ ဘဝလား ...၊ တစ်စုံတစ်ယောက်ရဲ့ မရမကဖန်တီးမှုအောက်မှာ မကြွေသင့်ဘဲ ကြွေ၊ မနေသင့်ဘဲ နေရတော့မယ့် ဝဋ်ကြွေးတစ်ခုလား ...၊

မျက်ရည်စက်တို့က လျှောကျဆင်းသက်ဖို့အတွက် ကြိုးစားနေကြသည်။ ငိုကြွေးပါတော့လို့ ခွင့်တောင်းနေကြ၏။

အဆင်း အံကြိတ်၍ မျက်နှာလေး မသိမသာ မော့ထားမိ၏။

မငိုနဲ့ ...၊ နင် ထွက်သွားလို့လည်း မရဘူး ...၊ နင် လွတ်မြောက်ကြီးတော်ကို ဆုံးရှုံးရမယ် .. သူ့ကို လက်မထပ်ချင်လို့လည်း မရဘူး နင် ငိုနေတိုင်း ဖြစ်ချင်တာတွေ ဖြစ်လာမှာမဟုတ်ဘူး အဆင်း .. မငိုရဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာတွေပြောနေနေ မမကြီးက သူ့အစ်မပါကွယ် .. သမီး ဒီလောက် အနစ်နာမခံပါနဲ့ .. မမကြီးကို ငဲ့ပြီး သမီး ဘဝပျက်ခံတော့ ရော ဒီလိုလုပ်တာကို မမကြီးက ကျေနပ်သွားမယ် ထင်လို့လား .."

အားပေးတဲ့သူတွေရဲ့မျက်နှာကို မြင်ယောင်လာမိ၏။

ဒါပေမယ့် သူတို့ပြောသလို သူမ မလုပ်နိုင် ..၊ အစ်မအရင်းဆိုပေမယ့် သွေးသားသံယောဇဉ် ပျောက်လောက်အောင် အတ္တမာနတွေ ကြီးနေသည့် ဒေါ်လေး ရဲ့အမုန်းငြိုးတွေကို သူမ နားလည်နေသည်။

ခြေလှမ်းတို့သည် ရေစပ်ရှိရာကို ဦးတည်လာရင်း မျက်ဝန်းမှာမကျ သော မျက်ရည်တို့ကြောင့် ရှေ့ကို ဘာမှမမြင် ..။

"ဟော့ .."

အနားကနေ ကားတစ်စီး ပွတ်ကပ်ဖြတ်သွားသည်။ အနီးကပ်အော် ဟစ်သွား၏။ ထိုကားဟာ အနားကဖြတ်သွားတာ မဟုတ်ဘဲ လူကို ပွဲချင်းပြီး အသေတိုက်သတ်ပစ်ခဲ့ပါလား ..။

'ငါ သေချင်လောက်အောင် ခံစားနေရပါလား'ဆိုတာကို ထိုခဏ လေးမှာပဲ နားလည်သွားသည်။ ဒါပေမယ့် သူမ သေသွားလို့လည်း ကျန်ခဲ့သမျှအားလုံးက အကောင်းတိုင်း ဖြစ်ကျန်ခဲ့မှာ မဟုတ် ..။

"ဟိတ် .."

"အ!.."

ရုတ်တရက် လက်ကိုဆောင့်ဆွဲခံလိုက်ရကာ အဆင်း ကိုယ်လေး နောက်ပြန်လဲသွား၏။ မျက်ရည်စက်တို့ ကြွေဆင်းသွားကြသည်နှင့် သူမ ပီပြင်စွာ မြင်လိုက်ရတာက ရန်သူ့ မျက်နှာ ..၊

သူ့ရင်ခွင်ထဲမှာ အဆင်း နောက်ပြန်မှီလျက်သားနှင့် မျက်နှာနှစ်ခု က နီးနီးလေး ..၊

"မင်း ဘာလုပ်တာလဲ .. ရေထဲခုန်ချမလို့လား၊ မမြင်တာလား"





"ဖယ် .."

သူ ပွေ့ထားသည့်လက်တွေကို ဖယ်ချပစ်ကာ အဆင်း ကိုယ့် ဘာသာ မတ်မတ်ပြန်ရပ်သည်။ ပြီးတော့ မျက်ရည်စိုနေသည့် ပါးပြင် တွေကို လက်ဖဝါးနဲ့ရော လက်ခုံနဲ့ပါ ပွတ်တိုက်သုတ်ပစ်၍ ..

"ရှင် တော်တယ် .. ခုတစ်ခါလည်း လက်ရဖမ်းပြီး ပြန်ပို့နိုင်မြဲ ပြီ .."

"ဟာ!... မင်း ..."

ရုတ်တရက်ကြီးမို့ ရှောင်ဖို့ သတိရလိုက်တာနှင့် ပါးတစ်ဖက်မှာ ဖြန်းခနဲ ပူလောင် ကျိန်းစပ်သွားသည်။

"တောက်!..."

"လုပ်လေ .. ရှင် ပြန်ရိုက်ချင်တယ်မို့လား ..၊ မရိုက်ရင် အဆင်း ထပ်ရိုက်မယ် .."

"ဟော့ .. မင်း နော် ..."

နောက်ထပ်ရိုက်ချလိုက်သည့်လက်ကို အမိဖမ်းထားလိုက်တော့ နောက်ထပ်ရောက်လာသည့် ထုနှက်ချက်တွေက မရပ်မနား ..၊

"အဆင်း .. မင်း .. ရေစပ်မှာ နော် .. ဟော့ .."

"ဝုန်း .."

"အား!..."

အဆင်း အရင်ခြေချော်ကာ သူ ပုတ်ထုတ်လိုက်သည့်အရှိန်နှင့် ပက်ခနဲ လန်ကျ၏။ ပြန်ဖမ်းဆွဲလိုက်တော့ သူပါ ပူးတွဲချန်ပီယံဖြစ်ခဲ့ပြီ

"အား!... ဂွး .."

သူမ ရေမကူးတတ်ပေ ..၊ ရန်သူ့ အင်္ကျီကို မလွှတ်တမ်းဆွဲထား ရင်း ရေတစ်ချက်အရှိက်မှာ အားလုံး မှောင်အတိကျ၏။

"ကျကုန်ပြီဟ .."

www.burmeseclassic.com



"သေကြောင်းကြံတာကို ဆင်းကယ်တာလား .."

"ခုနကတော့ ရန်ဖြစ်နေကြတာပါ .."

လူတွေပြေးလာကြကာ သူ ဖွေ့ထားသည့် အဆင်း ကို ကမ်းပေါ်က နေ တွဲခေါ်ပေးကြ၏။ ကမ်းပေါ်တက်လာရင်း ကားသော့ကို ပြန် တောင်းတာ ...

"ကျွန်တော့်ကို ပေး .."

"သူ သတိမရသေးဘူးလေ .. ရေအန်အောင် လုပ်လိုက်ဦး .."

"ရပါတယ် .. နည်းနည်း မူန်းသွားရုံပါ"

အဆင်း ကို သူ ပခုံးပေါ်ထမ်းလိုက်သည်။ ထိုအခါ သူမပါးစပ်ထဲ က ရေစက်တွေ ထွက်ကျလာ၏။ ကားထဲသေချာထည့်ပြီးမှ နာရီကို ပြန်ငုံ့ကြည့်မိသည်။

ဘယ်ရောက်သွားတာလဲ ဟိုပုဂ္ဂိုလ်ကျော် ...၊

ခေါင်းမှာ ရေတံလျှောက်လိုကျနေသည့်ရေတွေကို ခါထုတ်ပစ်ရင်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။

နှစ်ယောက်အတူထွက်သွားတာကို သူ ကြည့်နေခဲ့တာ ဘယ်လိုဖြစ်လို့ တစ်ယောက်က ပျောက်ပြီး တစ်ယောက်က ရေထဲခုန်ဆင်းမလို ဖြစ်ကုန်တာလဲ ...။

နာကျင်နေဆဲ ပါးတစ်ဖက်ကို လက်ခုံနဲ့ကပ်ရင်း ဒေါသစိတ်က ကြွင်းကျန်ရစ်၏။ အဆင်းရှုပါ ဆိုတဲ့ မိန်းကလေးဟာ သူ တွေ့ဖူးခဲ့ တုန်းက ဒီလိုဒေါသမာနတွေနဲ့ မဟုတ်။

"ရှင် တော်တယ် .. ခုတစ်ခါလည်း လက်ရဖမ်းပြီး ပြန်ပို့နိုင်ပြန်ပြီ' တဲ့ ...။ ပါးလည်း အရိုက်ခံလိုက်ရသည်၊ သူမကိုလည်း ပြန်ကယ်ခဲ့ရ သေးသည်။

ဒါဆို သူ တာဝန်ယူနေရတာ တစ်ယောက်လား...၊ နှစ်ယောက်လား...။





နောက်ထပ် နာရီကြည့်မိပြီး တစ်ဖက်ကသွားကာ ဖတ်ရှုဘုတ်ပေါ် က ဖုန်းကို လှမ်းယူလိုက်သည်။ အဆင်း က ရေလက်စနှင့် မေ့မြောနေ ဆဲ ...၊

"ဒေါ်မျိုးရီ နဲ့ ပြောချင်ပါတယ် .."

"ဟုတ်တယ် ဒေါ်မျိုးရီ ပါ .. မောင်မင်းမင်း လား .."

သူတို့ပေးကိုင်ထားတဲ့ ဖုန်းနံပါတ်မို့ တန်းသိသွားတာ ဖြစ်မည်။ ရန်သို့ က ဖုန်းကို လက်ပြောင်းကိုင်ရင်း ရေပြင်ပေါ်မှာ မျောနေဆဲ သူ့ဦးထုပ်ကို လှမ်းကြည့်သည်။

ပြီးတော့ ဆံပင်ကရေတွေကို တစ်ဖက်က ခါထုတ်ရင်း ...

"ကျွန်တော်က သတို့သမီးလောင်းကို စောင့်ရှောက်ရမှာလား ... သတို့သားလောင်းကိုလား .."

"ဘာဖြစ်လို့လဲကွယ် .. နှစ်ယောက်စလုံးကို မင်းနဲ့ ထည့်လိုက်တာ ပဲ"

"အဲဒီလိုမရဘူး အန်ဒီ .. နှစ်ယောက်စလုံးကို ကျွန်တော် တာဝန် မယူနိုင်ဘူး ...၊ အခု သတို့သမီးလောင်းက ကားပေါ်မှာ .. အန်တီတူက ကားပေါ်မှာ မရှိဘူး .."

"အို .. ဘယ်ဖြစ်မလဲ ...၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ မင်းမင်း၊ ဝင်းထွန်း မှာ ရန်သူရှိနေတယ်ထင်လို့ မင်းကို ငွေတွေအများကြီးပေးပြီး အပ်နှံထားတာ .."

"ဟုတ်တယ် .. ဒါပေမယ့် သူက ပစ္စည်းတစ်ခု မဟုတ်ဘူး၊ သူ့ဘာ နဲ့ သူ လုပ်မှာပဲဆိုရင် ကျွန်တော်က ဖင်လှန်ရိုက်လို့လည်း မရဘူး .. ကားနောက်ဖုံးထဲ ထည့်ပိတ်ထားလို့လည်း မဖြစ်ဘူး .."

"ပြောပါဦး .. အခု ဘာတွေဖြစ်ကုန်လို့လဲ .."

ရန်သူ က အဆင်း ကို လှည့်ကြည့်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ... ဘာတွေဖြစ်ကုန်တယ်ဆိုတာ သူတို့ပဲ သိမှာပေါ့၊ အန်တီတူက သူ့သဘောနဲ့သူ ကောင်မလေးကို ခေါ်ထုတ်သွားတယ်"

"ကားနားကနေလား .."

"ဟုတ်တယ် .. အခု ကောင်မလေး ပြန်ရောက်လာတယ် ..၊ သူ ပျောက်နေတယ် .."

"သူက ဘယ်ရောက်သွားတာလဲ .. အဆင်း ကို မေးလေ ..၊ သူ သိရမှာပေါ့"

"သူ မဖြေနိုင်ဘူး .. သတိလစ်နေတယ် .."

"ဘာ!..."

"အဲဒီတော့ အဆင်း ကိုပဲ ပြန်ခေါ်လာရမလား ..၊ အန်တီတူကို လိုက်ရှာရမလား .."

"မင်းမင်း .. အဆင်း က ကားပေါ်မှာမို့လား၊ မင်း ကားမောင်းပြီး .."

"အဲဒါ မဖြစ်နိုင်ဘူး .."

"ဘာဖြစ်လို့လဲ .."

"လူနှစ်ယောက်စလုံးကို ချုပ်နှောင်ပြီး ကျွန်တော် မထိန်းနိုင်ဘူး၊ အချိန် ဘယ်လောက်ကုန်မယ်မှန်း မသိတဲ့ အန်တီတူနောက် လိုက်ရှာဖို့လည်း ကျွန်တော့်ကိုယ်မှာ ရေတွေ စိုရွှဲနေတယ် .."

"ဟင်!... ဘာဖြစ်လို့ ရေစိုရတာလဲ .."

"အန်တီ့ သတို့သမီးလောင်းကို ကန်ထဲက ပြန်ကယ်လာရတာ.."

"ဟင်!..."

"အဲဒီတော့ ဒီနေ့အတွက် ကျွန်တော် တစ်ယောက်ကို အရ ကယ်ထားပြီးပြီဆိုတော့ ကျွန်တော့်တာဝန် ကျေပါတယ် .. အိုခေ .."

စကားမေး မရတော့လည်း ကိုယ့်ဘာသာ ဆုံးဖြတ်ပြီး ကိုယ်ပဲ





အိုခေလိုက်သည်။ ဒါပေမယ့် ဖုန်းပိတ်ပြီး ကားကို မျက်နှာမူလိုက်တာနှင့် အဆင်း ကိုယ်လေး လူးလွန့်လာကာ ...

"ဟင်!..."

လူးလူးလွန့်လွန့် ဖြစ်နေရင်းကနေ ဆတ်ခနဲ မျက်လုံးပွင့်သွား၏။ ပြီးတော့ ကိုယ်လေးမတ်မတ်ဖြစ်သွားကာ ဆံပင်တွေကို ကိုင်လိုက်၊ ကိုယ်ကို ငုံ့ကြည့်လိုက်နှင့် ...

"ရေထဲကျသွားတာ .."

သူမဘာသာ စဉ်းစားမိသွားသလိုလေး ရေရွတ်သည်။ ကြည့်လိုက်တော့ ရန်သူ့ တစ်ကိုယ်လုံးမှာပါ ရေတွေရှိနေဆဲ ဖြစ်လျက် ...

"ဟုတ်တယ် .. ရေထဲကျသွားတာ .. မင်းက ဘာစိတ်ကူးပေါက်ပြီး ရေစပ်ကို မျက်စိမှိတ် လျှောက်လာတာလဲ .."

"မျက်စိမှိတ်လျှောက်နေတာ မဟုတ်ဘူး .. မမြင်တာ .."

"ဘာ!..."

အဆင်း က ဆံပင်မှာ ရေတွေစိုနေတာကို မခါဘဲ လက်နဲ့ဖိသပ်ချလိုက်တော့ လည်ပင်းကနေ ဖိကပ်ဆင်းသည့်ရေတွေက ရင်ညွန့်ကြားထဲ ပြန်ဝင်ကုန်ကြ၏။

မျက်နှာလေးက တင်းနေလျက် တစ်ဖက်ကိုလည်း လှည့်ထားကာ...

"မငိုဘဲနေတာ မျက်ရည်က သူ့ဟာသူထွက်လာပြီး ဘာမှမမြင်ရတော့လို့ .."

ဒေါသထွက်နေသားနဲ့ ရှင်းပြနေသေးသည်။ ပြီးတော့ ငိုသံတွေပါနေရင်း ...

"ရှင့်ကို အရမ်းမုန်းတယ် .."

"မင်းကိုရော ဘယ်သူက ချစ်ပါ ခင်ပါ ပြောနေလို့လဲ .."

အဆင်း ဆတ်ခနဲ လှည့်လာသည်။ ရန်တွေ့မလို့ပေမယ့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို အလုံးလိုက်လာမှန်သည့် မျက်နှာသုတ်ပဝါကြောင့် မျက်လုံးတွေပါ မှိတ်ပစ်လိုက်ရ၏။

နဂိုတည်းက တိုနေမိသည့်စိတ်နှင့် ပဝါကို လုံးထွေးကိုင်မိလျှင်...

"ရေတွေ သုတ်ပစ်လိုက် .."

သူက စတီးဘောက်(စ်)ကို ပြန်ပိတ်လိုက်ပြီးမှ နေရာမှာ သေချာ ပြန်ထိုင်၏။

"ကိုမင်းရန်သူ .."

"ပြော .."

အဆင်း က ပဝါကို ဒီတိုင်း လုံးထွေးကိုင်ထားလျက်နှင့် ...

"ရှင် .. အဆင်း ကို တစ်ခါဖမ်းပေးရင် ဘယ်လောက်ရသလဲ.."

"အဲဒါ မင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတာ .. မင်းကို ဘယ်သူကမှ ဆုငွေ ထုတ်မထားဘူး ..၊ ငါ့စီးပွားရေးက ဝင်းထွန်း.."

သူက ဂီယာပေါ်မှာ လက်တင်ထားပြီး လှည့်ကြည့်၍ ...

"မင်းကို ဟိုတစ်ခါ တစ်ညက ကမ်းပေါ်မှာ ဖမ်းပေးလိုက်တာ.. အဲဒါ မင်းအတွက် ဘာတစ်ပြားမှ မရဘဲ ငါ အလကားထားပေးခဲ့တဲ့ စေတနာ .."

"စေတနာ .."

"ဟုတ်ဘယ်.. ခု မင်း ပါးရိုက်ပြီး ကျေးဇူးတင်ပေးလိုက်တာလည်း မင်း သေသွားမှာစိုးလို့ .. အလကားဝင်ပြီး စေတနာထားခဲ့မိတာ .."

"ဒါဆို အဆင်း ကို ရှင် အလကားပေးခဲ့ရတာတွေ အများကြီးပဲ ပေါ့ .."

"အဆင်းရှုပါ .."

ရန်သူ့ မျက်နှာက မကျေမနပ် မှုန်ကုပ်နေကာ ...

"မင်း ဘာမှ မသိနားမလည်တဲ့အတိုင်း မသိသလို နေစမ်းပါ၊





မလည်ဘဲနဲ့ မရှုပ်ရဘူး .. မရှင်းတတ်ရင် မငြင်းဘဲ နေလိုက် .. မင်း ကိုယ်မင်း လည်လှပြီ တတ်လှပြီထင်ရင် မင်းဘဝ ဘာဖြစ်သွားမလဲ သိလား .."

"ဘာဖြစ်သွားသွား အဆင်း မကြောက်ဘူး .. ဘာဖြစ်လို့ အဆင်း ကိုပဲ နံတယ် အဟယ် ပြောနေကြတာလဲ .."

ကျွေးထွက်မလို့ ပြင်နေကာမှ အဆင်း တအား ရှိုက်ငိုပစ်လိုက်သဖြင့် ရန်သူ က ပြန်လှည့်ကြည့်၏။

သူမသည် ငိုလည်းငိုနေကာ ပြောချင်တာတွေလည်း အလွန်အမင်း များပြားနေပုံရှိလျက် ...

"မုန်းတယ် .. အကုန်လုံးက ဒါတွေပဲ ပြောနေကြတယ် ..၊ အဆင်း ကိုယ့်ကိုယ်ကိုယ်လည်း မုန်းတယ် .. ဒီတိုင်းဖြစ်လာအောင် သူတို့ပဲ လုပ်ခဲ့ကြပြီး ဖြစ်လာတော့ ဒါတွေပြောပြီး ကဲ့ရဲ့ကြတယ် .."

အဆင်း မျက်ရည်တွေကို မသုတ်ဘဲ သူ့မျက်နှာကို နာနာကြည်း ကြည်း လှည့်ကြည့်၍ ...

"အဲဒီလို မဖြစ်ဘူးဆိုပြီး သတ္တိတွေ မွေးလိုက်တော့ ရှင့်ကြောင့် ပျက်ခဲ့တယ် ..၊ အဆင်း ပျက်အောင် ရှင် လုပ်တာ .."

"မင်း .. ကွာ ..."

အဆုံးသတ်ကျတော့ နာကြည်းမုန်းတီးစရာတွေ သူမဘဝမှာ များ ပြားလာရတာ ကိုယ့်ကြောင့်တဲ့ ..၊

မခံချင်စိတ်က ဖျင်းခနဲ ဖြစ်၏။

"မင်းဘဝပျက်ဖို့ ဖြစ်နေခဲ့တာ ငါနဲ့ မင်း ဆုံတဲ့နေ့ကတည်းကပဲ.. အဲဒါ မင်း သိလား .."

ဒေါသစိတ်ကို ထိန်းချုပ်မထားနိုင်တော့သဖြင့် လိုရင်းကို တည့် တည့်ပဲ ပြောပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင့်ကားနဲ့ ငါတို့စက်ဘီးကို တိုက်မိတာက ဟုတ်တယ် .. ဒါပေမယ့် စက်ဘီးလည်း ဘာမှမဖြစ်ဘူး .. လူလည်း ဘာမှမဖြစ်ဘူး .."

"ဟင်!..."

အဆင်း မျက်တောင်ဖျားလေးတွေ မျက်ရည်စိုလက်စနှင့် ပင့်တက်ဖြန့်ကပ်သွားကြ၏။ ရန်သူ့ မျက်နှာကို မမြင်ခဲ့ဖူးသလို ကြည့်နေတာက တအံ့တသြ ..။

"မင်း ကားမမောင်းတတ်သေးပါဘူး .. ကား ခိုးမောင်းလာတာပါဆိုတဲ့ ကြေညာမောင်းထုနေတဲ့အသံ ကြားပြီး မင်းနဲ့ မင့်ကားကို ငါမှတ်ထားလိုက်တယ် ..၊ ငါ့လက်ထဲမှာ ရေခန်းနေတာ .. ရေလျှံအောင် ဖန်တီးလိုက်တယ် ..၊ ညာရတာ လွယ်လွန်းလို့ ပျင်းတောင်ပျင်းသေးတယ် ..၊ ဘာ .. အဲဒါအထိ ရှင်းရဲ့လား .."

အဆင်း ခေါင်းညိတ်ဖို့ မေ့နေ၏။

"ရဲကိုသာ မတိုင်ဘူးဆိုရင် ငွေ ကြိုက်သလို ပေးနိုင်ပါတယ်လို့ ပြောခဲ့တာလည်း မင်းပဲ .. အိမ်ကိုလာပို့ပါဆိုတော့ အိမ်ထဲထိ ငွေထုပ်ပိုက်ရောက်လာတာလည်း မင်းပဲ .. အဲဒီအချိန်တွေမှာ ငွေကိုရော လူကိုပါ လိုချင်တာ၊ အကုန်ယူလိုက်လို့ ရတာယ် ..၊ အဲဒါရော ရှင်းရဲ့လား.."

"ရှင် .. ရှင် လိမ်ညာခဲ့တာ ဟုတ်လား .."

"သြော် .. ကဲ ..."

ရေစိုနေသည့်ဆံပင်တွေထဲ လက်တစ်ဖက် ထိုးထည့်ရင်း ကျွတ်ခနဲ ဖြစ်သွား၏။ ပြီးမှ စိတ်ပျက်စွာ ပြန်ကြည့်မိရင်း ...

"ပြောပါဦး .. မင်းကိုယ်မင်း လည်လှပြီလို့ ထင်စရာ ဘာရှိသလဲ"

အဆင်း မဖြေနိုင် ..၊

"သူများက 'နုံ'တယ် .. 'အ'တယ်ပြောရင်ရော ဘာကို နာကြည်းစရာ ရှိလို့လဲ ..၊ မင်းလောက် 'အ'တာ မင်းပဲ ရှိတာ .."





"ရှင်တို့နှစ်ယောက် ဒီလောက်ထိဖြစ်သွားတာကို လိမ်နေတယ်လို့ ဘယ်သူက ထင်မှာလဲ ..၊ ဟိုတစ်ယောက်က ဒဏ်ရာတွေနဲ့ .. ရှင်တတကယ်ကြီး စိတ်တိုပြနေတာ .."

"လိမ်တဲ့သူဆိုတာ ယုံအောင်လိမ်နိုင်တဲ့ အရည်အချင်းရှိလို့ လိမ်တာပဲ၊ 'အ'တဲ့သူတွေကျတော့ ညာပြောရုံနဲ့တောင် ခေါင်းညိတ်သွားကြတယ်လေ .. အဲဒါ မင်း .."

အဆင်း ကိုယ့်အဖြစ်ကို သဘောပေါက်သွားသည်။ နာကျင်မှုကို ခံစားလိုက်ရသည်နှင့် မျက်ရည်က အလိုလို ဆုတ်ခန်းသွားခဲ့လျက်...

"ဟုတ်တယ် .. 'အ'ခဲ့တယ် .. ကြောက်လည်း ကြောက်တတ်သေးတယ်၊ ဒါပေမယ့် အဆင်း မကြောက်တတ်အောင် ကြိုးစားနေတာပေါ့၊ အဆင်း ကို ဆွဲ့အ နားမကြား တစ်ယောက်လို ခုလိုမျိုး ရှင် ကဲ့ရဲ့နေတဲ့ လူမျိုးပေါ့ .. အဲဒီလိုမိန်းမဖြစ်အောင် အားလုံးက ပုံသွင်း ထုဆစ်ခဲ့ကြတာကို အဆင်း လွတ်မြောက်အောင် ရုန်းထွက်ဖို့ ကြိုးစားခဲ့တာ .."

ဖြူနုသည့်မျက်နှာလေးကို စိုက်ကြည့်ရင်း ရန်သူ့ မျက်နှာမှာ နှည်းခြင်းတစ်စုံတစ်ရာ၏ အရိပ်တို့ ယှက်သမ်းလာခဲ့သည်။ ပြီးတော့ သူမ ပြောသော အကြောင်းတရားတို့အပေါ် စိတ်ဝင်စားနေမိလျက် ...

"မင်းနဲ့ ဝင်းထွန်း က ဆွေမျိုးမကင်းတွေလား .."

အဆင်း က ခေါင်းခါသည်။ မျက်နှာလေးငုံ့သွားကာ ဆံပင်တွေကို လက်နဲ့သပ်ခါလိုက်သဖြင့် ရန်သူ့ မျက်နှာဆီကို ရေစက်တွေ ဖွားခနဲ ပြေးမှန်၏။ ရန်သူ မျက်လုံးတွေကို မှိတ်ပစ်လိုက်ပြီးမှ ...

"ရေတွေ သုတ်လိုက်ဦး .."

အဆင်း က ခေါင်းခါပြပြီး ပဝါကို ပခုံးလေးပေါ်နေ ဒီတိုင်းသင်ပြီးထားလိုက်၏။ ပဝါက သိပ်မကြီးပေမယ့် ဖွေးနုသော လက်မောင်းသားလေးတွေတော့ လုံခြုံသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့အိမ်ကအကြောင်း နည်းနည်း ပြောပြမလား .."

အဆင်း က မျက်ခုံးလေးတွေ တွန့်ကုပ်ထားရင်း မျက်နှာလေး ငုံ့ကြည့်ကာ ...

"ဘာလုပ်မလို့လဲ .. အားလုံး သိသွားရင်လည်း အဆင်း ကိုပဲ ရှင် ကဲ့ရဲ့ဦးမှာမို့လား .."

"ကဲ့ရဲ့စရာရှိရင် ရဲ့မှာပဲ .. ဒါပေမယ့် နံပါတ်တစ် မင်းကို ညာခဲ့တာတွေ ရှိခဲ့ပေမယ့် ကိုယ် အခွင့်အရေး မယူခဲ့ဘူး .. နံပါတ်နှစ် မင်း မအူမလည်နဲ့ အိမ်ကထွက်ပြေးရင် ဒုက္ခရောက်မှာစိုးလို့ ကိုယ် သေချာပြန်လှည့်လာပြီး ဖမ်းပေးခဲ့တယ် ..၊ အဲဒါတွေအတွက် မင်း ကျေးဇူးမတင်သင့်ဘူးလား .."

"ဪ .. ရှင့်ရဲ့နံပါတ်တစ်ကြောင့် အခု အဆင်း ကို ရှင် ကဲ့ရဲ့နိုင်ခဲ့တယ်လေ၊ နံပါတ်နှစ်ကြောင့် အဆင်း ဘဝပျက်ရတော့မယ် .. ဘာကို ကျေးဇူးတင်ရဦးမှာလဲ .. ပြောပါဦး .."

"အဟွန်း .."

အဆင်း ဒေါသမျက်နှာလေးနဲ့ ဆံပင်ထပ်ခါလိုက်တော့ သူ့မျက်နှာ နည်းနည်းဆုတ်သွားလျက် ...

"နံပါတ်သုံးကို မင်း သိရင် ယုံချင်မှတောင် ယုံမှာ .."

"ပြောပေါ့ .. ရှင် အရည်အချင်းကောင်း မရှိလည်း အဆင်း က ယုံအောင်ပြောရင် ယုံဦးမှာ .."

"ဟား .. ဟား .. ဟား ..."

ဒီတစ်ခါ သူ ခပ်ကြိတ်ကြိတ် ရယ်သံထွက်လျက် ...

"မင်း မဆိုးဘူး .. ပြောတတ်ဆိုတတ်လာပြီ .."

အဆင်း ပါးပြင်လေးတွေ ရဲသွားသည်။ အစတုန်းကတော့ အဆင်း က အပြောအဆိုလေးတောင် မတတ်ခဲ့တဲ့သူပေါ့ ..၊





နောက်ထပ် ရာထူးတစ်ခု တက်သွားခြင်းအတွက် ကျေကျေနပ်နပ် ခေါင်းညိတ်မိကာ ...

"ဟိတ် .. ဘာလုပ်တာလဲ .."

အဆင်း တံခါးလှည့်ဖွင့်တာနှင့် သူက လက်ကိုလှမ်းဆွဲထားကာ...

"ဆင်းသွားတာလား .. ဆော်ရီး .."

"ရှင် လက်ကို လွှတ်နော် .. ဒီတစ်ခါ ရှင့်ကို မရိုက်နိုင်လည်း ဖက်ကိုက်ပစ်မှာ .."

"တကယ်လုပ်မှာလား .. စိတ်ဝင်စားစရာပဲ .."

သူဆွဲထားသည့်လက်ကို ဘယ်လိုမှ ဖယ်ချပစ်တာ မရ ..၊ ရန်သူ က မလွှတ်သည့်အပြင် သူ့ဘက်ကို ပြန်ယိမ်းသွားအောင် ဖိဆွဲထားလျက် ...

"ဘယ်သွားမလို့လဲ မင်းက .."

"ထွက်ပြေးမယ်ထင်လို့ ရှင် လိုက်ဆွဲနေတာလား .."

"ဟုတ်တယ် .. ဒါပေမယ့် ပြောပြီးပြီနော် .. မင်းကို ဖမ်းပေးလို့ ငါ တစ်ပြားမှရမှာ မဟုတ်ဘူးဆိုတာ .."

"ဒါဆို ရှင်က ကိုကြီးဝင်းထွန်း အတွက် လိုအပ်လို့ ဖမ်းနေရတာပေါ့ .."

"အဲဒါကြောင့် ကိုယ်ပြောမယ့် နံပါတ်သုံးကို မင်း နားထောင်ပါလို့ ပြောနေတာ .."

ဦးထုပ်မရှိသည့်အခါ ဆံပင်တွေကို ဖြစ်သလို သိမ်းလုန်ထားသော မကျဉ်းမကျယ် နဖူးပြေပြေနှင့် မျက်နှာကို အဆင်း စိုက်ကြည့်နေမိသည်။

သူက ပြန်ကြည့်နေသဖြင့် မျက်လုံးချင်း ဆုံသွားခဲ့တာ စက္ကန့်တွေ တရှပ်ရှပ် ပြေးသွားခဲ့၏။ အဆင်း မျက်လွှာချပစ်ကာ သူကိုင်ထားသည့် လက်ကို ခါချပစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်တော့မလား .."

အဆင်း ဘာမှမပြောတော့ သူက ဆက်၍ ...

"မင်းအတွက် နောက်ထပ် အလကားပေးခဲ့တာ ရှိသေးတယ်.."

သူမ မျက်ဝန်းလေးတွေ ပြန်ရောက်လာတဲ့အထိ ရန်သူ က စိုက်ကြည့်နေပြီးမှ ...

"ဒီအလုပ်ကို ကိုယ် လက်ခံခဲ့တာ မင်းနဲ့ပဲ ပတ်သက်တယ် .."

သူက ပခုံးတစောင်းနဲ့ ကူရှင်မှာ ကပ်မှီနေရင်း စတီယာရင်မှာ လက်တစ်ဖက်တင်၍ ...

"မင်းကို ဖမ်းပေးပြီးမှ မင်းရဲ့သတို့သားလောင်းကို နယ်စပ်မှာ သွားခေါ်ပေးရမယ်ဆိုတော့ .."

"ဘာဆိုင်လို့လဲ .."

"မသိဘူး.. ဒါပေမယ့် မင်းနဲ့ပတ်သက်နေလို့ ကိုယ် လက်ခံခဲ့တာ.."

"ငွေတွေကို လက်မခံဘဲနဲ့လား .."

အဆင်း ရဲ့ မဲ့ပြုံးကို သူက ပခုံးတွန့်၍ မဲ့ကာ ...

"မဆိုင်ဘူး .. ငွေကို ယူတယ်၊ ဒါပေမယ့် ဘယ်လိုနည်းနဲ့ရရ ယူမယ်ဆိုတဲ့အထိ ကိုယ် ငွေမမက်ဘူး .."

"အခု မယုံတော့ဘူး .."

"ရတယ်လေ .. ပြောပြတာ .."

ရန်သူ ကလည်း ခေါင်းညိတ်၍ အပြောမပျက် ...၊

"ဝင်းထွန်း ကို ကိုယ် သွားခေါ်တော့လည်း ကိုယ် စိတ်ပါလို့ မဟုတ်ဘူး .."

"ရှင် ငွေယူထားခဲ့တာကိုး .."

"အဲဒါလည်း မဆိုင်ဘူး .."

"ဘာ မဆိုင်တာလဲ .."





"မသိဘူး .. ဒါပေမယ့် မဆိုင်တာတွေ ကိုယ် လုပ်ခဲ့တာတော့ အမှန်ပဲ ..၊ အဲဒါ ကိုယ့်ကိုယ်ကိုယ် မသိခဲ့ပေမယ့် အခု မင်းရဲ့ ကန်းစကားတွေကြောင့် အစပြန်ပေါ်လာတာ .. အားလုံးဟာ မင်း ပတ်သက်တယ် .."

အဆင်း ငေးသွားမိပြန်သည်။ ပြီးတော့ သူမပဲ မျက်တောင်တွေ ခတ်ပစ်မိကာ ...

"အဆင်း က သူတို့အတွက် အမှိုက်ထုပ်ပါ၊ အဲဒါကြောင့် ရှင်းပစ် ဖို့ လုပ်နေကြတာ .."

"ဝင်းထွန်း နဲ့ မင်းက ဘယ်သူက သူတို့ရဲ့သွေးရင်းလဲ .."

"သူတို့ဆိုတာက ဘယ်သူ့ကို မေးတာလဲ .."

"ဒေါ်မျိုးရီ"

"အဒေါ်အရင်း .."

"ဝင်းထွန်း ကရော .."

"ယောက်ျားဘက်က တူ .."

"ဘာ!..."

အဒေါ်အရင်းဖြစ်သူက စာရိတ္တမကောင်းသည့် ယောက်ျားဘက် တူနဲ့ ကိုယ့်တူမကို အတင်းအကျပ် ပေးစားဖို့ လုပ်နေတာလား ... ကြားလိုက်ရတာ ကိုယ့်နားကိုတောင် မယုံချင် ...။

"ဟုန်း .."

နှစ်ယောက်စလုံး ခဏတိတ်သွားကြစဉ် အရိပ်တစ်ခုနှင့်အတူ မှ ကို ပုတ်လိုက်သံကြီးက တစ်ထပ်တည်း ...၊

"တံခါးဖွင့်စမ်းပါ .. မြန်မြန် ဟေ့ကောင် .."

ဝင်းထွန်း က ပြောပြီး နောက်ခန်းကို တံခါးပြေးဖွင့်ကာ ဝင်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်း .. မြန်မြန် မောင်း .."

ရန်သူ ဘတ်ခ်မှန်ထဲကနေ နောက်ကိုလှမ်းကြည့်ရင်း စက်နှိုးလိုက်သည်။ စုံတွဲတွေအလိုက် အေးချမ်းစွာ သွားလာနေကြသူတွေထဲမှာ ပြေးလွှားလိုက်လာကြသည့်အရိပ်တွေကို မြင်လိုက်ရ၏။

ထားကိုမြင်လိုက်တော့ တုံ့ခနဲ ဖြစ်သွားကြကာ နှစ်ယောက်တစ်ဖက်စီ ခွဲရပ်လိုက်ကြသည်။ ပြီးတော့ ကားမထွက်သာလောက်အောင် လမ်းနှုတ်ခမ်းပေါ်ထိတက်၍ လက်တွေ မြှောက်ထားကြ၏။

မောင်းသူနေရာမှာ ရန်သူ့ ကို မြင်လိုက်တာနှင့် သူတို့အာရုံတွေ နောက်ထဲကိုရောက်သွားတာ သိသာလျက် ...

"ယော့ .. ရပ်စမ်း .. ဒီမှာ ရပ် .."

ပါးစပ်တွေ လှုပ်နေတာကို မျက်မှောင်ကုတ်ကြည့်ပြီး ရန်သူ က အရှိန်လျှော့လိုက်သည်။

"ဟာ!... ဟိတ်ကောင် .. မင်း ဘာလုပ်တာလဲ ..၊ အဲဒါ ငါ့နောက်လိုက်နေတဲ့ ကောင်တွေ .."

နောက်ကနေ ကူရှင်ကို တအားပုတ်ပြီး ဝင်းထွန်း အော်နေတာ အသံတွေပါ ပြာ၏။ ရန်သူ က ဘာစကားမှမပြောဘဲ ကားကို ညာဘက်ကပ်ပြီး ...

"ဒုန်း ..."

"အား!..."

"ဟိုကောင် .."

ကားတံခါးနှင့် ဆောင့်တိုက်ပစ်လိုက်သဖြင့် နှစ်ယောက် အထွေးလိုက် ဘိုင်းခနဲ ပစ်လဲ၏။ ရုတ်တရက် ဟိုဘက်ကနှစ်ယောက် လှုပ်ရှားမှုတွေ ရပ်တန့်ကျန်ခဲ့ကြ၏။ ကားသည် အရှိန်နှင့်ကွေ့ပတ်မောင်းထွက်လာခဲ့လျှင် ဝင်းထွန်း က နောက်ကိုလှည့်ကြည့်ပြီး ...





"ကောင်းတယ်၊ အဲဒီလို ခံရမှ .. ဟား .. ဟား ..."

အဆင်း က မှန်ထဲကနေ ဝင်းထွန်း ကို လှမ်းကြည့်ကာ နားသယ်စပ်မှာ တစ်လက်မသာသာခန့် သွေးစို့နေသော ခြစ်ရာကြီးတစ်ခုကို မြင်လိုက်သဖြင့် ...

"အဲဒီလူတွေ ဝိုင်းထိုးလိုက်ကြတာလား .."

"ဟင်!... ဘာလဲ ..."

"မျက်နှာပေါ်က .."

သူ့ကိုယ်သူ ဘာဖြစ်လာမှန်းတောင် မသိသည့် ကြောင်တောင်တောင်ပုံစံနှင့် ဒဏ်ရာကိုကိုင်တော့ ရန်သူ က မဲ့ပြုံးနှင့် တစ်ချက်ကြည့်ကာ ...

"အဝိုင်းခံရရင် မလွတ်ပါဘူး .. ထွက်ပြေးရင်း ထိလာတာ .."

ရန်သူ့ စကားကြောင့် ဝင်းထွန်း မျက်နှာ မလုံမလဲနှင့် ...

"ဒီလိုပဲ ရေများ ရေနိုင် .. မီးများ မီးနိုင်ကွ .."

"ဒါဆို ဝမ်းဘိုင်ဝမ်း ဖိုက်မလား .."

"ဟင်!... ဟိတ် .. မင်းရန်သူ .. ဒါ ဘာလုပ်တာလဲကွ .."

ကားက တောင်ကုန်းကိုပတ်၍ လာရာလမ်းကို ဦးလှည့်သွားလျှင် အဆင်း ပါ ကြောင်တောင်တောင် ဖြစ်သွားသည်။

"ဟိတ်ကောင် .. မင်း ရူးနေသလား .. ဟိုမှာ လေးယောက်တောင်မှ .."

"မပူနဲ့ .. နှစ်ယောက်ပဲ အကောင်းအကန်း ကျန်တာ .. တစ်ယောက် ငါ တာဝန်ယူတယ် .."

ရန်သူ တကယ်လုပ်မယ်မထင်သဖြင့် ဝင်းထွန်း မျက်လုံးပြူးကာ ကားပေါ်က ခုန်ဆင်းပြေးရတော့မလို .. နောက်ကနေပဲ ဖက်ထားရင်း ဝင်ဆွဲရတော့မလို ဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ .. ဟိုကောင်တွေ .."

တအာဖြန်လှည့်လာမယ် မထင်သဖြင့် ရပ်နေကြသည့် လေးယောက်စလုံးလည်း ဗျာယိဗျာယာဖြစ်သွားကြကာ ကုန်းမြင့်ပေါ်ကို ပြေးတက်ရှောင်ကြ၏။

သို့သော် နှစ်ယောက်က ထော့ကျိုးဖြစ်နေကာ နောက်မှာ ကျန်ရစ်၏။ ရန်သူ က ကားကို ထိုနှစ်ယောက်နှင့် ထိကပ်မတတ်ရပ်ပစ်လိုက်သဖြင့် နောက်ထပ် လဲပြိုခြင်းသို့ရောက်ကုန်ကာ တက်ခေါက်သံတွေ ဒေါသမျက်လုံးတွေနှင့် ...

"မင်းက ဘာလဲ ဟေ့ကောင် .."

နောက်ထပ်နှစ်ယောက်ကလည်း ပြေးလာပြီး ကားရှေ့ဘွန်းနက်ကို လက်သီးဆုပ်နဲ့ ထုပစ်လိုက်၏။

"ဟေ့ကောင် .. ဟိုနောက်ကကောင် ဆင်းခဲ့စမ်း .."

နှစ်ယောက်စလုံး ဝင်းထွန်း ရှိတဲ့ဘက်ကို ခြေလှမ်းပြင်လိုက်လျှင် ရန်သူ က ကားပေါ်ကဆင်း၍ ...

"နေဦး .."

အကြောက်အရွံ့မဲ့သော ခြေလှမ်းတို့နှင့် အမိန့်ဆန်သည့်လေသံကြောင့် ဆံပင်တွေသိမ်းလှန်ထားသော ဂျာကင်အညိုနှင့်လူ ခြေလှမ်းမရွေ့တော့ဘဲ ငြိမ်ကျသွား၏။ ဝင်းထွန်း ရဲ့ဘေးကို ရောက်နေသူက မှန်ကိုရိုက်ခွဲတော့မတတ် ပုတ်ခတ် ခေါ်ထုတ်နေဆဲ ...၊

"မင်းရဲ့ကောင်ကို ရှုပ်ရှုပ်တွေ မလုပ်ဖို့ အရင်လှမ်းတားလိုက်၊ မဟုတ်ရင် မင်းတို့ နောင်တရစရာတွေ ဖြစ်ကုန်လိမ့်မယ် .."

"ဘာလဲ .. မင်းစကားက ကြီးကြီးကျယ်ကျယ် .."

ရင်ဘတ်ချင်းထိမတတ် မရပ်ဘဲတိုးလာသည့်ခြေလှမ်းတို့ကြောင့် မေးခွန်းထုတ်လိုက်ပေမယ့် ထိုသူ ခြေလှမ်း မသိမသာ နောက်ဆုတ်၏။





ရန်သူ ကလည်း တမင်တကာ ထိကပ်ပစ်လိုက်သဖြင့် ရန်သူ နဲ့ ကားရဲ့ကြားမှာ ထိုသူ ညပ်သွားသည်။

"မင်း ဘာလုပ်တာလဲ .."

"ဘာမှမလုပ်ချင်လို့ မင်းရှေ့ ရောက်လာတာပေါ့ .."

သွေးအေးလွန်းသည့်မျက်နှာကို ထိုးပစ်လိုက်ဖို့ လက်သီးဆုပ်ကြီး တပြင်ပြင်နှင့်ရှိနေပြီး ထိုးလည်း မထိုးရဲ ...၊ ရန်သူ က ကားဘွန်းနက်ပေါ်မှာ လက်တစ်ဖက်ထောက်လိုက်သလို ထိုသူ့ခါးကြားထဲကို လက်တစ်ဖက် လျှိုသွင်း၍ ...

"ချောက် .."

အသံလေးတစ်ချက် ကြားလိုက်ပေမယ့် ထိုသူ အမှတ်တမဲ့ ...။

"မင်းရဲ့လူကို တားလိုက် .. လုံခြုံရေးတွေရောက်လာရင် ရှုပ်ကုန်လိမ့်မယ် .. ငါ့အလုပ်ကို ဝင်နှောင့်ယှက်ရင် ငါက အကုန်ဖော်မှာနော်"

"မင်းက .. အ!.. ဟာ .."

ညာဘက်နံနှင့်အတူ ခါးစပ်မှာ ပူလောင်လာသဖြင့် ထိုသူ ကော့ခနဲဖြစ်သွားပြီး အလန့်တကြား အော်၏။

"ငြိမ်ငြိမ်နေ .."

ရင်ဘတ်အင်္ကျီစကို ဆုပ်ဆွဲကာ ခါးကြားထဲကလက်ကို ပြန်ထုတ်၍ မျက်နှာရှေ့မှာ ထောင်ပြလိုက်သည်။

ဂက်(စ်)မီးခြစ် အနီရောင်လေး...၊

"မင်း .. မင်း ဘာလုပ်တာလဲ .."

"မင်း .. ငါ့ကားကို ပိန်အောင်ထုနိုင်တယ်လေ ...၊ ငါလည်း မင်းအင်္ကျီကို လောင်အောင် လုပ်နိုင်တာပဲ .."

"ဟာ!..."

"ငြိမ်ငြိမ်နေလို့ ပြောနေတာ ကြားလား .."



www.burmeseclassic.com

www.burmeseclassic.com



လည်ဝင်းတို ပိုကျပ်အောင် ဆောင့်ဆွဲခါပစ်လိုက်သဖြင့် အင်္ကျီကိုလည်း မတိုင်နိုင် — ဘာမှလည်း မလုပ်ဖြစ်ပေ။ ဟိုဘက်မှာ ဝင်းထွန်းတို့ စိန့်ခေါ်နေသူက ဒီဘက်ကအဖြစ်ကို လှမ်းမြင်သွား၏။

"မင်းကောင်ကို ခေါ်လိုက် .."

"မင်းက ဘာဆိုင်လို့ ငါတို့ကိစ္စကို ဝင်ရှုပ်တာလဲ၊ ငါတို့ကိစ္စက..."

"လူသတ်မှုနဲ့ ခြိမ်းခြောက်ပြီး ဝင်းထွန်း ကို ကြိုးကိုင်ထားတာ ငါ သိတယ် .."

သူ ကပ်ပြောလိုက်တော့ ထိုသူ တိတ်သွား၏။

"မင်းတို့နိုင်းကြတဲ့ မကောင်းမှုအရောင်းအဝယ်ကိစ္စတွေလည်း ငါ သိသေးတယ် .. ဒါပေမယ့် မင်းတို့လည်း တစ်ကျပ်သား နှစ်ကျပ်သား လောက်တွေပဲ ..၊ ငါကလည်း ရပ်ကွက်ထဲက ဘာမှမဟုတ်တဲ့ကောင်၊ ဒါပေမယ့် ငါက အခု ဝင်းထွန်း ရဲ့လုံခြုံရေးအတွက် ဟီးရိုးလုပ်နေတာ.. ငါ့ထမင်းလုတ်ကို ပုတ်ချရင် ငါက ပြန်ဖွမှာပဲ .."

သျှော်နံ့ထောင်းထောင်းထနေသည့် ပညာပေး ပြကွက်ကြောင့် မိုးတစ်လုံး လေတစ်လုံး ကပ်ကြိမ်းနေတာကို မခံချင်ပေမယ့် ထိုသူ အံကြိတ်နေ၏။

"စိုးကြီး ဒီဘက် ပြန်လာခဲ့ .."

သူ့လူကို ပြန်ခေါ်လိုက်မှ ရန်သူ က ခပ်မဲ့မဲ့ပြုံး၍ နောက်မှာ ထရပ်လာကြသည့် ထောက်ချိုးနှစ်ယောက်ကိုပါ လှမ်းကြည့်ကာ ...

"ငါက တစ်ကိုယ်တော် .. ဒါပေမယ့် မင်းတို့လို အုပ်စုဖွဲ့နေတဲ့ကောင်တွေကို ကောင်းကောင်းဒုက္ခပေးနိုင်တယ်ဆိုတာ ယုံလား .."

"မင်း ဒီကောင့်ကို ကာကွယ်ဖို့မပြောနဲ့ .. မင်းကိုယ်မင်း ကာကွယ်နိုင်မလားပဲ စောင့်ကြည့်ပါဦး .."

"စောင့်ကြည့်တာ စိတ်မဝင်စားဘူး .. အခုလောလောဆယ်





မင်းတို့ လေးယောက်စလုံးကို ငါ ထိန်းချုပ်ထားနိုင်တယ်၊ အဲဒါ မင်း ငြင်းနိုင်လား .."

သူ့ ဘာမှမပြောခင် ရန်သူ က ပြုံး၍ နားနားကပ်ကာ ...

"မှတ်ထား .. အနိုင်ရဖို့အတွက် တစ်ချက်တည်းထိအောင် ဝှမ်းနိုင်တဲ့ လက်နက်ပုန်းတွေ ငါ့မှာရှိတယ် .. မင်းတို့ရဲ့ဆရာဆိုတာတွေကို ပြောလိုက် .. နောက်ထပ်ငါးရက် ငါ့အတွက် အချိန်လိုတယ်၊ ပြီးရင် ဒီကောင်နဲ့ ငါ လုံးဝမဆိုင်တော့ဘူး .."

အားတက်သွားသည့်မျက်လုံးတွေ လက်ခနဲ ဖြစ်သွားပြီး သူ့ကိုစော ကြည့်သည်။

"မင်းတို့ကိစ္စတွေကို ငါ စိတ်မဝင်စားပေမယ့် ငါ့ရဲ့စားပေါက်ကို ပိတ်မယ်ဆိုရင်တော့ အားလုံးကို အမြစ်ကနေ လှန်မယ်၊ ဝင်းထွန်း က ကြောက်အားကြီးပြီး ပတ်ပြေးနေပေမယ့် အဲဒီလူသတ်မှုနဲ့ အကျပ်ကိုင်ပြီး မင်းတို့ ဘာတွေခိုင်းထားပြီးပြီလဲဆိုတာထိ ငါ အားလုံး .."

"ငါတို့ဆရာကို ငါ ပြောပေးမယ် .."

"အိုးခေ .. လိုချင်တာ ဒါပဲ .."

ပြောပြီး ချုပ်ကိုင်ထားတာတွေကို လွှတ်လိုက်သည်။ ထိုလူ သူ့ ဂျာကင်လောင်သွားတာကို ငုံ့ကြည့်တော့ သူ နောက်ဆုတ်ရင်း ပြုံးလိုက်ကာ ...

"ဒါလည်း မှူတပါတယ်၊ ငါက တစ်ခုပေးလိုက်ရင် နှစ်ခု ပြန်ယူတတ်တယ်၊ အခုက မှူမှူတတပဲ .."

ပြောနေကြတာတွေကို ကြားတာလည်း ရှိသည်။ မကြားတာလည်း ရှိသည်။ မြင်နေရတာကတော့ ရန်သူ့ ကို သူတို့ အရှုံးပေးနေကြသည်။

"မင်း ဘာတွေထုတ်ပြလိုက်လို့ ဒီကောင်တွေ ဒီတိုင်းကျိုးနေခဲ့တာလဲ ရန်သူ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ တာဝန်ယူထားတဲ့ကာလအတွင်း မင်းကို ထိခိုက်အောင်မလုပ်ဖို့ ပြောလိုက်တာ .."

"ဘာ!..."

"ငါက မြွေပွေးလိုလူ .. ငါ့အသားကို မထိရင် အိပ်ရေးပျက်ခံပြီး ဝါးလျှိုးမထောင်ဘူး .."

"မင်း အဲဒါတော့ ..."

"ဘာဖြစ်လို့လဲ .."

"မင်းကိစ္စပြီးတဲ့အထိ ဆိုတော့ ..."

"မင်း တစ်သက်လုံးထိ တာဝန်ယူရအောင် မင်းကို ငါ လက်ထပ်မှာမှ မဟုတ်ဘဲ .."

"ဟိတ်ကောင် .."

"ပြောပြတာ .."

"မပြောနဲ့လေ .. မင်းလုပ်လိုက်ပုံက တစ်ကိုယ်ကောင်းဆန်လွန်းတယ် .."

"အဲဒီတော့ ..."

"မင်း သူတို့ကို နိုင်ကွက်ရှိတယ်ဆိုတာ ငါ သိတယ် .."

"သိတော့ .."

ကားမောင်းရင်း ပြန်လှန်မေးခွန်းထုတ်နေသည့် ရန်သူ့ နောက်မှာ ဝင်းထွန်း မရိုးမရွ ထိုင်မရ နေမရ ဖြစ်လျက် ...

"မင်း ငါ့အတွက် နည်းနည်းတော့ ပြန်ငဲ့သင့်တာပေါ့ကွ၊ ဘာလဲ.. ပိုက်ဆံထပ်လိုချင်လို့လား .. မင်းကို ငါ ထပ်ပေးနိုင်တယ် .."

"ဘယ်လောက်လောက်လဲ ..၊ ဘာအတွက်လဲ .."

"မင်း တတ်နိုင်တဲ့ပါဝါနဲ့ ငါ့ကို သူတို့နဲ့လွတ်ကင်းအောင် လုပ်ပေးလေ .. ကြိုက်သလောက် တောင်း .."





"ဟား .. ဟား .. ဟား ..."

ကားမောင်းနေရင်း ရယ်ကာ မီးပွိုင့်မှာ ကားက ရှေ့ကကားနဲ့ ထိလုထိခင်ကျမှ တုံ့ခနဲ ထိုးရပ်၏။ ရန်သူ က ရယ်နေရင်း နောက်ကို မကြည့်ဘဲ ဆံပင်ကရေတွေကို ခါထုတ်ပစ်သည်။

ရေစက်တွေက နောက်မှာကပ်နေသည့် ဝင်းထွန်း မျက်နှာကို ဖျန်းခနဲ ပြေးမှန်၏။ ဝင်းထွန်း ကိုယ်ကြီး ဆိုဖာပေါ် နေရာတကျပြန်ရောက်သွားတာ ချက်ချင်း ...။

"ဘာရယ်တာလဲကွ .."

မျက်နှာပေါ်ကရေတွေကို ပွတ်ချပစ်ရင်း ဒေါသသံက ဆောင့်ထွက်၏။

"ငါ့ကို မှန်မှန်ကန်ကန် ဘာမှမပြောခဲ့တဲ့ မင်းလိုကောင်ကို ငါက ငွေရတိုင်း ကာကွယ်မယ်လို့ ထင်နေသလား .."

"အကုန်လုံး မပြောတာပဲ ရှိတယ် .. ငါတို့ပြန်လာတုန်းက မင်းကို ပြောပြခဲ့တာ အမှန်တွေပဲ .."

"မမှန်တာတွေ ငါပြောလိုက်ရင် လက်ထပ်မယ့်သတို့သမီးလောင်းရှေ့မှာ မကောင်းပါဘူး .. အဲဒီတော့ ငါတို့ စခဲ့တဲ့အတိုင်း သတ်မှတ်တဲ့ အချိန်မှာ အေးဆေး အဆုံးသတ်မယ် .."

"ငါက ဒီလူတွေကို ကြောက်လို့ပါ .. သူတို့က လျှို့ဝှက်ချက်တစ်ခု ပေါက်ကြားမယ်ထင်ရင် ရက်ရက်စက်စက် နှုတ်ပိတ်တာ ..၊ ငါ မင်းကို သူတို့အကြောင်း မပြောခဲ့တာက .."

"တော်ပြီ ဝင်းထွန်း .. မင်း ဘာလုပ်ခဲ့တယ်ဆိုတာကို မပြောရဲခဲ့တာ ဝန်ခံလိုက် .."

ဝင်းထွန်း အကြည့်တွေ အဆင်း ရဲ့မျက်နှာစောင်းလေးဆီ ငေးမိလျက် ဝေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်း က စဉ်းစားနေသည့် မျက်ဝန်းလေးတွေနှင့် တစ်နေရာမှာ ငြိမ်သက် နေ၏။

တကယ်က ငွေကိုသက်သက်ယာယာလိုချင်သည့် ပျော့ညံ့ခိုစိတ်ကြောင့် မှားခဲ့တာပါ။ အိမ်ထောင်ရှိနေသည့် အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦးနဲ့ သူ ငြိခဲ့သည်။

ငွေကို အလိုသုံးနေရသည့် သုခဘုံကို သူ မက်မောခဲ့သည်။ မခံစားခဲ့ဖူးသည့် သာယာမှုတွေမှာ ရုန်းမထွက်နိုင်ဘဲ ဖြစ်ခဲ့၏။

အချစ်နဲ့မသက်ဆိုင်သော တဏှာစွဲမှာနစ်ခဲ့ရင်း ချစ်သူတစ်ယောက်ရတော့ ငြီးငွေ့စရာတွေဖြစ်လာသည့် အမျိုးသမီးကြီးကို ရှောင်ဖယ်ဖို့ ကြိုးစားခဲ့သည်။

တကယ်တမ်း သူ မသိသည့်အချက်က သူ့ကိုယ်သူ ငွေတွေ ရလိုသုံးနိုင်နေသည်။ ဒီလို သုခချမ်းသာမျိုးကို သူမကမှ ပေးနိုင်သည်ထင်ခဲ့ပေမယ့် တစ်ဖက်ကလည်း သူ့ကို အသုံးချနေတာဖြစ်၏။

ကောင်မလေးတစ်ယောက်နဲ့ ချစ်ကြိုက်နေသည် ကြားတာနှင့် လေဒီကြီးက ဓာတ်ပြလာ၏။ သူမရဲ့ကွန်ကနေ ရုန်းထွက်မရတော့မှန်း နားလည်အောင် ဝင်းထွန်း ကျူးလွန်ပြီးစီးခဲ့သည့် မကောင်းမှုတွေကို သက်သေနဲ့တကွ ပြောပြသည်။

သူမနဲ့တကွသော တခြားအဖွဲ့သားတွေနဲ့အတူ ဝင်းထွန်း လည်း တစ်ဖွဲ့တည်းဖြစ်နေပြီကို သိစေခဲ့၏။ မထူးစိတ်ပိုက်ပြီး သူ ဒီတိုင်း ဆက်မိုက်နေခဲ့သေးသည်။

သည်းမခံနိုင်သည့်အဆုံးမှာ လေဒီကြီးနဲ့ အကြီးအကျယ် ပြဿနာဟက်ကြသည်။ သတ်တာက တစ်ယောက်ကိုဖြစ်ကာ အသတ်ခံလိုက်ရတာက လေဒီကြီးရဲ့လူယုံ ဖြစ်နေ၏။

ထို့အဖြစ်ကြောင့် သူ နောက်ထပ် အကျပ်ကိုင်ခံရကာ မကောင်းမှု





အရောင်းအဝယ်တွေနဲ့ပဲ သံသရာလည်နေခဲ့၏။ နိုင်ငံခြားကိုထွက်ပြေးသွားခဲ့တာက စွန့်စား ရုန်းထွက်ခဲ့ခြင်းသာဖြစ်လျက် ...။

"ငါ ဒီကိစ္စတွေကို အိမ်ကလူတွေကိုတောင် မပြောပြခဲ့ဘူး ..."

ပြဿနာကို စိတ်ထဲမှာ ကိုယ်စီ တွေးနေရင်း ဝင်းထွန်း က စပြောသည်။ ရန်သူ က အားလုံး သိပြီးသားမို့ ပီကေထုတ်ဝါးရင်း အေးဆေး...။

"ငါ့က မင်းအိမ်က လူကြီးတွေမှ မဟုတ်တာ .. မင်းနောက်လိုက်ပြီး ကာကွယ်ပေးရမယ့် သူ .."

"ဟုတ်ပါတယ် .. မင်းလည်း ငါ့ကို မေးခဲ့ပါတယ် .. ဒါပေမယ့် ငါ .."

သူ အဆင်း ကို လှည့်ကြည့်မိပြန်သည်။ ဒီတစ်ခါ အဆင်း က နောက်လှည့်ကြည့်တာနှင့် မျက်လုံးချင်းဆုံကာ သူပဲ မလုံလဲစိတ်နှင့် အရင်လွှဲ၍ ...

"ငါလည်း မပြောချင်တာကိုတော့ မပြောဘဲ ထားချင်လို့ပါ ...။ အဲဒါ မင်းကို တမင် လျှို့ဝှက်ထားတာ မဟုတ်ပါဘူး .."

ဝင်းထွန်း ရဲ့ လေသံအမူအရာတွေက လုံးဝ ပြောင်းလဲနေခဲ့လျက်...။

"လုပ်ပါ .. မင်း ဒါတွေကို သိနေပြီမို့လား ...၊ မင်းလည်း လုပ်ပေးနိုင်ပါတယ် .. ငါ့ကို သူတို့လက်က လွတ်အောင် လုပ်ပေးပါ .."

ရန်သူ ကို ငွေနဲ့ ပြောဆိုနိုင်နင်းဖို့ မလွယ်မှန်း နားလည်သွားပြီမို့ ကြောက်ရွံ့ခြင်းတွေ အတိုင်းသား ပေါ်လာခဲ့ပြီး ...

"ခွေးတောင်မှ တုတ်ကိုင်ထားတိုင်း ကြောက်တာ မဟုတ်ဘူးတွေ့...။ မင်းလိုလူက ပြုံးပြုံး ခြောက်ပြတော့ရော သူတို့ကို ယှဉ်ရဲတဲ့သတ္တိ ရှိတာ မင်းမျက်နှာမှာ အသိသာချည်း .."

"ငါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်မျိုးကို ငါ ဘယ်တုန်းကမှ လုပ်ခဲ့တာ မဟုတ်ဘူး .. လုပ်မိတာနဲ့ အခု ငါ့မှာ ရန်သူတွေ တိုးသွားပြီ ..၊ ဒီတော့ .."

"မလုပ်ဖူးပေမယ့် မင်း မသိတာ ဘာမှ မရှိဘူး .."

"သိချင်ရင် ကြည့်ရတာပေါ့ကွ .. သတင်းဆိုတာ မျက်စိဖွင့် .. နားစွင့်နေရုံနဲ့ ရတယ် .. ဒါက သတင်း မဟုတ်ဘူး ..၊ လှေကြုံရင် လှေနဲ့ လိုက်ရတယ် .. လှည်းကြုံရင် လှည်းနဲ့ .. ငါ့မှာ အဲဒီလို လိုက်နိုင်တဲ့ အသိုင်းအဝိုင်း ရှိတယ် .."

ဒီလိုကောင်မျိုးက အပေါင်းအသင်းများများ ရှိတယ်ဆိုတာ ယုံချင်စရာ မရှိ ..၊

စိတ်ထဲမှာ ဖျတ်ခနဲ တွေးမိပေမယ့် ဝင်းထွန်း ပါးစပ်ကနေ အထင်သေးစကား တစ်ခွန်းတလေမှ မဆိုရဲတော့ဘဲ ...

"ဒါဆိုရင် မင်းက .."

"မင်းနဲ့ ဘာမှ ရှေ့ဆက်ရန် မရှိဘူး .."

ဝင်းထွန်း စိတ်မလျှော့နိုင်ဘဲ ရှေ့ကို တိုးကပ်လာသည်။ ရန်သူက ဆံပင်တွေကို နောက်တစ်ခါ ကုတ်လိုက်သဖြင့် ရေစက်တွေ ဖွားခနဲ စင်သွားပြန်ကာ ...

"ကျွတ်!..."

သူ နောက်ပြန် ထိုင်ကျသွား၏။ လက်ထပ်ပွဲပြီးတာနဲ့ ဟိုကောင်တွေဆီကို ထိုးကျွေးဖို့ အပေးအယူတွေ လုပ်ခဲ့သည့်သူ ..၊

တော်တော် ရက်စက်တဲ့ ကောင် ..၊

သင်း လုပ်ချင်းတိုင်း လုပ်လို့ ရမလား ..။





အခန်း (၂၁)

ဘယ်လိုကောင်လေးလဲ ..၊

ကိုယ်က မျက်မှောင်ကုတ်ကြည့်တော့ သူက စူးရဲသည့်မျက်ဝန်းတို့နဲ့ ကြည့်သည်။ မေးလိုက်တိုင်း ဘာကိုဖြစ်ဖြစ် မဆိုင်းမတွ ဖြေ၏။ အကြည့်.. အပြော.. အမူအရာအားလုံးက ရဲဝံ့ပြတ်သားမှုတွေ အပြည့်..

ဒေါ်မျိုးရီ ကိုယ်က လူကြီးမို့ စိတ်ထဲမှာဖြစ်လာသည့်အတိုင်း နှုတ်က ဖွင့်ချလိုက်ဖို့ခက်နေကာ ပင့်သက်ရှိုက်၍ မျိုသိပ်လိုက်ရင်း ...

"ကောင်းပြီလေ .. မင်းက ခေါင်းခါမှတော့ တို့တွေက ကြိုးတုပ်ခိုင်းလို့မှ မရတာ .. တစ်ခုတော့ ပြောလိုက်ပါရစေ .. မင်း ပြောတာတွေ မမှားပါဘူး ..၊ ဒါပေမယ့် နည်းနည်း အစွန်းရောက်နေတယ် .."

ရန်သူ က မီးညှိမထားသည့် စီးကရက်ကို လက်ကြားညှပ်လျက်နှင့် ပြုံးနေသည်။

"အပေးအယူတွေနဲ့ အလုပ်လုပ်ကြတာဆိုပေမယ့် တို့ရဲ့တူ ကိုယ်တိုင်ကလည်း လူကောင်းသူကောင်းလေး မဟုတ်ပေမယ့်ပေါ့လေ .. ချိန်ခွင်လျှာပေါ်မှာတင်ချိန်တဲ့ ပစ္စည်းတစ်ခုလို လိုတိုးပိုလျော့ လုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိ တိကျပြတ်သားဖို့ မလိုဘူး .. ချိန်ခွင်နဲ့ချိန်ရင်တောင် တချို့ဆို လျှာအောက်ထိုးကြီး ထိုးပေးပစ်လိုက်ကြတာ ..”

“အဲဒီလို လူမြင်အောင် လျှာထွက်ပြလိုက်ရင် အဲဒီဈေးသည် အလေးနိုးတာပဲလို့ ကျွန်တော် ကြားဖူးတယ် .. ဟုတ်တာ မဟုတ်တာတော့ မသိဘူး ..”

“မင်းက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတာပါ ..”

“အန်တီတို့ကိုယ်တိုင် အထင်ကြီးလို့လည်း ကျွန်တော့်ကို နောက်ထပ်ပတ်သက်ဖို့ ကြိုးစားတာ ထင်တယ် ..”

“မှန်တယ် .. ဒါပေမယ့် ...”

“ကျွန်တော် လိုချင်တာ အဲဒါပဲ .. လိုတာမရတိုင်း မငြိုငြင်ပါနဲ့ အန်တီ၊ အန်တီ့တူက စောင့်ရှောက်ထိုက်တဲ့လူ မဟုတ်ဘူး ..”

“ဘာကွ!...”

“အန်တီတို့ မသိသေးတာတွေ ရှိသေးတယ် .. သိချင်ရင်တော့ သူ့ကိုပဲ မေးကြည့်လိုက်ပါ .. ကျွန်တော့်ကို ခွင့်ပြုပါဦး ..”

ပြောပြီးတာနဲ့ ရန်သူ က ထရပ်လိုက်သည်။ ဒေါ်မျိုးရီ က သူ ရပ်လိုက်တဲ့မျက်နှာထိ လိုက်မော့ကြည့်ကာ ...

“မင်းက သတ္တိကောင်းလှချေလား မင်းမင်း .. အစတုန်းက မင်းကို သာမန်လူငယ်လေးတစ်ယောက်လို့ပဲ ထင်ခဲ့တာ .. စကားဝါ နဲ့ အလုပ်အတူလုပ်နေတယ်ဆိုတော့လေ ..”

ပြောနေရင်း မတ်တတ်ရပ်လိုက်ကာ ရန်သူ က ဘာမှမပြောဘဲ ဒီတိုင်းရပ်ကြည့်နေလိုက်သည်။

“ကြာလာလေ လူမိုက်တစ်ယောက်နဲ့ တူလာလေပဲ၊ မင်းကို မိုက်မဲတယ်လို့ပြောတာ မဟုတ်ဘူး နော် .. ကြေးစားလူမိုက်ဆိုတဲ့ အမျိုးအစားကို ပြောတာ”





“အပျွန်း ..”

“အထင်ကြီးစရာပေမယ့် ဒါမျိုးမှာ အထင်ကြီးခံရတာ မင်း ဂုဏ်မယူပါနဲ့ .. ဒီလိုလူမျိုးမုံ့လို့ ငါ့တူအကြောင်း ငါ့ရှေ့မှာ လာပြီး မင်းစော်ကားပြောရဲတာ ..၊ ဒါကို ရဲရင့်တယ်လို့ ခေါ်သလားတော့ မသိဘူး”

ရန်သူ့ မျက်နှာ အေးခနဲ တစ်ချက်ဖြစ်သွားသည်။ ပြီးတော့ ဒေါ်မျိုးရီနဲ့ ဧည့်ခန်းတစ်ခုလုံးကို ဝေ့ခနဲ ကြည့်လိုက်ပြီးမှ ...

“အတွင်းထရံ အပြင်ကာထားလို့ အမြင်မတော်တဲ့လူက လက်ညှိုးထိုးပြီး ရယ်တာ လူမိုက်ဆိုရင်တော့ ရယ်တဲ့သူက မိုက်တာလား ..၊ ကိုယ် ဘာလုပ်ထားသလဲ မဆင်ခြင်နိုင်တဲ့သူက မိုက်တာလား.. အန်တီ သေချာတွေးကြည့်ပါဦး .. အန်တီ တကယ်စောင့်ရှောက်သင့်တာ ဘယ်သူလဲ ..”

ဒေါ်မျိုးရီ မျက်နှာ ရဲခနဲဖြစ်သွားသည်။

ရန်သူ နောက်ထပ် နှုတ်မဆက်ဘဲ ထွက်ခွာသွားပြီဖြစ်၏။ ထိုစဉ် ဈေးခြင်းတောင်းကြီးနှစ်ဖက်နှင့် ဒေါ်တရုတ်မ ခပ်သုတ်သုတ် ပြန်ဝင်လာ၏။ ချစ်စု က ပြေးထွက်လာပြီး ဝိုင်းကူသယ်သွားသည်။

မျက်စိအောက်မှာ လှုပ်ရှားပြေးလွှားနေကြကာကို စိုက်ကြည့်နေပြီး ဘာကိုမှမမြင် ..၊ ဒါတိုင်းဆို ဒီလို အပြန်နောက်ကျလျှင် မကျေနပ်ချက်တွေရှိထားပြီးသည့်မျက်လုံးက မထောင့်စေ့အောင်ကြည့်ပြီး တစ်ချက်မှ မလွှတ်အောင် ဆူငေါက်ဖို့ အဆင်သင့် ..၊

ခုကျတော့ မတ်တတ်ရပ်ကြည့်နေပြီး ကျောက်ရုပ်လို ..၊

“ဟိုကောင်နဲ့ ဘာတွေ ပြောဆိုမတည့် ဖြစ်နေတာလဲ ..”

ဆပ်ပြာမွှေးနံ့ ထောင်းခနဲ ထသွားကာ ရုပ်အင်္ကျီကြယ်သီးတပ်ရင်း ဦးဝဏ္ဏ အနားရောက်လာသည်။ ဒေါ်မျိုးရီ စကားသံမကြားဘဲ ကျောက်ရုပ်ဖြစ်နေဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"အတွင်းထရံ အပြင်ကာထားလို့ အမြင်မတော်တဲ့လူက လက်ညှိုးထိုးပြီး ရယ်တာ .."

"အန်တီ တကယ် စောင့်ရှောက်သင့်တာ ဘယ်သူလဲ .."

"အန်တီ့တူက စောင့်ရှောက်သင့်တဲ့လူ မဟုတ်ဘူး .."

"အန်တီ မသိသေးတာတွေ ရှိသေးတယ် .. သိချင်ရင် မေးကြည့်"

ဘာတွေလဲ ..၊ ဘာတွေ ထပ်ရှိသေးသလဲ ..။

ပစ်စလက်ခတ် ကြိုးစားခဲ့သော အမုန်းနဲ့ထပ်တူပြု ဖျောက်ကွယ်ထားခဲ့သည့် ယုံကြည်မှုတွေ ကသောင်းကနင်း ဖြစ်လာခဲ့သည်။

'လူဆိုးလူညစ်နဲ့ ညားပါစေ .. အမွေတွေကို အားလုံး ဝိုင်းပြီး ဖြုန်းတီးလို့ ကုန်ပါစေ..' စသဖြင့်သော အမုန်းကြောင့် ဖြစ်နေခဲ့သည့် ကျိန်ဆိုခြင်းတွေက သဘာဝမကျဘူးတဲ့လား ..၊

အဆင်း အတွက် အိမ်ထောင်ဖက်ကို ဘယ်လောက်ထိ ဆိုးသွမ်းတဲ့ လူ ဖြစ်စေချင်သလဲ ..၊

ကိုယ့်ကိုယ်ကိုယ် ပထမဆုံး ပြန်မေးမိခြင်းဖြစ်၏။

သူမ ရင်ထဲက အမုန်းတွေကို အားလုံးနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဒီတိုင်း တစ်ဆုံးထိ ဥပေက္ခာတွေနဲ့ ထားလိုက်နိုင်သလား ..။

"ရှီ .."

"ဟင် .."

"ဘာတွေဖြစ်နေတာလဲကွ .. ပြန်ရောက်လာကြတာ ရေစိုတွေနဲ့..၊ ဝင်းထွန်း ကလည်း ဒေါတွေကန်နေတယ် .."

"သူတို့ ဘာတွေဖြစ်လာကြတာလဲ ရှီ ဘယ်လိုလုပ် သိမှာလဲ .."

"ဒါဆို ဟိုကောင်နဲ့ မင်း ဘာတွေပြောနေတာလဲ .."

ဒေါ်မျိုးရှီ ငြိမ်သက်သွားသည်။ ပြီးတော့ ဆိုဖာမှာ လေးဖင့်စွာ ပြန်ထိုင်ချလိုက်ပြီး ...





"သူ ပြောသွားတာတွေကို ရှီ ပြန်စဉ်းစားနေတာ .."

"ဘာ!..."

"ရှီ့ကို မလိမ္မာတဲ့ ကိုယ့်သားလောက် အပြင်လူတစ်ယောက်က ကဲ့ရဲ့သွားတယ် .."

"ကိုယ့်သားလောက် မလိမ္မာတဲ့ကောင်မှန်း သိရင်လည်း ဂရုမစိုက်နဲ့ပေါ့ကွ..၊ လူမိုက်တစ်သောင်း ကဲ့ရဲ့တယ်လို့ပဲ သဘောထားလိုက်ပေါ့"

"လူလိမ္မာတစ်ယောက်တလေက ချီးမွမ်းတာမှ မရှိခဲ့တာ ..၊ နည်းနည်းတော့ တုန်လှုပ်တယ် ကိုစိုး .."

"မင်း ဘာပြောတာလဲ .."

"ရှီ ဘာဖြစ်နေမှန်းတောင် ကိုယ့်ကိုယ်ကိုယ် မသိဘူး .. ဒါပေမယ့် သူ ပြောသွားတဲ့ စကားတွေကြောင့် .."

"ရှီ .. မင်း ဘယ်လိုဖြစ်သွားတာလဲ ..၊ အားလုံးကို စီစဉ်ခဲ့တာ မင်း နော် .."

"ဟုတ်တယ် .."

"ပြောပြတာပါ .. မင်းဘာသာ မှန်တယ်ပဲထင်ထင်၊ မှားနေတယ်ထင်လို့ တစ်ခုခု ပြောင်းလဲချင်ရင်လည်း သဘောပဲ၊ ငါတို့ဆွေမျိုးစုထ မင်းတို့လို ချမ်းသာတာမဟုတ်ဘူး .. စည်းစိမ်ဥစ္စာကြောင့်လည်း လက်ညှိုးထိုး မခံနိုင်ဘူး .."

"ကိုစိုး ရယ် .. ရှီ တွေးနေတာ အဆင်း နဲ့ အရှီ့ အကြောင်းပါပဲ ကျန်တာ မပါပါဘူး .."

"ဘာပဲဖြစ်ဖြစ် ဝင်းထွန်း က ငါ့တူအရင်း .."

"အဲဒါကြောင့် စာချုပ်စာတမ်းနဲ့ မွေးစားပြီး ဒီလိုကိစ္စတွေ စီစဉ်တဲ့အထိ ယုံကြည်ခဲ့တာပါ ..၊ ဒါပေမယ့် မောင်ဝင်းထွန်း က ရှီ တို့ကို တစ်ခုခုကို ထိမ်ချန်ပြီး ရိုးသားစွာ ဝန်ခံထားခဲ့တာ မဟုတ်ဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူ ဆိုးခဲ့တာဖြစ်ဖြစ် .. ကောင်းခဲ့တာပဲဖြစ်ဖြစ် သူ့ကို ဘယ်လိုလူငယ် တစ်ယောက်လို့ ရီ တို့ သတ်မှတ်မလဲ .."

"ရှင်းရှင်း ပြောစမ်းပါကွာ .."

"ရီ မပြောတတ်ဘူးလေ .. သူ ဘာကိုထိမ်ချန်ထားသလဲ ..၊ ဘာ ကြောင့်လဲဆိုတာ ရီ မှ မသိတာ .."

"သူ ဒီလိုလုပ်နေပါတယ်လို့ မင်းကို ပိုကောင် ပြောသွားတာ လား .."

"ဟုတ်တယ် .. ဒီနေ့ ပြဿနာဖြစ်လာကြတာကို ပြောပြတာ လည်း သူပဲ ..၊ ဝင်းထွန်း မှာ ဘယ်လောက်တိ ဖြစ်သွားနိုင်တဲ့ ဆိုးဝါးတဲ့ အန္တရာယ် ရှိနေတယ်ဆိုတာ ..."

"သူ ပိုက်ဆံထပ်လိုချင်လို့ နေမှာပေါ့ .. လက်ထပ်ဖို့က ဒီရက်ပိုင်း ပဲ ရှိတော့တာ .. ဒါပြီးရင် အလုပ်ထပ်လုပ်ချင်လို့ဆိုတာ ရှင်းနေတာပဲ"

ဒေါ်မျိုးရီ က သက်ပြင်းချပြီး ခေါင်းခါသည်။

"သူက လက်ထပ်ဖို့ကို ရီ က စဉ်းစားစေချင်တာ ..၊ သူ ဒါကို မပြောခဲ့ပေမယ့် သူ မပြောဘဲ ပြန်သွားမှ ရီ့ ဘာသာ နားလည်ခဲ့တာ.."

"ဘာကွ!..."

ဒီတစ်ခါ ဦးစိုးဝဏ္ဏ ဒေါသ ထောင်းထောင်းထသွားသည်။

"ဒီလိုကောင်မျိုးရဲ့စကားကို မင်းက ဟုတ်လား .. သဘောတရား တွေနဲ့ အချက်ပြသွားတာကို မင်းက နားလည်နေတာပေါ့ ..၊ တစ်သက် လုံးက ဘယ်သူ ဘာပြောပြော မုန်းပြီးရင်း မုန်းနေတဲ့ မင်းဟာ .."

"မဟုတ်ဘူး ကိုစိုး .."

"တော်တော့ ရီ .. လက်ထပ်ဖို့ကို ဖျက်တာပြင်တာက မင်း သဘော .. ဒါပေမယ့် ဘာမဟုတ်တဲ့ကောင်ရဲ့သဘောနဲ့ ဆိုရင်တော့ မင်းနဲ့ငါ ရန်သူဖြစ်သွားမှာပဲ .."





"ကိုစိုး .."

"လူငယ်ချင်းကွ .. အကြံတူတော့ ရန်သူတဲ့ ..၊ အဆင်း က ရုပ်ဆို ပန်းဆိုး မိန်းကလေး မဟုတ်ဘူး .. ဒီနေ့ပဲ အတူတူလွှတ်လိုက်မိတယ် ဒီနေ့ ဒီစကား ထွက်လာတယ် .. မင်းရန်သူ ဆိုတဲ့ကောင်ကို မင်း လျှော့တွက်သလား .."

ဒေါ်မျိုးရီ ပြောခွင့်ရဖို့ ဘယ်လိုမှ တိုးမပေါက်သဖြင့် ခေါင်းတခါ ခါ ဖြစ်နေမိသည်။

"မင်း သူ့ကို ဘာတွေစည်းရုံးနေတာလဲ ..၊ သူတို့ လက်ထပ်ပြီး တဲ့အထိ ဝင်းထွန်း ရဲ့ဒရိုင်ဘာ ဆက်လုပ်ပေးဖို့ မဟုတ်လား .. ဒါထို ဝင်းထွန်း တောင်းဆိုနေတာ ငါ သိတယ် .."

"သူက လုံးဝ လက်မခံဘူး ..၊ ပြီးတော့ ..."

"ဘယ်လက်ခံမလဲ .. တစ်ပင်လုံးကို ချိုင်လို့ ရနိုင်ရက်နဲ့ တစ်သီး တစ်ပွင့်ခူးပြီး လှည့်ပြန်မလား ..၊ ဒီမှာ ရီ .. မင်းတို့ စီစဉ်ရေးဆွဲနေတာ တွေကို ငါ ဝင်မပါခဲ့ပေမယ့် မသိတာ ဘာမှမရှိဘူး နော် .. မင်း မသိ တာတွေလည်း ငါ သိတယ် .."

"ဘယ်လို!..."

ဒေါ်မျိုးရီ ဆတ်ခနဲ ဖြစ်သွားသည်။ ဦးစိုးဝဏ္ဏ မျက်နှာ တစ်ချက် ပျက်သွားပေမယ့် ဣန္ဒြေဆည်လိုက်ရင်း ...

"သူများပြောတာကို မင်း ယုံကြည်နားလည်တယ်ဆိုရင် ငါ သိ တာတွေက မင်း မသိလည်း ဖြစ်တာတွေမို့လို့ ငါ မပြောဘဲနေတာ ဆိုရင် .. မင်း နားလည်မပေးနိုင်ဘူးလား .."

"ဘယ်လို ကိုစိုး .."

ဒေါ်မျိုးရီ မျက်ဝန်းတွေကို မြင်သည်နှင့် ဒါ အကြီး မှန်း ဦးစိုးဝဏ္ဏ သိလိုက်သည်။ သို့သော် မခံချင်စိတ်က



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထားခဲ့တဲ့ ရည်ရွယ်ချက်ကိုက အဖြစ်သဘောလား .. အပျက်သဘောလား ..၊ ပျက်နေတာတွေကို မင်း ထပ်သိတော့ရော ဒါကို မင်းရဲ့စာရင်းထဲမှာ အဖြစ်ထည့်မှာလား .. အပျက်ထည့်မှာလား ..၊ ဝင်းထွန်း ကို လူတော်လူကောင်း မဟုတ်မှန်း မင်းရောငါရော သိပြီးသား ..၊ ငါ့တူမို့ ငါက ဖုံးဖိနေတာလို့ အခု မင်း ထင်သွားတာဆိုရင်တော့ ဒါ ခုမှ ပြောင်းလဲနေတဲ့ မင်းရဲ့စိတ်ပဲ .."

ဒေါ်မျိုးရီ မျက်ဝန်းတို့သည် အံ့ဩလှုပ်ရှားသွားခဲ့ရင်းမှ တည်ငြိမ်ခြင်းသို့ ဖြစ်လျက် ...

"ခုမှပြောင်းလဲတာဆိုရင်ရော ပြောင်းလဲခွင့် မရှိဘူးလား ကိုစိုး.."

"ဘာကွ!..."

"ကိုစိုး ပြောသလို ဘာမှမထူးဆန်းတာတွေပါပဲ .. ဒါပေမယ့် ရီ သိထားချင်တယ် ..၊ သိထားပြီးသားတွေကို အစိမ်းတစ်ယောက် ပြောလာရင် ဂရုမစိုက်ဈာ နေပြလိုက်ရုံပဲပေမယ့် မသိလိုက်တာတွေရှိနေတာ သိလိုက်ရတော့ ရီ လန့်သွားတယ် .."

"ဒီတော့ မင်းက ဘာလုပ်ဖို့ စိတ်ကူးသလဲ .."

"စိတ်ကူး မရှိပါဘူး .. ခေါင်းထဲမှာ ဘာဆိုတာ မရှိဘူး .. ဒါပေမယ့် ရီ ခံစားနေရတယ် ..၊ အဲဒါကိုလည်း ဘာဆိုတာ မပြောတတ်ဘူး"

ဦးစိုးဝဏ္ဏ ရဲ့အကြည့်တွေ ဒေါ်မျိုးရီ မျက်နှာပေါ်ကနေ နောက်ဖေးခန်း အဝင်အထွက်ထောင့်ကွယ်သို့ ရောက်သွား၏။ ထိုနေရာမှာ ဒေါ်သစ်သစ် က နှုတ်ခမ်းတွေ တင်းတင်းစေ့လျက် စိုက်ကြည့်နေ၏။

ဒေါ်မျိုးရီ ဘာကိုမှ မသိ ..။





## အခန်း (၂၂)

"အိုခေ .. ကျေးဇူးပဲ အဒေါ် .."

သူ မေးမြန်းစပ်စုနေတာကို တစ်လျှောက်လုံး ထိုင်ကြည့်နေခဲ့ပြီး ဒီဘက်လှည့်ထွက်လာတာ မြင်မှ စောရန် က လက်ဖက်ရည် လှမ်းမှာပြီး ရေနွေးပန်းကန်တွေကိုပါ အဆင်သင့် သန့်စင်ထားလိုက်၏။

"ဘယ်လိုလဲ သိရဲ့လား .."

"ဘာလို့ မသိရမှာလဲ .. သူတို့က ပြောပြချင်နေတာ .."

"ဟုတ်လား .."

စောရန် က ကားပါကင်တွေဘက် ထွက်သွားသည့် ဒေါ်တရုတ်မကို မမြင်ရတော့ပေမယ့် လှမ်းကြည့်မိပြန်ကာ ...

"သူတို့က အလုပ်သမားပေမယ့် သတ္တိတော့ မခေဘူးနော် .. ဘယ်လိုလဲ .. အဆင်း အခြေအနေက ငါတို့ ထင်ထားသလိုပဲမို့လား .."

ရန်သူ က စားပွဲကို ဆေးတိုက်ထိုင်လိုက်ပြီး စီးကရက်တစ်လိပ်နှင့် ခေါင်းညိတ်သည်။ ပြီးတော့ မီးခိုးငွေ့တွေကို ခပ်ဖြည်းဖြည်းမှုတ်ထုတ်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မိထွေးလည်း ဟုတ်တယ် .. အဒေါ်အရင်းဆိုတာလည်း ဟုတ်တယ် .."

"ဟုတ်လား .. လုပ်ကွက်တွေကတော့ မိထွေးသီအိုရီပဲ နော် .."

လက်ဖက်ရည် ရောက်လာတော့ ဖွန်းတပ်ထားသည့်ဖန်ခွက်လေးကို ငုံကြည့်ပြီး ရန်သူ က တွေးချင်ရာ တွေးနေ၏။ စောရန် က ကိုယ့်ပန်းကန်ကို မွှေနေရင်း ဘာမှမပြောဘဲ စောင့်နေသည်။

သူတို့ အမြဲတမ်းလိုလို ထိုင်ဖြစ်ကြတာက ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်ဖြစ်ကာ ဘယ်နေရာရောက်ရောက် ကျကျနန ကော်ဖီဆိုင်တွေမှာ ဘယ်တော့မှမထိုင် ..၊ ဘယ်လိုအဆင့်အတန်းလို့ပဲ သတ်မှတ်သတ်မှတ် သူတို့ကြိုက်ကြတာ လက်ဖက်ရည် ..၊

"မိထွေးဆိုရင်တောင်မှ ကောင်းတဲ့မိထွေးတချို့ ရှိကြပါတယ် .. ဒေါ်မျိုးရီကြီး က ဘာလဲကွ .. ကိုယ့်တူမကို .."

"ဆက်ပြီး တာဝန်မယူချင်တော့လို့လို့ ပြောတာပဲ .."

"ဒါဆိုလည်း နောင်ရေး စိတ်အေးရမယ့် တစ်ယောက်ယောက်နဲ့ ထည့်လွှတ်လိုက်ပေါ့ကွ .. ငါ အဲဒါကို စဉ်းစားလို့ကို မရဘူး ..၊ ဘာပဲဖြစ်ဖြစ် သူ့အဖေရဲ့ပိုင်ဆိုင်မှုတွေက သူလည်း ပိုင်ဦးမှာပဲ .."

"ဘာမှမထားခဲ့လို့ နေမှာပေါ့ .."

ရန်သူ တစ်ခါတစ်ခါ ပြောလိုက်သည့်လေသံတွေက ထိရှခြင်းတွေနဲ့ ဖြစ်သည်။ ပြီးတော့ ဦးထုပ်အောက်က မျက်ခုံးအစုံက တွန့်ကုပ်နေကာ စီးကရက်ရှိုက်ဖို့လည်း မေ့နေပုံ ပေါ်၏။

စောရန် က စိုက်ကြည့်ကာ ...

"ဘာလဲ .. မင်းက အဆင်း အတွက် ကြေကွဲနေတာလား .."

"စဉ်းစားနေတာ .."

"ဘာကိုလဲ .."





"ဘာလုပ်ပေးနိုင်မလဲလို့ .."

"ဟင်း .."

လက်ဖက်ရည်ကို တစ်ဝက်ကျအောင် မော့ပစ်လိုက်ပြီးမှ သ
ပြင်းချတာကို အသံရှည်ကြီး ပြု၍ ...

"ငါ သိပါတယ် .. မင်း ဝင်းထွန်း ကိုစကွေ့တည်းက မလိုအ
ရန်လိုနေတာ .."

ဖျတ်ခနဲ လှည့်ကြည့်ပုံက တင်းသွားသည့်မျက်နှာမို့ စောရန်
မျက်ခုံးတွေပင့်သွားလျက် ...

"တကယ်ပြောတာ .. မင်းမျက်နှာက အရမ်းသိသာတာ .."

ဒါကိုပဲ ထပ်တိုးပြောသည်။

"ဝင်းထွန်း နေရာမှာသာ မင်းလိုကောင်မျိုး ဆိုရင် .."

"ဘာဖြစ်နိုင်သလဲ .."

"မင်းတို့တွေ ရန်ကုန်တောင် ပြန်ရောက်လာမှာ မဟုတ်ဘူး"

"အဲဒီလိုဖြစ်လာခဲ့ရင်လည်း သူ့အတွက် ငါ့ခေါင်းထဲမှာ ဒီလော
အလေးအနက် ရှိလာမှာ မဟုတ်ဘူး .."

"ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ .."

"ရယ်စရာ ကြားရလို့ .. ဟား .. ဟား .. ဟား ..."

မျက်စောင်းထိုးမလိုဖြစ်သွားသည့်မျက်နှာကို ကြည့်တော့ စော
ရဲ့ရယ်သံက ပိုတိုးလာ၏။ တခြားဝိုင်းက လူတချို့ လှည့်ကြည့်
အရယ်ရပ်ကာ ...

"လေးနက်ပြီးသားကြီးမို့လို့ ဖယ်မရ ထုတ်မရဖြစ်နေ
သာကြီး ရန်သူ ရာ ..၊ ဟား .. ဟား .. ဟား .. ဟား ...

"မင်း အဆင်း ဆိုတဲ့ကောင်မလေးကို အသံကြားလိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ပါသွားတာ ..”

“ငါ အလုပ်လုပ်တာ”

“အလုပ်နဲ့မှ မတူဘဲ .. သူများပိုက်ဆံယူပြီး ဝင်းထွန်း နဲ့ မင်းရန်သွားဖြစ်တာ ..”

“စောရန် .. မင်း ပါးစပ်ကြီးပိတ်ပြီး စားစရာရှိတာ စား ..”

“အေးပါ .. မင်းသာ မစားနိုင်မသောက်နိုင်ဖြစ်နေတာလေး စိတ်ကိုလျှော့ ..”

စီးကရက်ကို စားပွဲခြေထောက်နဲ့ ဖိကပ်ချေပြီး နောက်ထပ် မကျေနပ်သည့်အကြည့်တစ်ချက် ရောက်လာ၏။

“မကျေနပ်လည်း မတတ်နိုင်ဘူး .. ငါတော့ ဒါကိုပြောရမှာပဲ..”

စောရန် ကလည်း စကားကို ဖွတ်ရွှေ့ဆက်၍ ...

“အဲဒီကောင်မလေးကို ကြံရင်တော့ မင်း ဘာမှ အမြတ်မရဘဲနဲ့ တိုက်ရခိုက်ရမှာတွေ အများကြီးပဲ ...၊ သတိထားဖို့ ပြောတာ ..”

ရန်သူ့ မျက်နှာကြီး ပို၍ပုတ်ပွသွားတော့ စောရန် က မမြင်သလိုလုပ်ပစ်ကာ ...

“မင်းပဲ နေရာတကာ ပြူးပြဲခွာလွန်းလို့ ပြောတာပါ .. ဟိုကအမိုက်တစ်စလို ကန်ထုတ်ဖို့ ကြိုးစားနေတာ ...၊ ဒါပေမယ့် မင်းလည်း အလွယ်တကူ ရမှာ မဟုတ်ဘူး ..”

“မင်းကြီးတော်ကို မင်းဘကြီး ယူတုန်းက အရှုံးအမြတ်ထည့်ချိန်ပြီး အလွယ်တကူ အိတ်ထဲ ကောက်ထည့်လာတာလား ..”

“မချိန်ဘူးလေ.. ခုပဲ ငါ ပြောနေတာ မင်းကို ...၊ မင်းက အဲဒီလိုချိန်ရင် ချိန်မှာ ..”

“ခွေးသူခိုး .. မကျေနပ်ချက်တွေ ခုမှ စုပုံရှင်းနေတယ်၊ ရေနွေးနဲ့ ကောက်ပက်လိုက်လို့ မနက်ဖြန် မျက်နှာမသစ်နိုင်ဘဲ ဖြစ်ဦးမယ် ..”





တည့်တည့်ပြောလိုက်တော့ စောရန် က စပ်ဖြဲဖြဲကြီးဖြစ်သွားသည်။

“တွေ့လား .. အဲဒါပဲ၊ ကြိုက်နေရုံတင်မကဘူး ကြံနေပြီမို့လား..”

“ကြံတော့ ဘာဖြစ်လဲ ..”

“ကြိုက်နေတာကို ဝန်ခံလေ ..”

“အပိုတွေပြောမနေနဲ့ .. ဒီည ငါ အိမ်ပြန်မအိပ်တော့ဘူး”

“ဘာ့ှလဲ .. တစ်ခါတည်း ခိုးပြေးတော့မှာလား၊ သေချာတယ် .. ဒီတိုင်းပဲ ဆင်းလာတော့မှာ ..”

“စောရန် ပြောတာကို နားထောင် .. ငါ စိတ်မရှည်တော့ဘူး ..”

“ပြော .. ပြော ...”

“ပြီးပြီ ...”

“ဟမ် ..”

လက်ဖက်ရည်ကို တစ်ပတ်နှစ်ပတ်လောက်ပဲ မွှေပြီး တစ်ကျိုက်ထဲမော့သည်။ ပြီးတော့ ဒီတိုင်းချထားခဲ့ပြီး နေရာမှထ၏။

“အဲဒါတွေ ရှင်းသွား ...”

“ဩော် ...”

ချထားခဲ့သည့် လက်ဖက်ရည်လက်ကျန်ကိုပါ လှမ်းယူလိုက်ရင်း စောရန် မျက်နှာက ရှုံ့တွတွနှင့် ...

မင်းပဲ ကောင်းတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"မငိုပါနဲ့ သမီးရယ် .. သမီး ဘာလုပ်ချင်သလဲ ..၊ သမီး တစ်ခုခု ဖြစ်ချင်ရင် ပြောလေ .. ဒေါ်ကြီးကို ဘာဖြစ်သွားသွား ကူညီပေးမယ်.."

"ဟုတ်ပါတယ် မေရယ် .. မမ ဒီနေ့ လက်မှတ်ထိုးရသော့မယ်ဆိုတာ မေမေကြီးလည်း သိတယ် ..၊ မေမေကြီး မျက်ရည်တွေကျနေတာ သနားပါတယ် .."

"သနားတယ် .. ငါလည်း ကြီးတော်ကို ငဲ့လို့ ဒါကို လက်ခံဖို့ ဆုံးဖြတ်ခဲ့တာ .."

အဆင်း မျက်ရည်သုတ်ရင်း ရှိုက်သံလေးနှင့်ပြောသည်။ အပြာနုရောင် ပိုးချိတ်လေးနှင့် ရင်စေ့လက်ရှည် ပိုးပျော့အင်္ကျီအပြာနုလေးဟာ သူမအတွက်တော့ နူးညံ့အေးချမ်းမှု အလျဉ်းမရှိပါ ..။

ပုလောင်တင်းကျပ်နေသည် ..၊ ရင်ထဲမှာ ဘယ်ငရဲမှ နေထိုင်မရအောင် တဖြည်းဖြည်း လောင်မြိုက်နေသကဲ့သို့ ရှိခဲ့၏။





အချိန်လစ်တာနှင့် အနားကပ်ဖို့ ကြိုးစားနေသည့် ဝင်းထွန်း ရဲ့ ပျာယာခတ်နေတတ်ပုံကို ရွံရှာမိသည်။

ကိုယ့်အနားရောက်လာတိုင်း သူ့ရဲ့ တစ်စုံတစ်ခုသောပြဿနာ အကြောင်းအရာတစ်ခုခုနှင့် ပြန်ထွက်သွားရတတ်တာဟာ သူနဲ့ကိုယ် မဆုံစည်းနိုင်ခြင်းများလားလို့ မျှော်လင့်ခဲ့မိသေး၏။

စကားပြောနေပြီဆို သူ့ဖုန်းက မြည်လာသည်။ ချစ်စု တို့ကလည်း အကြောင်းရှာပြီး ရောက်လာပေးတတ်၏။ ဖင်ကုတ်ခေါင်းကုတ် ရှုံ့မဲ့ရင်း ထွက်သွားရတတ်သော ဤလူနှင့် သူမ အကြောင်းမပါတာပဲ ဖြစ်ပါစေလို့လည်း ဆုတောင်းနေခဲ့၏။

အားလုံးသော မျှော်လင့်ခြင်းတွေ ဆုတောင်းမဲ့ရတာတွေဟာ ဒီနေ့ အဆုံးသတ်ခဲ့ပြီ ဖြစ်သည်။

"သမီး လက်ထပ်ပြီးရင် မမကြီးနဲ့ အကူကူနေရမယ်လို့ ရီလေးက ပြောလို့လား သမီးရယ် .."

ဘာမှ အရာထင်လာမှာ မဟုတ်ဘဲ တစ်ဘဝလုံး အနှစ်နာခံသွားရမည့်အဖြစ်ကို ဒေါ်တရုတ်မ က ထောက်ပြသည်။

"ကိုယ် ပေးရသလောက် ပြန်ရရင် တော်သေးတယ် သမီးရယ်.. သမီး ပြောတဲ့ပုံဆိုရင် ဝင်းထွန်း က ဝရမ်းပြေးလေး ဖြစ်နေနိုင်တယ်၊ သမီး သူပြေးသလို လိုက်ပြေးနေရရင် ဘယ့်နှယ်လုပ်မလဲ .. ရီလေးက သမီး ဘာတွေရင်ဆိုင်ရမယ်ဆိုတာ ထည့်တွေးပေးမယ် မထင်ဘူး.."

"ဒေါ်လေးကို အဆင်း တောင်းဆိုထားတယ်၊ ဒီမှာပဲ ကြီးတော်နဲ့ နေရမယ်တဲ့ .."

"မသစ် ကရော .. သမီးက သူ့ချွေးမဖြစ်တော့မှာ ..၊ အခု လိုင်သလို နေလို့ရပေမယ့် ကိုယ့်ယောက္ခမဖြစ်လာတဲ့အခါ သူတို့ မိသားစုရှာ ထားရတော့မှာနော် .. သမီး လိုချင်တာကို သူ ပေးဖို့လည်း သိတယ်.."

www.burmeseclassic.com



အဆင်း ရင်လေးသွားမိသည်။

ဒေါ်သစ်သစ် ကို သူမ ထည့်မတွက်မိခဲ့ပေ ..၊ ဒေါ်တရုတ်မ က အဆင်း မျက်နှာလေးကိုကြည့်၍ ...

"တစ်နေ့က ဈေးအပြန် ဟိုကောင်လေး ဒေါ်ကြီးဆီ ရောက်လာတယ် ..၊ သူလည်း ပြောပါတယ် .. တမင် လာစောင့်နေတာတဲ့ .."

အဆင်း မျက်ဝန်းလေးတွေ ဒီဘက်ရောက်လာ၏။ ချစ်စု က ခေါင်းမှာ မန်းလေးကပ်ပန်ပေးဖို့ ပြင်လိုက်တော့ ထိုလက်ကို ဖယ်ချပစ်ကာ ...

"ဘယ်သူလဲ ဟင် .."

"မင်းမင်း ဆိုတဲ့ ကောင်လေးလေ .. ဒီကောင်လေးက မပြောချင် မဆိုချင်ပုံစံနဲ့ လူမိုက်ပုံ ပေါက်ပေမယ့် ဟိုနေ့က ရီလေး ကို ပြောသွားတဲ့ စကားတွေအရ ဒီကအကြောင်းတွေကို ဘာမှမသိမှန်း ဒေါ်ကြီး ခန့်မှန်းမိတယ်"

ဒေါ်တရုတ်မ က ဒေါ်မျိုးရီ ရဲ့ကွယ်ရာမှာတော့ ရီလေး လို့ပဲ ခေါ်တာပါ။ အိမ်က ပဋိပက္ခတွေကြောင့် ကိုယ် ကာကွယ်ရမယ့်ဘက်ကနေ အစစအရာရာ လိုက်ကြည့်ထားပေးရသည်။

မိသွားတဲ့အခါ ဆူပူကြိမ်းမောင်းခံရသော်လည်း ဘာဖြစ်ဖြစ်ဆိုသည့် စိတ်နဲ့ပဲ အတွင်းရေး အပြင်ရေး ဘာအကြောင်းပဲကြားကြား နားထောင်ရသည်။ မသင့်တော်မှန်း သိပေမယ့် စပ်စပ်စုစုတွေ လုပ်ခဲ့ရ၏။

ဒါတွေဟာ သူမလေးအတွက်ပဲမို့ မတတ်နိုင် ..၊

"အဲဒါတွေ ပြောပြချင်တာနဲ့ သူ လာမေးတော့ အတော်ပဖြစ်သွားတာပေါ့ .. ဒါပေမယ့် သမီးကို ဒီစံအိမ်က အမွေဆက်ခံခွင့်ရှိနေတဲ့ တစ်ဦးတည်းသောမျိုးဆက်သွေးလေး ဆိုတာတော့ မပြောလိုက်ပါဘူး..၊





အဲဒီကိစ္စတွေမပါဘဲနဲ့ သမီးကိုပဲ 'ပ'ထုတ်ချင်လို့ ယောက်ျားဘက်ကတူနဲ့ ပေးစားဖို့ လုပ်တဲ့အကြောင်း .."

"ဒေါ်ကြီးကလည်း .."

"ဒါက ပြောရမယ်လေ သမီးရဲ့ .."

"ဒေါ်လေးက အဆင်း ရဲ့အဒေါ်အရင်းဆိုတာ သူ သိပါတယ်"

"အဲ့သင့်တာတွေအားလုံးကို ပြောပြလိုက်သေးတယ် .. သမီးကို အပြင်ကနေ အလွတ်ဖြေနဲ့ပဲ ပညာသင်ပေးတဲ့အကြောင်း.. ဘာမှ မသိနားမလည်အောင် တမင်လုပ်ထားခဲ့တဲ့အကြောင်း .. မမကြီးနဲ့ သမီး အခု ဖြစ်ပျက် ခံစားနေရတာတွေပါ ပြောလိုက်တယ် ..၊ ဒီကောင်လေးက ဝင်းထွန်း နဲ့ မတူဘူး .. သူလုပ်ချင်ရင် ဘာဖြစ်ဖြစ် ဂရုမစိုက်တတ်တဲ့အကျင့် ရှိပုံပဲ ..၊ ပြီးတော့ ..."

ဒေါ်တရုတ်မ က မှန်ရှေ့မှာ ဆားစင်းထိုင်၍ တခြားကိုလှည့်ပေးနေသည့် အဆင်း ရဲ့နှာတံကော့ကော့လေးကို အပေါ်စီးကနေ မိုးကြည့်ကာ ...

"သူ သမီးကို စိတ်ဝင်စားနေပုံပဲ .. သမီးတို့က တခြားမှာ ဆုံခဲ့ဖူးတယ်ဆို .."

"ဟင်!..."

"မသစ် နဲ့ ကိုစိုးဝဏ္ဏ တို့ ပြောနေကြတာ ကြားတာပါ .. သူတို့က ဘာမှဝင်မပါသလိုသာ ပါးစပ်ပိတ်နေကြတာ .. မသိတာ သိမ်မရှိဘူး သမီး ..၊ အဲဒီကောင်လေးနဲ့ သမီး သိခဲ့တာကို သူတို့သိတယ် .. ဒါပေမယ့် ဒီကောင်လေးမှ ဒါမျိုးခိုင်းလို့ကောင်းတာဆိုပြီး မသိသလို မနေဘူးတာ .. ဒေါ်ကြီးက အဲဒါကိုကြားထားခဲ့လို့ ကောင်လေးကို အထင်သေးမိတာပါ .."

အဆင်း ဘာမှမပြောဘဲ နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စု က ကရင်(မ်)ပတ်(ဖ်)လေးတို့ပေးဖို့ မျက်နှာရှေ့ ရောက်လာတာကိုပါ တွန်းဖယ်ပစ် လိုက်ကာ ...

"ငါ့ကို ဘာမှ လာလိမ်းမပေးပါနဲ့ .."

"မမရယ် .. ငိုထားတာ ဘာမှမရှိတော့ဘူး .."

"ဟင့်အင်း .. ရှိရှိ မရှိရှိ"

ဒေါ်တရုတ်မ က ဘေးကခုံမှာ စိတ်မသက်သာသလို လေးဖင့်စွာ ဝင်ထိုင်လိုက်ရင်း ...

"နောက်ဆုံး လက်မှတ်မထိုးခင်အချိန်ထိ သမီး လွတ်မြောက်ဖို့ ကြိုးစားမှာပဲလို့ ဒေါ်ကြီးက ထင်ခဲ့တာလေ .. သူတို့တွေက မင်းမင်း ဆိုတဲ့ကောင်လေး အားကိုးနဲ့ သမီးကို မလွှတ်မြောက်နိုင်ဘူးလို့ ယုံနေကြတာ ..၊ ဒီကောင်လေးကလည်း အရမ်းလျှင်တာကိုး .."

"ဟုတ်တယ် .."

ဒါကိုတော့ အဆင်း နှာကျင်သံလေးယဲ့ယဲ့နှင့် ထောက်ခံမိသည်။ ကိုယ့်ဘာသာ သတိလက်လွတ် ရေထဲထိကျပြီး သေသွားခဲ့ရင်တောင် ကောင်းသေးသည်။

ဒါပေမယ့် သူ့ရဲ့အနီးအနားမှာမို့ သူမ သေခွင့်မရခဲ့ပေ ...၊

"အဲဒါကြောင့် ဒေါ်ကြီး ပြောသင့်တယ်ထင်လို့ ပြောပြလိုက်တာပါ .. သမီး ချမ်းသာတာကို မပြောတာကတော့ ဒီလိုလူက မတော်လောဘ တက်လာရင် သမီးအတွက် ပိုပြီး အန္တရာယ်ကြီးတယ်လေ.."

"ပြောသင့်တယ်ဆိုတာကတော့ အဆင်း ကို ကူညီမယ့်လူလို့များ ဒေါ်ကြီး မျှော်လင့်ခဲ့လို့လား .."

"သမီးရယ် .. မကူညီရင်တောင်မှ သူ ဘာလုပ်နေတယ်ဆိုတာ သူ့ဟာသူ သိသွားရင် မကောင်းဘူးလားကွယ် .. တချို့လူတွေက ဆိုးရာက ကောင်းလာရင် လူကောင်းတွေထက် ပိုပြီး အနစ်နာခံပေးတတ်ကြ





တာ .. ဒါပေမယ့် သမီးကိုယ်တိုင်က အခွင့်ပေးတော့မယ်ဆိုတော့ ဒေါ်ကြီး မျှော်လင့်ခဲ့မိတာ အလကားပေါ့ .."

"မဟုတ်ဘူး .. အစတည်းက မျှော်လင့်စရာ မဟုတ်တာ ..၊ ဒီလိုလူဆီက ဘယ်လိုကူညီမှုမှ မလာဘူးဆိုတာ အဆင်း သိတယ် .. ငွေသိမ်မက်တဲ့လူ .."

"မမ .. ဒေါ်ကြီး .. ဒေါ်ကြီး ..."

"ဟင် .. ဘာလဲ .."

အဆင်း ငိုပဲ ငိုနေလို့ ဒေါ်မျိုးရီ ဝင်လာတာနဲ့တိုးမှာ စိုးသဖြင့် ချစ်စု က အခန်းဝပြေးလိုက် .. ပြန်ဝင်လာလိုက်နှင့် အငြိမ်မနေနိုင်တာ ဖြစ်သည်။

ဒီတစ်ခါ သူမ ပျာပျာသလဲ ဝင်လာကာ ...

"ကိုမင်းမင်း ဆိုတဲ့ အစ်ကိုကြီးနဲ့ ဦးဦးစိုး တို့ ပြဿနာတက်နေကြတယ် .."

"ဟုတ်လား .."

"ဘာဖြစ်လို့လဲ .."

"နေဦး သမီး .. ခုနတည်းက ရှေ့နေငွေ ရောက်မလာသေးလို့ ကိုစိုးဝဏ္ဏ ဒေါင်ချာစိုင်းနေတာ ကြားတယ် .."

ဒေါ်တရုတ်မ က အဆင်း ခေါင်းလေးကို တစ်ချက်သပ်၍ အပြင်ထွက်သွားသည်။ အစကတည်းက လူကြီးစုံရာဖိတ်၍ အိမ်ထဲမှာ ညှိခံပွဲလေးနဲ့ လက်မှတ်ထိုးကြဖို့ ဖြစ်သည်။

နောက်ကျတော့ လူကြီးစုံရာနဲ့ မဟုတ်တော့ဘဲ ဦးစိုးဝဏ္ဏ တို့ စီစဉ်လိုက်သည့် ရှေ့နေနှစ်ယောက်နဲ့ပဲ ဖြစ်သွားခဲ့၏။ ရှေ့နေနှစ်ယောက်နဲ့ ပါလာတဲ့ အမော်က သက်သေဆိုပြီး လက်မှတ်ထိုးခြင်း ဖြစ်မြောက်ရုံ ...၊



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် .. အဲဒါ ကျွန်မ သိတယ် ..၊ မမ သိလား .."

ချစ်စု က ဝမ်းသာအားရသံနှင့် နားနားကပ်လာပြီး ခပ်တိုးတိုး နှင့် —

"အစတုန်းက ဘာသိဘာသာနေပြီးတော့ ချက်ချင်း လက်မှတ်ထိုးဖို့ ထဖြစ်ကုန်တာ အဲဒါ အန်တီသစ်သစ် စီစဉ်တာ .."

အဆင်း နားထောင်နေလိုက်သည်။ သူမအတွက်က ဘယ်သူ့စည်းဝိုင်းထဲ ရောက်နေနေ ကျားစားခံရဖို့က သေချာပြီးသား ..၊

"ကျွန်မ ပြောသားပဲ .. သူတို့တွေပြောနေတာ ကြားပါတယ်ဆိုမှ..၊ မမ အစ်ကိုလေးဝင်းထွန်း နဲ့သာ လက်ထပ်ပြီးရင် သူတို့အားလုံး လက်ဝါးကြီးအုပ်တော့မှာ ..၊ မေမေကြီးကိုလည်း မမ ပြုစုခွင့်ရမယ် ထင်နေတာ .. ဟကယ်ဖြစ်လာရင် အဲဒီလိုဟုတ်မှာ မဟုတ်ဘူးတဲ့ ..၊ ဒေါ်ကြီးတရုတ်မ က မမကွယ်ရာမှာ ပြောတယ် .. အဲဒါကြောင့် ကျွန်မတို့ကတော့ မမကို ထွက်ကို ပြေးစေချင်တာပဲ .."

အဆင်း ငြိမ်နေမိဆဲ ..၊

သူမ ကြီးတော်အတွက် ပေးဆပ်ဖို့ နိုင်မာစွာ ဆုံးဖြတ်ထားခဲ့တာ တကယ်ပဲ မှားယွင်းနေပြီလား ..၊

"မမရယ် .. မေမေကြီးရော မမကြီးရော အားလုံး ဘာမှတတ်နိုင်မှာ မဟုတ်ဘူး .."

"ဘာကိုလဲ .."

"မမကို သူတို့ ချွေးမတော်လိုက်ပြီးရင်ပေါ့ .. ခုနေ ဘယ်လိုပဲ အာဏာစက်ပြင်းပါစေ ဒီအိမ်ကြီးနဲ့ အမွေတွေကို ကိုလေးဝင်းထွန်း စီမံခွင့်ရသွားပြီ ဆိုတာနဲ့ .."

"တော်ပါတော့ .."

အဆင်း မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လာကြသည်။





"ဟုတ်ကဲ့ပါ .. ဒါပေမယ့် မမရယ် .. ဒါ နောက်ဆုံးအချိန်လေ.. မေမေကြီး ခုချိန်ထိ မျက်ရည်တွေကျနေတာ မမ တွေးကြည့်ပါဦး .. မမ သူ့အတွက် ဆုံးဖြတ်လိုက်တာကို ပျော်နေရဲ့လားလို့ .."

အဆင်း နေရာမှ ရုတ်ခနဲထကာ ဒေါ်မျိုးသီရိ ရဲ့အိပ်ခန်းဆီ ပြေး သွားမိသည်။ ချစ်စု က ပြေးလိုက်ပြီးမှ နောက်ကြောင်းမလှုံသေးဘဲ အမြင်ကို ပြန်ထွက်ကြည့်မိပြန်သည်။

ဧည့်ခန်းမှာ ဖြစ်ပျက်နေခြင်းတွေကို သိပ်တော့ကြားရပေမယ့် အထဲကို ရိုက်ခတ်မလာနိုင်သေးတာမို့ ပြန်ဝင်လာခဲ့မိသည်။

ဒေါ်တရုတ်မ ကတော့ ပြန်လှည့်မဝင်နိုင်သေးပေ ..၊ ရန်သူ နဲ့ မျက်လုံးချင်းဆုံမိလိုက်ပြီးတည်းက စိတ်က တစ်ခုခုကို ထပ်ပြီး သိချင် နေမိသဖြင့် ကွယ်ရပ်လေးမှာပဲ ရှိနေခဲ့၏။

ဧည့်ခန်းမှာ အိမ်ရှိလူကုန် စုံနေကြလျက် အားလုံးက တစ်ဖက် ရန်သူ က တစ်ဖက် ..၊

"မဖိတ်ဘဲ လာမိတယ်ဆိုရင်လည်း နောက်ထပ် မလာရအောင် တစ်ခါတည်းပဲ ပြောခဲ့တော့မယ် .. ကျွန်တော့်အလုပ်ကိစ္စ ဒီပွဲပြီးတာနဲ့ ပြီးပြီ .."

"သိတယ် .. မင်း ဒါပဲပြောနေလို့ ဒီပွဲကိုတောင် လာစရာမလိုဘူး လို့ ငါ ပြောပြီးသား .."

ဝင်းထွန်း မျက်နှာက နီရဲတင်းမာနေသည်။

အမျိုးမျိုးသောနည်းတွေနဲ့ သူ တောင်းပန်ခဲ့သည်။ ဒီပွဲပြီးတာနဲ့ သူ့ကို စောင့်ဖမ်းမယ့်လူတွေက ကစွတ်ပေါက်မှာ စောင့်နေတဲ့ အကြောင်း တွေလို ..၊

အခြေအနေ ဒီထိ သူ ဆိုးသွားခဲ့တာ သူငယ်ချင်းတွေ အပေါ် သစ္စာ ဖောက်ခဲ့ကြသလို သင်းကြောင့်ပဲဆိုရင် ပိုမှန်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ကိုယ့်ပြဿနာကိုရှင်းလိုက်ရင် ပြီးပြီ ...၊ သူက ရှောင်ဖယ်ဖယ်လုပ်ဖို့ ခြင်လိုက်တာနှင့် သူငယ်ချင်းတွေက သူ့လူကိုယ့်ဘက်သား လုပ်သွားခဲ့ကြ၏။

မင်းရန်သူ ဆိုတဲ့ကောင် ဝင်လိုက်ကာမှ ဒီအဖွဲ့ရဲ့လျှို့ဝှက်ချက်တွေ သူ အတုန်သိနေတာ ပေါ်သွားခဲ့၏။ ခုဆို ဒီလူတွေက သူ့ကို အလွတ်ပေးမှာ မဟုတ်တော့ပေ ...။

သေမှာလား .. နေမှာလား ...၊ တစ်ခုခုကတော့ သေချာနေပါပြီ။ မသေချင်ရင်လည်း သူတို့အလုပ်တွေကို သက်ဆုံးတိုင် ကြိုးပမ်းဆောင်ရွက်ပေးရတော့မှာဖြစ်ကာ လက်ထပ်ဖို့ကိစ္စကြီးကိုလည်း ရှောင်လွှဲလို့မဖြစ် ...။

"ဒါက မေမေတို့ရဲ့ဘဝတွေနဲ့ ဆိုင်တယ် .. အဆင်း ကိုတော့ မင်း လက်မှတ်ထိုးယူရမှာပဲ ...၊ ကျန်တာ ဘာတွေရှိရှိ .. လောလောဆယ် အဆင်း ပိုင်သမျှ မင်း ပိုင်ပြီဆိုရင် ပြီးပြီ" တဲ့ ...။

အဆင်း ကို လက်ထပ်ဖို့က သူ့ဆန္ဒနဲ့မဟုတ်တော့ဘဲ မဖြစ်မနေလုပ်ရမည့် တာဝန်တစ်ခု ဖြစ်လာမဲ့၏။

"မင်း ဖြုန်းတီးခဲ့တာတွေ များပြီ .. ငါတို့ကို ဒါလေးတော့ လုပ်ပေး .." တဲ့ ...၊

ကိုယ့်အဖြစ်တွေကို တွေးတောင် မတွေးချင်တော့ပေ။ ဒီနေ့ မနက်ဖြန် မဆိုထားနှင့် ဒီနေရာကနေ ဟိုနေရာ ထသွားလျှင် ဘာဖြစ်တော့မည်ဆိုတာကိုလည်း မတွေးရဲ ...။

"ပြောတာကို လူလိုနားလည်ရင် မင်း ဒိုးလိုက်တော့ ယောကောင်.."

"နေပါဦး သားရယ် .. သူ့ကို လက်ထပ်ပွဲမပြီးခင်အထိတော့ ခြံထဲမှာ နေခိုင်းရဦးမှာမို့လား .."

ဒေါ်သစ်သစ် က တင်းနေသည့်မျက်နှာကြီးနှင့် ပြောလိုက်သံက





တခြားစီ ...၊ သူမ တစ်ကိုယ်လုံးမှာ ဝတ်ထားသည့် စိန်တွေကို ကြည့်၍ ရန်သူ က ပြုံး၏။

"ကျွန်မသား မဟုတ်ပါဘူး .. ရှီ့ သားပါ၊ အစ်ကိုစိုး တို့ သားပါ" ဆိုသည့် စကားတွေ တွင်တွင်ဆို၍ နောက်ကွယ်မှာ ကိုယ်ထောင်ဖျောက်နေခဲ့သူ ...၊

ခုကျတော့ ဝင်းထွန်း ရဲ့အမေဆိုပြီး ပဝါနှစ်စ အသာချပြီး မားမားမတ်မတ်ပါလား ...။

"ကဲ .. ကဲ .. အားလုံး ထိုင်ကြစမ်း .."

ဦးစိုးဝဏ္ဏ က ရန်သူ့ နှုတ်ခမ်းက အပြုံးကို စိုက်ကြည့်ပြီး မျက်နှာကြီး တင်းနေလျက် ...

"ဒါ မင်္ဂလာယူရမယ့်အချိန် .."

ဒေါ်သစ်သစ် နဲ့ ဝင်းထွန်း ကိုပဲ ဖိဟောက်လိုက်သည်။ ပြီးမှ ရန်သူ့ ကို အထင်မြင်သေးသလို မျက်မှောင်ကုတ်နှင့်ကြည့်၍ —

"မင်းကိုတော့ အားနာပါတယ် .. ဒါပေမယ့် ရှေ့နေတွေ ရောက်မလာသေးလို့ ငါတို့လည်း အလုပ်ရှုပ်နေကြတယ် .."

"ဟုတ်ကဲ့ .."

"ဆိုတော့ .. မင်းကိုလည်း ဧည့်ခံချိန်မရဘူး .. ဒီပွဲကိုလာတာဆိုရင် .."

"မဟုတ်ပါဘူး .."

"ဟင်!..."

"ဘာကွ!.."

ဝင်းထွန်း ထိုင်မလိုဖြစ်နေပြီးမှ ဆတ်ခနဲ ပြန်မတ်သွား၏။

ဒေါ်သစ်သစ် လည်း ကိုယ့်နေရာမှာ ပြန်ထိုင်မလို့ပေမယ့် မထိုင်ဖြစ်သေး ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်တာလဲ မောင်မင်းမင်း .. မင်းပဲ ဝင်လာတုန်းက ပြောတော့ ..."

"လက်ထပ်ပွဲကိုလာတာပါလို့ ကျွန်တော် မပြောမိဘူးထင်တယ်"

"ဟိတ်ကောင် .."

ဝင်းထွန်း ရှေ့တိုးလိုက်ပေမယ့် ဆွဲမယ့်သူမရှိဘဲ တုံ့ခနဲ ပြန်ရပ်၏။ လက်ထပ်ပွဲကိုလာတာပါ မပြောခဲ့ပေမယ့် 'ဘာလာလုပ်တာလဲ'လို့ သူ ဆီးကြိုမေးလိုက်တုန်းက 'ဒီနေ့ လက်ထပ်မှာ မဟုတ်ဘူးလား'ဆိုပြီး သူပဲ အကျအန ထိုင်ခဲ့တာ ..၊

ဒီလိုကောင် ဒီလောက်ထိ မျက်နှာပြောင်မယ်လို့ မထင်ခဲ့မိပေ ..၊ ဒါမှမဟုတ် ပြဿနာတစ်ခုခု ရှိနေပြီလားလို့ တွေးတော့တွေးမိသား..။

"ဒါဆို ဘာလဲ .. မင်း ဒီထဲကို ဘယ်သူမှမခေါ်ဘဲနဲ့ ဝင်လာတာ တခြားကိစ္စ ရှိသေးသလား .."

ဦးစိုးဝဏ္ဏ က မေးမှ ရန်သူ က အိမ်ထဲကို တစ်ချက်လှမ်းကြည့်ကာ ...

"အကြောင်းကိစ္စ ပြောရမှာဆိုတော့ ခဏပြန်ထိုင်မှ ဖြစ်မယ် .."

သူ ထိုင်ခဲ့သည့်နေရာတွေမှာ ပြန်ဝင်ထိုင်တော့ လူတွေအားလုံး သူ့ကို မျက်တောင်မခတ် ကြည့်နေခဲ့ကြ၏။

အားလုံးက သိချင်မှ သိမှာပေမယ့် ရန်သူ တစ်ခုခု ပြဿနာရှာဖို့ ရှိနေပြီမှန်း ဝင်းထွန်း ကတော့ တွေးမိနေပြီ ဖြစ်၏။

"ဒေါက် .."

"ဟာ!..."

"ဆောရီး .."

ဝတ်ထားသည့် လောင်းကုတ်၏အောက်ဖျားစနဲ့ မုန့်ပန်းကန် ငြိမိကာ အောက်ပြုတ်ကျသွား၏။





"အိုကွယ် .. ပေကျံကုန်ပြီ .."

"ရတယ် .. ရတယ် ... တစ်ရှူးနဲ့သုတ်လိုက်မယ် .."

"မင်းကိုလည်း ဘယ်သူမှ သန့်စင်မပေးဘူး .. ကြမ်းပေါ်မှာ ပေကုန်တာတွေ လုပ်ရမှာ ..၊ ဧည့်သည်တွေက လာသေးတာ မဟုတ်ဘူး.."

ဝင်းထွန်း က ဒေါသတွေ အပိုအလို ထွက်နေ၏။ ရန်သူ က အပြုံးမပျက်သလို သူ့ဘာသာ တစ်ရှူးယူပြီး ခြေဖျားပေါ်က မုန့်တွေကို သုတ်နေသည်။

"ကဲ .. ဘယ်သူမှ ဒီနားမှာ မရှိကြဘူးလား.. ဒေါ်တရုတ် .. ဟဲ့.. ချစ်စု .."

"ကျွန်မ ရှိပါတယ် .."

ဒေါ်တရုတ်မ ကမန်းကတန်း ထွက်လာ၏။

"အဲဒီဟာတွေ မြန်မြန်ရှင်းစမ်းပါ ..၊ ဟဲ့ .. မင်းခြေထောက်တွေ ရော ရေဆေးချင် လိုက်သွား .."

"မလိုပါဘူး .. အိမ်ထဲကို ပေးဝင်စရာ မလိုဘူး .."

သံသယဝင်နေပြီမို့ ရန်သူ့ ကို ဝင်းထွန်း ခြေလှုပ်လက်လှုပ်ခွင့်လေးတောင် မပေးနိုင် ..၊

"ကျွန်တော်တို့နဲ့ အလုပ်ကိစ္စပြီးပြီလို့ ခုပဲ ပြောခဲ့တာ ..၊ ခုချိန်မှာ ဘယ်သူ့ကိုမှ ယုံကြည်လို့မရဘူး မေကြီး .. ဒီပွဲလာတာ မဟုတ်ဘူးဆိုရင်လည်း ပြန်ပေါ့ .."

"ပြန်မှာပါ .. အန်ကယ်လ်က ဘာလာလုပ်တာလဲမေးလို့ ဖြေမလို့ ပြန်ထိုင်တာ ..၊ ဘာလဲ .. ဖြေစရာ မလိုတော့ဘူးလား .."

"မင်းကို ကျုပ်က မေးတာပါ .. အခု ဘာလာလုပ်တာလဲ..၊ ခြံထဲမှာလည်း မစောင့်ပေးနိုင်ဘူးဆိုတာ လာပြောတာလား .."

"မဟုတ်ဘူး .. ကျွန်တော် လုပ်ရမယ့်တာဝန် ကျွန်တော် နားလည်



www.burmeseclassic.com

www.burmeseclassic.com



တယ် .. လက်ထပ်စာချုပ် မပြီးမချင်း နေပေးဖို့ လာခဲ့တာ .. ဒါပေမယ့် မလိုအပ်ဘဲ နောက်ထပ် အကြာကြီး စောင့်နေရမှာစိုးလို့ နှစ်ဖက်စလုံး အလုပ်မရှုပ်အောင် လာပြောတာ .."

"ဘာလဲ .."

ဦးစိုးဝဏ္ဏ က လိုရင်းတိုရှင်း သိချင်တဲ့သူ ..၊

"ရှေ့နေနှစ်ယောက်က သူတို့ မလာနိုင်ဘူးလို့ လာပြောသွားလို့.."

"ဘာ!..."

"ဘယ်လို!..."

"မဖြစ်နိုင်ဘူး .."

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဒေါ်တရုတ်မ ကတော့ လုပ်စရာရှိတာ မြန်မြန်လုပ်ပြီး ဝေးရာကို ကမန်းကတန်း ထွက်သွား၏။

ဦးစိုးဝဏ္ဏ မျက်လုံးတွေက ရန်သူ့ မျက်နှာပေါ်မှာ စူးစိုက်ရင်း ကျဉ်းမြောင်းသွားကာ ...

"ကျုပ်တို့ ရှေ့နေနှစ်ယောက် ငှားထားတာ မင်း ဘယ်လိုလုပ် သိတာလဲ .."

"နှစ်ယောက်စလုံးက ပြောသွားလို့ သိတာ .."

"မဟုတ်ဘူး .. ဒီကောင် တမင်မွှေတာ ဖေကြီး .."

"နေဦး .."

ဦးစိုးဝဏ္ဏ က ဝင်းထွန်း ကို လက်ကာတားရင်း ...

"သူတို့မလာနိုင်တာကို ဖုန်းဆက်ရမှာ ငါတို့ကို .."

"ဟုတ်တယ် .. မင်းကို ဘယ်တုန်းက ပြောသွားတာလဲ .."

ဒေါ်မျိုးရီ က တဖြည်းဖြည်း ထရပ်လိုက်ရင်း ...





"နေပါဦး .. ဒီကိစ္စကြီးကို ဝင်လာလာချင်း မပြောဘဲနဲ့ မင်းအ ဘာလဲ မင်းမင်း .."

"ကျွန်တော် ဝင်လာလာချင်း ဘာမှမပြောရသေးခင် နှင်ထုတ် တော့ စကားက လိုရင်းမရောက်ဘဲ ဖြစ်သွားတာပါ .."

ပြောနေရင်း ထရပ်လိုက်ကာ ဝင်းထွန်း မျက်နှာကို မထိတထိ ရယ်မြူးရိပ်တို့နှင့် စိုက်ကြည့်ကာ ...

"ရှင်းသွားအောင် ဖုန်းဆက်ကြည့်လိုက်လို့ ရပါတယ် .."

"ရှင်းတယ် .. ဘယ်သူမှ မရှင်းပေမယ့် ငါ ရှင်းတယ် .. မင်း ဝင်ရှုပ်တာ ရန်သူ .. ရှေ့နေကြီးတွေ ရောက်မလာတော့တာ မင်း ကြောင့် .."

"သေချာသလား .."

လူကြီးတွေအားလုံးရှေ့မှာ ရန်သူ့ မျက်နှာ က မထိတထိရှုံ့မဲ့လျှောက်.. ပြီးတော့ ဦးစိုးဝဏ္ဏ ဘက်ကို ပြန်ကြည့်လိုက်ပြီးမှ ...

"လူကြီးတွေ သေချာ ကျကျနန စီစဉ်ထားတဲ့ကိစ္စတွေကို ငါလိုလူ က ဝင်ရှုပ်လို့ ရပါ့မလား ..၊ အဟွန်း .. လျှောက်ပြောနေပြန်ပြီ .."

သေချာ ကျကျနန စီစဉ်ထားသည်ဆိုသည့် စကားအသွားအလာ ကြောင့် ဒေါ်သစ်သစ် နဲ့ ဦးစိုးဝဏ္ဏ တို့ မျက်လုံးချင်း ဆုံသွား၏။

သို့သော် ဒေါ်သစ်သစ် က ဖုန်းဖွင့်လိုက်ပြီး အားလုံးနားထောင်နေ ထွက်သွားသည်။

"သွားမယ် .. နောက်ထပ်ရှေ့နေတွေ ခေါ်မှာဆိုလည်း ငါ ခြံထဲမှာ ပဲ ရှိမယ် .. ဒီနေ့တစ်နေ့လုံး လက်ထပ်မပြီးမချင်း ငါ စောင့်ပေးမှာပါ .."

"ဟောက်..."

ဝင်းထွန်း လက်သီးပြင်ရင်း ကျန်ရစ်၏။ ဦးစိုးဝဏ္ဏ မျက်မှောင် ကုတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးတဲ့အထိ သူ စောင့်ရမယ်ဆိုတာ သိနေသားနဲ့ ရှေ့နေတွေကို ဘာဝင်နှောင့်စရာ လိုလို့လဲ ..။

မျက်လုံးချင်းဆုံလိုက်တော့ ဝင်းထွန်း က ခေါင်းခါလက်ခါနှင့်...

"မဟုတ်ဘူး .. ဖေကြီး မသိပါဘူး .. ကျွန်တော် သိတယ်၊ ဒီကောင် .. ဒီကောင် သိပ်လည်တာ .. သူ့ မသိတာ မရှိဘူး ..၊ မလုပ်ရဲတာလည်း ဘာမှ မရှိဘူး ..၊ လူဆိုး .. လူညစ် .. အလကားကောင်.."

"မင်းထက် ပိုပြီးတော့လား .."

စိတ်တိုလာသည်နှင့် ဦးစိုးဝဏ္ဏ ထံမှ ထေ့ငေါ့သံ ထွက်လာ၏။ အားလုံး စိတ်ညစ်နေရသည့်အထဲ တွေးစရာ ရှုပ်ထွေးနေရတာတွေနဲ့ သင်းပဲ ရစ်ပတ်လို့ မပြီးနိုင် ..၊

တူလေးတစ်ယောက်ပဲ ရှိပါသည်။ သူ့ချွေးသမီးနဲ့ လက်ထပ်ပေးနိုင်လို့ သူ့ချွေးဖြစ်သွားရှာပြီဆိုတာမျိုးလည်း ဖြစ်မလာ ..။

ဇရပ်ကြိုဇရပ်ကြား .. ရှုပ်ထွေးပွေလီနေလိုက်တဲ့ကြားက ဆွဲထုတ်လာတာတောင် လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်လေးတစ်ချက်တင်ဖို့ကို ခဲခဲယဉ်းယဉ်း ..၊

"ငါ တွေ့နေရတဲ့အထိတော့ ဒီကောင် မင်းထက် ဆင်းရဲပေမယ့် ခေါင်းမဆင်းရဲဘူး .."

ဦးစိုးဝဏ္ဏ မျက်နှာတင်းတင်းနှင့် ကိုယ့်နားထင်ကို ပြန်ထောက်ပြကာ ...

"မင်းထက် ဒါ အများကြီး ကောင်းတယ် .. အခု မင်း ပြောသလို ဒါတွေဖြစ်လာတာ သူ့ကြောင့်ဆိုရင် ပိုတောင်သေချာသွားပြီ .. အရမ်း တော်တဲ့ကောင် .."

"ဖေကြီးက .."

"အမှန်အတိုင်း ပြောတာလေ .. ဘယ်လောက်တော်သလဲ မသိပေ





မယ့် ဒီထဲမှာ ရှိသမျှလူတွေကို အလုပ်ပျက် စိတ်ဒုက္ခရောက်အောင် သူ လုပ်နိုင်တယ် .."

"ဒါ တော်တာလား .."

"မင်းလို တစ်ပြေးတည်း ပြေးနေရတဲ့လူနဲ့စာရင် တော်တာပေါ့ကွ .."

"အစ်ကိုစိုး .."

ဒေါ်သစ်သစ် အခန်းထဲပြန်ဝင်လာကာ ဒေါ်မျိုးရီ ထိုင်သည့်နေရာကို လှမ်းကြည့်သည်။ မရှိတော့တာ မြင်မှ ဟိုဒီ လှည့်ပတ်ကြည့်ကာ...

"ဘယ်ရောက်သွားလဲ ရီ .."

"ဘယ်သိမလဲ .. ပြောစမ်းပါ .. ရှေ့နေဆီ ဖုန်းဆက်တာမို့လား.."

"ဟုတ်တယ် အစ်ကိုစိုး .. ဦးသန်းမောင် ရော .. ဦးမင်းဆော် ရော .. တစ်လေသံတည်းပဲ .."

"ဘာလဲ .."

"အဆင်းရှုပါ ဆိုတဲ့ မိန်းကလေးက အိမ်ထောင်ရေးနဲ့ အမွေတိုင်တွေကို ရှေ့နေတွေနဲ့ အပ်နှံ စီစဉ်ထားခဲ့တာတွေ ရှိတယ်တဲ့ .."

"အဲဒါ ဘာဖြစ်လဲ /.."

"ရှေ့နေကြီး ကိုင်ထားတဲ့ ကေ့(စ်)မို့လို့ ရှေ့နေကြီး မပါဘဲ သူတို့ မလုပ်ချင်ဘူးတဲ့ .."

"ဟ .. ရှေ့နေကြီး ဦးတင်ထွန်း က ဘုရားဖူး နယ်လှည့်နေတာလေ .."

"ဟုတ်တယ် .. ပြန်လာမှ လုပ်ပါတဲ့ .."

"တောက်!..."

"သူတို့ပုံစံ ကြည့်ရတာ အဆင်း က သဘောမကျတာကို သိနေတဲ့ပုံပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ .. ဘာမှမသိတဲ့လူတွေ ငါ တမင်ခေါ်ထားတာ..၊ သိစရာ အကြောင်းကို မရှိဘူး .."

"ကျွန်တော် ပြောတာ အဲဒါပဲ ..၊ ရန်သူ ဆိုတဲ့ကောင် ဝင်မွှေတာပါဆို .."

ဒေါ်သစ်သစ် က ရုတ်တရက်မို့ မျက်မှောင်ကုတ်သွားကာ ...

"အစ်ကိုစိုး ရဲ့လူတွေကို သူက ဘာမို့လို့ ဆွဲဆောင်ရမှာလဲ .."

"မေမေကလည်းဗျာ .. သူတို့က ရှေ့နေတွေလေ .. ကြေးစားလူမိုက်တွေမှ မဟုတ်တာ ..၊ ဥပဒေကြောင်းအတိုင်း မဟုတ်တော့ဘူးထင်နေရင် နောက်ခ တ်သွားမှာပေါ့ .. ဟိုကိစ္စ ဒီကိစ္စတွေ ရန်သူတို့ထောင်ပေးလိုက်တာပါ ဆို .. ပြောတော့ မယုံဘူး ..၊ လူလည်လိုလိုပတ်ကားလိုလိုနဲ့ ခွေးသူခိုး လူယုတ်မာ .."

ဒေါ်သထွက်ထွက်နှင့် ဝင်းထွန်း ဆဲတော့သည်။ ဒေါ်သစ်သစ် က စားပွဲပေါ်မှာ ပြင်ဆင်ထားသည့် စားသောက်ဖွယ်တွေကို အကြည့် ရောက်ရင်း ခေါင်ငင်နေကာ ...

"တော်ကြာ အိမ်နီးချင်းတွေ ရောက်လာကြတော့မှာ .."

ဟု တစ်ယောက်တည်း ပြောသလို ရေရွတ်နေရင်း ...

"အစ်ကိုဒီစိုး ကလည်း ရှေ့နေငှားပြီဆိုတည်းက ကိုယ့်ကိစ္စ နည်းနည်းပါးပါးတော့ ပြောပြရမှာပေါ့ ..၊ ဒါမှလည်း ကိုယ့်လူဖြစ်မှာကို.."

"လက်ထပ်စာချုပ် ချုပ်ဖို့ ရှေ့နေ အသိသက်သေလေး ခေါ်တာငါက ဘာလဲ .. လူ ဘယ်နှစ်ယောက် သတ်ဖူးပါတယ် ..၊ စမောလ်ဆွဲဖူးတာ ဘယ်နှစ်ခါပါနဲ့ အားလုံး လက်မှတ်ထိုး ဝန်ခံထားရမှာလား .. အဓိပ္ပာယ် မရှိ .."

"အဓိပ္ပာယ်ရှိလို့ပဲ အခု ကိုယ့်လူက သူ့လူ ဖြစ်သွားပြီလေ .. ဒါ ဒီကောင်လေး လုပ်တယ်ဆိုတာ ဖြစ်နိုင်တယ် .."





"ဒီလောက်ရှင်းနေတာကို မေမေရာ ..၊ တောက်!..."

"ယောကောင် .. တက်ခေါက်တာတွေ လျှော့စမ်း ..၊ မင်း ဒါပဲ လုပ်တတ်သလား .."

"ဖေကြီးကလည်း .."

"အေး .. သတ္တိရှိရင် ဟိုကောင် မြို့ထဲမှာရှိတယ် .. သွားထိုး .."

"သြော် .. အစ်ကိုစိုးကလည်း တိုးတိုးပြောပါ .. ဒီလို သွားစွပ်စွဲတိုင်း ရမှာ ကျနေတာပဲ ..၊ အလိုလိုကာမှ ဟိုကောင်လေးက လှည့်ပတ်ကွေ့ကောက်ပြီး ပြောတတ်လွန်းလို့ ခက်နေတာ .."

"အဲဒီလိုကောင်ကြောင့်ပဲ အခု အားလုံး အဲဒီက်တွေ့ကုန်တာလေ"

"ဖေကြီးကလည်း .. ဖေကြီး စီစဉ်လိုက်တာကိုက .."

"ဟိတ်ကောင် .. မင်း တော်တော့ .."

ညှိုနှိုင်းထဲမှာ အခြေအနေက မကောင်း ..၊

ထိုစဉ် ဧည့်သည်တွေ တက်လာကြပြီဖြစ်ကာ ...

"သြော် .. အဲ .. ကြွ .. ကြွပါရှင် .."

ဘာမှလုပ်မရသော အခြေအနေပေါ်တွင် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ရော့ .. သမီး မြန်မြန်ဖတ် .."

အဆင်း ကိုင်ထားသည့် ဒေါ်မျိုးသီရိ လက်ကို အသာလေး ပြန်ချကာ မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

"သူ .. သူ ပေးလိုက်တာ .. ဟုတ်လား .."

"ဟုတ်တယ် .. မုန့်ပန်းကန် မှောက်ကျသွားလို့ ဒေါ်ကြီး သူ့နား ရောက်သွားတော့ ဒီစာလေး ဘာသည့်ပေးလိုက်တာ .."

"လူတွေ အများကြီးထဲမှာ .."

"ဘယ်သူမှ မမြင်ဘူး .. မြန်မြန်ဖတ်လိုက် ..၊ သမီးအတွက် လွတ်ရာလွတ်ကြောင်း တစ်ခုခု ဖြစ်နိုင်တယ် .."

"မမ ဖတ်လေ .."

အဆင်း မယုံနိုင်သလိုဖြစ်ကာ မျက်ရည်တွေ မရှိတော့ဘဲ ပါးကိုပဲ ခဏခဏပွတ်သုတ်ရင်း စာကို ဒီတိုင်း ကိုင်ထားမိ၏။





ပြီးတော့မှ ဖွင့်ဖတ်လိုက်မိလျှင် ...

အဆင်း –

ခု မြန်မြန် ထွက်လာခဲ့ ..
အပြင်မှာ အားလုံး စီစဉ်ပြီးပြီ ..၊

"အို .."

"ကောင်းတယ် .. သမီး ပြေးတော့ .."

"ဟင့်အင်း .."

"အို .. ဘာ ဟင့်အင်းလဲ .. ဟိုမှာ မမကြီး အားလုံးကြားတယ်လေ .. ကြည့်ပါဦး .. မျက်နှာပေါ်မှာ ဝမ်းသာအားရတွေ ဖြစ်နေတာ.."

"မေမေကြီး .. မေမေကြီး ကြားတယ်မို့လား ဟင် ..၊ မမကို သူ့မိတ်ဆွေက ကူညီပေးမယ်တဲ့ .. ဒီက ပြေးဖို့လေ .. မေမေကြီး သဘောကျရဲ့လား ဟင် .."

အဆင်း ကယောင်ချောက်ချား ဖြစ်နေသဖြင့် ချစ်စု ကပဲ ဒေါ်မျိုးသီရိ ဘေးမှာ ဒူးထောက်လေးထိုင်ကာ နားနားကပ် မေးလိုက်၏။

"အင်း .. အင်း .. ပူး ..."

ဒေါ်မျိုးသီရိ ခေါင်းလည်း ညိတ်သည်။ စကားတွေလည်း ပြောနိုင်ကြိုးစားရှာ၏။ အဆင်း ကြီးတော်လက်ကို ဆုပ်ကိုင်လိုက်မိကာ –

"ကြီးတော် .. အဆင်း လေ .."

"အင်း .. ပူး .."

ဒေါ်မျိုးသီရိ က အဆင်း ရဲ့လက်ကို ဖယ်ချပစ်ချင်သလိုမျိုး ရွှေ့နိုင်သည့်လက်ကြီးကိုတောင် မချိမဆံ့ အားယူ ကြိုးစားနေ၏။

ပြီးတော့ မျက်လုံးနဲ့ အခန်းဝကို ကြည့်ပြပြီး ပြေးတော့ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီခြံထဲမှာပဲ နေတာ .. သေချာစိစစ်ပြီးလို့ ခေါ်ရဲတာပါ ...၊ သမီး ပြေး .. နောက်ဖေးပေါက်က ပြေး .."

အဆင်း ဆတ်ခနဲ ထရပ်လိုက်ကာ ကြီးတော်ကို တစ်ချက်ပြန်ကြည့်မိ၏။

"သွားပါ သမီးရယ် .."

ပြောဆို လှုပ်ရှားသံများကြောင့် ခေါ်မျိုးရီ ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။

သူမ သိ၏။

အဆင်း ထွက်ပြေးတော့မည် ...၊





## အခန်း (၂၅)

"ဘာဖြစ်လို့ လမ်းတွေထဲကို ပြန်ဝင်တာလဲ ...၊ လိုက်လာကြတာနဲ့ မိသွားတော့မှာပဲ .."

"ဒါက ကျောဘက်လမ်း .. မင်းတို့ရဲ့ နောက်ခြမ်း .."

"အဲဒါ ဘာဝင်လုပ်မလို့လဲ ...၊ ဘာကျန်ခဲ့လို့လဲ .."

"အဲဒီမှာ အောက်ထပ်တစ်ခြမ်းကို သုံးရက် ငှားထားတယ် .."

"ဘယ်လို!..."

အဆင်း ထိုင်နေရာကနေ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ကားပေါ်ကနေ တစ်လမ်းလုံးကို ကျိုးကန်းတောင်မျှော် ကြည့်မိတော့ ...

"အဆင်း .. အဆင်း ကို အဲဒီ မှာထားမယ် .. ဟုတ်လား .."

"ဟုတ်တယ် .."

အဆင်း မျက်လုံးလေး ဝိုင်းနေလျက် သူ့ကို မယုံနိုင်သလို ကြည့်နေတာ လှည့်မကြည့်ဘဲ မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မသိတာကို ရှင်းပြရတာလောက် စိတ်မရှည်တာ မရှိ ...၊

"မင်း ငါ့ကို ယုံကြည်လို့ လိုက်လာတာမို့လား .."

"ဟုတ်တယ်လေ .. အစ်ကိုပဲ အဆင်း ကို ကူညီမယ်ဆိုပြီးတော့.."

"အခု ဘာလုပ်နေတယ် ထင်လို့လဲ .."

"မသိဘူး .. အဆင်း ကြောက်တယ် .. သူတို့နဲ့ နီးနီးလေးမှာနေရင် မြင်သွားမှာပေါ့ .."

"မင်းကို သူတို့နားမှာပဲ ပုန်းနေလိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ ...၊ ငါ့လိုလူက တိုက်ခန်းငှားပြီး မိန်းမခိုးသွားမယ်ဆိုတာလည်း သူတို့ တွေးမိမှာ မဟုတ်ဘူး .."

ကားမောင်းနေရင်း .. ရှင်းပြနေရရင်း ရန်သူ က လှည့်ကြည့်ကာ...

"မင်းကို ငါ ခေါ်ထုတ်သွားမှန်း အားလုံး သိကြမှာပဲ ...၊ ငါက လည်း ပေါ်တင်လုပ်ခဲ့တာ .."

"ဒါပေမယ့် အစ်ကိုနဲ့ အဆင်း နဲ့ ဘာမှမဆိုင်မှန်း သိနေကြတော့ အဆင်း တစ်ယောက်တည်း ဖြစ်သွားတဲ့အထိ သူတို့က စောင့်မှာပဲ.."

အဆင်း ပုံစံလေးက သူမ မလွတ်မြောက်နိုင်တော့တာကို သိလိုက်ပေမယ့် ရန်သူ့ ကိုလည်း အတိုက်အခံ မလုပ်ချင်တော့သည့်ပုံလေး ပေါက်ကာ ...

"ဘာပဲဖြစ်ဖြစ် အဆင်း ကို အစ်ကို ကူညီချင်စိတ်ဖြစ်သွားတာကိုပဲ ကျေးဇူးတင်ပါတယ် .."

တစ်ယောက်တည်းပြောရင်း ကားဖြတ်သန်းနေသည့်ဘေးတစ်ဖက် ကို လှည့်ကြည့်၍ ...

"အစ်ကို စာပေးလိုက်တော့ ဒေါ်ကြီးတို့က ဝမ်းသာအားရပြောကြ ပေမယ့် အဆင်း မယုံနိုင်ခဲ့ဘူး ...၊ အပြွန်း .. အစ်ကိုက အဆင်း ကို ဖမ်းပြီး ပြန်အပ်ဖို့ စောင့်နေတဲ့သူလေ .."





ငိုလည်း ငိုနေတတ်ကာ ရယ်စရာမဟုတ်ဘဲ ပြုံးနေပြန်၏။ ...
က သူမကို ခပ်ချဉ်ချဉ် လှည့်ကြည့်ပြီး မဲ့၍ ...

"အဲဒီတော့ မင်းကို အခု ငါက ဘာလုပ်ဖို့ ခေါ်လာတယ်လို့ ထင် ... လိုက်သလဲ .."

"အဆင်း ကို ကယ်လိုက်တာလေ .. မဟုတ်ရင် ခုလောက်ဆို ... အဆင်း ညှိခန်းထွက်ပြီး လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးနေရလောက် ... ပြီ .."

"သူ့ကို မင်း လက်မထပ်ပေမယ့် တခြားတစ်ယောက်နဲ့ လိုက်လာ ... ခဲ့တာ သတိရရဲ့လား .."

"ဟင်!..."

အဆင်း ရဲ့ ပြုံးနေတဲ့မျက်နှာလေး တည်သွားသည်။

ကားက အနက်ရောင် သံပန်းတံခါးအထူကြီးနှစ်ချပ်ရှေ့မှာ ရပ် ... သွားကာ ရန်သူ က ကားကို စက်မသတ်ဘဲ ထားခဲ့ပြီး တံခါးဆင်းဖွင့် ... ၏။ ပြီးတော့ ခြံကြီးထဲကို မောင်းဝင်၍ တံခါးပြန်ပိတ်ပြီးမှ ပေါ်တီကို ... အောက်ကို သွား၍ ကားထိုးသည်။

"ဆင်းလေ .. ဒီအောက်ထပ်ကို သုံးရက်ငှားထားတာ .."

အဆင်း က ကားထဲကနေ တိုက်ကြီးကို သေချာလိုက်ကြည့်နေ ... ဆင်းလာခဲ့တဲ့အထိ မျက်လုံးတွေ မခွာနိုင်ဘဲ ...

"ဒီတိုက်ကြီးထဲမှာ အဆင်း တစ်ယောက်တည်း မနေရဲဘူး .."

"မင်းတစ်ယောက်တည်း နေရမယ်လို့ ငါ ပြောမိလို့လား .."

"ဒါဆို ..."

"ငါနဲ့ မင်း .."

"ဟင်!..."

"ကဲ .. ဝင်ကွာ .. ကားပြန်ပို့ရဦးမှာ ...၊ မိုးမ...



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း နေရဲတယ်မို့လား .. စားဖို့ ဝတ်ဖို့ လိုအပ်တာလေးတွေ ခြေလှမ်း ဝယ်ရမှာ .."

အဆင်း လက်ကို ဆွဲ၍ စိတ်မရှည်သည့်မျက်နှာကြီးနဲ့ အထဲကို ခေါ်လာခဲ့၏။ လူနေပုံမရှိသည့်တိုက်ကြီးက ဧည့်ခန်းမှာ ဆိုဖာတွေရှိပေမယ့် ခင်းထားတာ မဟုတ်ဘဲ စုပြုံကပ်ကာ ပလတ်စတစ်အထုကြီးတွေနဲ့ ဖြစ်သလို အုပ်ထားသည်။

တီဗွီ ကွန်ပျူတာတွေက အစ ရှိသည်။ ဒါပေမယ့် ဧည့်ခန်းထောင့်မှာ စုကပ်ပြီး အုပ်ဆိုင်းထားတာပဲ ဖြစ်၏။

"ရမလား .. ငါ အပြင်သွားရဦးမှာ .."

"နေဦးလေ .. အစ်ကို့ကိုလည်း သူတို့ ရှာကြမှာပဲ .. ပြီးတော့ အစ်ကို မရှိတုန်း ဒီထဲ သူတို့ရောက်လာရင် အဆင်း ဘယ်လိုလုပ်ရမလဲ .."

"ကြွက်တွင်းထဲဖြစ်ဖြစ် ဝင်ပုန်းနေလိုက် .."

ရွဲ့ပြောပြီး သူက အုပ်ထားသည့် ပလတ်စတစ်တချို့ကို လှန်၍ နှစ်ယောက်တွဲဆိုဖာ နီညိုရောင်ကြီးတစ်လုံးကို မရမက တွန်းတိုက်ထုတ်သည်။

ပြီးတော့ တွေ့တဲ့အဝတ်စကို ကောက်၍ တဘိုင်းဘိုင်း ခါထုတ်ပစ်တာ ...

"ထိုင်လို့လည်း ရပြီ .. အိပ်လို့လည်း ရပြီ .. ငါပြန်လာမှ အခန်းတစ်ခန်းလောက် ရှင်းပေးမယ် ..၊ မီးဖိုခန်းက တံခါးမရှိဘူး .. နှစ်ခန်းတွဲဆိုတော့ အကျယ်ကြီးပဲ .. ပစ္စည်းတွေလည်း အစုံရှိတယ်..၊ လောလောဆယ်တော့ ချက်ပြုတ်စရာ ဘာမှမရှိဘူးပေါ့ .. ငါတို့အတွက် လိုလည်း မလိုဘူးလေ .. ဝယ်စားလိုက်ရင် ပြီးတာပဲ .."

"အစ်ကို .."





"ဘာလဲ .."

ပြောပြနေရင်း အဆင်း က ခေါ်လိုက်တော့ ဆိုဖာပေါ် အိခနဲ ထိုင်ချလိုက်ပြီး မေးဆတ်၍ ...

"ပြောလေ .."

"အဆင်း တို့က ခိုးပြေးလာကြတာမှ မဟုတ်တာ .."

"မင်းကို ငါ အခု ခိုးလာတယ်လေ .."

"ဟုတ်တယ်လေ .. ခိုးလာတာ ..၊ ဒါပေမယ့် ..."

"ဘာလဲ .. ခိုးပြေးတမ်း ကစားကြည့်တာလား .."

အဆင်း အိုးတိုးအမ်းတမ်းလေး ဖြစ်သွားတော့ သူက မျက်မှောင်ကုတ်ကာ ...

"ဒီမှာ ထိုင် .."

"ဟင်!..."

"လာထိုင်လို့ ပြောနေတာ .."

အဆင်း က ဆိုဖာအစွန်းမှာ မရဲတရဲလေး ဝင်ထိုင်လိုက်မိ၏။ ရန်သူ က သူမဝတ်ထားသည့် အပြာရောင် ပိုးပျော့ဝတ်စုံလေးနဲ့ လူကို မျက်တောင်မျှားတွေ မှေးစင်းကြည့်နေရင်း ...

"မင်းကို မင်းအဒေါ်က ဝင်းထွန်း နဲ့ လက်ထပ်ပေးနိုင်တော့မယ် မင်းကလည်း ရင်ကွဲပက်လက် ခံစားနေရတော့ ငါက ကြည့်မနေနိုင်လို့"

ပြောပြီး မျက်နှာလွှဲကာ မနေတတ်သလို လက်က ဆံပင်တွေထဲ ရောက်လိုက် .. ကုပ်ပိုး ပွတ်လိုက်နှင့် ...

"ငါလည်း လူကောင်းတော့ မဟုတ်ပါဘူး .. ဒါပေမယ့် ဒီလိုလုပ်ဖို့ အပြင် တခြားနည်းလမ်းမှ မရှိတာ ..၊ ခေါ်ထုတ်လာတာထားပါ မင်းကို အဲဒီထဲက ကယ်ချင်တဲ့စေတနာပဲ .. ဒါပေမယ့် ဒီလိုဖြစ်သွားတာ .. မဖြစ်လို့လည်း မရဘူး .. ဒီလိုပဲ လုပ်ရတော့မှာ .."



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို'ပေါင်း များစွာနှင့် အဆင်း ရဲ့မျက်ဝန်းလေးတွေပါ သူ့လှုပ်ရှားမှုအတိုင်း လိုက်ပါ လည်ပတ်နေရကာ ...

"နိုးပြေးလာရတာကိုလား .."

"ဟား .. မောလိုက်တာ အဆင်း ရာ .. မပြောတတ်လို့ ပြောတတ်သလို ပြောနေရတာ .. တစ်က ပြန်စမေးနေတယ် ..၊ သေစမ်း .."

"ဟင့်အင်း .. မေးတာ မဟုတ်ပါဘူး၊ မရှင်းလိုက်လို့ .."

"သြော် .. သြော် ..."

"မရှင်းလိုက်ဘူးဆိုတာထက် ဟို .. အစ်ကို ပြောတာတွေကို နည်းနည်းလေး ရှုပ်သွားလို့ပါ .."

"တော်ပါတော့ကွာ .."

ရန်သူ့ မျက်နှာ ရှုံ့မဲ့သွားသည်။

သူ့တစ်သက်လုံးမှာ ပြောရခက်သော စကားကို ပြောရခြင်းကဒါ ပထမဆုံးလား ..၊ မျက်နှာကြီးမှာ မီးပူဟပ်နေသလိုလို .. ပျားအုံတစ်အုံလုံး ဝိုင်းတုပ်ခံထားရသည့် မျက်နှာကြီးလိုလား ..၊

တကယ်ကို ဘာကိုမှ စိတ်မဝင်စားသည့် မိန်းကလေးကို သူ စေတနာတွေ ပိုပြီး ခုလို ..၊

"အစ်ကို့ကို အဆင်း ယုံပါတယ် .. ဒါပေမယ့်လေ.. ဟို .. အဆင်းတို့က နိုးပြေးရအောင် ချစ်သူတွေမှ မဟုတ်တာ .."

"ဟုတ်ဟုတ် မဟုတ်ဟုတ် အဲဒါကို ခဏမေ့ထားလိုက်တော့ .. အခု လောလောဆယ် လိုအပ်တာကို မေးမယ် .. စိတ်ထဲရှိတဲ့အတိုင်း ဖြေ .."

"ဟုတ် .."

"မင်းကို ငါ အခွင့်အရေးယူပြီး အမြတ်ထုတ်ဖို့ ကြံတာ မဟုတ်ဘူး .. အဲဒါကို ယုံရဲ့လား .."





"ယုံပါတယ် .."

"မင်းနဲ့ငါ နှစ်ယောက်တည်း နေနေပြီးမှ ဘာမှမဆိုင်ကြပါဘူးဆိုရင် ဘယ်သူမှ ယုံမှာမဟုတ်သလို မင်းအတွက်လည်း အရှမ်းနစ်နာတယ် ..၊ အဲဒါကြောင့် လုပ်ကိုလုပ်ရမှာက မင်း ငါနဲ့ နိုးရာလိုက်ခဲ့တယ် .. ဒါပဲ .."

အဆင်း အသံမထွက်ဘဲ သူ့မျက်နှာကို ငေးနေ၏။

"နိုးပြေးကြတယ်ဆိုတော့ ငါတို့လက်ထပ်ကြရမှာ .. အဲဒီလို လုပ်ရတဲ့အခါ မင်း ငါ့အပေါ်မှာ စိတ်ရှင်းပါ့မလား .."

"အစ်ကိုကရော .."

"ဘာလဲ .."

"အဆင်း ကို လက်ထပ်မယ်ဆိုတာ .."

"ဘာဖြစ်လဲ ပြော .."

"မပြောတတ်ဘူး .. ဒါပေမယ့် အဲဒါ မဖြစ်နိုင်ဘူးလို့ပဲ စိတ်ထဲမှာ ထင်နေတယ် .."

"မင်းက ငါ့ကို .."

"အစ်ကိုက အဆင်း ကို လက်ထပ်မယ်ဆိုတာပါ .. အိမ်ထောင်ရေးကို အဆင်း စိတ်မဝင်စားဘူး ..၊ အချစ်တွေ .. ခံစားတာတွေလည်း အဆင်း မသိခဲ့ပါဘူး .. ဒါပေမယ့် ဒုက္ခရောက်နေလို့ ကယ်တင်တဲ့နည်းက လက်ထပ်ယူလိုက်ရတာမျိုးကြီး မဖြစ်သင့်ဘူးမို့လား အစ်ကို .."

"မင်းနဲ့ ငါ စတင် ဆုံစည်းခဲ့ကြတာကိုက ဒုက္ခတွေနဲ့ပဲလေ .. မင်းကိုချစ်လို့ ငါက လိုက်စကားပြောခဲ့တဲ့ပုံစံမျိုးမှ မဟုတ်ဘဲ .. ဒီလော .. မင်းနဲ့ငါ မသိတဲ့လူစိမ်းတွေ မဟုတ်ကြဘူး .. မင်းကို ငါ ကူညီချင်စိတ်ဖြစ်မိတာမျိုး .. မင်းကလည်း ငါ့ကို ယုံတယ် ..၊ ဒါပဲ တော့ .."

အဆင်း မျက်နှာလေး ငေးငိုင်နေဆဲနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက အဲဒီလိုလူဆိုတာ အဆင်း သိပါတယ် .. ဒါကြောင့် အစ်ကို့ဘက်ကို အဆင်း ထည့်တွေးကြည့်တာ ... လက်ထပ်ကြဖို့ဆိုတာ အစ်ကို ထင်ထားသလောက် မလွယ်ဘူး ထင်တယ် .."

"ဒါဆို မင်း ဘာလုပ်ချင်သလဲ .."

"အစ်ကိုပဲ စဉ်းစားပေးပါ .. အစ်ကို ဆုံးဖြတ်တဲ့အတိုင်း အဆင်း ယုံကြည်တယ် ... ကျေနပ်မယ် .."

"လက်ထပ်ဖို့က လွဲရင်ပေါ့ .."

"အစ်ကိုလည်း အဆင်ပြေအောင်လို့ပါ .. အဆင်း ကို လက်မထပ်ပါနဲ့ .."

သူက စိုက်ကြည့်ပြီး ခပ်မဲ့မဲ့ပြုံးသည်။

ဒါကျတော့ မင်း လည်သားပဲ .. မိန်းမ ပီသတယ် ...





အခန်း (၂၆)

"ဘယ်လို!..."

ဇေရန် မျက်စိလည်သွားသည်။ နှစ်ယောက်စလုံးကို သေချာ ကြည့်လိုက်မိကာ ...

"လက်မထပ်ဘူး ဟုက်လား .. အခု ဒီမှာနေကြတာ သုံးညအိပ်.. အဲဒါ လက်မထပ်ဘဲ နေမလို့ .."

"ဘာလာဖြစ်နေတာလဲ .. ပြုံးတုံးပြုံတဲ့ .."

"ပြုံတာက ပြုံလောက်အောင် အံ့သြလို့ပေါ့ကွ ... နေဝါဦး .. နှစ်ယောက်စလုံးက ဒီတိုင်း ဖြစ်ချင်တာလား .."

ရန်သူ့ ကိုပဲ ကြည့်ပြီး မေးတော့ ရန်သူ့ မျက်လုံးတွေ အဆင်း ဆီ ရွေ့လျားသွားတာကို အမိအရ ဖမ်းမိလိုက်ပြီး ...

"အဆင်း က လား .."

"ဟင်!... ဟုတ် .. ဟို .. မဟုတ်ပါဘူး .. အဲ့ဒါ ..."



www.burmeseclassic.com

www.burmeseclassic.com



အဆင်း ခေါင်းညိတ်ပြီးမှ ပျာပျာသလဲ ခေါင်းခါသည်။ ပြီးတော့ ဘာမှလည်း မဖြေရှင်းတတ်ဘဲ …

"အဲ့ဒါက အဆင်း က ရိုးရိုးပဲ ပြောတာပါ …၊ ဟိုလေ အဆင်းတို့က ချစ်သူတွေ နိုးရာလိုက်ပြေးကြတာလည်း မဟုတ်တော့ လက်ထပ်ဖို့ မလိုဘူး မဟုတ်လား …"

"ဘာ!…"

"ဒီလိုလေ … အဆင်း က အဲ့ဒါလေးပဲ ပြောကြည့်တာပါ…၊ မရဘူးဆိုရင်လည်း …"

"ဟ … ရတာ မရတာက ငါတို့ဘက်မှာ ပြဿနာမရှိဘူးလေ … ညည်းဘက်မှာ ကြားလို့ကောင်းမလား ပြော … ဒီတိုက်ထဲမှာ အတူတူနေကြပြီးတော့ ညည်းတို့ချင်း ချစ်သလား မချစ်ဘူးလား ဘယ်သူက စိတ်ဝင်စားမှာလဲ …၊ ဘာလဲ … နိုင်ငံခြားမှာလို လင့်ဗင်း တူဂဲသား(ရ်) ဖြစ်ကြတာတွေ သဘောကျလို့လား …၊ ဒါ မြန်မာနိုင်ငံ …"

"စောရန် မလိုအပ်တာတွေ လျှောက်ဖောမနေနဲ့ …"

"လိုအပ်လို့ ပြောနေတာကွ …"

ဒါကိုတော့ မပြောလို့ မဖြစ်ပေ …၊ ဒီကောင်မလေး 'အ'သလို 'နုံ'နဲ့ ဘာအချိုးချိုးမှန်း မသိ …။

"အဆင်း … ညည်း နားလည်လား … မလည်လို့ လုပ်တာလားတော့ မသိဘူး … ညည်းတို့ လက်မထပ်ဘဲနေတာ နှစ်ယောက်စလုံးအတွက် လုံးဝကို မကောင်းဘူး နော် … အေး … မစာမနာ ပြောရရင်တော့ ညည်းက မိန်းကလေးဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ဘဲနေရင် နေပေါ့လို့ ငါတို့က ထားလိုက်မှာပဲ … ဘာဖြစ်လို့လဲဆိုတော့ ညည်းက ကလေးမှ မဟုတ်တာ … ဒါပေမယ့် ငါ့သူငယ်ချင်းမှာ အန္တရာယ်ရှိတယ် …"





အဆင်း မျက်ဝန်းလေးတွေက ဒါကို တကယ် မသိနားမလည်ခဲ့တာမှန်း သိသာစွာ ရန်သူ ကို လှမ်းကြည့်တာ စိုးရိမ်ခြင်းတွေနှင့် —

"ဘာ ဖြစ်နိုင်လို့လဲ ဟင် …"

"ဘာဖြစ်ရမလဲ … ညည်းကို ပေါ်တင်ကြီး ခွဲထုတ်လာတာ … အဲဒီအိမ်ကလူကြီးတွေ ဘယ်လိုပြဿနာရှာမလဲ ဘယ်သူမှ ကြိုမသိနိုင်ဘူးလေ … ကယ်လည်း ကယ်ရသေးတယ် … ဘာမှု ညာမှုတွေနဲ့ ထောင်ထဲရောက်ရင် …"

"အို!… အဲဒီလို မဖြစ်ရပါဘူး … အဆင်း ကို ကယ်တင်ခဲ့တာ အဆင်း သိတာပဲ …"

"ဥပဒေက သိတာပဲလို့ ဝင်ပြောတိုင်း 'ဟုတ်မှာပဲ'ဆိုပြီး စီရင်ချက်ချတာ မရှိဘူး … တရားကို နှုတ်စောင့်သလား မစောင့်ဘူးလားဆိုတာလည်း … ထောင်ထဲ ရောက်သွားပြီလား … ရောက်ရင် ရောက်တယ်မှတ် ပဲ …"

"အဲ့ဒါတွေ အဆင်း နားမလည်လို့ပါ … ပြီးတော့လေ … အစ်ကို အဆင်း အတွက်ချည်းပဲ တစ်ခုပြီးတစ်ခု တာဝန်ပိုနေမှာစိုးလို့ ပြောခဲ့တာပါ …၊ လက် … လက်ထပ်ဖို့က အရေးကြီးတယ်ဆိုရင် လက်ထပ်ပါ့မယ် …"

"နေပါဦး … ညည်းတို့ ညဘက် ဘယ်လို အိပ် … အဲ …"

"စောရန် … မင်း ဘာလာလုပ်တာလဲ …"

စောရန် စကားမဆက်ဖြစ်အောင် အသည်းအသန် လမ်းကြောင်းပိတ်ဖို့အတွက် ရန်သူ့ အသံက ကမန်းကတန်းကြီး ဖြစ်လျက် —

စောရန် က နှစ်ယောက်စလုံးကို လူကြီးစတိုင်လ်နဲ့ ခပ်တည်တည်ကြည့်၍ …

"မင်းတို့ကို အိမ်ရှေ့ဖို့ လာခေါ်တာ …"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှေ့မှာ မဟုတ်ဘူး .. ခုပဲ ထလိုက်လာရင် ရပြီ .. အပိုတွေ မပြောနဲ့ .."

"ရန်သူ .. ခုချိန်မှာ ငါက မင်းတို့ရဲ့ နှစ်ဖက်လူကြီးနော် .."

"ဘာလဲ .. ကိုယ့်ဘာသာ မဲပေးပြီး လူကြီး လုပ်လိုက်တာလား.."

"အခြေအနေအရ ဝင်လိုက်တာ .."

"ဟွန်း .."

ရန်သူ က မဲ့လိုက်ပြီး နေရာမှ ထသည်။ ဆိုဖာနောက်မှီမှာ တင်ထားသည့် ဂျာကင်ကို ဆွဲယူဝတ်ကာ ...

"မင်း အဝတ်စားတွေ သွားယူ .. အိပ်ခင်းနဲ့ ခေါင်းအုံးတွေ လိပ်ထားတာကို ထားခဲ့ .."

"ထားခဲ့ရမယ် .."

အဆင်း က ထရပ်လိုက်ပြီးမှ တအံ့တသြ ပြန်မေးကာ ...

"အဲ့ဒါတွေ အစ်ကို ဝယ်တာလေ .. ဘာလို့ ထားခဲ့ရမှာလဲ .."

"အမလေး ဗျာ .. ဟုတ်ပါတယ် .. ညည်းတို့ ဝယ်တာပါ .. အဲ့ဒီအိပ်ရာလိပ်ကို သယ်ဖို့တာဝန်ကျတာက ငါလေ .. အဲ့ဒါကြောင့် အေးဆေး ကားပေါ် သွားထိုင်နေပါ ..၊ တကယ်ပါပဲ နှစ်ယောက်စလုံး မာတ်ကူနာမ်ကူ .."

"ဘာ တူဘာလဲ ဟင် .."

"အဲဒီမှာ မေးကြည့် .."

စောရန် က ကျကျနန ဖြီးထားသည့်ဆံပင်တွေကို ထပ်ဖိချကာ အိပ်ခန်းဘက်ကို ဝင်သွား၏။

ပြီးမှ ပြန်လှည့်ကာ ...

"ရန်သူ ရေ .. မင်း ကားမမောင်းနဲ့နော် .. အပြန် လုပ်စရာတွေ ရှိသေးတယ် .. ခရီးကို မင်း မသိသေးဘူး .."





"ဘာလဲ .."

"မင်းတို့ လက်မှတ်ထိုးဖို့ကိစ္စ .."

"ပုံကြီးချဲ့မနေနဲ့ .. ဟိုထည်ယံလ်မှာ ဒိတ်လုပ်နေမှာ မဟုတ်ဘူး.. အိမ်ရောက်ရင် စာချုပ်နှစ်စောင် ပြန်ထွက်ဝယ်လိုက် .."

"အံမာကွာ .. ပြောပေါ့ .. လူရှိန်တာပေါ့ .."

ရန်သူ့ မျက်နှာ တင်းနေတာကို သူ မသိဘဲ နေမလား ..၊ လူပါး ပုလင်းကွဲရှတော့ သူများထက် ပိုပြီး အထိနာပြီပေါ့ ..။ ဘယ်နေရာတွေမှာ ပါးနေမှန်း မသိ ..၊ ဒီနေရာမျိုးမှာ ရန်သူ ဆိုတဲ့ကောင် တော်တော်ကို တုံးပါသည်။

ကောင်မလေးကို ဒီလောက် စိုးရိမ်တကြီး ကာကွယ်ချင်နေတာများ ဂရုမစိုက်သလိုလို .. မကြိုက်သလိုလို ..၊ ကွယ်ရာမှာ ပြောတော့ ဆင်ဖမ်းမယ် .. ကျားဖမ်းမယ် ..။

ဆင်တွေ .. ကျားတွေ ဘယ်လိုဖမ်းသလဲ မသိပေမယ့် မိန်းကလေး တစ်ယောက်ကို ငုတ်တုတ်ထိုင်ကြည့်ပြီး ထွန့်ထွန့်ကြီးတစ်ခွဲသားနဲ့ ဘာပုံ ဖမ်းချင်တာလဲ ..၊

"စောရန် .."

"ဟမ်!..."

စိတ်ကူးတွေနဲ့ အသံတိတ် ကဲ့ရဲ့နေမိရင်း အိပ်ရာလိပ်ကို သေချာ ပြန်ပတ်နေတုန်း ရန်သူ နောက်က ဝင်လိုက်လာကာ ...

"ဟိုအိမ်မှာ ကွိုင်တက်ကုန်ပြီ ဆို .."

"ဟုတ်တယ် .. ငါ သိသားပဲ .. မင်း မနေ့ညက အပြင်ထွက်တယ် မို့လား .."

"မထွက်ဘဲနဲ့ အိမ်တွင်းပုန်းနေရအောင် ငါက မီးနေသည်လား"

"မီးနေသည်တွေ အပြင်ထွက်လည်း သေချင်မှ သေတာ .. မင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုက အတင့်ရဲလွန်းတယ် ..၊ လမ်းက ကျောချင်းကပ်လေး .. ဒေါ်မျိုးရီက သူ့တူမကို ဘာတွေကြံနေမှန်း မသိဘူး .. အဲဒီဒေါသတွေ မင်းဆီ ရောက်လာမှာလေ .."

"အခု မရောက်ဘူးမို့လား .. နားပူလိုက်တာကွာ.. ဒီမှာ ဦးနှောက် စားနေရတဲ့အထဲ .."

"ဘာလဲ .. ထီပေါက်ပြီး ထီလက်မှတ် ရှာမရလို့လား .."

ရန်သူ့ မျက်နှာကြီး တင်းသွားတော့ စောရန် က မသိသလို ကြည့်၍ ...

"သေချာရှာပါဦး .. အထားမှားလို့ ဖြစ်မှာပါ .."

"ဟုတ်တယ် .. အဲ့ဒါ မင့်ကြီးတော် သီလရှင်ဝတ်ရင် ကျောင်းဆောက်လှူမလို့ ရည်ရွယ်ထားတာ .."

"ဟုတ်လား .. ဒါဆိုလည်း သီလရှင်ဝတ်တဲ့အထိ မစောင့်ပါနဲ့ကွာ .. ငါ့ကြီးတော်ခမျာ ဆင်းရဲရှာပါတယ် .. မရှိတဲ့လူကို လှူလည်း ကုသိုလ်ရတာပဲဟာ .."

"လှူချင်စရာပဲ .."

"မင်းကလည်း ပြောချင်စရာလေ .."

မျက်စောင်းထိုးမိတာချင်း တူကာ စောရန် က နှုတ်ခမ်းပါ မဲ့၏။

"ငါက အကောင်းပြောနေတာ .. ဝင်းထွန်း ကိစ္စမှာ ဝင်ရှုပ်ပြီး ဟိုသတ္တဝါတွေနဲ့လည်း ငြိထားသေးတယ် .. အဲ့ဒါ တကယ့်အကြီးစား ဒိန်းဂျား နော် .. ဒီလိုကောင်တွေက ဂိုဏ်းနဲ့ .. အဖွဲ့အစည်းနဲ့ .."

"အဲ့ဒီမှာ အကြီးဆုံးက ငါ့ဦးလေး ဝမ်းကွဲ .."

"ဟင်!..."

"နယ်စပ်ပိုင်းမှာ အရောင်းအဝယ်တွေနဲ့ ငြိနေတဲ့ လက်ထောက် ဆိုတဲ့ကောင်က ငါ့သူငယ်ချင်း .."





"ဟုတ်လား .. တကယ် ပြောနေတာလား .."

ရန်သူ့ မျက်နှာက ရယ်မလို ပြုံးမလိုနှင့် သူ့သဘောမှာ ထိုင်ချလိုက်သည်။

ပြီးတော့ အိပ်ခန်းကို လှည့်ပတ်ကြည့်ပြီး မျက်လုံးနဲ့ မဆိုင်သော စကားကို ဆက်၍ ...

"ညာစရာလားကွ .. လူဆိုးသူခိုး ဆွေမျိုးတွေ ရှိနေတာ ဂုဏ်ယူစရာ ကောင်းလို့လား ..၊ မင်းရဲ့ ပွစိပွစိကို နားငြီးလို့ ပြောပြတာ .."

"တယ်ဟုတ်ပါလားကွ .."

ဂုဏ်ယူစရာ မဟုတ်ပေမယ့် စောရန် ကတော့ ဂုဏ်ယူဝမ်းသာသွားသည့် မျက်နှာကြီးက ပြုံးအီလျက် ...

"ဒါဆို အငြိမ်းဖယားပဲကွ .. မင်းလိုကောင်မျိုး တကယ်ရှားတယ်နော် .. နည်းတဲ့ကုသိုလ်ကံ မဟုတ်ဘူး .."

"ဘာဖြစ်လို့လဲ .."

"မိတ်သံ ရန်သံတွေ အပြည့်အစုံနဲ့လေ .. လူကလည်း ဖျတ်ဆတ်ဆတ် မာကျောကျော .. အားမကိုးပေမယ့် လိုအပ်ရင် အားကိုးစရာတွေ အပြည့် .. မကြောက်တတ်ပေမယ့် လာဖြဲခြောက်မယ့်လူကို မရှိတာ နည်းတဲ့ကုသိုလ်လား .. ငါ့မှာ အဲဒီကောင်တွေကို တွေးကြောက်နေတာ မင်းက ဖြစ်လာရင်လည်း ကြောက်မှာ မဟုတ်ဘူး ..၊ ငါပါ ပါနေတော့ ငါကတော့ ကြောက်တယ် .."

ရန်သူ က စီးကရက်ထုတ်၍ မီးညှိရင်း နေရာမှ ထသွားကာ —

"ငါက ဒီလိုလူတွေကို ခြိမ်းခြောက်ပြီး အပေးအယူလုပ်ရအောင် ဘာမို့လို့လဲ .. ကြောက်စရာရှိရင် ကြောက်တတ်တာပဲ .."

"နေပါဦး .. မင်းဦးလေးနဲ့ မင်းက အဆက်အသွယ် ရှိနေလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါဘူး .. သူ့ကောင်တွေမှန်းတော့ ငါ သိတယ် .. ဒါကြောင့် ငါ့မှာမည် ပြောပြလိုက်ဆိုပြီး စိန်ခေါ်လိုက်တာပေါ့ .."

ပြောနေရင်း ပြုံးလိုက်ကာ ...

"ငါ လုပ်ပြလိုက်တာ ဝင်းထွန်း ဆိုတဲ့ကောင် အဟွန်း .. ရယ်ရတယ် .."

"အခု ဒီကောင့်ကို လုံးဝ မတွေ့ဘူးကွ ..၊ သူတို့အိမ်မှာလည်း အဝင်အထွက်တွေ ရှုပ်နေတာပဲ ..၊ ဒါပေမယ့် ငါတို့မသိတဲ့လူတွေ.."

"ဒီကောင် မလွယ်ဘူးဆိုတာ ငါ သိသားပဲ ..၊ ငါတောင် ဒီအဖွဲ့နဲ့ သွားငြိမိတာ ကံကောင်းလို့ .."

"ဘာမလွယ်တာလဲ ..၊ ဘာဖြစ်နိုင်လဲ ပြောစမ်းပါ .."

"မသိဘူး .. ဒါပေမယ့် သူ ရှုပ်ထားတာတွေက အများကြီးလေ.. ဟိုက ဆွဲဇေထားရင် သူ ဘယ်လိုမှ ရုန်းထွက်နိုင်စရာ အကြောင်းမရှိဘူး ..၊ ဟိုပြန်ပြေးဖို့ကလည်း နောက်ပိုင်းမှာ လမ်းကြောင်းမရှိတော့ဘူး ..၊ ရောက်တဲ့နေရာမှာ ရှုပ်ပစ်ခဲ့တာ .."

"ဖြစ်နိုင်တယ် .. ဒီလိုလူနဲ့ အဆင်း ကို မင်းက .."

"သူ့အခေါ်က နိုင်ငံတာလေ .. ငါက သူ့အဖေမှ မဟုတ်တာ.."

"ခုတော့ မင်းပဲ မနေနိုင်ဘူးမို့လား .. အမြင်မတော်ရင် မနေတတ်ဘဲနဲ့ ကိုယ့်အကြောင်း ကိုယ် သိရင် အစတည်းက အမြင်မတော် ဖြစ်နေတာကို ရှေ့မတိုးဘဲ နေရမှာ .."

"အစက အမြင်တော်တယ် .."

"အခုမှ အမြင်မတော် ဖြစ်လာတာဆိုရင်လည်း ကိုယ့်ဘက်က ပြောင်းလဲနေတာကို သူ သိအောင် ပြပေါ့ကွာ .."

"တော်တော့ ဟေ့ကောင် .. ငါ အဲလောက်ထိ မရင့်သေးဘူး.."

"ရောဂါရင့်မှ ကုရခက်တယ်နော် .. လုပ်မနေပါနဲ့ ရန်သူ ရာ.."





အဆင်း ကြောင့်ပဲ မင်း ဒီအလုပ်ကို လုပ်ခဲ့တာ မသိတာကျနေတာပဲ.. အခု အမြင်မတော် ဖြစ်လာတာက ငါရယ် .."

"ဘာ!..."

"ဟုတ်တယ်လေ.. မင်း သူ့ကို ချစ်နေတာ သိသိကြီးနဲ့ ယောကျ်ားတန်မယ့် မာနကြီးမနေစမ်းပါနဲ့ .. ငါ ကြည့်နေရတာ အသည်းယားတယ် ..၊ အဆင်း က သံကွန်ချာခုနစ်ထပ်ထဲက ခုမှ ထွက်လာရတာမို့ လို့နော် .. ဒီလိုလှတဲ့ မိန်းကလေးကို ပုံမှန်အတိုင်းသာဆို မင်း စိတ်ကူးယဉ်ခွင့် ရလိုက်မှာတောင် မဟုတ်ဘူး ..၊ ချစ်မယ့်ခင်မယ့်သူ မရှိ .. ဂုဏ်ဓနမရှိတဲ့ အပယ်လေးပေမယ့် .."

"ဘာလဲ .. အဆင်းရှုပါ အတွက် ငိုချင်းချပေးမလို့လား .."

"မဟုတ်ဘူး .. မင်း ရင်ထဲကို ကဗျာတွေ အလင်္ကာတွေ ထည့်ပေးနေတာ .."

"မလိုဘူး .."

ရန်သူ က နေရာမှ လှည့်ထွက်သွား၏။

"နေပါဦး .."

စောရန် က လက်ကို လှမ်းဆွဲကာ ...

"မင်းကို ငါ ပြောချင်တာက ဒီည မိုးမချုပ်ခင် လက်ထပ်ကြဖို့ လုပ် ..၊ အဲ့ဒါ အရေးကြီးဆုံးပဲ .. တော်ကြာ အဆင်း ရှေ့မှာ မင်း အက်တင်ခံနေတဲ့မျက်နှာကြီးနဲ့ .. ကြိုက်သလိုလို မကြိုက်သလိုလိုတွေ ပြောပြီး .."

"သူ မကြိုက်ဘဲနဲ့ ငါက သေအောင်ကြိုက်ပါတယ် ဖြစ်နေတော့ ရော .."

"ဟ .. ဒါဆို ပြီးပြီပေါ့ .. အဆင်း က တော်ရုံဆို သူ တလေးကျိုး မသိတာနော် .. ဟန်ဆောင်နေတာ မဟုတ်ဘူး ..၊ အဲ့ဒါကို မင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာတွေ ထုတ်မပြောဘဲနဲ့ ..”

“ဟုတ်ကောင် ..”

“ချစ်နေတာတွေ ပြောတာ ..”

“ဘယ်သူက ချစ်နေပါပြီ ပြောနေလို့လဲ ..”

“မင်း ..”

“ဟွန်း ..”

“ဘာမှဲ့တာလဲ .. တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် နားမလည်တာတွေက ဒုက္ခပေးတတ်တယ် .. ပြီးကျမှ မပြောမရှိနဲ့ .. ငါကတော့ အိမ်မှာ မင်းတို့အိပ်ခန်းရော .. လက်မှတ်ထိုးဖို့ အသိသက်သေအတွက်ပါ အားလုံး စီစဉ်ပြီးပြီ ..၊ မင်းကို ပြောပြနေတာက ဟိုကောင်မလေး မအူမလည် ဖြစ်နေတိုင်း မာနတွေ ပြန်ထားမနေဖို့ ..”

“ထားသင့်ရင် ထားရမှာပဲ .. ငါ ဒီလိုဖြစ်နေရင် သူလည်း ဖြစ်သင့်တာပေါ့ .. သူက ဘာမှမဟုတ်ရင် ငါလည်း မဟုတ်ဘူးပဲ ..၊ လူကို နှာဘူးလိုလို တဏှာရူးလိုလို အကြည့်မခံနိုင်ဘူး ..”

“အေးပါ .. ငါ အဆင်း ကို ပြောထားပေးမယ် .. မင်းရန်သူဆိုတဲ့ကောင်ကို ချစ်ချစ်ခင်ခင် ကြည့် ..၊ လေးလေးစားစား ကြည့် .. မျက်တောင်ပါ မခတ်နဲ့ .. မျက်စောင်းထိုးတယ် ထင်သွားဦးမယ်လို့..”

ရန်သူ့ မျက်နှာ ရဲခနဲ ဖြစ်သွားကာ ဒေါသတွေ အတိအကျနှင့်...

“ခွေးဝဲစား ..”

လက်သီးဆုပ်ကြီး အဖြောင့်တိုင်း ပစ်ဝင်လာ၏။

“ဟာ!...”

စောရန် အိပ်ရာလိပ်ကြီးပေါ် ကိုးယို့ကားယား ခုန်တက်ပြေးရင်းရယ်ကာ ...

“ဘာဖြစ်တာလဲ .. မင်း ကျေနပ်ဖို့ မဟုတ်ဘူးလား ..”





“မကျေနပ်သေးဘူး .. တောက မင်းညီမတွေ ရှိသမျှပါ အလိုက်ပေးမှ ..”

“ပေးမယ်.. လုံးဝ အားလုံး ပေးမယ်.. စတော့(ပ်) .. စတော့(ပ်)..”

လက်သီးနဲ့လွှတ်အောင် ဆုတ်ရှောင်၍ လက်တကာကာနှင့် ရယ်ရင်း ...

“ပေးချင်နေတာ ကြာပြီဥစ္စာ ..”

နောက်ကနေ အော်ပြောနေသေးသည်။ ရန်သူ စီးကရက်ရှိုက်၍ ပြုံးနေမိလျက် ...

လိုချင်တာက တစ်ယောက်တည်း ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၇)

ဦးစိုးဝဏ္ဏ မျက်နှာကြီး နီရဲနေကာ ဒေါ်သစ်သစ် က စီးကရက်ကို ဟန်ပါပါ ထုတ်နေပြီးမှ ဒီတိုင်းကိုင်ထားကာ …

"ပြောပါ .. ဆက်ပြောပါ .. ငါကလည်း ငါ့သား ပျောက်သွားတည်းက အပြစ်ရှိနေသလို ခံစားနေရတာပါ .. နင်လည်း နင့်ရည်ရွယ်ချက်တွေ အထမမြောက်တော့ ဒေါသထွက်မှာပေါ့ .."

ဒေါ်မျိုးရီ က ခေါင်းခါ၍ …

"ကျွန်မ ရည်ရွယ်ချက်တွေ အထမမြောက်တာ မဟုတ်ပါဘူး.. မနိုင်တဲ့တံတားမို့လို့ ကျိုးတာ .. အမြီးအမောက်မတည့်လို့ ရုပ်လုံးမထွက်ခဲ့တာ .. အစတည်းက မကြံစည်သင့်တဲ့ကိစ္စကို နောက်ပိုင်းမှာ မရိုးသားမှုတွေ ရှိလာတာ သိနေပေမယ့် ရီ မိုက်မိုက်မဲမဲ ရှေ့ဆက်တိုးလို့ .."

"ဘယ်လို!… နားထဲမှာ ရှုပ်သွားသလိုပဲ .."





ဦးစိုးဝဏ္ဏ က ဘာမှ မမေးခဲ့ မပြောခဲ့သလို ညီမဖြစ်သူ ပြောခဲ့ရတာတွေကိုလည်း မထောက်ခံ .. မတားဆီး ..။

"မရိုးသားမှုတွေ .. ဟုတ်လား .."

မျက်လုံးချင်းဆုံတော့ ဒေါ်မျိုးရီ က တည်ငြိမ်သည့်အကြည့်တို့ဖြင့် …

"'နင် ဘယ်တုန်းက ငါ့အကြောင်းတွေ ဘယ်လိုပြောနေတာ ဘာညာ' .. အဲဒါမျိုးတွေ သက်ဘရှင်းရတာ ရပ်ကွက်လေးထဲက စရိုက်တွေပါ မသစ် .. ရီ တို့ အဆင့်အတန်းတွေနဲ့ ဒီလိုမေးခွန်းတွေ ထွက်လာရမှာ မဟုတ်ဘူး .."

"ဒါပေမယ့် ရှုပ်နေရင်တော့ ရှင်းရမှာလေ .."

"မရှုပ်ခဲ့ပါဘူး .. ဘယ်သူမှ မရှုပ်ခဲ့ဘူး .. ရီ တစ်ယောက်တည်းရဲ့ သဘာဝလွန် အတ္တဆူးတွေနဲ့ အမှောင်ဖုံးခဲ့တာ .."

မသစ် တို့ ပြောနေကြတာတွေကို ချစ်စု က အဆုံးအပြောခံပြီး လာတိုင်သည်။

သူမကလည်း မာန်မဲ ကြိမ်းမောင်းလွှတ်ခဲ့သည်။

ဒါပေမယ့် ကိုယ်ကိုယ်တိုင် ကြားခဲ့ပြီးသားတွေမို့ ဒေါသတွေ နှစ်ဆတိုးဖြစ်ခဲ့မိတာ ထိုစဉ်က ကိုယ့်ကိုယ်ကိုယ် နားမလည် ..။

မသစ် တို့ ဘယ်လို မျှသိပ်နေကြတာ ..၊ ဘာတွေ ကြံစည်နေတာ သူမ ကြိုသိပါလျက်နဲ့ မှားပြီဆိုတာလည်း သိနေလျက်နှင့် နောက်ဆုတ်ဖို့ ခက်နေပြီဖြစ်သည့် မာနတွေကြောင့် ဆိတ်ဆိတ်နေခဲ့သည်။

ကိုယ်တိုင် စီစဉ် .. ကိုယ်တိုင် ပါဝင်လှုပ်ရှားလာခဲ့တာ .. အဆုံးထိ ရောက်နေကာမှ မှားပါပြီလို့ မဝံ့ကြွေးချင် ..။

မလုပ်သင့်တဲ့အလုပ်မှန်း သိလာတာက တခြား .. ဦးချော် ကို မပြောနိုင်သည့် အမှန်းငြိုးက သပ်သပ် ..။

www.burmeseclassic.com



ဒီလူရဲ့ နှလုံးသည်းပွတ်ကိုမှ ခြေမွပစ်ချင်သည်။ ကောင်းကောင်း တုံ့ပြန်နိုင်ဖို့ ဆုံးဖြတ်၏။ ထိုဆုံးဖြတ်ချက်ဟာ ဦးရှုပါ မျှော်လင့် တည် ဆောက်ခဲ့သည့် အဆင်းရှုပါ ရဲ့ အနာဂတ်တစ်ခုလုံး ဖောက်ထိုးမိုးမျှော် ဖြစ်သွားဖို့ ...၊

"အားလုံးမှာ အပြစ်မရှိဘူး .. ရီ့ မှာပဲရှိတာ ...၊ ဆင်းရဲတဲ့လူကို ချမ်းသာအောင် လုပ်ပေးမယ်လို့ ပြောခဲ့တာက ရီ .. ကိုယ့်တူမပေမယ့် ဦးရှုပါ ရဲ့သမီးလို့ပဲ သတ်မှတ်ခဲ့တာလည်း ရီ ပဲ ...၊ ချမ်းသာချင်လို့ အစစအရာရာမှာ ပိုင်းဝန်း ကြိုးပမ်းကြတာ အပြစ်မရှိပါဘူး .. ရီ့ လက်ထဲက အဆင်း ရုန်းထွက်ခဲ့တာလည်း အပြစ်မရှိဘူး .."

ဒေါ်မျိုးရီ က မျက်ရည်ဝဲနေပေမယ့် ငိုချင်နေပုံ မရှိပေ ...၊ မျက် ဝန်းတို့သည် အငွေ့တလူလူ တက်နေသည့် ရေခဲပြင်နှင့် တူနေကာ...

"အားလုံး မှန်တယ် .. ရီ ပဲ မှားသွားတာ .."

"စကားလုံးလှလှတွေ သုံးမနေပါနဲ့ ရီ ရယ် .. နင် ကိုယ့်ကိုယ် ကိုယ် အပြစ်ဖို့နေတာတွေက ငါတို့ကို ဆဲနေသလိုပါပဲ .. အဲဒီအတိုင်း ဘာမှ မထူးဘူး ...၊ နေပါဦး .. အဆင်း ကို နင်ကိုယ်တိုင် လမ်းဖွင့်ပေး လိုက်တာတော့ မဟုတ်ပါဘူး နော် .."

ဒေါ်မျိုးရီ က ဒေါ်သစ်သစ် မျက်နှာကို ခံစားချက်မဲ့စွာ ကြည့်၏။

"မသစ် အဲလို ထင်တာလား .."

"ဟုတ်တယ် .. ခုမှ မဟုတ်ဘူး အစောကြီးတည်းက ထည့်တွက် ထားတာ ...၊ နင် ဘယ်လိုပဲ ရက်စက်တဲ့ပုံတွေ လုပ်ပြပြ မမျိုး ကိုတော့ နင် စောင့်ရှောက်နေတာပဲ .."

"ဩော် .. ရီ့ ပုံစံက အစ်မကို စောင့်ရှောက်တာတောင် အဲ့ဩ စရာ ဖြစ်နေရတဲ့ပုံ ပေါ်သွားတာလား .."

"နင် ပြောခဲ့တာတွေအရပေါ့ .."





ဒေါ်မျိုးရီ က ခံစားချက်မဲ့သည့်မျက်နှာနှင့် နှုတ်ခမ်းတွေ တွ သွားရုံမဲ့လျက် ...

"အဲဒါကို ပြောတာ .. အဲ့ဒါ ကျွန်မရဲ့ ရှုပါနေထရယ်(လ်) ဖြစ် တဲ့ အတ္တတွေ .."

"မင်း ဘာပြောချင်တာလဲ ရီ .. အခု ဝင်းထွန်း က ပျောက်သွ တယ် .. ဖြစ်ပုံအရ သူ့အရှုပ်တွေကြောင့် ထွက်ပြေးသွားတယ်ဆိုတ လည်း သေချာတယ် .. အဲဒီတော့ ငါတို့အားလုံး ဒီအပြစ်နဲ့ မလွတ်တ တာလား .. မင်း ပြောချင်တာ ငါတို့ကိုပါ .."

"ရီ ဘာမှ မပြောရသေးဘူး ကိုစိုး .. ဒီအဖြစ်တွေထဲမှာ အကျည် တန်ဆုံး နာမည်ပျက် စွန်းထင်းကျန်ရစ်တာက ဝင်းထွန်း မဟုတ်သ အဆင်း လည်း မဟုတ်ဘူး .. တခြား ဘယ်သူမှလည်း မဟုတ်ဘူး—

"ပြောလိုက်ပါဦး .. ကျွန်မပါပဲလို့ .."

"ဒါ အမှန်အတိုင်းပဲလေ .."

"ထားလိုက်ပါ .. အဖြစ်မှန်တွေထဲမှာ ပြန်ကြည့်လိုက်တော့ ဇာတ်ရဲ့သရုပ်က ပေါ်နေပြီပဲ .. မင်းက လူဆိုးဖြစ်သွားရင်တောင် မင် ပိုင်တဲ့ထဲက ခွဲခြမ်းစိတ်ဖြာခဲ့တာ .. မင်းက သူဌေး .. ငါတို့က ကြ တွေသက်သက်ဆိုတော့ လူကြမ်းတွေပေါ့ .. လူကြမ်းဆိုတာ —"

ဦးစိုးဝဏ္ဏ ဆက်မပြောဘဲ ထိုင်ရာမှ ထသည်။

ဒေါ်သစ်သစ် က အစ်ကိုဖြစ်သူကို ထိတ်လန့်သွားသည့်မျက်မှ နှင့် မော့ကြည့်၏။

"မင်း ပြောသွားတဲ့ထဲမှာ မင်းအပေါ် မရိုးသားခဲ့တာ ငါ ပါတယ် နော် .."

ဒေါ်မျိုးရီ က ဘာမှမပြောသလို လှည့်လည်း မကြည့် —

"ဟုတ်တယ် .. ဦးရှုပါ ကို မင်း မချစ်ဘဲ လူ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခဲ့ရတာလို့ ထင်ပြီး ငါ မင်းကို ခွင့်လွှတ်နိုင်ခဲ့တယ် ..၊ လက်ထပ်ခဲ့တုန်းကလည်း ငါ မင်းကို ချစ်ခဲ့တာ အရင်အတိုင်းပဲ ရီ.. ဒါပေမယ့် မင်းရဲ့ အဆင်း အပေါ်မှာ မုန်းတဲ့ အမုန်းတွေ ကြီးမားလွန်းကဲလာလေ .. မင်းရင်ထဲက မျိုသိပ်ထားခဲ့တဲ့ အချစ်တွေက ပွင့်အံလာလေ.. အဲဒီအချစ်တွေက ငါ့အတွက် မဟုတ်ဘဲနဲ့ ငါက ဘာကို ကျေနပ်နေရမှာလဲ .."

သူ စိုက်ကြည့်နေသည့် ဒေါ်မျိုးရီ မျက်ဝန်းမှာ မျက်ရည်တွေ ပို၍ ကြည်လဲ့ ပြည့်တက်လာတော့ နာကျင်စွာ မှဲ့မိသည်။ ဒါက ဝန်ခံနေသည့် မျက်ရည်တွေ ..၊

"အဲဒါတွေကို ငါ မခံစားနိုင်လို့ ပြောတယ် .. ဒါကို မရိုးသားဘူးလို့ ပြောရင် မင်း ပြောလိုက်စမ်းပါ ရီ ..၊ မင်းက ငါ ထင်သလို မတတ်သာလို့ ခေါင်းညိတ်ခဲ့ရတာမှ မဟုတ်ဘဲ .. ကိုရှုပါ့ ကို မင်း ချစ်လို့ ယူခဲ့တာ .. ဆင်းရဲတဲ့ ငါ့လိုလူထက် ပိုချော ပိုချမ်းသာတဲ့ မင်းရဲ့ခဲအိုကို မင်း အထင်ကြီးခဲ့တာ .."

ဒေါ်မျိုးရီ က နည်းနည်းမှ မလှုပ်ဘဲ ငြိမ်သက်နေခဲ့၏။ ထိုအမူအရာကြောင့် ဦးစိုးဝဏ္ဏ ဆတ်ဆတ်ခါ နာကျင်နေခဲ့တာကိုလည်း သိသလား .. မသိဘူးလား .. ဒါလည်း မသိ ..။

"ဒါပေမယ့် တစ်ခုတော့ မင်း ပါးစပ်က ပြောစမ်းပါ .. မင်း ငါ့ကို လက်ထပ်ခဲ့တာ ဘာအတွက်လဲ .."

"... ... ... ..."

"ငါက ဘာလဲ .."

"ကျွန်မ ချစ်ခဲ့ရတဲ့သူ .."

ဦးစိုးဝဏ္ဏ ငေးစိုက်ကြည့်ရင်း တိတ်သွားခဲ့၏။

"ငါကတော့ မျက်စိရော နားရော လည်နေပြီ ရီ .. နင် ဘယ်သူကို





မုန်းနေသလဲ ..၊ ချစ်နေသလဲ ဘာမှ နားမလည်တော့ဘူး .. ဒါပေမယ့် တစ်ခုတော့ သိတယ် .. နင် ငါတို့ကို မရှိစေချင်တော့ဘူး .."

ဒေါ်မျိုးရီ မျက်နှာက တစ်ဖက်ကို ပို၍ တိမ်းစောင်းသွားသည်။ ဒေါ်သစ်သစ် က မဲ့လိုက်ပြီး ...

"ဓာတ်လမ်းဆုံးနေကာမှ ဘာဖြစ်လို့ ငိုကြွေးနေသေးတာလဲ အစ်ကိုစိုး .. ဒီလောက်ထိ အစွန်းရောက်နေတဲ့ မိန်းမဆီက မေတ္တာကို မျှား မျှော်လင့်နေသေးတာလား .."

လှည့်မကြည့်ဘဲ ဒေါ်မျိုးရီ က မဲ့ပြုံးယဲ့ယဲ့နှင့် တိတ်ဆိတ်စွာနေ၏။ ဘာလုပ်သင့်တယ်ဆိုတာ ကိုယ်တိုင် သိရမည်။ ကိုယ့်ဘာသာ ဆုံးဖြတ်ရမည် ..။

တိုင်ပင်ကြပါစေ .. ဒါ ကိုယ်က ဝင်ပြော အမိန့်ပေးရမည့်နေရာ မဟုတ် ..။

"သူ ဖြစ်စေချင်တာတွေကို ဆိတ်ဆိတ်နေပြီး သရုပ်ပြနေတာ အစ်ကိုစိုး မာနလေး ဘာလေး ထားစမ်းပါ .. တကယ်တမ်းကျတော့ ဒီအိမ်မှာ အဆင်း ကလွဲရင် အားလုံး ဘာမှ မပိုင်ကြတဲ့သူချင်း .."

"ဟုတ်ပါတယ် .."

ဒေါ်မျိုးရီ က အေးဆေးပြော၍ ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။ မျက်ရည်စတို့သည် ကျလည်း မလာ ..၊ သိုသိပ် ဖျောက်ဖျက်ဖို့လည်း မကြိုးစားခဲ့သည်မို့ မျက်ဝန်းမှာ ဒီတိုင်း တလက်လက် ဝေနေဆဲနှင့်—

"အဲ့ဒါကြောင့် ကျွန်မက ဘာမှမဟုတ်တဲ့ မျိုးမျိုးရီ ပါ .. ဘယ်သူ့ကို ဘာအမိန့်မှ မပေးခဲ့ .. မပေးနိုင်တဲ့ မျိုးမျိုးရီ လို့ သတ်မှတ်ပြီး အုပ်စိုးခြယ်လှယ်ခံနေရတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေတာတွေကို မေ့ဖျောက်ပေးကြပါလို့ .."

"မလိုပါဘူး .. နင့်ကိုယ်နှင် မသိပေမယ့် ငါတို့က သိပြီးသား—



www.burmeseclassic.com

www.burmeseclassic.com



ငါ့အစ်ကိုလည်း သူ့ကိုယ်သူသာ မသိတာ ငါ သိတယ် .. တကယ့် အဖြစ်မှာ အစ်ကိုက အဖြည့်ခံ ..”

ဒေါ်မျိုးရီ ဆတ်ခနဲ ဖြစ်သွားသည်။ စိုးရိမ်သည့်မျက်ဝန်းတို့သည် စူးစိုက်ကြည့်နေသော ဦးစိုးဝဏ္ဏ မျက်ဝန်းများနှင့် ကြာမြင့်စွာ ဆုံနေခဲ့ပြီးမှ လွှဲ၍ ...

“ဘာမှ မပြောချင်တော့ပါဘူး .. ဒါပေမယ့် ..”

“မပြောပါနဲ့ ငါတို့က သွားမှာပါ .. အစ်ကိုစိုး လည်း သဘောပဲ..၊ ဒီအိမ်မှာလာပြီး အစ်ကိုစိုး နဲ့ပတ်သက်တဲ့အရိပ်မှာ ခိုလှုံခွင့်ရခဲ့တာကို တော့ ကျေးဇူးတင်ပါတယ် .. ဒါပေမယ့် သစ်သစ် တို့က အခြေမဲ့ အနေမဲ့တော့ မဟုတ်သေးဘူး ..”

ပြောပြီးတာနှင့် ကိုယ့်မာနနဲ့ကိုယ် ခြေလှမ်းပြင်သည်။ ပြီးတော့ မသွားသေးဘဲ ကျောက်ရုပ်လို ရပ်နေသည့် ဦးစိုးဝဏ္ဏ ကို ပြန်ငဲ့ကြည့်၏။

“အဟွန်း .. ‘မောင့်ဆိုးမျိုးကို ခံနိုင်သူ ကျွန်မဖြင့် ရှိမည်မထင်’ ဆိုတာ မိန်းမတွေ ဟစ်ကြွေးနေကြတာပဲ ကြားဖူးတာ .. ခုမှပဲ..ဟွန်း..”

ရယ်ပြီးရင်း ရယ်ကာ နှစ်ယောက်ကိုကြည့်၍ အကြာကြီး ရပ်နေသေးသည်။ ပြီးမှ ...

“နင့်ရဲ့ အစွဲအလမ်းကြီးတဲ့ အတ္တထဲမှာ ငါတို့ အပါအဝင် ငါ့ အစ်ကိုလည်း မပါခဲ့ပါဘူး .. အချစ်ကို အကြောင်းပြပြီး ယောကျ်ား တစ်ယောက်လုံးကိုတောင် အဖြည့်ခံလို သဘောထားသေးတာ.. ငါ့သား ဝင်းထွန်း ကို သားလိုမွေးပြီး ဟန်ဆောင်အပြုံးတွေနဲ့ အသုံးချခံရတာ ငါ ဖြေနိုင်ပါတယ် ..၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ် .. ငါ့သား ဘာဖြစ်သွားသလဲဆိုတာ မသိရသေးဘူး .. ဒါကို ငါ စုံစမ်းမယ် .. ငါ့သား ပျောက်သွားခဲ့တာ နင့်ပယောဂဆိုလို့ကတော့ ..”





“မသစ် ..”

ဒေါ်မျိုးရီ မျက်နှာက သွေးမထက် အဆပေါင်းများစွာ အေးစက်နေခဲ့လျက် ...

“ကျွန်မ ဘာမှ မလုပ်ခဲ့တဲ့အတွက် ရှင်းပြစရာ ဘာမှ မရှိသလို မသစ် တို့ကို အပြစ်မဖို့သင့်ဘူးဆိုတဲ့ အသိစိတ်နဲ့ ကျွန်မ မသစ် ကို သွားပါ .. နေပါ တစ်ခွန်းမှ မပြောခဲ့ဘူး နော် ..”

“ဟွန်း .. ပြောတာထက် ပြင်းထန်ပါတယ် ..”

“ဒါဆို အေးအေး ထွက်သွားလိုက်ပါ ..”

ဒေါ်မျိုးရီ က တစ်ခွန်းချင်း အေးစက်စက်ဆို၍ ...

“စကားတစ်ခွန်းကို စခဲ့ပြီးမှ အဆုံးမသတ်ဘဲ မှောက်ချိုလှန်ချို မပြောချင်လို့ အစွန်းဆုံးထိ မိုက်ရိုင်းဖို့ ကျွန်မ ဆုံးဖြတ်ခဲ့တာ ..၊ ဖြစ်အောင်လည်း လုပ်ခဲ့တယ် .. အဲ့ဒါ ကျွန်မ ပြောခဲ့တဲ့စကား .. ကျွန်မရဲ့ လုပ်ရပ်အတွက် ထိန်းသိမ်းခဲ့တဲ့ မာနပဲ ..”

“ဖြစ်သွားတာတွေကတော့ တခြားစီပဲလေ ..”

“ပြောသလို ဖြစ်အောင် လူတိုင်း မလုပ်နိုင်ကြပါဘူး .. မသစ် ကျွန်မရဲ့ဂုဏ်သိက္ခာကို မစော်ကားပါနဲ့ ..”

“အထင်ကြီးစရာပါပဲ .. ငါတို့ကတော့ ညည်းလို စကားမတတ်ပါဘူး .. ဒါပေမယ့် မြင်သလောက် ပြောရရင် နင့်ရဲ့ ထိန်းသိမ်းခဲ့တဲ့ မာနတွေက နင့်အမုန်းတွေအပေါ်မှာပါ ..၊ နင် မုန်းနေတဲ့လူအတွက် စိတ်မပါဘဲ နင် ဖွတ်တိုးလုပ်ခဲ့တာ .. တစ်ခါတလေ လူတွေက ကိုယ့် ကိုယ်ကိုယ် ဘာလုပ်မိမှန်း မသိဘဲ ဖြစ်တတ်ကြတယ် .. ပြန်တွေးကြည့်ပေါ့ ..”

ဒေါ်သစ်သစ် ခါးထောက်ကို ဆတ်ခနဲ ဖြုတ်ချပြီး လှည့်ထွက်သွားသည်။

www.burmeseclassic.com



သူမရင်ထဲမှာ ဘာတွေ ဖြောင်းဆန်နေသည်မှန်း ဒေါ်မျိုးရီ သိနေသည်။

လက်ထပ်ဖို့ကိစ္စအတွက် အားလုံး သဘောတူညီစွာ ဆုံးဖြတ်ခဲ့သည်။ မဖြစ်မနေ စီစဉ်ဖို့မှာ ဝင်းထွန်း ဟာ ဘယ်လိုလူငယ်တစ်ယောက်ပဲ ဖြစ်နေနေ လက်ဆင့်ဖြစ်သွားရဖို့သာ အဓိက ဖြစ်ခဲ့၏။

အဒေါ်ဖြစ်သည့် ကိုယ်ကိုယ်တိုင်က ဒီကိစ္စကို ဦးဆောင် စီစဉ်နေခဲ့တာဖြစ်၍ အဆင်မပြေတာ ဘာမှမရှိခဲ့ဘဲ လက်ထပ်စာချုပ်ချုပ်ဖို့ကျမှ ပျက်ခဲ့၏။

"သွေးအေးလှချေလား ရီ .. ရှေ့နေတွေကိစ္စကို မင်းမင်း ဆိုတဲ့ ကောင် ခလောက်ဆန်လိုက်တာ .. အဲဒီမှာ နင် သွေးအေးနေတည်းက ငါ အံ့သြခဲ့တာ ..၊ အခု အဆင်း မရှိတော့ဘူး .. ခိုးသွားတာက အဲဒီကောင်နဲ့ပဲ .. ဒါလည်း နင် မတုန်လှုပ်ဘူး .. ဒါတွေ နင်ကိုယ်တိုင် လုပ်နေတာများလား .." တဲ့ ..။

ပြဿနာတွေ အကြီးအကျယ် တက်ခဲ့သည်။ ထိုနေ့မှာတည်းက သူမ ဘယ်သူ့ကိုမှ ခွန်းကြီးခွန်းငယ် မပြောခဲ့ပါ။ သူတို့ မျက်စိလည်ကုန်တာ မဆိုထားနှင့် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းတောင် နားမလည်ခဲ့ပေ ..။

မင်းမင်း ရောက်လာပြီး ပြောသွားခဲ့တာတွေ.. ကြည့်တဲ့ အကြည့်.. ပြုံးတဲ့ အပြုံး ..။

ဒါတွေက လက်နက်တွေ ပစ်စိုက်ခဲ့သလို ရင်ထဲမှာ ပြင်းရှစွာ ကျန်ခဲ့လျက် ..၊ တခြားသော ခံစားချက်တွေ .. စီစဉ်တာတွေ အားလုံးက အကန့်လိုက် ပျက်စီးခဲ့၏။

သူမ ဒီလိုင်း လုပ်နေခဲ့တာ ဖြစ်သည်။ မမှန်ဘူးဆိုတာကိုလည်း နားလည်ခဲ့သည်။ ဒါပေမယ့် ခုလိုမျိုး ကိုယ့်သားအရွယ်လေးက မဲ့ရွဲ့





ကဲ့ရဲ့ခံလိုက်ရသည့်အချိန်မှာ နားလည်လိုက်ခြင်းက လူကို ထုံဆေး သွားတာနှင့် တူ၏။

ထို့နောက် သူမ ဒီပွဲ ပျက်ခြင်း မပျက်ခြင်းကို စိတ်မပါတော့သော အခါ‌င်း ထွက်သွားတာကို သိလျက်နှင့် ကွယ်ရာကနေ တိတ်ဆိတ်စွာ ကြည့်နေခဲ့မိသည်။

ဒါလည်း ဘယ်သူ့ကိုတော့ ဥပေက္ခာပြုစေ .. ဘယ်သူ့ကိုတော့ မေတ္တာထားစေသိုတာမျိုး မပါခဲ့ပေ ..။

ခုချိန်ယံ ရင်ထဲမှာ ခံစားနေခဲ့မိတာ ရက်ခြင်း ..၊

စည်ခန်းထဲမှာ တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်နေခဲ့များ အသိစိတ်တွေက ကိုယ်လိုရာကို တွေးနေတာမျိုး မဟုတ်တော့ဘဲ ငုတ်တုတ်ကနေ အိပ်မက်မက်နေတာနဲ့ တူနေခဲ့သည်၊

ထိုစဉ် ဘယ်သူတွေ ဘယ်လိုထွက်သွားသွား မသိလိုက်ဘဲ ကိုယ့်ရှေ့မှာ ခြေစုံရပ်လာသည့် ခြေထောက်အစုံကြောင့် မော့ကြည့်လိုက်မိ၏။

"ကိုစိုး .."

ဦးစိုးဝဏ္ဏ က လက်ဆွဲအိတ် အကြီးတစ်လုံး အသေးတစ်လုံးနဲ့ သူမရှေ့မှာ တောင့်မတ်စွာ ရပ်လျက် ...

"ငါ သွားမယ် .."

"ကိုစိုး က .."

ဒေါ်မျိုးရီ နေရာမှ ထရပ်လိုက်မိကာ အိတ်တွေနဲ့ ယူကို အပြန် ပြန် အလှန်လှန် ကြည့်မိ၏။

"တကယ် ဆုံးဖြတ်လိုက်တာလား .."

"ဟုတ်တယ် ... နန်းတော်လိုတိုက်ကြီးနဲ့ မနေနိုင်တော့ပဲ ငါ ပညာမဲ့တစ်ယောက် မဟုတ်ဘူး ရီ .. နောက်ထပ် ဆော်ကားပြောဆိုမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း မခံနိုင်ဘူး .. မင်းတို့ ဘဝရီးတွေ ပြန်ပြေလည်သွားကြပြီ ဆိုတော့ ..''

''နန်းတော်လိုတိုက်ကြီးက ရီ ပိုင်တာ မဟုတ်ပါဘူး ..''

ဒေါ်မျိုးရီ စကားသံတွေက တုန်ခါနေသည်။

''စော်ကားပြောဆိုတာ ခံရရင်လည်း အဒေါ်အရင်းဖြစ်ပြီး ရက်စက်ခဲ့တဲ့သူက ရီ ပါ ..၊ အခု ရီ ပိုင်ဆိုင်သမျှလည်း ကုန်သလောက်ဖြစ်နေပြီ .. စော်ကားပြောဆိုခံရဖို့လည်း သေချာနေလို့ ကိုစိုး က ရီ့ တစ်ယောက်ပဲ ခံသင့်တယ်ဆိုတဲ့ ဆုံးဖြတ်ချက် သွားတာလား ..''

ဦးစိုးဝဏ္ဏ ဆတ်ခနဲ လှည့်ကြည့်သည်။ း ်းချင်းဆုံချိန်မှာ အရှယ်တွေ အိုမင်းခဲ့ပေမယ့် မဟောင်းအိုနိုင်ခဲ ာချစ်ခြင်းတို့သည် ..၊

''ငါ လွန်လွန်ကျူးကျူးတွေ ပြောဆို ဩမ်းဝါးခဲ့တယ် ..၊ ပြီးတော့ မင်းရဲ့အချစ်တွေ တခြားမှာ သက်ရောက်နေတဲ့အတွက် မခံစားနိုင်ဘူး.. အဲဒီဝေဒနာတွေနဲ့ ငါ ဆုံးဖြတ်ခဲ့တာ ..''

''ကိုစိုး ပြောခဲ့တာတွေကို ရီ နားလည်တယ် .. နောက်ထပ် ဖွပ်ဖွဲ့ချက်ကလည်း လုံးဝဥသုံ့တော့ မမှန်ပါဘူး .. မှန်းတဲ့ အမှန်းတိုင်းဟာ အချစ်က မြစ်ဖျားခံတာ မဟုတ်ဘူး ကိုစိုး .. ရီ့ ရင်ထဲက တစ်စွန်းတစ်စသော အမုန်းတွေက ကိုစိုး အတွက်လည်း ပါတယ် ..''

ဦးစိုးဝဏ္ဏ မျက်ခုံးတန်းတို့ တွန့်ကုတ်လျက် ..၊ မျက်ဝန်းတွေက တခြားမှာ စူးစိုက်ရင်း ငြိမ်သက်နေ၏။

''ရီ ကိုစိုး အတွက် သားသမီး မမွေးပေးနိုင်တော့တဲ့အဖြစ်ကို ဘယ်လိုဖြေရမလဲ ..၊ ရီ့ ကို လက်ထပ်ပြီး ကိုစိုး ဘာမှ မရခဲ့ဘဲ ..''

''ချစ်လို့ လက်ထပ်ကြတာမှာ လိုချင်တာတွေ အကုန်လုံး ရမရ တွက်ချက်နေကြသလား ..''





ဦးစိုးဝဏ္ဏ ရဲ့ စကားသံတွေကလည်း တုန်အက်နေလျက် ...

''ဒါဆို ဘာမှ ပြောမနေနဲ့တော့ .. အခု မင်း ငါနဲ့ လိုက်ခဲ့ ..''

ဒေါ်မျိုးရီ နှုတ်ခမ်းသားတို့ လှုပ်ခတ်လာရာကနေ ပြုံးယောင်သမ်းလာခဲ့၏။ ကြေကွဲ၍ မကျခဲ့သော မျက်ရည်တို့က ဝမ်းသာကြည်နူးခြင်းကြောင့် ပေါက်ခနဲ ကြွေဆင်းသွားသည်။

ပြီးတော့ ရှေ့ကို တိုးလှမ်း၍ ဦးစိုးဝဏ္ဏ လက်ထဲက အိတ်ကို ကြမ်းပေါ် ချဖြစ်သွားအောင် လက်ချင်းထပ်ကိုင်၍ ဖိနှိပ်ချကာ ...

''ရီ ဒီတိုင်း ထွက်သွားလို့ မဖြစ်သေးဘူး ကိုစိုး ..''

''ဘာ!...''ဟ ါမှ ။

ဒေါ်န ိုးဝဏ္ဏ ၏ လက်မောင်းတစ်ဖက်ကို ဖက်တွယ်လိုက်ရင်း ...

''ရီ့ ကို ကိုစိုး မထားခဲ့ဘူးဆိုတာ သိလို့ ရီ ခံစားခဲ့ရသမျှ အားလုံးကို မေ့ပစ်လိုက်နိုင်ပြီ .. ကိုစိုး ကို အရမ်း ကျေးဇူးတင်ပါတယ် ..''

ဦးစိုးဝဏ္ဏ ၏ အမျိုးမျိုး ပြောင်းလဲနေခဲ့သော မတည်ငြိမ်သေးသည့် ဆုံးဖြတ်ချက်တို့သည် ဒေါ်မျိုးရီ ရေးဆွဲလိုက်သော အနားသတ်မျဉ်းတစ်ကြောင်း၏ အတွင်းမှာ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၈)

"ဟဲ့ .. ဟိုတစ်ခါ မင်းကို ပိုက်ဆံဖွေ လာချေးတဲ့ ကောင်မလေး မို့လား .."

"လှလိုက်တာဟယ် .. တောသူဆိုတာ အလကားပြောတာ နေမှာပါ .. ဒီလောက် ဖွေးနေတာ .."

"မဟုတ်လောက်ပါဘူး .. ဒီကို လာဖူးပါတယ်ဆိုမှ .."

"ငါတို့က အိမ်ကို ကျွြားလှူလက်ထဲ ပါသွားမှာ စိုးရိမ်နေကြတာ .. လှူပါ ပါသွားမှပဲ ကိစ္စအေးတော့တယ် .. ဒီလို ငွေချေးနည်းက သိပ်တော့ မဆိုးဘူး .."

မိန်းခိုးလာတယ်ဆိုတာ ဘယ်သူကမှ ဖွာပဲနဲ့ ပွသွားသည်။ စိမ်းတဲ့လူတွေက လာရဲ .. မမေးရဲနှင့် ခပ်ကျမ်းမှုမ်းက စပ်စုကြသလောက် ငိုယ့်ဆွေမျိုးတွေက အိမ်ပေါ်တက်လာပြီး စပ်စုသည်။

ခြံပြင်မရောက်ခင် ငွက် ရန်သူ့ မျက်နှာ ရှုံ့မဲ့နေကာ စောရန်က ဒိုင်ခံ ပြေရှင်းသည်။





"ဦးလေး ဦးကြာညွန့် ကလည်း အဆင်း ဘက်က လူကြီးတွေက သဘောမတူလို့ လိုက်လာကြမှာစိုးပါတယ်ဆိုမှ .. ဘယ့်နှယ် တစ်ရွာလုံးကို ခေါ်လာတာလဲ .."

"ဟ .. လက်မှတ်ထိုးဖို့ သက်သေခေါ်တော့ မင်းတို့ပဲ လူကြီး တချို့ လက်ဖက်ရည်တိုက်တာလေ .."

"ဪက .."

"အေးလေ .. ဒါက ကိုယ့်ရပ်ကွက်ထဲမှာ လူကြီးသူကြီး အသိအမှတ်ပြုအောင်မို့လား .. သိသင့်တဲ့လူကတော့ သိမှာပေါ့ကွ .. အခု ငါတို့တူကို လာထိကြည့်ပါလား .. လူကြီးသူကြီးနဲ့ လက်မှတ်ထိုးသွားတာ .."

"ကျွတ်!... ခက်တော့တာပဲ .."

စောရန် လည်း ရှင်းလို့ မနိုင် ..၊

"အဲ့ဒါ မင်းပဲ .."

"ဟုတ်ပါတယ် .. ငါပါ .."

ဝန်ခံပြီးတော့လည်း စောရန် ခေါင်းကုတ်နေတာ မပြီးနိုင် ..

"ငါလည်း မင်း ပြဿနာ မကြီးမားအောင် အားကိုးရှာတာပဲကွ- အဲဒါကြောင့် ပြောသားပဲ .. ရုံးမှာ လက်မှတ်ထိုးပြီး ခဏတစ်ဖြုတ် ခရီးထွက်လိုက်ပါဆိုတာ .."

"ဘာလို့ ထွက်ရမှာလဲ .. ပိုက်ဆံကုန်တယ် .."

ရှုံ့မဲ့နေသည့် စောရန် ထံမှ မျက်စောင်းတစ်ချက် ပစ်လွှင့်လာ၏။ ပြီးတော့ အတွင်းခန်းဆီ တစ်ချက် လှမ်းကြည့်ကာ ...

"ပိုက်ဆံတွေ ဒီလောက်သိမ်းထားပြီး ဘာလုပ်ဖို့လဲ .. ဘုရားတည်ဖို့လား .. ကျောင်းဆောက်ဖို့လား .."

"ဘာလုပ်လုပ် မင်းအပူ မပါပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ပါတာပေါ့ .. အခု မိန်းမခိုးပြီး ကိုယ့်အိမ်ပေါ်ကို ပြန်တက်နေတာ ဘယ်လောက် အန္တရာယ်ကြီးသလဲ .."

"ကြီးတော့ ဘာဖြစ်လဲ .. ဂရုစိုက်နေရင် ခေါ်ကို မလာဘူး .."

"အေးပေါ့ .. ပြောပေါ့ .. ကံလေးက ကောင်းနေတာကိုး ..၊ ဟိုဘက်ကလည်း ငြိမ်နေတယ် .. အဆင်း ကလည်း တိတ်နေတာပဲ .."

"အဆင်း ကို ခေါ်တာလားဟင် .."

ပြောလို့မဆုံးသေးခင် အဆင်း က ထွက်လာသည်။ နှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိ၏။ အဝါရောင်ဂျင်းန်ပင် ခြေသလုံးတစ်ဝက်ကျပ်ကျပ်လေးနှင့် တုန်တွဲနေသော ခါးပွ လက်ပြတ် အဝါရောင်အင်္ကျီလေးကို ခါးပတ်သေးသေးလေး ထပ်ပတ်ထားသည်။

ပခုံးလောက် ဆံနွယ်လေးတွေက နားတစ်ဖက်မှာ သိမ်းညှပ်ထားသဖြင့် ပါးရိုးလေးတစ်ဖက်မှာပဲ တခြမ်းစောင်းလေး ပြုဆင်းနေသည်။

သူမ တစ်ကိုယ်လုံးက ဝင်းဝင်းပုံ့ပုံ့လေး ဖြစ်နေကာ ဘယ်ကကြည့်ကြည့် ထင်းနေသည့် မျက်ခုံးနက်နက်ထူထူလေးတွေကြောင့် ချစ်စရာလေး ဖြစ်နေတာကို ငေးခနဲတော့ ကြည့်နေမိကြ၏။

ပြီးတော့ ကိုယ့်ဘာသာ မလုံမလဲ ဖြစ်ကြရင်း တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်မိသည်။ ရန်သူ့ မျက်နှာကို ကြည့်ပြီး စောရန် က သူခိုးဖမ်းသလို စပ်ဖြဲဖြဲနှင့် ...

"ငါက ရိုးရိုးကြည့်တာနော် .."

အချင်းချင်းပဲ ကြားသည့်လေသံကို ပို့လွှတ်၍ မျက်နှာလွှဲသည်။

"အင်ကိုတို့ ညစာ စားလို့ ရပြီ .."

"ဟင်!..."

ခုမှ လေးနာရီခွဲပဲ ရှိသေးသည် ..၊ ပြီးတော့ အိမ်မှာ ကြက်ဥနဲ့ ကုလားပဲ ငါးကျပ်သားတစ်ထုပ် ဒါပဲရှိတာ ..။





"ဘာတွေချက်လိုက်တာလဲ ..၊ ငါက ငါ ထွက်ဝယ်ရမှာလား.. အပြင်မှာပဲ ထွက်စားကြမှာလားလို့ ခုမှ တွေးတုန်း .."

"အဆင်း က အိမ်ထဲမှာ အလုပ်မရှိ အကိုင်မရှိ ထိုင်နေရတာလေ.. မီးဖိုချောင်ထဲ ဝင်ကြည့်တော့ အားလုံး အဆင်သင့် ရှိနေတာနဲ့.."

"ဘာတွေ ရှိလို့လဲ .."

"ကြက်ဥနဲ့ ပဲတွေ တွေ့တယ် .. တခြား အတို့အထွာလေးတွေလည်း တွေ့တာနဲ့ ဟင်းချက်လိုက်တာ .."

"ဒါ .. ဒါဆို ခုနက ပဲကုလားဟင်းနံ့ ထွက်နေတာ .."

"အဆင်း ချက်နေတာ .."

"ဟား!... ပွတာပဲ .. ဒါမှ အိမ်နဲ့ တူသွားတာ .."

စောရန် က ချက်ချင်းထကာ မီးဖိုခန်းဘက်ကို အားတက်သရော ဝင်သွား၏။ အဆင်း က ရေပုံးလေးဆွဲ၍ ထွက်လာသဖြင့် ...

"မင်းက အဝတ်စားမလဲဘဲ ဒီတိုင်း နေတာလား .."

အဆင်း က သူ့နားရောက်မှ ခြေလှမ်းတုံ့သွားကာ ...

"ရေမှ မချိုးရသေးတာ .."

သူ မျက်မှောင်ကုတ်သွားတော့ အဆင်း က လည်ပင်းလေး ပွတ်၍ငုံ့၍ ...

"အဆင်း အပြင်ဘက် ဟင်းလင်းပြင်ကြီးထဲမှာ မချိုးရဲဘူး .."

"ဟင်းက ကောင်းလိုက်တာကွာ .. ကြက်ဥနဲ့ ပဲနဲ့ ချက်ထားတာ ရှယ်ပဲ ..၊ ဟော့ကောင် .. မင်း နောက်ဆိုရင် ဒီ့ထက်ကောင်းအောင်ချက်လာတော့မှာ .."

"မင်း ပါးစပ်ကြီး သွားရည်သိမ်းပြီး ရေစည်နားမှာ ထမ်းခဲ့ပေးကာဖို့ လုပ်စမ်းပါ .."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



စောရန် က အပြင်နဲ့အထဲကို အဆင်း မျက်နှာလေးနဲ့ တွဲကြည့်ပြီး တစ်ခါတည်း သဘောပေါက်သွားသည်။

“ရေမချိုးရဲဘူးလား ..”

အဆင်း က တောင်းပန်သည့်မျက်နှာလေးနှင့် လှည့်ကြည့်ပြီး ခေါင်းညိတ်သည်။

“ဟုတ် .. ဟိုလေ .. အဲ့ဒီနားမှာ ကာပေးလည်း အဆင်း မချိုးရဲဘူး ..”

“ဘာ!...”

ရန်သူ အော်လိုက်သဖြင့် အဆင်း ပခုံးလေး ကျုံ့သွားသည်။

“မင်းကလည်း ဖြည်းဖြည်း ‘ဘာ ..’ပါ .. ငါတောင် လန့်ထယ်”

“မဟုတ်ဘူးလေ .. ဘာလဲ မင်းကို တိုက်ဆောက်ပေးရမှာလား..”

“ဟင့်အင်း .. နှစ်ရက်လောက်တော့ ဒီတိုင်းနေပြီး ..”

“ဘာ!...”

နောက်ထပ် ‘ဘာ ..’တော့ အဆင်း က ပျာပျာသလဲ ခေါင်းခါပြ၍ ...

“မဟုတ်ပါဘူး .. ဒီလိုပဲ .. ဟင်းရွက်ထွက်ဆေးရင်း အဝတ်လျှော်ရင်းနဲ့ အကျင့်လုပ်ပြီး ..”

“တော်ပြီ ..”

ကုလားထိုင်ပေါ်ကနေ ထရပ်လိုက်ပြီး ဦးထုပ်ကို ချွတ်၍ စားပွဲပေါ် ပစ်ချလိုက်သည်။

“စောရန် .. ငါတို့ နောက်ဖေးအစွန်ခန်းကို ရှင်းပြီး စည်ပိုင်းလေး တစ်ခု ချပေးလိုက်မယ် .. နောက်ဖေးမှာရှိတဲ့ စည်ပိုင်းပြတ် မင်း သွားဆေး ..”

ချက်ချင်း ခွဲတမ်းချ၍ အကောင်အထည် ဖော်၏။





“နေပါဦး .. မီးဖိုချောင်နဲ့ ကပ်နေတဲ့အခန်းလား ..”

“ဟုတ်တယ် ..”

“မင်း ယုန်တွေမွေးတုန်းက ထားတဲ့အခန်း ..”

“ဟား!...”

“မဟားနဲ့လေ မင်းကလည်း အဲဒီအခန်းက ပျဉ်တွေ ကျိုးတိုးကျဲတဲ့ မညီမညာနဲ့ ဆွေးတဲ့နေရာက ဆွေး .. ရေချိုးခန်းလုပ်လိုက်ရင် ပိုပြီး မြန်မြန်ဆွေးသွားမှာပေါ့ ..”

“မတတ်နိုင်ဘူးကွာ .. ရေ နှစ်ရက် သုံးရက် မချိုးဘဲ မင်း နေနိုင်လား ..”

“ငါ့ကို မမေးပါနဲ့ .. သူ့ကို မေးပါ .. သူတောင်မှ နေနိုင်လို့ဥစ္စာ”

“အဆင်း ခြေလက်ဆေးပြီး ရေစိုပတ်လေးနဲ့ ပွတ်လိုက် တိုက်လိုက်ရင် ရပါတယ် ..”

“မင်း တော်တော် ညစ်ပတ်ပါလား .. စကားရှည်မနေနဲ့ .. အဲဒီပုံးလည်း ချထားလိုက် .. ဘာလုပ်မလို့လဲ ..”

“ရေဆွဲမလို့ .. ပန်းကန်ဆေးရအောင်လို့ ..”

“မဆွဲနဲ့ .. ခင်ဗျားကို ကြည့်ရှုစေဖန်ဖို့ ခြံဝမှာ တန်းစီစောင့်နေကြတာ အလုပြချင်လို့လား ..”

“လုလို့ ပြခွင့်ရတာပဲကွာ ..”

“စောရန် မင်းအလုပ် မင်း လုပ်စမ်းပါကွာ.. စိတ်တိုရတဲ့အထဲ—”

“မင်း ရှည်တာကို မတွေ့ဖူးဘူး ..”

စောရန် ခေါင်းကုတ်ရင်း ခြံထဲ ဆင်းသွားသည်။ ရန်သူ ထမင်း လုပ်းပြင်ပြီးမှ ပြန်လှည့်ကြည့်ကာ ...

“မင်းအတွက် အဝတ်အစားတွေ လိုဦးမယ် ထင်တယ်— သုံးချိုသောက်ပဲ ငါ ဝယ်ပေးထားတာ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် .. လိုတော့ လိုပေမယ့် .."

ကိုယ့်အတွက် ဟိုဟာ အဆင်မပြေဖြစ် .. ဒီဟာ အဆင်မပြေဖြစ်နဲ့ နေရာတကာ လိုအပ်ချက်တွေချည်းပဲ ဖြစ်နေသည်။

ကိုယ်ရောက်လာမှ ဒါတွေကို ထောက်ပြနေသလို ဖြစ်ရတော့...

"လောလောဆယ် ဖြစ်ပါသေးတယ် .. အစ်ကိုလည်း ဘာမှလုပ်လို့ မရသေးဘဲနဲ့ .."

"ငါက ဘာလုပ်ရမှာလဲ .."

"ဟုတ်တယ် .. ပြောလိုက် အဆင်း .. ညည်း မပြောမချင်း သူလုပ်မှာ မဟုတ်ဘူး .."

"ဟင်!..."

အဆင်း လန့်သွားသလို ဖျတ်ခနဲ လှည့်ကြည့်မှ အဝတ်စုတ်တစ်စုတ်ကိုင်ရင်း အိမ်ပေါ်တက်လာသည့် စောရန် က နှစ်ယောက်စလုံးကို ကြည့်၍ ...

"အလုပ်လုပ်ဖို့ ပြောနေတာ မဟုတ်ဘူးလား .."

ရန်သူ က ဒေါသထွက်နေသည့်အကြည့်တို့နှင့် သူ့ဘက် လှည့်၍ ...

"သူများစကားထဲ ဝင်ပါချင်လွန်းလို့ မြန်မြန် ပြန်ပြေးတက်လာတာလား .."

"ပြေးတက်လာစရာကို မလိုဘူး .. မင်းတို့နှစ်ယောက် ဘယ်အချိန်မှာ ဘာပြောပြော အမြီးအမောက်တည့်မှာ မဟုတ်ဘူးဆိုတာ ငါက သိပြီးသား .. ဟွန်း .. တစ်ယောက်က မလုပ်တလုပ် .. တစ်ယောက်က ပုရွက်ဆိတ်ကိုက်လို့ သေမယ့် မြွေအလမ္မာယ်ဆရာ .."

ဘာအဓိပ္ပာယ်တွေမှန်း အဆင်း က မသိပေမယ့် ရန်သူ က သိနေသည်။ စောရန် မထိတထိ ဝင်ပြောလာတိုင်း အဆင်း နဲ့ သူ့ရဲ့





ဘာမှမဟုတ်သည့်အခြေအနေကိုပဲ အားမလိုအားမရ ရှုံ့မဲ့ ကဲ့ရဲ့တာမျိုး ...၊

ရင်းနှီးခဲ့တာလည်း မရှိ .. ဟိုလိုဒီလို အကြည့်လေးတွေ .. အထိလေးနဲ့တောင် ခံစား နားလည်ခဲ့ကြတာမျိုး မရှိခဲ့ဘဲ ...၊

ဒီနေ့ လက်ထပ်ပြီးစီးခဲ့ကြတာ ဘယ်လို ကြင်ကြင်နာနာ ပေါင်းသင်းရမလဲ ...၊

ပိုပြီး စိတ်ညစ်စရာကောင်းတာက ကိုယ့်မှာသာ တစ်ယောက်တည်း ဘုရားစင်အောက်မှာ ထွက်အိပ်ရ .. စီးကရက်သောက်ရင်း မှိုင်းလင်းရ ...။

သူမဘက်က အေးဆေး ...၊

"ရန်သူ ရာ .. မင်းကလေ ဗိုလ်ကျတတ်လိုက်တာ .. လည်လိုက်တာများ မွေးလာတည်းက ဩဇာသီးပေါ်ချိန်မှာ မွေးသလား .. မျက်စိလေးလုံးနဲ့ မွေးလာသလား မှတ်ရတယ် ...၊ တုံးတဲ့နေရာကျတော့လည်း..."

သူ့ဘာသာ ဆက်ပြောပြီး ဒီတိုင်း ပြန်ဆင်းသွားသဖြင့် ...

"ဘာလာလုပ်တာလဲ .. အလုပ်မပြီးသေးဘဲနဲ့ .."

"သွားကို မသွားရသေးဘူး .. ရေစည်ပိုင်းကို ဆွဲထုတ်ပြီးရင် ကိုင်လို့ဖြစ်အောင် အရင် သုတ်သင် ရှင်းလင်းရဦးမှာလေ .. သစ်ပင်အောက်မှာ အမှိုက်စုတ်တွေနဲ့ ပစ်ထားတာ ဘယ်လောက်ကြာပြီလဲ .. အဲဒါကြောင့် ဒီနားလေးမှာ အဝတ်စုတ် လိုက်ရှာနေတာ .."

ကိုင်ထားသည့် အဝတ်စုတ်ကို ပြပြီးမှ မျက်နှာလေး ချိုချဉ်ဝိုင်းနှင့် ...

"သွားမယ် .."

"သွားချင် သွား.. မသွားချင် နေ .. ပြန်ချောင်းနေလည်း ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မချောင်းပါဘူး .. မင်းတို့ ပြောနေတာကို မကြားချင်မှအဆုံး...၊ ဒီမှာ အဆင်း .. နင့်ကို အဝတ်စား ထပ်ဝယ်ပေးဖို့ ပြောနေတာ .. အဲ့ဒါ သွားဝယ်ရင်းနဲ့ ထီပါ ထိုး ...၊ ရန်သူ ဆိုတဲ့ သတ္တဝါက သူ့ဗိုက် သူတောင် သထားတာ မဟုတ်ဘူး .. ညဘက်ဆို ထမင်းစားပြီးမှ မျှိုမချ ဘဲနဲ့ ပြန်ထုတ်ထားတာ .."

"ဟာ!... ကြည့်စမ်း .."

"မနက်ကျမှ ပြန်စားတော့ ဘရေ့ဖက်(စ်)အတွက် သက်သာသွား ရော .."

"ဝဲစား .."

"ဒါပေမယ့် ငါလည်း မပြောရပါဘူး .. တော်ကြာ အိမ်ပေါ်က ကန်ချမှာလေ .."

"ဟုတ်တယ် .. ကြောက်ကြောက်နဲ့ ငါ ပြန်ထုတ်ထားတွေ မင်းပဲ မျှိုချနေတာလေ .."

ကိုယ့်စကားနဲ့ကိုယ် ပြန်ထိတော့ စောရန် မျက်နှာ မဲ့သွားသည်။

အဆင်း ရယ်ချင်လာသဖြင့် နှုတ်ခမ်းမှာ လက်ခုံလေးကပ်၍ ရယ် နေမိ၏။

သို့သော် ရန်သူ့ မျက်နှာကြီး ကိုယ့်ဘက်လှည့်လာခဲ့ကာ လက် လေး ဖျတ်ခနဲ ချကာ သတိအနေအထားနဲ့ ပြန်တည်လိုက်ရ၏။ သူမ ဖြစ်သွားတဲ့ပုံကို မြင်လိုက်ကာ ဖြစ်နေတဲ့ ဒေါသတောင် ဘယ်ရောက် သွားမှန်း မသိဘဲ ရန်သူ တစ်ဖက်လှည့်ပြီး ရယ်သည်။

ဒီလောက် ကြောက်ရွံ့ လေးစားနေရအောင် သူ ဘာလုပ်ခဲ့ဖူးလို့ လဲ ...၊

"ဒါတင်မကသေးဘူး .. ဟင်းသီးဟင်းရွက်ဆေးတဲ့ရေနဲ့ အဝတ် လျှော်တာနော် .. သွန်ပစ်ရမှာ အလကားဖြစ်မှာစိုးလို့ တဲ့ .."





"အဲဒီရေတွေ မင်းကို မတိုက်မိဘူးလား ...၊ ငါ မေ့သွားတာ –"

"ခွေးသူခိုး .."

စောရန် ဒီတစ်ခါ ပြောလည်း ပြော .. ဆဲဆည်း ဆဲပြီးမှ ထွက် သွား၏။

အဆင်း မျက်နှာလေးကို လှမ်းကြည့်တော့ ပြုံးရယ်နေတာတွေ မမြင်တော့ဘဲ ...

"အစ်ကိုက တကယ်လား ဟင် .."

"ဟုတ်တယ် .."

အဆင်း က သူ့မျက်နှာကို ငေးကြည့်နေပြီး ဘာကို တွေးနေသည် မသိ ...၊ သူကလည်း မေးလာရင် ဖြေမလို့ တမင် စောင့်နေလိုက်သည်။ ကောင်းကောင်းမေးတာဆို ကောင်းကောင်း ဖြေမည် ...၊ မကောင်းတာ ဆိုရင်တော့ ...

"ဒါဆို .. အဆင်း အတွက် အစ်ကို အရမ်း အပမ်းကြီးမှာပဲ .. ဟိုတိုက်ကြီးကို ငှားရတာတွေ .. ကားတွေနဲ့ ...၊ အခု လက်ထပ်ဖို့ ကျွေးမွေး ဧည့်ခံရတာတွေရော .."

စိတ်ထဲမှာ ယောင်းခနဲ ဖြစ်သွားသည်။ သူနဲ့ ကိုယ်က ဘာမှ မသက်ဆိုင်ကြတဲ့လူတွေလား ...၊

"အခု အဝတ်အစားဝယ်ဖို့ကိုလေ .."

"ပူမနေနဲ့ .. မင်းဆီက ရထားတဲ့ ငွေတွေ အများကြီး ရှိသေး တယ် .. သတို့သားလောင်းကို စောင့်ရှောက်ခတွေရောပေါ့ –"

"ဟင်!..."

ဝှတ်ဆတ်ဆတ် ပြောပြီး လှည့်ထွက်သွားတော့ အဆင်း ငိုင်ငိုင် လေး ကျန်ရစ်၏။ ပြီးတော့ ကိုင်ထားသည့် ရေပုံးလေးကို မြင်ကြည့် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်ကတော့ သူ ဘာကြောင့်ဖြစ်ဖြစ် အဆင်ပြေအောင် နေထိုင်သွားဖို့ ဆုံးဖြတ်ပြီးသားပါ ...၊ ရန်သူ ဟာ ဟိုလိုဒီလိုသဘောနဲ့ ဝတ်သက်ခဲ့တာ မဟုတ်ပေမယ့် သူမအတွက် စိမ်းသက်တဲ့သူ မဟုတ်ပေ ...။

ပြီးတော့ ဆုံစည်းခဲ့ကြတာက ခင်မင်စရာကြောင်း မပါခဲ့လို့သာ ခင်ခင်မင်မင် မဖြစ်ခဲ့ကြပေမယ့် ရန်သူ့ ကိုဆို သူမရင်ထဲက အလိုလို ရင်းနှီးနေခဲ့သည်။

ဘယ်သူမှ အာမခံစရာ မလိုဘဲ အစစအရာရာ ယုံကြည်ခဲ့၏။ ကိုယ့်ရဲ့စိတ်ရင်းကို ပြောပြ ရင်းနှီးချင်တာတောင် ရန်သူ့ မျက်နှာကြီး အချိန်တိုင်း တည်တင်းနေတာ ဒီတာဝန်တွေကြောင့်လား ...၊

ချစ်ခဲ့ကြတာ မဟုတ်ပေမယ့် လက်ထပ်ပြီးခဲ့ပြီမို့ သူမ မျှော်လင့်ခဲ့တာ ခင်မင်ရင်းနှီးကြဖို့ ...၊

ခုတော့ ...၊





## အခန်း(၂၉)

"ရေဆွဲတင်ရတာနဲ့ အိမ်ပျက်စီးတာနဲ့ ရှုပ်ပါတယ် အစ်ကိုရယ်.. အဆင်း အောက်မှာပဲ ဆင်းချိုးပါ့မယ် .."

အခန်းက နောက်ဖေးခြမ်း ဖွင့်ထားတာမို့ ပျဉ်ပေါင်းတွေနဲ့ ထုရိုက် ကာရံနေတုန်း အသံကြားလို့ လှည့်ကြည့်လိုက်တော့ အဆင်းက သူ့နောက်မှာ ...

"အားလုံး ပြီးနေပြီ .. ရေဆွဲတင်ဖို့လည်း ပူမနေနဲ့ .. ရေလာရင် ပိုက်တပ်ထားလိုက်ရုံပဲ .. ခြံထောင့်မှာ ချိတ်ထားတဲ့ ရေပိုက်အခွေလိုက် ရှိတယ် .."

"ဟော့ကောင် .. ဘာသွားလုပ်နေတာလဲ ရေချိုးခန်းထဲကို .."

စကားပြောနေတုန်း အခန်းဝမှာ စောရန် ပေါ်လာသည်။ ပြီးတော့ အထဲကို ကုန်းကွကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ငါ သေချာ လုပ်ခဲ့တာပါ .. ဘာဖြစ်လို့လဲ .."

"ပျဉ်ကြားတွေ ကွဲနေလို့ ပျဉ်စားထိုးတာ .."

"ကွဲနေလည်း မင်း ချောင်းမှပဲ .. ဘယ်သူမှ နောက်ဖေးထိ လာမချောင်းဘူး .."

"ဒဟုတ်ကောင် .."

"မှုတ်တယ်လေ .. မင်း ကိုယ့်ပစ္စည်းကျတော့ သည်းသည်းလှုပ်နေတာကိုး .."

"စောရန် .. မင်း နော် .."

"ဟား .. ဟား .. ဟား .. ဟိုတစ်ယောက်ကလည်း ရှက်နေလိုက်ကာ ..၊ ဘာဖြစ်လဲကွ .. လင်မယား ဖြစ်နေမှပဲ ကိုယ့်မိန်းမပို့ သည်းသည်းလှုပ်တာ လှုပ်ခွင့်ရှိတာပဲဟာ .."

"မင်း သွားစမ်းပါကွာ .. ရေစည် ရေဖြည့်ဖို့ .."

"ရေသမား သွားခေါ်စရာ မလိုဘူး .. ငါ ဆွဲဖြည့်ထားတာ မမြင်ဘူးလား .. ဘယ်မြင်မလဲ .. အချိန်တိုင်း အဆင်း မျက်နှာကိုပဲ မြင်နေတာကိုး .."

အဆင်း နဲ့ သူ မျက်လုံးချင်း ဆုံသွားသည်။ သူ့နောက်မှာ ဒူးလေးနှစ်ဖက်ပေါ် လက်ပိုက်လေးတင်၍ ထိုင်နေသဖြင့် လှည့်ကြည့်လိုက်တော့ နီးနီးလေး ..၊

"ညညလည်း ငါ မြင်နေတာ မင်းကို အပြင်မှာချည်းပဲ .. ဘာလဲ.. လင်မယား အတူတူ မအိပ်ကြဘူးလား .."

နှစ်ယောက်စလုံး မျက်နှာလေး နီမြန်း ပျက်ယွင်းကုန်ကြ၏။ စောရန် ကလည်း ရန်သူ့ လေလုံးကြီး နားထဲ ဒိုင်းခနဲ ပြေးမဆောင့်ခင် ပြောဖို့ လိုအပ်တာကို ပြောဖြစ်အောင် ပြောဖို့ ..၊

"ဘာလဲ .. မညားသေးဘူး ရန်ဖြစ်နေကြပြီလား .."





"မ .. ဟုတ်ပါဘူး .."

အဆင်း ပျာပျာသလဲ ခေါင်းခါ၏။

"ဒါဆို .. ညည်းပဲ မောင်းထုတ်တာ ဖြစ်ရမယ် .."

"အို .. မဟုတ်ရပါဘူး အစ်ကိုစောရန် ကလည်း .."

"ကြားတယ် နော် ရန်သူ .. သဘာဝမကျတာတွေ လုပ်မနေနဲ့.. လက်ထပ်ကြတယ်ဆိုတာ ကြင်နာဖို့ .."

ပြောချင်တာ ပြောပြီးပေမယ့် ကိုယ့်စကားက လိုရင်း မရောက်သေးတာမို့ ခြေလှမ်းပြင်ထားရင်း ...

"သနားလို့ မိန်းမခိုးလာပါတယ်ဆိုတာ မရှိဘူး .. အဆင်း ဟိုကောင်နဲ့ လက်ထပ်ဖြစ်သွားရင် ဒုက္ခပဲဆိုပြီး .."

"စောရန် .."

"ဘာတုံး .. မင်း ဖြစ်နေတာ အဲ့ဒီအတိုင်းပဲလေ ..၊ အဆင်း ဒုက္ခဖြစ်မှာလား .. မင်း ဖြစ်မှာလားတော့ ငါ ဘယ်သိမလဲ .. ချက်ချင်း ဆွဲထုတ်ပြီး မင်း ခိုးပြေးတာ .. အားလုံး မျက်စိလည် ကျန်ခဲ့ကြတာ မဟုတ်တာ ကျနေတာပဲ .."

မှတ်ထား ..၊

ချစ်ရင် ချစ်တယ်ပေါ့ .. ပြောမှ သိမှာကို မပြောဘဲ ဘယ်ထိ နေမှာလဲ ..၊ ဟိုကောင်မလေးကရော ဘာလဲ ..၊ ဒီလောက် စည်းနဲ့ ကမ်းနဲ့ နေတဲ့ကောင်ကို ကျေးဇူးတင်ရမှန်း မသိ .. ပြန်တုံ့ပြန်ရမှာ နားမလည် ..။

ခပ်သုတ်သုတ် ထွက်လာခဲ့ပြီး အိမ်ရှေ့ခန်းကျမှ ထိုင်ချလိုက်ရင်း တစ်ယောက်တည်း ရေရွတ်နေမိသည်။

တော်ကြာ အဆင်း အိမ်က လာခေါ်သွားကြရင် ဘယ်သူ ငုတ်တုတ်မေ့ ကျန်ခဲ့မလဲ ..၊ တရားတွေဘာတွေ အစွဲခံရလျှင် သွား —



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ တိတ်ဆိတ်စွာ ကျန်ခဲ့ကြသည့် အဆင်း နဲ့ ရန်သူ့ အဖြစ်ကတော့ ဘာမှ မပြောဖြစ်ဘဲ မတ်တတ်ရပ်လိုက်ကြတာ ရှေ့ဆင့် နောက်ဆင့် ..၊

ထိုအခါ လှုပ်ရှားမှုများနှင့်အတူ ကြမ်းခင်းပျဉ်တစ်ချပ်က ညွတ် ခနဲ ဖြစ်သွားကာ ရေစည်ပိုင်းက ကျိမ်းတုတ်တုတ် ဖြစ်သွား၏။

ငုံ့ကြည့်ပြီး ရန်သူ က တူကိုင်လျက်သားနှင့် ရေစည်ပိုင်းနား လျှောက်သွားသည်။

"ဒီကောင် မလိုအပ်ဘဲနဲ့ ရေစည်ကို ဟိုဘက်ကနေ သစ်သားစနဲ့ ခုထားတာကိုး .."

ရေစည်ပိုင်းလေးပေမယ့် ရေအပြည့်နီးပါး ရှိနေသဖြင့် အလွယ် တကူ 'မ'လို့ မလွယ် ..။

အဆင်း က သွားတိုက်ဆေးဘူးတွေ .. ဆပ်ပြာဘူးတွေ အဆင် သင့် တင်ပေးထားသည့် စင်မြင့်လေးကို ကြည့်၍ အဝတ်တန်းလေး ထည့်ထားတာကိုလည်း ကိုင်ကြည့်သည်။

ပြီးတော့ ရန်သူ့ နားကို လျှောက်သွားကာ ...

"ခုခံ မနေပါနဲ့တော့ အစ်ကိုရယ် .. အဆင်း ဒီထဲမှာ ရေချိုးချရင် ကြမ်းခင်းပျဉ်တွေ ဆွေးကုန်မှာပေါ့ .. ပျဉ်တွေက ရေ ကြာကြာစိုလာရင် ဆွေးတာပဲ .. ခုတောင်မှ .."

"ပြိုကျရင် ပြန်ဆောက်လို့ ရတယ် .. ဘာလဲ .. ငါ ဆင်းရဲတယ် ဆိုပြီး သနားသလိုလို .. ညှာချင်တာလိုလို .."

"မဟုတ်တာ အစ်ကိုရယ် .. အစ်ကို မဆင်းရဲပါဘူး .. အဆင်း က .."

"ပြောမနေနဲ့ .. မင်း တားနေလေ .. ငါက ငပေါကြီး ဖြစ်နေ လေ.."





"အစ်ကိုကလည်း .."

အဆင်း မျက်နှာလေးက ကလေးတစ်ယောက်လို စူပုတ်ပုတ်လေး ဖြစ်သွား၏။

သို့သော် ဆံပင်လေးသပ်၍ ချက်ချင်း ပြန်မော့လာကာ ...

"အဆင်း ဘာဝိုင်းကူရမလဲ ဟင် .."

"မလိုတော့ဘူး .. သွားတော့ .."

အဆင်း က သူ ကိုင်ထားသည့်တူကို ငုံ့ကြည့်၍ ထွက်လည်း မသွား ..၊ ပြီးတော့ မျက်နှာကို မော့ကြည့်ကာ ...

"အစ်ကို .."

"ပြော .."

"အဆင်း ကို အစ်ကို .."

"ဘာဖြစ်လဲ .. ဆက်ပြောလေ .."

"မသိတော့ဘူး .. ဒါပေမယ့် အစ်ကိုက အဆင်း နဲ့ မရင်းနှီး အောင် တမင်တကာ နေသလိုပဲ .."

"ရင်းနှီးတော့ .."

"ဟင်!..."

"ရင်းနှီးတာ .. မရင်းနှီးတာကို မေးတာ .."

"အဆင်း တို့ တစ်အိမ်တည်း အတူတူနေကြတာပဲ အစ်ကို .. ဟိုအရင်က ပုံစံမျိုးနဲ့ အစ်ကိုက အဆင်း ကို .."

"အခု ဘယ်လိုပုံစံ နေသင့်သလဲ .. ပြောပါဦး .."

"ဒုန်း .."

"အမေ့!..."

တူကို ပစ်ချလိုက်သဖြင့် ဒုန်းခနဲ အသံကြောင့် အဆင်း ထိတ် လန့် တွန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘူ့နား ကပ်လိုက်တာ မွှေ့ခနဲ ..၊ ပခုံးစွန်းချင်း ထိမိကာမှ ကိုယ်လေး ပြန်ရို့ကာ ...

"လန့်သွားတာပဲ .."

"ငါ မေးတာ ဖြေပါဦး .. မင်း မပြောချင်လည်း မင်းကို ငါ အဲဒီစကားတွေ ပြောရတော့မှာ .. ဒါပေမယ့် ငါ ပြောမိရင်တော့ နားဝင်ချိုမှာ မဟုတ်ဘူး ထင်တယ် .."

"ဟုတ်တယ် .. အဆင်း ကို ဆို အစ်ကို ဟိုအရင်ကထက် နည်းနည်းမှ ပိုမရင်းနှီးဘူး .. အစ်ကို စကားတွေက .."

"ပြောလေ .. စကားပြောရင် မရဲတရဲနဲ့ အဲ့ဒါမျိုး ငါ မကြိုက်ဘူး ..၊ ပြောချင်တာ .. ဖြစ်ချင်တာကို ထိန်းချုပ်ထားရတာလောက် ကိုယ့်ကိုယ်ကိုယ် အဆင်မပြေတာ မရှိဘူး .."

"အဆင်း ကတော့ ကိုယ့်ကိုယ်ကိုယ် အဆင်မပြေတာထက် အစ်ကို့ မျက်လုံးထဲမှာ အဆင်း ဘာဖြစ်နေသလဲဆိုတာကိုပဲ စိတ်ပူတာ ..၊ အစ်ကို့ကို အဆင်း ခင်ပါတယ် .. အစ်ကိုကလည်း ခင်မှာပဲလို့ ထင်ဟာ .."

"ဟွန်း .."

ရန်သူ က မဲ့လိုက်ပြီး ရေစည်ပိုင်းနှုတ်ခမ်းပေါ် ပျဉ်ချပ်တစ်ချပ် တင်ပြီး နောက်ပြန်ထိုင်သည်။

"အစ်ကိုက ဘာရယ်တာလဲ ဟင် .."

"မင်း ပြောတာကိုပါ .. အခု မင်းမျက်လုံးထဲမှာရော ငါက ဘယ်လိုနေလဲ .."

"အဆင်း ပြောလိုက်ရင် စိတ်ဆိုးမှာလား .."

"ပြောပါ .."

အဆင်း က မျက်လွှာလေး ချလိုက်ပြီးမှ ...





"အဆင်း ကို မခေါ်ချင်သလိုပဲ .."

ပြောပုံက ကလေးစကား ..၊

ပြီးတော့ ဒါနဲ့ မဟုတ်သေးဘဲ ဆက်ပြောပြန်သည်။

"အဆင်း ကို သနားလို့ ခေါ်လာပြီးမှ နောင်တရနေတာနဲ့ တူတော့ အဆင်း နေရခက်နေတယ် .."

"ဟုတ်တယ် .. သနားလို့ ခေါ်လာတာ .. အခု နောင်တရပြီဆိုတော့ မင်း ပြန်သွားသင့်ပြီဆိုတာ တွေးမိရောပေါ့ .."

"ဘယ်လို!..."

"မင်းကို ပြန်ပို့ဖို့ စဉ်းစားနေတာ .."

"ပြန်ပို့မယ် .."

အဆင်း မျက်လုံးလေး ဝိုင်းနေကာ ဆံပင်ကို ဘယ်ရောညာရော ကမန်းကတန်း သိမ်းငင်လိုက်ရင်း ...

"အဆင်း ကို အစ်ကို လက်ထပ်ယူခဲ့တာ မဟုတ်ဘူးလား .. အဆင်း တို့ လက်ထပ်ပြီးပြီလေ .."

"သေချာလို့လား .. ငါ့ကိုယ်ငါ လက်ထပ်ထားတာ ဟုတ်မဟုတ်တောင် မသိတော့ဘူး .."

အဆင်း နှုတ်ခမ်းလေးတွေ မဟတဟနှင့် ငေးနေ၏။

ပြီးတော့ မျက်ရည်နှင့်တူသော တလက်လက် ငွေ့ရည်ဖွဲ့ခြင်းဆိုး ဖြစ်တည်ကာ ...

"အစ်ကို ဟကယ်လား ဟင် .. အဆင်း က .."

"မင်းက ဘာလဲ .. ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်စဉ်းစားပါ .. မင်း ဒီအိမ်ပေါ် ရောက်လာခဲ့တဲ့ အကြောင်းရင်းပေါ့ .."

"အစ်ကို ဘာတွေ ပြောနေတာလဲ ဟင် .. အဆင်း ကို အစ်ကို တစ်ခုခု မကျေနပ်နေတာလား .. အဆင်း ဘာလုပ်ထားမိလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လုပ်မထားဘူး .. ဒါပေမယ့် ဘာမှ မသိသလိုနေတာကို အသည်းယားနေတာ ..၊ မင်းကို ငါ .."

ကြည်ပြာရောင် ရှပ်အင်္ကျီလက်ဝိုက် ကွက်စိပ်လေးနှင့် အဆင်း ပုံစံလေးကို စူးစိုက်ကြည့်မိ၏။ လက်တိုလေးကို လက်ဖျားတွေ ထပ် လိပ်တင်ထားသဖြင့် လက်မောင်းသားလေးတွေ ဖွေးနု ဝင်းနှစ်နေတာ က ပေါ်လွင်နေ၏။

ပြီးတော့ ဆံနွယ်လေးတွေ တလွန့်လွန့်နှင့် ဖြူနုသည့်မျက်နှာလေး က လူကိုပဲ အထူးအဆန်းသတ္တဝါလို စိုက်ခနဲ ငေးလိုက် .. ပါးစပ် အဟောင်းသားလေးနဲ့ ဖြစ်လိုက် ..၊

"အဆင်း .."

သူ အဆင်း လက်ဖျားလေးကို ဆွဲယူလိုက်သည်။

အဆင်း သူ့နားကို စိုက်ခနဲ ကပ်လာတော့ ကြမ်းပြင်က ညွှတ်ခနဲ ထပ်ဖြစ်၏။

ရွှေအိမ်စံ မင်းသမီးနဲ့ တဲအိုပျက်လား ..၊

ဒါမှမဟုတ် စင်ဒရဲလားနဲ့ အညတရမင်းသားလေးလို့ပဲ ပြောရ မလား ..။

ပုံပြင်မဟုတ် .. ဒဏ္ဍာရီမဟုတ် .. မနေ့တစ်နေ့က အတိတ်လည်း မဟုတ်ဘဲ ပစ္စုပ္ပန်မှာ သူတို့အဖြစ်က မကြုံပေမယ့် ဆုံခဲ့ကြသည်။ အသည်းမဖွဲ့ခဲ့ပါဘဲ အမြဲ တွဲရဖို့ ဖြစ်ခဲ့၏။

သူ့ရင်ထဲမှာလည်း ဘာတွေဖြစ်နေပြီမှန်း မသိတော့ပါ ..။

သူ ငေးကြည့်နေတော့ အဆင်း က လက်ကို ပြန်ရုန်းသည်။ ထို လက်လေးကို သူ ခပ်တင်းတင်း ဖိဆုပ်ထားကာ ...

"မင်းကို ငါ သနားလို့ ခေါ်လာတာ မဟုတ်ဘူး .."

"ဟုတ်ပါတယ် .. အဆင်း ဒုက္ခရောက်နေလို့ အစ်ကို ကယ်လာ





တာ .."

"ဟုတ်တယ် .. ဒါပေမယ့် ဒုက္ခရောက်နေကြတဲ့ မိန်းကလေးတွေ အများကြီးပဲ .. သူ့အကြောင်းတွေနဲ့ သူပေါ့ .. ဒီအိမ်ပေါ်မှာ တခြား မိန်းကလေးတွေ မင်း ထပ်တွေ့သလား .. ငါ ကယ်တင်ထားခဲ့တာ တွေ .."

အဆင်း ဘာမှ နားမလည်တော့ဘဲ ခေါင်းခါသည်။ လက်ကိုပဲ ရုန်းနေမိလျှင် ရန်သူ က လက်ကောက်ဝတ်လေးကိုပါ နောက်လက် တစ်ဖက်နဲ့ ဖိဆုပ်ထားလိုက်ကာ ...

"ပြော .. မင်းအတွက် ငါက ကယ်တင်ရှင်ပဲလား .."

"မ .. မဟုတ်ပါဘူး .. ဒါပေမယ့် .."

"ဒါပေမယ့် ဘာဖြစ်လဲ .."

"အဆင်း က အစ်ကို့ကို ခင်ပါတယ် .."

"သြော် .. သြော် ..."

"အစ်ကိုကသာ အဆင်း ကို .."

"မင်းကို ခင်မင်ကြဖို့ လက်ထပ်ယူခဲ့တာမှ မဟုတ်တာ .."

"ဟင်!..."

"မင်း .."

"အမေ့!..."

အားလုံးသည် အမှတ်တမဲ့ပဲဖြစ်ကာ အဆင်း လက်လေးကို ထပ်စီ ဆွဲ၍ ရင်ထဲရှိတာတွေ ပြောဖို့ စိတ်ကူးသည် ...

"ကျွတ်!..."

"ဝုန်း .."

"ဒုန်း .."

"အား!..."



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံး တုန်ခါ ဆူညံသွား၏။

"ဘာလဲ … ဘာတွေ ဖြစ်ကုန်ပြီလဲ …"

စောရန် ပြေးလွှားရောက်လာခဲ့လျှင် …

"ဟာ!… သွားပြီ …၊ ရန်သူ … ရန်သူ … ဟော့ကောင် …"

"ငါ့ကို မဆွဲနဲ့ … အဆင်း ကို ထွလိုက် …"

ရေစည်ပိုင်းကြီး တစ်ခုလုံး ကျွံကျသွားရာတွင် လူနှစ်ယောက်က ဖက်လျက်သား ရောယောင် ပိပြားလျက် …၊





အခန်း (၃၀)

"ဟဲ့ … ဘာတွေ ဖြစ်ကုန်ကြတာတုံး …"

"အေး … ငါတို့လည်း ဝုန်းဆို ကြားလိုက်လို့ …"

"ကျွတ်!…"

ဝေဒနာက တစ်မျိုး … ဒီဘက်က အသံကိုပဲ နားစွင့် ခြေလှမ်း ပြင်ပြီး စောင့်နေကြတဲ့ ပတ်ဝန်းကျင်က တစ်မျိုး …၊ ရန်သူ့ မျက်နှာမှာ ဝေဒနာပေါင်းစုံနှင့် ရှုံ့မဲ့သွားသည်။

"စောရန် …"

"ဟင် …"

"အဲ့ဒီလူတွေရှေ့မှာ မင်း ပါးစပ်ကို စည်းနဲ့ ကမ်းနဲ့ နေ …"

နှစ်ယောက်စလုံး ရေစိုအဝတ်တွေ လဲပြီးတာစ အဆင်း … လိမ်းဆေးပုလင်းလေး ကိုင်ထားတာ လိမ်းလည်း လိမ်းရ… ပါ…။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးက ရေစက်အိမ်က ခေါ်သက်မာ ဖြစ်ကာ နောက်က ခေါင်းရင်းအိမ်က သားအမိနှစ်ယောက် ..၊

"ဘာပြုကျတာလဲ ဟင် .. အိမ်အောက်မှာ ရေစည်ပိုင်းကြီး တွေ့တယ် .."

အေးချစ် ဆိုသည့် ဆယ်ကျော်သက် ကောင်မလေးက သူ့အမေကို ကျော်ပြီး မရဲတရဲ ခေါင်းလေးပြူ၍ မေးခွန်းထုတ်၏။

ပြီးတော့ ရန်သူ့ မျက်နှာကြီး တင်းမာနေတာကို မြင်ကာ လှစ်ခနဲ ပြန်ကွယ်သွားသည်။

ဒီအိမ်ကို သူတို့ ပြန်ရောက်လာကြတည်းက အဆင်း ကိုပဲ သေချာကြည့်သွားလိုက် .. ချောင်းကြည့်လိုက်နှင့် သူမမှာ အားမရနိုင်..၊ ဒီဘက်အိမ်လာဖို့ဆို သူမ အမြဲ အားနေသလား မသိ ..။

"ဒီလို အန်တီ .. ရန်သူ က သူ့မိန်းမအတွက် အိမ်ပေါ်မှာ ရေချိုးခန်း လုပ်တာ .."

"အိမ်ပေါ်မှာ .."

မျက်လုံးတွေ ပြူးခနဲ ဖြစ်ကုန်ကာ အိမ်ကို မော့ကြည့်ပုံက တအံ့တသြ ..၊

"ဟဲ့ .. အိမ်က အတောင့်ကြီးပါ .. ငါတို့တောင် ပြောနေကြသေးတယ် .. လူကြီးတွေက စနစ်တကျ လုပ်သွားတော့ သားစဉ်မြေးဆက်နေလို့ ရတာပေါ့ ဆိုပြီးတော့ .."

"အေးလေ .."

"အိမ်က တောင့်သေးပေမယ့် တချို့တစ်နေရာမှာတော့ ဆွေးတာရိတာ ရှိမှာပေါ့ .. ဒါပေမယ့် မင်းမင်း ရယ် .. ဒီလိုအိမ်မျိုးက အိမ်ပေါ်ရေချိုးခန်းထည့်လို့ ဘယ်လိုလုပ် ရမှာလဲ ..၊ မသကာ နောက်ဖေးမှာ စင်လေးထုတ်ပြီး ထရံ ကာလိုက်ရင်တောင် တော်သေးတယ် .."





"အမေကလည်း ကိုမင်းမင်း က သူ့မိန်းမ ရေချိုးတာကို လူမြ[illegible] မှာစိုးလို့ နေမှာပေါ့ .."

"မဟုတ်ပါဘူး ညီမရယ် .. ဟို .."

"ကဲ .."

အဆင်း ရှင်းပြဖို့ ပါးစပ်ပြင်လိုက်တာနှင့် ရန်သူ့ အသံ မလိုလာ[illegible] စွာ ထွက်၏။

"ခေါ်သက် နဲ့ အန်တီကြူ ဘာဖြစ်တာလဲဆိုတာ သိပြီးပြီ[illegible] လည်း ကျွန်တော်တို့ ဆေးလိမ်းမလို့ .."

"အေးလေ .. လိမ်းလေ .."

"ပြီးရော .. အဆင်း ကိုယ့်တင်ပါးမှာ ဒဏ်ရာရှိတယ်.. တောင်း[illegible] ခါးပတ် လာဖြုတ်ပေး .."

"ဟင်!..."

"နေဦး .. နေဦး ..၊ လာ .. အေးချစ် ရေ .. အမေတို့ ပြန်[illegible] အောင် .."

"အေးပါအေ .. ငါလည်း ပြန်ပါဦးမယ် .."

လူကြီးတွေ ကမန်းကတန်း ပြန်ကြတော့ စောရန် ရယ်မိသည်။

ဒီနားကလူတွေ ရန်သူ့ ရဲ့ ပျူငှာတတ်တဲ့အကျင့်ကို တော်တော်[illegible] အထာကျနေကြပြီဟု တွေးမိရင်း ခေါင်းပါ ညိတ်မိ၏။

"ငါက ကလေးတွေမို့လို့ ပြောဆို စောင်မရအောင် လာတာပါ[illegible] အေ .."

"အဲ့ဒီကောင်လေးက ပြောလိုက်ရင် ဒီတိုင်းပဲ .. တုတ်ထိုး[illegible] ပေါက် .."

"တုတ်နဲ့ထိုးရုံနဲ့ အိုးပေါက်မပေါက်တော့ မသိဘူး .. မင်းမင်း[illegible] ဆိုတဲ့ကောင်လေး တစ်ခွန်းပြောလိုက်ရင် တစ်ခွန်းပဲ အိမ်ထဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထုတ်လိုက်တာထက်တောင် မြန်သေးတယ် ..''

"ဟုတ်ပ .. ပြန်စေချင်ရင် ပြန်တော့ တစ်ခွန်းပဲ .. လူမှုရေးလည်း မသိ .. သိလည်း ဂရုမစိုက် .. တကယ်ပါပဲ ..''

ပြောသွားကြတာတွေကို စောရန် က လည်ပင်းရှည် နားစွင့်နေလို့ အကုန်လုံး ကြားလိုက်သည်။

ရန်သူ က အပြောလေး ရိုင်းပေမယ့် မိဘမဲ့လည်း ဖြစ်သော်ငြား စည်းလေးကမ်းလေးနဲ့ နေတတ်တော့ ဘာပြောပြော စိတ်ဆိုး မုန်းတီးမယ့်သူ မရှိပေ ..။

တစ်ယောက်တည်း နေထိုင်သည့် လူငယ်လေးတစ်ယောက်မို့ ခွင့်လွှတ်နေကြတာမျိုး ..၊

"ဟား .. ဟား .. ဟား ...''

"ဘာဖြစ်တာလဲ ..၊ ခုမှ တစ်ရေးနိုးပြီးတော့ ..''

"တချို့ဟာတွေက တွေးရင်းမှ ရယ်စရာ ဖြစ်လာတာကွ ..''

သူတို့ စကားပြောနေတုန်း အဆင်း က ဆေးဘူးကိုင်ရင်း ရွှေး ပြန်မတတ် ဖြစ်နေကာ ...

"အစ်ကို .. ဟို .. ဘောင်းဘီ .. ဘောင်းဘီက .. တကယ် ..''

"ဘာ!...''

"ဟား .. ဟား .. ဟား .. ဟား ...''

ဒီတစ်ခါ စောရန် က ဝါးလုံးကွဲ ရယ်ချလိုက်ကာ ...

"ဟုတ်တယ်လေ .. မင်းပဲ ခါးပတ်ဖြုတ်နိုင်းပြီးတော့ ..''

ရန်သူ တကယ်ပဲ ခါးနာသွားတာမို့ အဆင်း ကို ကြည့်ပြီး မဲ့ .. ဆံပင်တွေ ဖွမိ .. မဲ့မိနှင့် ...

"မင်းကရော အကျီလဲပြီး အထဲမှာ မနေဘဲ ဘာလုပ်ဖို့ ထွက်လာတာလဲ ..''





"အစ်ကို့ဟာ ရောင်လာတယ်ဆိုလို့ ဆေးလိမ်းပေးမလို့လေ ..''

ရန်သူ့ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

စောရန် ရယ်ရလွန်း၍ ပါးစပ်ပိတ်ထားရတာ တစ်ကိုယ်လုံးပါ လှုပ်နေ၏။

"ရန်သူ .. မင်း ဘယ်ဟာ ရောင်တာလဲ ..''

"မင်းက တစ်မျိုး စောရန် .. ငါ သည်းခံချင်စိတ် မရှိဘူး နော်.. ကြိုပြောထားတာ ..''

"ငါလည်း မင်း ပြောတာ ကြားတယ်လေ .. အဆင်း ကို အခန်းထဲ တွန်းပို့တုန်း မင်းပဲ 'ချက်ချင်းရောင်လာသလား မသိဘူး' ဆို .. အဲ့ဒါ ဘယ်နားလဲလို့ ..''

မျက်နှာတစ်ပြင်လုံး လူသတ်ချင်စိတ် ပေါက်နေသလို နီရဲ တင်းမာလာကာ ရန်သူ နေရာမှ ထရပ်၏။

သို့သော် ကျောနောက်ကို ပေါက်နဲ့ ပြန်ဖိ၍ ကုန်းကုန်းကွကွ ပြန်ထိုင်၍ ...

"ကျွတ် .. ကျွတ်!...''

"တွေ့လား .. ရောဂါ တကယ်ရနေတာကို မာနက ကြီးသေးတယ် ..''

"ဟုတ်ပါတယ် အစ်ကိုရယ် .. အဆင်း ဆေးလိမ်းပေးပါ့မယ်..''

"အေးလေကွာ .. တကယ် တင်ပါးမှာလား ..၊ ဘောင်းဘီခါးပတ် ဖြုတ်လိုက်လေ ..''

"မဟုတ်ပါဘူး .. ခါးအောင့်သွားတာ ..''

"ဘာတွေ လုပ်လိုက်လို့လဲ .. ရေစည်ကြီးပါ ပြိုကျတဲ့အထိ –'' စလာပြန်ပြီ ..၊

ရန်သူ့ မျက်လုံးကြီး စူးခနဲ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မသိလို့ ခုမှ မေးရတာလေ .."

ပြောပြီးမှ မျက်နှာက စပ်ဖြီးဖြီး ဖြစ်သွားကာ ...

"အေးပါ .. ညားကာစ လင်မယားကို ငါက အလိုက်မသိ .."

"စောရန် .. မင်း .."

"အဆင်း ကရော .. နှုတ်ခမ်းမှာ သွေးတွေ မြင်လိုက်သလားလို့..၊ ဟုတ်တယ် .. အောက်နှုတ်ခမ်း ဒီဘက်နားမှာ ရောင်နေတယ် .. သိပ်တော့ မသိသာပါဘူး .."

အဆင်း က လက်ချောင်းလေးတွေနဲ့ ပြန်စမ်း၍ ဆတ်ခနဲ ခေါင်းညိတ်၏။

"ဟုတ်တယ် .. အစ်ကိုလေ .."

"ဟုတ်လား .."

'ကျွတ်!...

ရန်သူ ငိုအားထက် ရယ်အားသန် ..၊

ဒေါသထွက်ရတာတောင် အားနာလာရတဲ့အဖြစ် ..၊

ဒီလောက် အပိုးမကျိုးတဲ့မျက်နှာနဲ့ မေးနေတာကို ငကြောင်မလေး ..၊

"ငါ ထင်ပါတယ် .. ဒီကောင့်ကြောင့် ဆိုတာ .."

"သူက တမင်လုပ်တာမှ မဟုတ်တာ .."

"အေးပေါ့ .. ဒီလိုကြီးဖြစ်အောင်တော့ ဘယ်လုပ်မလဲ ..၊ ဒါနဲ့ နင့်ကျတော့ ဘယ်မှာမှ ဒဏ်ရာ မရဘူးလား .."

"နာတော့ နာတယ် .. အစ်ကိုက အပေါ်ကနေ အရှိန် နည်းနည်းများတော့ .."

"အဆင်း .."

"ရှင်!..."





"စောရန် .. မင်း သွားတော့ .. သွား .."

"ငါက .."

"မင်း မသွားဘူးလား .."

"သွားပြီ .. သွားပြီ .. ဟား .. ဟား .. ဟား ..."

"မင်းမျက်နှာရော .. မင်းရယ်သံရော .. ဒီနေ့ မမြင်ချင်ဘူး .."

"အေးပါ .. စိတ်ချပါ ..၊ အေးဆေး ရန်ဖြစ်ကြ .. အဲ့ဒီမှာ .."

ခေါ်းလိပ်ပြာခွက် ကိုင်ထားသည့် ရန်သူ့ ဒေါသကို သူ သိသည်။ ဟိုကောင်မလေးက မသိတတ်ဆိုးဝါးပြီး ရှက်စရာကို ရှက်စရာမှန်း မသိဘဲ ပြောနေသမျှ ဒီကောင် လိုမ့်ဆူတော့မှာပါ ..။

"အစ်ကို အရမ်းနာနေလို့လား ဟင် .."

စောရန် ကို ဒေါသမပြေစွာ ကြည့်နေသည့်မျက်နှာက ဖျတ်ခနဲ လှည့်လာ၏။

"နာနေတယ် ထင်ရအောင် ငါက 'အောင်မယ်လေး' .. 'အဘလေး' အော်နေလို့လား .."

"မသိဘူးလေ .. အစ်ကိုက အကုန်လုံးကို ဒေါသထွက်နေတာကိုး .."

"ဟုတ်တယ် .. အကုန်လုံးထဲမှာ မင်းကို ရိုက်သတ်ချင်စိတ် ပေါက်နေတာ .."

"အဆင်း ကို .."

"ဟုတ်တယ် .. မင်း ဟိုကောင် လျှောက်နောက်နေတာကို ဘာလို့ တစ်ခွန်းမကျန် ပြန်ဖြေနေတာလဲ ..၊ ကိုယ့်ကို အကောင်းပြောမှန်း - နောက်ပြောင်နေမှန်းတောင် မသိဘူးလား .."

"သိပါတယ် .. အစ်ကိုစောရန် က ဘယ်မှာ နောက်လို့လဲ .. အဆင်း ဒဏ်ရာရသွားသလား မေးတဲ့ဥစ္စာ .."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား .. နှုတ်ခမ်းပေါက်သွားတာကို မြင်သားနဲ့ အပိုအလိုတွေ ဖြည့်ပေးနေတာကိုရော စေတနာတွေ ထားနေတယ်ပဲ ထင်တယ်ပေါ့ .."

အဆင်း မဖြေရဲတော့ဘဲ နှုတ်ခမ်းမှာ လက်သီးဆုပ်လေးနဲ့ မထိတထိ ကပ်၍ မျက်လွှာချသည်။

စိတ်ထဲမှာ ဘာကို ခံစားမိလိုက်မှန်း မသိဘဲ ထိုမျက်နှာလေးကို မေးဖျားလေးကနေ ဆွဲမော့စေကာ ထပ်ပြီးတော့လည်း ဆူချင်သေးသည်။ ပြီးတော့ ချော့မော့ ကြင်နာချင်၏။

သူမဟာ တကယ်ကို အရိုင်းဆန်တဲ့ ပန်းလေးတစ်ပွင့်သာ ..။

"အဆင်း .."

"ဟင် .."

"လူပျိုလူရွယ် မိန်းကလေး ယောကျ်ားလေးတွေ လူကြီးလူငယ် အားလုံးပဲ နှုတ်ခမ်းမှာ ဒဏ်ရာဖြစ်ရင် ရှက်ကြတယ် .."

"ရှက်တယ် ဟုတ်လား .. ထိခိုက်ဒဏ်ရာဆိုတာ ဖြစ်တတ်ကြတာပဲ .."

မျက်နှာလေးက ဒါကို ရှက်စရာအဖြစ် ပြောနေတဲ့လူကိုပဲ မစားနားဘူးလို့ ပြောချင်တာမျိုး ..။

ဒဏ်ရာရှိန်နှင့် ထူအမ်းအမ်းလေး ဖြစ်နေသည့် နှုတ်ခမ်းလေးက ပို၍ နီမြန်းနေသည်မို့ စိုက်ကြည့်ရင်း သူ ခပ်လွန့်လွန့် ပြုံးမိသည်။

အဆင်း က သူ့ကို မျက်မှောင်ကုတ်လေးနှင့် ကြည့်နေဆဲ ...

"အဲ့ဒါကို ရှက်စရာလို့ ဘာဖြစ်လို့ သတ်မှတ်ကြတာလဲ ..၊ မင်း တကယ် မသိဘူးပေါ့ .."

အဆင်း ဘာမှ ပြန်မပြောဘဲ သူ ပြောမှာ ဘာဖြစ်နိုင်မလဲဆိုတာ အပြင်းအထန် စဉ်းစားကြည့်နေသည့် မျက်ဝန်းတွေက စူးစိုက်နေ၏။





ရန်သူ ကလည်း ဘာမှ ထပ်မပြောဘဲ မျက်နှာလွှဲကာ ...

"ဒါက လေ့လာမှတ်သားသင့်တဲ့ပညာ မဟုတ်ပါဘူး.. ခဏ မေ့ထားလိုက် .."

ခဏ ..၊

ဘာကို ခဏလဲ .. မေ့ဆိုလည်း မေ့လိုက်ပေါ့ ..၊ အဆင်း တွေးနေဆဲ ရှိနေတာကို သိနေလေ သူ ရယ်ချင်လေ ..၊

နားမလည်နိုင် ဖြစ်နေသည့် ထိုမျက်ဝန်းလေးတွေကိုပါ မှိတ်ကျသွားအောင် နမ်းပစ်ချင်၏။

ပြီးတော့ သူမ မသိနားမလည်တာတွေကို တတ်သိ နားလည်သွားအောင် ကိုယ်ဖိရင်ဖိ သင်ပေးချင်သေးသည်။

ဒါပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဟတ်ချိုး .."

ဟော ...

ခုပဲ သူမ ဖျားနေပြီဆိုတာ ပြောရင်း လျှောက်ဝင်လာကြတော့ အခန်းရှေ့ရောက်တာနဲ့ ဟတ်ချိုးသံကို ကြားလိုက်ရ၏။

"တွေ့လား .. ခေါင်းကိုက်လို့ဆိုပြီး ငါ့ကို ဆေးဝယ်ခိုင်းတည်းက ဖျားတော့မယ်ဆိုတာ သိတယ် .. မျက်နှာလေးကို နီရဲနေတာ သနားပါတယ် .."

"အဲ့ဒါ ငါ့ကို ပြောပါလား .."

"ပြောရအောင် မင်းက ခါးနာလို့ဆိုပြီး ပလတ်စတာလေး ကပ်ပြီးတာနဲ့ ထွက်သွားလိုက်တာလေ .."

"တော်တော့ .."

"အေးပါ .. တော်ပါပြီ .. ဆေးခန်းသွားဖို့ လိုရင်လည်း ထွက်ခဲ့ကြ .. အချိန်လေးရှိတုန်း .."





စောရန် က ဒါကျတော့ အားကိုးရသည်။ အရေးအကြောင်း ကြုံလာကာမှ တစ်ယောက်ပေါ်တစ်ယောက် ပို၍ နားလည်လာခဲ့တာ ဆိုရင် ပိုမှန်မလား မသိ ..။

ဈေးထားသည့်တံခါးကို ဖွင့်ဝင်လိုက်တော့လည်း သူ တစ်ခါမှ ဝင်မကြည့်ခဲ့သော မင်္ဂလာမောင်နှံအတွက် ပြင်ဆင်ပေးထားသည့် အိပ်ခန်းလေးက မဆန်းပြားပေမယ့် အထိုက်အလျောက်လေးတော့ ခမ်းနားနေသည်သာ ..။

အဆင်း က နှစ်ယောက်အိပ်မွေ့ရာပေါ်မှာ ခြေချထိုင်လျက် လက်ဖဝါးနှစ်ဖက်ထဲမှာ မျက်နှာလေး ကပ်၍ နှာချေတာကို အသံမထွက်အောင် ဖုံးဖိဖို့ ကြိုးစားနေတာမျိုး ..။

"ဟတ်ချိုး .. ဟတ်ချိုး ..."

ဆက်တိုက် နှာချေကာ မျက်နှာလေးနစ်၍ အကြာကြီး ငြိမ်ကျသွား၏။ ပြီးမှ မျက်လုံးမှိတ်လျက်နှင့် မျက်နှာလေး မော့လာကာ ...

"အား!... ကျွတ် .. ကျွတ် .."

"ခေါင်းတွေ ကိုက် .. ကိုယ်တွေ ပူနေပြီလား .."

"ဟင်!..."

သူမ ဆတ်ခနဲ ဖြစ်သွားကာ လှည့်ကြည့်ပြီးမှ ပြန်ငုံ့၍ မျက်နှာရှေ့မှာ လက်လေးကာသည်။ ပြီးတော့မှ လှည့်ကြည့်၍ ...

"အစ်ကို .."

"မင်း နေမကောင်းလို့ လာကြည့်တာပါ ..၊ ပြုံးတူးပြဲတဲ ဖြစ်နေနဲ့ .. ခဏပဲ .."

"ဟင့်အင်း .. မဟုတ်ပါဘူး .."

အဆင်း က ခုကင်ပေါ်က ထရပ်ကာ နှာခေါင်းပွတ်နေသည်နှင့် မျက်နှာကို ငုံ့ပဲ ငုံ့နေသဖြင့် ရန်သူ က သေချာကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ .. နေမကောင်းရင် ထိုင်နေလေ .."

"မဟုတ်ဘူး .. အစ်ကိုရော ခါးနာနေတာ ကောင်းသွားပြီလား.."

"ကောင်းသွားပြီ .. မင်း မျက်နှာ နည်းနည်းမော့ .."

"ဟင်!..."

မော့လာပေမယ့် လက်လေးကလျက်သား ဖြစ်၏။ ရန်သူ့ မျက်ခုံးနှစ်ဖက် တွန့်ကုတ်သွားကာ ရှေ့တိုးလာတော့ အဆင်း က နောက်ဆုတ်၏။

"အဆင်း .."

"ရတယ် .. အဆင်း ဘာမှမဖြစ်ဘူး .. ဒီပ်မနာတော့ဘူး .."

"ဘာ!..."

မသိစေချင်ကာမှ စကားထဲမှာ ပါသွားပြီမှန်း သိကာ အဆင်း တစ်ဖက်ကို ချာခနဲ လှည့်ပစ်မိသည်။ ပြီးတော့ ...

"ဟတ်ချိုး .."

"နာချေချင်လည်း ဒီဘက်လှည့်ချေလို့ ရတယ်.. ဟော့.. ဒီဘက်ကို.."

"ဟင့်အင်း .."

"မရဘူး .. လှည့်စမ်း .."

ရန်သူ ဖျတ်ခနဲ အနားရောက်လာကာ အဆင်း ရဲ့ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်ပစ်လိုက်သည်။

"အဲဒီလက်ကို ဖယ်လိုက် .."

အဆင်း ခေါင်းတွင်တွင်ခါ၍ နှတ်ခမ်းမှာ ကပ်ထားသည့်လက်ကို ဖယ်လျှင် သူ သိလိုက်၏။

"ဘာလဲ .. နှုတ်ခမ်းပေါက်သွားတဲ့ ဒဏ်ရာလား .."

ပန်းနုရောင်မျက်နှာလေး ရဲခနဲ ထပ်ဖြစ်သွားတာနှင့် သူမ လက်ကလေးကို သူ ဆွဲဖယ်ပစ်လိုက်သည်။





"ဟင့်အင်း .. ဟင့်အင်း .."

"ငြိမ်ငြိမ်နေစမ်းကွာ .. မော့ .."

အဆင်း မျက်နှာလေးကို သူ အတင်းမော့စေလိုက်ကာ ...

"ဟင်!..."

အောက်နှုတ်ခမ်းလွှာ တစ်ဖက်ခြမ်းမှာ သွေးစလေးတွေနှင့်ဒဏ်ရာ က နှုတ်ခမ်းအလှလေးနဲ့ မလိုက်ဖက်စွာ ...

"အဲလောက်ထိ ဖြစ်သွားတာလား .."

"ရပါတယ် .."

အဆင်း အတင်းပြန်ရုန်းသည်။ မှန်ထဲမှာ ပြန်ကြည့်၍ ဒဏ်ရာ သားမှာ ရောင်နေသည့်အဖြစ်ကို မြင်ရတိုင်း နှုတ်ခမ်းမှာ ဒဏ်ရာဖြစ်တာ ရှက်စရာ ဆိုသည့်စကားကို စဉ်းစားကြည့်ခဲ့၏။

ဘာဆိုတာ သေချာ မသိပေမယ့် တစ်စုံတစ်ရာကို ခံစားမိလာခဲ့သည်။ ရှက်စရာမှန်း သိအောင် ပြောခဲ့ပြီးမှ သူ့ကို အဆင်း က ဘာဖြစ်လို့ ပြရမှာလဲ ...

"ဟော့ .. ဘယ်လိုဖြစ်နေတာလဲ ... ဒီမှာ ရောင်နေတာကို ကြည့်တာ .."

"ဘာမှ မဖြစ်ဘူးဆိုမှ .."

"မရဘူး .. ငြိမ်ငြိမ်နေ .."

"အစ်ကို နော် .."

အတင်းဆွဲချုပ်ထားလိုက်တော့ သူ့ရင်ခွင်ထဲမှာ အဆင်း ထိုင်လေး မြုပ်ကွယ်မတတ် ...

"အရမ်း နာနေတာလား .."

ရှောင်လို့ မရတော့သဖြင့် မော့ထားရသည့် မျက်နှာလေး ... နေကာ မျက်ဝန်းမှာ မျက်ရည်ကြည်လေးတွေ လဲ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခေါင်းခါ၍ ...

"နာလို့ ငိုချင်နေတာ မဟုတ်ဘူး .."

"ဘာဖြစ်လို့လဲ .."

"အစ်ကို အတင်းကြည့်နေတာကိုး .."

ကရုဏာစိတ်တို့နှင့် သူမ မျက်နှာလေးကို ကြည့်ရင်း ပြုံးလိုက်မိကာ ...

"မင်းပဲ နှုတ်ခမ်းနာသွားတာ ကိုယ့်ကြောင့်လို့ လူတွေရှေ့မှာ ပြောခဲ့ပြီးတော့ .."

"ဟုတ်တယ် .. အဲ့ဒါ အစ်ကို့နဖူးနဲ့ ဆောင့်မိတာကို ပြောတာလေ ..၊ အဲဒါ အစ်ကိုပဲ အဆင်း ကို အရှက်မရှိဘူးဆို .. ပြီးတော့ .."

"အရှက်မရှိတာမျိုး ကိုယ် မပြောပါဘူးကွာ .. နေပါဦး .. အဲဒီလို ပြောလိုက်တာနဲ့ မင်း ရှက်နေတာလား ..၊ တကယ် သိသွားလို့လား.."

"ဟင့်အင်း .. သိသိ မသိသိ အစ်ကို့ကို မပြချင်လို့ .."

အတင်းဖယ်ချနေသည့် လက်လေးတွေကို ဂရုမစိုက်စွာ ဖက်ထားမိရင်း သူ ရယ်မိသည်။ ပြီးတော့ နဖူးချင်းထိသွားအောင် ငုံ့လိုက်ပြီး...

"ဒါပေမယ့် အဲ့ဒါ ကိုယ် ကုပေးမှ မင်း သက်သာမှာ .."

"ဟင်!..."

အဆင်း ဘာမှ မမေးလိုက်ရဘဲ သူမတစ်ကိုယ်လုံး မွန်းကျပ်သွားကာ အမြင်အာရုံတွေပါ မှောင်ကျသွားခဲ့သည်။

သူမ မသိတာတွေကို လက်တွေ့ သင်ပြပေးသွားခဲ့သည့် သူ့ရဲ့ သင်ခန်းစာတွေထဲမှာ အနမ်းကြောင့်ဖြစ်သော ရင်ခုန်သံများနဲ့ ပတ်သက်၍ ..

"ကိုယ့်ကို စိတ်ဆိုးသွားထာလား .."

"ဟင့်အင်း .."





"ဘာဖြစ်လို့ ငိုတာလဲ .."

"ဟင့်အင်း .."

"ကိုယ်တို့က သူစိမ်းတွေမှ မဟုတ်တာ .. ဒါမျိုးတွေတော့ ရှိ
ပေါ့ .. မင်း ကိုယ့်ကို နမ်းခွင့်လေး မပေးချင်နိုင်ဘူးလား .."

"ဟင့်အင်း .. အဆင်း ရှက်လို့ပါ ..၊ အစ်ကို သွားပါတော့ .."

ဘယ်ကိုထိထိ ဖယ်ချနေလျက်ရှိကာ သူမကို နောက်ထပ် ဆွဲ
ထားလိုက်မှာစိုးကာ ခုတင်ပေါ်မှာ ဆတ်ခနဲ ထိုင်ချလိုက်သည်။

ဒါပေမယ့် ရန်သူ က သူမဘေးမှာပဲ ဝင်ထိုင်လိုက်ပြီး ...

"အခု နာမွန်နေတာပါ ပျောက်သွားပြီမို့လား .."

အဆင်း ဟိုဘက်ရွှေ့ထိုင်လိုက်ကာ ကတုန်ကယင်ဖြစ်နေ
ကိုယ့်လက်ဖဝါးတွေကို ပြန်၍ ဆုပ်ချေနေမိတာ မပြီးနိုင် ..၊

"အဆင်း .."

"ဟင့်အင်း .."

သူမ လက်ကလေးတွေကို ကိုင်လိုက်တာနှင့် ခါချပစ်မှာကို သိ
ကာ သူ အတင်း ဖိဆုပ်ထားလိုက်ပြီး ...

"ဘာဖြစ်လို့ 'ဟင့်အင်း' ချည်းပဲ ဖြစ်နေတာလဲ .. ကိုယ်တို့ စကား
ပြောရအောင် .."

"နောက်နေ့မှ ပြောပါ .. အဆင်း .."

"ခုပဲပြောမှ ဖြစ်မှာ .. ဘယ်မှ မသွားနဲ့ .."

အဆင်း ရဲ့ပခုံးလေးကို သူ ဖက်ထားလိုက်ကာ ..

"ထမပြေးနဲ့ .. ကိုယ် ဘာမှမလုပ်ဘူး .."

အဆင်း က နှုတ်ခမ်းကို လက်ခုံလေးနဲ့ ကာကွယ်ထားရင်း
ကြည့်သည်။ ရန်သူ က ခေါင်းညိတ်၍ ...

"ကတိပေးတယ် .. ငြိမ်ငြိမ်လေး နေပြီး နားထောင် .."



www.burmeseclassic.com

www.burmeseclassic.com



ပန်းသွေးရောင် ညဝတ်အင်္ကျီလက်ရှည်ပွပွလေးနှင့် ပန်းနုရောင် သမ်းနေသည့် အဆင်း မျက်နှာလေးက မီးရောင်အောက်မှာ ရင်ခုန်ဖို့ ကောင်းအောင် လှနေသည်။

ဆံစလေးတွေ စိမ်းမြဝင်းစိုနေသည့် နဖူးပြေပြေလေးက မြတ်မြတ်နိုးနိုး နမ်းရှိုက်ချင်လောက်အောင် ချစ်စရာ ကောင်း၏။

သူ အဆင်း မျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်ရင်း ပင့်သက်ရှိုက်မိလျက် ...

"ကိုယ် မင်းကို .."

"ရန်သူ .. ဟော့ .. ငါ ဝင်ခဲ့မယ် အရေးကြီးလို့ .."

တံခါးလည်း ခေါက်သည် ..၊ အသံလည်း ပေးကာ တံခါးတွန်း၍ စောရန် အူယားဖားယား ဝင်လာ၏။

ပြီးတော့ ရန်သူ လက်ဖြုတ်လိုက်တာ .. နှစ်ယောက် အတူတူ ထိုင်နေတာကို ကြည့်ကာ တုံ့ခနဲ ခဏရပ်သွားပြီး ...

"ငါ ပြောစရာ ရှိလို့ပါ .."

"အေးပါ ပြော .. ဘာဖြစ်လို့လဲ .."

"လမ်းထဲကို ဒေါ်မျိုးရီ နဲ့ အမျိုးသမီးကြီးတစ်ယောက် ဝင်လာတယ် .."

"ဟင်!..."

"ဒေါ်လေး .. ဟုတ်လား .."

အဆင်း ဆတ်ခနဲ ဖြစ်သွားတော့ ရန်သူ က သူ့မလက်ကောက်ဝတ်လေးကို ဆုပ်ကိုင်ထားပြီးဖြစ်ကာ ...

"မင်း တွေ့လိုက်တာလား စောရန် .."

"တွေ့တာမှ ငါ့ကို တိုက်ရိုက် လာမေးတာ .."

"ဟင်!..."





အဆင်း မျက်နှာလေး သွေးဆုတ်ဖြူရော်သွားသည်။ စောရန် က အဆင်း ကို ကြည့်၍ ...

"ငါတော့ ညာပြောလိုက်တယ် .. သူတို့ ခဏပဲ လာတာလို့ .. ဟန်းနီးမွန်းဆိုပြီး ပြန်ထွက်သွားကြတာ ဘယ်ကိုမှန်း မသိဘူးလို့ .."

"ပြန်သွားပြီလား ဟင် .."

"မပြန်ဘူး .. ဒေါ်မျိုးရီ က လည်တယ် .. ဒီမှာဆိုတာ အတိအကျ သိပြီးမှ လာတာတဲ့ ..၊ ပတ်ဝန်းကျင်အားလုံးကတော့ လိမ်မှာ မဟုတ်ဘူး .. တစ်ရပ်ကွက်လုံးကို လှည့်မေးမယ်တဲ့ .. ညာနေမှန်းသိရင် လူကြီးခေါ်ပြီး ရှာဖွေဝရမ်းနဲ့ ပြန်လာမယ်တဲ့ .."

"အံမာ ကွာ .."

"ဟော့ကောင် အံမာမနေနဲ့ .. ခြိမ်းခြောက်ပြောသွားတာလည်း ဖြစ်နိုင်တယ် .. ရှာဖွေဝရမ်းနဲ့ .. ပြန်ရောက်လာရင်လည်း မင်း ပါသွားမှာပဲ .. သူတို့ကြည့်ရတာ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဖို့ မဖြစ်နိုင်ဘူး .. အပီကစ်မယ့်ပုံ .."

"အစ်ကို .."

အဆင်း က ရန်သူ ကိုင်ထားသည့်လက်ကို ရုန်းလိုက်ပြီး မျက်နှာချင်းဆိုင် ရပ်လိုက်ကာ ...

"အဆင်း အတွက်နဲ့ အစ်ကို ခဏခဏ ဒုက္ခများနေရတာ .. အဆင်း ဒေါ်လေးနဲ့ တွေ့လိုက်တော့မယ် .."

"တွေ့ပြီး .. ဘာလုပ်မလို့လဲ .."

"အစ်ကို့ကို အထင်လွဲနေတာ အဆင်း ရှင်းပြမှာပေါ့ .. အဆင်း တို့က အခြေအနေကြောင့်သာ လက်ထပ်လိုက်ရတာ .. [illegible] ခိုးပြေးကြတာမှ မဟုတ်တာ .. အစ်ကိုက အဆင်း ကို [illegible] ထင်ပြီး ဒေါ်လေးက ဒုက္ခပေးဖို့ ကြိုးစားနေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မင်းက ပြန်လိုက်သွားမယ်ပေါ့ .."

"မဟုတ်ပါဘူး .. ဒါပေမယ့် အစ်ကိုကိုတော့ အထင်မလွဲအောင် ရှင်းပြရမှာလေ .. အစ်ကို အများကြီး ကူညီထားခဲ့တာ အဆင်း ဘက်က တစ်ခါမှ .."

"တော်တော့ .."

မျက်နှာရမလားလို့ ရှင်းပြနေမိတာတောင် အော်ငေါက်ခံလိုက်ရသဖြင့် အဆင်း မျက်နှာလေး ပျက်သွားသည်။

"ကဲ .. မင်းတို့ကလည်း တစ်မျိုး .. ဟိုက ပြန်သေးတာ မဟုတ်ဘူး .. ဘာလုပ်ကြမှာလဲ .."

"ဘာမှ မလုပ်ဘူး .. မင်း သွားတော့ အပြင်ကနေ သော့ခတ်ထားလိုက် .."

"ဟင်!..."

"အစ်ကို အဲဒီလို .."

"စောရန် မင်း သွားတော့ .."

စောရန် ခဏပဲ ကြောင်ကြည့်နေကာ ချက်ချင်း လှည့်ထွက်သွား၏။ ရန်သူ က အဆင်း လက်ကောက်ဝတ်လေးကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ပစ်လိုက်ပြီး ...

"လာပါ .. ငါ မေးတာကို ဖြေစမ်းပါ အဆင်းရှုပါ .. မင်းနဲ့ငါ အတွေ့အကြုံသစ်ရအောင် အပျော်တမ်း ခိုးပြေးခဲ့ကြတာလား ..၊ အခု မင်း အိမ်ပြန်ချင်လို့ ပြန်မယ် .. ဒီလိုလား .."

"အဆင်း သိတယ် အမ်ကို .."

"ဘာသိတာလဲ .. သိတာတွေကို ပြောစမ်းပါ၊ ခင်ဗျားရဲ့ မသိတတ်သမျှကို သည်းခံမျိုသိပ်နေရတာ ကြာရင် လူသတ်မိတော့မယ်၊ ပြော.. မသိတာတွေ ဘာတွေလဲ ..၊ ဘာတွေကို သိထားသလဲ .."





"အဆင်းတို့ လက်ထပ်ပြီးကြတာကို သိတယ်၊ ဒါပေမယ့် —"

"ကူညီတာတွေ ကယ်တင်တာတွေ ပြောမလို့လား ..၊ ဘာမှမဟုတ်ကြတာတွေ ကြေညာပြီး ငါ့ကို ပြန်ကျေးဇူးဆပ်မယ် ဒါတွေလား .."

"အစ်ကို .."

"မပြောနဲ့တော့ .. အခု ငါ ဘာလုပ်သင့်တယ်ဆိုတာ သိပြီ .. မင်းကို ငါ သနားလို့ ကယ်တင်ရှင်လုပ်ခဲ့တာ မဟုတ်ဘူး .."

"အို .. အစ်ကို ဘာလုပ်တာလဲ .."

"မင်းနဲ့ ငါ လင်မယားတစ်ဝမ်းကွဲတော်နေတာ အခု ပြီးပြီ .."

"အဲဒါက .. အို .. ဟင့်အင်း .. မဟုတ်ဘူး .. အစ်ကို အဆင်း ရှင်းပြ .."

"ချောက် .."

အဆင်း သေလုမြောပါး ရှင်းပြနေပေမယ့် အရာမထင် ..၊
ချောက်ခနဲ အသံနှင့်အတူ တစ်ခန်းလုံး မှောင်ကျသွားခဲ့၏။
ပြောသလိုလုပ်တတ်သည့် ရန်သူ က ရာဇဝင်ကို အပျက်မခံ ..
ယနေ့မှစ၍ ကျွန်တော် ကျွန်မတို့သည် ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၂)

"အစ်ကို .. အစ်ကို .."

"ဟင် .."

"ခုနစ်နာရီ ထိုးနေပြီ .. အစ်ကိုစောရန် က တံခါးလည်း လာမဖွင့်သေးဘူး .."

"သူလည်း အိပ်ပျော်နေတာ နေမှာပေါ့ .."

"အဆင်း အပြင်ထွက်ချင်လို့ .."

"နောက်ဖေးတံခါး ဖွင့်ပြီး ထွက်လေ"

"ရေအိမ်သွားမလို့ မဟုတ်ဘူး .. အဆင်း နေမြင့်အောင်မှ မအိပ်တတ်တာ ..၊ မျက်နှာသစ်ချင်ပြီ .."

"မသစ်နဲ့ဦး .."

အဆင်း စိတ်ညစ်သွားသည်။ ရန်သူ က အိပ်ရာထဲမှာ နဖူးပေါ် လက်တင်ပြီး တစ်ခွန်းမကျန် ပြန်ပြောနေပေမယ့် မျက်လုံးက မဖွင့်..။

"အစ်ကို .."

"ဟာကွာ .. နားငြီးလိုက်တာ .."





"အား .."

အဆင်း ကိုယ်လေးကို ခါးကနေ ဆွဲဖက်ပြီး အိပ်ရာပေါ် လှဲချလိုက်သည်။ ပြီးတော့ ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားလိုက်ပြီး —

"ဒီမိန်းမ .. ယောကျ်ားက စိတ်ဆိုးပြနေတာလည်း ပြေရာပြေကြောင်းပြောပြီး ချော့မယ်မရှိဘူး .. အပြင်ထွက်ဖို့ချည်းပဲ ချိန်နေတယ်"

"ဟင် .. အစ်ကိုက စိတ်ဆိုးနေတာ .."

"ဟုတ်တယ် .. မင်း ကိုယ့်ကို ဘာမှ နူးညံ့လိုက်လျောတာ မရှိဘူး။ ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းတောင် မသိတော့ဘူး..၊ ပြော .. ကိုယ့်ကို မကြည်ဖြူနိုင်ဘူးလား .."

"ဟင့်အင်း .."

"ဘာ!..."

"မဟုတ်ဘူး .. ဟင့်အင်း ဆိုတာ မဟုတ်ဘူးလို့ ပြောတာ .."

အဆင်း ပျာပျာသလဲ ရှင်းပြတော့ သူ ရယ်သည်။ ဒီကောင်မလေး အရှက်သည်းနေတာကို သိသည်။ နေရာတကာ ထိတ်ထိတ်လန့်လန့် ဖြစ်နေတတ်တာကိုက ရင်ခုန်စရာပါ ..။

ဒါပေမယ့် မင်္ဂလာဦးညဆိုတာ မိုးမလင်းခင် အိပ်ရာမထကောင်းဘူး ဆိုတာတော့ သိတတ်အောင် ပြောမှ ဖြစ်မည်။

"အခု ခဏလွှတ်ပါဦး .. တော်ကြာ အစ်ကိုစောရန် တံခါးဖွင့်ရင် ဒီတိုင်းကြီး ..."

"လင်မယား အိပ်နေကြတာကို ခေါင်းပြူမကြည့်ရဘူးဆိုတာတော့ သူ သိပါတယ်ကွာ .. ရှက်ရင် ကိုယ့်ရင်ခွင်ထဲမှာ မျက်နှာထားထား—"

အဆင်း တကယ်ကို ပြောသလို နေရှာသည်။ သူ့ခါးကို ပြင်းပြင်း ဖက်ထားပြီး ရင်ခွင်ထဲမှာ အဝတ်ထုပ်လေးလို ပုလုံးနေအောင် ခွေထိုးနေ။

"အဆင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

"မင်းက ကူညီကယ်တင်နေတယ်လို့ ထင်ပေမယ့် အခု ကိုယ် ရှမ်းကားပစ်လိုက်တာ ယုတ်မာလိုက်တာလို့ မထင်ဘူးလား .."

"ဟင့်အင်း .."

"ဒါဆို ဘယ်လိုသဘောထားလိုက်လဲ ပြော .. ကိုယ် မင်းရင်ထဲကို သိချင်တယ် .."

"မသိဘူး .."

"ဟင့်အင်းတွေ .. မသိဘူးတွေချည်းပဲ အဆင်း ရာ .. အဲဒီလို ဘာမှန်းမသိတဲ့ အဖြေတွေ ကိုယ် မကြိုက်ဘူး .."

မျက်နှာလေးကို မော့ယူလိုက်တော့ အဆင်း က အတင်းပြန်ကွယ် ပစ်ကာ ...

"အစ်ကိုကလည်း အဆင်း တကယ်မပြောတတ်ဘူး .."

"မင်း ကိုယ့်ကို နည်းနည်းလေးတောင် ရင်မခုန်ဘူးလား"

ရင်ခုန်လာတာက ခုမှ ဖြစ်သည်။

ဒါပေမယ့် သူမေးတဲ့ ရင်ခုန်သံမျိုးတော့ မဟုတ်ဘူးဆိုတာ အဆင်း ကိုယ့်ကိုယ်ကိုယ် သိနေ၏။ သူ ဘာကို သိချင်တာလဲ ..၊ ကိုယ့်အဖြေ မှားသွားရင် သူ ဒေါသထွက်သွားမှာလား ..။

သူ့ဒေါသတွေကို ကြောက်လန့်ပြီး ရင်ခုန်သံတွေ ဖြစ်လာခဲ့တာ ဘယ်လိုဖြေရမှန်း မသိ ..။ ထိုစဉ် ...

"ဒေါက် .. ဒေါက် .."

"ဟော .. အစ်ကိုစောရန် လာပြီ .."

"လာပေ့စေ .."

အဆင်း အတင်းရုန်းထတော့ သူ လွှတ်မပေးဘဲ ထားလိုက်သည်။ အပြင်ကနေ သော့ဖွင့်သံနှင့်အတူ ...





"တုတ်တုတ်မှမလှုပ်ပါလား .. အဖွှန်း .. ခုမှ အိပ်ရေးဝဝ အိပ်ရတုံ ပဲ ..၊ ခွေးကောင် .."

တစ်ယောက်တည်း ရေရွတ်သွားသည့် စောရန် ရဲ့ ရယ်ကျဲကျဲအသံ ကြောင့် အဆင်း က သူ့ရင်ခွင်ထဲကနေ မျက်နှာလေး မော့လာကာ...

"အစ်ကိုစောရန် က ဒီလိုမျိုး တမင်လုပ်လိုက်တာတော့ မဟုတ် လောက်ပါဘူး နော် .."

"ဘယ်လိုမျိုးလဲ"

"သူက အဆင်း တို့ကို အခန်းခွဲအိပ်တယ်ဆိုပြီး အမြဲပြောနေတာ လေ.. ညက အတူတူအိပ်ဖြစ်အောင် တမင်ခြောက်လှန့်ပြောတာလားလို့"

"မဟုတ်လောက်ပါဘူးကွာ .. သူ အဲဒီလောက်တော့ မနောက် တတ်ပါဘူး .."

"အဆင်း တစ်ခုလောက် ပြောချင်တယ် .."

"ဘာလဲ .. ပြောလေ .."

"ဒေါ်လေးတို့အိမ်မှာ ဘာတွေ ဖြစ်ပျက် ဆုံးဖြတ်နေကြတယ်ဆို တာ အဆင်း သိချင်တယ် .. အခု ဟိုဘက်က ငြိမ်နေတယ်ဆိုပြီး အဆင်း တို့ အေးချမ်းစွာ နေလို့ရတာ .."

"ငြိမ်မနေလည်း ဘာလုပ်မလဲ အဆင်း ရယ် .. မင်းအဒေါ်ကို ကိုယ် ဂရုမစိုက်ပါဘူး .. မင်းပဲ အရေးကြီးတာ ..၊ သူနဲ့ ဝေးဝေးပြေးချင် နေတာလား .. ကိုယ်နဲ့ မနေချင်တာလား .."

"ဘယ်လို .."

"မင်းကို သူ မလိုလားစွာ 'ပ'ထုတ်ဖို့ ကြံနေတဲ့ကြားက ကိုယ် မင်းကို ရအောင် ခိုးထုတ်ခဲ့တာ ..၊ သူ့ရည်ရွယ်ချက်က ဝင်းထွန်း နဲ့ ဖြစ်စေချင်တာလား.. မင်းကိုပဲ အမှိုက်တစ်စလို သဘောထားတာလား အဲဒါ မသိဘူး ..၊ ဒါပေမယ့် ကိုယ် မင်းကို စိတ်ဆင်းရဲ တိုးဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ မလိုချင်ဘူး .. နောက်တစ်ခုက ကိုယ်မသိတဲ့ ကိုယ့်ရဲ့ ရင်ဘတ်ထဲမှာ မင်း ရောက်နေတယ် ..၊ ဒီနှင်ချက်က ရောထွေးနေပေမယ့် မင်းကို ခိုးလာပြီးမှ ခိုင်မာသွားတာက ကိုယ် မင်းကို ဆုံးရှုံးမခံနိုင်တော့တာပဲ ..''

သူ့ရင်ခွင်ထဲ ငြိမ်ငြိမ်သက်သက်လေး ရှိနေသည့် အဆင်း ရဲ့ နဖူးဆံစလေးကို နှုတ်ခမ်းနဲ့ကပ်ထားမိရင်း နွေးနေသည့်ကိုယ်လေးကို ပိုရှိုတင်းအောင် ဖက်ထားမိသည်။

"တစ်ခါတလေမှာ အချစ်က ခေါင်းစဉ်ပျောက်နေတတ်တယ် ..၊ အချစ်ကြောင့် ဖြစ်နေတဲ့ ခံစားမှုအရာရာဟာ အချစ်တစ်ခုကိုပဲ ဖုံးကွယ်ပြီး ကျန်တာတွေအားလုံးကို မုံးပေါ်လအော ပေးနေတတ်တယ်၊ အချစ်က ဘာနဲ့တူသလဲ သိလား ..''

သူ့မျက်နှာ ငုံ့လာပြီး အဆင်း ရဲ့ပါးမို့လေးမှာကို မြတ်နိုးစွာနမ်း၍ ရယ်လည် ရယ်ကာ ...

"ကိုယ်လည်း မသိဘူး .. ဒါပေမယ့် သူ့ကိုယ်တာ မကောင်းဘူး..၊ 'ဒါ အချစ်လား' ဆိုပြီး အဖြေရှာလေ မတွေ့လေ..၊ ကိုယ့်ဘာသာ ရင်ထဲက ဖြစ်လာတဲ့အတိုင်း လက်ခံလိုက် .. ကိုယ်လည်း အဲဒီလိုပဲ ..''

'ကိုယ် မင်းကိုချစ်တယ်' လို့ပြောတော့မည် ထင်ခဲ့ပေမယ့် သူ့ရယ်သံ ခပ်တိုးတိုးနှင့် အနမ်းများသည်သာ နွေးနွေးဖြာဖြာ ပြန့်ကျဲလာခဲ့လျက်...

"မင်း မရှိလို့ မဖြစ်ဘူး ..''

အဆင်း ရင်ထဲမှာ လှိုက်ဟာသွားသည်။ သူမ ဝမ်းနည်းစိတ်လေးနှင့် တွေးပိုက်မိတာက ...

လိုချင်တဲ့စကားလည်း မရ ..၊





အခန်း (၃၃)

"မင်းတို့ တကယ်လား ..''

"တကယ်ပါဆိုမှကွာ .. လောလောဆယ် ချောင်းသာသွားမယ်.. နောက်ထပ် ရောက်ရာပေါက်ရာပဲ ..၊ ငါ ပြန်မလာမချင်း မင်း ကိုယ့် ဝမ်း ကိုယ်ကျောင်း .. အိမ်တစ်လုံးသုံး အလကား ငှားထားခဲ့မယ် -''

"အေးပေါ့ .. မိဘက အမွေဖြတ် မစွန့်လွှတ်သေးတော့ သာခြင်တဲ့ သူ ဝမ်းသာရဘာပေါ့ ..''

ဇောရန် စိတ်ချမ်းသာသွားသည်။

ရန်သူ နဲ့ အဆင်း အဆင်ပြေသွားကာမှ အိမ်ထောင်ရေးအိုး ပလန့်ပေါ်မှာ နှစ်ယောက်စလုံး တည်တည်တံ့တံ့ ရပ်နိုင်ကြမည် သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဘူးဆိုရင် နှစ်ယောက်စလုံး ပုံစံတွေက ဘယ်နေ့ ဘာတွေ ဘယ်လိုဖြစ်ကုန်တော့မှာလဲ ရင်ထိတ်နေရလောက်အောင် တစိမ်းပြင်ပြင် ...၊

"သွားကြပါ .. မင်းတို့ ပြန်လာရင်တော့ အိမ်ဖောက်ထိုးလုပ်ပြီး ဆောင့်ကြောင့်ထိုင် စောင့်မနေပါဘူး .."

"နေကြည့်ပါလား .. ပြေးပေါက်မှားသွားမှာပေါ့ .."

"သိပါတယ် .. အရင်တည်းက ကျပ်ခိုးကို နှစ်ထပ်ပူးကြီးဆိုပြီး နှစ်ဇေ့ဖြစ်လာအောင် ခွာဖို့ လုပ်တဲ့ကောင် .."

"ဟုတ်တယ် .. မင်းဘိုးအဘောင် ခွာကြည့်ရအောင်ဆိုပြီး ဝက်အူလှည့်တွေ .. ပလယ်ယာတွေ ထရှာသေးတယ် .."

"ငါ့ဘွားအရော မပါဘူးလား .."

"ပါတယ် .. မင်းဘိုးအနောက်က ပါလာပြီးမှ ထဘီအထက်ဆင်ဖောက်ထိုးကြီးဖြစ်လာလို့ ပြန်ပြေးဝင်သွားတာ .."

"ဟား .. ဟား .. ဟား ..."

စတဲ့သူရော ရွဲ့ပြောနေတဲ့သူပါ ပြုံးစိစိတွေဖြစ်ရာကနေ ရယ်ကြသည်။

အဆင်း မရယ်နိုင် ...၊

"ဟိုတစ်ယောက် ငိုင်လှချည်လား ...၊ ဘာလဲ .. ဟန်းနီးမွန်း ထွက်ရတော့မယ်ဆိုပြီး အကြို ရင်ခုန်နေတာလား .."

စောရန် လှမ်းစမှ ရန်သူ က လှည့်ကြည့်သည်။

အဆင်း အခန်းပြင်ထွက်လာပြီ ထင်ပေမယ့် တံခါးဝမှာပဲ ရပ်နေဆဲရှိတာ ခုမှ သတိထားမိ၏။

"ဘာရပ်လုပ်နေတာလဲ လာလေ... ချောင်းသာသွားမလို့ လက်မှတ်ဖြတ်နိုင်းနေတာ ...၊ မင်းလည်း ခရီးဝေး မသွားဖူးဘူးမို့လား .."





"ဟုတ် .."

အဆင်း က ခေါင်းညိတ်ပေမယ့် ရွှင်ရွှင်ပျပျ မရှိ ...၊ ရန်သူ ရှုတ်မှောင်ကုတ်သွားကာ သူမရှေ့ကို လျှောက်သွားမိသည်။

"နေမကောင်းဘူးလား .."

"ကောင်းပါတယ် .."

"ဘာတွေ တွေးနေတာလဲ .. မသိရင်လည်း မေး ...၊ မလိုရင်လည်း ထွက်ခဲ့ .."

လက်လေးတစ်ဖက်ကို ဆွဲခေါ်လိုက်တော့ သူမ ပါလာသည်။

ကြည်ပြာရောင်ဖျော့ဖျော့ တီရှပ်လက်တိုလေးနှင့် ရေချိုးပြီးစ မျက်နှာလေးမှာ သနပ်ခါးပါးကွက်လေးတွေတင်ထားတာ တစ်ဝက်တစ်ပျက်က မခြောက်သေး ...။

"ဟား .. သနပ်ခါးတွေ လိမ်းလို့ပါလား ...၊ ဘာလဲ .."

"ဟော့ကောင် စကားများမနေနဲ့ .. ဒါ မင့်အပိုင်း မဟုတ်တော့ဘူး ...၊ သွားတော့ .."

ရန်သူ က အဆင်း ပခုံးလေးကိုဖက်၍ ပါးလေးတစ်ဖက်ကို ငုံ့နမ်းသည်။

အဆင်း မျက်နှာလေး ငဲ့ရှောင်မိကာ ...

"ဟာ .. နေဦးလေ ...၊ ငါ ဖိနပ်စီးမလို့ပဲ ရှိသေးတယ် .."

"အစ်ကိုကလည်း .."

"ဘာလဲကွာ .. ကိုယ်နမ်းဖို့ လိမ်းထားတာ မဟုတ်ဘူးလား .."

"ဟင့်အင်း .. အဆင်း သနပ်ခါးတုံးနဲ့ ကျောက်ပျဉ် တွေ့လို့ .."

"ဟုတ်တယ်လေ .. အဲဒါတွေ ကိုယ် ဝယ်ပေးထားတာ .. ပြောင်းလည်းကွာ .. စိတ်ချမ်းသာအောင် နည်းနည်းပါးပါး စကားလုံး ရွေးခြင်းပါ .."



www.burmeseclassic.com

www.burmeseclassic.com



အဆင်း ရဲ့ မသိနားမလည်မှုတွေကို စိတ်တိုမနေနိုင်ဘဲ ရှောင်ဖယ်နေသည့် လက်လေးတွေကို ဖယ်ရှားကာ သူမ မျက်နှာလေးကို မရမက နမ်းဖို့ ကြိုးစားမိသည်။ ထိုစဉ် ...

"လာနေပြီ .. ခြံရှေ့ကို ရောက်နေပြီကွ ..၊ ဒေါ်မျိုးရီ တို့ .."

"ဟင်!..."

စောရန် တဖားဖား ပြေးဝင်လာပြီး သတိပေးပေမယ့် ကားက ခြံဝမှာ ရပ်နေပြီဖြစ်ကာ ...

"မကြောက်နဲ့ .."

သူ အဆင်း ရဲ့လက်ဖဝါးလေးကို အပ်ဆုပ်ကိုင်ထားလိုက်ပြီး တံခါးဖွင့်ထွက်သည်။

ကြောက်ရွံ့စိတ် နည်းနည်းမှ မဖြစ်ခဲ့ပေမယ့် ..၊





## အခန်း (၄၄)

"ဘယ်လို .."

သူ နားကြားမှားသွားတာလား ..၊

လှည့်ကြည့်လိုက်တော့ အဆင်း က မျက်လွှာချပစ်သည်။

ပြီးတော့ ဒေါ်မျိုးရီ ဘေးမှာ ရပ်နေသည့် ဒေါ်တာရုတ်မ ဆီ အကြည့်ရောက်သွားသည်။

ထိုမျက်ဝန်းတို့သည်လည်း ဒီတိုင်း သွဲ၏။

"အော် .. မင်းက မသိတဲ့ပုံစံပါလား .."

ဒေါ်မျိုးရီ က သူတို့ညှိခန်းကုလားထိုင်မှာ ခြေချင်းချိတ် လက်ပိုက်ထားကာ မပြုံးဘဲ ရယ်နေသောမျက်ဝန်းတို့၏အကြည့်က ရှူ လျှက် ...

"မင်း ဒီလောက်လည်ပြီး ဒီလောက်တောင် ရဲတင်းကာ အဆင်းကို သူ့မွေးသမီးမှန်း မသိခဲ့တဲ့အက်တင်တွေ မလုပ်နဲ့လေ .. ဘယ်လိုလုပ် သဘာဝကျမှာလဲ .. မသိခဲ့တာတွေက အစက .. သိဘာနဲ့ ပေါ်ပေါ်သွားတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့ မျက်နှာ အနီရောင် သမ်းလာသည်။ နှောက်ထပ် အကြည့် တစ်ချက်နှင့် အဆင်း ကို ငေးရင်း အံကြိတ်ထားမိ၏။

သူများပြောမှ သိရသည့် ကိုယ့်အဖြစ်က လှောင်ရယ်ခံရတာ နည်းပါသေးသည်။

တကယ်တော့ သူဟာ သိုးကိုက်တဲ့ ကျား ..၊

ခံပြင်းစိတ်နှင့် မျက်ရည်များတောင် လည်ခဲ့သည်။

သူမထံမှာ ဖုံးကွယ်ထားခြင်း မရှိနိုင် ..၊ မုသားစကားကို သူမ မဆိုတတ် ..။

ဤသို့သော ယုံကြည်မှုတွေနဲ့ သူ စုံလုံးကန်းခဲ့၏။

ဒီမြှုပ်ကွက်ကို သိရပါမှ သူမထံမှ မသိတတ်ခြင်းများစွာနဲ့ ဟန်ဆောင် ရှောင်ဖယ်ခဲ့တာတွေက တရေးရေး ပေါ်လာသည်။

"ဘယ်လိုလဲ မင်းရန်သူ .. ဘယ်လောက်ပဲ သတ္တိကောင်းပါစေ အမှန်တရားနဲ့ ထိပ်တိုက်တွေ့တော့ မင်း ဆွံ့အသွားပြီမို့လား ..၊ ငွေမက်လို့ပဲ ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ကို ဝင်းထွန်း လိုလူနဲ့ လက်မထပ်ဖြစ်အောင် မင်း အသက်စွန့် ကြိုးပမ်းခဲ့တာ .."

"အဲဒါ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ပြန်မေးရမှာပါ .."

"မှန်တယ် .. မင်းပဲ ငါ့ကို မေးခဲ့တာလေ ..၊ အဲဒီတုန်းက မင်းကို ကျေးဇူးတင်တယ် .. အထင်လည်း ကြီးခဲ့သေးတယ် .. ခုလိုမျိုး သူ့ခွေး သမီးမှန်း သိတာနဲ့ ခိုးထုတ်မသွားခဲ့ဘူးဆိုရင်ပေါ့ ..၊ မင်းကို ကျေးဇူး တင်တာတွေ ပြန်ပြောဖြစ်ဖို့တောင် ရှိသေးတယ် .. တကယ်တော့ မင်း ငွေမက်တာက ဘာနဲ့ဖုံးဖိထားလို့မှ မရတော့အောင် သိသာ ပြောင် မြောက်လွန်းတာကိုး .."

"ဒေါ်မျိုးရီ .."

"ပြော ..."





"အခု ခင်ဗျား ဒီကိုရောက်လာရတဲ့အကြောင်းက ဘာလဲ .."

"ငါ့တူမကို လာပြန်သိမ်းတာ .. မင်းနဲ့လက်ထပ်ပြီးပြီဆိုတာ သိတယ် ..၊ တစ်ရပ်ကွက်လုံးကလည်း မင်းဘက်က ထောက်ခံနေကြတာလေ .. ဒါပေမယ့် ငါက မင်းနဲ့ အကြောင်းသိ စာတ်သိကြီးဖြစ်ခဲ့တော့ မထားလိုက်နိုင်ဘူး ..၊ မင်းနဲ့ ငါ့တူမကို သဘောမတူဘူး .."

"အဲဒီတော့ ကျွန်တော် ဆက်ပြောမယ် .. အဆင်း ကို အခုတစ်ခါ တည်း လက်ဆွဲခေါ်သွားလိုက် .. ကျွန်တော့်ဘက်က လုံးဝ အေးအေး.."

"ဘာ!..."

ဒေါ်မျိုးရီ မျက်မှောင်ကုတ်သွားကာ ဒေါသမျက်နှာနှင့် စိုက်ကြည့်၏။ ပြီးမှ ခပ်မဲ့မဲ့ပြုံးကာ...

"မင်းကို အေးဆေးနေခွင့် ဘယ်ပေးနိုင်မလဲ မင်းရန်သူ .. ငါ့တူမ က ရှေ့နေရှေ့ရပ်နဲ့ တရားဝင် အမွေလွှဲအပ်ခံရမယ့် 'မေတ္တာစံအိမ်'ကြီး က သခင်မ .."

"အဲဒီတော့ ဘာဖြစ်နိုင်သလဲ .."

"မင်းကို ထောင်ကျအောင် ချမယ် .."

ရန်သူ တင်းခနဲ အံကြိတ်သည်။

"ရတယ် .. သူ့ကိုပဲ ပြန်ခေါ်သွား .. ကျွန်တော် ဒီကနေ တစ်ခေါက်မှ မခွာဘဲ ရုံးက ဆင့်ခေါ်စာကို စောင့်နေမယ် .."

"ဒေါ်လေး .."

"ဟော့ .. တိတ်တိတ်နေစမ်း .."

အဆင်း တုန်နေအောင် ကြောက်ရပေမယ့် တစ်စုံတစ်ရာ ပြောဖို့ တော့ ကြိုးစားမိ၏။

ဒေါ်မျိုးရီ က နေရာမှ ထရပ်လိုက်ကာ ...

"မင်းကို အမွေတွေမက်ပြီး ငါ့တူမကို ခြိမ်းခြောက်ရုံနဲ့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ခွဲမယ် ..၊ နောက်ထပ် အရှက်မရှိတဲ့ဂုဏ်ထူးတစ်ခု ထပ်မတိုးချင်ရင် မင်း ပြောတဲ့အတိုင်း ထွက်မပြေးဘဲ စောင့်နေလိုက် ..”

မာနနဲ့ ဒေါသကြောင့် ဆုပ်ကျစ်ထားသည့်လက်သီးက ဆတ်ဆတ် တုန်၏။

“အစ်ကို ..”

“သွား .. အဆင်း .. မင်း သွားလိုက်တော့ ..”

ငိုရှိုက်သံသဲ့သဲ့ကို ကြားလိုက်သည်။

ဘာအတွက် ငိုတာလဲ ..၊ ဘယ်သူ့ကြောင့်လဲ ..။

ထွက်ခွာသွားသည့်ကားသံက ရင်ဘတ်ကို ဖြတ်ကြိတ်သွားသလို နာကျင် ကျန်ရစ်၏။

ဘာကို နာကျင်နေတာလဲ ..၊

ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ ဖြေသိမ့်တွေးလို့ မဖြေသာသည့် အဆုံး ..၊

“ဟာ .. ကွာ .. တောက်!...”

“ဒုန်း .. ဝုန်း ..”

“ချွမ် .. ချလွမ် ...”

“ရန်သူ .. ဟော့ကောင် တော်တော့ ..”

လက်သီးချက်တွေ အထိန်းအကွပ်မဲ့ ကျသွားခဲ့တာ ပျဉ်နံရံနှင့် ပြတင်းပေါက်မှန်တွေပေါ် ..၊

“စိတ်ထိန်းစမ်းပါကွာ မင်းကလည်း .. တော်ပါတော့ ..”

“ဖယ်စမ်းပါ .. မင်း .. မင်း ဖယ် ..”

“တော်ပြီပေါ့ .. အားလုံး ကျိုးပွက် ပျက်စီးကုန်ပြီ ..၊ မင်းလက် မင်း ပြန်ကြည့်ဦး ..”

“မင်းမင်း .. လူလေး တော်ပြီလေကွယ် ..”





“ဟုတ်ပါတယ်ကွယ် .. ဒါမျိုးက ဖြစ်တတ်တာပဲဟာ ..၊ အဆင်း က တော်တော်ချမ်းသာတာကိုး ..”

“ဟုတ်ပ .. စိန်တွေ ညွှတ်အောင် တမင် ဝတ်လာပြီး ရှိုးခဲ့တော့ သွားတာ ..”

အရေးကြုံတော့ အားလုံးက အနီးအပါးမှာ ရှိနေပေကြသည်။ စကားဝိုင်းထဲ ဝင်မပါရဲကြပေမယ့် လိုအပ်လျှင် ပြောဆို ပေးကြဖို့ ဖြစ်သည်။

ဒေါ်မျိုးရီ ပြောသွားတာတွေကို မကြားပေမယ့် ဖြစ်တတ်သည့် အစဉ်အလာတွေအတိုင်း ခန့်မှန်းပြီး ဝိုင်းဝန်း ဖျောင်းဖျကြ၏။

သူတို့က ကြားမှ မကြားကြဘဲ ..၊

‘အဆင်းရှုပါ .. သိပ်ကို တော်ပါတယ် .. မင်း ..’



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဟိတ်ကောင် .. မင်း တော်တော့ .. တစ်ခါမှလည်း မသောက်ဘူးဘဲနဲ့ ဒီလောက်တောင် .."

"ဖယ်စမ်းပါ .."

"မရဘူး တော်တော့ ..၊ စိတ်ညစ်လို့ အရက်သောက်တာ ဘာမှ မဆိုင်ဘူးဆို .. မင်းပဲ သူများကို ကဲ့ရဲ့တာ .."

"အခု ဆိုင်တယ် .. သွားစမ်းပါကွာ .. ပေး .. ငါ့ကို ဖန်ခွက် .."

"မပေးဘူး .."

"မပေးရင် ငါ ဒီတိုင်းမော့မယ် .. မြန်မြန်မှုးမှ မြန်မြန်မေ့မှာ .."

"အစ်ကို .."

"ဘာလဲ .. ဖယ်ဆို ဖယ်ကွာ .."

ပုလင်းမှာ လာကိုင်လိုက်သည့်လက်ကို ဖြုတ်ချပစ်ဖို့ ဖမ်းဆုပ်လိုက်မိလျှင် သူ့လက်က ဆုပ်ထားမိတဲ့အတိုင်း ရပ်တန့်သွား၏။

ပြီးတော့ မျက်လုံးတွေ ပိတ်ကွယ်မတတ် လေးလံနေတာကို ပြူးပြဲမော့ကြည့်မိသည်။





သူ့မျက်လုံးထဲမှာ အရိပ်က နှစ်ရိပ် ..၊ တစ်ရိပ်သည် [illegible]မှန်း သိသည်။ နောက်ထပ်အရိပ်က ပန်းနုရောင်လေး ..၊

"အဆင်း လား .."

"ဟုတ်တယ် .. မင်းရဲ့ အဆင်း ..၊ ကဲ .. ကျေးဇူးတင်တယ် အဆင်း ရာ .. လုပ်စမ်းပါ ဒီကောင့်ကို .. ပြောမရရင် တုတ်နဲ့ ဖင်လှန်ရိုက် .. တံခါးဝမှာ တုတ်တစ်ချောင်း လာထားပေးမယ် .."

ကိုင်ထားသည့်လက်သည် ပြုတ်ကျသွားခဲ့လျက် ရန်သူ ခေါင်းငိုက်စိုက်ပြန်ဖြစ်၏။

ပြီးတော့ အာလေးလျှာလေးနှင့် ...

"မင်း ဘာလာလုပ်တာလဲ .."

"အစ်ကို့ဆီ ပြန်လာတာလေ .. အစ်ကိုက အဆင်း ကို [illegible] ကြိုးစားနေတယ် မဟုတ်လား .."

"ဟွန်း .."

မဲ့ပြုံးနှင့် ပခုံးတွေပါ တွန့်၏။ ပြီးတော့ သူထိုင်နေသည့် [illegible] ကိုဖွင့်၍ အထဲက စာအုပ်လေးတစ်အုပ် ဆွဲထုတ်လိုက်တာ [illegible] အဆင်သင့် ပြင်ထားတာမျိုး ..၊

"ဒီမှာ ယူသွား .."

ရှေ့မှာချပေးလိုက်တာ ဘဏ်စာအုပ်မှန်းလည်း အဆင်း [illegible] စိတ်လည်း မဝင်စား ..။

"ယူလေ .. အဲဒီမှာ မင်းဆီက ငါ .. ငါ လိမ်ညာပြီး [illegible] ပြီးတော့ .. ပြီးတော့ .. မင်းအဖေါ်ဆီက မိုက်ကြေးခွဲ[illegible]

ခေါင်းက စိုက်ခနဲ ဖြစ်လိုက် .. 'အော့'ခနဲ ကြို့ထိုး[illegible]

"မင်းအဖေါ် ရယ်စရာတွေ ပြောဦးမယ်နော် ..၊ [illegible] အဲဒါ .."



www.burmeseclassic.com

www.burmeseclassic.com



မူးနေတာက လက်ညှိုး ဖြောင့်ဖြောင့်မထိုးနိုင်တော့အောင် ဖြစ်ကာ စာအုပ်ကို ညွှန်ပြဖို့လက်က စားပွဲပေါ် ဖြန်းခနဲ ပြန်ကျလျက် ...

"သေချာပြလိုက် နားလည်လား .. အက်တင်တွေလုပ်ပြီး ခုမှ ချက်ချင်း ပြေးအပ်ထားလိုက်တာ မဟုတ်ဘူး ..၊ မင်းကို ငါ ခိုးပြေးတဲ့ နောက်နေ့တည်းက မင်း .. မင်းရဲ့ငွေတွေကို မင်းနာမည်နဲ့ သွားအပ် ထားတာ ..၊ ခုချိန်ထိ ဒီငွေကို ငါ လက်ဖျားနဲ့တောင် .. အဲ .. မဟုတ်ဘူး ထိတယ် ..၊ ဒီလက်ကြီးနဲ့ကိုင်ပြီး သွားအပ်ခဲ့တာ ..၊ ညာတာ မဟုတ်ဘူး နော် .. အတည်ပြောတာ ..၊ တကယ် .. တစ်ပြားမှ ငါ မသုံးဘူး .."

"အစ်ကို .. အစ်ကို့ဆီကို အဆင်း လာတာက .."

"ယူသွားပါ .. သေချာ စစ်ကြည့် .."

"အဲဒါကြောင့် မဟုတ်ဘူးဆိုမှ .."

"ဘာလဲ .. ကွာရှင်းစာချုပ်လား ..၊ ဟား.. ဟား.. ဟား .. မင်း.. မင်း .. ငါ့ဆီက ကွာရှင်းစာချုပ်ယူရမှာ မဟုတ်ဘူး ..၊ လက်ထိပ်လေ.. လက်ထိပ်.."

"ငါ သိတယ် .. ဒီကောင် ခေါင်းမာမာနဲ့ ရစ်နေတော့မယ်ဆို တာ .."

စောရန် နောက်တစ်ကြိမ်ဝင်လာတော့ ရန်သူ စကားရပ်သွားကာ...

"စောရန် .."

"ဟုတ်တယ် .. ထပါကွာ .. မသောက်နဲ့တော့ .. အိပ်ရာထဲသွား..၊ မင်းတို့လင်မယားချင်း အထဲရောက်မှ အိမ်ပဲ မီးပုံရှို့ရှို့၊ ထ .. မင်း အခန်းထဲ မရောက်မချင်း ငါ စိတ်ဖြောင့်မှာ မဟုတ်ဘူး .."

"အစ်ကို စောရန် .."

အဆင်း မျက်ရည်တွေဝဲနေတာကို လှည့်ကြည့်ကာ စောရန် စိုးရိမ် သွားသည့်မျက်နှာနှင့် ...





"နင် .. သူ့ဆီ ပြန်လာတာ မဟုတ်ဘူးလား .."

"ဟုတ်တယ် .. ဒါပေမယ့် အဆင်း ကြောက်တယ် .."

"ကြောက်မနေနဲ့ .. ကျေနပ်အောင် ရှင်းပြလိုက် .."

"ဘာလဲ .. ဘာတွေ ပွစိပွစိပြောနေကြတာလဲ ..၊ ငါ ကြားတယ် နော် .. ယော့ကောင် .."

"ကဲ .. ရှန်းမနေစမ်းပါနဲ့ .. ထပါ .."

"အဆင်း ရော .."

"သြော် .. သြော် .. မူးတဲ့လူက အဆင်း ကိုတော့ သိနေသားပဲ ဒါနဲ့ မူးရင် မေ့သွားမှာဆို .."

"ငါမှ မမူးသေးတာ .."

"အေး .. နောက်နေ့မှ ဒီထက်မူးအောင် စောင့်ကြည့်မယ် .. ခုတော့ တော်ပြီ .."

"ငါ မတော်သေးဘူး .. ဖယ် .."

တွန်းတွန်းထိုးထိုးနှင့် ရန်သူ အိပ်ခန်း ရောက်လာသည်။ [illegible] ထိုင်မိလိုက်တာနဲ့ လက်နဲ့ထောက်မိသည့်မွေ့ရာက သူ့အိပ်ရာ [illegible] မှန်း သိလိုက်သည်။

"တောက် .. ငါ့ကို ဘယ်ထဲပို့ခဲ့တာလဲ ..၊ ခွေးဝဲစား [illegible] ကောင် .."

မူးနေသည့်ခါသက အားနည်းနေသည့်လူမတော်နှင့် [illegible] မသိ ..၊

တက်ခေါက်ပြီး ထရပ်လိုက်ပေမယ့် ယိုင်ခနဲ စိုက်[illegible]

"အစ်ကို .."

သူ့ရင်ခွင်ထဲကို နွေးသည့်ကိုယ်လေး ပူးကပ် ခိုဝင်လာ[illegible] တော့ သူ့ခါး[illegible] တင်းကျပ်စွာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာပဲ နေပါ .. ထပ်မသောက်ပါနဲ့တော့ .. အဆင်း တောင်းပန်ပါတယ် ..”

ရှိုက်သံလေးကိုပါ သူ ကြားနေရ၏။

ဒါ တကယ်လား .. မူးနေတဲ့ ထွေပြားမှုတွေလား ..၊ ရန်သူ ကိုယ့်ကိုယ်ကိုယ် ခိုင်နိုင်ရပ်၍ ရင်ခွင်ထဲက သူမကို ပြန်ဖွေ့လိုက်မိသည်။

ပြီးတော့ ဆံစတွေကို ဖွဖွပွတ်သပ်၏။ ပြီးတော့ သူမရဲ့ ကျောပြင်နုနုလေး ..၊

“အဆင်း ..”

“ဟင် ..”

“မင်း .. မင်း တကယ်ရှိနေတာလား .. ဘာလာလုပ်တာလဲ ..၊ ငါ .. ငါ မူးနေတဲ့စိတ်ကူးတွေ မဟုတ်ဘူးလား ..”

“စိတ်ကူးတွေ မဟုတ်ပါဘူး .. အဆင်း အစ်ကို့ဆီကို အပြီးပြန်လာတာ ..၊ အစ်ကို စိတ်ဆိုးရင် ပြေပျောက်တဲ့အထိ အဆင်း ကို ရိုက်ပစ်လိုက်ပါ အစ်ကိုရယ် .. မေ့တော့ မမေ့လိုက်ပါနဲ့ ..”

“အဆင်း ရယ် ..”

သူ ပျော်သွားသည်။ ဒါ တကယ်ဟုတ်သလား မဟုတ်ဘူးလား..၊ ဘာမှန်းမသိပေမယ့် သူ လိုအပ်နေတာ သူမ ..၊

“မင်းကို လွမ်းလိုက်တာ အဆင်း ရယ် .. ထွက်မသွားပါနဲ့ ..၊ မင်းကို ကိုယ်လေ ..”

သူ အဆင်း ကိုယ်လေးကို ပွေ့ဖက်ကာ အဆုံးအစမဲ့သော အနမ်းများနှင့် ရင်ခုန်ခဲ့မိသည်။

အိပ်မက်တွေဆိုရင်တောင် ဒီအိပ်မက်တွေကို ပျောက်ပျက်သွားမှာစိုးကာ အမိအရဖမ်းဆုပ်၍ ရင်ခွင်ထဲမှာ တင်းကျပ်စွာ ဖက်ထားမိ၏။

“ဟင်!...”





သူ မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လာတော့ နံနက်ခင်းရဲ့ နေရောင်ခြည်ပြောက်ကျားက အိမ်ထဲကို မယိမ်းမယိုင် တိုးဝင်နေပြီဖြစ်သည်။ ရင်ခွင်ထဲကို ငုံ့ကြည့်မိတော့ သူ့ခါးကိုဖက်ပြီး အိပ်ပျော်နေတာ အဆင်း ..

သူ တင်းကျပ်စွာ ဖက်ထားခဲ့တာ အိပ်မက်ထဲမှာ မဟုတ်ဘူးလား ..

“အဆင်း ..”

“ရှင် ..”

သူမ ဘယ်အချိန်ကျမှ အိပ်ပျော်ခဲ့သည် မသိ..၊ မျက်လုံးတွေ ဖွင့်လာပြီးမှ မဖွင့်နိုင်သလို ပြန်မှိတ်သွားကာ လက်ဖဝါးတွေနဲ့ အုပ်ပစ်မိ၏။

“မင်း .. မင်း .. ဒီကို ဘာလာလုပ်တာလဲ ..၊ ညက မင်း ရောက်လာတာ တကယ်လား ..”

သူ သတိမလစ်ခဲ့ပါ ..၊ ဒါပေမယ့် မူးမူးမိုက်မိုက် ဖြစ်နေသည့် အသိတွေက အားလုံးကို သိနေခဲ့ပါလျက်နှင့် ကိုယ့်ကိုယ်ကိုယ် မေး—

အဆင်း သည် ပန်းနုရောင်ဝတ်စုံလေးနှင့် ငိုထားမှန်း သိသာစေသည့် မျက်နှာလေးက အလှမပျက်ဘဲ မှုန်ညက်ညက်လေး ရှိနေလျက်—

“အစ်ကို့ဆီ အဆင်း ပြန်လာတာ ..”

“မလာနဲ့ ..၊ မင်းကို ငါ ဟန်ဆောင်ပန်ဆောင် ပြန်လွှတ်ခဲ့တာ မဟုတ်ဘူး .. ကျွတ်!...”

ညတည်းက အဆင်း သူ့ရင်ခွင်ထဲ ရောက်နေခဲ့တာကို ဘာကြောင့် သာယာခဲ့မိတာလဲ ..၊ ကိုယ့်ကိုယ်ကိုယ် ဖြစ်သည့်ဒေါသက သူ့ကိုလည်း ချမ်းသာခွင့် မပေးနိုင် ..။

“သိုးယောင်ဆောင်တဲ့ ကျားကို ဖမ်းမိဖို့ လွယ်လေမည့် [illegible] မှုသားအဖြူတွေမှာ ငါက တွေးပဲ အဆင်း .. နောက်ထပ်သည်း[illegible]ကားမခံနိုင်ဘူး..၊ မင်း သွားတော့ .. ခု ထွက်သွားကွာ .. [illegible] လှန်ပြီး မင်းကို စော်ကားခဲ့မိတာအတွက် ..”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ အစ်ကို .. အဆင်း အစ်ကို့ကို တောင်းပန်မလို့ လာတာပါ .. အဆင်း ကို ကိုယ့်သားမယားလို ဆက်ဆံခဲ့တာအတွက်နဲ့တော့ လျော်ကြေးပေးတာ .. တောင်းပန်တာတွေ မလုပ်ပါနဲ့ ..၊ အဆင်း က အစ်ကို့ဇနီးပါ .."

"ဟား.. ငါယ်စရာကြီး ပြောနေပြန်ပြီကွာ.. တော်ပါတော့ ..၊ အခု လာခဲ့ရတဲ့ အကြောင်းရင်းကိုပဲ ပြော .. မင်းနဲ့ငါ ဘယ်လိုပတ်သက်ခဲ့တာတွေ မပါစေနဲ့ ..၊ ငါက မတန်မရာမှန်းပြီး ခြိမ်းခြောက် ပေါင်းသင်းခဲ့တာ .. မင်း ငါ့ကို မလွန်ဆန်နိုင်လို့ ကျရှုံးခဲ့ရတာ .."

"မဟုတ်ဘူး .."

"ဘာလို့ မဟုတ်ရမှာလဲ ..၊ ငါ နိုးပြေးကတည်းက မင်း ငါ့ကို လက်မထပ်ချင်ပါဘူးလို့ ပြောခဲ့တာ .. ငါနဲ့ ထိတွေ့မိတိုင်း မင်း ထိတ်လန့် ရှောင်ရှားနေတာတွေရော ..၊ တကယ်တော့ မင်းက ဝင်းထွန်းလက်က လွတ်မြောက်ချင်တာ .. မင်းအဒေါ် ပြောတာ မှန်တယ် ..၊ ငါက အဓမ္မ ခြိမ်းခြောက် .."

"အစ်ကို တော်ပါတော့ .. အဲသလောက် ရင့်ရင့်သီးသီးတွေ မပြောပါနဲ့တော့ .."

အဆင်း ခုတင်ပေါ်က ဆင်းကာ ကပိုကရိုပုံစံကို ဆွဲချ ပြုပြင်ရင်း မျက်ရည်သုတ်သည်။ ရန်သူ ကလည်း ထိုင်ရာမှထရပ်ပြီး အတိုအထွာတွေ ပုံထပ်နေသည့် ဆေးလိပ်ခွက်ထဲက အရှည်ဆုံး စီးကရက်တိုတစ်လိပ်ကို ယူ၍ မီးခြစ်ကိုပါ ကောက်သည်။

ပြီးတော့ အခန်းတံခါးဆီ လျှောက်သွားရင်း ...

"ဘာမှ ပြောဖို့မရှိတော့ဘူးဆိုရင် မင်း ပြန်တော့ ..၊ မင်းကို ဘဏ်စာအုပ်ပေးဖို့ ငါ သေချာပြင်ထားတယ် .. အပြင်မှာ ယူသွား .."

"ခဏနေပါဦး အစ်ကို .."





အဆင်း က သူ့နောက်ကျောက်မှ ခြေစုံရပ်ကာ ...

"အစ်ကိုက အဆင်း ကို မခြိမ်းခြောက်ပါဘူး ..၊ အစွမ်းမဲ့တဲ့ အပြင် ဘာမှကို အားကိုးမရှိတော့တဲ့ မိန်းကလေးလို့ ထင်ပြီး ကူညီခဲ့တယ် .. လက်ထပ်ယူခဲ့တဲ့အထိ စေတနာထားခဲ့တယ် ..၊ အဲဒါတွေ အားလုံးကို ဘယ်သူ ယုံယုံ မယုံယုံ အဆင်း ယုံတယ် .. အားလုံး ထုံစေချင်လို့ ဒေါ်လေးတို့ကိုလည်း ပြောပြပြီးပြီ .."

ပြောနေရင်း ရှိုက်သံတွေပါလာကာ အဆင်း ကလေးလို ရှိုက်ငိုတဲ့အထိ ဖြစ်လာခဲ့၏။ ဒါပေမယ့် ရန်သူ ထွက်သွားမှာစိုးကာ စကားပြောမရလိုက် နားလိုက်နှင့် ရှင်းပြနေရဆဲ ရှိလျက် ...

"ဒေါ်လေးတို့လည်း ယုံချင်ယုံ မယုံချင်နေ .. အဆင်း ယုံကြည်ခဲ့တဲ့အတိုင်း ရှင်းပြခဲ့တာ .. အဆင်း ကို အစ်ကို မောင်းထုတ်သည်ဖြစ်စေ .. မထုတ်သည်ဖြစ်စေ .. အစ်ကို့ကို ဒေါ်လေးတို့ ပြဿနာမရှာတော့ဘူး .. အဲဒါကို အရင် သိထားပေးပါ .."

"ဪ .. ကျေးဇူးတင်ထိုက်နေပြီပဲ .."

အရှုတ်ဆန်သည့်မျက်နှာနှင့် ဖျတ်ခနဲ လှည့်ကြည့်ပြီးမှ တစောင်းပြန်လှည့်သွားကာ ...

"အခု မင်းကို လွှတ်ပြီး ကွာရှင်းခွင့် တောင်းခိုင်းလိုက်တာပေါ့ - ဇာတ်လမ်းတွေထဲကလို မင်းကို ကွာရှင်းပေးရင် အပြစ်ကလွှတ်မယ် ဆိုပြီးတော့ .."

"ကွာရှင်းခွင့်တောင်းခိုင်းတာ မဟုတ်ဘူး .. ဒါပေမယ့် ကြည်ဖြူပေးမှာလည်း မဟုတ်ဘူး ..၊ အစ်ကို .. အဆင်း အစ်ကို့ဆီကိုလာတာ ဘယ်သူ့ခိုင်းစေချက်နဲ့မှ မဟုတ်ဘူး .. အစ်ကိုက နေဆိုရင် နေမယ် မနေရဘူးဆိုရင်လည်း ပြန်မှာပါ .. ဒါပေမယ့် တစ်ခုတော့ ..."

အဆင်း က ရန်သူ့ မျက်နှာရှေ့ထိ သွားရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွဲနေသည့် မျက်နှာကို မျက်ရည်ပြည့်လျှမ်းသော မျက်ဝန်းတို့ဖြင့် မော့ငေးနေပြီးမှ ...

"အစ်ကိုက .. အစ်ကိုက .. အဆင်း ကို .."

အချစ်ဆိုသည့် စကားနှစ်ခွန်းကို ဘယ်လိုပြောပြော မထွက်ရပါလို၏ ဆိုသည့် ဆုတောင်းများ ရှိခဲ့လေသလား ..၊ အားခဲ မောင်းတင်ထားခဲ့ပေမယ့် ဘယ်လိုမှ မထွက် ..။

ရန်သူ့ မျက်ဝန်းတွေ စူးရဲကျဉ်းမြောင်းလာတာကို ရင်ဆိုင်ကြည့်ရင်း မေးဖို့ ခွန်အားတွေသာ မဲ့လာခဲ့လျက် ...

"အစ်ကို ရက်စက်တယ် .."

မျက်ရည်စက်တွေ ဖြိုက်ခနဲ ကြွေဆင်း၏။ ပြီးတော့ ထွက်ပြေးဖို့သာ ဆုံးဖြတ်ခဲ့မိဟာ ...

"ဟိတ် .."

သူမ လှည့်ပြေးမိတာနှင့် ရန်သူ က ဖျတ်ခနဲ ဖမ်းဆွဲကာ ...

"ဘာပြောသွားတာလဲ .."

"အစ်ကို ရက်စက်တာတွေ .. အစ်ကို တကယ်ကို နေနိုင်ရက်တယ် .. သိလား .."

"ဘာ!..."

"အဆင်း .. အဆင်း အစ်ကို့ဆီက ကြားချင်ခဲ့တာ လိုအပ်ချက်တွေ မဟုတ်ဘူး ..၊ အဆင်း ကို လိုအပ်နေတယ်ဆိုတာတွေ အဆင်းနားမလည်ဘူး .. အစ်ကို့အတွက် လိုအပ်နေတဲ့မိန်းမ ဖြစ်နေရတာ ကျေနပ်စရာကောင်းသလား .. မကောင်းဘူးလား ဆိုတာလည်း မသိဘူး .."

"ဒါဆို ပြော .. မင်း ဘာကို လိုချင်တာလဲ ..၊ အလိုအပ်ဆုံးဆိုတာထက် ဘာကို တန်ဖိုးကြီးတယ် ထင်နေတာလဲ .."





"ဟင့်အင်း .."

အဆင်း မပြောရဲတော့ပါ ..၊ သူ ဘယ်တော့မှ မသိဘူးဆိုလည်း ရှိပါစေတော့ ..။

"မင်းကို ချစ်တယ်လို့ ပြောတာကိုလား .."

အဆင်း ရဲ့ ရှိုက်သံလေးတွေ တိုးကျသွားသည်။

"မင်းက .. မင်းက ငါ့ဆီက ဟုတ်လား .."

အဆင်း မျက်နှာလေး မော့လာကာ ...

"အစ်ကိုက ကယ်တင်လိုခြင်းသက်သက်နဲ့ လက်ထပ်ခဲ့ရတယ်လို့ပဲ အဆင်း သိထားခဲ့တာ .."

"ဟွန်း .."

ရန်သူ က ပခုံးမှာ ကိုင်ထားသည့်လက်ကိုပါ ဖြုတ်ချပြီး ဆံပင်တွေကို ထိုးသိပ်တင်၏။

"ဒါပေါ့ .. ငါလိုကောင်က ချစ်တတ်လိမ့်မယ်လို့ မင်း ဘယ်ထင်မလဲ .. ကြေးစားလူမိုက်လေ ..၊ အဲဒါကြောင့် မင်းအမေ့တွေကို ကြံစည်မှာစိုးပြီး သနားစရာ မိန်းကလေးလို ဟန်ဆောင်နေခဲ့တာ .."

"မဟုတ်ဘူး အစ်ကို .. အစ်ကို့ကို အဆင်း .."

ပြောရင်းနဲ့ ရှက်ရွံ့ခြင်းက ဝင်လာပြန်သည်။ ဒါပေမယ့် သည်ယောကျ်ားရဲ့ အတ္တမာနတွေကို ကိုယ်ကသာ ဖွင့်ဟ တောင်းပန်ရမယ့် အခြေအနေ ဖြစ်နေပြီမို့ ...

"သနားခံရတာထက် ပိုပြီး လိုချင်ပေမယ့် သနားတဲ့စိတ်နဲ့မှ အစ်ကိုက ကူညီမှာမို့လို့ ဘာမှမပြောဘဲ နေခဲ့တာပါ ..၊ ပြီးတော့ ခေါ်ကြီး တရုတ်မ ကိုယ်တိုင် အစ်ကို့ကို ညာခဲ့တာဆိုတော့ .."

"ဟုတ်တယ် .. မင်းကို ငါ ကြံစည်မှာ စိုးလို့လေ .. ဒီအကောင်က ဝင်းထွန်း ထက် ပိုကြောက်စရာကောင်းတယ်လို့ရော ပြောနေရတာလား .."



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ပါသည် ..၊

မညာတတ်သည့် အဆင်း ရဲ့မျက်ဝန်းလေးတွေ က ခေါင်းညိတ်ဝန်ခံနေတာနှင့် တူနေ၏။ ထိုမျက်ဝန်းလေးတွေကို ကြည့်ပြီး သူတွေခနဲ တစ်ချက်ဖြစ်၏။

ရိုးသားသည့် ထိုအကြည့် အမူအရာလေးတွေကို သူ့မှာ မြတ်နိုးလို့မဝအောင် ဖြစ်ခဲ့ရတာ ..၊

"ပြောတယ် .. အစ်ကို တွေးလိုက်တာ ပြေးကြည့်လိုက်သလို မှန်ပါတယ် .. ဒါပေမယ့် အဆင်း အစ်ကို့ကို ယုံကြည်နေတယ်ဆိုရင် မကျေနပ်နိုင်ဘူးလား အစ်ကို ဟင် .."

"ကျေနပ်စရာမှ မရှိတာ .. မင်း .."

ရန်သူ့ စကားသံက မာထန်နေဆဲ ..၊

"အခု ငါ့ရဲ့ ချစ်ခြင်း မချစ်ခြင်းက ဘယ်လောက်ထိ အရေးပါနေသေးသလဲ .."

"အဆင်း အစ်ကိုနဲ့ပဲ နေချင်တယ် .."

စကားသံတွေ ခေတ္တ တိတ်သွားခဲ့၏။

"ဒါပေမယ့် .. အဆင်း လေ .. အဆင်း ကိုယ့်ဘာသာ ကြိတ်တွေးပြီး မျှော်လင့်မနေချင်လို့ပါ ..၊ အဆင်း ကို အစ်ကို လက်ထပ်တုန်းကဟို .. မ .. မချစ်ဘဲနဲ့လား ဟင် .."

ရန်သူ့ မျက်ခုံးတွေ ထိဆက်မတတ် ကုတ်ကျသွားသည်။ ပြန်ဖြေသံ မကြားရသည့်အဖြစ်မှာ အဆင်း မျက်ရည်တွေ ဝေ့လည်လာခဲ့လျက် ...

"အဆင်း က .."

အချစ်နဲ့ မပတ်သက်ဘဲ နေချင်ပါ၏။ မပြောဘဲလည်း သိစေချင်သည်။





ဒါပေမယ့် သူမ အလှူးအလဲ ညှစ်ထုတ်မွေးဖွားဖို့ ကြိုးစားနေရသည့်စကားသံတွေကိုပဲ သူက ရက်စက်စွာ စောင့်ဆိုင်းနေခဲ့ရာ —

"အဆင်း အစ်ကို့ကို ချစ်တယ် .."

ရှက်ရွံ့ရင်ခုန်ခြင်းသည် သူ့ရင်ခွင်ထဲကိုပဲ တွန်းပို့ပစ်ခဲ့ပြီး သူ့ခါးကိုပါ တင်းကျပ်စွာ ဖက်ထားမိ၏။

"အစ်ကို့ကို အဆင်း စတွေ့တည်းက .. ချစ်တာ —"

ရန်သူ မျက်ခုံးတွေ ပြေကျသွားသည်။ ခြောက်သွေ့လာသည့် လည်ချောင်းမှာ တံတွေးမျိုမိရင်း သူမ ကျောပြင်လေးကို ဖွဖွလေး သိုင်းဖက်သည်။

ပြီးတော့ တရစ်ရစ် တိုး၍ တင်းကျပ်စွာ ပွေ့ပိုက်မိရင်း —

"မင်းကို ကိုယ် ပြောဖူးပါတယ် .. တစ်ခါတစ်ရံမှာ အချစ်ထ ခေါင်းစဉ်ပျောက်နေတတ်တယ် ဆိုတာ .."

သူ အဆင်း ရဲ့ ဆံစလေးတွေကို လက်ချောင်းတို့ဖြင့် ဖွရှင်း နှုတ်ခမ်းတို့နှင့် ဖိကပ် နမ်းနေမိကာ ...

"ကိုယ့်ရင်ထဲမှာ ချစ်တယ်ဆိုတာထက် လေးနက်တယ် — မင်း မရှိတဲ့ ခဏလေးနဲ့တောင် ကိုယ် ဘယ်လောက်ထိ အလူးအလှိမ့် ခံစားခဲ့ရသလဲ .. မင်း သိလား .."

"ဒေါက် .. ဒေါက် .."

ခံစားချက်တွေ ဖွင့်အံလို့ မပြီးနိုင်သေးခင် တံခါးခေါက်သံ ထွက်ပေါ်လာကာ ...

"ကဲ .. နိုးနေကြပြီမို့လား .. အပြင်မှာ ဘရေ့ဖက်(စ်) [illegible] ခင်းကျင်းထားတယ် .. ထွက်ခဲ့ကြပါ ..၊ ဘာတွေ ဖြစ်လာသလား — ဘာတွေ လုပ်ကြမှာလဲ .. ငါလည်း သိချင်လို့ .."

"ဒုတ် .. ချက် .."



www.burmeseclassic.com

www.burmeseclassic.com



"အံမာ .."

တံခါးကို အကျအန ကျောခိုင်းလိုက်ပြီးမှ အထဲက လော့ခ်ချလိုက်သံကြောင့် စောရန် ချာခနဲ ပြန်လှည့်ကြည့်မိသည်။

"အံမာ တံခါးတောင် ပိတ်ထားလိုက်သေးတယ် .. အေးပါ .. လုပ်ကြ .. မွန်းမတည့်သေးဘူး .. စောသေးတယ် .."

အချစ်တို့ဖြင့် ထုံလွှမ်းသော မင်္ဂလာအိပ်ခန်းလေးက တိတ်ဆိတ်နေမြဲရှိကာ သူသာလျှင် တစ်ယောက်တည်း စကားပြောနေရတဲ့ အရူးလို ...၊

တစ်ခုခု ပြန်ပြောလိုက်မလားဆိုပြီး နားစွင့်ထားရင်း စောရန်ခြေထောက်တွေက ရှေ့ကိုတိုးရင်း နောက်ပြန်ဆွဲနေ၏။

ဒါပေမယ့် ခဏ ခဏ နောက်လှည့်ကြည့်လည်း အခန်းထဲက ဒီတိုင်း တိတ်ဆိတ်လျက် ...

"တိတ်ထိတ်ဆိတ်ဆိတ် နေနိုင်အောင် နေနော် .. တစ်ခုခု အသံထွက်ကြည့် .."

နောက်ထပ် ကြိမ်းမောင်းရင်း အရူးတစ်ယောက်လို ...၊

လရောင်ကျူးရင့်



www.burmeseclassic.com